
http://www.cherrythitsar.org

UNITY

# ယောမင်းကြီးဦးဘိုးလှိုင် အတ္ထုပ္ပတ္တိနှင့် ရာဇဓမ္မသင်္ဂဟကျမ်း

မောင်ထင်



http://www.cherrythitsar.org

UNITY

**ဒို့တာဝန် အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

---

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ် ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏
ပဓာနကျသော တာဝန်ဖြစ်သည်။

---

## ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူ များအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

---

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

---

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
နိုင်ငံတော်စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

---

## လူမှုရေး ဦးတည်ချက် (၄) ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

http://www.cherrythitsar.org

ပျို့စာအုပ် အမှတ်စဉ် (၁၈)

# ယောမင်းကြီးဦးဘိုးလှိုင် အတ္ထုပ္ပတ္တိနှင့် ရာဇဓမ္မသင်္ဂဟကျမ်း

## မောင်ထင် ပြုစုသည်။

အမှတ် ၃၆၊ အပေါ်ဆုံးထပ်၊ ဟသ်ာတလမ်း၊
စမ်းချောင်း၊ ရန်ကုန်မြို့။

http://www.cherrythitsar.org

စာမူခွင့်ပြုချက်အမှတ် - ၃၆/၂၀၀၂ (၇)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၅/၂၀၀၂ (၁၀)

**မျက်နှာဖုံး**
ဇော်မောင်

**ပုံနှိပ်ခြင်း**
ပထမအကြိမ်၊ ထိန်ဝင်းစာပေ၊ ၁၉၆၀ ဒီဇင်ဘာ
ဒုတိယအကြိမ်၊ စပယ်ဦးစာပေ၊ ၁၉၈၃ ဇန်နဝါရီ
တတိယအကြိမ်၊ ယောမင်းကြီးစာပေ၊ ၁၉၉၂ ဇွန်လ
စတုတ္ထအကြိမ်၊ **Unity Publishing House** ၂၀၀၂ - ဒီဇင်ဘာ

**အုပ်ရေ - ၁၀၀၀**

**ကွန်ပျူတာစာစီ**
**UNITY**

**စာအုပ်ချုပ်**
ကိုမြင့်

**ထုတ်ဝေသူ**
ဦးထွန်းလှိုင် (၀၇၀၇)၊ ချစ်စရာစာပေ၊
၇၅၊ ဝေပုလ(၂) လမ်း၊ မြောက်ဥက္ကလာ၊ ရန်ကုန်မြို့။

**မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ**
ဒေါ်ခင်အေးမြင့် (၀၅၉၀၁) ၊ ရာပြည့်အော့ဖ်ဆက်
အမှတ် ၁၉၉၊ လမ်း ၅၀၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

**တန်ဖိုး - ၁၀၀၀ ကျပ်**

http://www.cherrythitsar.org

# မောင်ထင်

ဧရာဝတီတိုင်း၊ လပွတ္တာမြို့တွင် ဦးတရောင်၊ အမိ ဒေါ်စိန်ပွင့် တို့မှ ၂၁ မတ် ၁၉၀၉၊ တနင်္ဂနွေနေ့တွင် မွေးဖွားသည်။ အမည်ရင်း ဦးထင်ဖတ် ဖြစ်သည်။

လပွတ္တာမြို့ ဦးခန္တီကျောင်းနှင့် ဦးဘိုးထွန်းကျောင်းများတွင် စတင်ပညာသင်ကြားခဲ့သည်။ မြောင်းမြ တိုင်းရင်းသားအထက်တန်းကျောင်းမှ ဆဋ္ဌမတန်း၊ ရန်ကုန် မြို့မ တိုင်းရင်းသားအထက်တန်းကျောင်းမှ ဟိုက်စကူးဖိုင်နယ်၊ ရန်ကုန်တက္ကသိုလ်မှ ဘီအေ (ဝိဇ္ဇာဘွဲ့) ရရှိ အောင်မြင်ခဲ့သည်။

အထက်တန်းကျောင်းဆရာ၊ မြို့ပိုင်၊ မြို့အုပ်၊ ပြန်ကြားရေးဌာန အတွင်းဝန်၊ အသံလွှင့်ဌာန ညွှန်ကြားရေးဝန်၊ ရခိုင်တိုင်း ပြန်လည်ထူထောင်ရေးနှင့် နေရာချထားရေး အထူးမင်းကြီး၊ ပြန်ကြားရေးဌာန ညွှန်ကြားရေးဝန်၊ သတင်းစာဆရာ၊ အယ်ဒီတာ၊ မြန်မာနိုင်ငံ စာရေးဆရာအသင်း ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ သတင်းစာဆရာအသင်း ဥက္ကဋ္ဌ၊ မြန်မာ့စွယ်စုံကျမ်းပြုစုရေး အတိုင်ပင်ခံ၊ မြန်မာစာအဖွဲ့နှင့် သမိုင်းကော်မရှင်အဖွဲ့ဝင် . . . စသည်ဖြင့် နယ်ဘက်၊ စာပေနှင့် သတင်းစာအဖွဲ့အစည်းများတွင် တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၃၃ ခုနှစ်မှ စ၍ အင်္ဂလိပ် မြန်မာ နှစ်ဘာသာဖြင့် စာအမျိုးမျိုး ရေးသားပြုစုခဲ့သည်။ **ကိုဒေါင်း**(၁၉၄၀)၊ **မြို့အုပ်မင်းဆို ဘုံရုံတဗျာ** (၁၉၃၇-၄၁)၊ **ဘာအရေးအကြီးဆုံးလဲနှင့် အာဇာနည်မိခင်ပြဇာတ်** (၁၉၄၄)၊ **ဘေ** (၁၉၄၇)၊ **ရာဇမတ္တသင်္ဂဟကျမ်းနှင့် ယောမင်းကြီးဦးဘိုးလှိုင် အတ္ထုပ္ပတ္တိ** (၁၉၆၀)၊ **ဗမာ့နိုင်ငံရေးသုခမိန်**(၁၉၆၅)၊ **ပုရှကင်၏မုန်တိုင်းထဲကနဖူးစာနှင့်အခြားဝတ္ထုတိုများ**(၁၉၆၅)၊ **မိုပါဆွန်း ဝတ္ထုတိုများ**(၁၉၆၆)၊ **လောကအမြင်** (၁၉၆၇)၊ **မောင်ထင်၏ ဝတ္ထုတိုများ** (၁၉၆၈)၊ **ကမ္ဘာ့ဝတ္ထုတိုများ**(၁၉၇၂)၊ **ကမ္ဘာ့စာပေအညွှန်း**(၁၉၇၄-၈၇)၊ **အုံ့ဖွယ်ပုံပြင်** (၁၉၇၄)၊ **မြို့အုပ်ပုံပြင်** (၁၉၇၆)၊ **အနာဂတ္တိကျမ်း** (၁၉၇၇)၊ **မြင်ဝါတောင်** (၁၉၇၇)၊ **ဂါလီဗာ၏ခရီးစဉ်**(၁၉၈၁)၊ **ဂန္ထဝင်သံခိပ်** (၁၉၉၉) တို့မှာ ထင်ရှားသည်။ ဂါလီဗာ၏ ခရီးစဉ် စာအုပ်ဖြင့် အမျိုးသားစာပေဆု (ဘာသာပြန်) ရရှိခဲ့သည်။ ၁၉၉၄ တွင် ပထမအကြိမ် ပခုက္ကူဦးအုန်းဖေ (တစ်သက်တာစာပေဆု) ကိုလည်း ရရှိခဲ့သည်။ ၁၉၉၆ တွင် ဒုတိယအကြိမ် မြတ်မိခင်စာပေဆိုင်ရာ ဂုဏ်ထူးဆောင် ဆုများထဲမှ မိဘမေတ္တာစာပေဂုဏ်ရည်ဆုကို ဦးအုန်းဖေ(တက်တိုး)၊ ဦးဘုန်းကျော်(နတ်မောက်ဘုန်းကျော်) တို့နှင့်အတူ ချီးမြှင့်ခြင်းခံရသည်။

**နေရပ်လိပ်စာ - အမှတ် ၂၄၈၊ ၄ လမ်း၊ မြို့သစ် (က) ရပ်ကွက်၊ အင်းစိန်မြို့နယ်။**

http://www.cherrythitsar.org

## Unity Publishing House မှ

### ထုတ်ဝေပြီးစာအုပ်များ

| | |
|---|---|
| ၁။ မောင်ထွန်းသူ | မြိုင်ခေမာ |
| ၂။ ခင်စောတင့် | ကိုယ်မှာပင်နာသော်လည်း စိတ်မှာမနာအောင် |
| ၃။ မောင်ထွန်းသူ | တော်လ်စတွိုင်းဝတ္ထုတိုများ |
| ၄။ မန်းတင် | ဂျူလိယက်ဆီဆာ |
| ၅။ မောင်စူးစမ်း | ခေတ်ပြိုင်စီးပွားရေး ပြဿနာများ |
| ၆။ မင်းကျော် | ကျွန်တော့်ဆရာများ |
| ၇။ မိုယ်းဇော်၊ ဝင်းမြင့် | လူစီရဲ့ အမှုန်အမွှားကင်းစင်တဲ့ လက်ဆောင် ကဗျာများ |
| ၈။ ကြည်ဦး | ကလေးကြေးမုံငှက်မျိုးစုံ |
| ၉။ ခင်စောမူ၊ ခင်စောတင့် | လရောင်အောက်မှ အမေ့ခေတ်စမ်းစာနှင့် သမီး၏အလွမ်းစာ |
| ၁၀။ မောင်ထွန်းသူ | ရမ္မက်မီး |
| ၁၁။ တက္ကသိုလ်ခင်မောင်ဇော် | ကမ္ဘာကျော်ဂီတစာဆိုကြီးများ သူတို့ဘဝနှင့် သူတို့ဂီတ |
| ၁၂။ ခင်စောတင့် | လမင်းပမာအေးမြစွာ |
| ၁၃။ တက္ကသိုလ်ထင်ကြီး | ဖြူနီဝါပြာနှင့် အခြားအင်္ဂလိပ်ဝေါဟာရများ |
| ၁၄။ မောင်ချောနွယ်၊ အောင်ချိမ့် | သမိုင်းဖတ်စာ |
| ၁၅။ ကျော်ဝင်း | ယဉ်ကျေးမှုများ တိုးတိုက်မိခြင်းနှင့် မဟာပြိုကွဲမှုကြီး |
| ၁၆။ နတ်နွယ် (မြန်မာပြန်) | ကာရာမာဇော့ညီအစ်ကိုများ |
| ၁၇။ မင်းသုဝဏ် (မြန်မာပြန်) | ရှိုက္ကစပီးယား၏ လီယာမင်းကြီး |

### ဆက်လက်ထုတ်ဝေမည့် စာအုပ်များ

၁။ စိုးစိုး (အင်္ဂပူ)၏ စတီဖင်ဟော့ကင်းအတ္ထုပ္ပတ္တိ

၂။ စာရေးဆရာ ၁၃ ဦး၏ ရာရှိမွန်မြို့တံခါးနှင့် ဂျပန်ဝတ္ထုတို ၁၆ ပုဒ်

၃။ စိန်ခင်မောင်ရီ (မြန်မာပြန်) အနာဂတဟန်

၄။ မောင်ထွန်းသူ၏ လီယိုတော်စတွိုင်း၏ ဝတ္ထုတိုများ

၅။ ဂျူနီယာဝင်း၏ တွေးမိသောအတွေးများနှင့် အတွေးအမြင်ဆောင်းပါးများ

၆။ ရဲဘုန်းခေါင် - မာရ်နတ်မင်း၏ ရယ်မောသံများ

၇။ မောင်ထင် (မြန်မာပြန်) အနာဂတ္တိကျမ်းနှင့် အခြား ဝတ္ထုတိုများ

http://www.cherrythitsar.org

# နိဒါန်း မာတိကာ


| | စာမျက်နှာ |
|---|---|
| ဒုတိယအကြိမ် ရိုက်နှိပ်ခြင်း | ၁၅ |
| တည်းဖြတ်ရခြင်းအကြောင်း | ၁၇ |
| မည်သို့တည်းဖြတ်ပုံ | ၁၉ |
| ကျမ်းကိုး | ၂၀ |
| မောင်လှိုင် | ၂၂ |
| လူနှင့်ခေတ်တိုက်ပွဲ | ၂၄ |
| နယ်ချဲ့စနစ် ခေတ်ဦး | ၂၅ |
| မြဝတီဝန်ကြီးဦးစ၏ အစဉ်အလာ | ၂၈ |
| နိုင်ငံရေးလှုပ်ရှားမှုနှင့် ယင်းတောဝန်ကြီး | ၃၀ |
| မောင်ဘိုးလှိုင်၏ ပညာသင်ကြားရေး | ၃၂ |
| လူစွမ်းလူစ | ၃၄ |
| ယောမြို့စားမင်းသား၏ နိုင်ငံခြားဆက်ဆံရေးဗဟုသုတ | ၃၆ |
| မကွေးမင်းကြီး | ၃၇ |
| ယောမြို့စား အတွင်းဝန် | ၃၉ |
| မင်းတုန်းမင်းခေတ် နိုင်ငံခြားဆက်ဆံရေး | ၄၀ |
| မြန်မာ့ရိုးရာကို ပြန်လည်ဖော်ထုတ်၍ ခေတ်သစ်သို့ ရှေးရှုခြင်း | ၄၁ |
| ကနောင်မင်း | ၄၃ |
| အနောက်တိုင်း ပညာရပ်များ | ၄၅ |
| ဖန်ချက်ဝန်ထောက် | ၄၈ |
| ဖန်ချက်ဝန်နှင့် ပြင်သစ်သူ | ၅၂ |
| လီလာဝတီကျမ်း | ၅၃ |
| ရာထူးကျခြင်းနှင့် မြင်ကွင်းမြင်းခုန်တိုင် အရေးတော်ပုံ | ၅၅ |

http://www.cherrythitsar.org


| | |
|---|---|
| ရာထူးပြန်ရခြင်း | ၅၆ |
| နိုင်ငံရေးရာ အတိုင်ပင်ခံ | ၅၈ |
| အမေရိကန် သတင်းထောက် | ၆၂ |
| ဘာသာပြန် လောကဓာတ်ဆေးကျမ်း | ၆၄ |
| မြန်မာကြေးနန်း | ၆၅ |
| သဒ္ဒသင်္ဂဟကျမ်း | ၆၆ |
| သင်္ဂါယနာတင်အကြို | ၆၈ |
| အုပ်ချုပ်ရေးစနစ် တစ်ဆင့်တိုးတက်ပြောင်းလဲခြင်း | ၆၉ |
| ဗျစ်နှင့် နန်းတွင်းကုန်းချောမှု | ၇၀ |
| ဝိမုတ္တိရသကျမ်း | ၇၄ |
| ဆိဒ္ဓဝိဓာနနီကျမ်း | ၇၆ |
| ဝိမုတ္တိရသကျမ်းကို ဝေဖန်ခြင်း | ၇၇ |
| နိဂ္ဂဟ ပဂ္ဂဟ | ၇၉ |
| ဆရာနှင့် ဒကာ | ၈၂ |
| အချုပ်ခန်းမှသည် နန်းတွင်းသို့ | ၈၆ |
| မဟာသမ္မတ ဝိနိစ္ဆယကျမ်း | ၈၇ |
| လူ့အဖွဲ့အစည်း ပဋိညာဉ် | ၈၈ |
| မှန်ရာကို ဆိုဝံ့သောသတ္တိ | ၉၁ |
| အရေးပေါ် 'ဘိုးလှိုင်ကို ခေါ်ပါလား' | ၉၂ |
| မုဒ္ဒါဘိသိက် အခမ်းအနား | ၉၅ |
| ရွှေပြည်ဝန်နှင့် ဥရောပပြန် မြန်မာလူငယ် | ၉၈ |
| ကာယာနုပဿနာကျမ်း | ၉၉ |
| မိဖုရားခေါင်ကြီး နတ်ရွာစံခြင်း | ၁၀၀ |
| မဟာအတုလဝေယန်ကျောင်းတော် | ၁၀၁ |

http://www.cherrythitsar.org


| | |
|---|---|
| မင်းတုန်းမင်းတရား ကျန်းခန့်တော်မမူခြင်း | ၁၀၂ |
| ဆင်ဖြူမရှင်နှင့် ရွှေပြည်ဝန် | ၁၀၂ |
| မင်းတုန်းမင်းတရား နတ်ပြည်စံခြင်း | ၁၀၃ |
| ရွှေပြည်ဝန်သည် မင်းတုန်းမင်းလက်ထက်၌ | |
| ဝန်ကြီး ဖြစ်ခဲ့သလော | ၁၀၅ |
| သီပေါမင်း ထီးနန်းဆက်ခံခြင်း | ၁၀၇ |
| ဥပဒေဖြင့် အုပ်ချုပ်သော ဘုရင့်စနစ် | ၁၀၉ |
| ဆယ့်လေးဌာန အုပ်ချုပ်ရေး | ၁၁၁ |
| ရာဇဓမ္မသင်္ဂဟကျမ်း | ၁၁၅ |
| ထိုကျမ်းအတွက် ကျမ်းကိုးများ | ၁၁၅ |
| အတွေးအခေါ် တော်လှန်ရေး | ၁၁၆ |
| အသေဝနာစ ဗာလာနံ | ၁၁၉ |
| မြန်မာ့ရိုးရာ ဒီမိုကရေစီတရား | ၁၂၁ |
| ပြိတိသျှပါလီမန်စနစ် | ၁၂၂ |
| ရာဇသစ္စာ ဝိမုတ္တကော | ၁၂၃ |
| မကွေးမြို့စားဝန်ကြီး | ၁၂၄ |
| ငွေတိုက်စနစ် | ၁၂၆ |
| ဘုရင်မင်းမြတ်၏ ဘဏ္ဍာရေးအာဏာကို ကန့်သတ်ခြင်း | ၁၂၈ |
| ဘဏ္ဍာတော် ရန်ပုံငွေစာရင်း | ၁၂၉ |
| ဥတုဘောဇနသင်္ဂဟကျမ်း | ၁၃၀ |
| အလင်္ကာနိဿယ | ၁၃၃ |
| မဟာသုတာတကကျမ်း | ၁၃၄ |
| ဘဝနိဂုံးချုပ် | ၁၃၅ |
| ဦးဘိုးလှိုင်၏ကျေးဇူး | ၁၃၇ |
| ကျေးဇူးတင်ခြင်း | ၁၃၈ |

http://www.cherrythitsar.org

# ကျမ်းရင်း မာတိကာ

ကျမ်းဆရာ၏ပဋိညာဉ် ၁၄၁

ပထမပိုင်း

၁။ နိုင်ငံ၏အကျိုးစီးပွား တိုးတက်ရာဖြစ်သော အပရိဟာနိယတရား ခုနစ်ပါး ၁၄၂
၂။ တစ်ဦးတည်းအာဏာနှင့် ပေါင်းစုစည်းရုံးသော အာဏာ ၁၅၁
၃။ အညီအညွတ် စည်းရုံးမှု၏အကျိုး ၁၅၂
၄။ မိထုဗေဒ သင်းခွဲခြင်းဥပါယ် ၁၅၃
၅။ အနောက်နိုင်ငံသားတို့၏ ညီညွတ်သော အစည်းအဝေးဖြင့် အုပ်စိုးသောစနစ် ၁၅၄
၆။ မြဲမြံခိုင်ခံ့အောင် ဥပဒေပြုနည်း ၁၅၆
၇။ ယဇ်ကြီးငါးပါး အယူမှား ၁၅၈
၈။ တစ်နိုင်ငံလုံး ချီးမြှောက် သူကောင်းပြုသော တရားလေးပါး ၁၆၁
(၁) သဿမေဓ ၁၆၂
(၂) ပုရိသမေဓ ၁၆၃
(၃) သမ္မာပါသ ၁၆၄
(၄) ဝါစာပေယျ ၁၆၄
၉။ မြန်မာ့ရိုးရာ နိုင်ငံရေးအတွေးအခေါ် ၁၆၅
၁၀။ သင်္ဂဟတရားလေးပါးကို ပုဏ္ဏားတို့ ယဇ်ကြီးငါးပါးဖြင့် ဖျက်ဆီးခြင်း ၁၆၆
၁၁။ သင်္ဂဟတရားလေးပါးကို ကျင့်သော သိုးဆောင်းနိုင်ငံ ၁၆၈
၁၂။ တရားစောင့်သူကို တရားက စောင့်၏ ၁၆၉
၁၃။ သင်္ဂဟတရားလေးပါးကို ကျင့်နည်း ၁၇၁
၁၄။ လူကုန်ခန်းကြောင်း တရားသုံးပါး ၁၇၄
၁၅။ မြန်မာမြို့ရွာတို့တွင် လူနေအိမ်ခြေလျော့ပါးပုံ ၁၈၁
၁၆။ လောကပါလတရား ၁၈၂

| | | |
|---|---|---|
| ၁၇။ | ဟိရိသြတ္တပ္ပတရားနှစ်ပါးကို ပညတ်ပရမတ်ခွဲပြခြင်း | ၁၈၅ |
| ၁၈။ | ဟိရိသြတ္တပ္ပတရား နှစ်ပါးကင်း၍ မဂ်ဖိုလ်ကို မရနိုင် | ၁၈၉ |
| ၁၉။ | ပစ္စုပ္ပန်တမလွန်၌ ကောင်းရာကောင်းကြောင်း တရားလေးပါး | ၁၉၁ |
| ၂၀။ | (သစ္စာ)၏ အကျိုး | ၁၉၃ |
| ၂၁။ | (ဓမ္မ) ဉာဏ်ပညာ၏ အကျိုး | ၁၉၅ |
| ၂၂။ | (ဓိတိ) ဟူသော လုံ့လဝီရိယထုတ်ခြင်း၏အကျိုး | ၁၉၅ |
| ၂၃။ | စာဂဟူသော စွန့်ကြဲပေးကမ်းခြင်း၏အကျိုး | ၁၉၇ |
| ၂၄။ | အနောက်နိုင်ငံများ၌ သစ္စာ, ဓမ္မ, ဓိတိ, စာဂ ဟူသော တရားတို့ ထွန်းကားကြောင်း | ၁၉၈ |
| ၂၅။ | အမှုကို ပြီးစေတတ်သော အကြောင်းတရားငါးပါး | ၁၉၉ |
| ၂၆။ | ယုတ်မာသောသူတို့ကို အောင်ရာအောင်ကြောင်း တရားလေးပါး | ၂၀၀ |


## ဒုတိယပိုင်း


| | | |
|---|---|---|
| ၁။ | တေသကုဏဇာတ်တော်လာ မင်းတို့ ကြဉ်ရှောင်အပ်သော တရားသုံးပါး | ၂၀၁ |
| ၂။ | မင်းမှာ သစ္စာ | ၂၀၂ |
| ၃။ | အနောက်နိုင်ငံသားတို့ ကတိသစ္စာ စောင့်လေ့ရှိခြင်း | ၂၀၄ |
| ၄။ | မင်းတို့မျက်စောင်း | ၂၀၆ |
| ၅။ | အပျော်အပါးလိုက်စား၍ ကြားစကားကိုယူခြင်း | ၂၀၇ |
| ၆။ | မင်းကျင့်တရား | ၂၀၈ |
| ၇။ | မင်းတို့အား ငါးပါး | ၂၀၉ |
| ၈။ | လက်ရုံးရည်နှင့် နှလုံးရည် | ၂၁၃ |
| ၉။ | မင်းကျင့်တရား ဆယ်ပါးကို ရည်၍ စတုဓမ္မသာရပျို့၌ စပ်ဆိုထားခြင်း | ၂၁၉ |
| ၁၀။ | ပြည်သူတို့နှင့် မဆန့်ကျင်ခြင်း | ၂၂၁ |

http://www.cherrythitsar.org


| | | |
|---|---|---|
| ၁၁။ | ရန်အောင်ကြောင်းတရား ဥပါယ်ခုနစ်ပါး | ၂၂၆ |
| ၁၂။ | သာမဥပါယ် | ၂၂၇ |
| ၁၃။ | ဒါနဥပါယ် | ၂၂၈ |
| ၁၄။ | ဒဏ္ဍဥပါယ် | ၂၂၉ |
| ၁၅။ | ဘေဒဥပါယ် | ၂၃၂ |
| ၁၆။ | မာယာဥပါယ် | ၂၃၄ |
| ၁၇။ | ဥပေက္ခာဥပါယ် | ၂၃၆ |
| ၁၈။ | ဣန္ဒဇာလဥပါယ် | ၂၃၇ |
| ၁၉။ | မင်းတို့၏ သတ္တိ သုံးပါး | ၂၃၈ |
| ၂၀။ | လျှို့ဝှက်တိုင်ပင်ခြင်းဆိုင်ရာအကြောင်း | ၂၃၉ |
| ၂၁။ | မင်းတို့၏ ဂုဏ်ခြောက်ပါး | ၂၄၁ |
| ၂၂။ | မင်းတို့နှင့် စပ်လျဉ်းသော ဂုဏ် (၁၆) ပါး | ၂၄၂ |
| ၂၃။ | စစ်ထိုးခြင်းတည်းဟူသော ဝိဂ္ဂဟဂုဏ် | ၂၄၄ |
| ၂၄။ | စစ်နိုင်အောင်တိုက်ခြင်း ယာနဂုဏ် | ၂၄၄ |
| ၂၅။ | အတိုက်အခိုက် ရပ်စဲစေခြင်း အာသနဂုဏ် | ၂၄၆ |
| ၂၆။ | နှစ်ဖက်သောရန်နှင့် လျော်အောင် ကျင့်ရသော ဒွေဓဂုဏ် | ၂၄၆ |
| ၂၇။ | အားကြီးသောမင်းကို မှီရခြင်း အာသယဂုဏ် | ၂၄၇ |
| ၂၈။ | ပြည့်ရှင်မင်းတို့ ကျင့်သုံးဆောက်တည်အပ်သော ရာဇဂုဏ် ရှစ်ပါး | ၂၄၇ |
| ၂၉။ | ပြည်အင်္ဂါ ကိုးပါး | ၂၄၇ |
| ၃၀။ | နိုင်ငံအင်္ဂါ ခုနစ်ပါး | ၂၄၉ |
| ၃၁။ | ပြည့်ရှင်မင်း | ၂၅၁ |
| ၃၂။ | ခံမြို့. . . | ၂၅၂ |
| ၃၃။ | ငွေတည်တည် လုပ်သင့်ကြောင်း | ၂၆၁ |
| ၃၄။ | ဗလဟူသော စစ်သည်ရဲမက် လက်နက်ကိုင် ခြောက်မျိုး | ၂၆၂ |
| ၃၅။ | အကျွောဘိဏီ တိုင်အောင် တပ်ကိုးမျိုး စည်းကြပ် ဖွဲ့စည်းခြင်း | ၂၆၅ |
| ၃၆။ | မဟာမိတ်အင်အား | ၂၆၈ |

http://www.cherrythitsar.org

# တတိယပိုင်း


| | | |
|---|---|---|
| ၁။ | အဆွေခင်ပွန်းတု လေးယောက်နှင့် အဆွေခင်ပွန်းစစ် လေးယောက် | ၂၇၁ |
| ၂။ | အသက်ထက်ဆုံး ပေါင်းဖော်အပ်သော အဆွေခင်ပွန်းစစ် လေးယောက် | ၂၇၆ |
| ၃။ | သိင်္ဂါလောဝါဒသုတ်၌ လာသော အရပ်ခြောက်ပါးအကြောင်း | ၂၈၂ |
| ၄။ | သားသမီးတို့ ပြုကျင့်အပ်သော ဝတ်ငါးပါးနှင့် မိဘတို့က ပြန်၍စောင့်ရှောက်ရသော ဝတ်ငါးပါး | ၂၈၃ |
| ၅။ | တပည့်တို့ ပြုကျင့်အပ်သော ဝတ်ငါးပါးနှင့် ဆရာလုပ်သူတို့က ပြန်၍ စောင့်ရှောက်အပ်သော ဝတ်ငါးပါး | ၂၈၆ |
| ၆။ | လင်ကျင့်ဝတ် ငါးပါးနှင့် မယားကျင့်ဝတ် ငါးပါး | ၂၈၈ |
| ၇။ | မယားမျိုး ခုနစ်ပါးကို ကျမ်းဂန်လာအတိုင်း အကျယ်ပြဆိုခြင်း | ၂၉၀ |
| ၈။ | အဆွေခင်ပွန်းကောင်းတို့ ပြုရာသော ဝတ်ငါးပါး | ၂၉၄ |
| ၉။ | အရှင့်ဝတ် ငါးပါး | ၂၉၆ |
| ၁၀။ | ရဟန်း ပုဏ္ဏားတို့ ပြုအပ်သော ဝတ်ငါးပါးနှင့် လူတို့ပြုအပ်သော ဝတ်ငါးပါး | ၂၉၉ |
| ၁၁။ | အဂတိလေးပါးသို့ လိုက်စားသူတို့ ဆုတ်ယုတ်တတ်ခြင်း | ၃၀၁ |
| ၁၂။ | အဂတိလေးပါး မလိုက်စားသောသူတို့ ကြီးပွားတိုးတက်တတ်ခြင်း | ၃၀၂ |
| | ကျမ်းပြုပုဂ္ဂိုလ်၏ နိဂုံး | ၃၀၄ |
| | ကိုးကားသော ကျမ်းစာရင်း | ၃၁၂ |

# တည်းဖြတ်သူ၏ နိဒါန်း

## ဒုတိယအကြိမ် ရိုက်နှိပ်ခြင်း

ဝတ်မစွတ်မြို့စား ဝန်ရှင်တော်မင်းကြီးအဖြစ်ဖြင့် ဦးဘိုးလှိုင်ရေးသားစီစဉ်သော ရာဇဓမ္မသင်္ဂဟကျမ်းကို ရှေးဦးစွာ စာကိုယ်ချည်းသက်သက် ရိုက်နှိပ်ထုတ်ဝေသော တိုက်မှာ သုရိယသတင်းစာ လီမိတက်တိုက် ဖြစ်သည်။ ၁၉၆၀ ပြည့်နှစ်တွင် ဦးထိန်ဝင်းက ထိုကျမ်းကို ပြန်လည် ထုတ်ဖော်လိုပါသည်ဟု ဆိုခြင်းကြောင့် ကျွန်တော်သည် ထိုကျမ်းကို တည်းဖြတ်ပြီးလျှင် ၁၃၂၂ ခုနှစ်၊ တော်သလင်း လပြည့်ကျော် ၁၄ (၁၉၆၀ ပြည့်နှစ်၊ စက်တင်ဘာလ ၁၈) ရက် နေ့စွဲဖြင့် နိဒါန်းကို ရေးပါသည်။ ထိုနှစ် ဒီဇင်ဘာလတွင် ရန်ကုန်မြို့၊ ရေကျော်လမ်း၊ အမှတ် ၆၀၊ ကုသလဝတီ ပုံနှိပ်တိုက်က ထိုကျမ်းကို ပုံနှိပ်ပြီးလျှင် ထိန်ဝင်းစာပေ ဖြန့်ချိရေးတိုက်က 'ထိန်ဝင်းစာစဉ်အမှတ်(၁)' အဖြစ်ဖြင့် **'ယောမင်းကြီး ဦးဘိုးလှိုင်၏ အတ္ထုပ္ပတ္တိနှင့် ရာဇဓမ္မသင်္ဂဟကျမ်း'** ဟု အမည်ပေး၍ ထုတ်ဝေပါသည်။

ယင်းသို့ ပုံနှိပ်ထုတ်ဝေပြီး၍ နှစ်ပေါင်းများစွာ ကြာသောအခါ ဦးထိန်ဝင်းက ရာဇဓမ္မသင်္ဂဟကျမ်းကို ဒုတိယမွှ ရိုက်နှိပ်ထုတ်ဝေရန် စီစဉ်ပါသည်။ ယင်းအစီအစဉ်၌ ကျွန်တော်က နိဒါန်းကို ပြန်လည်ပြင်ဆင် ဖြည့်စွက် သုတ်သင်ပေးရန် တာဝန်ယူပါသည်။

သို့ရာတွင် ဦးထိန်ဝင်းသည် အကြောင်းမညီညွတ်သောကြောင့် ဤဒုတိယအကြိမ် ပုံနှိပ်ထုတ်ဝေခြင်းကို တာဝန်မယူနိုင်တော့ပါ။ အခြား ပုံနှိပ် ထုတ်ဝေသူများနှင့် ဆက်သွယ်၍ ဆောင်ရွက်သွားပါရန် ကျွန်တော့်အား လွှဲအပ်ပါသည်။ ထို့ကြောင့် 'ထိန်ဝင်းစာစဉ် အမှတ်(၁)' ၌ တည်းဖြတ်ထားသော ရာဇဓမ္မသင်္ဂဟကျမ်းရင်းကို အသစ် တည်းဖြတ် ပြုပြင်ရေးသားသော နိဒါန်းနှင့်တကွ ဒုတိယမွှ

ထပ်မံ ပုံနှိပ်ထုတ်ဝေပါသည်။ ယခု ဒုတိယအကြိမ် ရိုက်နှိပ်ခြင်းဆိုသည်မှာ 'ထိန်ဝင်းစာစဉ်'နှင့် ဆိုင်သောမူကို ရည်ညွှန်း၍ ဆိုခြင်းဖြစ်သည်။ ရှေးက သူရိယ သတင်းစာတိုက်၏ မူကိုပါ ထည့်တွက်လျှင် ဤရာဇဓမ္မသင်္ဂဟကျမ်းကို ပုံနှိပ်ထုတ်ဝေသည်မှာ သုံးကြိမ်ရှိပါပြီ။

ကျွန်တော်သည် 'ထိန်ဝင်းစာစဉ်' အတွက် ရာဇဓမ္မသင်္ဂဟကျမ်း နိဒါန်းကို ရေးရာ၌ မူလကျမ်းပြုပုဂ္ဂိုလ်၏ အတ္ထုပ္ပတ္တိကို ကျမ်းပြုပုဂ္ဂိုလ် ထွန်းကားသော ခေတ်သမိုင်းနှင့် ယှဉ်၍ ကျမ်းပြုပုဂ္ဂိုလ် ရေးသားခဲ့သမျှ စာပေထဲမှ အရေးပါ အရာရောက်သော စာပေ ဂန္ထဝင်များနှင့်တကွ တင်ပြခဲ့ပါသည်။ စင်စစ် ထိုနိဒါန်းသည် အချက်အလက်တို့ကို နှစ်ပေါင်းများစွာ ရှာဖွေစုဆောင်းပြီးလျှင် လူကဲနှင့် စာပေအကဲကို ပိုင်းဖြတ်၍ သုတေသန ပြုလုပ်ထားသော အတ္ထုပ္ပတ္တိတစ်ခုပင် ဖြစ်ပါ၏။ ထို့ကြောင့် ယခု ဒုတိယအကြိမ် ရိုက်နှိပ်ခြင်း၌ 'ထိန်ဝင်းစာစဉ်' တွင် ပေးထားသော အမည်ကိုပင်လျှင် ယူလိုက်ပါသည်။

ပထမအကြိမ် ရိုက်နှိပ်ခြင်း၌ ချွတ်ချော် တိမ်းပါးသည်တို့ကို တွေ့ရှိပါက ညွှန်ပြပါဟု ပညာရှင်တို့ကို ကျွန်တော် တည်းဖြတ်သူက မေတ္တာရပ်ခံပါသည်။ ဤမေတ္တာရပ်ခံချက်ကို ကရုဏာရှေ့ထား၍ လိုက်လျောသောအားဖြင့် မြန်မာနိုင်ငံ ရွှေကျင်နိကာယ ဥက္ကဋ္ဌ မဟာနာယက ဒသမမြောက် သာသနာပိုင် မြောင်းမြ ဆရာတော် ဟူ၍လည်းကောင်း၊ မန္တလေးဆရာတော်ဟူ၍လည်းကောင်း ထင်ရှားသော အရှင်ဉာနာဘိဝံသမဟာထေရ်သည် ရွှေကျင်နိကာယ ဒုတိယသာသနာပိုင် မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီးနှင့် စပ်လျဉ်းသော ဝိဝါဒတို့ကို ဖော်ပြ၍ အချက်အလက် အကြောင်းရင်း အမှန်တို့ကို ကျွန်တော့်အား မိန့်ကြားဆုံးမခဲ့ပါသည်။ ထို့ပြင် ရာဇဓမ္မကျမ်းကို နောက်ထပ် ပုံနှိပ်ခဲ့ပါလျှင် မြောင်းမြ အရှင်ကုမာရနှင့် တိုင်ပင်၍ မိမိ၏စာကို စင်သည်ထက်စင်အောင် သုတ်သင် တည်းဖြတ်လေဟု ဩဝါဒ ပေးခဲ့ပါသည်။ မြောင်းမြဆရာတော်၏ ဩဝါဒကို ခံယူ၍ ဦးထိန်ဝင်းနှင့် ကျွန်တော်သည် လွဲမှားသည်တို့ကို ပြုပြင်ရန် အချက် အလက် အသစ်တို့ကို ထပ်မံ ရှာဖွေခဲ့ပါသည်။ ဤအတွင်း ၁၃၃၇ ခုနှစ်၊ ဝါဆို လပြည့်ကျော် ၂ ရက် (၁၉၇၅ ခု၊ ဇူလိုင်လ ၂၄ ရက်) နေ့တွင် ကျေးဇူးရှင် မြောင်းမြ ဆရာတော်ဘုရားကြီးသည် ဘဝနတ်ထံ ပျံလွန်တော်မူလေသည်။

ယခု ဒုတိယအကြိမ် ရိုက်နှိပ်ခြင်း၌ ကျွန်တော်သည် မြောင်းမြ ဆရာတော်၏ ဩဝါဒကို ဦးထိပ်ပန်ဆင်၍ မြောင်းမြ အရှင်ဦးကုမာရ၏ သုတေသနပြုချက်တို့ကို မှီငြမ်းပြုပြီးလျှင် ချဲ့သင့်သည်ကို ချဲ့၍လည်းကောင်း၊ ချုံ့သင့်သည် ချုံ့၍ လည်းကောင်း ပြန်လည်သုတ်သင် ဖြည့်စွက် ပြုပြင်ပါသည်။

http://www.cherrythitsar.org


ပထမအကြိမ် ပုံနှိပ်ထုတ်ဝေရာ၌ နိဒါန်း၏ သတ်ပုံသတ်ညွှန်းသည် ကုသလဝတီ ပုံနှိပ်တိုက်၏ စက်တင်ဟန် မူအတိုင်း ဖြစ်ပါသည်။ ယခု ဤစာကို ဒုတိယအကြိမ် ပြန်လည် ပုံနှိပ်ထုတ်ဝေရန် စီစဉ်နေဆဲခဏ၌ ပညာရေးဝန်ကြီးဌာန မြန်မာစာအဖွဲ့၏ 'မြန်မာစာလုံးပေါင်း သတ်ပုံကျမ်း' ပေါ်ထွက်လာပါသည်။ ထို့ကြောင့် ကျွန်တော်၏ နိဒါန်းကို ထိုစာလုံးပေါင်း သတ်ပုံကျမ်းနှင့်အညီ ရေးသားပါသည်။ သို့ပါလျက်နှင့်လည်း ပမာဒလေခ သဘောကြောင့် ချွတ်ချော်တိမ်းပါးသည်ကို တွေ့ရှိကြပါလျှင် ထိုရေးထုံးနှင့်အညီ ပြင်ဆင်ဖတ်ရှုကြဖို့ရာ မေတ္တာရပ်ခံလိုပါသည်။

သို့ရာတွင် တည်းဖြတ်သူဟူသည် ကျမ်းရင်း၌ပါသော ရေးထုံးကို မူမပျက်ရအောင် ထိန်းသိမ်းပေးရန် တာဝန်ရှိသည် ဖြစ်သောကြောင့် ရာဇဓမ္မသင်္ဂဟကျမ်းရင်း၌ ယောအတွင်းဝန်၊ ရွှေပြည်ဝန် ဦးဘိုးလှိုင်၏ ရေးထုံးကို မူအတိုင်းထားရှိပါသည်။

## တည်းဖြတ်ရခြင်း အကြောင်း

ရာဇဓမ္မသင်္ဂဟ ကျမ်းပြုပုဂ္ဂိုလ်ဖြစ်သော မြန်မာ့နိုင်ငံရေး သုခမိန်ကြီးသည် မြန်မာ့သမိုင်းနှင့် ဂန္ထဝင်တို့၌ ယောအတွင်းဝန် ဦးဘိုးလှိုင် ဟူ၍လည်းကောင်း၊ ရွှေပြည်ဝန် ဟူ၍လည်းကောင်း၊ ဝက်မစွတ်မြို့စား ဟူ၍လည်းကောင်း၊ မကွေးမြို့စား ဝန်ရှင်တော်မင်းကြီး ဟူ၍လည်းကောင်း ထင်ရှားကျော်စောသည်။ နှောင်းလူတို့က ယောအတွင်းဝန် ဦးလှိုင် (ဝါ) ဦးဘိုးလှိုင် ဟူ၍လည်းကောင်း၊ ယောမင်းကြီး ဟူ၍လည်းကောင်း၊ ရွှေပြည်မင်းကြီး ဟူ၍လည်းကောင်း ရေးသား ခေါ်ဝေါ်ကြသည်။ ခေတ်အလျောက် ပြောင်းလဲလာသော သတ်ပုံအရ အချို့က ဦးဖိုးလှိုင် ဟူ၍လည်း ရေးကြသည်။ သို့ရာတွင် ဤနိဒါန်းအလို့ငှာ အထက်၌ ပြဆိုခဲ့သည့်အတိုင်း ဦးဘိုးလှိုင်၏ ခေတ်ရေးထုံးကို ထိန်းသိမ်းသောအားဖြင့် ဦးဘိုးလှိုင် ဟူ၍ပင် ရေးလိုက်ပါသည်။

ရာဇဓမ္မသင်္ဂဟကျမ်းကို ပြုစုသောအခါ၌ ဦးဘိုးလှိုင်သည် အင်္ဂသေနာပတိ ဝက်မစွတ်မြို့စား ဝန်ရှင်တော်မင်းကြီး ဖြစ်နေလေပြီ။ ဦးဘိုးလှိုင်၏ အတ္ထုပ္ပတ္တိကို မှတ်တမ်းတင်သော ပညာရှင်များက ဝက်မစွတ်မြို့စား အမတ်ကြီးသည် ထိုရာဇဓမ္မသင်္ဂဟကျမ်းကို သီပေါမင်းတရားကြီးအား ရေးသား ဆက်သွင်းသည် ဟု ဆိုကြသည်။

http://www.cherrythitsar.org



၁၂၄၀ ပြည့်ဖြစ်၊ နတ်တော်လဆန်း ၇ ရက်၊ စနေနေ့တွင် ရာဇဓမ္မသင်္ဂဟ ကျမ်းကို ရေးသားပြီးစီးသည်။ ထိုအခါကား သီပေါမင်းတရား နန်းတက်၍ နှစ်လ မျှ ကြာသောအခါ ဖြစ်သည်။ မြန်မာနိုင်ငံတွင် စာပုံနှိပ်ခြင်း လုပ်ငန်းသည် မော်လမြိုင်မြို့၌ ၁၂၁၄ ခုနှစ်က စတင်ခဲ့သည်ဟု တွေ့ရှိရသည်။ မြန်မာဘုရင် မင်းမြတ်၏ နေပြည်တော်ဖြစ်သော မန္တလေးမြို့သို့ ၁၂၃၆ ခုနှစ်လောက်မှာမှ စာပုံနှိပ်စက် ရောက်ရှိလာသည်။ ထိုနှစ်တွင် ရတနာပုံနေပြည်တော် သတင်းစာ ကို မင်းတုန်းမင်းတရားကြီး၏ အလိုတော်ဖြင့် ထုတ်စေသည်။ ထို့အပြင်လည်း မန္တလေးနန်းတော် စာပုံနှိပ်တိုက်တော်၌ 'ဆွေတော်စဉ် တေးကဗျာ'မှ အစ လွှတ်တော်၌ ပြဋ္ဌာန်းသော အစည်းအဝေး ဥပဒေ၊ မူလဘူတ ဥပဒေ စသည့် ဥပဒေတို့ကိုပါ ပုံနှိပ်ထုတ်ဝေခဲ့၏။ သီပေါမင်းတရား မင်းဖြစ်သောကာလ၌ ပုံနှိပ်ထုတ်ဝေခြင်းလုပ်ငန်းသည် ဆက်လက်၍ တည်သည်။ သို့ရာတွင် သီပေါ မင်းတရားအတွက် ထီးနန်းစည်းစိမ် မပျက်စေရအောင် ဆောင်ကြဉ်းပေးနိုင်သော ရာဇဓမ္မသင်္ဂဟကျမ်းကို ပုံနှိပ်ထုတ်ဝေခြင်း မပြုခဲ့ကြချေ။ ရာဇဓမ္မသင်္ဂဟကျမ်း ရေးသားပြီး၍ ခုနစ်နှစ်ခန့်ကြာသော် သီပေါမင်းတရားသည် ဗြိတိသျှတို့က နန်းချ၍ မဒရပ်မြို့သို့ ပါတော်မူရလေသည်။ ထိုသို့ ပါတော်မူပြီး နှစ်ပေါင်း ၃၀ အကြာ ၁၂၇၇ (ခရစ်နှစ် ၁၉၁၅) ခုနှစ်တွင် သူရိယသတင်းစာတိုက် လီမိတက်က ထိုကျမ်းကို ရှေးဦးစွာ ပုံနှိပ်ထုတ်ဝေခဲ့လေသည်။

ထိုသို့ ပုံနှိပ်ထုတ်ဝေစဉ်က မှီငြမ်းပြုသော မူမှာ ဘားနဒ်ပိဋကတ်တိုက် ၌ရှိသော ပုရပိုက်မူ ဖြစ်သည်။

ယင်းကဲ့သို့ ပုရပိုက်မူကို ပထမ စက်တင် ပုံနှိပ်ထုတ်ဝေခဲ့သည်မှ စ၍ ၄၅ နှစ် ကြာသော ကာလအတွင်းဝယ် ရာဇဓမ္မသင်္ဂဟကျမ်းသည် ကျော်စော သော ဂုဏ်သတင်းအနေဖြင့်သာ တည်ရှိခဲ့၏။ ထိုကျမ်းကို အခိုင်အမာ ကိုးကား လိုသော သူတို့သည် မူလကျမ်းရင်းကို အလွယ်တကူနှင့် ဖတ်ရှုခွင့် မရကြလေ။

ထို့ကြောင့် ထိုကျမ်းကို ပြန်လည်ထုတ်ဝေလျှင် ကောင်းလေစွဟု အကြံ ဖြစ်မိသည်။ ဤအတွင်းမှာပင် ပုံနှိပ်ထုတ်ဝေသူ ဦးထိန်ဝင်းသည် ထိုကျမ်းကို ထပ်မံပုံနှိပ်ထုတ်ဝေလိုပါသဖြင့် ယင်းကို တည်းဖြတ်၍ နိဒါန်း ရေးပေးပါရန် ကျွန်တော့်အား မေတ္တာရပ်ခံလာသည်။

သို့ရာတွင် တည်းဖြတ်သူသည် သတင်းစာသမား ဖြစ်ခြင်းကြောင့် အားလပ် သော အချိန်ကို ရှာ၍ မတွေ့နိုင်ခဲ့ပါ။ ထို့ကြောင့် နှစ်ပေါင်းများစွာ ကြန့်ကြာ ခဲ့ပါသည်။

http://www.cherrythitsar.org



ဤသို့ ကြန့်ကြာခဲ့ရခြင်းသည်ပင်လျှင် တည်းဖြတ်သူအဖို့ လွန်စွာ ကံကောင်းသည်ဟု ဆိုရပါမည်။ ထိုသို့ ကြန့်ကြာခြင်းကြောင့်သာလျှင် အမျိုးသားစာကြည့်တိုက်ရှိ ပုရပိုက်မူကို စစ်ဆေးကြည့်ရှုရန် အချိန်ကောင်းစွာ ရခဲ့သည်။

## မည်သို့ တည်းဖြတ်ပုံ

အမျိုးသားစာကြည့်တိုက်၌ ယခင် ဘားနဒ် ပိဋကတ်တိုက်မှ ဆက်ခံရယူထားသည့် ရာဇဓမ္မသင်္ဂဟကျမ်း ပုရပိုက် ၃ ဆူ ရှိသည်။ ယင်းတို့ကို ကျွန်တော် စစ်ဆေးကြည့်ရှုစဉ်က . . .

(၁) ခ အမှတ် ၁၂၂ - ၁၂၄ ဟု ယာယီအမှတ်စဉ် ထိုးထားသော ရာဇဓမ္မသင်္ဂဟကျမ်း နိဒါန်းနှင့် ဒုတိယပိုင်းမှသည် တတိယပိုင်း အဆုံး နိဂုံးအထိ ပုရပိုက်တစ်ဆူ။

(၂) ခ အမှတ် ၁၂၅ - ၁၂၇ ဟု ယာယီအမှတ်စဉ် ထိုးထားသော ကျမ်းနိဒါန်းနှင့် ဒုတိယပိုင်းမှသည် တတိယပိုင်းအဆုံး နိဂုံးအထိ ပုရပိုက်တစ်ဆူ။

(၃) ခ အမှတ် ၁၂၈ - ၁၃၃ ဟု ယာယီအမှတ်စဉ် ထိုးထားသော ကျမ်းနိဒါန်းမှ နိဂုံးအထိ အစအဆုံး အပြည့်အစုံ ပါဝင်သော ပုရပိုက်တစ်ဆူ . . ပေါင်း ပုရပိုက် သုံးဆူကို ကောင်းစွာ တွေ့ရှိရပါသည်။

ရာဇဓမ္မသင်္ဂဟကျမ်းကို ဦးထိန်ဝင်းက ပြန်လည် ရိုက်နှိပ်ရာ၌ ကျွန်တော်သည် အမျိုးသားစာကြည့်တိုက်၏ ခွင့်ပြုချက်အရ အဆိုပါ ပုရပိုက်သုံးဆူအနက် ပြည့်စုံသော ပုရပိုက် ခ အမှတ် ၁၂၈ - ၁၃၃ ကို မူတည်၍ တည်းဖြတ်ပါသည်။ သို့ရာတွင် အဆင့်ဆင့် ကူးယူ၍ ချွတ်ချော်ယွင်းမှားသည်ဟု ယူဆရသော သတ်ပုံ သတ်ညွှန်းနှင့် စကားသွား စကားလာတို့ကို တွေ့ရသောအခါ ပုရပိုက်မူကို သူရိယမူနှင့် ညှိနှိုင်း၍ ပြင်ဆင်ပါသည်။

ရာဇဓမ္မသင်္ဂဟကျမ်း၌ ဘုရားဟောပိဋကတ် ပါဠိတော်များအပြင် နီတိကျမ်းဆရာတို့၏ ပါဠိဂါထာများနှင့် ဦးဘိုးလှိုင် စီကုံးသော ပါဠိဂါထာများ ပါဝင်သည်။ ပိဋကတ်ပါဠိတော်နှင့် စပ်လျဉ်း၍ ဦးဘိုးလှိုင်ကိုးကားသော ပါဠိတော်တို့တွင် နိုင်ငံတော်အစိုးရ ပြဋ္ဌာန်းသည့် သင်္ဂါယနာတင် ပါဠိတော်တို့နှင့် ကွဲလွဲသော အချက်များကို အတန်ငယ် တွေ့ရှိရပါသည်။ ဤသို့ တွေ့ရှိရသောအခါ

http://www.cherrythitsar.org



ဆဋ္ဌသင်္ဂါယနာတင် ပါဠိတော်ကိုသာ လက်ခံ၍ ပြင်ဆင်ပါသည်။ သို့ပြင်ဆင်သော်ငြားလည်း ဦးဘိုးလှိုင်၏ မူရင်းကို ထိန်းသိမ်းသောအားဖြင့် မှတ်ချက်တို့တွင် မူရင်းကို ဖော်ပြထားပါသည်။

ဘုရားဟော မဟုတ်သော ပါဠိစာသားတို့ကိုမူ ပုရပိုက်၌ တွေ့ရှိသည့် အတိုင်းထားပါသည်။ သို့သော် ပုဒ်ပါဌ်ချွတ်ယွင်းခြင်းတို့ကို တွေ့ရှိသော် သူရိယမူကိုပင် အားကိုးအားထားပြု၍ တည်းဖြတ် ပြင်ဆင်ပါသည်။ ပုရပိုက်မူ ၌လည်းကောင်း၊ သူရိယမူ၌လည်းကောင်း ပုဒ်ပါဌ်ချွတ်ယွင်းလျက် ရှိသည်ကို တွေ့ရသောအခါ ဤကျမ်းကို ပုံနှိပ်သော ကုသလဝတီတိုက်ရှိ ပါဠိစာပြင်ဆရာ တို့နှင့် သဘောတူညှိနှိုင်း၍ ပြင်ဆင်ပါသည်။

မူကွဲများကို စာတည်း၏ မှတ်ချက်တို့တွင် အသေးစိတ် ဖော်ပြထားပါသည်။ သို့ရာတွင် လက်ရေးလက်သား မသဲကွဲ၍သော်လည်းကောင်း၊ ပုံနှိပ်ရာ၌ ချွတ်ယွင်း၍သော်လည်းကောင်း ပေါ်ပေါက်လေ့ရှိသော သာမန်အမှားတို့ကို ပြင်ဆင်ရာ၌ မှတ်ချက်တွင် ဖော်ပြသော်လည်း အကျိုးထူးလိမ့်မည် မဟုတ်သော်ကြောင့် ဖော်ပြခြင်း မပြုပါ။ စာတည်းအနေဖြင့် သင့်ရာကို ဆုံးဖြတ်၍ ပြင်ဆင်ပါသည်။ ဤပြင်ဆင်ချက်မျိုးသည် မများလှပါ။

## ကျမ်းပြုပုဂ္ဂိုလ်အကြောင်း အကိုးအကားများ

ဦးဘိုးလှိုင်၏ အတ္ထုပ္ပတ္တိကို ယင်း ကွယ်လွန်သည့်အခါ သင်္ဂြိုဟ်ရာဖြစ်သော အုတ်ဂူကျောက်စာတွင် တွေ့ရှိနိုင်သည်။ သို့ရာတွင် ကျွန်တော်သည် ထိုကျောက်စာကို မျက်မြင်ကိုယ်တွေ့ ဖတ်ရှုဖူးသည် မဟုတ်ပါ။ မန္တလေးတက္ကသိုလ် မြန်မာစာ ကထိကဟောင်း ဦးမောင်မောင်တင် (မဟာဝိဇ္ဇာ) ၏ လက်နှိပ်စက်ရိုက် စာမူကိုသာ ကိုးကားခဲ့ရပါသည်။

ဟံသာဝတီ ဦးဘရင်သည် ၁၉၃၆ ခုနှစ်၊ အောက်တိုဘာလ ၁ ရက် (၁၂၉၈ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၂ ရက်) နေ့ထုတ် တိုးတက်ရေးမဂ္ဂဇင်းတွင် 'ယောမင်းကြီးအတ္ထုပ္ပတ္တိ' ဟူသော ခေါင်းစဉ်ဖြင့် သံတော်ဆင့် မင်းလှမင်းထင်ရာဇာ ရေးသားရင်းဖြစ်သော 'ယောမင်းကြီး၏ အတ္ထုပ္ပတ္တိ'ကို မူတည်၍ ဆောင်းပါး ရေးသားခဲ့ဖူးသည်။

ထို့နောက်တစ်ဖန် မော်ဘီဆရာသိန်းကြီးသည် ၁၉၃၇ ခုနှစ်၊ ဇူလိုင်လ ၁ ရက် (၁၂၉၉ ခုနှစ်၊ ဒုတိယဝါဆို လပြည့်ကျော် ၁၀ ရက်) နေ့ထုတ် တိုးတက်ရေး မဂ္ဂဇင်းတွင် '၁၂၆၂ ခုနှစ်၊ သံတော်ဆင့်မင်းဦးဆုပန်ကိုယ်တိုင် ရေးသားသောမူ'

http://www.cherrythitsar.org


ကို ကိုးကား၍လည်းကောင်း၊ 'ပြည်ဆရာတော်ဘုရား မိန့်တော်မူသည်'ကို စုံစမ်း မှတ်သား၍လည်းကောင်း၊ 'ယောမင်းကြီး၏ နမူနာ' ဟူသော ခေါင်းစဉ်ဖြင့် ဆောင်းပါး ရေးသားခဲ့ဖူးသည်။ ထိုဆောင်းပါးနှင့် မရှေးမနှောင်း မှော်ဘီ ဆရာသိန်းကြီးကပင် ရွှေပြည်ဝန်ကြီးအကြောင်းကို 'ယောအတွင်းဝန်ဦးဘိုးလှိုင်' ဟူသော ခေါင်းစဉ်ဖြင့် 'မြန်မာဝန်ကြီးမှူးကြီးများ အတ္ထုပ္ပတ္တိ' စာအုပ်၌ ဖော်ပြ ထားသည်။ ထိုစာအုပ်ကို ၁၂၉၉ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေခဲ့ပါသည်။

ဟံသာဝတီ ဦးဘရင် ရေး 'အတ္ထုပ္ပတ္တိ' ၌ ညွှန်းဆိုထားသော သံတော်ဆင့် မင်းလှမင်းထင်ရာဇာသည် မှော်ဘီဆရာသိန်းကြီး ရေး 'အတ္ထုပ္ပတ္တိ' ၌ ညွှန်းဆို ထားသော သံတော်ဆင့်မင်းဦးဆုပန်နှင့် တစ်ယောက်တည်း အတူတူဖြစ်သည်။ မင်းလှမင်းထင်ရာဇာဘွဲ့ခံ သံတော်ဆင့်မင်းဦးဆုပန်၏ မှတ်တမ်းသည် ရွှေပြည် ဝန်ကြီး အုတ်ဂူကျောက်စာပါ အချက်အလက်များ၏ အကျယ် ဝိတ္ထာရ ဖြစ်သည်။ အားလုံးကို စိစစ်ကြည့်လျှင် အုတ်ဂူကျောက်စာ၊ ဦးဆုပန်၏မှတ်တမ်း၊ ဟံသာဝတီ ဦးဘရင်ဆောင်းပါး၊ မှော်ဘီဆရာသိန်းကြီး၏ ဆောင်းပါးနှင့် စာအုပ် ဟူသည် တို့သည် တစ်ခုနှင့်တစ်ခု ကွဲပြားခြားနားခြင်းမရှိ အတူတူသာဖြစ်ကြ၏။ သို့သော် မှော်ဘီဆရာသိန်းကြီး၏ 'ယောမင်းကြီး၏ နမူနာ' ဆောင်းပါးနှင့် 'မြန်မာဝန်ကြီး မှူးကြီးများ အတ္ထုပ္ပတ္တိ' စာအုပ်၌ ပါရှိသော ယောအတွင်းဝန်အကြောင်းတို့တွင် ကိုယ်တိုင်ကြားနာ မှတ်သား စုံစမ်းထားသော အချက်အလက်များ အတော်အတန် ပါရှိသည်။

ဦးဘိုးလှိုင်၏ အတ္ထုပ္ပတ္တိကို ပြုစုရာ၌ တည်းဖြတ်သူသည် အထက်ဖော်ပြရာပါ မှတ်တမ်း၊ ဆောင်းပါး စာအုပ်များကို အခြေခံထား၍ ပြုစုပါသည်။

သို့ရာတွင် ဦးဘိုးလှိုင်၏ အတ္ထုပ္ပတ္တိအသေးစိတ် အချက်အလက်များကို မူလ အခြေခံအချက်အလက်များနှင့် တိုက်ဆိုင်ညှိနှိုင်း ဖြည့်စွက်ရာ၌ကား အင်္ဂလိပ် ဂန္ထဝင်၊ မြန်မာဂန္ထဝင် နှစ်ခုစလုံး စုံနိုင်သမျှ စုံစွာ ကိုးကားပါသည်။ ထိုကိုးကား သော ကျမ်းတို့ကို ဤကျမ်းနိဂုံး၏ နောက်ပိုင်းတွင် ဖော်ပြထားပါသည်။

အထက်ပါ ကိုးကားစရာ အချက်အလက်တို့ဖြင့် ရာဇဓမ္မသင်္ဂဟကျမ်းကို တည်းဖြတ်စဉ်က ကွန်တော်သည် ကျမ်းပြုပုဂ္ဂိုလ်ကြီး၏ အဆက်အနွယ်များ၊ ထိုပုဂ္ဂိုလ်ကြီး၏ အကြောင်းကို သိကျွမ်းသူများ စသည်တို့နှင့် ကိုယ်တိုင်တွေ့ဆုံ ဆွေးနွေးလိုသော အာသီသ ရှိပါသည်။ သို့သော် ဆွေးနွေးခွင့်ကို အခြေအနေ အားဖြင့် မရခဲ့ပါ။ ဤကျမ်းကြီး ထွက်ပေါ်ပြီးသောအခါ၌မူကား ယောမင်းကြီးနှင့် နီးစပ်သော ပုဂ္ဂိုလ်တို့က ဖြည့်စွက်စရာ အချက်အလက်အသစ် တစ်စုံတစ်ရာ မရှိကြောင်း မိန့်ဆိုကြပါသည်။ ထို့နောက်၌ကား မြောင်းမြဆရာတော်ကြီး၏ ဩဝါဒကို ခံယူရပါသည်။

http://www.cherrythitsar.org



အထက်ပါ စကားစဉ်ဖြင့် ကျွန်တော်သည် ကျမ်းပြုပုဂ္ဂိုလ်ကြီးအား ယင်း၏ မိဘများက မှည့်ခေါ်ခဲ့သော ငယ်နာမည် ဦးဘိုးလှိုင် ဟူသော အမည်ဖြင့် ထင်ရှား စေခဲ့ပြီး ရှေးမြန်မာ့ အသုံးအနှုန်း၌ ဘွဲ့ထူး ဂုဏ်ထူး ရာထူး ဌာနန္တရ ရှိသူတို့အား ငယ်နာမည်ဖျောက်၍ ထိုဘွဲ့ထူး ဂုဏ်ထူး ရာထူးဌာနန္တရတို့၏ အမည်ဖြင့်သာ ခေါ်ဝေါ်လေ့ရှိကြသည်။ တည်းဖြတ်သူအနေဖြင့် ကျမ်းပြုပုဂ္ဂိုလ်ကြီးအား စာဖတ် ပရိသတ်တို့နှင့် မိတ်ဆက်ပေးရာ၌ ယခုခေတ်၏ သဘောအရ ငယ်နာမည်ဖြင့် မိတ်ဆက်ပေးခြင်းသည် နားရှင်းသည်ဟု ယူဆပါသည်။ ဥပမာ ရွှေပြည်ဝန်ကြီး ဦးဘိုးလှိုင်၏ တေးသည် ရွှေပြည်ဝန်ကြီး ဖြစ်ခဲ့ဖူးသည်။ မြန်မာရာဇဝင်တွင် အခြားအခြားသော ရွှေပြည်ဝန်များလည်း ရှိသည်။ မည်သည့် ရွှေပြည်ဝန်ကို ဆိုလိုသည်ဟု သိနိုင်ရန် ငယ်နာမည်ကို ထုတ်ဖော် ရေးသားမှသာလျှင် သင့်လျော် လိမ့်မည်။ ထို့ကြောင့် ရာဇဓမ္မသင်္ဂဟကျမ်းပြု ပုဂ္ဂိုလ်ကြီးအား ဦးဘိုးလှိုင် ဟူ၍ပင် ခေါ်ဆို ရေးသားသွားပါမည်။ သို့ရာတွင် ရာထူးဌာနန္တရအလိုက် ညွှန်းဆိုရန် ရှိသောအခါ၌မူကား ဆိုင်ရာဆိုင်ရာ ခေတ်အတွက် ဆိုင်ရာဆိုင်ရာ ဘွဲ့ထူး ဂုဏ်ထူး တို့ဖြင့် ညွှန်းဆိုသွားပါမည်။

## မောင်လှိုင်

ဦးဘိုးလှိုင်သည် ရတနာပူရ စတုတ္ထမြို့တည်နန်းတည် ဘကြီးတော်မင်းတရား လက်ထက်က ၁၁၉၁ ခု၊ နှောင်းတန်ခူးလဆန်း ၁၀ ရက်၊ သောကြာနေ့တွင် ရေနံချောင်းမြို့စား ယင်းတောဝန်ကြီးမင်း သတိုးမင်းလှကျော်ထင်နှင့် ဝန်ကတော် မယ်ငြိမ်းတို့မှ ဖွားမြင်သည်။ ဖွားရာဒေသကား မြင်းခြံမြို့အထက် တလုပ်မြို့ အဝင်အပါ ရွာပုလဲရွာ ဖြစ်သည်။ ငယ်မည်မှာ မောင်ဘိုးလှိုင်ဖြစ်၏။ သို့ရာတွင် ချစ်စနိုးဖြင့် အချို့က မောင်လှိုင်ဟုလည်း ခေါ်ဝေါ်ကြသည်။

ဦးဘိုးလှိုင်၏ မျိုးရိုးသည် မှူးမတ်မျိုးရိုး ဖြစ်သည်။ ယင်းပုဂ္ဂိုလ်ကြီး ရေးသား သော ကျမ်းအချို့တို့၏ နိဂုံးတွင် ဖော်ပြထားသော မျိုးဇာတိအကြောင်းမှာ ဤသို့ ဖြစ်၏။ အမရပူရမြို့သို့ လက်မွန် အစပထမ တည်ထောင် ဖန်ဆင်းသော ဆဒ္ဒန်ဆင်မင်းသခင် ဘိုးတော်မင်းတရားကြီး၌ ချစ်ကျွမ်းဝင်သော ရဲဘော် ရွှေပြည်ဝန် လက်ဝဲဝင်းတော်မှူး အမတ်ကြီး သည်ရှိ၏။ ထိုလက်ဝဲ ဝင်းတော်မှူး ၏ သားမက်ကား စာရေးတော်ကြီး ဖြစ်၏။ ထိုစာရေးတော်ကြီး၌ သားတစ်ယောက် ထွန်းကားသည်။ ထိုစာရေးတော်ကြီး၏သားကို ဘကြီးတော်မင်းတရားကြီးသည် ငယ်စဉ်ကပင် ကျွေးမွေးသုတ်သင်ခဲ့၍ ကြီးပြင်းလာသောအခါ ရဲဘော်အရာ၌

http://www.cherrythitsar.org



ထားပြီးလျှင် သတိုးမင်းလှကျော်ထင်ဘွဲ့ဖြင့် စစ်သူကြီး မြှောက်တော်မူသည်။ ထိုစစ်သူကြီးသည် ယင်းတောဝန်ကြီးဟူသော အမည်ဖြင့်လည်း ထင်ရှား၏။ ထိုယင်းတောဝန်ကြီး၏ သားကား ဦးဘိုးလှိုင်တည်း။ ဦးဘိုးလှိုင်သည် ဘေးဖြစ်သူ လက်ဝဲဝင်းတော်မှူးကဲ့သို့ပင် ရွှေပြည်ဝန်လည်း ဖြစ်သည်။ မင်းတုန်းမင်းတရားကြီး ၏ ရဲဘော်လည်း ဖြစ်သည်။ ဤသို့ ဘေးလက်ထက်မှစ၍ မိမိလက်ထက်တိုင် အောင် မင်းသုံးဆက်စလုံး အစဉ်မပြတ် ရဲဘော်သုံးဆက် ဖြစ်ခဲ့သည်ကို ရွှေပြည်ဝန် ဦးဘိုးလှိုင်သည် များစွာဂုဏ်ယူသည်။

အချို့သော မှတ်စု မှတ်တမ်းတို့တွင် ရွှေပြည်ဝန် လက်ဝဲဝင်းတော်မှူး၏ ငယ်မည်ကို ဦးတောဟု ပြဆိုသည်။ ရွှေပြည်ဝန် ဦးတောကို မြစ်ဖြစ်သူ ရွှေပြည်ဝန် ဦးဘိုးလှိုင်က 'ကုဝေရနတ်မင်း၏ အရာနှင့်တူသော အရာရှိသော အမတ်ကြီး' ဟု ဖော်ပြသည်။ အငြိမ်းစားဝန်ထောက် ဦးမောင်မောင်တင်ရေး 'ရွှေနန်းသုံး ဝေါဟာရ အဘိဓာန်' ပထမတွဲ၌ 'လက်ဝဲမင်း အမှုထမ်းတို့မှာ ကုဝေရနတ် လက်ယာလက် သံလျက်ထမ်း၊ လည်ကုပ်မှာ ထိုး၍ ဆေးတော်မှတ် မှတ်သည်' ဟု ရေးသားထားသည်ကို တွေ့ရ၏။ လက်ဝဲဝင်း အမှုထမ်းတို့ကို ကြီးမှူးရသော ကြောင့် ကုဝေရနတ်မင်း၏ အရာနှင့်တူသော အရာရှိဟု ဖော်ပြပြဟန် တူသည်။

သို့သော် ဦးတောဟူသော အမည်အပြင် အခြားမူကွဲလည်း ရှိသေး၏။ ရွှေပြည်ဝန်ကြီး စီရင်ရေးသားသော အလင်္ကာနိဿယ ကျမ်းတွင် တည်းဖြတ်သူ ပါဠိ ဆရာဉာဏ်နှင့် ဆရာဦးထွန်းညွှန့်တို့သည် ကျမ်းပြုပုဂ္ဂိုလ်၏ 'အတ္ထုပ္ပတ္တိ နိဒါန်း' တွင် ရွှေပြည်ဝန် ဦးဘိုးလှိုင်၏ အဖဖြစ်သူ ယင်းတောဝန်ကြီး၏ ငယ်မည် ကို ဦးပုဟု ပြဆိုသည်။ ဦးပုသည် သာသနမူလ စာကိုယ် နိဒါန်းပါဌ်ကို စီရင် သော အတုလစက္ကာဘွဲ့ရ ယင်းတော်ဆရာတော်၏ တူ တော်သည်ဟူ၍ လည်းကောင်း၊ ရေနံချောင်းမြို့စားလည်း ဖြစ်သည်ဟူ၍လည်းကောင်း၊ အဆိုပါ 'အတ္ထုပ္ပတ္တိ' တွင် ဆက်လက် ဖော်ပြထားသည်။ မော်ဘီဆရာသိန်းကြီး ရေး 'ပညာရှိများအကြောင်း' စာအုပ်တွင် ယင်းတောဝန်ကြီးသည် ရေနံချောင်းမင်းကြီး ဦးစို၏ ငယ်ဆရာ ဖြစ်ကြောင်း ရေးသားထားသည်။ အင်္ဂလိပ်တို့၏ မှတ်တမ်းများတွင် ယင်းတော ဝန်ကြီးသည် သက္ကတဘာသာကို ကောင်းစွာ ကျွမ်းကျင်ကြောင်း၊ ၎င်းနှင့် ဆက်ဆံ ဖူးသော နိုင်ငံခြားသားတို့သည် ၎င်းအား ခင်မင်ကြောင်း ဖော်ပြထားသည်။

http://www.cherrythitsar.org



# လူနှင့် ခေတ်တိုက်ပွဲ

ခေတ်သည် လူကို ဩဇာပေးတတ်သည်။ လူလည်းခေတ်၏ ဩဇာကို နာခံ၍ ရေလိုက်ငါးလိုက် နေသည်ရှိသော် လူ့သမိုင်းသည် ထွန်းပြောင်ခြင်း မရှိ အသေကဲ့သို့ ဖြစ်၏။

လူကလည်း ခေတ်ကို တော်လှန်သည်။ ဤသို့ တော်လှန်ရာ၌ လူနှင့်ခေတ်တို့သည် အဘတစ်ပြန် ကျားတစ်ပြန် နပန်းသတ်ကြသည်။ ထိုအခါ လူ့သမိုင်းသည် တိုးတက်လာသည်။ ထွန်းပြောင်လာသည်။

ရွှေပြည်ဝန် ဦးဘိုးလှိုင်၏ ဘဝဖြစ်စဉ်သည် လူနှင့်ခေတ်တို့၏ တိုက်ပွဲသမိုင်းကို ဖော်ပြသည်။

ထို့ကြောင့် ဦးဘိုးလှိုင်၏ အကြောင်းကို နားလည်ရန် အလို့ငှာ ဦးဘိုးလှိုင် လူဖြစ်လာသော ခေတ်၏ အကြောင်းကို နားလည်ဖို့ လိုသည်။

ဦးဘိုးလှိုင် မွေးဖွားသည့်ခေတ်သည် မြန်မာ့သမိုင်းတွင် အမည်းကွက် တစ်ကွက် စွန်းလာသော ခေတ်ဖြစ်၏။

မြန်မာတို့သည် သမိုင်းတစ်လျှောက်တွင် အချုပ်အခြာ အာဏာပိုင်နိုင်ငံသားအဖြစ်နှင့်သာ လူဖြစ်ခဲ့ကြရသည်။ ကမ္ဘာ့သမိုင်းကို ခြုံ၍ကြည့်တတ်သော မျက်စိဖြင့် ကြည့်လျှင် မြန်မာတို့၏ စည်းလုံးညီညွတ်မှုသည် မကြာခဏ ပြိုကွဲပျက်စီးခဲ့ရသည်ကို အခြားအခြားသော ဧကရာဇ် ပဒေသရာဇ် နိုင်ငံများနည်းတူ တွေ့ရလိမ့်မည်။ ပုဂံပြည်ကြီးကို တရုတ်တရက်တို့ ထိပါးနှောင့်ယှက်သဖြင့် မြန်မာတို့ ဖရိုဖရဲ ပြိုကွဲပျက်စီးသော ဒဏ်ကို ခံခဲ့ကြရဖူးသည်။ 'ဂ ငယ် သုံးခု၊ ဥသျှစ်ထု' ဟူသော ဆိုရိုးစကားအတိုင်း ရှမ်းတို့၏ လွှမ်းမိုးမှုဒဏ်ကိုလည်း ခံခဲ့ကြရဖူးသည်။ စစ်ကိုင်း၊ ပင်းယ၊ အင်းဝ၊ မြင်စိုင်း ဟူ၍ မြန်မာအချင်းချင်း အာဏာလုပွဲကြီးများကြောင့် အမျိုးသားစည်းလုံးညီညွတ်ရေး ပျက်ပြားသော ဒဏ်ကိုလည်း ခံခဲ့ကြရဖူးသည်။ ဆွေရိပ်မျိုးရိပ်မကင်းသော အိမ်နီးပါးချင်း နိုင်ငံတို့နှင့် မကြာခဏ စစ်ခင်းခဲ့ကြ၍ စစ်ဘေးစစ်ဒဏ်ကိုလည်း ခံခဲ့ကြရဖူးသည်။ သို့ရာတွင် မြန်မာတို့သည် ထိုဒဏ်အမျိုးမျိုးမှ လွတ်မြောက်ရန်အလို့ငှာ ကြိုးပမ်းခဲ့ကြသည်ချည်းပင်။ သမိုင်းအစဉ်အဆက်၌ မြန်မာတစ်လှည့်၊ ရှမ်းတစ်လှည့်၊ မွန်တစ်လှည့်၊ ရခိုင်တစ်လှည့် ဆိုဘိသကဲ့သို့ မည်မျှ လွှမ်းမိုးခဲ့ကြစေကာမူ မြန်မာတည်းဟူသော ပညတ်မပျောက်ရလေအောင် တစ်မျိုးသားလုံး စည်းလုံးမှုဖြင့် မြန်မာနိုင်ငံတော် ဟူ၍ တည်ဆောက်နိုင်အောင် အားထုတ်ခဲ့ကြသည်မှာ သမိုင်း၌ အထင်အရှား ဖြစ်သည်။ ဥရောပတိုက်တွင် မြို့စားနယ်ပယ်တို့ကို နိုင်ငံဖြစ်အောင် အဆင့်ဆင့်

http://www.cherrythitsar.org


စည်းရုံးခဲ့ကြသော သမိုင်းနိယာမအတိုင်း မြန်မာတို့သည်လည်း မြို့ပြ ပြည်ရွာတို့ကို နိုင်ငံဖြစ်အောင် စည်းရုံးခဲ့ကြသည်ချည်းပင်။

ဤသို့လျှင် မြန်မာတို့သည် လွတ်လပ်သော နိုင်ငံသားတို့၏ သဘာဝအလျောက် ထွန်းကား တိုးတက်လာကြသည်။ အချုပ်အခြာ အာဏာပိုင်နိုင်ငံအဖြစ်ဖြင့် အရှေ့တိုင်းသားတို့၏ ဓလေ့ထုံးစံများအရ အတိုင်းတိုင်း အပြည်ပြည်တို့နှင့် မြန်မာနိုင်ငံသည် တန်းတူ ရည်တူ ဆက်ဆံခဲ့ကြသည်။

မြန်မာနိုင်ငံ၌ ဤကဲ့သို့ အရှေ့တိုင်း သမိုင်းစဉ်လာ ဓလေ့ထုံးစံများအရ တိုးတက်ဖြစ်ထွန်းနေစဉ် ဥရောပတိုက်၌လည်း အနောက်တိုင်း သမိုင်းစဉ်လာ ဓလေ့ထုံးစံများအရ တိုးတက်ဖြစ်ထွန်းမှုတို့ ပေါ်ပေါက်နေသည်။ ထိုအချိန်တွင် လွန်စွာ ထူးခြားသော ခေတ်ပြောင်းလဲမှုကြီးတစ်ရပ်မှာ ၁၆ ရာစုနှစ်က ပေါ်ပေါက်သော ရီနေဆွန်းခေါ် ဉာဏ်သစ် အရေးတော်ပုံ ဖြစ်သည်။

## နယ်ချဲ့စနစ် ခေတ်ဦး

မောင်ဘိုးလှိုင်သည် မြန်မာနိုင်ငံသို့ ရောက်ရှိလာပြီဖြစ်သော နယ်ချဲ့စနစ်၏ ခေတ်ဦးတွင် မွေးဖွားသည်။ ထိုခေတ်၏ သဘာဝအရ ဥရောပတိုက်သားများဖြစ်ကြသော စပိန်၊ ပေါ်တူဂီ၊ ဒတ်ချ်၊ အီတလီ၊ ဂျာမန်၊ ပြင်သစ်၊ အင်္ဂလိပ်စသည်တို့သည် ကမ္ဘာအရပ်ရပ်သို့ စွန့်စားသွားလာကြသည်တွင် ကမ္ဘာ့အရှေ့ဖျားရှိ သမုဒ္ဒရာတို့သည် ၎င်းတို့ ကျက်စားရာဒေသ ဖြစ်လာခဲ့၏။ ရှေးဦးစွာ စပိန်နှင့်ပေါ်တူဂီတို့သည် ပစိဖိတ်သမုဒ္ဒရာကို လှည့်၍ အိန္ဒိယသမုဒ္ဒရာထဲသို့ ရောက်ရှိလာကြသည်။ ဒတ်ချ်၊ ပြင်သစ်နှင့် အင်္ဂလိပ်တို့လည်း စပိန်နှင့် ပေါ်တူဂီတို့ကို နောက်ယောင်ခံ၍ လိုက်လာကြသည်။

မြန်မာနိုင်ငံတွင် နယ်ချဲ့အလံကို ပထမဆုံး စိုက်ထူသူမှာ ပေါ်တူဂီတို့ပင် ဖြစ်သည်။

ခရစ်နှစ် ၁၅၁၁ ခုနှစ်လောက်ကစ၍ ပေါ်တူဂီတို့သည် မြန်မာမင်းတို့ထံ ပြည်ထောင်ချင်းချင်း တန်းတူရည်တူ ဆက်ဆံရေးစနစ်အရ သံတမန် စေလွှတ်ခဲ့ဖူးသည်။ ၁၆ ရာစုနှစ် အလယ်လောက်တွင် ပေါ်တူဂီတို့သည် ယိုးဒယားပြည်၊ ပဲခူးပြည်၊ တောင်ငူပြည်၊ အင်းဝပြည်၊ ရခိုင်ပြည် စသော အာရှတောင်ပိုင်းဒေသရှိ ပြည်ထောင်ချင်းတို့ စစ်ခင်းကြသည့်အရေးတွင် ကြေးစား စစ်သည်တော်များအဖြစ်ဖြင့် ယိုးဒယားဘုရင်၊ ပဲခူးဘုရင်၊ တောင်ငူဘုရင်၊ အင်းဝဘုရင်၊ ရခိုင်ဘုရင် စသည်တို့၏ လက်အောက်တွင် အမှုထမ်းခဲ့ကြသည်။ တပင်ရွှေထီးသည်

http://www.cherrythitsar.org



ပေါ်တူဂီတို့နှင့် ပေါင်းမိ၍ ပျက်စီးခြင်း ရောက်ခဲ့သည်မှာ မြန်မာ့သမိုင်းတွင် အထင်အရှား ဖြစ်သည်။ တစ်ဖန် ၁၇ ရာစုသို့ အဝင်၌ မြန်မာ့အခေါ် ငဇင်ကာ ဟု တွင်သော ပေါ်တူဂီလူမျိုး ဖစ်လစ်ဒီဗရီတို[1]သည် တောင်ငူဘုရင် နတ်ရှင်နောင် နှင့် ပူးပေါင်း၍ မြန်မာတို့၏ အရေးထဲတွင် ဝင်ရောက် နှောင့်ယှက်ခဲ့သည်။ ခရစ် ၁၆၁၃ ခုနှစ်တွင် အနောက်ဘက်လွန် မင်းတရားသည် ငဇင်ကာကို သန်လျင် မြို့တွင် ကားစင်တင်ခြင်းဖြင့် နယ်ချဲ့ပယောဂကို ရှင်းလင်း သုတ်သင်သည်။ သို့နှင့်ပင် ပေါ်တူဂီတို့၏ ဩဇာသည် မြန်မာနိုင်ငံမှ တစ်စတစ်စ ပျောက်ကွယ် သွားခဲ့၏။

သို့သော် နယ်ချဲ့၏ ခြေလှမ်းသည် ရပ်တန့်သွားသည် မဟုတ်။ ပေါ်တူဂီ တို့၏ နေရာကို အင်္ဂလိပ်၊ ဒတ်ချ်နှင့် ပြင်သစ်တို့သည် ယူလာကြသည်။ မြန်မာ သက္ကရာဇ် ၉၆၃ (ခရစ် ၁၅၉၉) ခုနှစ်တွင် နန္ဒဘုရင် နတ်ရွာစံ၍ ပဲခူးနေပြည်တော် ပျက်စီးသောအခါ အင်္ဂလိပ်တို့သည် ပဲခူးတွင် အစပြု၍ အင်္ဂလိပ် အရှေ့အိန္ဒိယ ကုမ္ပဏီကို စတင်တည်ထောင်သည်။ ထိုအခါ ဒတ်ချ်တို့ကလည်း ၉၆၄ (ခရစ် ၁၆၀၂) ခုနှစ်တွင် အင်္ဂလိပ်တို့နှင့် အပြိုင်အဆိုင် ဒတ်ချ် အရှေ့အိန္ဒိယကုမ္ပဏီ တည်ထောင်သည်။ ဒတ်ချ်တို့သည် အင်္ဂလိပ်တို့ မြန်မာနိုင်ငံတွင် ခြေကုပ် မရ နိုင်အောင် ကုမ္ပဏီကို အရှုံးခံလျက် ဖွင့်လှစ်သော်လည်း ကြာလတ်သောအခါ မြန်မာနိုင်ငံကို လက်လွှတ်လိုက်ရသည်။ ထိုအခါ ပြင်သစ် အရှေ့ အိန္ဒိယကုမ္ပဏီ လည်း မြန်မာနိုင်ငံတွင် အခြေစိုက်လာခဲ့သည်။

၁၈ ရာစုနှစ် အလယ်သို့ ရောက်သောအခါ အင်္ဂလိပ်နှင့် ပြင်သစ် အရှေ့ အိန္ဒိယကုမ္ပဏီတို့၏ အပြိုင်အဆိုင် ဩဇာနယ်ချဲ့သော နိုင်ငံရေးသည် ပြင်းထန် လာလေသည်။ အလောင်းမင်းတရားကြီးသည် မြန်မာနိုင်ငံတော်ကို ပြန်လည် စည်းရုံးသောအခါ အင်္ဂလိပ်နှင့် ပြင်သစ်တို့သည် မြန်မာ့နိုင်ငံရေးထဲတွင် မြန်မာ တို့နှင့် ပူးတုံ့ခွာတုံ၊ မွန်တို့နှင့် ပူးတုံ ခွာတုံပြု၍ စွက်ဖက် ခြယ်လှယ်လာကြသည်။

ဦးစွာပထမ၌ အင်္ဂလိပ်တို့သည် ပြင်သစ်တို့နှင့် အလားတူ သန်လျင်မြို့တွင် အရှေ့အိန္ဒိယကုမ္ပဏီပိုင် အလုပ်ရုံခေါ် အခြေခံစခန်းကို ထားရှိသည်။ ၁၁၁၅ (ခရစ် ၁၇၅၃) ခုနှစ်တွင် သန်လျင်၌ ခံတပ်ငယ်တစ်ခုကိုသာ ထားပြီး မော်တင်စွန်း အနီးရှိ ဟိုင်းကြီးကျွန်း၌ အခြေခံစခန်း ဖွင့်လှစ်သည်။ အလောင်းမင်းတရားကြီး သည် မြန်မာနိုင်ငံ တောင်ပိုင်းကို စစ်ဦးလှည့်လာသောအခါ ၁၁၁၈ (ခရစ် ၁၇၅၆) ခုနှစ်တွင် သန်လျင်ရှိ နယ်ချဲ့အခြေခံစခန်းကို လည်းကောင်း၊ ၁၁၂၀ ပြည့်

---

၁။ Philip de Brito.

(ခရစ် ၁၇၅၇ - ၅၈) ခုနှစ်တွင် ဟိုင်းကြီးကျွန်းရှိ နယ်ချဲ့အခြေခံစခန်းကို လည်းကောင်း အမြစ်ပါမကျန်အောင် သုတ်သင်ရှင်းလင်းလိုက်လေသည်။

သို့နှင့်လည်း နယ်ချဲ့စနစ်သည် အပြီးအပိုင် အသက်ထွက်သွားသည် မဟုတ်။ ၁၁၆၇ (ခရစ် ၁၇၉၅) ခုနှစ်တွင် အင်္ဂလိပ်တို့သည် ပြင်သစ်တို့နှင့် ယှဉ်ပြိုင်နိုင်ရန် အလို့ငှာ မြန်မာတို့နှင့် မဟာမိတ် ဖွဲ့လာကြပြန်သည်။ ထိုနှစ်တွင် အင်းဝဘုရင် ဆင်ဖြူရှင် မင်းတရားထံသို့ ကပ္ပိတန် မိုက်ခဲလ် ဆိုင်းမ်စ်[၁]အား ဗြိတိသျှပိုင် အိန္ဒိယဘုရင်ခံက သံတမန် စေလွှတ်သည်။ ထိုသည်မှစ၍ မြန်မာနိုင်ငံရေးထဲတွင် အင်္ဂလိပ်-ပြင်သစ် ပြိုင်ဆိုင်မှု နိုင်ငံရေးသည် ချဉ်းနင်းဝင်ရောက်လာခဲ့လေရာ ထိုခေတ် ထိုအခါက မြန်မာတို့သည် ဆူးကြားသီးသော ဘူးပမာ ဖြစ်ရရှာသည်။ ၁၁၈၅ (ခရစ် ၁၈၂၄) ခုနှစ်၌ကား အင်္ဂလိပ်နှင့် မြန်မာတို့သည် ပထမအကြိမ် စစ်ဖြစ်ကြရလေသည်။

မြန်မာတို့သည် ယခင်က သူတစ်ပါး လွှမ်းမိုးခြင်း ခံခဲ့ရသည် ဆိုသည်မှာ လူမျိုးချင်း သွေးသားတော်စပ်သူတို့၏ လွှမ်းမိုးခြင်းကိုသာ ခံခဲ့ရဖူးသည်။ လူမျိုးချင်း သွေးသားတော်စပ်၍ မရနိုင်သော တိုင်းတစ်ပါးသားတို့၏ လွှမ်းမိုးခြင်းကိုကား မခံခဲ့ရဖူးချေ။ ယခုအကြိမ်၌ကား ခံလိုက်ကြရလေပြီ။

ထို့ကြောင့် သွေးသားတော်စပ်၍ မရနိုင်သော သူတို့နှင့် ဆက်ဆံလာရသော အခါ အရှေ့တိုင်းသားတို့၏ ထုံးတမ်းအရ ပြည်ထောင်အချင်းချင်း ဆက်ဆံသော သဘောတရားတို့သည် တစ်မျိုးတစ်ဖုံ ပြောင်းလဲလာခဲ့ရလေသည်။ မြန်မာမင်းတို့သည် တိုင်းတစ်ပါးမင်းတို့နှင့် ဆက်ဆံခဲ့ရာတွင် တန်းတူရည်တူ တိုက်ရိုက်သာ ဆက်ဆံခဲ့ဖူးကြသည်။ ယခု နယ်ချဲ့တို့နှင့် ဆက်ဆံလာရသောအခါ ပေါ်တူဂီမင်းတို့နှင့် ဆက်ဆံစဉ်ကကဲ့သို့ ပြည်ထောင်ချင်းချင်း တန်းတူရည်တူ တိုက်ရိုက် ဆက်ဆံသည့် သဘောမျိုးမဟုတ်ဘဲ အရှေ့အိန္ဒိယကုမ္ပဏီမှ တစ်ဆင့်သော်လည်းကောင်း၊ ဘုရင်ခံထံမှ တစ်ဆင့်သော်လည်းကောင်း ဆက်ဆံခဲ့ရသည်။ မြန်မာဘုရင် အဆက်ဆက်တို့သည် ဤသို့သော နိုင်ငံခြား ဆက်ဆံရေးမျိုးကို တစ်ရံတစ်ဆစ်မျှ မကျေနပ်ခဲ့ကြချေ။

အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲ ပြေငြိမ်းသောအခါ မြန်မာတို့သည် အင်္ဂလိပ်တို့နှင့် ရန္တပိုစာချုပ်ကို ချုပ်ဆိုကြရသည်။ ထိုစာချုပ်သည် အနောက်တိုင်းသားတို့၏ နိုင်ငံခြားဆက်ဆံရေး ဓလေ့ထုံးစံတစ်ရပ်ကို မြန်မာတို့အား ချမှတ်ပေးသော စာချုပ်ဖြစ်သည်။ တစ်နည်းဆိုသော် အင်အားနည်းသူအား အင်အားကြီးသူက

---

၁။ Capt Michael Symes.

http://www.cherrythitsar.org



မိမိသဘောကျ စည်းကမ်းသတ်မှတ်ပေးသော စာချုပ်ဖြစ်သည်။ ထိုစာချုပ်ပါ အပိုဒ် (၇) တွင် အင်္ဂလိပ်ဘုရင်ခံ ကိုယ်စားလှယ်တစ်ဦးသည် မြန်မာမင်း၏ နေပြည်တော် (အင်းဝမြို့) တွင် အစောင့်အရှောက် စစ်သား ငါးဆယ်နှင့်တကွ နေထိုင်နိုင်ခွင့်ရှိ၍ အတုံ့အလှည့်အားဖြင့် မြန်မာဘုရင်၏ ကိုယ်စားလှယ်သည် အစောင့်အရှောက် စစ်သားငါးဆယ်နှင့်အတူ အင်္ဂလိပ်ဘုရင်ခံမင်း၏ နေပြည်တော် (ကာလကတ္တားမြို့) တွင် နေထိုင်နိုင်ခွင့် ရှိစေရမည်ဟု ဆိုသည်။ မြန်မာတို့အဖို့ ကာလကတ္တား၌ ကိုယ်စားလှယ် အမြဲတမ်း ခန့်အပ်ထားရန် အကြောင်းများစွာ မရှိချေ။ အကြောင်းထူး တစ်စုံတစ်ရာရှိလျှင် အရှေ့တိုင်းသားတို့၏ နိုင်ငံခြား ဆက်ဆံရေး ထုံးတမ်းစဉ်လာအရ အခိုက်အတန့်အားဖြင့် သံတမန်စေလွှတ်လျှင် အမှု ပြီးပြေနိုင်သည်။ အင်္ဂလိပ်တို့အား ၎င်းတို့၏ ကုန်သည်အခွင့်အရေးများ ကို ချဲ့ထွင်လိုခြင်းကြောင့် ကိုယ်စားလှယ် အမြဲတမ်း ထားလိုသည်။ ထို့ကြောင့် ရန္တပိုစာချုပ် အပိုဒ် (၇)ကို အသက်သွင်းပေးရန် အလို့ငှာ ဗြိတိသျှပိုင် အိန္ဒိယပြည် ဘုရင်ခံချုပ်သည် မြန်မာရာဇဝင်တွင် မယ်စယ်တော်ရနီဟု တွင်သော **မေဂျာ ဟင်နရီဗားရ်နေ**[၁]ကို ကိုယ်စားလှယ်ခန့်၍ အင်းဝမြို့သို့ စေလွှတ်သည်။ ခရစ် (၁၈၃၀) ပြည့်နှစ်၊ ဧပြီလ (၂၄) ရက်နေ့တွင် ဗားရ်နေသည် အင်းဝမြို့သို့ ရောက် သောအခါ မောင်ဘိုးလှိုင်ဆိုသော သူငယ်မှာ တစ်လသားအရွယ်မျှသာ ရှိသေး သည်။

နယ်ချဲ့ခေတ်ဦးတွင် မွေးဖွားသော မောင်ဘိုးလှိုင်၏ ဘဝသည် အင်္ဂလိပ် - မြန်မာ ဆက်ဆံရေးနှင့် ယှဉ်သော ဘဝဖြစ်သည်။

## မြဝတီဝန်ကြီး ဦးစ၏ အစဉ်အလာ

ထို ဆိုခဲ့ပြီးသော ဦးဘိုးလှိုင်၏ ခေတ်တစ်လျှောက်လုံးကို သုံးသပ်ကြည့်ပြန်လျှင် ထိုခေတ်၏ သဘောတစ်ရပ်ကို တွေ့ရပြန်သည်။ ထိုသဘောမှာ တန်ခိုးကြီးမား သော တိုင်းတစ်ပါးသားတို့က မြန်မာတို့၏ အချုပ်အခြာ အာဏာကို ထိပါးလာ သောအခါ ထိုတိုင်းတစ်ပါးသားတို့ကို တော်လှန်နိုင်ရန် ယင်းတို့၏ စွမ်းရည်သတ္တိ ကို မြန်မာတို့က ရအောင် ကြိုးပမ်းမည် ဟူသော သဘောဖြစ်၏။

ဤသဘောသည် မြဝတီဝန်ကြီး ဦးစ၏ ခေတ်ကပင်လျှင် ထင်ရှားခဲ့သည်။ အလောင်းမင်းတရားသည် မြန်မာနိုင်ငံကို တညီတညွတ်တည်းဖြစ်အောင် စည်းရုံး

---

၁။ Major Henry Burney

ခဲ့ရာ ဆင်ဖြူရှင်မင်းလက်ထက်တွင် မြန်မာနိုင်ငံသည် လက်ရုံးရည်အားဖြင့် အထွတ်အထိပ်သို့ ရောက်ခဲ့သည်။ ဘိုးတော်မင်းတရားလက်ထက်၌ကား ငြိမ်းချမ်းသော ကာလအတွင်း မြန်မာစာပေ အနုပညာရိုးရာယဉ်ကျေးမှုတို့ကို ပြန်လည်ထုတ်ဖော်၍ အိမ်နီးချင်းနိုင်ငံတို့၏ ရိုးရာယဉ်ကျေးမှုများကိုလည်း စနစ်တကျလေ့လာပြီးလျှင် မြန်မာ့ညီညွတ်ရေးအတွက် အရင်းခံဖြစ်သော ယဉ်ကျေးမှုဖွံ့ဖြိုးရေးလုပ်ငန်းတို့ကို လုပ်ဆောင်လာကြသည်။ ၁၁၅၁ ခုနှစ်တွင် အိမ်ရှေ့မင်း၏ အမိန့်အရ မြဝတီဝန်ကြီးဦးစ၊ ပြင်စည်မင်းသား၊ ရာမရကန် ဦးတိုး စသော ပုဂ္ဂိုလ်ကျော်များ ပါဝင်သည့် အဖွဲ့သည် အယုဒ္ဓယတိုင်း (ဂွမ်းပြည်) နှင့် ဟရိသုဥ္စယတိုင်း (ယွန်းပြည်)တို့၌ ထွန်းကားသော ဒဏ္ဍာရီတို့ကို မြန်မာဘာသာ ပြန်ဆိုရသည်။ ယိုးဒယားဇာတ်များအတွက် တီးကွက်နှင့် ဇာတ်သီချင်းများကိုလည်း ရေးသားသည်။ ၁၁၈၂ ခုနှစ်တွင် ၃၇ မင်း နတ်အကြောင်းကို မြဝတီဝန်ကြီး ဦးစပင်လျှင် သုတေသနပြုလုပ်၍ ဘုရင်မင်းမြတ်အား အစီရင်ခံရသည်။ ထိုခေတ်ကာလတွင် အိန္ဒိယမှ သသ်ကရိုက်၊ နာဂရီ၊ အင်္ဂလိပ်ဘာသာနှင့် ပြုစုသော ဆေးကျမ်း၊ ဓာတ်ကျမ်း၊ ဗေဒင်ကျမ်းတို့ကို ယူဆောင်လာပြီးလျှင် မြန်မာဘာသာသို့ ပြန်ဆို၍ ပညာဗဟုသုတတို့ကို ဖြန့်ဖြူးကြသည်။

ဗားရ်နေ၏ မှတ်တမ်းများအရ မြဝတီမင်းကြီး ဦးစသည် ဥရောပတိုက်သားတို့ ကျွမ်းကျင်သော ဝိဇ္ဇာ သိပ္ပံအတတ်ပညာများကို မြန်မာတိုင်းရင်းသားတို့ တတ်မြောက်စေလိုသော ဆန္ဒရှိသည်ဟု သိရသည်။ မြဝတီဝန်ကြီး၏ ရင်တွင်း၌ ကိန်းအောင်းသော စေတနာသည် ထိုခေတ် ထိုအခါ မြန်မာပညာရှင်များ၏ ရင်တွင်း၌ ကိန်းအောင်းသော စေတနာ ဖြစ်သည်။ ထိုစေတနာ အလျောက်ပင်လျှင် ဘကြီးတော်နှင့် သာယာဝတီမင်းတို့၏ လက်ထက်၌ ထင်ရှားသော မက္ခရာမင်းသားကြီး သည် အင်္ဂလိပ်ကုန်သည် တစ်ဦးဖြစ်သူ မစ္စတာရော်ဂျာ[1]ထံတွင် အင်္ဂလိပ်စာကို ချဉ်းကုန်သင်ယူ၍ မစ္စတာလိန်း[2]ဟု ခေါ်သော အင်္ဂလိပ်တစ်ဦးနှင့် ပူးပေါင်းကာ ရီးစ်၏ စွယ်စုံကျမ်း[3] ကို မြန်မာဘာသာဖြင့် ပြန်ဆိုသည်။ အင်္ဂလိပ် မြန်မာ အဘိဓာန်ကိုလည်း ပြုစုသည်။ ရူပဗေဒ၊ အက္ခရာသင်္ချာ၊ နက္ခတ်ပညာ စသည် တို့ကိုလည်း ဆည်းပူး၍ မြန်မာတိုင်းရင်းသားတို့အား ပညာအလှူ ပေးခဲ့သည်။

---

၁။ Mr. Rogers.

၂။ Mr. Lane.

၃။ Ree's Cyclopaedia.

http://www.cherrythitsar.org



ဘိုးတော်မင်းတရား၏ သားတော်ဖြစ်သော မက္ခရာမင်းသားကြီးသည် ၁၁၅၃ (ခရစ် ၁၇၉၂) တွင် ဖွားမြင်၍ ငယ်မည် မောင်မျိုးဟု တွင်၏။ မင်းရဲကျော်စွာ ဘွဲ့နှင့် မက္ခရာမြို့ ဗန့်ကျီတိုက်များကို စားရသည်။ ၁၂၁၀ ပြည့် (ခရစ် ၁၈၄၈ ခုနှစ်) တွင် ကံကုန်၏။ မြဝတီခေတ်၏ လုပ်ငန်းရပ်တို့ကို သုံးသပ်ကြည့်လျှင် ထိုခေတ်သဘောသည် မြန်မာ့ရိုးရာယဉ်ကျေးမှုတို့ကို ခိုင်မြဲစေ၍ ခေတ် အလျောက် ပေါ်လာသော မဇ္ဈိမဒေသနှင့် ဥရောပတိုက်ထွက် ပညာရပ်များကို အုတ်မြစ် ချပေးသော သဘောဖြစ်သည်။ ဥရောပ၌ ရီနေဆွန်းခေတ် ထွန်းကားပုံ နှင့် ယှဉ်ကြည့်လေ။ ထိုအစဉ်အလာကို ဦးဘိုးလှိုင်သည် အမွေအနှစ် ရလိုက်သူ ဖြစ်သည်။ ဦးဘိုးလှိုင်၏ ခေတ်ကို ဦးစ၏ခေတ်နှင့် ယှဉ်ကြည့်နိုင်ရန် ပြဆိုရလျှင် ဦးဘိုးလှိုင် မွေးဖွားသောအခါ ဦးစသည် အသက် ၆၃ နှစ် အရွယ်ရှိ၍ ဦးစ အသက် ၈၆ နှစ်၌ ကွယ်လွန်သောအခါ ဦးဘိုးလှိုင်မှာ အသက် ၂၃ နှစ်အရွယ် ရှိခဲ့ပြီ။

ဦးဘိုးလှိုင်သည် ထိုကဲ့သို့ မြဝတီဝန်ကြီး ဦးစခေတ်က ချမှတ်ခဲ့သော အစဉ် အလာကို အမွေခံခဲ့ရုံမျှမကသေး၊ ထိုအစဉ်အလာကို တိုးတက်ဖွံ့ဖြိုးအောင် ဆက်လက် ဆောင်ရွက်နိုင်ခဲ့သည်။ ဦးဘိုးလှိုင်၏ ခေတ်မှာ နယ်ချဲ့၏ ဒဏ်ကို ခံရသော ခေတ်ဖြစ်ရကား မြဝတီဝန်ကြီး ဦးစ ခေတ်က သုတေသန မပြုလုပ်ခဲ့ ရသေးသော ဥရောပ နိုင်ငံရေးအတွေးအခေါ်များကိုပင်လျှင် ပညာတစ်ရပ်အနေ ဖြင့် လေ့လာဆည်းပူးခွင့် ရလာခဲ့လေသည်။

အထက်ပါ ခေတ်၏သဘောနှင့် ယှဉ်၍ လူ့ပြည်၌ လူလာဖြစ်ရသော မောင်ဘိုးလှိုင်သည် ကျောင်းသားအရွယ်သို့ ရောက်သောအခါ မြန်မာတို့၏ ထုံးစံ အတိုင်း ဘုန်းကြီးကျောင်းတွင် ပညာသင်ယူသည်။ မောင်ဘိုးလှိုင်၏ ရှေးဦး ဆရာကား တလုပ်မြို့နယ် ကျုံပို့ရွာလျှင် ဖွားရာဇာတိရှိသော မဟာထေရ် ဖြစ် သည်။ ရှင်သာမဏေပြုရန် အရွယ်ရောက်သောအခါ ထိုကျုံပို့ ဆရာတော်၏ ကျောင်း၌ပင် သာမဏေပြုသည်။

## နိုင်ငံရေးလှုပ်ရှားမှုနှင့် ယင်းတောဝန်ကြီး

မောင်ဘိုးလှိုင် ၉ နှစ်သား အရွယ်သို့ ရောက်သော် ၁၂၀၀ ပြည့် အရေးတော်ပုံ ဟု ခေါ်ဆိုအပ်သော သာယာဝတီမင်း၏ အရေးတော်ပုံတစ်ရပ် ပေါ်ပေါက်လာ လေသည်။ သာယာဝတီမင်းသည် ဘကြီးတော်ကို နန်းချ၍ မိမိကိုယ်တိုင် နန်းတက်တော်မူ၏။ ထို မင်းပြောင်း မင်းလွှဲခေတ်တွင် မြဝတီဝန်ကြီး ဦးစသည်

http://www.cherrythitsar.org


အရာကျ၍ အကျယ်ချုပ် ခံရလေသည်။ ထိုအရေးတော်ပုံတွင် မေဂျာဗားရ်နေသည် ဘကြီးတော်ဘုရားနှင့် သာယာဝတီ မင်းသားနှစ်ဦးတို့ကို စေ့စပ်ပေးရန် ဟူသော အကြောင်းပြချက်ဖြင့် ရန္တပိုစာချုပ်တွင် ပါသော လုပ်ငန်းစဉ်တို့ထက် လွန်ကဲသော နိုင်ငံရေးစွက်ဖက်မှုများကို ကျူးလွန်လာလေသည်။ ထို့ကြောင့် သာယာဝတီမင်းလက်ထက်တွင် ဗားရ်နေသည် မြန်မာဘုရင်မင်းမြတ်က မနှစ်သက်သော ပုဂ္ဂိုလ် ဖြစ်လာသည်။ ဗြိတိသျှ အိန္ဒိယဘုရင် **လော့ဒ်အောက္ကလန်**[၁]သည်လည်း ထိုဗားရ်နေကို ပြစ်တင်ဝေဖန်၍ ပြန်ခေါ်ရလေသည်။

ဤနိုင်ငံရေး လှုပ်ရှားမှု၏ အနက်အဓိပ္ပာယ်ကို ကိုရင် မောင်ဘိုးလှိုင်သည် ကောင်းစွာ နားလည်လိမ့်မည် မဟုတ်ချေ။ သို့ရာတွင် နောက် ၇ နှစ်ခန့် ကြာ၍ မောင်ဘိုးလှိုင် အသက် ၁၆ နှစ်အရွယ် လူပျိုဖျန်းဖြစ်လာသောအခါ နိုင်ငံရေး လှုပ်ရှားမှုကြောင့် မင်းခစားတို့၏ ကြုံတွေ့ရမြဲဖြစ်သော ဓမ္မတာတစ်ရပ်ကို မျက်မှောက်တွင် ထင်ရှားစွာ ကြုံတွေ့လိုက်ရလေသည်။

ထိုသို့ ကြုံတွေ့ရသော အချက်ကား သာယာဝတီမင်းသည် မောင်ဘိုးလှိုင်၏ အဖဖြစ်သူ ယင်းတောဝန်ကြီးကို မိမိကိုယ်တော်တိုင် အဆုံးစီရင်လိုက်ခြင်းပင် ဖြစ်လေသည်။

ဤအချက်ကို ဦးဆုပန်၏ ရွှေပြည်ဝန်ကြီး အတ္ထုပ္ပတ္တိ၌ '၁၂၀၆ ခု၊ နယုန်လဆန်း ၇ ရက်၊ ၅ တေးနေ့၊ ဘဝရှင်မင်းတရားကြီးဘုရား မင်းတဲဒေးဝန်းရပ်စံနန်းတော်သို့ ထွက်စံတော်မူကြိုက် အခါ၊ အဘ ယင်းတောဝန်ကြီးသည် ကမ္မက္ခယ အနိစ္စသဘော ရွှေ့လျောပျက်စီးချိန် ရောက်လတ်ရကား၊ အသျှင်မျက်ကွက်၊ ကျေးဇူးတော် ရပ်၊ သက်ပိုင် ဆပ်၍၊ ရုပ်ကလာပ်ပောင်း၊ လဲပြောင်း ကွယ်လွန်ပြီးနောက်' ဟူ၍ ဆိုထားလေသည်။ သို့သော် ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး (တတိယတွဲ) ၌မူကား ယင်းတောဝန်ကြီး အဆုံးစီရင်ခြင်း ခံရသည့်နှစ်ကို အောက်ပါအတိုင်း ၁၂၀၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၆ ရက်နေ့ဟု ပြဆိုသည်။

'၁၂၀၇ ခုနှစ်တွင် သာယာဝတီမင်းသည် သားတော် ပြည်မင်း ပုန်ကန်လိမ့်မည် ဟူ၍ သင်္ကာယနံ့မကင်း ဖြစ်တော်မူ၏။ ထို့ကြောင့် ထိုကိစ္စကို စုံစမ်းသည်တွင် သားတော်ပြည်မင်းနှင့် ယင်းတောဝန်ကြီး၊ ဆင်ဝန်၊ ညောင်ပင်ကြီးဗိုလ်၊ အဝမြို့ဝန်၊ စစ်ကိုင်းဗိုလ်၊ ဗိုလ်နတ်ကျော်၊ ဆောအတွင်းဝန်ဟောင်း ငရစ်၊ သံတော်ဆင့် လက်ဝဲတို့ နှီးနှောတိုင်ပင်သည်ဟု သတင်းရရှိတော်မူသည်။ ထို့ကြောင့်

---

၁။ Lord Auckland.

http://www.cherrythitsar.org


ဆောအတွင်းဝန်ဟောင်း ငရစ်နှင့် သံတော်ဆင့်လက်ဝဲတို့ကို ဦးစွာပထမ ကွပ်မျက်တော်မူသည်။ ယင်းတောဝန်ကြီးကိုမူကား ၁၂၀၇ ခုနှစ်၊ ဝါခေါင် လပြည့်ကျော် ၆ ရက်နေ့တွင် ရွှေနန်းတော်သို့ ခေါ်ယူ စစ်ဆေးတော်မူ၏။ ယင်းတောဝန်ကြီးလည်း ပြည်မင်းနှင့် တိုင်ပင်ကြံစည်ရာပါကြောင်း ဖြောင့်ဆိုသည်။ ထို့ကြောင့် သာယာဝတီမင်းသည် ယင်းတောဝန်ကြီးအား စံနန်းတော်ဦး မြောက်လှေကားအဆင်းတွင် ကိုယ်တော်တိုင် လက်သုံးတော်လှံဖြင့် ထိုး၍ စံနန်းတော်ပြင်သို့ ယူသွားစေရာ ယင်းတောဝန်ကြီးလည်း လက်ဝဲတံခါးပြင် ရောက်လျှင် သေလေ၏။'

## မောင်ဘိုးလှိုင်၏ ပညာသင်ကြားရေး

ထိုအခါ ယင်းတောဝန်ကြီးကတော်သည် အသက် ၁၇ နှစ်ရွယ်မျှသာ ရှိသေးသော ကိုရင် မောင်ဘိုးလှိုင်ကို ရှင်သာမဏေအဖြစ်မှ လူဝတ်လဲစေ၍ မိမိပိုင် ရွှေငွေ ဘဏ္ဍာများနှင့်တကွ မင်းတုန်းမင်းသားထံ အပ်နှံသည်။ မင်းတုန်းမင်းသားလည်း မောင်ဘိုးလှိုင်ကို မြောက်ဆောင်တော်ဘုရားထံ အပ်နှံတော်မူပြန်သည်။ သို့နှင့်ပင် မောင်လှိုင်သည် မင်းတုန်းမင်းသားနှင့် မြောက်ဆောင်တော်ဘုရားတို့၏ မွေးစားသားအဖြစ်ဖြင့် ချီးမြှောက်ခြင်းကို ခံရသည်။ သားရင်းနှင့်မခြား ပြုစားတော်မူခြင်း ခံရသည်ဟု ဆိုကြ၏။ အရှင်နှစ်ပါးတို့လည်း မောင်လှိုင်ကို ထပ်မံ၍ သာမဏေ ပြုစေပြီးလျှင် ဦးစွာ၌ ကဝိန္ဒာဘိ သိရိသဒ္ဓမ္မ ဓဇ မဟာဓမ္မ ရာဇာဓိရာဇဂုရု တံဆိပ်တော်ရ ပင်းဆရာတော်ဘုရားထံ အပ်နှံသည်။ ပင်းဆရာတော်၏ ငယ်မည်မှာ ဦးလွန်းပြေ ဖြစ်၍ ရဟန်းဘွဲ့မှာ ဦးကဝိန္ဒ ဖြစ်သည်။ ထိုနောက် မောင်ဘိုးလှိုင်သည် မေဓာဘိဝံသ သဒ္ဓမ္မဓဇ မဟာဓမ္မရာဇာဓိ ရာဇဂုရုတံဆိပ်တော်ရ ပြည်ဆရာတော်ဘုရား၏ အထံ၌ 'သဒ္ဒါ၊ ဗျာကရိုဏ်း၊ ဆစ်ပိုင်းခဲရပ်၊ ပုဒ်စပ်ပုဒ်လှည်း၊ နည်းအစဉ်တို့၌၊ ဝဋ္ဋဥန၊ အဝါးဝအောင်၊ ကျနစွာ သင်ကြားလေ့လာ' ရသည်။ ပြည်ဆရာတော်၏ ငယ်မည်ကား ဦးကြီး ဖြစ်သည်။ ရဟန်းဘွဲ့မှာ ဦးမေဓာ ဖြစ်၏။

ထိုမှတစ်ဖန် ပညာဇောတာဘိဝံသ သိရီပဝရ ဝိဇယာလင်္ကာရ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်တော်ရ ဗားကရာ သာသနာပိုင် ဆရာတော်ဘုရားထံ ဆည်းကပ်၍ 'ဓမ္မပဒေသ၊ ဂရုပဒေသ၊ နယပဒေသ၊ နေကျကုံလုံ၊ ဉသံုတျင်းတျင်း၊ မပင်းမလစ်၊ စက်မှန်ပစ်သို့၊ အားသစ်ကြိုးစား' ပညာသင်ကြားခဲ့ရသည်။ ဗားကရာ သာသနာပိုင်၏ ငယ်မည်ကား ဦးအင်းဖြစ်၍ ရဟန်းဘွဲ့မှာ ဦးပညာဇောတ ဖြစ်၏။

http://www.cherrythitsar.org


အဆိုပါ ဆရာတော်တို့၏ ဂုဏ်ဟိတ်ကို ကြည့်လျှင် မောင်ဘိုးလှိုင်သည် ပညာအရာ၌ ဆရာကောင်း သမားကောင်းတို့၏ အဆုံးအမကို ငယ်စဉ်ကပင် ခံယူခဲ့ရသည်ဟု ယူဆရမည်။

ထိုစာသင်သား ပဉ္စင်းပျို မောင်ဘိုးလှိုင်၏ မျက်မှောက်၌ သမိုင်းခြင်းရာ တို့သည် တစ်ခုပြီးတစ်ခု ပေါ်ပေါက်လာသည်။ ပုဂံမင်းလက်ထက်တွင် တိုင်းကား ပြည်ရွာ အုပ်ချုပ်ရေးသည် ပျက်ပြားလာသည်။ ပုဂံမင်းသည် ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီးတွင် ငပိုင်သတ် ဟု မှတ်တမ်းတင်သော ဘိုင်ဆတ်ခေါ် မဟာမေဒင်တစ်ဦးကို မြို့ဝန်အရာ၌ထား၍ ချီးမြှင့်မြှောက်စားသည်။ ထို ငပိုင်သတ်သည် ပြည်သူပြည်သားတို့ကို 'ညှဉ်းပန်းနှိပ်စက်၊ ကြေးငွေစားယူ၊ ထောင်တွင် သတ်ဖြတ် ပြုကျင့်'ရာ တိုင်းကားပြည်ရွာ လွန်စွာညှိုးနွမ်းသည်။ ပုဂံမင်းသည် ဤအကြောင်းချင်းတတို့ကို သိလာသောအခါ မြို့ဝန် ငပိုင်သတ် နှင့် မြို့စာရေး ငပိန် စသော အပေါင်းပါတို့ကို ၁၂၁၃ ခုနှစ်၊ နတ်တော်လပြည့် ကျော် ၇ ရက်နေ့တွင် အဆုံးစီရင်တော်မူ၏။ သို့သော် ငပိုင်သတ်၏ ပယောဂ ကြောင့် ပြည့်ရှင်မင်းနှင့် ပြည်သူပြည်သားတို့သည် တစ်စိတ်တစ်ဝမ်းတည်း ညီညီ ညွတ်ညွတ် မရှိတော့ချေ။ ဤအချက်သည် နယ်ချဲ့သူတို့အတွက် အကွက်ကောင်း ဖြစ်သည်။

မြန်မာရာဇဝင်တို့တွင် အိန္ဒိယတိုင်းကို အစိုးရသည့် အင်္ဂလိပ်မင်း၏ တိုက် သင်္ဘောအုပ် ကာမိုဒါလံဘာဟု ပြဆိုသော ကိုမိုဒါလမ္ဗတ်[၁] သည် အင်္ဂလိပ်မင်း အလံအောက်တွင် ရှိနေသူတို့ကို ဟံသာဝတီ မြို့ဝန်မင်းက ညှဉ်းပန်းနှိပ်စက် သည်ဟု အကြောင်းပြ၍ အရေးဆိုပြီးလျှင် တစ်ညသည်၌ မြန်မာမင်းပိုင် **ရေနန်း ယာဉ်သာ** သင်္ဘောကို မီးသင်္ဘောနှစ်စင်း ဝဲယာမှတွဲ၍ တိတ်တဆိတ် ယူဆောင် သွားလေသည်။ ဤသည်မှစ၍ အင်္ဂလိပ်နှင့် မြန်မာတို့ ဒုတိယအကြိမ် စစ်ခင်း ကြလေသည်။ အင်္ဂလိပ်စစ်တပ်သည် ၁၂၁၄ ခု၊ တန်ခူးလပြည့်ကျော် ၈ ရက် (မြန်မာနှစ်သစ်ကူး) နေ့တွင် တိုက်သင်္ဘောများနှင့် ရန်ကုန်မြစ်ထဲသို့ ဝင်လာပြီး လျှင် မီးပြသီလဝါ ကင်းတပ်များကို စတင်တိုက်ခိုက်သည်။ ထိုနှစ် နတ်တော်လ (ခရစ် ၁၈၅၂ ဒီဇင်ဘာလ ၂၀ ရက်နေ့) တွင် ပဲခူးကို သိမ်းလေသည်။

ဤသို့ အင်္ဂလိပ်တို့က မြန်မာနိုင်ငံပိုင် ဒေသတို့ကို ဒုတိယအကြိမ် သိမ်းယူ နေခိုက်တွင် အမရပူရ၏ အုပ်ချုပ်ရေးသည် ရှေးကထက်ပင် ပိုမိုဆိုးရွားလာရလေ သည်။ ဓားပြ စသော ရာဇဝတ်မှုခင်းများ ထူပြောလာ၏။ ဤအထဲတွင် နန်းတွင်းရေး

---

၁။ Comodore Lambert.

http://www.cherrythitsar.org



သည် ကုန်းချောစကားကို ပြောတတ်သူတို့၏ လက်ထဲ၌ တည်နေဟန် ရှိသည်။ ဤကုန်းချောစကားတို့ကြောင့် မင်းတုန်းမင်းသားနှင့် ကနောင်မင်းသား ညီနောင်တို့သည် ရွှေမြို့တော်၌ ဖြစ်ပွားသော ဓားပြမှု အချို့တွင် အပါအဝင်ဖြစ်သည့် ယောင်ယောင်မှုခင်းရှာကြံခြင်းကို ခံရလေသည်။ ထို့ကြောင့် မင်းတုန်းမင်းသားနှင့် ကနောင်မင်းသား ညီနောင်တို့သည် ၁၂၁၄ ခုနှစ်၊ ပြာသိုလဆန်း ၈ ရက်နေ့ညတွင် အမရပူရ ရွှေမြို့တော် ရှေ့မျက်နှာ မြောက်စွန် လေးကျွန်းတံခါးက ထွက်၍ မတ္တရာမြို့၌ လူထုကို စည်းရုံးပြီးလျှင် နောင်တော်ပုဂံမင်းကို ခြားနားရန် အလို့ငှာ ရတနာသိဃ်သို့ ချီတက်ကြလေသည်။

ထိုအခါ မောင်ဘိုးလှိုင်သည် ပဥ္စင်းအဖြစ်မှ လူဝတ်လဲ၍ မင်းတုန်းမင်းသားနှင့်အတူ လိုက်ပါလေသည်။ ဤကိစ္စနှင့် စပ်လျဥ်း၍ ပါးစပ်ရာဇဝင် သဘောဖြင့် ပြောဆိုကြသည့် စကားစဉ်တို့သည် ရှိကြ၏။ အရေးတော်ပုံ ပေါ်စက မောင်ဘိုးလှိုင်သည် မြဝတီဝန်ကြီး ဦးစ ပညာသင်ကြားခဲ့သော မဲထီးကျောင်းတိုက်တွင် စာသင်သား ပဥ္စင်းပျို အဖြစ်ဖြင့် သီတင်းသုံးလျက်ရှိသည်။ ထိုအခါ ပုဂံမင်း၏ မင်းချင်းတို့သည် မဲထီးကျောင်းတိုက်သို့ လာရောက် ၍ မောင်ဘိုးလှိုင်ကို ရှာကြသည်။ သို့ရာတွင် မဲထီးကျောင်းတိုက် သိမ်တော်တွင်းရှိ ပဌာန်း ၂၄ ပစ္စည်းကို ရွတ်ဆိုလျက်ရှိသော မောင်ဘိုးလှိုင်အား ရှာဖွေသူတို့ သည် မတွေ့ကြချေ။ ဤတွင် မောင်ဘိုးလှိုင်သည် အန္တရာယ်ကို မြင်လာရ၍ မင်းတုန်းမင်းသား၏နောက်သို့ အမီလိုက်သွားသည်ဟု ဆို၏။ သို့သော် သမိုင်းဝင် အမှတ်အသားများအရမှာကား မောင်ပဥ္စင်း လူထွက်၍ လိုက်ခဲ့ရမည်ဟု အမိန့် ရှိခြင်းကြောင့် မောင်ဘိုးလှိုင် လိုက်ပါသွားရသည်ဟု ဆိုသည်။

## လူစွမ်းလူစ

၁၂၁၄ ခုနှစ်၊ အရေးတော်ပုံသည် မောင်ဘိုးလှိုင်၏ လူစွမ်းလူစကို ဖော်ထုတ်သော အရေးတော်ပုံ ဖြစ်သည်။ မောင်ဘိုးလှိုင်သည် လူမှုရေးရာ လောက ထဲသို့ ရောက်လျှင် ရောက်ချင်းပင်လျှင် အရေးကြုံက သက်လုံကောင်းသော ပညာရှင်တို့၏ အကြံအစည် အတွေးအခေါ်ကို ပေးနိုင်စွမ်း ရှိခဲ့သည်။

၁၂၁၄ ခု၊ ပြာသိုလဆန်း ၁၁ ရက်နေ့တွင် မင်းတုန်းမင်းသားနှင့် ကနောင်မင်းသား ညီနောင်တို့သည် ရတနာသိဃ်မြို့အနီး တအုံရွာ ညောင်ပင်ကြီးစခန်းသို့ ရောက်ရှိလာသည်။ ထိုအချိန်အခါတွင် မင်းတုန်းမင်းသားတို့၏ လူစုလူဝေးမှာ စစ်နှစ်ဘက်ညှပ်ခြင်းကို ခံနေကြရဟန် ရှိသည်။ အမရပူရမြို့မှ လက်နက်

http://www.cherrythitsar.org



လူသူ အမှုထမ်း များပြားလှသော တပ်စုသည် မင်းတုန်းမင်းသားအား ဖိ၍ လိုက်နေသည်။ ဤအချိန်တွင် ရတနာသိင်္ဃမြို့ဝန်သည်လည်း စီရင်စု လေးဆယ့်ခြောက် ခေါင်းမြင်းမြေကျေးရွာရှိ အမှုထမ်းလက်နက်ကိုင်များကို သိမ်းသွင်းစည်းကြပ်၍ ခုခံလျက်ရှိသည်။ လူအင်အားကို ကြည့်လျှင် ပုဂံမင်း၏ လူအင်အားက များ၍ မင်းတုန်းမင်းသား၏ လူအင်အားက နည်းပါးနေသောကြောင့် နောက်ပါတို့ကို သိမ်းသွင်းရသည်မှာ လွန်စွာ ခဲယဉ်းသည်။

ထို့ကြောင့် ငန်းမြာရွာအုပ် ငတုတ်ကြီးက 'ချီးသားတစ်ဝက် လူသားတစ်ဝက်' ဖြစ်နေသော လူထုကို တစ်စိတ်တစ်ဝမ်းတည်းဖြစ်အောင် သိမ်းသွင်းစည်းကြပ်ရန် လိုအပ်သည်ဖြစ်၍ ကသည်းစပ်နယ်မြေ ကျေးရွာတိုင်အောင် ချီတက်ပြီးမှ 'ကြုံကြိုက်တော်မူရာ ကြံတော်မူသင့်ကြောင်း' နှင့် လျှောက်ထား အကြံပေးသည်။ သို့ရာတွင် မောင်ဘိုးလှိုင်သည် ရတနာသိင်္ဃမြို့တွင် အမှုထမ်း လက်နက်ကိုင်များ စည်းကြပ်ရာတွင် အမှုထမ်းတို့ 'နှလုံးစိတ်ဝမ်း ကျည်းနာရင်း ရှိသည်' ဟူသော အချက်ကို မြင်ရ၍ ရတနာသိင်္ဃသို့ စစ်အရှိန်ရဆဲခဏ၌ ချီတက်သင့်ကြောင်း၊ အကယ်၍ ကသည်းနယ်စပ်၌ ခိုလှုံ၍ ကျေးရွာ မြို့နယ်များကို သိမ်းသွင်းစည်းကြပ်နေပါလျှင် နောက်တော်ပါ အမှုထမ်းတို့သည်ပင်လျှင် ရန်သူတော် ဖြစ်လာစရာ အကြောင်း ရှိကြောင်း၊ စစ်တို့၏ သဘော၌ စစ်ဦး စစ်စ ကောင်းသည်ဖြစ်က အရပ်ရပ် တိုက်လှန် လုပ်ကြံလေသမျှ အရေးတော်ပုံ အောင်မြင်ရသည်ချည်းပင် ဖြစ်ကြောင်းဟူ၍ လျှောက်ထားလေသည်။ ဤလျှောက်ထားချက်ကို နောင်သောအခါ၌ ရေနံချောင်းဝန်ကြီး ဖြစ်မည့်သူ ငရွှေစိုးကလည်း ထောက်ခံလေသည်။ မင်းတုန်းမင်းသားလည်း အကြံပေးချက်ကို လက်ခံတော်မူလေသည်။

မင်းတုန်းမင်းသားသည် မောင်ဘိုးလှိုင်၏ အကြံကို နာယူ၍ ရတနာသိင်္ဃမြို့သို့ ချီတက်ရာ နယုန်လဆန်း ၁၂ ရက်နေ့တွင် အလိုတော် ပြည့်လေ၏။ ထို့ကြောင့် မင်းတုန်းမင်းသားသည် မောင်ဘိုးလှိုင်အား ၎င်း၏အရည်အသွေးကို ထောက်မျှော်ပြီးလျှင် ရင်နှစ်မပြား မွေးစားတော် မူခဲ့ခြင်းကိုလည်း အကြောင်းပြု၍ မင်းလှစည်သူဘွဲ့ဖြင့် ယောမြို့ကို စားစေသည်။ ထိုသို့ ချီးမြှောက်ရာ၌ ညီတော်သားတော်တို့နှင့်မခြား ချီးမြှောက်သည်ဖြစ်သောကြောင့် မောင်ဘိုးလှိုင်သည် အသက် ၂၃ နှစ် အရွယ်တွင် ယောမြို့စားမင်းသားဟူ၍ ထင်ပေါ်ကျော်စောလာခဲ့လေသည်။

မင်းတုန်းမင်းသားသည် ရတနာသိင်္ဃမြို့ကို အခြေခံစခန်းပြု၍ အမရပူရမြို့တော်ကို တိုက်ခိုက်သိမ်းပိုက်ရာ ၁၂၁၄ ခု၊ တပေါင်းလဆန်း ၁၁ ရက်နေ့တွင် အောင်မြင်တော်မူသည်။ ထိုနေ့တွင်ပင် ပုဂံမင်းကို နန်းချ၍ မင်းတုန်းမင်းနန်းတက်တော်မူ၏။

http://www.cherrythitsar.org



## ယောမြို့စားမင်းသား၏ နိုင်ငံခြားဆက်ဆံရေး ဗဟုသုတ

မင်းတုန်းမင်းတရားသည် နန်းတက်လျှင်တက်ချင်းပင်လျှင် အင်္ဂလိပ် မြန်မာ စစ်ပြေငြိမ်းရေးအတွက် စေ့စပ်ရသည်။ ၁၂၁၄ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၁၄ ရက်နေ့တွင် မြန်မာကိုယ်စားလှယ်တို့သည် အင်္ဂလိပ်ကိုယ်စားလှယ်တို့နှင့် ပြည်မြို့၌ တွေ့၍ အရေးဆိုကြသည်။ အင်္ဂလိပ်တို့သည် ယခင်က ရန္တပိုစာချုပ် ချုပ်ဆိုသည့်နည်းအတိုင်း စစ်လျော်ကြေးကိုလည်း တောင်းသည်။ ပဲခူးမြို့ကို လည်း သိမ်းပိုက်သည်။ ထို့ကြောင့် ပြည်မြို့၌ အရေးဆိုကြသော မြန်မာတို့သည် စစ်ပြေငြိမ်းရေး စာချုပ်ကို လက်မှတ်မထိုးကြချေ။

ရွှေပြည်ဝန်ကြီး၏ အုတ်ဂူကျောက်စာအရဆိုလျှင် ယောမြို့စားမင်းသား သည် မြင်းတင် အခွန်များကို စားရ၍ ကုလားဝန်အရာ၌ ခန့်အပ်ခြင်း ခံရသည် ဟု ဆိုသည်။ မြင်းတင်ခွန်ဆိုသည်မှာ တရုတ်ပြည်မှ မြင်းဝန်တင်၊ လားဝန်တင်၊ နွားဝန်တင်တို့ဖြင့် လာရောက်၍ ကူးသန်းရောင်းဝယ်သော ကုန်သည်တို့ထံမှ ကောက်ယူသည့် အခွန်ဖြစ်သည်။

ဤ၌ မောင်ဘိုးလှိုင်ကို ကုလားဝန် ခန့်သည်ဆိုသည်ကို စဉ်းစားရန် ရှိသည်။ ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး၌ မင်းတုန်းမင်းတရားသည် အရေးတော် ပြီးမြောက်သောအခါ ဝန်အအုပ်အထိန်း ခန့်ထားရာတွင် ဖိုင်းဂနိုင်း မြို့စားဟောင်း မုက္ကတစ်ကို မဟာမင်းထင် သီဟသူဘွဲ့ဖြင့် ကုလားဝန် ခန့်အပ်သည်ဟု ဆိုသည်။ ၁၂၁၄ ခုနှစ်တွင် ပြည်မြို့၌ မြန်မာနှင့် အင်္ဂလိပ်တို့ စစ်ပြေငြိမ်းရန် အရေးဆို သောအခါ ကုလားဝန် မဟာမင်းခေါင် သီဟသူ ပါလာသည်ဟု ပြဆိုသည်။ ၁၂၁၆ ခု၊ တော်သလင်းလပြည့်ကျော် ၁၄ ရက်နေ့တွင် ထိုစစ်ပြေငြိမ်းရေးကိစ္စ အတွက် ဘင်္ဂလား (ကာလကတ္တား) မြို့သို့ သံစေလွှတ်ရာ ကုလားဝန် မဟာမင်းထင် သီဟသူကို သံလတ်ခန့်၍ လွှတ်သည်ဟုလည်း ပြဆိုသည်။ ရာဇဝင်ပါ စကား အချိတ်အဆက်တို့ကို ကြည့်လျှင် မဟာမင်းခေါင် သီဟသူနှင့် မဟာမင်းထင် သီဟသူတို့မှာ တစ်ဦးတည်းဟု တွေးဆရဖွယ်ရှိသည်။ အင်္ဂလိပ်သမိုင်းဝင် မှတ်တမ်း တို့တွင် ကုလားဝန်ကို မက္ကာတစ်ရှ်[၁] ဟု ပြသည်။ မက္ကာတစ်ရှ်မှာ မုက္ကတစ်ကို ယခုခေတ် အသံလှယ်စနစ် အရေးအသားအရ ရေးခြင်း ဖြစ်သည်။

များသောအားဖြင့် မြန်မာဘုရင်တို့က ကုလားဝန် ခန့်ရာတွင် အာမီနီယံ လူမျိုး၊ တူရကီလူမျိုး၊ ပသီလူမျိုး စသော မင်းနေပြည်တော်မှာ ဆင်းသက်ပေါက်ဖွား

---

၁။ Mackertich

http://www.cherrythitsar.org


သည့် သိုးဆောင်းလူမျိုး မဟုတ်သော မြန်မာ့သစ္စာတော်ခံ နိုင်ငံခြား အနွယ်တို့ကို ခန့်လေ့ရှိသည်။ ထို့ကြောင့် ဦးဘိုးလှိုင်အား ကုလားဝန်ခန့်သည်ဆိုသော စကားကို အုတ်ဂူကျောက်စာ၌ မည်မျှပင် တပ်အပ်ဆိုထားသော်လည်း နှောင်းခေတ်သုတေသီတို့က တာဝန် ဝတ္တရားတို့ကို ပိုင်းခြား စိစစ်၍ ဦးဘိုးလှိုင်၏ အဆင့်အတန်း မည်သို့ရှိသည်ကို သတ်မှတ်ကြည့်ရန် လိုလိမ့်မည်။ သမိုင်းလာ အချက်အလက်များအရ ဆိုလျှင် မက္ကာတစ်ရှ်ကဲ့သို့သော ကုလားဝန်တို့မှာ စကားပြန်တာဝန်ကို ဆောင်ရွက်ကြရသည်။ ဦးဘိုးလှိုင်ကား စကားပြန် မဟုတ်ချေ။ နိုင်ငံခြားသံတမန်အကြီးအကဲတို့ကို ဆိုင်ရာက ရှေ့တော်သွင်းသောအခါ ဦးဘိုးလှိုင်က ၎င်းတို့ကို စကားပြန်မှတစ်ဆင့် စုံစမ်းမေးမြန်း ပြောဆိုပြီးလျှင် စကားရိပ် စကားခြည်ကို လေ့လာအကဲဖြတ်သည်။ ထိုနောက် နိုင်ငံတော်၏ မူဝါဒရေးရာတို့၌ ဘုရင်မင်းမြတ်အား အကြံပေးသည်။ စင်စစ် ဦးဘိုးလှိုင်သည် နိုင်ငံခြားရေးရာတို့ကို ဆောင်ရွက်ရသော မကွေးမင်းကြီး၏ ဥပနိဿယကို ခံယူ၍ မကွေးမင်းကြီး၏ သားမက်ပင် ဖြစ်လေရာ နိုင်ငံခြားဆက်ဆံရေး၌ ကြီးလေးသော တာဝန်ကို ထမ်းရွက်ရသည်ဟု ယူဆရန် ရှိသည်။

## မကွေးမင်းကြီး

၁၂၁၅ ခုနှစ်တွင် ယောမြို့စား မင်းလှစည်သူဘွဲ့ခံ ဦးဘိုးလှိုင်သည် မကွေးမြို့စားဝန်ကြီး သတိုးမင်းကြီး မဟာမင်းလှ သီဟသူ၏ သမီးခင်ဖြူနှင့် ထိမ်းမြား လက်ထပ်သည်။ ခင်ဖြူသည် ၁၁၉၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၂ ရက်နေ့တွင် ဖွားမြင်သူဖြစ်၏။ အသက် ၂၄ နှစ်အရွယ် ဦးဘိုးလှိုင်နှင့် အကြောင်းပါသောအခါ ခင်ဖြူသည် အသက် ၂၀ အရွယ်မျှသာ ရှိသေးသည်။

ဦးဘိုးလှိုင်၏ ယောက္ခမ မကွေးမြို့စားဝန်ကြီး၏ ငယ်မည်မှာ ဦးကြာဥ ဖြစ်သည်။ ဦးကြာဥသည် သာယာဝတီမင်း လက်ထက်ကပင် ဝန်ကြီးခန့်ထားခြင်း ခံရသည်။ ကျီဝန်လည်း ဖြစ်ခဲ့ဖူးသည်။ အလွန်ထက်မြက်၍ သတ္တိဗျတ္တိနှင့် ပြည့်စုံသော ပုဂ္ဂိုလ်လည်း ဖြစ်သည်။ သူ၏အကြောင်းကို မော်ဘီဆရာသိန်းကြီးက 'မြန်မာဝန်ကြီး မှူးကြီးများ အတ္ထုပ္ပတ္တိ' တွင် မှတ်တမ်းတင်ထားသည်။ ထိုမှတ်တမ်းအရမှာ 'ကုန်းဘောင်မင်းတရား (သာယာဝတီမင်း) ရူးသဖြင့်၊ ရွှေပြည်ဝန် ယောမင်းကြီးဦးဘိုးလှိုင် အဖ ယင်းတောဝန်ကြီးကို လုံနှင့် ထိုးသတ်သောအခါတွင် ကုန်းဘောင်ဘုရင်ကို ဖမ်း၍ ချုပ်ထားပြီးလျှင် သားတော် ပုဂံမင်းကို ထီးနန်းအပ်လေသည်' ဟုလေသည်။ ပုဂံမင်းလက်ထက်တွင် ဦးကြာဥသည် မင်းတိုင်ပင်

http://www.cherrythitsar.org



အရာနှင့် ကျောက်ပန်းတောင်းမြို့ကို စားရသည်။ ၁၂၁၄ ခုနှစ်၊ မင်းတုန်းမင်း အရေးတော်ပုံ၌ အမရပူရမြို့ကို မင်းတုန်းမင်း သိမ်းလေသော် ဦးကြာဥကပင် မြို့တံခါးကို ဖွင့်ပေးသည်။ မင်းတုန်းမင်းတရားကြီးလက်ထက်၌ ဦးကြာဥသည် မူလစားမြဲ မကွေးမြို့ကိုစား၍ သတိုးမင်းကြီး မဟာမင်းလှစည်သူဘွဲ့နှင့် အဂ္ဂမဟာ သေနာပတိဝန်ကြီး ဖြစ်လာသည်။ ထိုအခါ ဒုတိယ အင်္ဂလိပ်မြန်မာ စစ်ပွဲကို ပြီးငြိမ်းအောင် စကားပြောဆိုရသည်။ ၁၂၁၇ ခုနှစ်တွင် **မေဂျာအာသာပါစီဗယ် ဖယ်ရာ**[၁] ခေါင်းဆောင်သော အသံအဖွဲ့ကို နေပြည်တော်သို့ ခေါ်ဆောင်ရသည်။

ထိုမှသည် အစပြု၍ မကွေးမင်းကြီး ဦးကြာဥသည် ၁၂၂၈ ခုနှစ်၊ မြင်းကွန်း မြင်းခုန်တိုင် အရေးတော်ပုံအထိ နိုင်ငံခြားဆက်သွယ်ရေး တာဝန်တို့ကို ထမ်းဆောင်ရသည်။ နောင်သောအခါ ဖန်ချက်ဝန်အဖြစ်ဖြင့် ထင်ရှားလတ္တံ့သော ပညာတော်သင် မောင်ရွှေအိုးနှင့် စပ်လျဉ်း၍ 'အဂ္ဂမဟာ သေနာပတိ မဟာမင်းလှသီဟသူ'က ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး 'ဝန်ရှင်တော်မင်းကြီး **ဒြုဘင်ဒေလူအိသ်**[၂] ထံသို့ ၁၈၈၆ ခုနှစ်တွင် ပေးပို့သောစာကို ယခုခေတ် ပြင်သစ်နှင့် အီတလီနိုင်ငံတို့၌ မြန်မာသံအဖွဲ့ဝင်တစ်ဦးအဖြစ်ဖြင့် ထမ်းရွက်ရသူ **ဗီဗီယန်ဘ**[၃]သည် ၁၉၆၄ ခုနှစ်၊ ဒီဇင်ဘာလထုတ် ဂါဒီယန်မဂ္ဂဇင်း၌ ဖော်ပြခဲ့ဖူးသည်။

မြင်းကွန်းမြင်းခုန်တိုင် အရေးတော်ပုံ၌ မကွေးမင်းကြီးသည် ကိုယ်ထိ လက် ရောက် ပါဝင်ခဲ့သည် မဟုတ်။ သူပုန်တို့က လွှတ်တော်တွင်း၌ ဖမ်းဆီး ချုပ်နှောင် ခြင်းကိုပင် ခံလိုက်ရ၏။ သို့ရာတွင် သူပုန်တို့ကိုမူကား စားနပ်ရိက္ခာ ထောက်ပံ့ ခဲ့ဖူးသည်။ မင်းတုန်းမင်းကြီးထံ၌ ဟုတ်မှန်သည့်အတိုင်း ဖြောင့်ချက်ပေး၍ မိမိ တရားကို မိမိ စီရင်ရာ၌ မှော်ဘီဆရာသိန်းကြီး၏ အာဘော်အတိုင်း 'သက်ရှိ သက်မဲ့ ဥစ္စာပစ္စည်းကို သိမ်းစေ၊ ရာထူးစည်းစိမ်ကို နုတ်စေ၊ တစ်ဆွေလုံး တစ်မျိုးလုံး မီးလောင်တိုက်သွင်းစေ၊ မိမိကိုလည်း သတ်စေ'ဟု စီရင်သည်။ သို့ရာတွင် မင်းတုန်းမင်းတရားကြီးသည် ရဲရဲဝံ့ဝံ့ မှန်ရာကို ဖြောင့်ဆိုသော မကွေးမင်းကြီးအား အသက်စည်းစိမ်းကို ချမ်းသာပေး၍ သက်တော်ရှည်မင်းကြီး ရာထူးကို ချီးမြှောက် တော်မူပြီးလျှင် ကျောက်စီတောင်ဝှေးကို သနားတော်မူသည်။ သို့သော် ထိုသည် မှစ၍ မကွေးမင်းကြီးလည်း တိမ်မြုပ်သွားလေသည်။

---

၁။ Sir Arthur Percival Phayre.

၂။ M. Drouyin de Lhuys.

၃။ Vivian Ba.

http://www.cherrythitsar.org


# ယောမြို့စား အတွင်းဝန်

ရွှေပြည်ဝန်ကြီး၏ အုတ်ဂူကျောက်စာတွင် ၁၂၁၉ ခုနှစ်၌ မောင်ဘိုးလှိုင်သည် အသက် ၂၈ နှစ်အရွယ်တွင် မင်းကြီးမင်းလှ မဟာစည်သူဘွဲ့နှင့် အတွင်းဝန် ယောမြို့စားအရာ သူကောင်းပြုခြင်း ခံရ၍ ငွေခွန် ၁၂ ရပ်၊ အကောက်၊ ရေနံ၊ ဈေး၊ ပွဲ၊ ကင်းကူးများကို စားရသည်ဟု ဆိုသည်။ ရွှေပြည်ဝန်ကြီးကတော်၏ အုတ်ဂူ ကျောက်စာ၌လည်း ဝန်ကြီးကတော်၏ အသက် ၂၄ နှစ်အရွယ် ရောက်သောအခါ ယောမြို့စား အတွင်းဝန်ကတော်အဖြစ်နှင့် ရွှေပိန်းယာဉ်စီး၊ မုတ်လှ ကနားများကို စီးနင်းခွင့်ရသော အမေးတော်ခံ ကတော်ကြီးလေးယောက်အနက် တစ်ယောက်အရာနှင့် ခစား ထမ်းရွက်ရသည်ဟု ပါရှိသည်။ အုတ်ဂူကျောက်စာ အရ အတွင်းဝန်ဖြစ်လျှင် ဖြစ်ချင်း ဦးဘိုးလှိုင်သည် တိပိဋက ကျောက်ထက် အက္ခရာတင်သည့် ကိစ္စကို ကြီးကြပ်ရသည်။

လီလာဝတီကျမ်း၊ ရာဇမဏ္ဍသင်္ဂဟကျမ်း စသော ကျမ်းတို့တွင် ကျမ်းပြီးနိဂုံး၌ မင်းတုန်းမင်းတရားကြီးက ယောမြို့ကို အပိုင်စားပေး၍ အတွင်း သေနာပတိ အမတ် ခန့်အပ်သောအခါ ဦးဘိုးလှိုင်သည် အသက် ၂၉ နှစ်အရွယ်သို့ ရောက်ပြီ ဟူ၍လည်း ဆိုထားသည်။

ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီးတွင် ဦးဘိုးလှိုင်အား ယောအတွင်းဝန် အဖြစ်ဖြင့် ပထမဦးစွာ ဖော်ပြပုံမှာ ပဉ္စမသင်္ဂါယနာတင်ကိစ္စ အလို့ငှာ ပိဋကတ် တော်တို့ကို ကျောက်ထက်အက္ခရာတင်သည့် လုပ်ငန်း၌ အတွင်းဝန် ခန်းပတ် မြို့စားမင်းကြီး၊ မဟာသီရိဥဇနာ အတွင်းဝန် ယောမြို့စားမင်းကြီး မဟာမင်းလှ စည်သူနှင့် ခင်မမင်းဝန် မိုင်းကိုင်းမြို့စား မဟာသီရိဇေယျသူ စသည်တို့ ကြီးမှူး ကြပ်မရသည် ဟူ၍ဖြစ်၏။ ပိဋကတ်တော်တို့ကို စကျင်တောမှဖြစ်သော သလင်း ကျောက်ဖြူတော်များ၌ ရေးသားထုလုပ်သည်မှာ ၁၂၂၂ ခု၊ တန်ဆောင်မုန်းလဆန်း ၁ ရက်နေ့မှ အစပြု၍ ထုလုပ်သည်။ ၁၂၃၀ ပြည့်နှစ် ကဆုန်လဆန်း ၁၄ ရက်နေ့တွင် ပြီးစီးသည်။

ယောမြို့စားမင်းသား အတွင်းဝန်ဖြစ်လာသောအခါ မင်းတုန်းမင်းတရားကြီး ၏ နန်းသက်သည် ငါးနှစ်မျှသာ ရှိသေးသည်။ သို့သော် ထိုငါးနှစ်အတွင်း နိုင်ငံခြား ဆက်ဆံရေး လုပ်ငန်းတို့သည် လျင်မြန်စွာ တိုးတက်လာခဲ့လေသည်။ ယင်းသို့ တိုးတက်ဖြစ်ထွန်းလာသောကြောင့် ပေါ်ပေါက်လာသော အကျိုးအပြစ်တို့ကို စိစစ်ရန် လိုသည်။

http://www.cherrythitsar.org


# မင်းတုန်းမင်းခေတ် နိုင်ငံခြားဆက်ဆံရေး

အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ပွဲအပြီးတွင် ၁၂၁၄ ခုနှစ် ကုန်ခါနီးမှ အစပြု၍ စစ်ပြေငြိမ်းရေးအတွက် အင်္ဂလိပ်နှင့် မြန်မာတို့ စေ့စပ်ကြသည်။ ထိုစေ့စပ်ရေးတွင် အင်္ဂလိပ်နှင့် ပြင်သစ်တို့၏ ပြိုင်ဆိုင်မှုတို့သည် ရှေးကကဲ့သို့ပင် အကြိတ်အနယ် ဖြစ်သည်။ ဤအခြေသည် ရာဇပရိယာယ်၌ လိမ္မာသော မင်းတုန်းမင်းတရားကြီးအား မြန်မာတို့အတွက် အကျိုးရှိစေရန် အာဏာမဲ့ တင်းနိုင်လေအောင် ဖန်တီးပေးသည်။ တိုင်းပြည်တစ်ဝက်နီးပါးမျှ သူတစ်ပါးလက်သို့ ကျရောက်ခဲ့ရသော မြန်မာနိုင်ငံငယ်အဖို့ အင်္ဂလိပ်နှင့် ပြင်သစ်နိုင်ငံကြီး နှစ်နိုင်ငံအကြားတွင် လွတ်လပ်ခြင်း သိက္ခာကို ထိန်းသိမ်းနိုင်ခဲ့သည်မှာ နိုင်ငံခြားဆက်ဆံရေး တိုးတက်လာသည့် လက္ခဏာပင် ဖြစ်သည်။

၁၂၁၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက်နေ့တွင် မင်းတုန်းမင်းတရားသည် နန်းမတော် ဝန်ကြီးမင်း မဟာမင်းခေါင်ရာဇာကို သံကြီးခန့်၍ ကာလကတ္တားမြို့သို့ စေလွှတ်ပြီးလျှင် ဟံသာဝတီခေါ် ပဲခူးတိုင်းကို မြန်မာတို့ ပြန်ရနိုင်ရန် အရေးဆိုခဲ့သည်။ သို့သော် မအောင်မြင်ခဲ့ချေ။ တစ်ဖန် အတုံ့အလှည့်အားဖြင့် အင်္ဂလိပ် သံအရေးပိုင်ဝန်ကြီး ဆာအာသာပါစီဗယ်လ်ဖဲယားသည် ၁၂၁၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၆ ရက် (ခရစ် ၁၈၅၃ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်) နေ့တွင် မင်းတုန်းမင်းတရား၏ ရှေ့တော်သို့ ဝင်၍ အင်္ဂလိပ်တို့ ဟံသာဝတီကို သိမ်းပိုက်သည့် ကိစ္စကို မြန်မာတို့က အသိအမှတ်ပြုပြီးလျှင် အင်္ဂလိပ်မြန်မာ စစ်ပြေငြိမ်းရေးစာချုပ် ချုပ်ဆိုရန် စေ့စပ်သည်။

သို့သော် အင်္ဂလိပ်တို့လည်း မအောင်မြင်ခဲ့ချေ။ နောင်သောအခါတွင် မြန်မာနှင့် အင်္ဂလိပ်တို့သည် ကူးသန်းရောင်းဝယ်ရေး စာချုပ်များဖြင့် ရွှေလမ်းငွေလမ်း ဖောက်ခဲ့သည် မှန်ပါ၏။ မြန်မာ အင်္ဂလိပ် ချစ်ကြည်ရေး အထိမ်းအမှတ်ဖြင့် နှစ်တိုင်း နှစ်ပြည် သံတမန် အလဲအလှယ် စေလွှတ်ခြင်းတို့ကိုလည်း ပြုလုပ်ခဲ့သည် မှန်ပါ၏။ သို့သော် ရန္တပိုကဲ့သို့သော စစ်ပြေငြိမ်းရေး စာချုပ်မျိုးသည် မြန်မာ့သမိုင်းတွင် နောက်ထပ် ပေါ်မလာခဲ့ချေ။ ဤအချက်သည် မြန်မာတို့ အနေနှင့် နိုင်ငံခြား ဆက်ဆံရေး၌ အကင်းပါးလာသည့် သဘောကို ညွှန်ပြပေသည်။

၁၂၁၇ ခုနှစ်တွင် မင်းတုန်းမင်းတရားသည် မင်းထင်မဟာရာဇာကို သံကြီးခန့်၍ ပြင်သစ်မင်းထံသို့ စေလွှတ်သည်။ ရည်ရွယ်ချက်မှာ အင်္ဂလိပ်နှင့် အပြိုင်အဆိုင်ဖြစ်သော ပြင်သစ်နိုင်ငံနှင့် အဆက်ရစေဖို့ ဖြစ်သည်။ ထိုအတွင်း၌ပင်

http://www.cherrythitsar.org


အမေရိကန်လူမျိုး ခရစ်ယာန်သာသနာပြုဆရာ ကင်းကိတ်[၁]သည် မင်းတုန်းမင်း တရား ရွှေတော်သို့ ဝင်ရောက် ခစားပြီးလျှင် 'မြန်မာရေးဘာသာ ရာဇဝင်နှင့် ဂဏန်းတွက်ပုံစာ' တို့ကို ဆက်သသည်။ မင်းတုန်းမင်းသည်လည်း ယင်းသာသနာပြု ဆရာကို အကြောင်းပြု၍ အမေရိကန်ပြည်ထောင်စု သမ္မတ ဗူခနန်[၂]ထံသို့ နှစ်တိုင်း နှစ်ပြည် ချစ်ကြည်ရေး သံတမန် လဲလှယ်ကြောင်း သဝဏ်လွှာ ပေးပို့တော်မူသည်။ ၁၂၁၈ ခုနှစ်တွင် အမေရိကန်နိုင်ငံမှ ချစ်ကြည်ရေး သံတမန်အဖွဲ့သည် မန္တလေး နေပြည်တော်သို့ ရောက်ရှိလာသည်။ ဤသည်တို့မှာလည်း မြန်မာတို့၏ နိုင်ငံခြား ဆက်ဆံရေး ဖွံ့ဖြိုးလာသည်ကို ပြလေသည်။

မြန်မာ နိုင်ငံခြား ဆက်ဆံရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ခြင်းသည် မြန်မာဘုရင် ဧကရာဇ်၏ နိုင်ငံတော်အပေါ်၌ အကျိုးရော အပြစ်ပါ သက်ရောက်ခဲ့၏။ အကျိုး ကျေးဇူးကို ရှာကြည့်လျှင် အနောက်ဥရောပတိုက်သားတို့နှင့် ဆက်ဆံရာမှ ပညာ မျက်စိ ပွင့်လာသည်ဟု ဆိုရန်ရှိသည်။ သို့ရာတွင် ယင်းအနောက်ဥရောပတိုက်သား နယ်ချဲ့သမားများ၏ ပယောဂကြောင့် မြန်မာအချင်းချင်း စိတ်ဝမ်းကွဲပြား၍ အမျိုးသားညီညွတ်ရေး ပျက်ပြားခဲ့သည်။ နောက်ဆုံး၌ မြန်မာနိုင်ငံတစ်ခုလုံး ပါတော်မူ ဖြစ်ခဲ့ရသည်မှာ ဧရာမအပြစ်ပင် ဖြစ်ပေသည်။ သို့သော် မကောင်း သည့်အထဲမှ ကောင်းရာကိုယူ၍ ကြည့်လျှင်မူကား အဆိုပါ အနောက်ဥရောပ နိုင်ငံသားတို့၏ ပယောဂကို တွန်းလှန်ရန် အလို့ငှာ မြန်မာတို့သည် မိမိတို့လူမျိုး တိုင်းပြည်နှင့် ယဉ်ကျေးမှုတို့ကို ခိုင်မြဲအောင် ကြိုးပမ်းသော စိတ်ဓာတ်များ ပြင်းပြ လာသည်။ နိုင်ငံခြားရန်ကို အကြောင်းပြု၍ မျိုးရိုးဇာတိမာန်လည်း တက်ကြွ လာသည်။ ထိုဇာတိမာန်နှင့်ယှဉ်၍ နိုင်ငံခြားသားတို့ကို ဖက်ပြိုင်အန်တုနိုင်ရန် အလို့ငှာ ခေတ်အလျောက် ပေါ်ပေါက်သော ဥရောပတိုက်ထွက် ပညာဗဟုသုတ တို့ကို ရအောင် စတင် ကြိုးပမ်းလာကြသည်။

## မြန်မာ့ရိုးရာကို ပြန်လည်ဖော်ထုတ်၍ ခေတ်သစ်သို့ ရွေ့ရှုခြင်း

မောင်ဘိုးလှိုင်၏ ဖွားသက္ကရာဇ် ၁၁၉၁ ခုနှစ်မှ စ၍ မြန်မာပညာရှိတို့သည် စဥ့်ကိုင်သူဌေးသား မောင်ကုလား ရေးသားသော ရာဇဝင်တော်ကြီးကို သုတ်သင် စီရင်၍ 'မှန်နန်းရာဇဝင်တော် ထုတ်ရေ ငါး၊ တွဲရေ သုံးဆယ့်ရှစ်တွဲ' များကို ပြုစု

---

၁။ ...Kincaid.

၂။ Buchnan.

http://www.cherrythitsar.org


ခဲ့ကြသည်။ ယင်းမှန်နန်းရာဇဝင်သည် မင်းတုန်းမင်းတရားကြီး၏ နိုင်ငံချစ်စိတ်ဓာတ်ကို လှံ့ဆော်ပေးသည်။ မင်းတုန်းမင်းတရားကြီးသည် မြန်မာရာဇဝင်ကို အလွန်လေးစားကြောင်းနှင့် အင်္ဂလိပ်သံတို့ မှတ်တမ်းအသီးသီးတွင် ဖော်ပြသည်မှာ အလွန်အဓိပ္ပာယ်ရှိသည်။

၁၂၁၈ ခုနှစ်တွင် ရောက်ဆဲဖြစ်သော သာသနာနှစ် ၂၄၀၀ ကို ရည်စူး၍ ပဥ္စမသင်္ဂါယနာတင်ရန် စီစဉ်ကြသည်။ ဤလုပ်ငန်းကို အပေါ်ယံကျော့မျှ သုံးသပ်လျှင် မင်းတုန်းမင်းတရားကြီးသည် အခြားသော မင်းများနည်းတူ သာသနာ့ဒါယကာတည်းဟူသော ဂုဏ်ထူး ဝိသေသကို ခံယူလိုသည် ဟူ၍သာ အလွယ်တကူ ဆိုရချိမ့်မည်။ အနှစ်သာရကို ရှာကြည့်တတ်လျှင်မူကား မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် အမျိုး၏အစဉ်ကို စောင့်ရှောက်သော စိတ်ဓာတ်သည် အရင်းခံအကြောင်းတရားဖြစ်သည်ကို တွေ့ရလိမ့်မည်။ မျိုးချစ်နိုင်ငံချစ်ပုဂ္ဂိုလ် မင်းတုန်းမင်းတရားကြီးသည် မြန်မာရာဇဝင်ကို ကောင်းစွာသုံးသပ်၍ ဗုဒ္ဓသာသနာအရင်းခံသော မြန်မာ့ယဉ်ကျေးမှုကို အခိုင်အမာ တည်ဆောက်ရန် ကြံစည်စိတ်ကူးခြင်းဖြစ်သည်။

သမိုင်းအစဉ်ကို လေ့လာတတ်သော ဝါသနာဘာဂီရှိသည့် အားလျော်စွာ မင်းတုန်းမင်းတရားကြီးသည် တရားနှင့်အညီ မင်းပြုရန်ဟူသော မြန်မာအုပ်ချုပ်ရေးအစဉ်အလာကို မျက်မှောက်သမိုင်းတွင် ပြောင်းလဲနေသော အခြင်းအရာတို့နှင့် ယှဉ်၍ ဝေဖန်သုံးသပ်ပြီးလျှင် ရိုးရာအစဉ်အလာကို ခေတ်၏ ပြောင်းလဲသော အခြေအနေနှင့် ဟပ်၍ ပြုပြင်လိုသော သဘောရှိသည်။ သိသာလွယ်ရုံမျှ သာဓကပြရသော် ၁၂၁၉ ခုနှစ်တွင် ဆယ်ဖို့တစ်ဖို့သာလျှင် အခွန်ခန့်ခွဲရမြဲဖြစ်သော 'တရားရင်း သဿမေဓ၊ မကွယ်မပ၊ မတိမ်မြုပ်စေရ၊ အမှန်အကန် ကျနအောင် ကောက်ခံမည်' ဟု ဆင်ခြင်ရည်ရွယ်၍ အခွန်တော်စနစ်ကို ပြုပြင်ခဲ့သည်။

ထိုပြုပြင်ရေးစနစ်အရ ၁၂၂၃ ခုနှစ်တွင် နယ်လေးရပ် သတ်မှတ်၍ အရှေ့ပိုင်းနယ်ကို မဟာမင်းလှမင်းခေါင်သီဟသူ၊ တောင်ပိုင်းနယ်ကို မဟာမင်းထင်ကျော်၊ အနောက်ပိုင်းနယ်ကို မဟာသီရိသင်္ချာ၊ မြောက်ပိုင်းနယ်ကို သစ်တောဝန်တို့က ကြီးကြပ်၍ သဿမေဓအခွန် ခန့်ခွဲကြရသည်။ ဤနည်းနှင်နှင် စီရင်အုပ်ချုပ်ရေးဆိုင်ရာ ပြောင်းလဲမှုများ တစ်ဆင့်ပြီး တစ်ဆင့် ဖြစ်ပေါ်လာခဲ့လေသည်။

စီရင်ရေး၌ အမြင်သစ်တစ်ရပ်လည်း ထွန်းပေါ်ခဲ့၏။ မြန်မာ့စီးပွားရေးသည် စိုက်ပျိုးရေးနှင့် ကုန်ပစ္စည်းချင်း ဖလှယ်ရေးအပေါ်၌သာ တည်သည်။ ဥရောပတိုက်သားတို့နှင့် ဆက်ဆံရသောအခါ၌မူကား ခေတ်မမီသော မြန်မာ့စီးပွားရေးစနစ်ကို စက်မှုထူထောင်ရေးနှင့် အသပြာသုံးစွဲရေးတို့ဖြင့် အစားထိုးရန် ဟူသော

http://www.cherrythitsar.org


အမြင်သစ်တစ်ရပ်ကိုလည်း မြင်လာကြသည်။ စစ်ကိုင်းနှင့် ရွှေတချောင်းတို့တွင် တည်ထောင်သော ဒင်္ဂါးစက်ရုံ၊ ရက်ကန်းစက်ရုံ၊ စပါးကြိတ်စက်ရုံ၊ အမြောက်ဖုံးဆန် လက်နက်စက်ရုံ၊ လွှစက်ရုံ၊ သကြားချက်စက်ရုံ၊ မဲနယ်ချက်စက်ရုံ စသော စက်ရုံပေါင်း ၅၀ ကျော်တို့သည် မြန်မာတို့၏ ရှေးဦးအစ စက်မှုတော်လှန်ရေး သဘာဝကို ပြဆိုပေသည်။

အထက်၌ ပြဆိုထားသော နိုင်ငံရေးနှင့် အုပ်ချုပ်ရေး အတွေးအခေါ်သစ်များ ထွန်းကားလာခြင်း၊ စီးပွားရေးခေတ်သစ် ထူထောင်ခြင်း၊ မြန်မာ့ယဉ်ကျေးမှု ပြန်လည်ဆန်းသစ်လာခြင်း စသော ကိစ္စအဝဝတို့တွင် ပဲခူးဆားကဲ့သို့ ခတ်တိုင်းငန်ဟု ဆိုလောက်သော ပုဂ္ဂိုလ်မှာ ဦးဘိုးလှိုင် ဖြစ်သည်။

## ကနောင်မင်း

သို့သော် မင်းတုန်းမင်းတရား၏ ခေတ်ကို ဦးစွာခေါင်းဆောင်၍ ပြုစုပျိုးထောင်ပေးသူကား အိမ်ရှေ့စံကနောင်မင်းသားကြီး ဖြစ်သည်။ ဦးဘိုးလှိုင်သည် မင်းတုန်း နှင့် ကနောင်မင်းသား နှစ်ပါးတို့၏ အရေးတော်ပုံမှ အစပြု၍ မြင်ကွင်းမြင်းခုန်တိုင် အရေးတော်ပုံအထိ ခေတ်၏ ခေါင်းဆောင်ဖြစ်သော အိမ်ရှေ့စံကနောင်မင်းသားကြီးအား များစွာအထောက်အကူ ပြုခဲ့သည်။ ကနောင်မင်းသားသည် လက်တွေ့ သမားအဖြစ်ဖြင့် ထက်မြက်၏။ ဦးဘိုးလှိုင်ကား အတွေးအခေါ်သဘောတရား တို့ကို ပိုင်၏။ ထိုရှေ့ဆောင် ပုဂ္ဂိုလ်ကြီးနှစ်ဦး အတူတကွ ပူးပေါင်းဆောင်ရွက် နေဆဲ၌ မြန်မာနိုင်ငံသည် တိုးတက်သော ခေတ်မီနိုင်ငံ ဖြစ်လာတော့မည်ဟု ထိုခေတ် တိုးတက်သော အစိတ်အပိုင်းတို့က မျှော်လင့်ခဲ့ကြ၏။

ကနောင်မင်းကား မင်းတုန်းမင်း၏ ညီတော် အရင်းဖြစ်၏။ ၁၁၈၁ ခုနှစ် တွင် သာယာဝတီမင်းနှင့် ကျောက်မော်မြို့စား မိဖုရားတို့မှ ဖွားမြင်သည်။ မင်းတုန်းမင်း အထွတ်အထိပ်သို့ ရောက်သောအခါ ညီတော်ကနောင်မင်းသည် အိမ်ရှေ့မင်း ဖြစ်လာလေသည်။ ထိုအချိန်၌ နယ်ချဲ့အင်္ဂလိပ်တို့သည် မြန်မာနိုင်ငံကို ဒုတိယ အကြိမ် သိမ်းပိုက်ခဲ့ပြီး ဖြစ်သည်။ အိမ်ရှေ့မင်းသည် နယ်ချဲ့တို့၏ အန္တရာယ် ကို ခုခံကာကွယ်ရန် အလို့ငှာ မြန်မာဘုရင်မင်းမြတ်၏ နိုင်ငံတော်ကို စက်မှု နိုင်ငံတော်၊ လက်နက်နိုင်ငံတော်ဖြစ်အောင် ထူထောင် ရမည်ဟု နှလုံးပိုက်တော် မူသည်။

ယင်းသို့ ထူထောင်ရာ၌ အနောက်တိုင်းပညာ နည်းနိသယတို့ကို ရအောင် ယူဖို့ အရေးကြီးသည်။ သို့ဖြစ်သောကြောင့် မင်းတုန်းမင်းတရားကြီး၏ ခွင့်ပြုချက်

http://www.cherrythitsar.org



အရ နိုင်ငံခြားသို့ ပညာတော်သင်များကို စေလွှတ်ရန် စီမံကိန်းချ၍ မြန်မာလူငယ်တို့ကို စည်းရုံးသည်။ ထိုစီမံကိန်းအရ ပြင်သစ်၊ အီတလီ၊ အင်္ဂလန် စသော နိုင်ငံများသို့ ပညာတော်သင်များကို စေလွှတ်ရာ မင်းတုန်းမင်းလက်ထက်တော်၌ပင်လျှင် ပညာတော်သင်ဦးရေ ၉၀ ရှိသည်ဟု ဆိုကြသည်။

ယင်းပညာတော်သင်တို့အနက် ဖန်ချက်ဝန်ဟု ထင်ရှားသော မောင်ရွှေအိုးမှာ ပထမဦးဆုံး ပညာတော်သင်တစ်ဦး ဖြစ်သည်။ 'လက်တွေ့ကွန်ပါရေးနည်းကျမ်း' ကို အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ ပြန်ဆို၍ အိမ်ရှေ့မင်းသားအား ဆက်သသော 'သံတော်ဆင့် တောဆောက်ရွာစား မင်းလှရာဇ ကျော်ထင်ဘွဲ့ခံ မောင်ရွှေပင်' က ပညာတော်သင် ငါးဦးအမည်ကို 'ငရွှေပင်၊ ငရွှေအိုး၊ ငပေါက်ကျိုင်း၊ ငထွန်းအောင်၊ ငညွန့်' ဟူ၍ ဖော်ပြထားသည်။ ကင်းဝန်မင်းကြီး၏ နေ့စဉ်မှတ်တမ်းများတွင် ပညာတော်သင် မောင်အောင်သူ၊ မောင်မြ စသောသူတို့၏ အမည်များအပြင် မောင်တရုတ်ဖြူ၊ မောင်သာထား၊ မောင်ဘိုးခြုံ ဟူသော အမည် များကို တွေ့နိုင်ပါသည်။

ထိုပညာတော်သင်တို့၏ အတ္ထုပ္ပတ္တိများသည် တိမ်ကော ပပျောက်လျက်ရှိနေသည်။ သို့ရာတွင် မြန်မာမှုနှင့် မြန်မာ့သမိုင်း ပညာရပ်တို့ကို လိုက်စားသူ ဗီဗီယင်ဘနှင့် တကွသော သုတေသီတို့သည် ယင်းပညာတော်သင်တို့၏ အကြောင်းကို ရှာဖွေ စူးစမ်းလျက် စာတမ်းများကို ပြုစုနေကြကြောင်း ကြားသိရသည်။ ဤနိဒါန်းတွင် ယင်းပညာသင်တို့၏ အမည်နာမနှင့် အကြောင်းချင်တတို့ကို အညွှန်းသဘောမျှသာ ဖော်ပြနိုင်ပါမည်။

ဤကဲ့သို့ အနောက်တိုင်းနည်းပညာတို့ကို ယူ၍ ခေတ်သစ်မြန်မာနိုင်ငံတော်ကို ထူထောင်ရန် အားပြုနေဆဲတွင် ၁၂၂၈ ခုနှစ်၌ မြင်ကွန်းမြင်းခုန်တိုင် မင်းသားနှစ်ပါးတို့က လုပ်ကြံသောကြောင့် အိမ်ရှေ့မင်း ကံကုန်တော်မူသည်။ ဤသည်တွင် မြန်မာ့ခေါင်းဆောင်ပိုင်းတို့က တီထွင်ကြံဆခဲ့သော စီရင်အုပ်ချုပ်မှု ပြုပြင်ပြောင်းလဲခြင်း၊ စက်မှုနိုင်ငံ ထူထောင်ခြင်း၊ လက်နက်ပစ္စည်း ထုတ်လုပ်ခြင်း စသော တိုင်းပြည်ပြုလုပ်ငန်းအဝဝတို့သည် သဲထဲရေသွန် ဖြစ်ခဲ့ရလေသည်။

အထူးသဖြင့် နိုင်ငံတော်ကာကွယ်ရေးနှင့် နိုင်ငံခြားဆက်ဆံရေး ရည်မှန်းချက်တို့သည် တစ်စတစ်စနှင့် ပျက်ပြားသွားသည်။ ထိုအခါ မူလက ခေတ်မီနိုင်ငံ ဖြစ်လာတော့မည်ဟု မျှော်မှန်းခဲ့သမျှတို့မှာ အဟောသိကံ ဖြစ်ကုန်ကြသည်။

http://www.cherrythitsar.org


## အနောက်တိုင်း ပညာရပ်များ

အိမ်ရှေ့စံကနောင်မင်းသားကြီး၏ ပညာတော်သင် စီမံကိန်းအရ မြန်မာ့ခေါင်းဆောင် ပိုင်းတို့၏ အမြော်အမြင်ကို သိသာရုံမျှ ဖော်ပြလိုပါသည်။ အထက်၌ ညွှန်းဆို ခဲ့သော 'ကွန်ပါရေးနည်းကျမ်း' တွင် ကျမ်းပြုပုဂ္ဂိုလ် မောင်ရွှေပင်က အနောက် တိုင်းနိုင်ငံတို့၌ ပညာသင်ပြီးနောက် နေပြည်တော်သို့ ပြန်လည်ရောက်ရှိသောအခါ မိမိတို့ တတ်ကျွမ်းခဲ့သော ပညာရပ်များကို မြန်မာဘာသာ ပြန်ဆိုရေးသားစေဟု အိမ်ရှေ့မင်းက အမိန့်တော်ရှိသောကြောင့် ပညာတော်သင်တို့ ဘာသာပြန်သော 'ပညာစာအုပ်' စာရင်းကို ဖော်ပြထားသည်။ ယင်းကို အောက်တွင် ပြဆိုလိုက် ပါသည်။ ခေတ်လူငယ်တို့ အဖတ်ရလွယ်အောင် ရှေးမြန်မာစာ အကျဉ်းရေးနည်း ကို ခေတ်နှင့်ညီအောင် ပြုပြင်ထားသော်လည်း ရေးပုံသားပုံ အားလုံးတို့မှာ မူရင်း အတိုင်း ဖြစ်ပါသည်။

မဟာပထဝီမြေကြီး၏ အခြင်းအရာကို ပြဆိုသည့် **ဂျီအော်လော်ဂီ**[၁] စာအုပ်။ ရွှေကျောက်၊ ငွေကျောက်၊ သံကျောက်၊ ကျေးကျောက်၊ ခဲကျောက်၊ ကန့်ကျောက်၊ ထုံးကျောက်၊ ပတ္တမြားစိန်ကျောက်မှ စ၍ ခပ်သိမ်းသော ကျောက်မျိုးကို ပြဆိုရာ ဖြစ်သော **မင်နရော်လော်ဂီ**[၂] စာအုပ်။ အရပ်ရပ် တိုင်းပြည်မြို့ရွာ မြေမျက်နှာ၌ ပေါက်ရောက်သည့် သစ်ပင်မျိုးကို ပြဆိုသည့် **ဘိုတနီ**[၃] စာအုပ်။ ကုန်းနေရေနေ သားငါးတိရစ္ဆာန်ဖြစ်သော **ဇူးအော်လော်ဂီ**[၄] စာအုပ်။ ကိုယ်ခန္ဓာ၌ ၃၂ ကောဋ္ဌာသ အစည်းအဝေး စသည်ကို ပြဆိုရာဖြစ်သော **အင်နာတမီ**[၅] စာအုပ်။ အသက်ရှိသည့် လူသတ္တဝါ တိရစ္ဆာန် သစ်ပင်တို့၌ မည်သည့်ဓာတ် ပြုပြင်ပြောင်းလဲသည်ကို ပြဆိုရာဖြစ်သော **ဖီးဇီယော်လော်ဂီ**[၆] စာအုပ်။ ဘိန္ဓောဆေးမျိုး ဖော်နည်း စပ်နည်း၊ ကြွေမျိုး မြေမျိုး ဘန်မျိုး မှန်မျိုး အသုံးအဆောင်၊ ရွှေရောင် ငွေရောင် အနီ အစိမ်း အဝါ အပြာ စသော အရောင်မျိုး၊ ကန့်ပြန် ယံးပြန် အရက်ပြန်မှ

---

၁။ Geology.

၂။ Minerology.

၃။ Botany.

၄။ Zoology.

၅။ Anatomy.

၆။ Physiology.

http://www.cherrythitsar.org



စ၍ ရေပြန် အမျိုးမျိုး၊ သေမျိုး၊ စားကောင်းသောက်ဖွယ်၊ ရသအမျိုးမျိုး၊ သားရေ အမျိုးမျိုး၊ မိုးကြိုးစက်ကြေးနန်း၊ ဓာတ်ပုံကူးနည်း၊ မိုယ်းချိန် လေချိန် ရေချိန် အခိုးချိန် မီးချိန် စသော ပြတား ဘန်ချောင်အမျိုးမျိုး၊ ကျောက်မီးသွေး တူးဖော် နှပ်လုပ်နည်း၊ ၎င်းအခိုးဖြင့် ဓာတ်မီးထွန်းနည်း၊ သံအမျိုးမျိုး စသော လုပ်နည်း များကို ပြဆိုသည့် **ဟင်မစ္စရီ**[၁] စာအုပ်။ ရောဂါမျိုး ကုမနည်း အချင်းအရာကို ပြဆိုသော **ဖီးစစ်ကက်**[၂] စာအုပ်။ **ဟစ္စထရီ**[၃] ကျမ်းအဝင်ဖြစ်သော လူမျိုးကို ပြဆိုသည့် နာချရက် **ဟစ္စရီ**[၄] စာအုပ်။ မင်းတို့အစဉ် အဖြစ်အပျက်ကို ပြဆို သော **မော်ရက်ဟစ္စရီ**[၅] စာအုပ်။ တိုင်းပြည်နိုင်ငံ ကျွန်းကြီးကျွန်းငယ် တောတောင် မြစ် ပင်လယ် သမုဒ္ဒရာများကို ပြဆိုရာဖြစ်သော **ဂျော်ဂရဘီ**[၆] စာအုပ်။ **မက်သင် မက်တိတ်**[၇] ကျမ်းအဝင်ဖြစ်သော ရွှေတွက်၊ ငွေတွတ်၊ အစိပ်ဂဏန်း၊ ၁၀ လီစိပ် ဂဏန်း၊ ၃ ချက် ဂဏန်း၊ ဝင်မူလ၊ ဃနမူလမှစ၍ အရပ်ရပ် တွက်ပုံမျိုးကို ပြဆို သည့် ဂဏန်းတွက်နည်း **အရိသမတိတ်**[၈] စာအုပ်။ မျဉ်းတွန့်၊ မျဉ်းကောက်၊ မျဉ်းဖြောင့်၊ စက်ဝန်း၊ ၃ ထောင့် ၃ နား၊ ၄ ထောင့် ၄ နား၊ ၅ ထောင့် ၅ နားမှ စ၍ မျက်နှာပြင်၌ ဖြစ်သည့် အရပ်ရပ်ပုံမျိုးတို့ကို အနားချင်း၊ ထောင့် အသ်ာချင်း၊ ဖလကွက်ခြင်း၊ နှိုင်းရှည်၍ ရေတွက်နည်းများနှင့်တကွ သဘာဝဓမ္မအားဖြင့် ဖြစ်ရာဖြစ်ကြောင်း အရင်းမူလကို ပြဆိုသည့် ပလေ **ဂျော်မက်ထရီ**[၉] စာအုပ်။ ထုလုံး၊ ၃ ထောင့် ၄ ထောင့်၊ ၅ ထောင့်မှ စ၍ တခဲနက် ထု ပါသည့် ပုံမျိုးတို့၏ ဖြစ်ရာဖြစ်ကြောင်း အရင်းမူလကို ပြဆိုသော **စော်လစ် ဂျော်မက်ထရီ**[၁၀] စာအုပ်။ စက်ဝန်း၊ ၃ ထောင့် ၃ နား၊ ၄ ထောင့် ၄ နားမှ စ၍ ကောင်းကင်ကဲ့သို့ ခုံးသော အမြင့်ရှိသော အရာဌာနတို့၌ ဖြစ်သည့် ပုံမျိုးတို့၏ ဖြစ်ရာဖြစ်ကြောင်း အရင်း

---

၁။ Chemistry.

၂။ Physics.

၃။ History.

၄။ Natural History.

၅။ Moral History.

၆။ Geography.

၇။ Mathematics.

၈။ Arithematic.

၉။ Plane Geometry.

၁၀။ Solid Geometry.

မူလကို ပြဆိုသည့် စဖက်ရစ်ကက် ဂျော်မက်ထရီ[၁] စာအုပ်။ ဂဏန်းနှင့် ရေတွက်သည့် အရပ်ရပ် တွက်နည်း တွက်ပုံများမှာ အက္ခရာကို ဂဏန်း အမှတ်ထား၍ တွက်သည်များကို ပြဆိုသည့် အာဂျီဘရ[၂] စာအုပ်။ စက်ဝန်း၊ ၃ ထောင့် ၃ နား၊ ၄ ထောင့် ၄ နား၊ အလုံးပုံ၊ အခုံးပုံ၊ အုပ်ဆောင်းပုံ၊ ပြောင်းပုံ၊ စည်ပုံ။ ဇယားပုံ၊ ၃ မြောင့် ၄ မြောင့်၊ ၅ မြောင့်ပုံ စသော အရပ်ရပ်ပုံမျိုးတို့တွင် အလျား အနံ အစောက် တိုင်း၍ လက်သစ် စတုရမ်း၊ မိုက် စတုရမ်း၊ ထောင် စတုရမ်း၊ တာ စတုရမ်း၊ မျက်နှာပြင် ဖလ ကွက်၊ တခဲနက် ထုကွက် တွက်နည်းများကို ပြဆို သည့် မင်စရေရှန်း[၃] စာအုပ်။ တိုက်အိမ် သင်္ဘော လှေ သမ္ဗာန် ဥမင် တံတားမှ စ၍ သံ သစ် ပျဉ် အုတ် ကျောက်တို့ဖြင့် လုပ်ဆောင်သည့် အဆောက်အဦများကို ပြဆိုသည့် အာရကက်စ်တက္ကချား[၄] ခေါ် ဗိသုကာပညာစာအုပ်။ တိုက်အိမ် အဆောက်အဦ သစ်ပင်တောတောင် မြေမျက်နှာ ပင်လယ်သမုဒ္ဒရာ စသည်တို့၌ အလျား အနံ အကျဉ်း အကျယ် အနိမ့် အမြင့် အကွာ အဝေးများကို မှန်ကန် သိသာအောင် တိုင်း ချိန် တွက်နည်း အရင်းမူလကို ပြဆိုသည့် ပလေးထရစ် ဂနော် မက်ထရီ[၅] စာအုပ်။ ကောင်းကင်ကဲ့သို့ ခုံးသော အမြင့်ရှိသော အရာဌာန တို့၌ ဖြစ်သည့် ပုံမျိုးတို့တွင် အလျား အနံ ထောင့် အသ်ာ၊ အကွာ အဝေး အနိမ့် အမြင့် အချင်း လုံးပတ် စသည်များကို တွက်စစ် ပြဆိုသည့် စဖက်ရစ်ကက် ထရစ်ဂနော်မက်ထရီ[၆] စာအုပ်။ နေ လ ဂြိုဟ် နက္ခတ်တာရာ ကြယ်တံခွန်မှ စ၍ ကောင်းကင်၌ တည်သည့်အရာများကို တွက်စစ် ပြဆိုသည့် အစထရော် နော်မီး[၇] ခေါ် ဗေဒင်လက်ရိုး စာအုပ်။ ကမ်း လမ်းမထင်သည့် ပင်လယ်သမုဒ္ဒရာ နေ လ ဂြိုဟ် နက္ခတ်တာရာကို တိုင်း ချိန် တွက် စစ်၍ လိုရာ မြို့ရွာ ဆိပ်ကမ်း သို့ ရောက်အောင် သင်္ဘောသွားနည်းကို ပြဆိုသည့် နာဘစ်ဂေရှန်း[၈] စာအုပ်။ ဘုံး အမြောက် သေနတ် မီးကျည် စသော လက်နက်မျိုးကို ပစ်လွှတ်နည်း၊ ခံမြို့ ကို ပစ်လွှတ်နည်း စသော စစ်ရေး စစ်မှုနှင့် စပ်ဆိုင်သမျှသော ဗျူဟာ အမျိုးမျိုး ကို ပြဆိုသည့် မစ်လစ်ထရီ[၉] စာအုပ်။ နာရီ ကြီးငယ် စက်၊ ထည်မျိုး အုပ်မျိုး အသုံးအဆောင် ရက်လုပ်သည့်စက်၊ မီးသင်္ဘောစက်၊ မီးရထားစက်မှ စ၍ အရပ်ရပ် ကုန်းစက် ရေစက်များကို ပြဆိုသည့် မေရှင်နရီ[၁၀] စာအုပ်. . . စသောအားဖြင့် ပညာစာအုပ်များ ရှိသည်တွင်. . .  . . .

---

၁။ Spherical Geometry.
၂။ Algebra.
၃။ Mensuration.
၄။ Architecture.
၅။ Plane Trigonometry.
၆။ Spherical Trigonometry.
၇။ Astronomy.
၈။ Navigation.
၉။ Military (Science)
၁၀။ Machinery.

http://www.cherrythitsar.org



အထက်ပါ စာအုပ်စာရင်းကို ကြည့်ရုံမျှနှင့် အိမ်ရှေ့စံ ကနောင်မင်းသားကြီး၏ ခေတ်၌ အနောက်တိုင်းမှ ပညာဗဟုသုတ အလင်းရောင်ကိုရအောင် ရှေးဦးစွာ ကြိုးပမ်းရာတွင် ရှေးမြန်မာတို့ မည်သို့သော အဆင့်အတန်းသို့ ရောက်ခဲ့သည်ကို နှောင်းလူတို့ ခန့်မှန်းနိုင်ရာသည်။ ထိုခေတ်က ထင်ရှားသော ခေတ်ပညာတတ် လူငယ်များ ဖြစ်ကြသည့် ပန်းတဉ်းဝန်ထောက်၊ ဖန်ချက်ဝန်ထောက်နှင့် သံချက်ဝန် စသည်တို့သည် ပညာလမ်းကို ရှေးဦးစွာ ညွှန်ပြခဲ့သော ပုဂ္ဂိုလ်များ ဖြစ်ကြသည်။ ဖန်ချက်ဝန်ထောက်သည် နိုင်ငံခြားဆက်ဆံရေး၊ ပညာရေးတို့တွင် ဦးဘိုးလှိုင်နှင့် အတူ လက်ပွန်းတတီး ဆောင်ရွက်ခဲ့သူဖြစ်ရာ ယခင်က ကျွန်တော် ရှာဖွေ တွေ့ရှိထားသော အချက်များနှင့် နောက်ထပ် ရှာဖွေတွေ့ရှိထားသော အချက်တို့ကို စုပေါင်း၍ ထိုပုဂ္ဂိုလ်၏အကြောင်းကို အရိုးခံမျှ ဖော်ပြလိုပါသည်။

## ဖန်ချက်ဝန်ထောက်

ဖန်ချက်ဝန်ထောက်၏ မွေးသက္ကရာဇ်ကို ရှာ၍ မရချေ။ ၁၈၇၀ ပြည့်နှစ်၊ နိုဝင်ဘာ လတွင် ဖန်ချက်ဝန်၏ အတ္ထုပ္ပတ္တိအကျဉ်းကို ရန်ကုန်မြို့၌ အင်္ဂလိပ်ဘာသာဖြင့် ရိုက်နှိပ်ဖြန့်ချိသည်။ ယင်းကို ကိုးကား၍ ရေးသားထားသော အင်္ဂလိပ်တို့၏ မှတ်တမ်းများအရ ဖန်ချက်ဝန်ထောက်သည် ယောအတွင်းဝန် ဦးဘိုးလှိုင်ထက် ၇ နှစ် ၈ နှစ်ခန့် ငယ်လိမ့်မည်ဟု တွက်ဆရသည်။

အိမ်ရှေ့စံ ကနောင်မင်းသားကြီးသည် အသက် ၁၈ နှစ်အရွယ်ရှိ နောင် အခါတွင် ဖန်ချက်ဝန်ထောက်ဖြစ်မည့် သူငယ်ကို ကာလကတ္တားမြို့ ဒိုရက်တန် ကောလိပ်[၁] သို့ စေလွှတ်၍ အင်္ဂလိပ်စာ သင်ကြားစေသည်။ ထိုစဉ်က ဒိုရက်တန် ကောလိပ် ကျောင်းအုပ်ဆရာကြီးမှာ နောင်အခါတွင် 'အိန္ဒိယမိတ်ဆွေ'[၂] အမည်ရှိ ကာလကတ္တားမြို့ထုတ် အင်္ဂလိပ်သတင်းစာအယ်ဒီတာ ဖြစ်လာသည့် ဒေါက်တာ ဂျော့ဆမစ်[၃] ဖြစ်သည်။ ကင်းဝန်မင်းကြီး ပြင်သစ်နိုင်ငံသွား နေ့စဉ် မှတ်တမ်း တွင် မပီမသ ရေးသားထားသော အမည်ကို ဆမစ်ဟု ယူဆရလျှင် ထိုပုဂ္ဂိုလ် သည် လန်ဒန်တိုင်းသတင်းထောက်လည်း ဖြစ်မည်ဟု ယူဆရပေလိမ့်မည်။

---

၁။ Doreton College.

၂။ Friend of India.

၃။ Dr. George Smith.

http://www.cherrythitsar.org


ဖန်ချက်ဝန်ထောက် အလောင်းအလျာသည် ကာလကတ္တားမြို့တွင် လေးနှစ်ခန့် ပညာသင်ပြီးလျှင် မန္တလေးနေပြည်တော်သို့ ပြန်လာသောအခါ လမ်းခရီးတွင် ပြင်သစ်အမျိုးသား ကောင့်အွန္နရီဒီဆာဆေ[၁]နှင့် ခင်မင်ရင်းနှီးခဲ့လေသည်။ ထိုပုဂ္ဂိုလ်ကား ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး ကောင့်ဝါ လျူစကီး[၂] က မင်းတုန်းမင်းတရားကြီးထံသို့ စေလွှတ်သော လူယုံတော် ဖြစ်သည်။ အဆိုပါ ကာလကတ္တားပြန် ပညာတော်သင်သည် ကောင့်ဆာဆေ၏ အကူအညီဖြင့် ပြင်သစ်နိုင်ငံ ပဲရစ်မြို့တော်သို့ ဆက်လက်၍ ပညာတော်သင်အဖြစ်ဖြင့် သွားရသည်။ ပထမဦးစွာ ဂွန်ဆင်အမည်ရှိ အင်္ဂလိပ်လူမျိုး ပါမောက္ခတစ်ဦးထံတွင် ပြင်သစ်ဘာသာကို သင်ယူ၍ ပန်သီယန်[၃] ခေါ် ပြင်သစ်သိပ္ပံကျောင်းတွင် ငါးနှစ်ခန့် ပညာသင်ယူရာ ရှေးဦးစွာ ဘီအေဘွဲ့၊ ၎င်းနောက် အမ်အေဘွဲ့ကို ရရှိသည်။ ထို့နောက် သုံးနှစ်ဆက်၍ ပညာသင်ယူရာ ဗဟိုစက်မှုလက်မှုကျောင်း[၄]မှ ဒီပလိုမာဘွဲ့ကို ရရှိပြန်သည်။

ဤ၌ ပညာတော်သင်တို့၏ အကြောင်းကို သုတေသနပြုလျက်ရှိသူ ဗီဗီယန်ဘက ပန်သီယန်မှာ စာသင်ကျောင်း မဟုတ်ဟု ဆိုသည်။ ပန်သီယန်အဆောက်အဦ၏ နောက်တွင် လစ်စေ[၅]ဟု ခေါ်သော ကျောင်းကားရှိသည်ဟု ဆိုသည်။ စင်စစ် ပန်သီယန်ကား ဘုရားရှိခိုးကျောင်း ဖြစ်သည်။ ယင်းကို ၁၇၅၄-၉၀ ခေတ်အတွင်း ဆောက်လုပ်သည်ဟု အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော စွယ်စုံကျမ်းတို့တွင် ရှာဖွေဖတ်ရှုရပါသည်။

၁၂၂၈ ခုနှစ် မြင်ကွန်း မြင်းခုန်တိုင် အရေးတော်ပုံကြောင့် ကနောင်မင်းသား လုပ်ကြံခံရသောအခါ အဆိုပါ ပညာတော်သင်သည် မန္တလေးမြို့သို့ ပြန်လာရသည်။ ဤသည်တွင် မြန်မာဧကရာဇ်ဘုရင်မင်းမြတ်၏ လက်အောက်တွင် 'ဝန်စုရ' အဆင့်ရှိသော အရာရှိတစ်ဦး ဖြစ်လာသည်ဟု ယူဆဖွယ် ရှိသည်။ ၁၂၃၄ ခုနှစ်တွင် ကင်းဝန်မင်းကြီးအား မြန်မာသံအဖွဲ့ကို ခေါင်းဆောင်စေ၍ အင်္ဂလန်နိုင်ငံသို့ စေလွှတ်သောအခါ ထိုအရာရှိသည် အင်္ဂလိပ်ဘာသာကို ကောင်းစွာ တတ်ကျွမ်းသူ မဟာမင်းလှကျော်ထင် ပန်းတဉ်းဝန်ထောက်နှင့်အတူ မဟာမင်းထင်

---

၁။ Count Henri De Sercy.

၂။ Count Walewski.

၃။ Pantheon.

၄။ Ecole Central des Arts et Manufactures.

၅။ Lycec.

http://www.cherrythitsar.org



ကျော်စွာ ဖန်ချက်ဝန်ထောက်ဘွဲ့ရာထူးကို ခံယူ၍ သံလတ်အဖြစ်ဖြင့် လိုက်ပါရသည်။

ဖန်ချက်ဝန်ထောက်၏ မျိုးရိုးဇာတိကိုလည်း ကျွန်တော် ရှာဖွေ၍ မရသေးချေ။ သူ၏ ငယ်နာမည်ကား ရှေးက ဖော်ပြခဲ့ပြီးသည့်အတိုင်း မောင်ရွှေအိုးဖြစ်သည်။ ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးသို့ မကွေးမင်းကြီး ရေးသားသောစာတွင်လည်းကောင်း၊ မောင်ရွှေပင်၏ 'လက်တွေ့ကွန်ပါရေနည်းကျမ်း' တွင် လည်းကောင်း၊ မောင်ရွှေအိုးဟူသော အမည်နာမကို အထင်အရှား တွေ့ရသည်။ အိမ်ရှေ့စံကနောင်မင်းက ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး ကောင့်ဝါလျူစကီးထံသို့ ပေးသောစာကို မောင်ရွှေအိုးက မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုရာ မူရင်းအတိုင်း မှန်ကြောင်း မောင်ရွှေအိုးကိုယ်တိုင် အင်္ဂလိပ်လို လက်မှတ်ရေးထိုးသည်။ သို့သော် ယင်းအမည်ကို ပြင်သစ်တို့က မောင်ရွှေဟု မပီမသ ပြောဆိုရေးသားကြဟန် တူသည်။ တရားဝင် ပြောဆို ရေးသားလျှင် မောင်ရွှေအိုးဟု ပြောဆိုရေးသားမှ မှန်မည်။

ဖန်ချက်ဝန်ထောက်သည် မြန်မာ-ပြင်သစ် နှစ်နိုင်ငံဆက်ဆံရေးတွင် ပညာတော်သင် ဘဝမှစ၍ သံလတ်အဖြစ်ဖြင့် ဆောင်ရွက်သည်အထိ ခြေသိမ်းခေါင်းပိုက် ဆောင်ရွက်ခဲ့ရသည်ဟု ကျွန်တော် ထင်မြင်ပါသည်။ ကင်းဝန်မင်းကြီး လန်ဒန်မြို့သွား နေ့စဉ်မှတ်တမ်းတွင် ကင်းဝန်မင်းကြီးနှင့် ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးတို့ နှစ်ဦး၏ စပ်ကြားဝယ် လန်ဒန်မြို့နှင့် ပဲရစ်မြို့သို့ ကူးချည်သန်းချည်နှင့် သွားလာ ဆောင်ရွက်ခဲ့ပုံများကို ဖတ်ရှုရသည်။ သို့ရာတွင် ၁၂၃၆ ခုနှစ်တွင် ကင်းဝန်မင်းကြီး ပဲရစ်မြို့သို့ သွားရောက်၍ ဆောင်ရွက်ရသော ကိစ္စတို့မှာ ပြင်သစ်ပြည်တွင်းရေးကြောင့်လည်းကောင်း၊ မြန်မာဘုရင်မင်းမြတ်က အလိုတော်မကျသောကြောင့်လည်းကောင်း မအောင်မြင်ချေ။ ၁၂၃၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၁ ရက် (၁၈၇၄ ခုနှစ်၊ ဧပြီလ ၃၁ ရက်) နေ့တွင် ကင်းဝန်မင်းကြီးသည် ပဲရစ်မြို့ 'ဗူးလွန်ဉယျာဉ်' မှ တည်းခိုရာ ဟိုတယ်သို့ ပြန်လာသောအခါ 'ပန်းတဉ်းဝန်ထောက်၊ ဖန်ချက်ဝန်ထောက်တို့ကို ဝန်ထောက်အရာက နုတ်၍ အထက်ခန့် ရင်းဝန်စုရအရာနှင့်ထားကြောင်း' ရွှေမြို့တော်က ပေးသောစာကို ဖတ်ရှုရသည်။ ဤကဲ့သို့ ပန်းတဉ်းနှင့် ဖန်ချက်ဝန်ထောက်တို့ အရာမှနုတ်ပယ်ခြင်း ခံကြရသည်မှာ မြန်မာ-ပြင်သစ် စာချုပ်ချုပ်ဆိုသော ကိစ္စနှင့် စပ်လျဉ်းဖွယ် ရှိသည်ဟု တွေးဆလိုကတွေးဆနိုင်ပါသည်။ သို့သော် မည်ရွေ့မည်မျှ ဆက်စပ်နေကြောင်းကို ထင်ရှားစွာ မသိရချေ။

http://www.cherrythitsar.org



ယောအတွင်းဝန်နှင့် ဖန်ချက်ဝန်ထောက်တို့ နှစ်ဦးသည် နိုင်ငံခြားဆက်ဆံရေး ကိစ္စအဝဝတို့တွင် တိုင်ပင်ဆောင်ရွက်လေ့ရှိကြသည်။ အထူးသဖြင့် နိုင်ငံခြား မစ်ရှင်များ လာရောက်သည့်အခါ ဖန်ချက်ဝန်ထောက်သည် ယောအတွင်းဝန်၏ ညွှန်ကြားချက်ကို ခံယူ၍ မစ်ရှင်အဖွဲ့ဝင်များကို လိုက်ပါပို့ဆောင်ပေးရသည်။ ထိုခေတ်က 'နိုင်ငံအပ အခွင့်အရေး'[၁] သဘောတရားအရ မြန်မာ-အင်္ဂလိပ် အာဏာပိုင်တို့ နှစ်ဦးပေါင်း၍ တည်ထောင်သော တရားရုံးတွင် ဖန်ချက်ဝန်ထောက် သည် တရားသူကြီးအဖြစ်ဖြင့်လည်း ဆောင်ရွက်ရသည်။

၁၂၄၀ ပြည့်နှစ် သီပေါမင်းတရား နန်းတက်သောအခါ ဖန်ချက်ဝန် ဦးရွှေအိုး သည် မင်းကြီးသီရိမဟာ ဇေယျနန္ဒကျော်ထင်ဘွဲ့နှင့် ကျောက်မြောင်းမြို့ကို စားရ၍ အတွင်းဝန်ဖြစ်လာကြောင်း ကုန်းဘောင်ဆက်မဟာရာဇဝင်ကြီးက ဆိုသည်။ ဗြိတိုက်အရာရှိများစာရင်းတွင် ဦးရွှေအိုး၏အမည်ကို ထိပ်ဆုံးက တွေ့ရသည်။ ထိုစာရင်း၏ အောက်ပိုင်း၌မူကား မင်းလှ နရာစည်သူဘွဲ့ခံ မောင်ပွားကို ဖန်ချက်ဝန် ဟု ပြဆိုထားသည်။ မောင်ပွားသည် ဦးရွှေအိုး၏ ရာထူးကို ဆက်ခံသည်ဟု ယူဆရပေလိမ့်မည်။

၁၂၄၁ ခုနှစ်တွင် ကျောက်မြောင်းမြို့စား အတွင်းဝန် ဦးရွှေအိုးသည် မြန်မာ ပညာတော်သင် လူငယ်များကို ပဲရစ်မြို့သို့ လိုက်ပို့၍ ပညာသင်ရန် နေရာချထား ပေးရသည်။ ၁၂၄၃ ခုနှစ်၌မူကား ကျောက်မြောင်းမြို့စား အတွင်းဝန်သည် မြန်မာသံတော်အဖွဲ့ကို ဦးဆောင်၍ မြန်မာ-အင်္ဂလိပ် သံတမန်ဆက်ဆံရေးကိစ္စ ကို ကြိုးပမ်းခဲ့၏။ ထိုစဉ်က မင်းကြီးမင်းလှမဟာစည်သူကျော်ထင် သံချက်ဝန် ဦးမြူက ထိုသံအဖွဲ့၌ သံလတ်အဖြစ် ဆောင်ရွက်ရသည်။ သို့ရာတွင် ထိုသံတော် အဖွဲ့ကို အိန္ဒိယပြည် အင်္ဂလိပ်အစိုးရက အနှောင့်အယှက်ပြု၍ ဟန့်တားသော ကြောင့် မြန်မာသံတော်အဖွဲ့သည် ဆင်မလာမြို့မှ တပ်ခေါက်၍ ပြန်လာရသည်။ ထိုနောက်ပိုင်းတွင် မြန်မာဘုရင်မင်းမြတ်အစိုးရသည် ပြင်သစ်နိုင်ငံ၊ အီတလီနိုင်ငံ တို့နှင့် သံတမန် အဆက်အသွယ်ရအောင် ဆက်လက်ကြိုးစားရာ သံအမတ်ကြီး များအဖြစ်ဖြင့် မြို့သစ် မြို့စား မင်းကြီး မဟာဇေယျသင်္ကြံ ဦးဘိုးနှင့် မင်းကြီး မဟာမင်းလှစည်သူ ဦးမြူတို့သည် ဥရောပတိုက်၊ ပြင်သစ်၊ အီတလီနိုင်ငံ အသီးသီး တို့သို့ သံကြီးများအဖြစ်ဖြင့် သွားရောက်ခဲ့ကြသည်။ သံချက်ဝန် ဦးမြူအား မြန်မာနိုင်ငံကို အင်္ဂလိပ်တို့ သိမ်းပိုက်သောကာလတွင် သံအမတ်အဖြစ်ဖြင့် ပဲရစ်မြို့တွင် သောင်တင်နေသည်။ ဤအတောအတွင်း အင်္ဂလိပ်တို့၏ အပြု အမူနှင့် စပ်လျဉ်း၍ မြန်မာတို့ဘက်မှ ခုခံပြောဆိုသည်။ သီပေါမင်း ပါတော်မူ ပြီးနောက် ၁၈၈၆ ခုနှစ်၊ ဇန်နဝါရီလတွင်မှ မြန်မာနိုင်ငံသို့ ပြန်ရောက်သော ဟူ၏။

---

၁။ Extratexritorial rights.

http://www.cherrythitsar.org



၁၂၄၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁ ရက်နေ့တွင် လယ်ကိုင်းမြို့စား ကင်းဝန်မင်းကြီး၊ တောင်ခွင်မြို့စား၊ တိုင်တားမင်း၊ လှေသင်းအတွင်းဝန်၊ ပင်းမြို့စား၊ ပေါက်မြိုင်မြို့စား၊ မြို့သစ်မြို့စား၊ ကျောက်မြောင်းမြို့စား အတွင်းဝန်၊ မိုင်းခိုင်မြို့စားဟူသော မှူးကြီးမတ်ရာတို့သည် အင်္ဂလိပ် စစ်ပြုမည့်အကြောင်းကို ညီလာခံတွင် ဆွေးနွေးကြသည်။ သုတေသီပုဂ္ဂိုလ်တစ်ဦး ပြောပြချက်အရ ထိုအခါတွင် ကျောက်မြောင်းမြို့စား အတွင်းဝန် ဦးရွှေအိုးသည် တိုင်းပြည်တစ်ခုလုံး အင်္ဂလိပ်လက်သို့ပါတော့မည့်အရေးအတွက် ဝမ်းနည်းပက်လက်ဖြစ်၍ ငိုသည်ဟု ဆိုသည်။ သို့ရာတွင် ကျောက်မြောင်းအတွင်းဝန်သည် ပေးအပ်သော တာဝန်အရ လယ်ကိုင်းမြို့စား ကင်းဝန်မင်းကြီးနှင့်အတူ အင်္ဂလိပ်-မြန်မာ နှစ်ဦးနှစ်ဘက် စစ်မပြုကြဘဲ မဟာမိတ်စာချုပ် ချုပ်ဆိုရန် 'စကားပြေပြော' သည်။ အကြောင်းကား မထူးလေ။

အင်္ဂလိပ်လက်အောက်သို့ မြန်မာနိုင်ငံ ကျရောက်သွားပြီးသောနောက်ပိုင်းတွင် ဦးရွှေအိုး၏ အကြောင်းသည် တိမ်မြုပ်သွားလေသည်။ အင်္ဂလိပ်တို့၏ အရေးအသားအချို့၌ သီပေါမင်း ပါတော်မူပြီးသည့်နောက် ဦးရွှေအိုးသည် မည်သည့်တိုင်းရေးပြည်ရေးတွင်မှ ပါဝင်ခြင်းမပြုဘဲ အေးအေးပင် နေထိုင်သည်ဟု ဆိုသည်။

## ဖန်ချက်ဝန်နှင့် ပြင်သစ်သူ

ဖန်ချက်ဝန် ဦးရွှေအိုးကို မင်း သတိုးမင်းကြီး မဟာစည်သူ အဘယတိုင်တားမင်းကြီး၏ သားမက်ဟု အမှတ်အသား ပြုကြသည်။ သို့ရာတွင် ကင်းဝန်မင်းကြီးက ဖန်ချက်ဝန်ထောက်ဦးရွှေအိုးသည် ပြင်သစ်နိုင်ငံတွင် 'မိန်းမယူ'ကြောင်း လေးဆစ်သဖြန် စပ်ဆိုခဲ့ဖူး၏။ ထိုလေးဆစ်သဖြန်ကို ဟံသာဝတီထုတ် 'ကင်းဝန်မင်းကြီး ကဗျာစု' တွင် ဖတ်ရှုနိုင်ပါသည်။ ထိုလေးဆစ်မှာ အောက်ပါအတိုင်း ဖြစ်သည်။

မန်းနက်သံ နန်းဟံလေ့မှာလ၊ ငွေငွေပဲ ကျန်တော့တယ်။
ဥရောပတိုက်မူ၊ မယူလျှင် မနေသင့်ပြီဘူ။
ခြေနှင့်ဥသျှောင်ဆုံးအောင်၊
ကိုယ်လုံးခြုံ ဂရစ်ကယ်နှင့်၊
ပြင်သစ်သူ ဘန်တီးသမျှ ပြီးစေရတယ်၊
ရှေးရုပ်ပုံ ဟန်အဟောင်းဟာဖြင့်၊
ကျန်ကောင်း ကျန်ရာရှိတော့၊
မန်းဘူမိ ရွှေမြေနယ်၊
ခုနှယ်မူ ပုံထား။

http://www.cherrythitsar.org


သူမြင်ချင်စမ်းပါဘိ၊ မြိုင်လမ်းကြုံကာဘန်တဲ့၊
ဥက္ကာကံ ပန်းရည် တွေ့ကိုပ၊
စုံစေ့စွာ တဟံမှု၍၊
ကိုယ့်လူကို အမှန်ဘဲငယ်လို့၊
စွဲဝံ့လိမ့်လား။

(မူအတိုင်း)

ယင်းဖန်ချက်ဝန်၏ ပြင်သစ်အမျိုးသမီးမှာ ဖန်ချက်ဝန် နုစဉ်ခါက အကြောင်းပါခဲ့သော အမျိုးသမီး ဖြစ်ဟန်တူသည်။ မြန်မာနိုင်ငံသို့ ပါလာကြောင်း အမှတ်အသားများကို ရှာ၍ မတွေ့ရပါ။ ဤအကြောင်းကို ညွှန်းဆိုသော အခြားစကားစပ်တို့ကိုလည်း မြန်မာ-အင်္ဂလိပ် အမှတ်အသားများတွင် မတွေ့ရဖူးပါ။

## လီလာဝတီကျမ်း

၁၂၂၅ ခုနှစ်တွင် ကနောင်မင်းသားကြီး၏ အမိန့်အရ ယောအတွင်းဝန်သည် မဇ္ဈိမဒေသ အိန္ဒိယနိုင်ငံ၊ ဝင်္ဂတိုင်းမှရသော ဘာချကာရဆရာ စီရင်ရေးသားသည့် လီလာဝတီ ဂဏန်းကျမ်းကို မူရင်း သက္ကတဘာသာမှ မြန်မာဘာသာသို့ ပြန်ဆို သည်။

ပထမအကြိမ် ရိုက်နှိပ်ခြင်း နိဒါန်း၌ လီလာဝတီကျမ်းသည် အမည်မျှသာ ကျန်သည်ဟု ကျွန်တော် ဆိုခဲ့သည်။ သို့ရာတွင် နောက်ထက် ဆက်လက်ရှာဖွေသောအခါ ကံကောင်းထောက်မ၍ 'ရွှေပြည်ဝန်ကြီးမင်း ရေးသားစီရင်သည့် လီလာဝတီ ဂဏန်းကျမ်းသစ်' လက်ရေးမူကို စာပေဗိမာန် စာတည်းချုပ် ဦးကျော်ခင်၏ ထံတွင် တွေ့ရှိပါသည်။ ဦးကျော်ခင်သည် ထိုလက်ရေးမူကို အရာတော်မြို့နယ် ဦးမင်းတောရ ရှင်သီရိကုဏ္ဍလက ကျေးဇူးပြု၍ လက်ဝယ်ရရှိထားခြင်း ဖြစ်ပါသည်။ ယင်း လီလာဝတီ လက်ရေးမူကို ဖတ်ရှုလေ့လာခွင့်ရသဖြင့် ရှေးဦးစွာ ရှင်သီရိကုဏ္ဍလနှင့် ဦးကျော်ခင်တို့ကို ကျေးဇူးတင်ကြောင်း မှတ်တမ်းတင်ပါသည်။

ထိုကျမ်းတွင် ယောအတွင်းဝန် ဦးဘိုးလှိုင်က လီလာဝတီကျမ်းဟု မှည့်ခေါ်ရခြင်းအကြောင်းကို ပြဆိုထားသည်။ လီလာဝတီဟူသည်ကား တင့်တယ်စံပယ်ခြင်းရှိသော မိန်းမဖြစ်သည်။ တင့်တယ်သောမိန်းမကို ဆောင်ယူသူသည် စည်းစိမ်ချမ်းသာကို ရနိုင်သည့်နည်းတူ လီလာဝတီကျမ်းကို ဆောင်ယူသူသည်လည်း စည်းစိမ်ချမ်းသာကို ရနိုင်သည်ဟု ဆိုထားသည်။

ထိုကျမ်း၌ အတွဲရှစ်တွဲ ပါဝင်သည်။ အတွဲအားလုံး ပါဝင်သောကျမ်းမှာ

http://www.cherrythitsar.org



လက်ရေးမူအရ ဖူးစကက် စာမျက်နှာ ၃၃၇ မျက်နှာရှိသည်။ ပထမတွဲ၌ အင်္ဂလိ ပမာဏဟူသော လက်ဖြင့် တိုင်းထွာ၍ရသော မုယော၊ လက်သစ်၊ တောင်တာ၊ အတိုင်းအထွာတို့မှ အစ အပေါင်း အနုတ် အမြှောက် အစားတို့ကို ပြဆိုထား သည်။ ဒုတိယတွဲ၌ ယခုခေတ်အခေါ် အပိုင်းဂဏန်းတို့၏ အကြောင်းကို ပြဆို ထားသည်။

ယောအတွင်းဝန်က တစ်နှစ်သုံး စသော ကိန်းရင်းတို့ကို မခွဲစိတ်သော ရူပဂဏန်းမျိုး (ဝါ) အဘိန္နဂဏန်းမျိုးဟု ဆိုသည်။ ယခု ကျွန်ုပ်တို့က အပိုင်း ဂဏန်းဟု ခေါ်သောအရာကို ခွဲစိတ်သော ဘိန္နဂဏန်းဟု ဆိုသည်။ တတိယ တွဲတွင် ယင်းအပိုင်းဂဏန်း အမြှောက်အစား စသည်တို့ကို ပုစ္ဆာနှင့်တကွ တွက်ချက် ရှင်းလင်းထား၏။ စတုတ္ထတွဲ၌ ရွှေချိန်၊ ငွေချိန်၊ ဆန်စပါးစသော တင်းအချိန် အတွယ်၊ ငွေတိုးတွက်နည်း၊ ကုန်ဖက်စပ်အမြတ်တွက်နည်းတို့ကို တွက်ချက် ပြသထားသည်။

ပဥ္စမတွဲ၌ တွက်ချက်နည်းတို့မှာ ကိန်းတွဲခြင်း၊ ကိန်းဖလှယ်ခြင်း၊ ကိန်းအစီ အစဉ် ပြုခြင်းတို့နှင့် ဆိုင်သည်။ ၁ မှ ၉ အထိ ပေါင်းလိုသော် ၉ ကို ၁ ခုရော၊ ၁၀ ဖြစ်၏။ ၁၀ ကို ၉ နှင့်မြှောက်သော် ၉၀ ဖြစ်၏။ ၉၀ ကို ၂ ခုနှင့် စားသော် ၄၅ ရ၍ ယင်းသည် အဖြေဖြစ်၏။ ဤကိန်းတွဲများကို တွက်ပြထားသည်။

ဆဋ္ဌမတွဲ၌ကား '၃ ထောင့် ၄ ထောင့် အဝန်းအလျားစသော ပုံအမျိုးမျိုး တို့၏ အကြီးအငယ် အကျဉ်းအကျယ်ကို တွက်နည်း၊ အနိမ့်အမြင့် အဝေးအနီး တို့ကို တာမတိုင်းဘဲ သိအောင်တွက်နည်း၊ ပယ်ဘွဲ့နည်း၊ ဇယားတွက်နည်း၊ ခနူ တွက်နည်း၊ ခဏ်တွက်နည်း' တို့ကို ပြဆိုသည်။ ခနူ၊ ခဏ်ဟူသော ဝေါဟာရ တို့ကို ကျွန်တော် ဉာဏ်မမီပါ။ သို့ရာတွင် ဤကဏ္ဍမှာ ဂျော်မက်တြီပညာရပ် တို့ကို နိဒါန်းသွယ်ပေးသော ကဏ္ဍဖြစ်သည်။ ဦးဘိုးလှိုင်၏ အသုံးအနှုန်းအရ ယခုခေတ် ကျောင်းသားတို့က အမှတ်ဟုခေါ်သည်ကို ရှေးက စီဟနဟု ခေါ်သည်။ ယခုခေတ် မျဉ်းကြောင်းခေါ်သည်ကို ရှေးခေတ်ကလည်း ထိုသို့ပင် ခေါ်၏။ သို့သော် ထောင့်မှန်ကိုကား မသကောဏဟု အမည်ပေးကြသည်။ အက္ခရာသင်္ချာတွင် အရေးကြီးသော ပိုက်သဂိုရပ် သီအိုရမ်ကိုလည်း ထောင့်မှန်ပါသော တြိဂံပုံဖြင့် ရှင်းပြထားသည်။ ယခုခေတ် ကျောင်းသားတို့သည် က၂ + ခ၂ = ဂ၂ ဟူသော ညီမျှခြင်းကို နားလည်ကြသည်။ ထိုညီမျှခြင်းကို လီလာဝတီကျမ်း၌ ပုံစံထုတ် သောအခါ အောက်ခြေအလျား ၁၆ တောင်၊ အမြင့် ၁၂ တောင်ရှိသော ထောင့်မှန် '၃ ထောင့်' ပုံ၌ ဆင်ခြေလျှော အတောင် ၂၀ ရှိကြောင်း သရုပ်ဖော်ထားသည်။

http://www.cherrythitsar.org


သတ္တမတွဲ၌ ရေတွင်း ရေကန် ကျင်းတွက်နည်း၊ သစ်ပျဉ်လွှတိုက်နည်း၊ စပါးပုံကြီးကို မြင်ရုံနှင့် ဘယ်နှစ်တင်းရှိလိမ့်မည်ကို ချင့်တွက်နည်း၊ အရိပ်ကို ကြည့်၍ အမြင့်တွက်နည်း၊ နေလတို့၏ အနိမ့်အမြင့်တွက်နည်း စသည်တို့ကို တွက်ချက်ပြသထားသည်။ အဋ္ဌမတွဲ၌မူကား အက္ခရာသင်္ချာ၌ ပုစ္ဆာထုတ်လေ့ရှိသော မသိကိန်းကို ရှာသည့်နည်းအမျိုးမျိုးကို ဥဒါဟရုဏ်တို့နှင့်တကွ ဖော်ပြသည်။

ရာဇဓမ္မသင်္ဂဟကျမ်း ပထမနိပ်ခြင်း နိဒါန်း၌ 'လီလာဝတီကျမ်းကို ဖတ်ရှုရဖူးသော ပညာရှင်တို့အဆိုမှာ ယောအတွင်းဝန်သည် ဂဏန်းသင်္ချာအရာ၌ လျင်မြန်သော ဉာဏ်ပဋိဘာဏ်ရှိသည်' ဟု ဆိုကြကြောင်း ကျွန်တော်ဖော်ပြခဲ့၏။ ထိုကျမ်းကို လက်တွေ့မျက်မြင် ဖြစ်ရသောအခါ ထိုပညာရှိတို့၏ အဆိုသည် မှန်ပါပေသည်ဟု အောက်မေ့မိပါသည်။

## ရာထူးကျခြင်းနှင့် မြင်ကွန်းမြင်ခုန်တိုင် အရေးတော်ပုံ

၁၂၂၇ ခုနှစ်တွင် ယောအတွင်းဝန်ဦးဘိုးလှိုင်သည် ရာထူးမှ ကျလေသည်။ ရာထူးမှ ကျခြင်းသည် ဤအကြိမ် ပထမဖြစ်ဟန်တူ၏။ သို့ရာတွင် နောင်သောအခါ၌ကား ဦးဘိုးလှိုင်အဖို့ ရာထူးတက်ခြင်း၊ ကျခြင်းတို့သည် ဖြစ်ရိုးဖြစ်စဉ်သာတည်း။ မင်းလိုလိုက်၍ မင်းကြိုက်ခစားတတ်သောပုဂ္ဂိုလ် မဟုတ်ချေရကား လောကဓံတရား၏ဒဏ်ကို မတုန်မလှုပ် ကြံ့ကြံ့ခံယူနိုင်သော သတ္တိရှိပေသည်။ ထိုသို့သော အခိုက်အတန့်မျိုးတွင် ဦးဘိုးလှိုင်သည် တော်ရာချောင်၌ ထိုးသိပ်ထားခြင်းကို ခံရ၏။ ထိုအခါမျိုး၌ ဦးဘိုးလှိုင်သည် အာဏာရှင်တို့၏ နှိပ်ကွပ်သည့်သဘာဝကို အာဃာတမထားဘဲ ပညာရှင်ပီပီ လောကဟိတတရားကို စောင့်ထိန်း၍ မငြိုမငြင် ကူညီလေသည်။

မင်းတုန်းမင်းတရားသည် သားရင်းနှင့်မခြား ပြုစုထားသော ယောမင်းသား အတွင်းဝန်ကို ရာထူးမှချ၍ မကြာမီပင်လျှင် နန်းတွင်းရေး အခက်တစ်ခုကို ကြုံရလေသည်။

၁၂၂၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်နေ့ ညနေတွင် အနောက်အရပ်၌ **'တိမ်အဆင်းသည် သွေးကဲ့သို့ ချင်းချင်းနီ၏'**၊ နောက်တစ်နေ့၌ကား ညနေခင်းတွင် ကောင်းကင်အလုံး သွေးပေါက်သွေးခဲကဲ့သို့ ရဲလာပြန်သည်။ ထို့နောက် မိုးကြီးသည်းထန်စွာ ရွာ၏။ မိုးကြိုးပစ်၏။ မန္တလေးရွှေမြို့တော်ရှိ မင်းညီမင်းသား မှစ၍ လူထုအလုံးသည် စိတ်နှလုံးတထင့်ထင့် ရှိကြ၏။

http://www.cherrythitsar.org


ဤသို့ရှိနေခိုက် ၁၂၂၈ ခု၊ ဒုတိယဝါဆိုလပြည့်ကျော် ၇ ရက်နေ့ မင်းတုန်း မင်းတရား၏ သားတော် မြင်ကွန်းစားနှင့် မြင်းခုန်တိုင်စား ညီနောင် နှစ်ပါးသည် ရွှေမြို့တော်တောင်ဘက်မျက်နှာ အရပ်မှနေ၍ လူပေါင်း ၅၀ ခန့်နှင့် အတူ လက်နက် ကိုင်၍ ပုန်ကန်ထကြွလေသည်။ ဤအရေးတွင် အိမ်ရှေ့ ကနောင်မင်းသားကြီး သည် လုပ်ကြံခံရရာတွင် ရှေးဦးစွာ ကျဆုံးသည်။ မင်းတုန်းမင်းတရားကြီးကား ကုသိုလ်ကံ ထောက်မသောကြောင့် လုပ်ကြံမည့်သူ ငပိုက်ကြီးကိုယ်တိုင် ဘေးရန် ကင်းရာအရပ်သို့ ကုန်းပိုး၍ ပို့ပေးသဖြင့် လွတ်လေ သည်။ နန်းတော်တွင်း၌ကား ကျဆုံးသူ ကျဆုံး၊ ဒဏ်ရာရသူရ၊ ထွက်ပြေးသူ ပြေးနှင့် ဖရိုဖရဲ ဖြစ်ရသည်။ ထိုစဉ်တွင် မင်းတုန်းမင်းတရားအား သစ္စာ စောင့်ထိန်းသော မင်းညီမင်းသား မှူးမတ်သေနာပတိတို့က အခြေအနေကို ထိန်း၍ ရှောင်တခင် လူစုပြီးလျှင် ခုခံ တိုက်ခိုက်သောကြောင့် မြင်ကွန်းစားနှင့် မြင်းခုန်တိုင်စားတို့သည် မြန်မာမင်း နေပြည်မှ တိမ်းရှောင်ထွက်ပြေးကြရ လေသည်။

မိမိရာထူးကျခိုက်တွင် ပုန်ကန်မှုကြီး ပေါ်ပေါက်သည်မှာ ယောအတွင်းဝန် အဖို့ လွန်စွာကံကောင်းသည်။ ရှေ့၌ပြဆိုခဲ့သည့်အတိုင်း ကနောင်မင်းသားကြီး၏ စည်းရုံးမှုအင်အားသည် လွန်စွာကြီးမားသည်။ ဤအင်အားကို ပညာဉာဏ် ထက်မြက်ခြင်း လက်နက်တပ်ဆင်ပေးနိုင်သူကား ယောအတွင်းဝန် ဖြစ်သည်။ ပညာဖြင့် ယှဉ်သော စည်းရုံးမှု၌ အတိုက်အခံ အန္တရာယ်သည် လွန်စွာ ကြီးတတ် သည်။ သို့စဉ်လျက် သတိမမူ ဂူမမြင်ဟူသော စကားစဉ်အရ ကနောင်မင်းသားကြီး သည် အသက်ပျောက်ခဲ့ရသည်။ အကယ်၍ ထိုပုန်ကန်ထကြွမှု ဖြစ်ပွားဆဲတွင် ယောအတွင်းဝန်သည် ရာထူးလက်ရှိဖြစ်ခဲ့ပါမူ ကနောင်မင်းသားကြီး၏ သွားရာလမ်းကို လိုက်ပါရလိမ့် မည်မှာ မလွဲချေ။

## ရာထူး ပြန်ရခြင်း

၁၂၂၈ ခုနှစ် မြင်ကွန်းမြင်းခုန်တိုင် အရေးတော်ပုံအတွင်း ဦးဘိုးလှိုင်၏ အကြောင်း သည် တိမ်မြုပ်လျက်ရှိသည်။ ထိုသို့ တိမ်မြုပ်နေသော အချက်တို့ကို နှောင်းခေတ် သုတေသီတို့ ပြန်လည်ဖော်ထုတ်နိုင်ပါလျှင် မင်းတုန်းမင်းလက်ထက်၌ မြန်မာ့ ခေတ်သစ် ထူထောင်ခဲ့ပုံကို အသေးစိတ် ပိုမိုသိရှိနိုင်ကြပေမည်။ ယခုမူကား အုတ်ဂူကျောက်စာအရ ဦးဘိုးလှိုင်သည် ယောမြို့စားမင်းကြီး မဟာမင်းလှစည်သူ ဘွဲ့နှင့် 'ဆောင်ကြီးရွက်ကြီး အစီးအနင်းနေရာတော်များ' ကို အထက်က သူကောင်း ပြုတော်မူရင်းအတိုင်း ပြန်၍ရကြောင်းကိုသာ သိရသည်။ ထိုသို့ရာထူးပြန်ရသည့်

http://www.cherrythitsar.org


အခါ နိုင်ငံတော်အတွင်းရှိ ဈေး၊ ပွဲ၊ ကင်း ကူးတို့၊ အကောက်အခွန်များကို စားမြဲ စားရပြီးလျှင် အိမ်ရှေ့ကနောင်မင်းသားကြီး တည်ထောင်ခဲ့သော စက်တို့ကို ကြီးကြပ်အုပ်ချုပ်ရသည်။

ဤသို့ ဆက်လက်အမှုထမ်းရသည့်အခိုက်တွင် ဦးဘိုးလှိုင်သည် မန္တလေး မြို့တော် မြောက်ပြင်သူရဲတပ်ရွာအရှေ့၌ ဣန္ဒကာရာမ အုတ်ကျောင်းကြီးကို စတင်ဆောက်လုပ်သည်။ မြန်မာ့အလင်းသတင်းစာတွင် ရေးသားလေ့ရှိသော မင်းလှဂုဏ်ရောင်အမည်ခံ ဆောင်းပါးရှင်၏ မှတ်စုများအရဆိုလျှင် ထို အုတ်ကျောင်း ကို တည်ဆောက်ရာ နှစ်နှစ်ကြာ၍ ၁၂၃၃ ခုနှစ် ရောက်မှ ပြီးစီးသည်ဟု ဆိုသည်။ ထိုခေတ်က အီတလီနိုင်ငံတွင် ထွန်းကားနေသော ဗိသုကာစနစ်ကို အတုယူ၍ ဆောက်လုပ်သည်ဟူ၍လည်း ဆိုသည်။

အုတ်ဂူကျောက်စာတွင် ၁၂၂၈ ခုနှစ်၌ အထက်သူကောင်းပြုတော်မူရင်း အတိုင်း ချီးမြှင့်ခြင်းခံရသည်ဟုဆိုပြီး တစ်ဖန် ၁၂၃၁ ခုနှစ်တွင် ယခင် နုတ်ပယ် ထားသော အတွင်းဝန်အရာကို ထပ်မံခန့်အပ်တော်မူသည်ဟု ဆိုပြန်သောကြောင့် စဉ်းစားစရာနှစ်ချက် ပေါ်လာသည်။ ပထမအချက်မှာ ၁၂၂၈ ခုနှစ်က ပြန်၍ သူကောင်းပြုခြင်း ခံရသော်လည်း ယောမြို့နှင့် အခွန်အကောက်တို့ကိုသာ စားရ သည်။ အတွင်းဝန်ရာထူး ပြန်မရဟု ဆိုရန်ရှိသည်။ ဒုတိယအချက်မှာ ၁၂၂၈ ခုနှစ်ကမူ စားရင်းမြို့နှင့် ထမ်းရွက်ရင်း အတွင်းဝန်ရာထူးကို ပြန်ရသည်။ သို့သော် ရာထူးထပ်မံလျှော့ကျ၍ ၁၂၃၁ ခုနှစ်မှာမူ တစ်ဖန် စားရင်းမြို့နှင့် ထမ်းရွက်ရင်း ရာထူးတို့ကို အားလုံးပြန်ရသည်။ ဤအချက်နှစ်ချက်သည် မည်သည့်အချက်က အမှန်အတိုင်းဖြစ်မည်ကို တပ်အပ်မဆိုနိုင်ပါ။ သို့သော် ၁၂၃၂-၃၃ ခုနှစ်အတွင်း မန္တလေးမြို့တော်သို့ ရောက်ရှိလာသော အမေရိကန်လူမျိုး ဖရန့်စ်ဗင်းဆင့်ထံ၏ မှတ်တမ်းအရဆိုလျှင် ၎င်းမရောက်ရှိမီ မကြာသေးသောကာလအတွင်း ယော အတွင်းဝန်အား ဘုရင်က အလိုတော်မကျ၍ ၎င်းဆောင်ရွက်မြဲ တာဝန်ဝတ္တရား များကို အခြားအတွင်းဝန်တစ်ဦးထံ လွှဲအပ်ပေးရသည်ဟု ကြားရကြောင်း ရေးသားထားသည်။

ဤအချက်နှင့် ညှိနှိုင်းပါက ၁၂၂၈ ခုနှစ်၌ စားရင်းမြို့ကို စားရသည့်အပြင် အခွန်အကောက်နှင့် စက်ရုံတို့ကို ကြီးကြပ်ရပါသော်လည်း အတွင်းဝန် ပြန်မဖြစ် သေးဘဲ ၁၂၃၁ ခုနှစ်ရောက်မှ အတွင်းဝန်ပြန်ဖြစ်သည်ဟု ယူဆနိုင်ပါသည်။ ထို ၁၂၃၁ ခုနှစ်၌ ဦးဘိုးလှိုင်သည် အတွင်းဝန်ရာထူးအပြင် ကျီဝန်ရာထူးကိုပါ တွဲဖက် ထမ်းဆောင်ရသည်။

http://www.cherrythitsar.org


# နိုင်ငံရေးအတိုင်ပင်ခံ

မင်းတုန်းမင်းတရားကြီးသည် ယောအတွင်းဝန်အား အပါးတော်၌ ပြန်လည်အမှုထမ်းရွက်စေသည်မှာ ကနောင်မင်းသားကြီး ကွယ်လွန်၍ အတိုင်ပင်ခံတစ်ဦးကို အလိုရှိတော်မူခြင်းကြောင့် ဖြစ်သည်။ နိုင်ငံရေးရာတွင် တိုင်ပင်စရာ အကြောင်းတို့လည်း မကြာခဏ ပေါ်ပေါက်နေသည်။ မြင်ကွန်း မြင်းခုန်တိုင်အရေးပြီးသော် ကူးသန်းရောင်းဝယ်ရေးနှင့် သံတမန်လဲလှယ်ရေးတို့အတွက် မြန်မာတို့နှင့် အင်္ဂလိပ်တို့ စေ့စပ်ရာ အကြောင်းကိစ္စပေါ်ပေါက်သည်။

၁၂၂၈ ခုနှစ်တွင် ယခင်က မြန်မာနိုင်ငံသို့ သံတမန်အဖြစ်ဖြင့် လာရောက်ခဲ့ဖူးသော ဆာအာသာဖယ်ယာ၏ ကူးသန်းရောင်းဝယ်ရေး စာချုပ်လုပ်ငန်း လက်ငုတ်ကို ဆက်၍ ဆောင်ရွက်ရန် ရှိနေသည်။ ၁၂၂၉ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက် (၁၈၆၇ ခု၊ အောက်တိုဘာလ ၂၅ ရက်) နေ့ ရောက်မှပင် မြန်မာရာဇဝင်၌ အရဘာက်ဖိုက်ဟု ပြဆိုသော ကာနယ်အဲလဗတ်ဖိုက်[၁] နှင့် ပခန်းကြီးမြို့စားဝန်ကြီး၊ ရေနံချောင်းမြို့စား ဝန်ကြီးတို့သည် နှစ်တိုင်းနှစ်ပြည် 'ရောင်းရေးဝယ်မှု' စာချုပ် တစ်ဆယ့်သုံးချက် ချုပ်ဆိုကြသည်။ ထိုစာချုပ် မချုပ်မီ ပြောရန် ဆိုရန်ကိစ္စများကို အင်္ဂလိပ်သံတမန်တို့ ရှေ့တော်ဝင်၍ ပြောဆိုသည်။ ထိုစေ့စပ်ရေး၌ ယောအတွင်းဝန် ဦးဘိုးလှိုင်သည် ဘုရင်မင်းမြတ်၏ အတိုင်ပင်ခံလည်း ဖြစ်၏။ ပြောရေးဆိုခွင့်ရှိသူ ကိုယ်စားလှယ်တစ်ဦးလည်း ဖြစ်၏။

မင်းတုန်းမင်းတရားသည် သားအမှတ်ဖြင့် မွေးစားခဲ့သော ယောအတွင်းဝန်ကို တိုးတိုးဖော် အတိုင်ပင်ခံအရာ၌ အမြဲထားရှိလိုသည်။ မော်ဘီဆရာသိန်းကြီး၏ မှတ်စုများအရ မင်းတရားကြီးသည် ဦးဘိုးလှိုင်ကို ဝန်ကြီးခန့်ရန် အကြံရှိသော်လည်း 'သင်း မာနကြီးလွန်း၍ ငါ ဆိုင်းငံ့လျက်နေသည်။ သင်းကို လွှတ်တော်ဝန်ကြီး ခန့်ပြန်ကလည်း ငါ့အနား တိုင်ပင်စရာ သင်းတစ်ယောက်သာ ရှိသည်။ ထို့ကြောင့် သင်းကို အတိုင်ပင်ခံ အတွင်းတော်မှာ ထားရသည်။ သို့နှင့် တစ်ခါတစ်ခါ သင်းမာနကို လျှော့ပါစေတော့လို့ ရာထူးနုတ် အကျယ်ချုပ်ထားပေမယ့် သူ့မာနကို မလျှော့သေးချေ'ဟု မိန့်တော်မူဖူးသည်။

ဤစကားကို ထောက်ရှုလျှင် နိုင်ငံခြားဝါဒ ချမှတ်ရေးတွင် ယောအတွင်းဝန်သည် များစွာအရေးပါသော ပုဂ္ဂိုလ်ဖြစ်ရပေလိမ့်မည်။ ဤအချက်သည် ဆိုလတ္တံ့သော စကားစဉ်တို့တွင် ထင်ရှားလာလိမ့်မည်။

---

၁။ Col. Albert Fytche.

http://www.cherrythitsar.org


မြင်ကွန်းမြင်းခုန်တိုင် အရေးတွင် ဗြိတိသျှတို့၏ နိုင်ငံရေးကိုယ်စားလှယ်တော် ဖြစ်သော **ကာနယ် ဆလေဒင်**[၁] သည် မြန်မာနန်းတွင်းသို့ ဝင်ခွင့် ထွက်ခွင့် ရသည်။ နိုင်ငံခြားသားတစ်ဦးအနေဖြင့် ဤသို့ အခွင့်အရေးထူးများကို ရယူခြင်းသည် အုပ်ချုပ်ရေး၌ တာဝန်ရှိသော အတွင်းဝန်အဖွဲ့နှင့် လွှတ်တော်ဝန်ကြီးများအဖွဲ့ အဖို့ စိတ်လေးဖွယ်ရာ ဖြစ်ပေလိမ့်မည်။ ထို့ကြောင့် အုပ်ချုပ်ရေးသဘောအရ ကာနယ် ဆလေဒင်၏အကြောင်းကို မြန်မာမင်း၏ အစိုးရက ထောက်လှမ်း စုံစမ်းရမည်မှာ ဓမ္မတာဖြစ်သည်။ တစ်ခါတစ်ရံသော် ထိုစုံစမ်းထောက်လှမ်းချက်များ အရ မင်းတုန်းမင်းတရားသည် ကာနယ်ဆလေဒင်၏ အပေါ်တွင် ယုံမှား သံသယ ရှိလာသည်။

၁၂၃၀ ခုနှစ်၊ တန်ဆောင်မုန်း၊ နတ်တော်လလောက်၌ ခရစ်ယာန်သာသနာပြု ဆရာ **ဒေါက်တာမာ့ခ်စ်**[၂] သည် နန်းတော်သို့ ဝင်ရောက်ခစားသောအခါ မင်းတုန်းမင်းတရားသည် ကာနယ်ဆလေဒင်၏ အကြောင်းရရှိထားသော သတင်းစကားများကို ဒေါက်တာမာ့ခ်စ်အား ပြောပြသည်။ ဒေါက်တာမာ့ခ်စ်သည် ထိုသတင်းစကား များမှာ မဟုတ်မမှန်ကြောင်း လျှောက်ထား၏။ သို့ရာတွင် မင်းတုန်းမင်းတရားကြီး သည် ဒေါက်တာမာ့ခ်စ်၏ စကားကို အယုံအကြည် မရှိခဲ့ချေ။ နောက်တစ်ခေါက် ဒေါက်တာမာ့ခ်စ် နန်းတော်သို့ ဝင်ပြန်သောအခါ ယောအတွင်းဝန်သည် ကာနယ် ဆလေဒင်၏အကြောင်းကို ယခင် မင်းတုန်းမင်း တရား အမိန့်တော်ရှိသည့်အတိုင်းပင် တင်လျှောက်သည်။

ထိုအခါ ဒေါက်တာမာ့ခ်စ်သည် ယောအတွင်းဝန်အား ပြစ်တင်စကား ပြောကြားသည်။ မင်းတုန်းမင်းတရားကြီးလည်း ရယ်တော်မူသည်။ ဤအဖြစ်အပျက်ကို ယခုခေတ်မျက်စိဖြင့် ပြန်၍ကြည့်လျှင် ဒေါက်တာမာ့ခ်စ်ကဲ့သို့သော သာသနာပြု ပုဂ္ဂိုလ်တစ်ဦးသည် မြန်မာ့နိုင်ငံရေးနှင့် မည်မျှပင် ကင်းရှင်းအောင် ပြောဆိုပြုမူ နေထိုင်ခဲ့သည် ဆိုစေကာမူ ဗြိတိသျှကိုယ်စားလှယ်တို့၏ နိုင်ငံရေး စွက်ဖက်မှုများ ၌ လျစ်လျူရှုတန်ရှု၍ အကာအကွယ် ပေးသင့်တန်သည်ကို အကာအကွယ် ပေးခဲ့ သည်ဟု ယူဆဖွယ်ရာရှိသည်။

ထို့ကြောင့် နိုင်ငံရေး၌ သက်ဘရနံ့ မကင်းစရာ အကြောင်းများ ပေါ်ပေါက် ခဲ့သည့်အခါ မိမိ၏ လူမျိုးနှင့် နိုင်ငံကို စောင့်ရှောက်သောအားဖြင့် သတိပေးရန် တာဝန်မှာ မှူးကြီးမတ်ရာ သေနာပတိတို့၏ တာဝန်ဖြစ်သည်။ ထိုတာဝန်ကို

---

၁။ Col. Sladen.

၂။ Dr. Marks.

http://www.cherrythitsar.org


ယောအတွင်းဝန်သည် ကောင်းစွာ ထမ်းရွက်ခဲ့ပေသည်။ စင်စစ် ယောအတွင်းဝန်၏ သတ္တိမှာ နိုင်ငံခြားသား စွက်ဖက်မှုကို တွန်းလှန်တိုက်ခိုက်သော သတ္တိဖြစ်သည်။

ဒေါက်တာမာ့ခ်စ်နှင့် ယောအတွင်းဝန်တို့သည် မင်းတုန်းမင်း၏ ရှေ့မှောက်ဝယ် စိတ်သဘောချင်း မတိုက်ဆိုင်ဖြစ်ခဲ့ကြသော်လည်း ဆက်ဆံရေး မပျက်ခဲ့ကြချေ။ ခရစ် ၁၈၇၀ ပြည့်၊ ဇူလိုင်လ ၃၁ ရက် (၁၂၃၂ ခုနှစ်) တွင် မန္တလေးမြို့၌ ခရစ်ယာန်ဘုရားရှိခိုးကျောင်းကို ဖွင့်လှစ်သောအခါ ဘုရင့်ကိုယ်စား ကင်းဝန်မင်းကြီး၊ ယောအတွင်းဝန်၊ မြို့ဝန်နှင့် ကုလားဝန် မန္နွတ်ခ်[၁] တို့ တက်ရောက်ကြသည်။ ထိုဖွင့်ပွဲ အခမ်းအနားသို့ မန္တလေးမြို့နေ အင်္ဂလိပ်၊ ပြင်သစ်၊ အီတာလျံ စသော လူမျိုးစုံတို့ တက်ရောက်ကြသည်။

နိုင်ငံခြားဆက်ဆံရေးတွင် ယောအတွင်းဝန် ဆောင်ရွက်ရသော ဝတ္တရားတို့ကို ပြဆိုသည့် အင်္ဂလိပ်ဘက်က မှတ်တမ်းများ တစ်ခု နှစ်ခု ရှိသည်။

၁၂၃၂ ခုနှစ်တွင် အင်္ဂလိပ်တို့သည် ဗန်းမော်ကို စခန်းတစ်ခုပြု၍ ယူနန်နယ်နှင့် ကုန်စည်ကူးသန်းရောင်းဝယ်ရန် နည်းလမ်း ရှာဖွေကြသည်။ ဤကိစ္စတွင် ဗြိတိသျှ မြန်မာပြည် ဝန်ရှင်တော်မင်းကြီးဖြစ်သော ဆာအယ်လဗတ်ဖိုက်ချ်က ရန်ကုန်မြို့မှနေ၍ နည်းပေးလမ်းပြ ပြုလုပ်သည်။ မန္တလေးမြို့ နေပြည်တော်ရှိ အင်္ဂလိပ်ကိုယ်စားလှယ် ကာနယ်ဆလေဒင်၊ ၎င်းအားဆက်ခံသူ မေဂျာမက္ကမေဟန်[၂]၊ ဗန်းမော်မြို့ရှိ အင်္ဂလိပ်ကိုယ်စားလှယ် ကပ္ပတိန် စထရိုဗား[၃] တို့က အသေးစိတ်လုပ်ငန်းတို့ကို တီထွင်လုပ်ကိုင်ကြရသည်။ ထိုကိစ္စအလို့ငှာ ဆာအယ်လဗတ်ဖိုက်ချ်က ၎င်း၏အတွင်းဝန်ဖြစ်သူ ဂျေတဲလဗွိုင်စ်ဝှီးလားအား မန္တလေးနေပြည်တော်သို့ စေလွှတ်သည်။ ၁၈၇၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၃ ရက် (၁၂၃၂ ခုနှစ်) တွင် ဝှီးလားသည် မင်းတုန်းမင်း ရှေ့တော်သို့ ဝင်သည်။ ထိုအခါ ယင်းကိစ္စ အလို့ငှာ ယောအတွင်းဝန်သည် လုံးဝဥဿုံ စီမံခန့်ခွဲပေးရဟန် တူသည်။ ယောအတွင်းဝန်က ဝှီးလားကို ရှေ့တော်သွင်းပေးသည်။ ထိုစဉ်က ယောအတွင်းဝန်၏ လက်အောက်တွင် ဖန်ချက်ဝန်ထောက်သည် စာရေးတော်ကြီးအရာနှင့် အမှုထမ်းလျက် ရှိသည်။ ဝှီးလားကို ဗန်းမော်မြို့သို့ သွားခွင့်ပြုစေရန်နှင့် ဖန်ချက်ဝန်ထောက်က ဝှီးလားနှင့်အတူ လိုက်ပါစေရန် ယောအတွင်းဝန်ပင်လျှင် စီမံပေးရသည်ဟု ယူဆဖွယ်ရှိသည်။

---

၁။ Manook.

၂။ Major MacMahon.

၃။ Captain Strover.

http://www.cherrythitsar.org


ဝီးလားသည် ယောအတွင်းဝန်နှင့် တွေ့ဆုံသောအခါ ၎င်းရေးသားသော အိန္ဒိယနိုင်ငံသမိုင်းကို ယောအတွင်းဝန် စိတ်ဝင်စားကြောင့် တွေ့ရသည်။ ဝီးလား နှင့် ယောအတွင်းဝန်တို့နှစ်ဦးသားမှာ ကျမ်းပြုပုဂ္ဂိုလ်ပညာရှင်ချည်းဖြစ်၍ တစ်ဦး က တစ်ဦးကို ကောင်းစွာ လေးစားကြပုံရသည်။ ယောအတွင်းဝန်က ဝီးလား၏ အသက်အရွယ် အဘယ်မျှရှိသည်ဟူသော ကိုယ်ရေးကိုယ်တာအကြောင်းများကို မေးမြန်းသည်။ အင်္ဂလိပ်တို့သည် သူတစ်ပါး၏ အကြောင်းကို လွန်စွာစပ်စုတတ် ကြသော်လည်း ၎င်းတို့၏ ကိုယ်ရေးကိုယ်တာအကြောင်းများ မေးမြန်းလျှင် ရိုင်းရာ ကျသကဲ့သို့ သဘောထားတတ်သည်။ မြန်မာတို့သည် အင်္ဂလိပ်ထုံးစံကဲ့သို့ သူတစ်ပါးကတစ်ဆင့် မိတ်ဆက်ပေးမှသာ မိတ်ဆွေလုပ်တတ်သော လူမျိုးမဟုတ်၊ မိတ်ဆွေဖွဲ့စရာရှိလျှင် တစ်ဦးအကြောင်း တစ်ဦးသိအောင် ကိုယ်တိုင် မေးမြန်း၍ မိတ်ဆွေဖွဲ့ကြသည်။ ဤသို့တစ်ဦးအကြောင်း တစ်ဦး ရင်းနှီးစွာ သိရမှသာလျှင် မိတ်ဆွေအဖြစ် ခိုင်မြဲသည်ဟု မှတ်ယူကြသည်။ ဝီးလားမှာ အုပ်ချုပ်ရေးသမား တစ်ဦးဖြစ်သည့် အားလျော်စွာ ဤကဲ့သို့သော မြန်မာ့ဓလေ့ကို အထိုက်အလျောက် လက်ခံကျင့်သုံးဟန် တူသည်။ ထို့ကြောင့် ယောအတွင်းဝန် မေးသည်ကို အာဃာတ မထား၊ သိလိုသမျှကို စိတ်ရှည်စွာ ဖြေဆိုသည်။ ကပိလဝတ်တိုင်း၊ မဂဓတိုင်းနှင့် အခြား အိန္ဒိယနိုင်ငံရှိ တိုင်းကြီးများအကြောင်းကို ပြောပြသည်။ ယောအတွင်းဝန် ကလည်း ဤသို့ပြောပြသည်ကို လွန်စွာနှစ်ခြိုက်သဘောကျသည်။ ထို့နောက် ယောအတွင်းဝန်သည် ဝီးလား၊ မေဂျာမက္ကမေဟန်နှင့် စကားပြန် **နစ်ကလတ်စ်**[၁] တို့ကို ဘုရင်မင်းမြတ်ရှေ့တော်သို့ ခေါ်ဆောင်သွားသည်။ ဘုရင်ရှေ့တော်တွင် ထိုစဉ်က နိုင်ငံခြားမှ ကုန်သည်များ အများအပြားပင် အခစားဝင်ရောက်လျက် ရှိနှင့်ကြသည်ကို ဝီးလားတွေ့ရှိရသည်။ ယောအတွင်းဝန်မှာ အခွန်အကောက် ခန့်ခွဲရေးနှင့် ကူးသန်းရောင်းဝယ်ရေးတို့ကို မင်းမှုထမ်းစ ကာလကပင်လျှင် ဆောင်ရွက် လာခဲ့ဖူးသူ ဖြစ်သောကြောင့် ထိုကိစ္စများ ပေါ်ပေါက်လာလျှင် ၎င်း၏ စီမံခန့်ခွဲမှု တို့သည် ဘုရင်မင်းမြတ်၏ အုပ်ချုပ်ရေး၌ လွန်စွာ တန်ဖိုးရှိပေ လိမ့်မည်။

ဝီးလားသည် ယောအတွင်းဝန်ကို နန်းတော်တွင်း၌ တွေ့သောအခါ ယော အတွင်းဝန်သည် အကျႌအဝတ်အစား အဖြူချည်းသာ ဝတ်ဆင်ထားကြောင်း၊ ပုဆိုးမှာ ပိုးပုဆိုးဖြစ်ကြောင်း၊ ရွှေကြိုး ၁၂ ကြိုးပါသော ရွှေစလွယ်ကို ဆင်ယင် ထားကြောင်း၊ ရုပ်ရူပကာ တင့်တယ်ခန့်ညားကြောင်းဟူ၍ မှတ်တမ်းတင်သည်။

---

၁။ Nicholas.

http://www.cherrythitsar.org


# အမေရိကန် သတင်းထောက်

၁၂၃၃ ခုနှစ်တွင် ဖရင့်ခ် **ဗင်းဆင့်ထ်**[၁] အမည်ရှိသော အမေရိကန်တစ်ဦးသည် မန္တလေးနေပြည်တော်တွင် နေထိုင်လျက်ရှိသော တရုတ်လူမျိုး စိန်ခိုဆိုသူကို အကြောင်းပြု၍ မင်းတုန်းမင်းတရား၏ ရှေ့တော်သို့ ဝင်သည်။ ဗင်းဆင့်ထ်မှာ ဝိုးလားကဲ့သို့ မင်းမှုထမ်းရေးရာတွင် ကျွမ်းကျင်ဟန် မတူချေ။ ၎င်း၏ ရည်ရွယ်ချက်မှာ မင်းတုန်းမင်းတရားကြီး၏ ဆင်ဖြူတော်ကို ဖြူသလော၊ မည်းသလော စစ်ဆေး၍ ဆင်ဖြူတော်အကြောင်း စာတစ်အုပ် ရေးသားရန် ဖြစ်လေသည်။ ဗင်းဆင့်ထ်သည် အမေးအမြန်းထူသော ယောအတွင်းဝန်အပေါ်တွင် အာဃာတ ဓာတ်ခံထား၍ မှတ်ချက်ရေးခဲ့သည်။ ဗင်းဆင့်ထ်ကဲ့သို့သော ခရီးသည် စာရေးဆရာမျိုးမှာ သူတစ်ပါးတိုင်းပြည်တွင် ရက်အနည်းငယ်နေထိုင်၍ ဈေးစကားတို့ကို မှတ်သားပြီးလျှင် ပါရဂူအနေဖြင့် ဖွဲ့နွဲ့ရေးသားလေ့ရှိသော စာရေးဆရာမျိုး ဖြစ်လေရာ သူ၏အရေးအသားသည် ယောအတွင်းဝန်၏အကြောင်းမှန်ကို ဖော်ပြ နိုင်သည်ထက် သူ၏အတွင်းမနောကိုသာ ပို၍ဖော်ပြနိုင်သည်။ သို့သော် သူ့အရေး အသားကို ချင့်ချိန်၍ ယောအတွင်းဝန်၏ စရိုက်နှင့် အရည်အသွေးတို့ကိုလည်း ကောင်း၊ ယောအတွင်းဝန်အပေါ်၌ ထားရှိသော ထင်မြင်ချက်တို့ကိုလည်းကောင်း ခန့်မှန်းနိုင်ပေသည်။

ယောအတွင်းဝန်သည် ဗင်းဆင့်ထ်ကို တွေ့ရသောအခါ 'မန္တလေးနေပြည်တော်သို့ ထွက်လာခဲ့သည်မှာ ငွေမည်မျှကုန်ကျပါသနည်း။ ဗင်းဆင့်ထ်၏ဖခင်သည် မည်သည့်အလုပ်အကိုင်ဖြင့် အသက်မွေးပါသနည်း။ နေပြည်တော်သို့ မည်သည့်ကိစ္စ၊ မည်သည့်အကြောင်းကြောင့် လာရောက်ပါသနည်း။ ဗင်းဆင့်ထ်သည် ယခုကဲ့သို့ ခရီးထွက်ခြင်းမပြုဘဲ အဘယ်ကြောင့် တစ်နေရာတည်းတွင် တည်တည်တံ့တံ့ လုပ်ကိုင်စားသောက်ခြင်း မပြုပါသနည်း' စသည်ဖြင့် မေးခွန်းပေါင်း မြောက်မြားစွာကို မေးလေတော့သည်။ ယောအတွင်းဝန်၏ ပင်ကိုဝါသနာမှာ မေးမြန်းစုံစမ်းတတ်သော ဝါသနာ ဖြစ်သည်။ ထိုဝါသနာကို ငယ်ဆရာ ပခန်းကြီး ထံမှ ဥပနိဿယ ခံယူခဲ့သည်။ ထိုဝါသနာကြောင့် အုပ်ချုပ်ရေးနှင့် စပ်လျဉ်းလာလျှင် ပိုမို တိကျ မှန်ကန်စွာ အကြောင်းသိရအောင် မေးမြန်းတတ်သည်။ မော်ဘီဆရာသိန်းကြီးက ရွှေပြည်ဝန်သည် တပည့်များကို 'မင်းတို့အရာရာ သတိ ရှိကြရမည်၊ ဘယ်လို သတိရှိကြရမည်ဆိုသော် လူချင်းတွေ့လျှင်

---

၁။ Frank Vincent.

http://www.cherrythitsar.org


ဘယ်အရပ်၊ အမည်၊ ဘာလုပ်စားသည်၊ အမျိုးအရိုး၊ နေသောရွာ၊ အိမ်ခြေ မည်မျှရှိသည်၊ မည်သည့်ကုန်မျိုး ထွက်သည်၊ ဘုန်းကြီးကျောင်း ဘယ်နှစ်ကျောင်း၊ ပွဲတော်ရဘုရား ရှိမရှိ၊ ရေကို မည်သည်က ရသည်၊ တောကျသည်၊ တွင်းကျသည်၊ ရွာသူကြီး အမည်၊ အအုပ်အချုပ် ကောင်း မကောင်း၊ မည်သည့်မြို့သူကြီးက ပိုင်သည်၊ မည်သည့်ဂိုဏ်းထောက် ဂိုဏ်းအုပ်က အုပ်ချုပ်ရသည်များကို စုံစမ်း မေးမြန်း မှတ်သားထားရမည်' ဟု ဆိုဆုံးမလေ့ရှိကြောင်း ရေးသားထားသည်။

ယောအတွင်းဝန်သည် ဗင်းဆင့်ထ်နှင့် တွေ့သောအခါ ၎င်း၏လက်သုံး ဖြစ်သော ဥပနိသယအတိုင်း နှိုက်နှိုက်ချွတ်ချွတ် မေးမြန်းလေရာ ဗင်းဆင့်ထ် ခမျာမှာ အတော်ပင် နေမထိထိုင်မသာ ဖြစ်သွားပေလိမ့်မည်။ စင်စစ် ဗင်းဆင့်ထ် ကိုယ်တိုင် မြန်မာအကြောင်းကို ယောအတွင်းဝန်ထက်ပင် နှိုက်နှိုက်ချွတ်ချွတ် မေးမြန်း၍ စာအုပ်ရေးသားခဲ့သည်။ သို့သော် သူ့ကိုပြန်၍ နှိုက်နှိုက်ချွတ်ချွတ် မေးသောအခါ ကြိုက်ဟန်မတူချေ။ ဤအချက်ကို အာဃာတထား၍ ဗင်းဆင့်ထ် သည် ယောအတွင်းဝန်၏ ပုဂ္ဂလိကအတွင်းရေးတို့ကို စုံစမ်းသွားသည်။ သို့သော် ၎င်းစုံစမ်း၍ရသော သတင်းစကားတို့မှာ ယောအတွင်းဝန်ကို မလိုသော သူတို့ ထံမှ သတင်းစကားများ ဖြစ်ဟန်တူသည်။ အဖျင်းအတင်းတို့ကို စုဆောင်း၍ သတင်းအဖြစ်ဖြင့် ဗင်းဆင့်ထ်က ရေးလိုက်သည်မှာ ယောအတွင်းဝန်သည် ကောက်ကျစ်စဉ်းလဲသော နိုင်ငံရေးသမား ဖြစ်သည်။ ဘုရင့်အခွန်အကောက်တော် များကို စာရင်းပြရာ၌ ယွင်းမှား၍ ပြသောကြောင့် ဥရောပတိုက်သားတို့နှင့် လုပ်ငန်းဆက်ဆံရာတွင် မဆက်ဆံရလေအောင် ဘုရင်မင်းမြတ်က တားမြစ်ထား ရသည်။ ယခင်တစ်ခါကလည်း ယောအတွင်းဝန်သည် ၎င်း၏ အလုပ်ဝတ္တရား များကို အခြားအတွင်းဝန်တစ်ဦးထံသို့ လွှဲပြောင်းပေးအပ်ခဲ့ရသည် စသည်ဖြင့် ဖြစ်လေသည်။ စင်စစ် ယောအတွင်းဝန်ကဲ့သို့သော ပုဂ္ဂိုလ်မျိုးသည် ဗင်းဆင့်ထ် ထင်မြင်သော လူစားမျိုး မဟုတ်ချေ။ မြန်မာမင်း အုပ်ချုပ်ရေးအကြောင်းကို ကျွမ်းကျင်နားလည်သော အင်္ဂလိပ်တို့၏ မှတ်တမ်းများတွင် ယောအတွင်းဝန်သည် ရှေ့ပြေးမင်းကြီးအဖြစ်ဖြင့် အုပ်ချုပ်ရေးစနစ်ကို ဥရောပတိုက် အုပ်ချုပ်ရေး စနစ်မျိုး နှင့် အလားတူအောင် ပြုပြင်ရန် ခေါင်းမာမာနှင့် ကြိုးပမ်းခဲ့သည်ကို ဖော်ပြထား သည်။

ဗင်းဆင့်ထ်က ယောအတွင်းဝန်သည် ၎င်းအား နိုင်ငံရေးအရ စုံစမ်းမေးမြန်း နေသည်ဟု အထင်ရောက်၍ ယောအတွင်းဝန်အပေါ်တွင် စိတ်ကွက်သည်။ စင်စစ် ယောအတွင်းဝန် မေးမြန်းသည်မှာ မေးမြန်းထိုက်သည်။ အဘယ်ကြောင့် ဆိုသော် ဗင်းဆင့်ထ်သည် မြန်မာနိုင်ငံမှ ထွက်ခွာ၍ **ယိုးဒယား**နိုင်ငံသို့ ရောက်

http://www.cherrythitsar.org



သောအခါ မြန်မာဘုရင်၏ မကောင်းသတင်းတို့ကို **ယိုးဒယား** ဘုရင်ဦးသျှောင် အဖွဲ့ဝင် **ချောင်းဖျားရှရီဆုရိဝေါင်ဆေး**[၁] အား ပြောကြားခဲ့သောကြောင့်တည်း။

သို့သော် ဗင်းဆင့်ထ်၏ သတင်းထောက်လှမ်းချက်ကို ဆင်ခြင်ကြည့်လျှင် ယောအတွင်းဝန်၏ ပတ်ဝန်းကျင်တွင် မလိုတမာသဘောဖြင့် ကုန်းချောလေ့ရှိသော အရာရှိအရာခံလူတန်းစားများ ဝန်းရံလျက်ရှိသည်မှာ သိသာလောက်ပေသည်။

# ဘာသာပြန် လောကဓာတ် ဆေးကျမ်း

ယောအတွင်းဝန်သည် ထိုကဲ့သို့ နိုင်ငံခြားဆက်ဆံရေးကို ဆောင်ရွက်ရသည့်အပြင် အခြားပြည်တွင်းရေးဆိုင်ရာ ကိစ္စတို့ကိုလည်း ဆောင်ရွက်ရသည်။ ကနောင်မင်းသားကြီး လုပ်ကြံခံရပြီးနောက် ၎င်းတည်ထောင်ခဲ့သော ဒင်္ဂါးစက်ရုံ အစရှိသော စက်မှုလက်မှု အလုပ်ရုံပေါင်း ငါးဆယ်ကျော်တို့ကို ကြီးကြပ်အုပ်ချုပ်လာသည့် အခါ မြန်မာတို့အတွက် အနောက်နိုင်ငံပညာရပ်များကို ဖြန့်ဖြူးပေးရန် ယောအတွင်းဝန်၌ တာဝန်ရှိလာပြန်သည်။ အထူးသဖြင့် စက်မှုလက်မှုနှင့် စပ်လျဉ်းလာလျှင် မြန်မာတို့သည် ခေတ်မီသိပ္ပံပညာရပ်များ၌ ကျွမ်းကျင်ရမည် ဖြစ်သည်။ ဤလိုအင်ဆန္ဒ ပြည့်ဝလေအောင် ယောအတွင်းဝန်သည် ဖန်ချက်ဝန် မင်းထင်ပညာသိဒ္ဓိကျော်နှင့် တွဲဖက်၍ ပြင်သစ်ခေါ် ရှမိ၊ အင်္ဂလိပ်ခေါ် ကင်မစ္စတြီမည်သော ကျမ်းကို လောကဓာတ်ဆေးကျမ်းကြီးဟူသော အမည်ဖြင့် ၁၂၃၀ ပြည့်၊ ဝါခေါင်လဆန်း ၄ ရက်နေ့၌ ရေးသားစီရင်သည်။ (ဤမင်းထင် ပညာသိဒ္ဓိကျော်ဘွဲ့သည် ဖန်ချက်ဝန် ရှေးဦးရရှိသောဘွဲ့ ဖြစ်ဟန်တူသည်။) ထိုလောကဓာတ်ဆေးကျမ်းကြီးကို ဓာတုပြဒါးသဓာတ်ကျမ်းကြီးနှင့် တွဲဖက်၍ နှစ်စောင်တွဲအနေဖြင့် ရန်ကုန်မြို့ ဝံသာရက္ခပိဋကတ် စာပုံနှိပ်တိုက်က ၁၂၉၀ ပြည့်နှစ်တွင် ရိုက်နှိပ်ထုတ်ဝေသည်။ မျက်နှာဖုံးတွင် လောကဓာတ် ဆေးကျမ်းကြီးနှင့် ဓာတုပြဒါးသဓာတ်ကျမ်းကြီး နှစ်ခုစလုံးကို ယောမြို့စား ရွှေပြည်ဝန်ကြီး မြန်မာဘာသာပြန်ဆိုဘိသကဲ့သို့ ဖော်ပြသည်။

သို့သော် ဓာတုပြဒါးသဆေးကျမ်း ပထမတွဲ နိဂုံးစကားချုပ်၌ '၎င်းဆိုခဲ့သောဓာတ်ချက်ပုံ ကျိုပုံများကို ကင်းဝန်မင်းကြီး အိမ်ဦးတွင် ရွှေတိုက်ကြပ်မင်း ဦးမျူး၊ စစ်ကိုင်းတောင်ရိုးဆရာတော် ဦးဂုဏ၊ ပုပ္ပားဆရာကြီး ဖော်ဂျီဗိုလ်၊ မီးဘာစျေး

---

၁။ Chow Phya Sri Wongse.

http://www.cherrythitsar.org



လုပ်ရပ် ဆရာကြီး ဦးဗလ၊ ပင်း နတ်မောက်ဆရာကြီး ဦးကျော်လွန်းတို့ စုံညီညှိနှိုင်းတိုင်ပင်ပြီးလျှင် ဓာတ် ၉ ပါး ကစားပုံ၊ ရိက္ခာထောက်ဓာတ်တွဲပုံ၊ လှော်ပုံ၊ ဓာတ်ဖမ်းပုံများကို နောက်ဆက်လက် လုပ်ဆောင်ရမည့် ဒုတိယကဏ္ဍ ဓာတုပြသံသကျမ်းတွင် မှတ်သားရန် ပါရှိလိမ့်မည်' ဟူသော စကားကို ထောက်သော် ဓာတုပြသံသကျမ်းသည် ယောအတွင်းဝန် ဘာသာပြန်သော ကျမ်းဟုတ်ပါလေစ ဟု တည်းဖြတ်သူ၌ သံသယဖြစ်မိသည်။ ဓာတုပြသံသကျမ်းမှာ မူရင်း သက္ကတမှ လာသော ကျမ်းဖြစ်သည်။ ထိုကျမ်းသည် လောကဓာတ် ဆေးကျမ်းကြီးကို ဘာသာပြန်ရာ၌ အထောက်အပံ့ဖြစ်ပေလိမ့်မည်။ ထိုကျမ်း၌ပါသော အင်္ဂရိတ်ဆိုင်ရာ ဝေါဟာရတို့ကို လောကဓာတ်ဆေးကျမ်းကြီး၌ တွေ့ရှိနိုင်သည်။ ကက်မစ္စတြီ ကျမ်းကို ယောအတွင်းဝန် ဘာသာပြန်ဆိုပုံမှာ ကျစ်လျစ်သိပ်သည်း၍ တိကျ သော သဘောရှိသည်။

ခဲရာခဲဆစ် သိပ္ပံပညာဝေါဟာရတို့ကို မြန်မာသုံး အင်္ဂရိတ်ကျမ်းတို့၌ ရှိပြီးဖြစ်သော ဝေါဟာရတို့နှင့် ညှိနှိုင်း၍ ဘာသာပြန်သည်။ ပါဠိနှင့် သက္ကတကို ကျွမ်းကျင်သူဖြစ်သည့်အလျောက် အခဲကို ဃန၊ အရည်ကို ဒဝ၊ အခိုးကို ဓုမ၊ ဒြပ်စင်ကို သုဒ္ဓ၊ ဒြပ်နှောကို ဝိလီန၊ ဒြပ်ပေါင်းကို မိဿက၊ လျှပ်စစ်ဓာတ်ကို အက္ခဏိက၊ အဖိုကို ဓန၊ အမကို ဏ္ဏဏ၊ အောက်ဆီဂျင်ကို ရီတိဇ စသည်ဖြင့် ဘာသာပြန်ထားသည်။

ထိုခေတ်က အများနှစ်ခြိုက်စွာ လက်ခံနိုင်သော ဘာသာပြန်နည်းပင် ဖြစ်သည်။ ထိုကဲ့သို့သော ဘာသာပြန်အဆင့်အတန်းကို ယခုခေတ်၌ ပြန်ပြောင်း၍ ကြည့်လျှင် ယောအတွင်းဝန်၏ ခေတ်သည် အနောက်တိုင်းပညာရပ်များ စတင်ဖွံ့ဖြိုးလာသော ခေတ်သစ်တစ်ရပ်ဖြစ်သည်ကို တွေ့ကြရလိမ့်မည်။

## မြန်မာကြေးနန်း

ဤအချက်ကို ထပ်မံ၍ အတည်ပြုသော အဖြစ်သနစ် တစ်ရပ်မှာ လိပိဒီပိကာ ကျမ်းကို ယောအတွင်းဝန် ပြုစုခြင်းပင် ဖြစ်သည်။ ကနောင်မင်းသားကြီးနှင့် ယောအတွင်းဝန်တို့ ပူးပေါင်း၍ ကြေးနန်းဆက်သွယ်ရေးတို့ကို တီထွင်အသုံးပြုရာ၌ ကြေးနန်းရိုက်နည်းကို မြန်မာအလုပ်သမားတို့အတွက် တီထွင်ပေးရမည် ဖြစ်သည်။ ထို့ကြောင့် မြန်မာသင်ပုန်းကြီးတွင် အခြေခံသော ဗျည်း၊ သရနှင့် သင်္ကေတ ပေါင်း ၆၂ မျိုးကို သဘောတူရာ စုပေါင်း၍ အတိုနည်းဖြင့် ဗျည်း သရ ၂၅ မျိုးကိုသာ အသုံးပြုသော ကြေးနန်းရိုက်ကြားနည်းကို ယောအတွင်းဝန်ကိုယ်တိုင် တီထွင်သည်။

http://www.cherrythitsar.org



ထိုတီထွင်သောစနစ်ကို ၁၂၃၁ ခုနှစ်၌ စီရင်သော လိပိဒီပိကာကျမ်း၌ ဖော်ပြသည်။ ထိုကျမ်းကို မန္တလေး၌ ရုံးစိုက်သော ဗြိတိသျှနိုင်ငံရေး ကိုယ်စားလှယ် မေဂျာမက္ကမေဟန်သည် ခရစ်နှစ် ၁၈၇၀ ပြည့် အောက်တိုဘာလ ၁၅ ရက် (၁၂၃၂ ခုနှစ်) တွင် အင်္ဂလိပ်ဘာသာ ပြန်ဆိုသည်။ ထိုသို့ ပြန်ဆိုသော အင်္ဂလိပ် ဘာသာကျမ်းတွင် ဘာသာပြန်သူက ယောအတွင်းဝန်ကို အကျီတွင်းဝန် ယော မြို့စားမင်းကြီး မင်းလှ မဟာစည်သူဟု ညွှန်းဆိုရေးသား၍ တီထွင်တတ်သော ဉာဏ်ကို ချီးကျူးထားသည်။

သို့ရာတွင် ကမ္ဘာပေါ်ရှိ ဘာသာရပ်တို့သည် ပါဠိ မဂဓဘာသာ၌သာလျှင် အရင်းခံရှိကြောင်းနှင့် ယောအတွင်းဝန်က ရေးသားဖော်ပြသည်ကို ရည်ညွှန်း၍ ဘာသာဗေဒအရာ၌ ယောအတွင်းဝန်၏ အယူအဆတို့ကို နိုင်ငံခြားပညာရှင်တို့ ချီးကျူးရန် ခဲယဉ်းလိမ့်မည်ဟူသော သဘောမျိုးဖြင့် ဝေဖန်ထားသည်။ ထိုခေတ် ၌ ထွန်းကားနေသော အနောက်နိုင်ငံ ဘာသာဗေဒပညာရှင်တို့သည် ယောအတွင်းဝန် ၏ အယူအဆကို လက်ခံရန် ဝန်လေးကောင်း ဝန်လေးကြပေလိမ့်မည်။ သို့သော် ထိုအယူအဆမှာ ယောအတွင်းဝန်၏ အတ္တနောမတိ မဟုတ်ချေ။

မဇ္ဈိမဒေသမှလာသော ဘာသာဗေဒကျမ်းများအရ ရှေးရိုးစဉ်ဆက်မပျက် ယူဆခဲ့သော အယူအဆဖြစ်သည်။ မျက်မှောက်ခေတ် ဘာသာဗေဒပညာရှင် တို့သည် ယင်းပညာရပ်ကို တိကျသော သိပ္ပံပညာနည်းစနစ်တို့နှင့် ယှဉ်၍ လေ့လာခဲ့ကြရာ သက္ကတ၊ ပြကရစ်၊ ပါဠိစသော ဘာသာစကားတို့သည် အာရိယန် အနွယ်များဖြစ်ကြ၍ ယင်းအနွယ်သည် ကဲလတစ်အနွယ်၊ ဂျာမနစ် အနွယ်၊ အီတလီ (လက်တင်) အနွယ်၊ ဂရိအနွယ် စသည်တို့နှင့်အတူ အင်ဒို ဥရောပ ဘာသာ အုပ်စုကြီးထဲ၌ အကျုံးဝင်ကြောင်း လက်ခံလျက် ရှိနေကြလေပြီ။ ထို့ကြောင့် ယောအတွင်းဝန်သည် အရှေ့တိုင်းဘာသာဗေဒ အစဉ်အလာအတိုင်း ယူဆခဲ့ သည်မှာ အကြောင်းယုတ္တိကင်းမဲ့သည်ဟု မဆိုသာချေ။

## သဒ္ဒသင်္ဂဟကျမ်း

ယောအတွင်းဝန်၏ ခေတ်၌ အနောက်တိုင်း ဝိဇ္ဇာနှင့် သိပ္ပံပညာတို့သည် မြန်မာ့ ဂန္ထဝင်ထဲသို့ ချင်းနင်းဝင်ရောက်လာသည်။ ခေတ်နှင့်လျော်စွာ ဤသို့ ဝင်ရောက် လာခြင်းကို ယောအတွင်းဝန်သည် မပယ်ချေ။ သို့သော် ထိုချင်းနင်းဝင်ရောက်မှု ကြောင့် မြန်မာ့ရိုးရာ ပျက်မသွားရအောင် ထိန်းသိမ်းသည်။ နိုင်ငံခြားမှရသော အသိဉာဏ်တို့ကို မြန်မာ့ပစ္စည်း ဖြစ်အောင် ကြံဆောင်သည်။

http://www.cherrythitsar.org



ထို့ကြောင့် တစ်ဘက်၌ နိုင်ငံခြားပညာတို့ကို မြန်မာဆန်အောင်ပြုလုပ်၍ အခြားတစ်ဘက်၌ကား မြန်မာ့ရိုးတွင်းခြင်ဆီ၌ စွဲ၍နေသော လောကီပညာများကို ပြန်လည်ထုတ်ဖော်သည်။ ၁၂၃၁ ခုနှစ်၌ပင် ဘုရင့်အမိန့်တော်အရ ယောအတွင်းဝန် ပြုစုသော အဿဘေဒကျမ်းက ကောင်းစွာ သက်သေခံသည်။ အဿဘေဒကျမ်းမှာ မြင်းတို့၏ ဗွေကြန်လက္ခဏာကို ပြဆိုသော ကျမ်းဖြစ်သည်။

ထို့ပြင် ထို ၁၂၃၁ ခုနှစ်၌ ယောအတွင်းဝန်သည် 'သက္ကတဘာသာ၊ မဂဓဘာသာ သဒ္ဒါကျမ်းအမျိုးမျိုးတို့မှ စကားချင်း ထပ်သည်တို့ကို ပယ်နုတ်ပြီးလျှင် သွတ်သွင်းသင့်သည့် ထေရာဝါဒတို့ကို သွတ်သွင်း၍ အရှင်ဗုဒ္ဓယောသသည် သင်္ဂဟ အဌကထာကို ရေးသား စီရင်တော်မူသကဲ့သို့ သဒ္ဒသင်္ဂဟမည်သော ကျမ်း'ကို စတင်ရေးသားသည်။ ၁၂၃၅ ခုနှစ်ရောက်မှပင် ပြီးသည်။ ဤ၌ 'သွတ်သွင်းသင့်သည့် ထေရာဝါဒကို သွတ်သွင်း၍' ရေးသားစီရင်သည်မှာ မင်းတုန်းမင်းတရားကြီး ကြံစည်အားထုတ်နေဆဲ ဖြစ်သော သင်္ဂါယနာတင်လုပ်ငန်းနှင့် လွန်စွာ ညီညွတ်သည်။ ယောအတွင်းဝန်သည် သင်္ဂါယနာတင်ခြင်းကို ရည်စူး၍ ရေးလေသလော တပ်အပ်သေချာ မသိရလေ။

သဒ္ဒသင်္ဂဟကျမ်းနှင့် စပ်လျဉ်း၍ မဟာဝိသုဒ္ဓါရုံဆရာတော် အရှင် ဦးဝိသုဒ္ဓါစာရက ဆိဒ္ဓဝိစာနနီကျမ်းတွင် ဝေဖန်ရေးသားသော အဆိုအမိန့်တစ်ရပ် ရှိပါသည်။ ထိုအဆိုအမိန့်အရ ယောအတွင်းဝန်သည် ပထမရွှေကျောင်သာသနာပိုင် ရွှေကျောင်ဆရာတော် အရှင်ဦးဇာဂရထံ ထိုကျမ်းကို ပြင်ဆင်သုတ်သင်ပေးပါရန် ချဉ်းကပ်တောင်းပန်သည်။ ထိုအခါ ရွှေကျောင်ဆရာတော်က 'နောင် အသုံးကျမည့်စာမဟုတ်' ဟု ယူဆပြီးလျှင် ပြင်ဆင်ပေးခြင်း မပြုဘဲ နောင်အခါတွင် ဒုတိယ ရွှေကျောင်သာသနာပိုင် ဖြစ်လတ္တံ့သော မဟာဝိသုဒ္ဓါရုံဆရာတော်ထံ လွှဲသည်။

ထိုအခါ မဟာဝိသုဒ္ဓါရုံဆရာတော်သည် 'ကြိယာ ကာရက ရှေ့နောက် ပုဒ်ထား ပါဌ်နေကို' ပြင်ပေး၏။ ဤသည်တွင် ပြင်ပြီးသမျှကို ချိုးမွမ်း၍ နောက်ထပ် 'နာမ်ကို ပြင်ပါဦး' ဟု တောင်းပန်ပြန်သောအခါ 'ပုဒ်နေပါဌ်သွား အနေအထား နေရာမကျ ကယောက်ကယက် ရှိလှ၍' မပြင်ဘဲထားရာ မူလကျမ်းပြုသူစာမူကို ပြန်ယူသွားလေသည်။ မဟာဝိသုဒ္ဓါရုံဆရာတော်က 'ပါဌ်ကိုမှ အနက်မှန်အောင် မပေးတတ်' ဟု ဝေဖန်သည်။ ဤစကားရပ်တို့မှာ ဆရာနှင့် ဒကာ ဘွင်းဘွင်းပြောဆိုသော စကားမျိုးဖြစ်သည်။

ဤအချက်ကို မဟာပညာဗလ ဆရာညဏ်အား ကျွန်တော် မေးမြန်းသောအခါ ယောအတွင်းဝန်သည် သက္ကတကို အလွန်ပိုင်နိုင်ကျွမ်းကျင်ကြောင်း၊ သို့သော် သဒ္ဒသင်္ဂဟကျမ်းကို ပြုစုရာ၌ ပါဠိသက္ကတ ရောရာဖြစ်နေကြောင်း၊

http://www.cherrythitsar.org


ပါဠိဂတိ မမှန်ကြောင်း ထို့ကြောင့် မဟာဝိသုဒ္ဓါရုံ ဆရာတော်က ထိုကဲ့သို့ ဝေဖန်ခြင်းဖြစ်ကြောင်း အမိန့်ရှိပါသည်။ ဂတိဆိုသည်မှာ စကားအသွားအလာ အထားအသို ဖြစ်သည်။ ကျွန်ုပ်တို့ တိုင်းရင်းမြန်မာစကားကို တိုင်းတစ်ပါးသားတို့က ရေးသားပြောဆိုကြသောအခါ စကားအသွားအလာ အထားအသို မမှန်သည်ကို သတိပြုမိကြပါလိမ့်မည်။ ထိုနည်းတူစွာ ကျွန်ုပ်တို့က နိုင်ငံခြားဘာသာစကား တစ်ရပ်ရပ်ဖြင့် ရေးသားပြောဆိုသောအခါ၌လည်း ကျွန်ုပ်တို့၏ အသုံးအနှုန်း အစီအရင်တို့သည် မမှန်မကန် ဖြစ်တတ်ပါသည်။ ဤသဘောမျိုးကို ဂတိ မမှန် ဟု ဆိုကြပါသည်။

မဟာဝိသုဒ္ဓါရုံဆရာတော်က ထိုကဲ့သို့ ဝေဖန်သော်ငြားလည်း သဒ္ဒသင်္ဂဟ ကျမ်းကို ပညာရှိတို့က လုံးဝလက်မခံသော ကျမ်းဟု မဆိုနိုင်ပါ။ မဟာပညာဗလ ဆရာညဏ်၏ အလိုအတိုင်း ပြောရလျှင် ထိုကျမ်းသည် သောတုဇနတို့အတွက် အလွန်တန်ဖိုးရှိပါသည်။ သို့သော် ထိုကျမ်းသည် တိမ်ဖုံးသော လပမာ မထင်မရှား ဖြစ်ခဲ့သည်။ ကျမ်းအိပ်နေသည်ဟု ဆိုကြပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံ ဗုဒ္ဓသာသနအဖွဲ့က ထိုကျမ်းကို ပြန်လည်ထုတ်ဖော် ပုံနှိပ်၏။ ယင်းသို့ ပုံနှိပ်ထုတ်ဝေရာတွင် မဟာပညာဗလ ဆရာညဏ်က နိဒါန်းရေးသည်။ မူလက ဤအကြောင်းခြင်းရာတို့ကို နှိုက်နှိုက်ချွတ်ချွတ် ရှာဖွေမေးမြန်းရန် အချိန်မရခဲ့ပါ။ ယခုမှပင် ပြည့်စုံအောင် ထပ်မံဖြည့်စွက် အစီရင်ခံရပါသည်။

## သင်္ဂါယနာတင် အကြို

၁၂၃၁ ခုနှစ်၊ တန်ဆောင်မုန်းလတွင် ရန်ကုန်မြို့၌ တောရဆရာတော် ဦးပြား အမှူးရှိသော ဂုဏ်သရေရှိ လူကြီးတို့သည် ရွှေတိဂုံစေတီတော်ကြီးကို ထီးတင်ရွှေချရန် တိုင်ပင်ကြရာ ထိုဒါနကုသိုလ်ကို သာသနာ့ဒါယကာ မဟာဓမ္မရာဇ် မင်းမြတ်က ပဓာနပြု၍ လုပ်ဆောင်သင့်ကြောင့်ဖြင့် ကုန်သေးတန်း (ယခုအခေါ် ကုန်စျေးတန်း) ရပ်နေ လူကြီးတို့က အကြံပေးကြသည်။ ထိုအကြံကို အများသဘောတူသဖြင့် ပုဆိုးတန်းရပ်နေ ကျောင်းဒကာ ဦးထွန်းအောင်သည် မန္တလေးသို့ ဆိုက်ရောက်လာပြီးလျှင် အဆိုပါ အကြံပေးချက်အတိုင်း ရွှေသေတ္တာငယ်ဖြင့် ထည့်သွင်း ပေးအပ်သော တင်လျှောက်ကို ယောအတွင်းဝန်က လက်ခံ သိမ်းယူရသည်။ ၁၂၃၃ ခုနှစ်တွင် မင်းတုန်းမင်းတရားသည် ထီးတော်ကို ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်သို့ တင်လှူရန် ပုပ္ပားဝန်ထောက်ကို စေလွှတ်၍ ထိုနှစ် နတ်တော်လပြည့်နေ့တွင် ထီးတော်တင်ကိစ္စ ပြီးစီးအောင်မြင်သည်။

http://www.cherrythitsar.org


မင်းတုန်းမင်းတရားကြီးသည် သင်္ဂါယနာတင် အခမ်းအနားကို ကြိုတင်ပြင်ဆင်သောအားဖြင့် အလှူဒါနများကို ပြုလုပ်နေဆဲတွင် ယောအတွင်းဝန်သည် နိဗ္ဗာန်အကြောင်း စာတမ်းကို ရေးသားဆက်သွင်းရသည်။ အလင်္ကာနိဿယ 'အတ္ထုပ္ပတ္တိ' နိဒါန်းတွင် ထိုစာတမ်းကို ၁၂၃၁ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၄ ရက်နေ့၌ ရေးသားပြီးစီးသည်ဟု ဆိုသည်။ သို့ရာတွင် ၁၂၆၇ ခုနှစ်၊ ရန်ကုန်မြို့၊ လမ်းမတော် မြန်မာ့သြဘာ စာပုံနှိပ်တိုက် ဆရာမောင်ပန်းဦးက ထိုစာတမ်းကို ပုံနှိပ်ထုတ်ဝေရာ '၁၃၂၃ ခု၊ ပြာသိုလပြည့်ကျော် ၄ ရက်နေ့တွင် ကျမ်းပြီး၏' ဟု ပြဆိုထားသည်။

## အုပ်ချုပ်ရေးစနစ် တစ်ဆင့်တိုးတက်ပြောင်းလဲခြင်း

ယခင်က ပြဆိုခဲ့သည့်အတိုင်း နိုင်ငံခြားဆက်ဆံရေးတို့သည် ၁၂၃၂ ခုနှစ်အတွင်း များစွာ တိုးတက်လာသည်။ ထိုနှစ်တွင် ဗြိတိသျှပိုင် မြန်မာနယ်စပ်ဒေသမှ မြန်မာဘုရင်မင်းမြတ်၏ နေပြည်တော် မန္တလေးမြို့သို့ ကြေးနန်းဆက်သွယ်ရာ ပြီးစီးလုနီး ဖြစ်ခဲ့သည်။ အင်္ဂလိပ်နှင့် ဆက်ဆံရေး ပြေပြစ်လာသောအခါ မြန်မာဘုရင်၏ အုပ်ချုပ်ရေးစနစ်သည် တစ်ဆင့်တိုးတက်ပြောင်းလဲလာခဲ့ပြန်သည်။ ထိုနှစ်တွင် နောင်သောအခါ၌ ဝေပုံဌာနဟု တွင်လတ္တံ့သော လွှတ်တော်ဝန်ကြီးဌာနကို လေးဌာနခွဲ၍ အုပ်ချုပ်ရေးစနစ်ကို ပြုပြင်သည်။ ထိုပြုပြင်ချက်အရ ခန်းပတ်ဝန်ကြီးကို လက်အလုပ်ဌာန (ယခုခေတ်အခေါ် ပြည်သူ့လုပ်ငန်းဌာန)၊ မြို့သာမြို့ဝန်ကို သေနတ်၊ အမြောက်၊ မြင်းအစု ပါဝင်သော ကာကွယ်ရေးဌာန၊ ကနီအတွင်းဝန်ကို လယ်ယာစိုက်ပျိုးရေးဌာန၊ ပုဂံဝန်ထောက်ကို ရွှေတိုက်ဌာန (ယခုခေတ်အခေါ် ဘဏ္ဍာရေးဌာန) ဟူ၍ လေးဌာနခွဲ၍ ဝန်လေးဦးက အုပ်ချုပ်စေသည်။ ထိုအုပ်ချုပ်ရေးလေးဌာနအတွက် နန်းတော်အတွင်း၌ အဆောက်အအုံလေးခုကို တည်ဆောက်သည်။ ဤကဲ့သို့သော ပြုပြင်ပြောင်းလဲရေးတို့တွင် ယောအတွင်းဝန်သည် မည်သည့်အခန်းကဏ္ဍမှနေ၍ ဦးစီးခေါင်းဆောင် ပြုသည်ကို ရာဇဝင်မှတ်တမ်းများ၌ အထင်အရှား မတွေ့ရသော်လည်း ဘုရင်မင်းမြတ်၏ အတိုင်ပင်ခံအဖြစ်ဖြင့် ယောအတွင်းဝန်၏ အကြံအစည်တို့သည် ပြုပြင်ပြောင်းလဲရေးကိစ္စတို့နှင့် ဆက်စပ်နေလိမ့်မည်။

http://www.cherrythitsar.org



# ဗျစ်နှင့် နန်းတွင်းကုန်းချောမှု

၁၂၃၃ ခုနှစ်မှာ ပဉ္စမသင်္ဂါယနာတင်သောနှစ် ဖြစ်၍ နန်းတွင်း၌ သာသနာ့ကိစ္စ လွန်စွာ အလုပ်များသည်။ ထို့ကြောင့် မင်းတုန်းမင်းတရားသည် ၁၂၃၃ ခု၊ တန်ဆောင်မုန်းလတွင် ယောအတွင်းဝန်ကို စလင်းမြို့သို့ စေလွှတ်တော်မူသည်။ စေလွှတ်တော်မူရသည့်ကိစ္စမှာ ပုဂံပြည်ကျော်စွာမင်း တည်ထားခဲ့သော ဘုရား တစ်ဆူကို ပြင်ဆင်ရန် ဖြစ်သည်။ သို့သော် စလင်းသို့အသွား မြင်းခြံသို့အရောက် တွင် ယောအတွင်းဝန် ရွှေပြည်ဝန်သည် မင်းမျက်သင့်ရပြန်သည်။

ဤအကြောင်းကို မော်ဘီဆရာသိန်းကြီးက မင်းတုန်းမင်းတရားကြီး၏ စာတော်ဖတ်မင်း ဦးအုံ့ပြောပြသော အမှတ်အသားဟူ၍ မှတ်တမ်းတင်ထားသည်။ ထိုမှတ်တမ်းအရ ဤသို့ဖြစ်သည်။

ရွှေပြည်ဝန်ကြီးသည် မြင်းခြံမြို့သို့ ရောက်သောအခါ စကားစပ်လျှင်းမိ သည်နှင့် ဗျစ်ရည်သည် ဆေးခါးကြီးရေနှင့် တူကြောင်း၊ ဆေးအဖြစ် အနည်းငယ် သောက်သော် အပြစ်မရှိကြောင်း၊ သို့သော် များစွာသောက်သော် မူးယစ်တတ်ခြင်း ကြောင့် အပြစ်မကင်းကြောင်း စသည်ဖြင့် ပြောကြားသည်။ ဤစကားသည် အထောက်တော် တောင်ထားဝယ်ဗိုလ်၏ နားသို့ ပေါက်လေ၏။ ထိုအခါ စကား အချိတ်အဆက် အနက်အဓိပ္ပာယ်တို့ကို ဘာမျှသိဟန်မတူသော တောင်ထားဝယ်ဗိုလ် သည် မင်းတုန်းမင်းတရားကို အကြောင်းစုံ တင်လျှောက်လေသည်။ ထို့ကြောင့် မင်းတုန်းမင်းတရားသည် ရွှေပြည်ဝန်အား ချက်ချင်းဆင့်ခေါ်၍ မေးမြန်းလေ သည်။ ရွှေပြည်ဝန်လည်း မကွယ်မထောင့် မှန်ရာကို အစစ်ခံသည်။ 'မှန်ပါ၊ ဗျစ်ရည်သည် အနောက်နိုင်ငံ ဆေးကျမ်းအလိုအားဖြင့် ဆေးခါးကြီးရေ ဖြစ်ပါ သည်။ အသင့်အတင့် သုံးပါက လေကို နိုင်ပါသည်။ ရင်ချောင်ပါသည်။ စားသောက်၍ မြိန်ရှက်ပါသည်။ လွန်စွာသောက်လျှင် မူးစေတတ်ပါသည်' ဟု တင်လျှောက်၏။

ထိုအခါ မင်းတုန်းမင်းတရားက 'မောင်မင်း တင်လျှောက်သည်ကား ဟုတ်တန် ရာ၏။ မောင်မင်းပညာရှိဖြစ်သောကြောင့် ပြောဖွယ်မရှိ၊ သို့သော် နိုင်ငံတွင်းရှိ ကျွန်တော်မျိုးတို့သည် မောင်မင်းလို ပညာရှိမဟုတ်၊ ရွှေပြည်ဝန်ကြီးက အရက် သောက်လျှင် အပြစ်မရှိဘူးတဲ့ဟေ့ဟု ၎င်းတို့လိုရာအဓိပ္ပာယ်ကောက်လျှင် တစ်နိုင်ငံလုံး သောက်စား၍ အပါယ်သို့ သွားရာလမ်းကို ဖောက်ပေးသည်နှင့် မတူပေဘူးလား' ဟု အမိန့်ရှိကာ ရွှေပြည်ဝန်ကို အရာမှနုတ်၍ အမရပူရ၌ အကျယ်ချုပ်ထားလေသည်။

ဤအဆိုနှင့် အလားတူ အဆိုတစ်ရပ်ကို ပုဂံဝန်ထောက်ဦးတင်၏ မြန်မာမင်း အုပ်ချုပ်ပုံစာတမ်းတွင် တွေ့ရှိရသည်။ မင်းတုန်းမင်းတရားသည် အရေးတော်ပုံ အမျိုးမျိုးကို ကိုယ်တွေ့ကြုံရတော်မူဖူးသည်။ အထူးသဖြင့် အိမ်ရှေ့စံ ကနောင် မင်းသားကြီးအား လုပ်ကြံကြသော အမှုတွင် မင်းတရားကြီးသည် အချိန်မီ ကြိုတင် သတင်းမရခဲ့ချေ။ လုပ်ကြံခံရသူ ကနောင်မင်းသားကြီးပင်လျှင် လုပ်ကြံ မည့်နေ့သို့ ရောက်ခါမှ မြင်ကွန်းမြင်ခုန်တိုင်တို့၏ အကြံကို ရိပ်မိသိရှိရပြီး ထို အကြံကို တွန်းလှန်ခုခံရန် တိုင်ပင်နေဆဲ ခဏ၌ ရန်သူ့လက်တွင် ကျဆုံးခဲ့ရသည်။ ဤအချက်ကို အကြောင်းပြု၍ မင်းတုန်းမင်းတရားသည် နိုင်ငံတော်အတွင်း အဖြစ်အပျက် အရပ်ရပ်တို့ကို မင်းနား တစ်ထောင်ဖြင့် အချိန်မီ ကြားသိရလေ အောင် သတင်းထောက်လှမ်းသော အထောက်တော်စနစ်ကို တီထွင်သည်။ ဤ အချက်ကို သာဓက ပြလိုသော ပုဂံဝန်ထောက်မင်း ဦးတင်သည် မြန်မာမင်း အုပ်ချုပ်ပုံစာတမ်းတွင် ဤသို့ရေးသားထားခဲ့သည်။

'အတွင်းဝန် ယောမြို့စား ဦးဘိုးလှိုင် အရာမှ ကျသည်မှာလည်း ထောက်လှမ်း ချက် စကားအရပင် ကျရခြင်း ဖြစ်သည်။ ဦးဘိုးလှိုင်သည် ကိုယ်တိုင် အရက် သောက်သည့်ပြင် မူးယစ်အောင် များစွာ မသောက်လျှင် အပြစ်မရှိဟု အခြား လူများကိုလည်း ပြောကြားသည့်အတွက် ဖြစ်သည်။ ရှင်ဘုရင်က စစ်ဆေးသည့် အခါ၌လည်း အောက်ပါအတိုင်း ပြန်လှန်တင်လျှောက်သည်။

'ဘုရားဟောရင်း ပါဠိတော်မှာ ဘာဝိတံဝါဗဟုလီဂတံဝါ ပါသည်ကို ထောက် ထား၍ ပွားများစွာ အကြိမ်များစွာ သောက်၍ မူးယစ်မှ အပြစ်ရှိကြောင်း၊ သုရာမေရယမှာ ကမ္မပထမပါ၊ သုရာမေရယမှုကို ကာမေသုမိစ္ဆာစာရ သိက္ခာပုဒ် အတွင်း ထည့်သွင်း ကောက်ယူရကြောင်း၊ ဆေးနှင့်ရော၍ သောက်လျှင် ဆေး အဖြစ် မျှတရုံသောက်လျှင် အပြစ်မရှိဟု တင်လျှောက်သည်။ ခြောက်လလောက် ထောင်ကျခံရသည်။ သို့ရာတွင် မကြာခင် ရွှေပြည်ဝန် ခန့်သည်။ ဝက်မစွတ်ကို မြို့စားပေးပြန်သည်။'

အထောက်တော်တို့ဖြင့် ထောက်လှမ်းသောစနစ်သည် တိုင်းပြည်အုပ်ချုပ်မှု တွင် အထောက်အပံ့ပြုသည် မှန်၏။ သို့သော် တစ်ဖက်သောအစွန်းကို ကြည့်လျှင် မလိုသူတို့ ကုန်းချောစကားဖြင့် မတရားပြုရန် အခွင့်အလမ်းပေးသကဲ့သို့ ရှိသည်။ ထို့ကြောင့် အထောက်တော် နည်းလမ်းဖြင့် ရသောသတင်းကို စနစ်တကျ စစ်ဆေးရန် နည်းဥပဒေ သတ်မှတ်လုပ်ဆောင်ရန် လိုအပ်သည်။ သို့ရာတွင် ယောအတွင်းဝန်အဖြစ်ကို ကြည့်လျှင် ထောက်လှမ်း၍ရသော သတင်းကို သေချာ စွာ မစစ်ဆေးဘဲ မလိုသူတို့ လက်တို့၍ပြောစကားဖြင့်ပင် အပြစ်ပေးတတ်သည့်

http://www.cherrythitsar.org



အဖြစ်သနစ်ကို ခန့်မှန်းကြည့်နိုင်သည်။ ဤသဘောကို ထင်ရှားစေသောအရာမှာ အထက်မြန်မာပြည် ဂေဇက်တီးယားတွင် မှတ်တမ်းတင်သောအချက်တို့ ဖြစ်သည်။ ထိုမှတ်တမ်းပါ စကားတို့မှာ ဤသို့ဖြစ်၏။

'ယောအတွင်းဝန် မန္တလေးမှ ထွက်ပြီဟုဆိုလျှင်ပင် ၎င်း၏ရန်သူတို့သည် ဘုရင်မင်းမြတ်အား ကုန်းချောသောစကားကို ပြောကြားကြလေသည်။ ယောအတွင်းဝန်သည် အရက်သောက်လျှင် အပြစ်မရှိဟု ပြောလေ့ရှိကြောင်း၊ ၎င်းကိုယ်တိုင်လည်း အရက်သောက်ကြောင်း၊ မူးယစ်လာသောအခါ ဘုရင်မင်းမြတ်အား ဆန့်ကျင်သောစကားတို့ကို ပြောကြားကြောင်း စသဖြင့် ဆိုကြသည်။ ဘုရင်မင်းမြတ်သည် လွန်စွာ အမျက်ထွက်သည်နှင့် အမြောက်ဝန် မဟာမင်းခေါင်နော်ရထာကို စေလွှတ်၍ ယောအတွင်းဝန်ကို ဖမ်းဆီးစေသည်။ ဖမ်းဆီးရာအရပ်မှာ မြင်းခြံမြို့ဖြစ်၍ ၎င်းမြို့မှ မန္တလေးမြို့တော်သို့ အချုပ်နှင့် ခေါ်ဆောင်လာရသည်။ မင်းတရားကြီးသည် မှုခင်းတို့ကို မည်သို့မျှ စုံစမ်းစစ်ဆေးခြင်း မပြုဘဲ ယောအတွင်းဝန်အား ရာထူးမှချပြီးလျှင် အမရပူရတွင် အတန်ကြာမျှ အကျယ်နှင့် ထားလေသည်။ နောင်သောအခါ မင်းကြီးသည် စွပ်စွဲချက်တို့ မမှန်ကြောင်း ကြားသိလေသော် နောင်တရပြီးလျှင် ကံဆိုးသူအရာရှိအား မူလရာထူးဖြစ်သော ရွှေပြည်အတွင်းဝန်အဖြစ်ဖြင့် ပြန်၍ ခန့်အပ်သည်။

ယောအတွင်းဝန်သည် ပညာအရာ၌ ထက်မြက်သူ ဖြစ်သည်။ ပညာထက်မြက်သည့်အလျောက် လုပ်ရည်ကိုင်ရည်၌လည်း ပေါက်ပေါက်မြောက်မြောက်ရှိသည်။ ထို့ကြောင့်လည်း အသက်အရွယ်ငယ်ငယ်နှင့် ကြီးမားသော တာဝန်တို့ကို ထမ်းရွက်ခဲ့ရခြင်း ဖြစ်၏။ ဤထက်မြက်သော သဘောသည် ယောအတွင်းဝန်အဖို့ ရန်များရသော အကြောင်းဖြစ်သည်။ ရန်ပြုလိုသူတို့ ယောအတွင်းဝန် ၏ အရည်အသွေးကို အပြစ်မရှာနိုင်ကြချေ။ ထို့ကြောင့် မင်းတုန်းမင်းတရားကြီးက မကြိုက်ဘူးဟု ဆိုသော အရက်နှင့်ကိုင်၍ ပုဂ္ဂလဓိဋ္ဌာန်တိုက်ကြဟန်တူသည်။ ယောအတွင်းဝန်သည် ထိုမင်းကပ်စိုးမြှောင်တို့၏ ဘဝကို ကောင်းစွာနားလည်သည်။ နားလည်သည့်အလျောက် သည်းခံနိုင်သော စွမ်းရည်လည်းရှိသည်။ ရာဇဝင်၊ သမိုင်းမှတ်တမ်းတို့တွင် ယောအတွင်းဝန်က ၎င်းအား မကောင်းကြံသူ တို့ကို ရန်တုံ့မူသည်ဟု မတွေ့ရပေ။

မော်ဘီဆရာသိန်းကြီးသည် ယောအတွင်းဝန် ရွှေပြည်ဝန်ကြီး၏ အကြောင်းကို စုံစုံလင်လင် သိရှိထားပုံရသည်။ သို့ရာတွင် အတွင်းရေးအချို့တို့၌ ကာယကံရှင်တို့ စိတ်နှလုံး မနာကြည်းရလေအောင် ဝိနည်းရှောင်၍ ရေးသည်။ ယခုလည်း တောင်ထားဝယ်ဗိုလ်သည် 'ဆွံ့အ စကားမပီ ဖြစ်သောကြောင့်' ရွှေပြည်ဝန်အပေါ်၌ အမျက်တော်ထားရှိကြောင်းဖြင့် နှစ်ဖက်မျှသော စကားကို မှတ်တမ်း

http://www.cherrythitsar.org


တင်သည်။ သို့သော် ဆင်ခြင်ရန် ရှိသည်မှာ ကျော်စွာမင်း တည်ထားသော ဘုရားကို ပြင်ဆင် ရန် ကိစ္စသည် ဗျစ်ရည်ဆေးခါးကြီး ဖြစ်ရသော ကိစ္စထက် လွန်စွာကြီးကျယ်သော ကိစ္စဖြစ်ပါလျက်နှင့် ဒေါသအမျက်ထွက်၍ စလင်းကိုမှ မရောက်မီ မြင်းခြံမြို့မှ ချက်ချင်းပြန်ခေါ်သည်မှာ တော်ရုံတန်ရုံအကြောင်းကြောင့် ဟုတ်ဟန်မတူ။ တောင်ထားဝယ်ဗိုလ်၏ စကားကို အကျယ်ချဲ့၍ ကုန်းချော ကြသည့်သဘောကို စဉ်းစားရန် ရှိလေသည်။

မှော်ဘီဆရာသိန်း၏ မှတ်တမ်း၌ နောက်ဆက်တွဲအားဖြင့် ဖော်ပြပါရှိသည့် စကားကို ဆက်စပ်ကြည့်ပါလျှင် တောင်ထားဝယ်ဗိုလ်၌ တာဝန်မကင်းသည့် အချက်သည် ထင်ရှားသည်။

နောက်များမကြာမီ ရတနာ့ဂူ ဘုရားပွဲမှာ တောင်ထားဝယ်ဗိုလ်ကလေးသည် မီးကျည်မှန်၍ သေဆုံးရလေ၏။ ဤအကြောင်းကို စာတော်ဖတ်မင်း ဦးအုံက ရွှေပြည်ဝန်ကြီးထံ သွား၍ 'ရှေးကဝိပါတ် ခုနစ်ရက်၊ ခုကာလဝိပါတ် နောက်ပိုး တက်သည်ဆိုတာ မှန်ပေတယ်ဘုရား့'ဟု လျှောက်ရာ ဝန်ကြီးမင်းက 'မောင်အုံ၊ မင်း တယ်မိုက်ပါကလား၊ သူလည်း သူ့ကံနဲ့၊ ငါလည်း ငါ့ကံနဲ့၊ ဘာမျှ ငါနဲ့ မဆိုင် ဘူး၊ မင်းက ငါ့ကို မကောင်းကြံ၍ တောင်ထားဝယ်ဗိုလ် သေသည် ထင်သလား၊ မထင်လေနှင့် မောင်အုံ၊ မှားတော့မပေ့၊ သူ့ကံ သူ့ကို စီရင်သည်မှတ်လေ' ဟု ဆုံးမလိုက်သည်။

ယောအတွင်းဝန်အား အမရပူရ၌ အကျယ်ချုပ်ဖြင့် ထားရှိစဉ် ဗြိတိန်နိုင်ငံ သို့ သံတမန်စေလွှတ်ရန် ကိစ္စတစ်ရပ် ပေါ်ပေါက်လာသည်။ ထို့ကြောင့် ၁၂၃၃ ခုနှစ်၊ တပေါင်းလ၌ မင်းတုန်းမင်းတရားသည် မင်းလှတွင် အမှုထမ်းနေသော ကင်းဝန်မင်းကြီး မဟာစည်သူကို နေပြည်တော်သို့ ပြန်ခေါ်၍ အဂ္ဂမဟာသေနာ ပတိ ခန့်အပ်ပြီးလျှင် များမကြာမီ တစ်ဖန် ဗြိတိန်နှင့် ဥရောပနိုင်ငံသို့ သွားရမည့် မြန်မာသံအဖွဲ့ ဦးစီးခေါင်းဆောင်ဖြစ်သော သံကြီးအရာ၌ ထပ်မံခန့်အပ်စေလွှတ် တော်မူလေသည်။

ထိုအခါ ယောအတွင်းဝန်သည် ဘုရင့်ထံပါး၌ အတိုင်ပင်ခံအဖြစ်နှင့် မရှိ တော့ချေ။ ယောအတွင်းဝန်၏ အတ္ထုပ္ပတ္တိကို နှောင်းလူတို့ နောက်ထပ် ယခု ထက် စုံစေ့စွာ သုတေသနပြုလုပ်နိုင်ခဲ့လျှင် ဥရောပသို့ သံတမန်စေလွှတ်ခါနီး တွင် ယောအတွင်းဝန် အဘယ်ကြောင့် အချည်းနှီး အချုပ်ခံရသည်ဆိုသော အကြောင်းသည် ပေါ်ပေါက်လာစရာ ရှိသည်။ သို့သော် တည်းဖြတ်သူအဖို့ကား အကြောင်းချင်း တိုက်ဆိုင်လှလေစွ ဟူ၍သာ မှတ်ချက်ချနိုင်ပါသည်။

http://www.cherrythitsar.org


# ဝိမုတ္တိရသကျမ်း

ယောအတွင်းဝန်သည် အမရပူရ၌ အကျယ်ချုပ်ဖြင့် နေ့စဉ် ဝိမုတ္တိရသကျမ်းကို စီရင်သည်။ ထိုကျမ်းသည် ၁၂၃၃ ခု၊ တပေါင်းလပြည့်နေ့တွင် ပြီးစီးသည်။ ထိုကျမ်းသည် အတ္တနှင့် အနတ္တဝါဒကို ပိုင်းခြားဝေဖန် စစ်ဆေးပြသော ကျမ်း ဖြစ်သည်။ ထိုကျမ်း၌ ပါရှိသော ဟိန္ဒူတို့၏ ပြဟ္မာဝါဒ၊ သိုးဆောင်းတို့၏ **ဂေါ့**[၁] ဝါဒ၊ '**ဆိုး**'[၂] ဝါဒ၊ ပသီလူမျိုးတို့၏ ခိုဒါခေါ် လောကဖန်ဆင်းသူဝါဒ စသည်တို့ ကို မြန်မာကျမ်းဂန်တို့နှင့် ညှိနှိုင်း၍ ဝေဖန်တိက ပြုထားသည်မှာ ယောအတွင်းဝန် ဦးဘိုးလှိုင်သည် သူ၏ခေတ်တွင် ပေါ်ပေါက်လျက်ရှိသော အနောက်တိုင်း သိပ္ပံ ပညာတို့အပြင် အနောက်တိုင်း ဘာသာရေး အယူအဆနှင့် ယထာဘူတ တရား များကိုပါ နှံ့စပ်ကြောင်း ပြလေသည်။ တစ်နည်းဆိုသော် အရှေ့တိုင်းနှင့် အနောက် တိုင်းတို့တွင် ထွန်းကားသော လောကီ လောကုတ္တရာ နှစ်ဖြာသော ဗဟုသုတ၌ နှံ့စပ်သည်ဟု ဆိုရလိမ့်မည်။

ယောအတွင်းဝန် ဦးဘိုးလှိုင်သည် အဘက်ဘက်၌ နှံ့စပ်သောပုဂ္ဂိုလ်ကြီး ဖြစ်သည့်အလျောက် ပြဿနာတစ်ရပ်ကို စိစစ်လျှင် လောကအကြောင်း၊ ဓမ္မ အကြောင်း နှစ်ခုစလုံးနှင့် ယှဉ်၍ စိစစ်တတ်သည်။ ခေတ်မီသူတစ်ဦး ဖြစ်သော ကြောင့်လည်း ရှေးသူဟောင်းတို့၏ အယူအဆကို ခေတ်အယူအဆနှင့်လည်း ညှိနှိုင်းလေ့ရှိသည်။ အရှေ့တိုင်းနှင့် အနောက်တိုင်းတို့တွင် ထွန်းကားသော ယထာ ဘူတပညာအပြင် သိပ္ပံပညာတို့ကိုပါ ခေါက်မိသောသူ ဖြစ်သောကြောင့်လည်း အရှေ့တိုင်းဝါဒတို့ကို အနောက်တိုင်းဝါဒနှင့် ချိန်ထိုးကြည့်တတ်သော ဓလေ့ လည်း ရှိသည်။

ယခုခေတ်၌ ထွန်းကားနေသော သိပ္ပံပညာသဘောအရ ဆိုလျှင် တိကျ မှန်ကန်အောင် အပြန်အလှန် စစ်ဆေးသောနည်းသည် သိပ္ပံနည်း ဖြစ်၏။ ဦးဘိုးလှိုင်သည် ထိုသိပ္ပံနည်းကို ရသူဖြစ်သည်။ သိပ္ပံနည်းအရ စူးစမ်းသူတို့၏ ဓလေ့၌ ရှေးရိုးသမားတို့ မိဘစဉ်ဆက် လက်ခံလာသော အရာကိုပင်လျှင် စစ်ဆေး ပြီးမှ လက်ခံလိုသော သဘောရှိ၏။ ကျွန်ုပ်တို့သည် မိဘဘိုးဘွား အစဉ်အဆက် က စ၍ မြေဖြူခဲကို ဖြူသည်ဟူ၍ လက်ခံလာခဲ့ကြ၏။ သို့သော် သိပ္ပံပညာရှင် တို့က အများဖြူသည်ဟု လက်ခံပြီးသောအရာကို 'အဘယ်ကြောင့် ဖြူသည်

---

၁။ God.

၂။ Soul.

http://www.cherrythitsar.org



ဆိုသနည်း၊ ဖြူသည်ဆိုသည်မှာ ဟုတ်ပါလေစ' ဟူ၍ သံသယကို မူတည်ပြီးလျှင် စစ်ဆေးလေသည်။

ထိုအခါ အဖြူဟုတ်လျှင်လည်း ဟုတ်မှန်ကြောင်း၊ အဖြူမဟုတ်လျှင်လည်း မဟုတ်မှန်ကြောင်းကို တိကျခိုင်မာစွာ ပြဆိုနိုင်ရာသည်။ အဖြူကို အဖြူဟု ပြဆိုသောအခါ အဖြူသည် ပိုမိုထင်ရှားလာသောကြောင့် သံသယအလုံးစုံ ကွယ်ပျောက်သည်။ ထိုအခါ ဝိဝါဒဖြစ်စရာအကြောင်း မရှိတော့ချေ။ သို့သော် အဖြူကို အဖြူမဟုတ်ဟု ပြဆိုသောအခါ၌မူကား မဟုတ်ကြောင်း မည်မျှပင် ထင်ရှားသည်ဖြစ်စေ၊ ထုံးစံကို အလေးဂရုပြုသူတို့သည် စောဒက တက်ကြလေသည်။

အထူးသဖြင့် အတွေးအခေါ် အယူအဆဟောင်းတို့ကို စိစစ်ရာ၌ အဦးအစတွင် သဘာဝယုတ္တိ၊ အာဂမယုတ္တိ၊ သာဓကယုတ္တိတို့နှင့် ညှိနှိုင်းနေရဆဲခဏ၌ အနည်းမထိုင်သေးသောကြောင့် တော်လှန်သော အတွေးအခေါ်ကိုပင်လျှင် ဝေဖန်ဖို့အကြောင်းများ ပေါ်ပေါက်တတ်သည်။ သိပ္ပံသဘော၌ အကြိမ်ကြိမ် ဝေဖန်စစ်ဆေးလျှင် အမှန်သို့ ရောက်နိုင်၏။

ဒုတိယ ရွှေကျင်သာသနာပိုင် မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီးသည် ဦးဘိုးလှိုင်၏ ဝိမုတ္တိရသကျမ်းကို ဝေဖန်တော်မူသည်။ ရာဇဓမ္မသင်္ဂဟကျမ်း၏ နိဒါန်းကို ပထမအကြိမ် ရေးသားရာ၌ ထိုဝေဖန်ချက်နှင့် စပ်လျဉ်း၍ ကျွန်တော် တင်ပြခဲ့သောအချက်တို့သည် ဆိုင်ရာပုဂ္ဂိုလ်တို့၏ ခေတ်ကို မီလိုက်၍ အကြောင်းရင်းမှန်ကို သိရှိကြသော ရဟန်းရှင်လူတို့၏ အမှတ်အသားများနှင့် ညီညွတ်ခြင်း မရှိချေ။ သာဓကအားဖြင့် ဆိဒ္ဓဝိဓာနနီကျမ်းကို ၁၂၆၆ ခုနှစ်၊ ပထမအကြိမ် ပုံနှိပ်ထုတ်ဝေရာ၌ ဦးဘိုးလှိုင်အား ဖိနှိပ်စွပ်စွဲသော စကားရပ်များ ပါဝင်ရာ ဦးဘိုးလှိုင်၏ အဆက်အနွယ်တို့က ကန့်ကွက်ခြင်းကြောင့် ထိုကျမ်းကို ဒုတိယ အကြိမ် ပုံနှိပ်ထုတ်ဝေရာ၌ ထိုစကားရပ်များ မပါဝင်ကြောင်း ကျွန်တော် ရေးခဲ့၏။ စင်စစ် ဤအချက်သည် လုံးဝမှား၏။ ကျွန်တော်သည် ဤအကြောင်းကိစ္စ၌ လူပြောသူပြော ပါးစပ်ရာဇဝင်ကို ထပ်ဆင့်တင်ပြခဲ့ခြင်းမျှသာ ဖြစ်သည်။

ထိုစဉ်က ကျွန်တော်သည် အချိန်မရသောကြောင့် ကြားဖူးနားဝကို အရင်းခံ သာဓကတို့နှင့် ချိန်ထိုးကြည့်ခြင်း မပြုမိပါ။ ဆင့်ပွားစကားကိုသာ ယူမိသည်။ အမှားကို အခြေခံ၍ ကောက်ယူသော အချက်တို့သည် အမှန်သို့ မရောက်နိုင်ချေ။ ထို့ကြောင့်လည်း ကျေးဇူးရှင်မြောင်းမြဆရာတော်ဘုရားကြီးက ကျွန်တော့်အား ဆုံးမဩဝါဒပေးခြင်း ဖြစ်သည်။ ယခုအခါ၌ ကျွန်တော် ရေးသောစာ အပြစ်ကင်းစင်စေခြင်းငှာ မြောင်းမြဆရာတော်က အမှားမှ အမှန်သို့ရောက်အောင် ဩဝါဒ ပေးတော်မူသည့်အတိုင်း အသစ်တစ်ဖန် ပြင်ဆင် ရေးသားလိုက်ပါသည်။

http://www.cherrythitsar.org


# ဆိဒ္ဓဝိစာနနီကျမ်း

ယင်းသို့ ရေးသားရာ၌ လိပ်ပတ်လည်အောင် ဆရာတော်ဘုရား၏ ဝေဖန်ချက်များ ပါဝင်သော ဆိဒ္ဓဝိစာနနီကျမ်းအကြောင်းကို အကျဉ်းမျှ ပြဆိုပါမည်။ ၁၂၆၀ ပြည့်နှစ်တွင် ကျိုက်လတ်မြို့ ပုဗ္ဗာရုံရွှေကျောင်းတိုက် ဆရာတော်ဦးကောဏ္ဍညက 'သံသရာမှ လျင်မြန်စွာ ထွက်မြောက်ကြောင်း ကောင်းမှုကို မည်သို့ပြုရမည်၊ ရှေးသူဟောင်းတို့ မည်သို့ပြုဖူးကြောင်း . . . . . . . . . အဖြေရေးသား၍ သနားကယ်မပါ'ဟူ၍ မဟာဝိသုဒ္ဓါရုံဆရာတော်အား အဘိယာစက ပြုသည်။ ယင်းကို အကြောင်းပြု၍ ဆရာတော်ဘုရားသည် ဆိဒ္ဓဝိစာနနီကျမ်းကို ၁၂၆၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၈ ရက်၊ တနင်္လာနေ့၌ အပြီး စီရင်တော်မူသည်။

ဆိဒ္ဓဝိစာနနီကျမ်း ဟူသည်ကား 'အပေါက်ဖာ ကျမ်း' ဟူလေသည်။ ဒန်အိုးပေါက်၊ ကြေးအိုးပေါက် စသော အပေါက် အပျက်၊ အကွဲ အအက်၊ အနာအဆာ တို့သည် ပါဠိဘာသာဖြင့် ဆိဒ္ဒမည်၏။ ယင်းအပေါက်တို့ကား ခြောက်ပါး အပြား ရှိ၏။ ပျင်းရိခြင်း၊ မေ့လျော့ခြင်း၊ ထကြွလုံ့လမရှိခြင်း၊ ကိုယ်နှုတ်နှလုံး မစောင့် စည်းခြင်း၊ အိပ်ကြူးခြင်း၊ ချမ်း၏ ပူ၏ ဟူသော အကြောင်းဖြင့် ထိနမိဒ္ဓဖြစ်ခြင်း ဟူသည်တို့တည်း။

လောက၌ စည်းစိမ်ချမ်းသာ ဥစ္စာပစ္စည်းတို့၏ ယိုစီးကျဖိတ်ရာ အပေါက်တို့မှာ ယင်းအပေါက် ခြောက်ပါးပင် ဖြစ်သည်။ ယင်းအပေါက်ခြောက်ပါးကို နားလည်လွယ်အောင် ခြုံ၍ဆိုရလျှင် အပျင်းထူခြင်းပင် ဖြစ်သည်။ ယင်း အပျင်းထူခြင်း အပေါက်ကို ပိတ်ဆို့စေရန် ဆိဒ္ဓဝိစာနနီကျမ်းကို စီရင်သည်။ ယင်းသို့ စီရင်၍ ၁၂၆၆ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေသောအခါ ဦးဘိုးလှိုင် ကွယ်လွန်ခဲ့သည်မှာ နှစ်ပေါင်း ၂၁ နှစ်မျှ ရှိသွားပေပြီ။

ထိုကျမ်းကို ရန်ကုန်မြို့၊ ၅၂ လမ်း၊ စာဆိုတန်း၊ တိုက်နံပါတ် ၅၂၊ ပြည်ကြီးမဏ္ဍိုင် ပိဋကတ် ပုံနှိပ်တိုက်က ၁၂၆၆ ခုနှစ်တွင် ပထမနှိပ်ခြင်း အုပ်ရေ ၁၀၀၀၀၊ ၁၂၉၀ ပြည့်နှစ်တွင် ဒုတိယနှိပ်ခြင်း အုပ်ရေ ၁၀၀၀၊ ၁၃၂၃ ခုနှစ်တွင် တတိယပုံနှိပ်ခြင်း အုပ်ရေ ၇၅၀ ဟူ၍ သုံးကြိမ်သုံးခါ ပုံနှိပ်ထုတ်ဝေသည်။ ပထမ နိဒါန်းကို ကျွန်တော် ရေးစဉ်က ဒုတိယအကြိမ် ပုံနှိပ်ခြင်း မထွက်သေးပါ။ ထိုကဲ့သို့ သုံးကြိမ် သုံးခါ ပုံနှိပ်ထုတ်ဝေရာ၌ ပထမအကြိမ် ပုံနှိပ်ထုတ်ဝေသည့် မူအတိုင်း ဒုတိယအကြိမ် ရိုက်နှိပ်ရာတွင် နုတ်ပယ်ဖြည့်စွက် ပြင်ဆင်ခြင်း တစ်စုံတစ်ရာ မရှိချေ။ တတိယအကြိမ် ပုံနှိပ်ထုတ်ဝေရာ၌မူ ပြည်မြို့ ဝိသုဒ္ဓါရုံ ရွှေကျောင်းတိုက် ဗာရာဏသီ ဆရာတော်ဘုရားက 'လိုပိုသည်တို့ကို ထပ်မံပြင်ဆင်' တည်းဖြတ်

http://www.cherrythitsar.org



တော်မူသည်။ သို့ရာတွင် ယောအတွင်းဝန် ဦးဘိုးလှိုင်နှင့်တကွ ဝိမုတ္တိရသကျမ်းကို ဝေဖန်သော စကားရပ်များသည် မူလအတိုင်းပင် ပါရှိသည်။

## ဝိမုတ္တိရသကျမ်းကို ဝေဖန်ခြင်း

ဝိမုတ္တိရသကျမ်းကို ဝေဖန်သည်မှာ အကြောင်းရှိသည်။ ထိုကျမ်း၌ ယောအတွင်းဝန် ဦးဘိုးလှိုင်က အဆိုတစ်ရပ် ပြုသည်။ ထိုအဆိုကား အောက်ပါအတိုင်း ဖြစ်၏။

'သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ။ ဤမဂ္ဂင်သုံးပါးဖြစ်သော အာဇီဝဋ္ဌမကသီလတည်းဟူသော သီလကို ပထမ ကောင်းမွန်စွာ စောင့်ရှောက်ရမည်။ လူတို့နှင့်စပ်ဆိုင်သော ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ဆယ်ပါးသီလတို့ထက် ဤအာဇီဝဋ္ဌမကသီလသည် မဂ္ဂင်သုံးပါးနှင့် တိုက်ရိုက်သက်ဆိုင်မိသည်။ ဒါန၊ အပစာယန၊ ဝေယျာဝစ္စ၊ ပတ္တိဒါန၊ ပတ္တာနုမောဒန၊ ဓမ္မဿဝန၊ ဓမ္မဒေသနာ ကုသိုလ်၊ ထိုမှ တစ်ပါး မေတ္တာအစရှိသော ကုသိုလ်များဖြစ်အောင် အားထုတ်သော ဝီရိယ၊ သတိ၊ ဝိတက်တို့သည်လည်းကောင်း၊ လက္ခဏာယာဉ်သုံးပါး၊ နာမ်ရုပ်တို့၏ သဘာဝ ဓမ္မမှတစ်ပါး အခြားအရာများကို သိသော ပညာသည်လည်းကောင်း မုချတိုက်ရိုက် မဂ္ဂ မဖြစ်နိုင်။ လျင်မြန်စွာ မဂ်ဖိုလ်ရကြောင်း မဟုတ်နိုင်။ မဂ္ဂင်ရှစ်ပါး မဟုတ် သော ဒါန၊ အပစာယန၊ ဝေယျာဝစ္စ အစရှိသော ကုသိုလ်တို့၌ မဂ္ဂင်ရှစ်ပါး ဟူသော ကံသည် အားနည်း၍ စေတနာ ဟူသော ကံသာ အားကြီး၏။ ထိုစေတနာ ကံသည်လည်း သောတာပတ္တိ အစရှိသော မဂ်လေးပါး၊ ဖိုလ်လေးပါးဟူသော အကျိုးမရှိ၊ ကာမ၊ ရူပတည်း ဟူသော ဘုံသုံးပါးတို့၌ ပဋိသန္ဓေ ဟူသော အကျိုး သာ ရှိသည်ဖြစ်၍ သံသရာမှ မလွတ်နိုင်။
'

မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားက ဤစကားကို 'အတ္တဒတ္ထမထေရ်၊ မစ္ဆိမ သာဝက သုဘဒ္ဒမထေရ် စသည်တို့ကဲ့သို့ အားထုတ်စေလိုသော သမ္မာဆန္ဒ အစလသဒ္ဓါတရားဖြင့် ဒါန၊ ငါးပါးသီလ စသည်တို့ စဉ်းငယ်နှိပ်၍ အာဇီဝဋ္ဌမကသီလကို များများကြီး မြှောက်ပင့်၍ မြင့်မြင့်ကြီး ရင့်ရင့်ကြီး အထက်သံ ရေးသားသော စကား' ဟု အပြစ်တင်တော်မူသည်။

အတ္တဒတ္ထမထေရ်၏ အကြောင်းကား ဤသို့ဖြစ်၏။ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူသည်ဟူသော စကားကို ကြားရသောအခါ အတ္တဒတ္ထမထေရ် သည် မြတ်စွာဘုရား နိဗ္ဗာန်မလားမီ ရဟန်းတရား အထွတ်အထိပ်ရောက်အောင် အားထုတ်မည်ဟု ကြံစည်၍ အခြားတစ်ပါးသော ရဟန်းပရိသတ်နှင့် မရောဘဲ ဆိတ်ငြိမ်ရာအရပ်၌ တစ်ကိုယ်တည်း တရားအားထုတ်၏။ ထိုအခါ ရဟန်း

http://www.cherrythitsar.org



ပရိသတ်တို့က ဘုရားကိုယ်တော်မြတ်ကြီး ပရိနိဗ္ဗာန်ပြုမည်ကိုပင် အမှုမဲ့ အမှတ်မဲ့ နေထိုင်ဘိသည်ဟု အပြစ်တင်ကြ၏။ ဤအကြောင်းကို မြတ်စွာဘုရား သိသော် ငါဘုရားကို အမွှေးအကြိုင် စသည်တို့ဖြင့် ပူဇော်သောသူသည် ပူဇော်သည်မမည်၊ ငါဘုရားကို မဂ်ဖိုလ်နိဗ္ဗာန်နှင့် လျော်ကန်ထိုက်တန်သော အကျင့်မြတ်ဖြင့် ပူဇော်မှသာ ပူဇော်သည်မည်၏ဟု ဆို၍ သာဓုခေါ်တော်မူ၏။ ယောအတွင်းဝန်သည် စင်စစ် ဝိပဿနာကို အားထုတ်သော အာရဒ္ဓဝိပဿက ပုဂ္ဂိုလ်ဖြစ်အောင် ကြံဆောင်သူပင်တည်း။ သို့သော် ထိုကဲ့သို့ အားထုတ်လိုသော စိတ်ဇောသည် အတိုင်းထက် အလွန် ထက်သန်လှသောကြောင့် စကားဆိုရာ၌ အလွန်အကျွံ ဖြစ်သွားသည်။ ဤကဲ့သို့ စကားလွန်သွားသောအခါ ပညာရှိတို့အဖို့ မထောင်းတာလှသော်လည်း ပညာနုံ့နဲသူတို့အဖို့မှာကား နက်နဲသော စကားအဓိပ္ပာယ်ကို မခေါက်မိဘဲ အပေါ်ယံကြော တွေး၍ အယူအဆ လွဲမှားဖွယ်ရာ ရှိသည်။

မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားသည် ထိုအချက်၌ ဓမ္မအန္တရာယ်ရှိသည်ကို မြင်တော်မူသည်။ မိမိကိုယ်တိုင်ကလည်း 'အဆန်းအပြား အကျော်အစောကို ကြိုက်တတ်သော သူတို့က ဆူဆူညံညံ ခိုက်ရန်ဖြစ်ပွား စကားများစေလို၍ ဝိမုတ္တိရသစာအုပ်၏ သဘောအဓိပ္ပာယ်ကို မမြင်၊ ရှေ့နောက်ကိုလည်း မဆင်ခြင် မထောက်၊ ဝိမုတ္တိရသစာအုပ်အဆိုတွင် ရွှေ့မက၊ အာဇီဝဋ္ဌမက သီလမှသာ မဂ်ဖိုလ်နိဗ္ဗာန်ရကြောင်း သီလမှန်သည်။ ငါးပါးသီလ ရှစ်ပါးသီလ စသည်တို့ က မဂ်ဖိုနိဗ္ဗာန်ရောက်ကြောင်း သီလမဟုတ်ဟူ၍လည်းကောင်း အလွန်မလိမ္မာ ပညာမဲ့လှသော သူအချို့တို့က ငါးပါးသီလကို မိစ္ဆာစောင့်သော သီလဟူ၍ပင် ပြောကြ ဆိုကြ ငြင်းခုံ ဝိဝါဒဖြစ်ကြသည်။' ဟူသော အချက်ကို ကြားသိတော် မူလေသည်။

ထို့ကြောင့် ဤပြဿနာ၌ အမှန်ကိုရောက်စေရန် ဆရာတော်ဘုရားကြီးသည် ဆိဒ္ဓဝိဓာနနီကျမ်း၌ ဘုရားဟောပါဠိလာ ရှိသည်နှင့်အညီ အဆုံးအဖြတ်ပေးတော်မူသည်။ စတုက္ကင်္ဂုရပါဠိတော်၌ ပထမခံခိတ္တကမ္မသုတ်၊ ဒုတိယ ဝိတ္ထာရကမ္မသုတ်၊ တတိယသိခါမောဂ္ဂလာနသုတ်၊ စတုတ္ထသိက္ခာပဒသုတ်၊ ပဉ္စမ အရိယမဂ္ဂသုတ်၊ ဆဋ္ဌဗောဇ္ဈင်္ဂသုတ်ဟူ၍ ခြောက်သုတ်ရှိရာ ဝိမုတ္တိရသကျမ်းဆရာသည် အဓိပ္ပာယ်အပြည့်အစုံရှိသော ဒုတိယသုတ်ကို အသေအချာ မကြည့်ရှုဘဲ၊ ပေယျာလမြုပ်ထားသော ပဉ္စမသုတ်ကိုသာ ထုတ်ဖော်ရေးသားသည်ဟူ၍ မိန့်ဆိုပြီးလျှင် ကျမ်းရင်းအပြည့်အစုံကိုလည်း ညွှန်ပြတော်မူသည်။ နိဂုံး၌ကား ယောအတွင်းဝန်သည် ကျမ်းဂန်တို့ကို ပြည့်စုံအောင် လေ့လာလျှင် ငါးပါး၊ ရှစ်ပါး၊ ဆယ်ပါးသီလ၊ ဒါန၊ ဓမ္မဿဝနစေတနာ စသည်တို့သည် မဂ်ဖိုလ်ရကြောင်း

http://www.cherrythitsar.org


မဟုတ်ဟူ၍ 'မိစ္ဆာဆန်သူ လူမိုက်လူမည်း သဒ္ဓါမဲ့သော လူငတ်လူဆင်းရဲ လူစေးနဲ တို့ကို အားပေးသော မိစ္ဆာဝါဒ စကားကို' ရေးသားမိလိမ့်မည်မဟုတ်။ 'မိဝဋ္ဋပက္ခ၌ တည်သောပါရမီကုသိုလ်ဖြစ်လျှင် ဒါန စေတနာကံဖြစ်စေ၊ သဏရဂုံ ပဉ္စသီလ အစရှိသော စေတနာကံဖြစ်စေ. . . ဓမ္မာနုဓမ္မပ္ပဋိပတ္တိယာ ကုသိုလ်ချည်းဖြစ်၍ မဂ်ဖိုလ်နိဗ္ဗာန်ရောက်ကြောင်း ကောင်းသောအမှုချည်းသာ ဟူ၍ အမှန်ကိုသာ' ရေးသားမိပေလိမ့်မည်ဟူ၍ ရေးသားတော်မူလေသည်။

## နိဂ္ဂဟ ပဂ္ဂဟ

မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီးက ဝေဖန်သည်မှာ တစ်ဖက်သတ်နှိမ်၍ ဝေဖန်သည်လည်းမဟုတ်၊ တစ်ဖက်သတ်မြှင့်၍ ဝေဖန်သည်လည်း မဟုတ်။ နိဂ္ဂဟ ပဂ္ဂဟ တရားနှင့်အညီ ဝေဖန်ခြင်း ဖြစ်၏။ ဆရာတော်က ယောမင်းကြီး ကို သမ္မာဆန္ဒ အစလ သဒ္ဓါရှိသည်ဟု ချီးကျူးသည်။

အကြောင်းမှာ ယောမင်းကြီးသည် 'အသိန်းမက အကုန်အကျခံ၍ မြောက်ပြင် အုတ်ကျောင်းကြီးကို ဆောက်လုပ်' လှူဒါန်းသူ ဖြစ်သည်။ မဟာဝိသုဒ္ဓါရုံ ဆရာတော်ကြီး၏ ကျေးဇူးရှင် မဟာဗိုလ် ဆရာတော်ထံပါးတွင် 'ကိုယ်တိုင်လာ ရောက် ဆည်းကပ် နေ့တိုင်းမပြတ် ဆွမ်းကွမ်းလက်ဖက် ဆက်ကပ် လှူဒါန်း' သည်။ ဆွမ်းလုပ်ကျွေးရာ၌ 'သာဟတ္ထိက ဒါနဖြစ်အောင် လှူဒါန်းကျွေးမွေးနိုင်သူ' ဖြစ်သည်။ ဘုရင့်အမှုတော်ကို ထမ်းရန် နန်းတော်သို့ မပြတ်ဝင်ရပါလျက်နှင့် လည်း အိမ်သို့ရောက်လျှင် 'လျှပ်ပေါ်လော်မာ ကာမဂုဏ်နောက်သို့ မလိုက်ပါဘဲ တရားကျမ်းဂန်အရပ်ရပ်ကို နှံ့စပ်လုမျှ ကြည့်ရှုမှတ်သား ကျမ်းဂန်ရေးသားပြုစု၍ ကာလကို လွန်စေနိုင်သောသူ' ဖြစ်သည်။

အကျဉ်းကျနေသော်လည်း 'ထောင်ထဲမှာပင် ကာယဂတာ သတိ ကမ္မဋ္ဌာန်း စသော သမာဓိရှိသူ' ဖြစ်သည်။ ဝိမုတ္တိရသကျမ်း၌ 'သတ္တ ဇီဝ ပုဂ္ဂလ အတ္တဟု အသီးသီး စွဲမှတ်ယူကြသော ကသည်းလူမျိုးတို့၏ အယူဝါဒ၊ ပသီ၊ ဟိန္ဒူ ပုဏ္ဏား၊ သိုးဆောင်းလူမျိုးများ၏ အယူဝါဒ၊ အတ္တ၊ ရူပ၊ ဇီဝ၊ ဤဒင်ဆိုးဟု ခေါ်ဝေါ်ကြ သော မိစ္ဆာဒဿနအတ္တကို ပယ်ချ၍ အနတ္တကို အကျယ် ဝိတ္ထာရ ဘုရားအလို တော်ကျ သက်ဝင်ယုံကြည်စွာ ဆုံးဖြတ်သူ' ဖြစ်သည်။ ဤကဲ့သို့ ဝိမုတ္တိရသ ကျမ်းဆရာ၏ ကျေးဇူးစကားတို့ကို အထင်အရှား မကွယ်မထောက် ဆိုတော်မူ သည်။

ဤကဲ့သို့ ချီးကျူးဖွယ်တို့ကို အမှန်အတိုင်း ချီးကျူး၍ ရှုတ်ချဖွယ်တို့ကိုလည်း

http://www.cherrythitsar.org



မထောက်မညှာ မိန့်ဆိုတော်မူသည်။ ယောမင်းကြီးသည် ပဥ္စမသင်္ဂါယနာတင် မင်းတရားကြီး၏ လူယုံ ငယ်ကျွန်ရင်း အတွင်းသားဖြစ်သောကြောင့်လည်းကောင်း၊ မဂဓသက္ကတကျမ်း အရပ်ရပ်ကို တတ်သိလိမ္မာသော ပညာရှိဖြစ်သောကြောင့် လည်းကောင်း 'အတန်အရာမာန ဝါသနာရှိ၏' ဟူ၍လည်း ဆိုသည်။

ထိုနောက် ရတနာပုံမြို့သစ် တည်ထောင်ရန် မြို့နေရာကို သတ်မှတ်ကြ သောအခါ ယောအတွင်းဝန်သည် မင်းတုန်းမင်းတရားကြီး၏ လက်ပေါ်ကို ကျော်၍ လျှောက်တင်တတ်သောကြောင့် မင်းတရားကြီးကိုယ်တိုင်က ဘိုးလှိုင် ငါ့လက်ညှိုးပေါ်ကိုပင် ကျော်၍ လက်ညှိုးထိုးသေးသည်။ မာနကြီးသည်ဟု မြည်တွန်တောက်တီး ပြုခဲ့ရသည့်အကြောင်းကိုလည်း ဖော်ပြသည်။ ယော အတွင်းဝန် သည် မိမိထက် အသက်ကြီးသော ပိဋကတ်အုပ် မိုင်းခိုင်းအတွင်းဝန် ဦးယမ်ကို ရာထူးနိမ့်သည့်အတွက် 'ငယမ် ငါ့စာများကို ကြည့်ရှု၏လား' ဟု ပြောခဲ့ဖူးသည် ကိုလည်း ဖွင့်ဟ မိန့်ဆိုသည်။

ဆင်းရဲသား ကျေးကျွန်အဆောင်ကိုင်များကိုလည်း 'ဟိုအကောင် လာခဲ့၊ သည်အကောင် သွားချေ' အကောင် အကောင်နှင့် ခေါ်ဝေါ်ပြောဆိုလေ့ရှိကြောင်း ကိုလည်း သာဓကပြ၍ ထိုမာနကြောင့် ယောအတွင်းဝန်ကို လူမုန်းများကြောင်း ထုတ်ဖော်ရေးသားသည်။

ဤမာနနှင့် စပ်လျဉ်း၍ မော်ဘီဆရာသိန်းကြီး၏ 'ပညာရှိများအကြောင်း' စာအုပ်တွင် ရေးသားထားပုံကို မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီး၏ မိန့်ဆိုချက် နှင့် ယှဉ်၍ ကြည့်နိုင်ရန် အောက်တွင် ဖော်ပြလိုက်ပါသည်။

'တစ်နေ့သောအခါ၌ ယောမြို့စား ရွှေပြည်ဝန်မင်းသည် ကျောက်စာရုံသို့ ဝင်ရောက်ကြည့်ရှုသောအခါ 'မိုင်းကိုင်းဝန်မင်း ဘာများ ကြည့်နေပါသတုံးဗျ' ဟု မေးရာ . . .

'ပုဆစ်တုပ်ကာ ရသဝဗ္ဗန ဆေးကျမ်းကို ကြည့်နေပါကြောင်း' လို့ လျှောက် သော်၊ ရွှေပြည်ဝန်ကြီးက 'ရသဝဗ္ဗနဆိုတာ ဘယ်လိုအဓိပ္ပာယ် ရပါတုံးဗျ' မေးသောအခါ 'အရသာ တိုးပွားလာကြောင်းဆိုသည်'ဟု လျှောက်လျှင် ရွှေပြည် မင်းကြီးက 'အဓိပ္ပာယ်ပေါ်အောင် စာကလေးများ ကြည့်ဦးဗျ'ဟု ဆို၍ ရွှေပြည် မင်းကြီး ဆင်းသွား၍ အတော်ဝေးသောအခါ စောင်း၍ကြည့်ပြီးလျှင် 'ဟင် . . . ရှီး ကိုယ့်ထက် ရာထူးကြီးလို့သာ ခံလိုက်ရသည်' ဟု ပြောဆိုကြောင်း။

'နောက် သူ ပြစ်မှားမိသည်ကို မှားကြောင်း၊ ရွှေပြည်မင်းကြီးကို ကျေးဇူး တင်ရပေကြောင်း။ သူ မိန့်တော်မူချက်အရ ငါ မခံချင်လို့ ပိဋကတ်တွေကို ကြည့်ရှုရာ အမှန်ကို တွေ့ရသဖြင့် များစွာ ကျေးဇူးကြီးလှပါပေသည်' ဆို၍

http://www.cherrythitsar.org


ရွှေပြည်မင်းကြီး နေတော်မူသော အိမ်ဘက်သို့ လှည့်ပြီး ဦးသုံးကြိမ်ချကြောင်းကို ၎င်း၏စာရေး ဦးဆိုင်က ပြော၍ သိရသည်။

မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီးသည် ဤကဲ့သို့ ချီးမြှောက်သင့်သည်ကို ချီးမြှောက်၍ ရှုတ်ချသင့်သည်ကို ရှုတ်ချပြီးလျှင် 'အဆို သည်းရင့်သည့် ဒါန၊ အပစာယန၊ ဝေယျာဝစ္စ စေတနာ ကံတို့သည် သံသရာမှ မလွတ်နိုင်' ဟူသော စကားကို အမှီပြု၍ 'ဥပုသ်စောင့်ပျင်း၊ ကံရင်းကို လှလှမယုံ၊ မေထုန်ကိုလည်း မခွာ၊ သုရာမေရယနှင့် မကင်း၊ ထမင်းလည်း ဆာတတ်၊ ပစ္စည်းလည်း ခပ်ငတ်ငတ်၊ ရတတ်သော်လည်း သဒ္ဓါမဲ့၍ စေးနဲ့သော လူနောက် လူပေ၊ လူတာတေတို့က ဇရာမအဟုတ်ကြီးလုပ်၍ ဒါန၊ ငါးပါးသီလ၊ ရှစ်ပါးသီလ စသော ကုသိုလ်ကို ဆုတ်ဖြတ်၍ သာသနာတော်ကို ပုတ်ခတ်ကြလေကုန်သည်' ဟူ၍လည်း ရေးတော်မူသည်။ ဤစကားတို့မှာ ဝိမုတ္တိကျမ်း၌ ကျမ်းဂန်နှင့် လွတ်သော အဆိုတစ်ခုကြောင့် သာမန်ပုထုဇဉ်တို့ အဓိပ္ပာယ်အကောက်လွဲမည်ကို စိုးရိမ်၍ သတိပေးသော စကားဖြစ်သည်။

ထိုစကားတို့တွင် 'သုရာမေရယနှင့် မကင်း' ဟူသော စကားမှာ ပုထုဇဉ်တို့၏ ယေဘုယျသဘောကို ညွှန်းဆိုခြင်း ဖြစ်၏။ သို့ရာတွင် ဗျစ်နှင့် ဆေးခါးကြီးကို အကြောင်းပြု၍ ဦးဘိုးလှိုင်အပေါ်၌ အထင်နှင့်အမြင် မှားခဲ့ဖူးသော သာဓကတို့ကြောင့် သာမန်ပုဂ္ဂိုလ်တို့က အဆိုပါယေဘုယျစကားသည် ယောအတွင်းဝန် ဦးဘိုးလှိုင်ကို ဝိသေသပြု၍ ဆိုပေသည်ဟု အယူအဆ လွဲမှားသော် လွဲမှားနိုင်ရာသည်။

အထက် အဆိုပါ ဝေဖန်ချက်တို့နှင့် စပ်လျဉ်း၍ ယောမင်းကြီးနှင့် စပ်သူအချို့တို့က ယောမင်းကြီး၏ ဂုဏ်ကို ထိခိုက်နစ်နာစေသည်ဟု အထင်ရောက်ကြ၏။ ဤအကြောင်းအရာနှင့် စပ်လျဉ်း၍ ရှင်ကုမာရ (မြောင်းမြ)၏ အာဘော်မှာ ဤသို့ ဖြစ်သည်။

'ယောမင်းကြီးနှင့် စပ်သူတို့သည် မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီးကို ပင်လျှင် တရားစွဲမည်အထိ ကြံစည်စိတ်ကူး၍ ဆရာတော်ဘုရားထံ လာရောက်လျှောက်ထားကြသည်။ ထိုအခါ ဆရာတော်ဘုရားက 'ကိုယ်သိတဲ့အတိုင်း ကိုယ်ရေးတာပဲ၊ တရားစွဲချင်လည်း စွဲကြတာပေါ့'ဟု ပြန်လည် အမိန့်ရှိတော်မူသည်။ ထိုအခါ ဆရာတော်ကို တရားစွဲဖို့ရာ ကင်းဝန်မင်းကြီးအိမ်မှာ စုဝေးတိုင်ပင်ကြပြန်သည်။ ကင်းဝန်မင်းကြီးက ကိစ္စငြိမ်းအောင် အရှေ့ဝိသုဒ္ဓါရုံ တိုက်အုပ်ဆရာတော်ထံ ချဉ်းကပ်ကြရန် ညွှန်ကြားသည်။ အရှေ့တိုက်အုပ်ဆရာတော်လည်း ဤကိစ္စကို မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားထံ လျှောက်ထားပေးမည်ဟု နှစ်သိမ့်လိုက်၏။

http://www.cherrythitsar.org


သို့ရာတွင် ဆိဒ္ဒဝိဓာနနီကျမ်းပါ ရေးပြီးသား အကြောင်းအရာတို့ကို ပြင်ဆင်ပယ်ဖျက်စေပါမည်ဟူသော တာဝန်ခံချက်ကိုကား မပေးခဲ့ချေ။ ထို့ကြောင့် ထိုကျမ်းကို အကြိမ်ကြိမ် ရိုက်နှိပ်ရာ၌ မူရင်းအတိုင်းပင် တည်ရှိသည်။ သို့ရာတွင် အရှေ့တိုင်းအုပ်ဆရာတော်၏ ဆောင်ရွက်မှုကြောင့် ဤကိစ္စသည် ဤမျှနှင့်ပင် ပြေငြိမ်းသွားလေသည်။

## ဆရာနှင့် ဒကာ

စင်စင် မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီးနှင့် ယောအတွင်းဝန် ဦးဘိုးလှိုင်တို့မှာ ဆရာရင်း ဒကာရင်း ဖြစ်ကြသည်။ ယောအတွင်းဝန်သည် ဆရာတော်ဘုရားကြီး၏ ကျောင်းဒကာ ဖြစ်သည်။ သီဟိုဠ်ဘုန်းတော်ကြီး အရှင်သီရိဓမ္မ ရေးသားစီရင်သော မဟာဝိသုဒ္ဓါ ရာမိက ထေရုပ္ပတ္တိဒီပနီကို လယ်တီပဏ္ဍိတ (ဆရာဦးမောင်ကြီး) နိဿယ ပြန်ရာ၌ ဤကောင်းမှုနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း ဋီကာဖွင့်ဆိုသည်။

'ထိုယောမင်းကြီးသည် မြို့တော်၏ မြောက်ပြင်၌ ကြီးကျယ်လှစွာသော အုတ်ကျောင်းကြီးကို ဆောက်လုပ်ပြီးလျှင် ပဥ္စမသင်္ဂါယနာတင် ဘုရင်မင်း၏ ညွှန်တော်မူချက်အရ ပထမ မဟာဗိုလ် ဆရာတော်ဘုရားကြီးအား လှူ၏။ ရွှေကျင်ဆရာတော်ဘုရားကြီး၏ ညွှန်တော်မူချက်ဖြင့် တစ်ဖန် မဟာဝိသုဒ္ဓါရာမိက ဆရာတော်ဘုရားကြီးအား လှူပြန်၏။ ထိုယောမင်းကြီး၏ အုတ်ကျောင်း၌ကား ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင် သီတင်းသုံးတော်မမူဘဲ ပိဋကတ္တယဆေက ဖြစ်သော တပည့်များကို လွှဲအပ်၍ ထိုအုတ်တိုက်ကြီးကို စာသင်တိုက်ကြီး ပြုတော်မူ၏။'

'ရွှေကျင်နိကာယ သာသနာဝင်' ကျမ်း၌ မဟာဗိုလ်ဆရာတော်ဘုရားကြီး တောကျောင်းသို့ ကြွတော်မူခြင်းကြောင့် ရွှေကျင်ဆရာတော်ဘုရားကြီးက ညွှန်ကြားတော်မူ၍ ယောအတွင်းဝန် ဦးဘိုးလှိုင်က မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီးအား တစ်ဖန် လှူဒါန်းသည်ဟု ရေးသားပါရှိသည်။

ထိုအုတ်ကျောင်းကြီးကား ဣဋ္ဌကာရာမ မည်သော ကျောင်းကြီးပင် ဖြစ်၏။ မင်းလှဂုဏ်ရောင်၏ မှတ်စုများအရ ထိုအုတ်ကျောင်းကို နှစ်နှစ်ကြာမျှ ဆောက်လုပ်ရရာ ၁၂၃၃ ခုနှစ်တွင် ပြီးမြောက်သည်ဟူ၍ လည်းကောင်း၊ ရောမ (အီတလီ) ဗိသုကာပုံစံကို မှီး၍ မြန်မာဆန်သော အင်္ဂတေပန်းတို့ဖြင့် မွမ်းမံသည်ဟူ၍ လည်းကောင်း၊ ဒုတိယကမ္ဘာစစ်ကြီး ပြီးခါနီး မဟာမိတ်တို့ မန္တလေးသို့ ဝင်စဉ် မီးလောင်ပျက်စီးသည်ဟူ၍လည်းကောင်း သိရသည်။

http://www.cherrythitsar.org



ယခုအခါ ယင်းအုတ်ကျောင်းကို မြန်မာနိုင်ငံတော်အစိုးရက ပြုပြင် ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ယူလျက် ရှိလေသည်။

ဤဆရာ ဒကာ နှစ်ဦးတို့၏ ဆက်ဆံရေးသဘာဝကို နားလည်ရန် အလို့ငှာ ယင်းတို့၏ စိတ်နေစိတ်ထား ဓလေ့စရိုက်များကို အကဲခတ်ကြည့်ရန် လိုအပ်ပေသည်။ မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီးသည် ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ တို့နှင့် ပြည့်စုံသော ပုဂ္ဂိုလ်ဖြစ်သည်။ ရဟန်းဝါ တစ်ဝါရလျှင်ပင် တိပိဋကဝိစ္စ ဖြစ်တော်မူ၏။ ပရမတ္ထအရာ၌ အပြည့်စုံဆုံး၊ အသုံးအဝင်ဆုံး၊ ခရီးအရောက်ဆုံး ဖြစ်သော 'ပရမတ္ထသရူပဘေဒနီကျမ်း' နှင့်တကွ သောတုဇနအပေါင်းတို့၏ လက်စွဲဖြစ်သော ကျမ်းပေါင်းများစွာကို ရေးသားပြုစုသူလည်း ဖြစ်သည်။ 'ပရမတ္ထသရူပဘေဒနီကျမ်း' ကြီးကို သီဟိုဠ်ဘာသာဖြင့် ပြန်ဆိုထားသည်။

သီဟိုဠ်ကျွန်း၊ ယိုးဒယားပြည် စသော နိုင်ငံခြားမှ စာသင်သားတို့သည် ပိဋကတ်သုံးပုံ၌ လိမ္မာတော်မူသော ဆရာတော်ဘုရားကြီး၏ အထံတွင် လာရောက် ပညာသင်ယူကြသည်။ သီဟိုဠ်ကျွန်း၌ ပဋ္ဌာန်းကျမ်း ၂၄ ကဏ္ဍအနက် နောက်ဆုံး ခြောက်ကဏ္ဍ ကွယ်ပျောက်နေပြီဟု ကြားသိရသောအခါ ဆရာတော်သည် ပဋ္ဌာန်းကျမ်း အပြည့်အစုံကို သီဟိုဠ်ကျွန်းသို့ ပို့တော်မူသည်။ အင်္ဂလန်နိုင်ငံ ပါဠိအသင်းကြီး၏ အသင်းဝင်ဖြစ်သူ 'ပါဠိဒေဝီ' ဟု မြန်မာတို့က ခေါ်စမှတ်ပြုသော မစ္စက်ရီးစ်ဒေးဗစ် မေးလျှောက်သည့် 'ယမက ပုစ္ဆာ' များကို ဆရာတော်ဘုရားကြီး ကိုယ်တိုင် ပါဠိဘာသာဖြင့် 'ယမက ဝိသဇ္ဇနာ' ကျမ်းကို ရေးသား ဖြေရှင်းတော်မူသည်။

ယောအတွင်းဝန်က ဝိမုတ္တိရသကျမ်းကို မပြုစုရသေးမီ တစ်နှစ်ဖြစ်သော ၁၂၃၂ ခုနှစ်မှစ၍ ဒေါင်းလည်ချောင်တောရနှင့် ရွှေခွန်တောရ အရပ်တို့တွင် တောထွက်၍ ဧကစာကျင့်တော်မူ၍ သမထ ဝိပဿနာတရားတို့ကို ပွားများ သည်။ ရွှေကျင်ဆရာတော်ဘုရားကြီး၏ အဆုံးအမကို ခံယူ၍ နိသိဇ်ဓုတင်ကို လည်း တည်ဆောက်သည်။ ရံခါရံခါ၌ကား ရုက္ခမူဓုတင်၊ အဗ္ဘောကာသိကဓုတင်၊ ဧကသနိတ် ပတ္တပိုဏ်ဓုတင်တို့ကိုလည်း ကျင့်သည်။

ဆရာတော်ဘုရားသည် ဝိနည်းကို အလွန်ရိုသေတော်မူ၏။ ဒေါင်းလည်ချောင် တောရ၌ အရညဝါသီ တည်ဆောက်တော်မူစဉ် ရွာတစ်ရွာ၌ ဆွမ်းခံ၍ သစ်တစ်ပင်ရင်း၌ ဆွမ်းဘုဉ်းပေးမည်ပြုရာ လေအဟုန်ကြောင့် သပိတ်ထဲ မြူမှုန် ကျလေသော် သပိတ်ကိုပြင်၍ ဆွမ်းပြန်ကပ်ပေးမည့် ဒကာကို မျှော်ရာ မည်သည့် ဒကာမျှ မလာရောက်ကြသောကြောင့် ဆွမ်း လုံးဝ ဘုဉ်းမပေးဘဲ တစ်နေ့လုံး အငတ်ခံ၍ အားထုတ်မြဲ ကမ္မဋ္ဌာန်းကို အားထုတ်တော်မူသည်။ ဆရာတော်

http://www.cherrythitsar.org


ဘုရားကြီးသည် မီးရထား၊ မီးသင်္ဘောတို့ကို စီးသည့်အခါ သဟသေယျသိက္ခာပုဒ်ကို စောင့်ထိန်းသောအားဖြင့် လဲလျောင်းကျိန်းစက်တော်မမူဘဲ နေသဇ္ဇကဓုတင်ဖြင့်သာ သီတင်းသုံးလေ့ရှိသည်။

ဤကဲ့သို့ အကျင့်သီလအရာ၌ အားကြီးခြင်းကြောင့် ဆရာတော်ဘုရားကြီးသည် 'သာသနာတော်၏ အသက်သည် ဝိနည်းဖြစ်၏' ဟူသော ယုံကြည်ချက်ဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံး၌ ဝိနည်းစာပြန်ပွဲများ ကျင်းပလေအောင် ကြိုးပမ်းအားထုတ်တော်မူ၏။ ဝိနည်းတော်ကို အားပေးသောအားဖြင့် သမဇ္ဇ ဒေါသဒီပနီ၊ ရွှေကျင် ဝံသာနုက္ခရကျမ်း၊ ရွှေကျင် နိကာယ စာရိတ္တ ဥပဒေသကျမ်း၊ ဂီဟိ စာရိတ္တကျမ်း စသည်တို့အပြင် အရပ်ရပ်မှ မေးလျှောက်သော အမေးပုစ္ဆာတို့ကို ဖြေဆိုထားသည့် 'ဝိသုဒ္ဓါရုံ အဆုံးအဖြတ်' ကျမ်းတို့ကို ရေးသားသည်။ ဝိနည်းကိုကား လေးစားသည့်အရာ၌ စာမရှိ မည်သော သားကောင်းသည် မိမိ၏မြီးဆံကို အထိမခံသည့်နည်းတူ ဆရာတော်ဘုရားကြီးသည် စစ်စစ်ထိမခံ ဟူသော စိတ်ဓာတ် ရှိတော်မူသည်။

၁၃၂၃ ခုနှစ်၌ နေပြည်တော်စက်ရုံမှ ခတ်နှိပ်သော ဒေါင်းဒင်္ဂါးများ ပေါ်သောအခါ ဆွမ်းဆန်လှူဒါန်းသော ကိစ္စ၌ ကရိကထများသည်ဟု ယူဆသော မင်းမှုထမ်းတို့က တာဝန်ပေါ့ပါးလွယ်ကူစေရန် ဆွမ်းဆန်အစား ဒေါင်းဒင်္ဂါးများကို တန်ဖိုးညှိ၍ လွဲအပ်လှူဒါန်းကြသည်တွင် ဒေါင်းဒင်္ဂါးများသည် မအပ်စပ်သော နိဿဂ္ဂိယဝတ္ထုများဖြစ်၍ မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီးက 'ဒေါင်းမေတ္တာစာ' ကို ရေး၍ မင်းတုန်းမင်းတရားကြီးထံသို့ ဆောင်လေသည်။

ယင်းကို အဓိပ္ပာယ် ပိုမိုရှင်းလင်းစေရန် 'ဒေါင်းဋီကာ' ကိုလည်း ဆက်လက်ရေးသား ပို့ဆောင်သည်။ ဝိနည်းနှင့် စပ်လျဉ်းလာလျှင် ဤကဲ့သို့ ရှေ့ဆောင်ရှေ့ရွက်ပြုတတ်သော သတ္တိရှိသည်။ မစ္စတာမောင်မှိုင်းသည် မူလ ဒေါင်းဋီကာရှိနှင့်သည်ကို သတိမူ၍ 'ဒေါင်းဋီကာသစ်'ကို စီရင်သည်။ ဆရာတော်ကြီး၏ 'ဒေါင်းဋီကာ'သည် ဝိနည်းသိက္ခာကို အထိပါးမခံကြောင်း ပြဆိုသည်။ မစ္စတာ မောင်မှိုင်း၏ ဒေါင်းဋီကာသစ်ကား မြန်မာ့လွတ်လပ်ရေးကို ထိပါးခဲ့သောသူတို့ ဒေါင်းခွပ် ခံရလိမ့်မည်ဟု နိမိတ်ပြလေသည်။

ယင်းကဲ့သို့ ဆရာတော်ဘုရားကြီးသည် ပိဋကတ်သုံးပုံ၌ နှံ့စပ်၍ အကျင့်သီလနှင့် ပြည့်စုံပြီးလျှင် ဝိပဿနာတရား အမြင်ပေါက်တော်မူသောပုဂ္ဂိုလ်ဖြစ်သည့်အားလျော်စွာ မြတ်စွာဘုရား ဟောကြားတော်မူသော တရားတော်တို့ကို မူရင်းအာဘော် မပျက်စေရအောင် ထိန်းသိမ်းစောင့်ရှောက်၍ သာသနာပြုလိုသော ဆန္ဒရှိသည်။ သာသနာနှင့် စပ်လျဉ်း၍ ဓမ္မန္တရာယ်ဟု ထင်မြင် ယူဆရသောအခါ၌ ဘုရင်ကိုလည်း မထောက်ထား၊ မိဘဆွေမျိုးကိုလည်း မညှာ၊ တပည့်

http://www.cherrythitsar.org


ကိုလည်း မငဲ့ကွက်၊ ဆိုရေးရှိက ဆိုအပ်လှ၏ဟူသော သဘောဖြင့် ဒိုးဒိုးဒက်ဒက် တဲ့တိုး ပြောဆိုတတ်သော ဝါသနာလည်း ရှိသည်။ အထူးသဖြင့် ဒကာအရင်းဟု ဆိုလျှင် ဆန်ရင်းနာနာဖွပ်ဟူသော သဘောဖြင့် ဆိုဆုံးမလိုသော စေတနာ ရှိသည်။

ယောအတွင်းဝန်ကား တော်လှန်ရေးဗီဇရှိသူ ဖြစ်၏။ အသိတရား ဖွံ့ဖြိုး တိုးတက်အောင် အရင်းအမြစ်ကို စူးစမ်း၍ အတွေးအခေါ်သစ်များကို ကြံဆလို သော ဝါသနာရှိသူ ဖြစ်၏။ သို့သော် အတွေးအခေါ် တော်လှန်ရေး၌ စိတ်က ရှေ့ကို ဆောင်နေသောအခါ စကားအလွန်အကျွံ ဖြစ်တတ်သည်။ ယောအတွင်းဝန် သည် နိုင်ငံနှင့်လူမျိုး ကြီးပွားစေလိုသော အာသာဆန္ဒပြင်းပြသည့်အားလျော်စွာ နိုင်ငံနှင့်လူမျိုး ကြီးပွားရာ ကြီးပွားကြောင်း လောကီအကျိုးစီးပွားတို့ကို ရှေးရှု၍ ဆောင်ရွက်သည်။

သို့သော် ဗုဒ္ဓသာသနာ့ အဆုံးအမကို အလေးအနက် ခံယူထားသူ ဖြစ်သည့် အလျောက် လောကုတ္တရာ (လောကမှ လွတ်မြောက်ရာ) အကျိုးကိုလည်း လက် မလွှတ်ချေ။ သို့ရာတွင် စိတ်အလွန်ဆောင်တတ်သူ ဒကာရင်းက စကား အလွန် အကျွံ ဖြစ်သောအခါ၌မူကား သာသနာတော်၏ အကျိုးသက်သက်ကို ရှေးရှု တော်မူသော ဆရာတော်ဘုရားကြီးသည် မိမိ၏ဒကာရင်းကိုပင်လျှင် မထောက် မညှာ ဝေဖန်တော်မူသည်။

ယောအတွင်းဝန် ဦးဘိုးလှိုင် အသက်ထင်ရှား ရှိစဉ်ကပင် ဆရာတော်ဘုရားကြီး ဝေဖန်သည်ဟူ၍ကား သမိုင်းအထောက်အထား ရှာမတွေ့ချေ။ ထိုစဉ်ကာလက ဝေဖန်လောက်အောင် ဝိဝါဒ အဓိကရုဏ်း မပေါ်ပေါက်၍ မဝေဖန်ခဲ့ဟု ယူသော် ရတန်ကောင်းပါ၏။ ၁၂၆၀ ပြည့်ခေတ်တစ်ဝိုက်တွင် အာဇီဝဋ္ဌမကသီလနှင့် စပ်လျဉ်း၍ ငြင်းခုံဝိဝါဒ ဖြစ်ကြသည့်အခါ၌မူကား ထိုဝိဝါဒ လက်စသတ်၍ ချုပ်ငြိမ်းလေအောင် ဆိဒ္ဓဝိဓာနနီကျမ်းဖြင့် ဝေဖန်လေသည်။ ယင်းသို့ ဝေဖန်ရာ ၌ ယောအတွင်းဝန် ဦးဘိုးလှိုင်အပေါ်၌သာ ကွက်၍ ဝေဖန်သည် မဟုတ်ချေ။ ကျမ်းပြီးခါနီး၌ 'ယခုကာလ လူက ရှင်က ကျမ်းဂန်ရေး၍ စာအုပ်ပုံနှိပ် ရိုက်ထုတ် ကြသည်နှင့် ခိုက်ရန် ဝိဝါဒဖြစ်ပွား၊ သာသနာတော် ညှိုးလျော် ပျက်စီးကြောင်း များလှ၍ သူတစ်ပါး ကျမ်းဂန်ကို အပြစ်ဆိုလိုက်သည်။ ဘယ်သူ့ကိုမှ ရန်ငြိုး ထား၍ ဆိုသည်မဟုတ်' ဟူသော ဆရာတော်ဘုရားကြီး၏ အဆိုအမိန့်ကို သတိမူ ကြရန် ရှိလေသည်။

http://www.cherrythitsar.org


# အချုပ်ခန်းမှသည် နန်းတွင်းသို့

အထက်၌ ရွှေပြည်ဝန်သည် အမရပူရ၌ အကျယ်ချုပ်ဖြင့် နေသည်ဟု ဆိုသော်လည်း အချုပ်စခန်းမှာ တောင်မြို့ ဖြစ်သည်။ တောင်မြို့၌ အကျယ်ချုပ်ဖြင့် နေစဉ် ရွှေပြည်ဝန်သည် ခင်မကန် ဆရာတော်ဘုရားကြီးအား နံနက်တိုင်း ဆွမ်းတစ်အုပ် ကပ်သည်။ နေ့စဉ်ရက်ဆက် ဆွမ်းကပ်ဖန် များလတ်သော် ခင်မကန် ဆရာတော်ဘုရားက 'ဘိုးလှိုင်ဟာ တောင်မြို့မှာ ဘာလုပ်နေသလဲ၊ သင်း ယခု ထက်ထိ နန်းတော် မပြန်ရသေးဘူးလား'ဟု မေးတော်မူသည်။ ဤသည်တွင် ရွှေပြည်ဝန် တောင်မြို့သို့ ရောက်လာရခြင်းအကြောင်းကို ခင်မကန် ဆရာတော် အတိအလင်း သိရသည်။ သိရသည်နှင့်တစ်ပြိုင်နက် ခင်မကန် ဆရာတော်သည် နန်းတော်သို့ဝင်၍ မင်းတုန်းမင်းတရားကြီးအား 'ကမ္ဗာဝစရ ညံ့သောသူမှာ ဆေးခါးကြီးရည်တောင် ဗျစ်ရည် ဖြစ်ရသေးသည်'ဟု မိန့်တော်မူ၍ တရားပြလေသည်။ ဤတွင်မှ မင်းတရားကြီးသည် သတိရတော်မူသဖြင့် ရွှေပြည်ဝန်ကြီးကို နန်းတော်သို့ ပြန်ခေါ်၍ ရာထူးရင်းကို ပြန်ပေးသည်ဟု မှော်ဘီဆရာသိန်းကြီး၏ အဆိုရှိသည်။

ပုဂံဝန်ထောက်မင်း ဦးတင်က ယောအတွင်းဝန်သည် ခြောက်လမျှသာ အချုပ်ခံရသည်ဟု ဆိုခြင်းကြောင့် ၁၂၃၄ ခု နှစ်ဦးတွင် ရွှေပြည်ဝန်ဖြစ်၍ ဝက်မစွတ် မြို့ကို စားရသည်ဟု ယူဆရပေလိမ့်မည်။ ယောအတွင်းဝန်အရာ ကျသည်နှင့် အတွင်းဝန် လယ်ဝန်မင်းကြီး မင်းထင်ကျော်လည်း ယောမြို့ကို စားရသည်။ ထို့ကြောင့် မင်းကြီးမင်းထင်ကျော်ကို ရာဇဝင်တွင် အတွင်းဝန် လယ်ဝန် ယောမြို့စား ဟု ရေးသားသည်။

၁၂၃၄ ခုနှစ်၊ နယုန်လတွင် ယခင်က ယောအတွင်းဝန် ဦးဘိုးလှိုင် စီမံအုပ်ချုပ်သော ဒင်္ဂါးစက်ရုံနှင့် တကွသော စက်ရုံအပေါင်း ၅၀ ကျော်တို့ကို မင်းတုန်းမင်းတရားကြီး၏ သားတော် သီရိမဟာ သုဓမ္မရာဇာဘွဲ့ခံ မက္ခရာမင်းသား က ဆက်လက် စီမံအုပ်ချုပ်ရသည်။ သို့ရာတွင် ယောအတွင်းဝန်၏ လက်က လွတ်ပြီးနောက်မှ ရာထူးဆက်ခံသူ အဆင့်ဆင့်တို့၏ လက်ထက်တွင် စီမံအုပ်ချုပ်မှုကို ထင်းအစည်းပြေသကဲ့သို့ ရှိဟန်တူ၏။

မန္တလေးမြို့ အငြိမ်းစားဝန်ထောက်မင်း ဦးမောင်မောင်တင် ရေးသားသော ရွှေနန်းသုံး ဝေါဟာရ အဘိဓာန်ပထမတွဲတွင် ကနောင်မင်းသားကြီး လွန်လေပြီးသည့်နောက် အချို့သောစက်ရုံတို့သည် ကျီးနှင့်ဖုတ်ဖုတ် ဆိုဘိသကဲ့သို့ ရစရာ မရှိအောင် တိမ်းယိမ်းပြိုပျက်လာကြောင်းကို ဖော်ပြထားသည်။

http://www.cherrythitsar.org


## မဟာသမတဝိနိစ္ဆယကျမ်း

၁၂၃၄ ခုနှစ်တွင် အဂ္ဂမဟာသေနာပတိ ပခန်းကြီးမြို့စား ဝန်ကြီးမင်း သတိုးမင်းကြီး မဟာမင်းလှစည်သူ တောင်းပန်ချက်အရ မဟာသမတဝိနိစ္ဆယစာတမ်းကို နေ့ချင်းပြီး ရေးသားစီရင်သည်။ ယောအတွင်းဝန် ရေးသားသော နိဗ္ဗာန်အကြောင်း စာတမ်းကို ပုံနှိပ်ထုတ်ဝေသူ ဆရာမောင်ပန်းဦး၏ ကျမ်းစာရင်း၌ကား အဆိုပါကျမ်းကို 'မဟာသမတ တစ်ဆယ့်တစ်ပါးနှင့် ကပ်အဆုံးအဖြတ် ကပ္ပဝိနိစ္ဆယ ကျမ်း' ဟု ဖော်ပြထားသည်။ ထိုခေတ်က သမ္မတကို သမတဟု ရေးလေ့ရှိသည်။

ကျွန်တော်သည် ထိုစာတမ်းကို ဖတ်ရှုဖူးလေအောင် စုံစမ်းခဲ့ပါသည်။ သို့သော် စုံစမ်း၍ မရပါ။ ကျမ်း၏အမည်ကို ကြားဖူးရုံမျှသာ ရှိပါသည်။

သို့သော် သမိုင်းပါ စကားဆက်တို့ကို ထောက်ရှုကြည့်ခြင်းအားဖြင့် ဤမဟာသမတ ဝိနိစ္ဆယကျမ်း ပြုစုရသည့် အကြောင်းရင်းကို မှန်းဆနိုင်ပါသည်။

မင်းတုန်းမင်းတရားသည် ပဉ္စမသင်္ဂါယနာတင်ပြီးသည့်နောက် မုဒ္ဓါဘိသိက် ခံယူလိုသော ဆန္ဒရှိလာသည်။ မင်းတုန်းမင်းသည် ပုဂံမင်းကို နန်းချ၍ မင်းပြုတော်မူသည်။ ထိုသို့ မင်းဖြစ်လာသောအခါ မြန်မာ-အင်္ဂလိပ် စစ်ကြောင့်လည်းကောင်း၊ ပြည်တွင်းဆူပူမှုကြောင့် လည်းကောင်း ရှေးမင်းဟောင်းတို့နည်းတူ မုဒ္ဓါဘိသိက်ကို ခံယူနိုင်ခြင်း မရှိခဲ့ချေ။ မင်းဟူရာ၌ မုဒ္ဓါဘိသိက္ကမင်း၊ သာမညမင်းဟု ရှိသည်။ ထုံးစံနှင့်အညီ ဦးထိပ်၌ ရေသွန်းလောင်းအပ်သော အဘိသိက် ရှိသော မင်းသည် မုဒ္ဓါဘိသိက္ကမင်းမည်၏။ ယင်းသို့မဟုတ်လျှင် သာမညမင်းသာ ဖြစ်သည်။ မင်းတုန်းမင်းကြီး၏ အလိုဆန္ဒ၌ မုဒ္ဓါဘိသိက္ကမင်း ဖြစ်လို၏။

ယင်းသို့ အကြံအစည် ရှိတော်မူသည့်အလျောက် မုဒ္ဓါဘိသေက အခမ်းအနားအလို့ငှာ နန်းတော်အတွင်း၌ မျုးကြီးမတ်ရာ သေနာပတိတို့သည် ကြိုတင်ပြင်ဆင်ခြင်းတို့ကို ပြုလုပ်ကြရပေလိမ့်မည်။ ဤအတွက်ကြောင့် ပခန်းမြို့စား ဝန်ကြီးမင်းသည် ကျမ်းဂန်တို့၌လာသော မဟာသမ္မတနွယ်ကောက် တင်မြှောက်ပုံ အခြင်းအရာတို့ကို ဗဟုသုတဖြစ်စေရန် ယောအတွင်းဝန်အား မေးမြန်းမိပေလိမ့်မည်။ ရှေ့တွင် ဆိုလတ္တံ့သော ရာဇဓမ္မသင်္ဂဟကျမ်း၏ စကားသွား စကားလာတို့ကို ပိုင်းခြားဝေဖန် ကြည့်လျှင် ယောအတွင်းဝန်၏ စိတ်ရင်း၌ မြန်မာဘုရင်စနစ်ကို ကျမ်းဂန်နှင့်လည်းကောင်း၊ ခေတ်နှင့်လည်းကောင်း ညီညွတ်အောင် ပြုပြင်လိုသည်မှာ ထင်ရှားသည်။ ထို့ကြောင့် မဟာသမတဝိနိစ္ဆယ စာတမ်းကို စီရင်ရာ၌ ယောအတွင်းဝန်၏ ရည်ရွယ်ချက်သည် လက်ရှိစနစ်တို့ကို ပြုပြင်သွားလိုသော ရည်ရွယ်ချက် ဖြစ်ပေလိမ့်မည်။

http://www.cherrythitsar.org



# လူ့အဖွဲ့အစည်း ပဋိညာဉ်

ဤမဟာသမတဝိနိစ္ဆယကျမ်း ပြုရခြင်း၏ ရည်ရွယ်ချက်နှင့် ရာဇဓမ္မသင်္ဂဟကျမ်း ပြုရခြင်း၏ ရည်ရွယ်ချက်တို့ကို သဘောပေါက်စေရန် အလို့ငှာ ယခု စကား အလျဉ်းသင့်ခိုက် မြန်မာ့ရိုးရာ နိုင်ငံရေးအတွေးအခေါ်တစ်ရပ်ကို ကြိုတင်၍ နိဒါန်းပျိုးထားလိုပါသည်။

မြန်မာဘုရင်စနစ်သည် သက်ဦးဆံပိုင်စနစ် ဖြစ်သည် မှန်၏။ သက်ဦး ဆံပိုင်စနစ်ဟူသည်ကား ရှင်ဘုရင်က တိုင်းသူပြည်သားတို့၏ အသက်ကို ပိုင်သည် ဟု ဆိုလိုသည်။ အသက်ကို ပိုင်သည်ဟု ဆိုခြင်းကြောင့် တိုင်းသူပြည်သားတို့၏ ဥစ္စာစည်းစိမ်ကိုပါ ပိုင်သည်ဟု ဆိုရမည်။

ထို့ကြောင့် ရှင်ဘုရင်ကို မြန်မာ့ရာဇဝင် အသုံးအနှုန်းတို့၌ ဘဝရှင်ဟူ၍ လည်းကောင်း၊ ရေမြေရှင်ဟူ၍ လည်းကောင်း ပြဆိုသည်။ သို့သော် မြန်မာတို့ ၏ နိုင်ငံရေး အတွေးအခေါ်၌ 'ရှင်ဘုရင်တို့သည် အသက်ဦးဆံပိုင်သော အခွင့် အရေးကို နတ်ပေး၍ (ဝါ) ထာဝရ ဘုရားပေး၍ ရသည်[၁]' ဟူသော အယူအဆမျိုး မရှိချေ။ အနောက်နိုင်ငံတို့၏ နိုင်ငံရေးအတွေးအခေါ်၌ ထာဝရဘုရားက ပေး သော အခွင့်အရေးများဟူ၍ ရှိသည်။

ယင်းသို့ဖြစ်လျှင် အသက်ဦးဆံပိုင်သော အခွင့်အရေးကို ဘုရင်တို့ မည်သို့ ရရှိပါသနည်း။ ဤပုစ္ဆာကို ဖြေဆိုရန်မှာ မြန်မာ့နိုင်ငံရေး အတွေးအခေါ် အလို့ငှာ မြန်မာတို့ လက်သုံးပြုသော မဟာဝန်ကျမ်းလာ မဟာသမ္မတ တင်မြှောက်ပုံ အခြင်းအရာကို ညွှန်ပြရပေလိမ့်မည်။ ပုဂံဝန်ထောက်မင်း ဦးတင် မြန်မာမင်း အုပ်ချုပ်ပုံစာတမ်းတွင် မဟာသမ္မတ တင်မြှောက်ပုံကို နားလည်လွယ်သော စကားဖြင့် အောက်ပါအတိုင်း ရေးသားထားသည်။

'အသိအလိမ္မာ ဉာဏ်ပညာရှိသူ လူတစ်စုတို့သည် မနူမည်သော သုခမိန် ကို မဟာသမ္မတ တင်မြှောက်ကြသည်။ တင်မြှောက်ပုံမှာ ငါတို့အပေါ်တွင် အရှင်အစိုးရ ပြုလုပ် အုပ်ချုပ်ပါ။ ကဲ့ရဲ့ရှုတ်ချနှင်ထုတ်သင့်သူ၊ မ စ ချီးမြှောက် စောင့်ရှောက်သင့်သူတို့ကို တရားလမ်းရှိသမျှ နိဂ္ဂဟ ပဂ္ဂဟ ပြုလုပ်ပါ။ ထိုကဲ့သို့ ပြုလုပ် အုပ်ချုပ်သည့်အတွက်၊ အုပ်ချုပ်ခံရသူတို့ လုပ်ဆောင် ဖြစ်ထွန်းရရှိသော ပစ္စည်းများမှ ဒသမဘာဂ ဆယ်ဖို့တစ်ဖို့၊ ဆယ်ခိုင်တစ်ခိုင်၊ ဆယ်ဖီးတစ်ဖီး၊ ဆယ်လုံးတစ်လုံး၊ ဆယ်ပွင့်တစ်ပွင့် အချိန်နှင့် အခန်သင့်၊ ပေးဆက်ကြသည်ကို

---

၁။ Divine Right of Kings.

http://www.cherrythitsar.org


ခံယူပါဟူ၍ ဝိုင်းဝန်းတိုက်တွန်း ပြောဆိုကြကုန်သည်။ သို့ တင်မြှောက်သူတို့နှင့် မင်းပြုလုပ်မည့်သူတို့သည် အပြန်အလှန် ပဋိညာဉ်ခံဝန်ကတိစကား ထားကြပြီးသည့်အခါ မင်းလျာမင်းလောင်းဖြစ်သော သုခမိန်ကို သုံးပါးသော ဘိသိက်သွန်းလောင်းခြင်းနှင့် မင်းမြှောက်ကြကုန်သည်။'

မဟာသမ္မတသည် တိုင်းသူပြည်သားတို့အား စိုးပိုင်ရန် အခွင့်အရေးကို အထက်ပါနည်းဖြင့် ရရှိခဲ့သည်။ ဤအချက်ကြောင့် မုဒ္ဓါဘိသိက် သွန်းသည့်အခါ မင်းမျိုးအပေါင်းတို့သည်လည်းကောင်း၊ ပုဏ္ဏားမျိုးအပေါင်းတို့သည်လည်းကောင်း၊ သူဌေးသူကြွယ်အပေါင်းတို့သည်လည်းကောင်း၊ ရာဇသေဝက ဒီပဏီကျမ်းလာ အောက်ပါ အာဘော်အတိုင်း ဘိသိက်သွန်းရသည်။

**'အရှင်မင်းမြတ်**။ ။ အရှင်မင်းမြတ်ကို အလုံးစုံသော မင်းမျိုး၊ ပုဏ္ဏားမျိုး၊ သူဌေးသူကြွယ်မျိုး အပေါင်းတို့သည် မိမိကိုယ်ကို စောင့်ရှောက်ခြင်း အကျိုးငှာ မင်းမြတ်ကို အဘိသိက်သွန်းလောင်းပါ၏။ အရှင်မင်းမြတ်သည် တရားနှင့်အညီ မင်းပြုတော်မူလော့။ မင်းမျိုး၊ ပုဏ္ဏားမျိုး၊ သူဌေးသူကြွယ်မျိုး အပေါင်းတို့၌ အသျှင်မင်းမြတ်သည် ရွှေရင်တော်နှစ်ကဲ့သို့ ချစ်ခင်သနားတော်မူသဖြင့် စီးပွားစေလို သော စိတ် ရှိတော်မူပါလော့။ စီးပွားနှင့်မျှသော မေတ္တာစိတ်လည်း ရှိတော်မူ ပါလော့။ ထိုမင်းမျိုး၊ ပုဏ္ဏားမျိုး၊ သူဌေးသူကြွယ်မျိုးတို့ကို စောင့်ရှောက်တော်မူ ပါလော့။ အရှင်မင်းမြတ်သည် အကျွန်ုပ်တို့ ဆိုသည့်အတိုင်း မင်းပြုသည်ရှိသော် ကောင်းမြတ်၏။ ထိုသို့ မပြုခဲ့သော် အရှင်မင်းမြတ်၏ ဦးခေါင်းသည် ခုနစ်စိတ် ခုနစ်ဖြာ ကွဲစေသတည်း။'

အထက်ပါ စကားတို့ကို ထောက်ချင့်သော် အနောက်နိုင်ငံသားတို့ နိုင်ငံရေး အတွေးအခေါ် ဖွံ့ဖြိုးလာသောအခါ ထာဝရဘုရား ပေးသည့် အခွင့်အရေးဟူသော အယူအဆကို တော်လှန်၍ နိုင်ငံနှင့်ပြည်သူတို့ အညမည ကတိကဝတ် ပဋိညာဉ် ပြုကြသည် ဟူသော လူ့အဖွဲ့အစည်း ပဋိညာဉ် အယူအဆကို လက်ခံလာကြသည့် သဘောသွားနှင့် ထပ်တူထပ်မျှ ဖြစ်သည်။

ထိုလူ့အဖွဲ့အစည်း ပဋိညာဉ်ဝါဒကို ခရစ်မပေါ်မီ နှစ်ပေါင်း ၄၀၀ အထက်က ထွန်းကားသော ဒဿနိက ဆရာကြီး ပလေတိုး[၁] ခေတ်က စ၍ပင်လျှင် သူတို့ စိတ်ဝင်စားခဲ့ကြသည်။

အင်္ဂလန်နိုင်ငံ ဝက်ဆက္ကစ[၂] နယ်တွင် နယ်ချဲ့ခရစ်နှစ် ၉၂၀ လောက်က

---

၁။ Plato.

၂။ Wessex.

http://www.cherrythitsar.org



အသုံးပြုသော ကျမ်းကျိန်စာတို့တွင် 'အရှင်မင်းကြီး၊ အရှင်မင်းကြီးသည် အကျွန်ုပ်ကို အကျွန်ုပ်နှင့် ထိုက်တန်အောင် ထိန်းသိမ်းစောင့်ရှောက်သော်၊ အကျွန်ုပ်သည် အရှင့်ကျေးဇူးသစ္စာကို စောင့်သိရိုသေပါမည်' ဟူသော ကျမ်းကျိန်စာ တစ်ရပ်ကို တွေ့ရသည်။

ဤကျမ်းကျိန်စာ၏ သဘောသွားမှာ လူ့အဖွဲ့အစည်းတစ်ရပ် ထူထောင်ရန် အလို့ငှာ ရှင်ဘုရင်နှင့် တိုင်းသူပြည်သားတို့အချင်းချင်း အပြန်အလှန် ကတိကဝတ် ပြုကြသည့် သဘောဖြစ်သည်။ ဤလူ့အဖွဲ့အစည်း ပဋိညာဉ်ဝါဒကို ခရစ်နှစ် ၁၂၅၀ ပြည့်တွင် **စိန့်သောမတ်အကွီနပ်စ်**[၁] က လည်းကောင်း၊ ခရစ်နှစ် ၁၆၉၀ ပြည့်တွင် **ဂျွန်လော့ခ်**[၂] က လည်းကောင်း၊ ၁၇၄၈ ခုနှစ်တွင် **ဒေးဗစ်ဟူးမ်**[၃] က လည်းကောင်း၊ ၁၇၇၆ ခုနှစ်တွင် **ရူဆိုး**[၄] က လည်းကောင်း အမျိုးမျိုး ဋီကာဖွင့်၍ ပြဆိုခဲ့ကြသည်။

ထို့ကြောင့် ထိုဝါဒသည် တစ်ဆင့်ပြီးတစ်ဆင့် ဖွံ့ဖြိုးတိုးတက်၍ ပြန့်ပွား လာခဲ့သည်။ ကျွန်ုပ်တို့အဖို့မှာကား မြန်မာနိုင်ငံသို့ ဗုဒ္ဓသာသနာ့ ယဉ်ကျေးမှု ပျံ့နှံ့လာသည်ကစ၍ မဟာသမ္မတမင်းမြှောက်ခြင်း ဝါဒကို လက်ခံလာကြသည်။ သို့ရာတွင် တိုင်းသူပြည်သားတို့ တိုးတက်မှုမရှိသော အချိန်အခါနှင့် တိုက်ဆိုင် နေပါလျှင် စိုးမိုးသော မင်းတို့သည် ထိုဝါဒကို မေ့လျော့ပြီးလျှင် အချုပ်အခြာ အာဏာဟူသမျှကို တိုင်းသူပြည်သားတို့ထံမှ သိမ်းယူလေ့ရှိကြသည်။

ဤသို့ အာဏာသိမ်းရာတွင် စိုးမိုးသော မင်းတို့သည် အကြောင်းပြလုလေ အောင်၊ စန္ဒြဝံသ (လမင်း)၏ အဆက်အနွယ်ဖြစ်သည်ဟူ၍ လည်းကောင်း၊ အာဒိစ္စဝံသ (နေမင်း)၏ အဆက်အနွယ်ဖြစ်သည်ဟူ၍ လည်းကောင်း၊ မိမိကိုယ် ကို မိမိတို့ သိဒ္ဓိတင်ကြသည်။ အချို့သော မင်းတို့ကား ဗောဓိသတ်ဟူသော ဘွဲ့ကိုပင်လျှင် ခံယူကြသည်။ ဤအဆစ်အပိုင်းသို့ ရောက်လာသောအခါ ဥရောပ တိုက်၏ အတွေးအခေါ်ဖြစ်သော ထာဝရဘုရားပေးသည့် အခွင့်အရေးဝါဒမျိုးနှင့် ခပ်ဆင်ဆင် ဖြစ်လာပြန်သည်။

ယောအတွင်းဝန်သည် မဟာသမတဝိနိစ္ဆယ စာတမ်းကို ပြုစုသည့်အခါ လူ့အဖွဲ့အစည်း ပဋိညာဉ်ပြုသောဝါဒကို ပြန်လည်ထွန်းကားအောင် ကြံဆောင်

---

၁။ St. Thomas Aquinas.

၂။ John Locke.

၃။ David Hume.

၄။ Rousseau.

http://www.cherrythitsar.org



သည်ဟု ကျွန်တော် နှလုံးပိုက်မိပါသည်။ အနူမာန မျက်မှန်းဆ၍ ထင်မြင်ချက် ပေးရခြင်းကြောင့် တပ်အပ် အခိုင်အမာဟု မပြောလိုပါ။ သို့သော် မင်းတုန်းမင်း တရားကြီး မုဒ္ဒါဘိသိက်ခံယူသော အခမ်းအနား၏ အနက်အဓိပ္ပာယ်ကို ကြံဆ သော် တည်းဖြတ်သူ၏ အတ္တနောမတိသည် အကြောင်းယုတ္တိနှင့် မကင်းကွာဟု ယုံကြည်မိပါသည်။ ထိုအခမ်းအနားအကြောင်းကို ရှေ့တွင် တွေ့ရပါလိမ့်မည်။

## မှန်ရာကို ဆိုဝံ့သောသတ္တိ

၁၂၃၅ ခုနှစ်တွင် ယောအတွင်းဝန် အရာကျ၍ အမရပူရတောင်မြို့၌ပင် အကျယ် ချုပ် ချထားခြင်း ခံရသည်။ အရာကျသည်မှာ အဘယ့်ကြောင့်ဟု မှတ်တမ်းတို့ တွင် ဖော်ပြခြင်း မရှိချေ။ သို့သော် မော်ဘီဆရာသိန်းကြီး၏ မှတ်စု စကားသွား စကားလာတို့ကို ကြည့်ရှုလျှင် အောက်ဖော်ပြပါ အဖြစ်အပျက်ကြောင့် အကျယ်ချုပ် ခံရသည်ဟု ယူဆရန် ရှိသည်။

ယောအတွင်းဝန်သည် ဆိုရေးဆိုအပ်သည်ရှိက မထောက်မညှာ ဆိုတတ် သည်။ မင်းဟူသော အကြောင်းဖြင့် ဘယာဂတိကို မလိုက်ချေ။ တစ်ရံခါသော် အတွင်းရေးကိစ္စနှင့် စပ်လျဉ်း၍ မင်းတရားကြီးအား ရွှေပြည်ဝန်ကြီးက 'အစ်မ နှမ၊ သမီးကကို၊ စ၍ဆက်နှင်း၊ လက်ဆောင်သွင်း၍ စိုးမင်းချစ်မြတ်၊ ထိုအမတ် သည်၊ အတတ်မရှိ၊ သတ္တိကင်းကွာ၊ ဘုန်းကြီးလာမူ၊ ပြည်ရွာပျက်ကြောင်း တစ်ပါး တည်း' ဟု ရှိပါကြောင်းပါ ဘုရားဟု တင်လျှောက်လေ၏။

ဤအခါ တော်ကြီး ဘုရားက 'ငလှိုင်၊ သည်လုံ့ကို ကြည့်စမ်း၊ မည်သူကိုင်တဲ့ လုံ့တုံး' ဟု မေးတော် မူရာ 'အရှင့်ခမည်းတော်ကိုင်သော လုံ့ဖြစ်ပါကြောင်း' ကို လျှောက်သည်။ မင်းတရားကြီးက 'ငါ့ခမည်းတော်သည် ဤလုံ့နှင့် မည်သူ့ကို စီရင်ပါသနည်း' ဟု မေးတော်မူရာ 'ကျွန်တော်မျိုးကျေးဇူးရှင် အဖကို စီရင်ပါကြောင်း' လျှောက်၏။ 'ဤလုံ့တော်နှင့် မောင်မင်း စီရင်ခြင်းကို ခံလိုသလား' ဟု မေးတော်မူရာ ရွှေပြည်ဝန်ကြီး က 'ထိုးတော်မူပါဘုရား' ဟု ရင်ဘတ်ကို ကော့၍ပေးလေသည်။ မင်းတရားကြီး လည်း လုံ့တော်ကို ကိုင်၍ အတွင်းတော်သို့ ဝင်တော်မူလေသည်။ ကျန်ရစ်သော ဝန်များက 'ဝန်မင်းမလဲ တင်းတင်းမာမာ ရဲပဲ ရဲလွန်းလှဗျာ' ဟု ပြောကြသည်။ 'ကျွန်ုပ်သည် လုံ့နှင့်ထိုးသတ်၍ သေရခြင်းကား မြတ်သည်။ နေရာတိုင်း မင်းလို လိုက်၍ စီမံသော်၊ မကောင်းမှု ဖြစ်ပွားနေသည့်အတွက် နိုင်ငံတော်ပျက်စီးခြင်း ဖြစ်ရလေသည်ဟု ဤနာမည်မျိုး ကျန်ရစ်ခဲ့ပါလျှင် သေကျိုးမနပ် ဖြစ်သည်။ ထိုမကောင်းသော အပုပ်နံ့သည်

http://www.cherrythitsar.org



တထောင်းထောင်းနှင့် လူအပေါင်းတို့ နှာခေါင်းရှုံ့ ကြမည်ကို ကြောက်စရာကောင်းသည်။ မှူးမတ်ဆိုသည့်အတိုင်း၊ အကြီးအမှူး ဖြစ်သည့်အတိုင်း တည့်တည့်မတ်မတ်ဖြစ်အောင် စီမံခန့်ခွဲလျက် လျှောက်တင် ခွင့်ရှိက အသက်ကို စွန့်၍ ရဲရဲဝံ့ဝံ့ တင်ကြရမည်။ သို့မှ မှူးမတ်နှင့် တူသည်' ဟု ပြောလေသည်။ နောက်တစ်နေ့ အကျယ်ချုပ်နှင့် ရာထူးမှ လျှောချထားခြင်း ကို ခံရလေသည်။

## အရေးပေါ် 'ဘိုးလှိုင်ကို ခေါ်ပါလား'

၁၂၃၆ ခုနှစ်တွင် တိုင်းနိုင်ငံ၌ အရေးတော်တစ်ရပ် ပေါ်လာပြန်သည်။ မင်းတုန်းမင်းတရားကြီးသည် ဦးစွာ၌ ကင်းဝန်မင်းကြီးအား သံအဖြစ်ဖြင့် ဗြိတိန်နှင့် ဥရောပနိုင်ငံတို့သို့ စေလွှတ်သည်။ ယင်းသို့ စေလွှတ်သောကြောင့် အင်္ဂလိပ်-မြန်မာချစ်ကြည်ရေးနှင့် ကူးသန်းရောင်းဝယ်ရေး အလားအလာတို့ ကောင်းလာသည်။

သို့ရာတွင် ထိုစဉ်က အင်္ဂလိပ်-ပြင်သစ် အပြိုင်အဆိုင် နိုင်ငံရေးမီးသည် တငွေ့ငွေ့ တောက်လောင်နေဆဲ ဖြစ်သည်။ ထို့ကြောင့် အင်္ဂလိပ်နှင့် မိတ်ဖြစ်ဘိသကဲ့သို့ ပြင်သစ်နိုင်ငံနှင့်လည်း မိတ်ဖြစ်ရန် လိုသည်။ ဤအတွက်ကြောင့် ကင်းဝန်မင်းကြီးသည် ပြင်သစ်နိုင်ငံသို့ သံအဖြစ်ဖြင့် ထပ်မံသွားရောက် ရပြန်သည်။ ဤအကြိမ်တွင် ကင်းဝန်မင်းကြီးသည် ပြင်သစ်နိုင်ငံနှင့် စာချုပ်တစ်ခုကို ချုပ်ဆိုခဲ့၏။

ထိုစာချုပ်မှာ ပတ္တမြားနယ်ကို ဓာတ်သတ္တုတူးဖော်ရန် အလို့ငှာ ပြင်သစ်တို့ကို အခွင့်အရေးပေးသော စာချုပ်ဖြစ်သည်။ ဤစာချုပ်ကို မင်းတုန်းမင်းတရားကြီး သဘောမတူလေ။ ထို့ကြောင့် ထိုစာချုပ်ပါ အချက်တို့ကို ဘုရင်မင်းမြတ်က အတည်ပြုရန်အတွက် ပြင်သစ်သံတို့ မန္တလေးနေပြည်တော်သို့ ရောက်သောအခါ မင်းတုန်းမင်းတရားကြီးသည် စာချုပ်ကို အတည်မပြုစေရန် အကြောင်းရှာလေသည်။

မင်းတရားကြီးသည် မိမိထံပါး၌ ရွှေပြည်ဝန် မရှိသည်နှင့် မိဖုရားများကို ခေါ်တော်မူ၍ 'မမတို့၊ မမတို့ ဈေးရောင်း၊ ရက်ကန်းရက်အလုပ်နှင့် အသက်မွေးဖို့ ကြံကြပေတော့၊ ကျောက်တွင်းကို မဆင်မခြင် သဘောအတိုင်း ရောင်းခဲ့သောကြောင့် စာချုပ် ချုပ်ရတော့မည်။ မရောင်းနိုင်လျှင် စစ်ဖြစ်ရန်သာရှိသည်' ဟူ၍ ညည်းတွားတော်မူလေသည်။

ထိုအခါ မိဖုရားခေါင်ကြီးက ရောင်းသူက ရောင်းခဲ့စေကာမူ ဖျက်သူက

http://www.cherrythitsar.org


ဖျက်ရမည်ဖြစ်၍ 'ဘိုးလှိုင် ခေါ်ပါလား' ဟု အကြံပေးလေသည်။

ထိုအကြံပေးချက်အရ တောင်မြို့၌ အကျယ်ချုပ်ဖြင့် နေရသော ရွှေပြည်ဝန်ကို ပြန်ခေါ်၍ မူရင်းရာထူးကို ပြန်ပေးသည့်အပြင် ဝက်မစွတ်မြို့ကို အစားအသနားတော်မြတ် ခံရသည်။

မှော်ဘီဆရာသိန်းကြီးက ဤကိစ္စနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း မှတ်တမ်းတင်ထားသည်။

'. . . ရွှေပြည်ဝန်ကြီးသည် နန်းတော်သို့ လိုက်လာပြီးလျှင် အတွင်းတော်သို့ ဝင်၍ ခစားလေ၏။ ဤအခါ မင်းတရားကြီးနှင့် မိဖုရားကြီး အရှင်နှစ်ပါး ဇေတဝန်ဆောင်၌ စံတော်မူလျက် ရှိကြသည်။'

'မိဖုရားခေါင်ကြီးက တိုင်းပြည်နှင့်ဆိုင်သော အရေးကြီးနေသည့် အကြောင်းကို ပြောပြ၍ မောင်ရင်လှိုင် ကြံရေးသာ ရှိပေသည်။ နက်ဖြန်နံနက် အဝယ်တော်သံများနှင့် စကားဆိုရလိမ့်မည်ဟု မိန့်တော်မူလေ၏။

'ရွှေပြည်ဝန်ကြီးက စိုးရိမ်စရာ မရှိကြောင်းပါဘုရား၊ နက်ဖြန် သံများနှင့် အဆောင်၌ပင် စကားပြောဆိုရပါမည့်အကြောင်း နန်းစဉ်ငမောက် ရတနာကျောက်ကြီးကိုလည်း သနားတော်မူပါမည့်အကြောင်း သံတော်ဦးတင်ရာ မင်းတရားကြီးက 'မင်း သဘောရှိရာ စီမံဆောင်ရွက်လေ' ဟု အလုံးစုံ လွှဲအပ်တော်မူလေ၏။

နောက်တစ်နေ့ နံနက်တွင် ပြင်သစ်နိုင်ငံမှ အဝယ်တော်တို့ အဆောင်တော်၌ ရောက်ရှိပြီး အတန်ကြာမှ ရွှေပြည်ဝန်ကြီးသည် အဆောင်တော်သို့ ဝင်လာသည်။

ထိုအခါ ရွှေပြည်ဝန်ကြီးက ပြောပြသည်မှာ 'နိုင်ငံကို အုပ်စိုးသော မင်းချင်း ဖြစ်ကြပေသည်။ ကျောက်တွင်းကို စာချုပ် ကတိရှိသည့်အတိုင်း ရောင်းရပေ မည်။ . . . သို့သော် ကျောက်တွင်းကို အဖိုးဖြတ်ရန် မလို။ ဤကျောက်ကြီး တစ်လုံးကိုသာ အဖိုး ဖြတ်ဆိုကြပါ' ပြောပြီး နန်းစဉ် ငမောက်ကျောက်ကြီးကို ထုတ်၍ ပြလေ၏။ အဝယ်တော်များက များစွာ ကြည့်ရှုပြီးလျှင် 'ဋ္ဌင်းကျောက်ကြီး ကို ကျွန်ုပ်တို့ အဖိုး မဖြတ်နိုင်ပါ' ဟု ပြောကြလေ၏။

ရွှေပြည်ဝန်ကြီးက 'သည်ကျောက်ကြီးကိုမှ အဖိုးမဖြတ်နိုင်ပါလျှင် ကျောက်တွင်းကို မည်သို့ အဖိုးဖြတ်နိုင်မည်လဲ၊ ဤကျောက်မျိုး သည်ကျောက်တွင်းက မည်မျှလောက် ထွက်နိုင်မည်ကို သိနိုင်မည်လဲ၊ ဋ္ဌင်းကျောက်ကြီးတစ်လုံးကိုမှ အဖိုးမဖြတ်နိုင်ဘဲနှင့် အဝယ်တော် ကိုယ်စားလှယ် ပြုလုပ်လာသည်မှာ အံ့ဩဖွယ်ကောင်းသည်၊ ပေးစမ်း စာချုပ်' ဆို၍ တောင်းယူပြီးလျှင် ဆုတ်ပစ်ပြီး နန်းတော်မှ ဆင်းသွားလေသည်။

http://www.cherrythitsar.org



အဆိုပါ မှတ်တမ်းမှာ မော်ဘီဆရာသိန်းကြီး ပြောလေ့ပြောထရှိသော 'ပါးစပ်ရာဇဝင်' မှတ်တမ်း ဖြစ်သည်။ ပါးစပ်စကားဆိုသည်မှာ ကားတတ်ပေသည်။ ရွှေပြည်ဝန်၏ ဉာဏ်ပဋိဘာဏ်ကို ယုံမှားဖွယ် မရှိချေ။ မင်းတရားကြီးနှင့် မိဖုရားခေါင်ကြီးတို့က အနောက်တိုင်းသားတို့၏ ဓလေ့ဖြစ်သော တစ်ဖက်စီးနင်း စာချုပ်ကို မြန်မာ့ဉာဏ်စွမ်းဖြင့် ဖျက်ဆီးပစ်နိုင်သောကြောင့် တိုင်းပြည်မနစ်နာရအောင် ဆောင်ရွက်သော ဉာဏ်ကို ချီးကျူးတော်မူကြသည်မှာ မမှန်ပါဟု မဆိုနိုင်ချေ။

သို့ရာတွင် နိုင်ငံခြားရေးရာတွင် ကျွမ်းကျင်ပြီးသော ရွှေပြည်ဝန်သည် စာချုပ်ကို တကယ် ဆုတ်ပစ်လိမ့်မည်မဟုတ်။ ဆုတ်ပစ်သည်နှင့်တူအောင်ကား အရေးဆိုပေလိမ့်မည်။ ပါးစပ်စကား ကား၍ ဆုတ်ပစ်သည်ဟု ပြောကြဟန် တူ၏။ အကယ်ပင် စာချုပ်ကို ဆုတ်ပစ်ပါက အနောက်တိုင်းသား (အထူးသဖြင့် အင်္ဂလိပ်) တို့၏ မှတ်တမ်းများတွင် ရွှေပြည်ဝန်၏ အပြုအမူကို ပြင်းထန်စွာ ဝေဖန်ကြလိမ့်မည်မှာ မလွဲချေ။

သို့ရာတွင် ဤကိစ္စနှင့် စပ်လျဉ်း၍ အထက်မြန်မာပြည် မဂဇင်းတီးယားတွင် ဖော်ပြချက်တို့သည်သာလျှင် သမိုင်းဝင်မှတ်တမ်း ဖြစ်သည်။ ထိုဖော်ပြချက်ကား ဤသို့တည်း။

မြန်မာသံအဖွဲ့သည် မန္တလေးမြို့သို့ ပြန်ရောက်လာရာ ကင်းဝန်မင်းကြီးသည် ၎င်း၏ ဆောင်ရွက်ချက်တို့ကို ဘုရင်မင်းမြတ်အား နားတော်လျှောက်၏။

'ဘုရင်မင်းမြတ်သည် ပြင်သစ်တို့အား ကျောက်မျက်ရတနာတို့ကို တူးဖော်လုပ်ကိုင်ခွင့်ပေးသည့် စာချုပ်ပါ အချက်တို့ကို သဘောကျတော်မမူလေ။ ဤသို့ အခွင့်အရေးပေးရန် သံအမတ်ကြီး၌ အာဏာမရှိဟု မိန့်တော်မူလေ၏။ ထို့နောက် ဘုရင်မင်းမြတ်သည် ရှေ့တော်၌ ခစားနေကြသော မျူးကြီးမတ်ရာ သေနာပတိတို့အား ဘုရင့်ရတနာဖြစ်သော နန်းစဉ်ပတ္တမြားငမောက်ကျောက်ကို လက်တွင် တင်ပြ၍ တန်ဖိုးကို ဖြတ်ကြစေသည်။ မျူးမတ်တို့သည် ဦးခိုက်လျက် ကမ္ဘာပေါ်၌ ဤကဲ့သို့သော ရတနာမျိုး တွေ့နိုင်ခဲ့ပါသည် ဘုရားဟု တင်လျှောက်ကြလေ၏။ . . . ထိုအခါ ဘုရင်မင်းမြတ်သည် ငမောက်ကျောက်ကို ဝင့်ပြ၍ ဤကျောက်ကိုမှ တန်ဖိုးမဖြတ်နိုင်ခဲ့ပါလျှင် ငါတို့၏ ပတ္တမြားတွင်း၌ ဤကဲ့သို့ တန်ဖိုးမဖြတ်နိုင်သော ရတနာများ မည်မျှရှိမည်ကို မည်သူ ပြောနိုင်မှာလဲ။ ငါ၏ နိုင်ငံတော်တွင်း၌ ထွက်သော ပတ္တမြားမျိုးသည် မည်သည့်နိုင်ငံမှာမှမထွက်။ . . . . သို့ဖြစ်လျှင် ငါတို့၏ ပတ္တမြားတွင်းကို နိုင်ငံခြားသားများအား လုပ်ကိုင်ခွင့်

http://www.cherrythitsar.org



ပေးရန် သင့်ပါဦးမည်လော ဟု မိန့်တော်မူ၏။ ထို့ကြောင့် စာချုပ်အတည် မဖြစ်ချေ’

ဤစကားအသွားအလာကို ကြည့်လျှင် မင်းတရားကြီးသည် ဦးစွာ၌ ရွှေပြည်ဝန်အား တိုင်ပင်ပေလိမ့်မည်။ ထို့နောက် ရွှေပြည်ဝန်က ပေးသော အကြံအတိုင်း ပြင်သစ် အဝယ်တော်များနှင့် ကင်းဝန်မင်းကြီး အပါအဝင် မှူးမတ် သေနာပတိတို့ကို ကိုယ်တော်တိုင် မိန့်ကြားတော်မူပေလိမ့်မည်။ နောင်သောအခါ ပြင်သစ်နှင့် ကူးသန်းရောင်းဝယ်ရေးစာချုပ်ကို မင်းတရားကြီး၏ အလိုအရ ပြင်ဆင်စေရန် ပြင်သစ်သို့ မြန်မာသံအဖွဲ့တစ်ခု ထပ်မံသွားရောက်၍ အရေးဆို ကြသည်။ သို့သော် ဤကိစ္စသည် ပျက်သွားလေသည်။

## မုဒ္ဓါဘိသိက် အခမ်းအနား

ရွှေပြည်ဝန် မဟာသမ္မတ ဝိနိစ္ဆယကျမ်းကို ရေးသားပြီး၍ နှစ်နှစ်ခန့် ကြာသော် ၁၂၃၆ ခုနှစ်၌ မင်းတုန်းမင်းတရားကြီးသည် မဟာသမ္မတ တင်မြှောက်သော နည်းအတိုင်း မုဒ္ဓါဘိသိက် ခံယူတော်မူသည်။ မုဒ္ဓါဘိသိက် အခမ်းအနား ကျင်းပ သောအခါ ရွှေပြည်ဝန်သည် အရေးပါသော နေရာမှ နေ၍ တာဝန်ဝတ္တရားများ ကို ထမ်းဆောင်ရသည်။

မင်းတုန်းမင်းတရား နန်းတက်သောအခါ ‘သိရိပဝရဝိဇယာနန္တ ယသ ပဏ္ဍိတ မဟာဓမ္မရာဇာဓိရာဇာ’ ဟူသော ဘွဲ့တံဆိပ်တော် နာမံတော်ကို ခံယူတော်မူသည်။ သို့သော် မုဒ္ဓါဘိသိက် သွန်းသောအခါ သိရီပဝရ ဝိဇယာနန္တ ယသပဏ္ဍိတ တြိဘဝနာ ဒိတျာဓိပတိ မဟာဓမ္မရာဇာ ဓိရာဇာ ဟူသော ဘွဲ့တံဆိပ် နာမံတော်ကို ခံယူတော်မူ၏။ ထို ‘နဝရတ်ပွင့်နှစ်၊ ပတ္တမြား ကိုးရစ်စီ၊ ရွှေပေတံဆိပ် နာမံတော်ကို ပတ္တမြားအပြည့်စီ ရှစ်ထောင့်ကွမ်းခွက်နှင့်တင်၍၊ အတွင်းဝန် ယောမြို့စားမင်းကြီး မင်းလှမဟာစည်သူ သုံးကြိမ်တိုင် ဖတ်လျှောက် ပြီးလျှင်၊ သားတော် မက္ခရာမြို့စားမင်းသား သုသီရိမဟာဓမ္မရာဇာ ပိုက်ချီ ဆက်သရသည်။’

ထိုသို့ ဘွဲ့တံဆိပ်နာမံတော်ကို ခံယူပြီးသည့်နောက် မင်းမျိုးရိုးတို့၏ ကိုယ်စား သမီးတော် ရမည်းသင်းမြို့စား စုဖုရားသီရိရတနာ သုပဘာဒေဝီကလည်းကောင်း၊ ပုဏ္ဏားမျိုးရိုးတို့၏ ကိုယ်စား ပုဏ္ဏားဝန် ဗြဟ္မာစန္ဒကလည်းကောင်း၊ သူဌေး သူကြွယ်မျိုးရိုးတို့ကိုယ်စား မဟာသီရိဓနရာဇာ သူဌေးမင်းကလည်းကောင်း အောက်ဖော်ပြရာပါ စကားတို့ကို တင်လျှောက် ဘိသိက်ရေကို သွန်းကြသည်။

http://www.cherrythitsar.org


အခမ်းအနားစလျှင် ရမည်းသင်းမြို့စား စုဖုရားက 'အရှင်မင်းကြီး ရှေးဦးစွာ ကမ္ဘာအစ၌ ဖြစ်သော မဟာသမ္မတ မင်းကောင်းမင်းမြတ်တို့ ကျင့်တော်မူသော တရားကို စွဲမြဲစွာ ကျင့်ဆောင်တည်တော်မူပါလော့။ အရှင်မင်းကြီး၊ ခပ်သိမ်း သော ပြည်ထောင်မင်းတို့ကို အမျက် မလွန်စေခြင်း၊ ခပ်သိမ်းသော သူတို့ကို ကောင်းချီးမြှောက်ခြင်း၊ ခပ်သိမ်းသောသူတို့အား ရင်တော်သားအမျှ ချစ်သနားခြင်း၊ ခပ်သိမ်းသောသူတို့ စီးပွားကိုဆောင်ခြင်း၊ ခပ်သိမ်းသောသူတို့ အသက်ကို ကိုယ်တော်၏ အသက်ကဲ့သို့ ထင်မှတ်တော်မူပါလော့။ အရှင်မင်းကြီး၊ ကျက်သရေရှိသော အမှုကိုသာပြုခြင်း၊ ကျက်သရေရှိသော စကားကိုသာ ဆိုခြင်း၊ ကျက်သရေရှိသော လုံ့လအကြံကို ကြံခြင်းတို့ကို ပြုတော်မူပါလော့' ဟူ၍ တင်လျှောက်၏။

ပုဏ္ဏားဝန်ကမူကား၊ အထက်ပါစကားရပ်တို့တွင် ခပ်သိမ်းသော သတ္တဝါ တို့အား ကိုယ့်သားနှင့်အမျှ ချစ်ခင်၍ ပြည်သူတို့၏ စီးပွားကို ကိုယ်တော်၏ စီးပွား၊ ပြည်သူတို့၏ အသက်ကို ကိုယ်တော်၏အသက်ကဲ့သို့ စောင့်ရှောက်တော် မူပါ ဟူသောစကားကို ယူ၍ 'သာသနာတော် ပွင့်လင်းအောင် ပြုပါလော့။ တရားစောင့်ခြင်း၊ ပညာရှိစကားကို နာလွယ်ခြင်းများကို အမြဲစောင့်ထိန်းတော်မူ ပါလော့' ဟု ဖြည့်စွက်တင်လျှောက်သည်။ မဟာသီရိဓနရာဇာ သူဌေးကြီး ကလည်း ပုဏ္ဏားဝန်ယူသောစကားကို ယူမြဲယူပြီးမှ 'ပြည်သူ့ဥစ္စာ အခွန်ဘဏ္ဍာ ခံယူရာ၌ တရားနှင့်လျော်ညီအောင် စောင့်ထိန်းခြင်း၊ တရားမသိ ပြိန်ဖျင်း သွမ်းသွပ်သူတို့ကို ရှောင်ခြင်း၊ ပဏ္ဍိတ လိမ္မာသော သူတို့၏ စကားကို နာလွယ်ခြင်း များကို ပြုတော်မူပါလော့' ဟု ဖြည့်စွက်၍ တင်လျှောက်သည်။

အထက်ပါ တင်လျှောက်ချက် အဘိသိက်သွန်း အခမ်းအနား အစီအစဉ် ပြီးသော်၊ သူဌေးရှစ်ယောက်တို့က 'အရှင်မင်းကြီး၊ အကျွန်ုပ်တို့ သွန်းလောင်းသော ရေစက်ကို ခံယူတော်မူ၍၊ အကျွန်ုပ်တို့ဆိုသော စကားအတိုင်း ကျင့်ဆောင်တော် မူ၍၊ ပြည်သူ့လုပ်ခွန် ဆယ်ဖို့တစ်ဖို့ ခံယူစားသုံးတော်မူ၍၊ မင်း၏စည်းစိမ်ကို ခံစံပြီးသော်၊ ပြည်သူကို တရားသဖြင့် စောင့်တော်မူပါလော့။ အရှင်မင်းကြီး၊ အကျွန်ုပ်တို့ဆိုသော စကားအတိုင်း ကျင့်တော်မူပါသော်ကား ပစ္စပ္ပန်၊ သံသရာ နှစ်ဖြာသောအကျိုး တက်တိုးလေလျက်၊ တက်သစ်သောနေ၊ ဆန်းသစ်သော လကဲ့သို့၊ တစ်နေ့တစ်ပါး ကျက်သရေတော်ပွင့်လင်း၍၊ ပြည်ထောင်မင်းပေါင်း၊ ဦးခေါင်းညွတ်လာ၊ သဒ္ဒါပြည့်ဖြိုး၊ သူခိုးဓားပြ၊ ငြိမ်းချမ်းသာယာ၊ သာသနာတော် တည်ထွန်း၊ ရေစာမရှား၊ မင်းအားပြည်သူ၊ ဆုယူနေ့တိုင်း ကောင်းချီးပေးလျက်၊ သက်တော်ရာကျော် စံတော်မူရသည် ဖြစ်စေသောဝ်။ ။ ယင်းသို့မဟုတ် ကျွန်ုပ်တို့

စကားအတိုင်း မတည်၊ မင်းကောင်းမင်းမြတ်တို့ ဝန်ခံသော ဘိသိက်သစ္စာ ပျက်ပ ချေသော်၊ ကမ္ဘာဆူဝေ၊ လေမုန်တိုင်းဆင်၊ ငလျင်တော်လည်း၊ မြေကြီးကွဲ၍၊ ငရဲ မီးလျှံ၊ ဝင်းဝင်းပြောင်ပြောင်၊ တောက်လောင်ကြေညက်၊ သူပျက်သူလောင်၊ ထောင်ထောင်ထားထား၊ ခိုးသားတန္တ၊ စသည် ထွေထွေ၊ နေလတံခွန်၊ ငှက်ပျံ ငှက်ယုတ်၊ စုန်းဘုတ်တစ္ဆေ နန်းထက်နေ၍၊ မွှေမွှေလွှန့်ချောက်၊ မြွေဟောက် ငန်းကျား၊ တက်၍ စားသည်ဖြစ်စေသောဝ်' ဟူသော စကားကို တင်လျှောက် ကြလေသည်။

ဆိုခဲ့ပြီးသော မုဒ္ဓါဘိသိက် အခမ်းအနားတွင် ထိုခေတ် ထိုအခါက ပြည်သူ တို့၏ ခေါင်းဆောင်အရာ၌ တည်ကုန်သော သူတို့ တင်လျှောက်သည့် စကားရပ် တို့သည် မဟာသမ္မတမြောက်သော စနစ်အရ ပြည်သူတို့က ဘုရင်မင်းမြတ်အား ကတိပဋိညာဉ် ပေးစေသော သဘောကို ညွှန်ပြသည်။ တရားနှင့်အညီ အခွန် ကောက်၍ တရားရှိသူတို့၏ စကားကို နာယူတော်မူပါ ဟူသော တင်လျှောက် ချက်သည် 'ဓမ္မေန သမေန ရဇ္ဇံ ကာရေတိ' တရားနှင့်အညီ မင်းပြုတော်မူပါ ဟူသော ရှေးထုံးစဉ်လာ စကားရပ်၌ အကျုံးဝင်ပြီး ဖြစ်သည်။

သို့ပါလျက် ပြည်သူ့ဥစ္စာ အခွန်ဘဏ္ဍာ ခံယူရာ၌ တရားနှင့် လျော်ညီအောင် စောင့်ထိန်းခြင်း၊ တရားမသိ ပြိန်ဖျင်းသွမ်းသွပ်သူတို့ကို ရှောင်ခြင်း၊ လိမ္မာသူတို့၏ စကားကို နာလွယ်ခြင်း ဟူသော ဝိတ္တာရတို့ကို အဘယ်ကြောင့် တင်လျှောက် ကြပါသနည်း။ ဤအချက်ကို ဆန်းစစ်လျှင် နောက်ထပ်ပြုပြင်စရာ အချက် အလက်တို့ကို ရည်သန်၍ တင်လျှောက်ခြင်း ဖြစ်သည်ဟု ဆိုရပေလိမ့်မည်။

ယောအတွင်းဝန်သည် သဿမေဓ ခန့်ခွဲပုံစနစ် ချွတ်ယွင်းချက်တို့ကို ကိုယ်တွေ့မျက်မြင် ဖြစ်သည်။ ထိုစနစ်ကို အဆင့်ဆင့် ပြုပြင်ခဲ့သည်လည်း မှန်ပေသည်။ သို့သော် အခွန်ခန့်ခွဲသည့် စနစ် မှန်ကန်လာပြီဟု ဆိုရသည့် တိုင်အောင် အခွန်ဘဏ္ဍာ သုံးစွဲရေးစနစ် မမှန်ဖို့ လိုသေးသည်။

မော်ဘီဆရာသိန်းကြီး၏ သက္ကရာဇ် မတပ်သော အမှတ်အသားတစ်ရပ် တွင် ဤသို့ တွေ့ရသည်။ တစ်ခါသော် ဗြိတိုက် အစည်းအဝေး၌ ရှင်ဘုရင်၊ မိဖုရား၊ သားတော်၊ သမီးတော်၊ ဝန်စု၊ မှူးစု၊ မှုထမ်း ရာထမ်းတို့ကို လစာပေးရန် ဥပဒေပြုသင့်ကြောင်း၊ လစာပေးပြီး၍ ပိုသော ရန်ပုံငွေကို ဘဏ်တိုက်ဖွင့် ထားရှိ သင့်ကြောင်း၊ ထိုရန်ပုံငွေကို အရေးကြုံသောအခါ အလွယ်တကူ သုံးစွဲနိုင်ကြောင်း၊ သို့မှသာလျှင် လက်နက်ကိုင် စစ်တပ်များ ဖွဲ့စည်း၍ လိမ္မာကျွမ်းကျင်သော စစ်သည်အင်အားတို့ဖြင့် တိုင်းပြည်ကို ခုခံကာကွယ်နိုင်ကြောင်း၊ ဤသို့မဟုတ်က နှာခေါင်းရှည်သော ကုလားတို့က မြန်မာအမျိုးသမီးတို့ကို နမ်းရှုပ်ကြလိမ့်မည်

http://www.cherrythitsar.org


ဖြစ်ကြောင်း၊ အကယ်၍ ဤအကြံအတိုင်း အညီအညွတ် လိုက်နာပါက နောက် ငါးနှစ်အတွင်း မြန်မာနိုင်ငံကို ရှေးက ပိုင်သည့်အတိုင်း ကြံဆောင်နိုင်ကြောင်းဖြင့် မင်းတုန်းမင်းတရားအား လျှောက်ထားလေသည်။

မင်းတုန်းမင်းတရားကြီးသည် ဤစကားကို နားခါးတော်မူ၏။ 'သည်အတိုင်း မှန်လျှင် ငါတို့ကို ရှင်ဘုရင်အဖြစ်မှ ချတာပဲ' ဟု မျက်တော်မူ၍ ရွှေပြည်ဝန်ကြီး ကို ရာထူးမှ နုတ်ပယ်ပြန်သည်။ ရွှေပြည်ဝန်ကြီးကား ရာထူးကို ငဲ့၍ ညှိုးနွမ်းခြင်း မဖြစ်၊ တိုင်းပြည်ပျက်မည်ကိုသာ စိုးရိမ်မိသည်။

ဤအဖြစ်အပျက်သည် ရှေ့က ပြဆိုခဲ့သော ၁၂၃၅ ခုနှစ် အရာကျသော အခါ ဖြစ်ပျက်ခဲ့လေသလော မပြောတတ်ချေ။ သို့သော် အခွန်ဘဏ္ဍာ ခန့်ခွဲ သုံးစွဲရေးစနစ် စည်းကမ်းတကျဖြစ်၍ အုပ်ချုပ်ရေး ယန္တရားစက်ကို ပြုပြင် ပြောင်းလဲစေရန် အကြံသည် ယောအတွင်းဝန်၏ စိတ်ထဲ၌ အမြဲကိန်းအောင်း နေသည်မှာ ထင်ရှားသည်။

မုဒ္ဒါဘိသိက် ခံယူသည့်အခါ ကတိပဋိညာဉ် ပြုစေသော စကားရပ်တို့နှင့် ဆက်စပ်ကြည့်လျှင် ထိုပဋိညာဉ် စကားစဉ်တို့သည် ယောအတွင်းဝန် ရွှေပြည်ဝန် ၏ လက်ရာပင် မဟုတ်လောဟု စဉ်းစားစရာ ရှိသည်။

## ရွှေပြည်ဝန်နှင့် ဥရောပပြန် မြန်မာလူငယ်များ

မုဒ္ဒါဘိသိက် ခံယူသောအချိန်တွင် ဗြိတိန်နှင့် ဥရောပသွား မြန်မာသံအဖွဲ့ ခေါင်းဆောင်ကြီး ကင်းဝန်မင်းကြီးသည် မြန်မာနိုင်ငံသို့ ပြန်လည်ဆိုက်ရောက် လာပြီး ဖြစ်သည်။ မြန်မာသံအဖွဲ့ကို ဗြိတိန်နှင့် ဥရောပနိုင်ငံများသို့ လိုက်လံ ပို့ပေးရသော ဗြိတိသျှကိုယ်စားလှယ် မေဂျာမက္ကမေဟန်၏ အရေးအသားတို့တွင် ကင်းဝန်မင်းကြီးနှင့် သံအဖွဲ့ဝင်တို့သည် အနောက်နိုင်ငံတွင် ကြုံတွေ့ခဲ့ရသော နိုင်ငံရေး အယူဝါဒနှင့် အုပ်ချုပ်ရေးစနစ် စသည်တို့ကို သဘောချင်းတူရာ မှူးမတ် တို့နှင့် ဆွေးနွေးတိုင်ပင်ရာ ပညာဓာတ်ခံရှိသော သူတို့သည် နိုင်ငံတော် ပြုပြင် ပြောင်းလဲရေး၌ စိတ်အားထက်သန်လာကြသည်ဟု ဆိုသည်။

သို့သော် ထိုထိုသော ပုဂ္ဂိုလ်တို့သည် အနောက်နိုင်ငံ၌ ဖြစ်ထွန်းနေသော တိုးတက်မှုအဝဝတို့ကို လည်းကောင်း၊ ထိုတိုးတက်မှုတို့ အပေါ်၌ မိမိတို့ ယူဆ သော ထင်မြင်ချက်တို့ကိုလည်းကောင်း မင်းတုန်းမင်းတရားအား အရင်းတိုင်း တင်လျှောက်ဝံ့ကြသည် မဟုတ်ချေ။ တော်လှန်ရေးစိတ်ဓာတ် အခံရှိသူ ရွှေပြည်ဝန်သာလျှင် ဝံ့ဝံ့စားစား တင်လျှောက်တတ်သည်။ များသောအားဖြင့်

http://www.cherrythitsar.org


မှူးကြီးမတ်ကြီးတို့သည် ၎င်းတို့ မတင်ဝံ့ မလျှောက်ဝံ့သော ကိစ္စမျိုးတွင် ရွှေပြည်ဝန်ကို ရှေ့ကတင်၍ ပေးကြဟန်တူလေသည်။

အာဏာလွှဲအပ်ခြင်း ခံရသော ပထမမြန်မာသံအမတ်ကြီး ကင်းဝန်မင်းကြီး၏ ဆောင်ရွက်မှုတို့ကြောင့် မြန်မာနိုင်ငံနှင့် ဥရောပတိုက်ရှိ နိုင်ငံများ၏ ဆက်ဆံရေးသည် တိုးတက်လာသည်။ အနောက်နိုင်ငံတို့တွင် ပညာသင်ကြားခဲ့သော မြန်မာလူငယ်များ၏ ဦးရေလည်း တစ်စတစ်စ တိုးပွားလာသည်။ ထိုလူငယ်များသည် တိုင်းပြုပြည်ပြု လုပ်ငန်းတို့ကို ဆောင်ကြဉ်းနိုင်သော အရည်အချင်း ရှိလာ ကြသည်။

မင်းတုန်းမင်းတရားကြီး လက်ထက်၌ မြန်မာနိုင်ငံက ရှေးရှုနေသော အနောက်တိုင်းပညာရေး အဆင့်အတန်းသည် ဂျပန်နိုင်ငံ မေအိဂျိခေတ်၌ ထွန်းကားစပြုနေသော အနောက်တိုင်း ပညာရေး အဆင့်အတန်းနှင့် နှိုင်းယှဉ်နိုင်လေသည်။ ဤအခြင်းအရာတို့သည် ခေတ်သစ် ထူထောင်နိုင်ရန် ပညာအလင်းရောင်ပေးသော ရွှေပြည်ဝန်၏ ကြိုးပမ်းခြင်းတို့ကို များစွာ အထောက်အပံ့ ပြုပေသည်။

## ကာယာနုပဿနာကျမ်း

၁၂၃၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက်နေ့တွင် 'အတွင်းဝန် ရွှေပြည်ဝန် ဝက်မစွတ်မြို့စား အမတ်ကြီး' ရေးသားစီရင်သော ကာယာနုပဿနာကျမ်းသည် ပေါ်ထွက်လာလေသည်။

ထိုကျမ်းကို မင်းတုန်းမင်းတရား၏သမီးတော် စလင်းမြို့စားမင်းသမီး၏ တောင်းပန်ချက်အရ ရေးသည်။ ထိုကျမ်းသည် အနောက်နိုင်ငံ၌ ပြန့်ပွားနေသော အနာတမီ[၁] ခေါ် လူတို့၏ ခန္ဓာအိမ်ဖွဲ့စည်းပုံကို ပြဆိုသည့်ကျမ်းဖြစ်သည်။ ဓာတုဝိဘင်း၊ သတိပဋ္ဌာန်စသော ပါဠိတော်ကို 'သင်္ကရိုက်ဆေးကျမ်း၊ အနာတမီ စသော ရောမနိုင်ငံဖြစ် လူတို့၏ ဒွတ္တိံသကိုဆိုသောကျမ်း' တို့ဖြင့် ညှိနှိုင်း၍ ကမ္မဋ္ဌာန်းတရားကို ဟောသော ကျမ်းလည်းဟူသည်။

ရွှေပြည်ဝန်သည် လောကဓာတ် ဆေးကျမ်းကို ဘာသာပြန်စဉ်က မူရင်းကျမ်းသည် ပြင်သစ်ဘာသာနှင့် စီရင်သောကျမ်းဖြစ်သည်။ ယခု ကာယာနုပဿနာ ကျမ်းကို ပြုစုသောအခါ အီတလီ (ရောမ) ဘာသာနှင့် စီရင်သော

---

၁။ Anatomy

http://www.cherrythitsar.org


ကျမ်းရင်းကို မှီးဟန်တူသည်။ အထက်တွင် ဖော်ပြခဲ့သော 'ရောမနိုင်ငံဖြစ်' ဟူသော စကားရပ် ကို ထောက်ရှုကြည့်လေ။

ရွှေပြည်ဝန်သည် မိမိကိုယ်တိုင်က အင်္ဂလိပ်၊ ပြင်သစ်၊ အီတလီဘာသာ တို့ကို မတတ်ကျွမ်းသော်လည်း ထိုဘာသာရပ်တို့ကို တတ်ကျွမ်းသော တပည့် တပန်းတို့ကို အားကိုးအားထား ပြုနိုင်ခဲ့သည်။ ရှေးခေတ်က ပါဠိ၊ သသ်ကရိုက်၊ ဘင်္ဂလီ၊ နာဂရီ ဟူသည်တို့ကို ဘာသာပြန်၍ ပညာတန်ဆောင် ထွန်းပြောင်သော ခေတ်တို့ကို ထူထောင်ခဲ့သည်။ ယခုအခါ၌ကား အနောက်တိုင်းပညာရပ်တို့ကို ဘာသာပြန်၍ ခေတ်သစ်ထူထောင်ရန် ကြိုးပမ်းနိုင်ခဲ့လေပြီ။ ကာယာနုပဿနာ ကျမ်းကို ကြည့်ခြင်းအားဖြင့် ရွှေပြည်ဝန်သည် သိပ္ပံပညာရပ်၌ မည်မျှ နှံ့စပ်လာ ပြီကို အကဲခတ်နိုင်သည်။ ယခင် လောကဓာတ်ဆေးကျမ်းကို ဘာသာပြန်စဉ်က ရွှေပြည်ဝန်သည် အဂ္ဂိရတ်သဘောမှ သိပ္ပံပညာသဘောသို့ သက်ရောက်လာသော အသိတရားကို ရရှိခဲ့သည်။ ကာယာနုပဿနာကျမ်း၌ကား သိပ္ပံပညာသဘော တရားတို့ကို အဘိဓမ္မာတရားတို့နှင့် ယှဉ်၍ သုံးသပ်နိုင်လာသည်။

## မိဖုရားခေါင်ကြီး နတ်ရွာစံခြင်း

၁၂၃၈ ခုနှစ်တွင် မင်းတုန်းမင်း၏အရှင် နန်းမတော် မိဖုရားခေါင်ကြီးဘုရားသည် နာမကျန်း ရှိတော်မူသည်။ ထို့ကြောင့် မြန်မာဆေးပညာကို ကျွမ်းကျင်ကြသော ကင်းစဉ်ဝန်ထောက် လှိုင်းတက်မြို့စား မင်းကြီး မဟာမင်းခေါင်သခ်ယာနှင့် ရွှေပြည်ဝန် ဝက်မစွတ်မြို့စားမင်းကြီးတို့သည် နှစ်ဦးညှိနှိုင်းတိုင်ပင်၍ စောင့်ကြပ် ကုမကြရသည်။ ထိုစဉ်က မင်းတရားကြီး၏ထံပါးတွင် ဂျာမန်လူမျိုးတစ်ဦးသည် သစ်တောဝန်အဖြစ်ဖြင့် အမှုထမ်းရွက်လျက် ရှိသည်။ ထိုပုဂ္ဂိုလ်သည် အနောက် နိုင်ငံ ဆေးအတတ်ကိုလည်း တတ်သည်။ ထို့ကြောင့် မင်းတရားကြီးက ၎င်းအား မင်းကျော်သိဒ္ဓိဘိသင္ကပညာဘွဲ့ဖြင့် ချီးမြှောက်တော်မူသည်။ မိဖုရားခေါင်ကြီး ဘုရား၏ ဝေဒနာသည် ပြင်းထန်လာသောအခါ သစ်တောဝန် မင်းကျော်သိဒ္ဓိ ဘိသင္ကပညာကို ပင့်ခေါ်၍ ကုသစေရသည်။ သို့သော် ဝေဒနာသည် လျော့ခြင်း မရှိ၍ ဘဝကူးကောင်းရန် အလှူဒါနတို့ကို နန်းတွင်း၌ ပြုလုပ်ကြသည်။ ၁၂၃၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက်နေ့တွင် မိဖုရားခေါင်ကြီး ဘုရားသည် နတ်ပြည်စံတော်မူသည်။

မိဖုရားခေါင်ကြီး၏ ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို အုတ်ပြာသာဒ်တော် ၌ သွင်း၍ အခမ်းအနားနှင့် သဂြိုဟ်သည်။ ကုန်းဘောင်ဆက် မဟာရာဇဝင်

http://www.cherrythitsar.org



တော်ကြီး၌ ထိုအခမ်းအနားအကြောင်းကို မှတ်တမ်းတင်ရာတွင် ရွှေပြည်ဝန်ကြီး၏ အမည်သည် အဘယ်အကြောင်းကြောင့်မသိ တိမ်မြုပ်နေသည်ကို တွေ့ရသည်။

မင်းတုန်းမင်းတရားကြီးသည် မိဖုရားခေါင်ကြီး နတ်ပြည်စံသောအခါ လွန်စွာ စိတ်နှလုံး ယူကျုံးမရ ဖြစ်ဟန်တူသည်။ မိဖုရားခေါင်ကြီးကို အုတ်ပြာသာဒ်တော်၌ ဂူသွင်းပြီးနောက် နေ့စဉ် အလောင်းတော်ထားရာ မြောက်ဥယျာဉ်စံနန်းတော်သို့ ရေကြောင်းထွက်၍ သုံးလတိုင် ဗိုလ်ဝင်ခဲ့သည်။ နှစ်တစ်ပတ်လည်အံ့သောအခါ မင်းတုန်းမင်းတရားကြီးသည် တရားသံဝေဂ ရလာဟန်တူသည်။ ၁၂၃၉ ခုနှစ်၊ သီတင်းကျွတ် လပြည့်ကျော် ၄ ရက်နေ့တွင် တောင်နန်းညီလာခံ၌ မင်းတုန်းမင်းတရားကြီးသည် ရွှေပြည်ဝန်ကို ခေါ်၍ ဝိပဿနာဉာဏ် ၁၀ ပါးအကြောင်းကို ရေးသားဆက်သွင်းရန် အမိန့်တော်မြွတ် မှတ်တော်မူသည်။ ရွှေပြည်ဝန်လည်း အမိန့်တော်အတိုင်း ဝိပဿနာဉာဏ် ၁၀ ပါးအကြောင်းကို အကျဉ်းချုပ် ရေးသားဆက်သွင်းသည်။

## မဟာအတုလဝေယန် ကျောင်းတော်

၁၂၃၉ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့တွင် မင်းတုန်းမင်းတရားသည် 'အတွင်းဝန် ရွှေပြည်ဝန် ဝက်မစွတ်မြို့စား မင်းကြီးမင်းလှ မဟာစည်သူကြီးမှူးကြပ်မ လုပ်ဆောင်သော ရွှေမြို့တော် အရှေ့ပြင် မဟာအတုလဝိဇိတာရာမတိုက် မဟာအတုလဝေယန်ကျောင်းတော်ကြီး' ပြီး၍ 'ရွှေနန်းတော်က သမ္ဘန်တော်တွင် ရွှေစက်တော်မူ၍ တပ်ဝင်း အခင်းအကျင်းနှင့် ရေကြောင်းထွက်တော်မူပြီးလျှင် ကြည့်ရှုတော်မူသည်'။

မဟာအတုလဝေယန် ကျောင်းတော်ကို နှောင်းလူတို့က အတုမရှိကျောင်းဟု ခေါ်ကြသည်။ ထိုကျောင်းကို ရွှေပြည်ဝန်သည် ၁၂၃၆ ခုနှစ်က စ၍ ကြီးကြပ်ဆောက်လုပ်သည်။

မင်းတုန်းမင်းတရားသည် မဟာအတုလဝေယန် ကျောင်းတော်ကြီး ပြီးစီးသည်တွင် အလွန်နှစ်သက်အားရတော်မူသည်။ ထို့ကြောင့် ထိုကျောင်းတော်ကို ရေစက်သွန်းချ လှူဒါန်းရန်အလို့ငှာ၊ ကျောင်းတော်အနီး ယာယီနန်းတွင် စံမြန်းရန် နန်းတော်မှ ကရဝိတ်ဖောင်တော်နှင့် ထွက်တော်မူသည်။ လမ်းခရီးတွင် ဖောင်တော်သည် တိုင်တစ်တိုင်ကို ဝင်၍တိုက်ရာ ပြာသာဒ်တော် ယိုင်လဲလေသည်။ ကျောင်းတော်သို့ ရောက်သောအခါ ကျောင်းတော် လှေကားထစ်တွင် မင်းတုန်းမင်းတရားသည် ခြေချော်လဲမည်အပြုတွင် မင်းသမီးတစ်ဦးက ဖေးမ

http://www.cherrythitsar.org


ဆွဲချီရသည်။ ဤအခြင်းအရာတို့သည် မင်းတုန်းမင်းတရား၏ စိတ်တော်ကို အနှောင့်အယှက် ပြုသည်။ သို့ရာတွင် ကျောင်းတော်အလှူပွဲ အခမ်းအနားကို ကျင်းပမြဲ ကျင်းပစေရာ ထိုအခမ်းအနားသို့ ဥရောပတိုက်သားများ၊ တရုတ်၊ ကုလား အမျိုးသားများ တက်ရောက်ကြသည်။

## မင်းတုန်းမင်းတရား ကျန်းခန့်တော်မမူခြင်း

အထက်ပါ အဖြစ်အပျက်တို့ကြောင့် မင်းတုန်းမင်းတရားကြီးသည် စိတ်နှလုံး ရွှင်ပြခြင်း မရှိတော့သဖြင့် နန်းတွင်း၌သာ စံနေတော်မူသည်။ နယုန်လ စာပြန်ပွဲ ကျင်းပရာ၌ပင်လျှင် ခါတိုင်းကဲ့သို့ သုဓမ္မာဇရပ်၊ ပဋ္ဌာန်ဇရပ်တို့ကို ထွက်တော်မမူ၊ ဝါခေါင်လသို့ ရောက်သောအခါ မကျန်းမမာ ဖြစ်လာသည်။

ထိုအခါ မင်းတုန်းမင်းတရားကြီးသည် ဝန်ကြီး အတွင်းဝန်မှစ၍ မှူးတော် မတ်တော်တို့ကို အမိန့်တော်နှင့် ခေါ်တော်မူပြီးလျှင် သစ္စာတော် ပြန်တမ်းကို ဖတ်လျှောက်စေသည်။

ရွှေပြည်ဝန်သည် မင်းတုန်းမင်းတရားကြီး၏ မွေးစားသားအဖြစ်ကို ခံယူခဲ့ ရသည်။ အရှင် နန်းမတော် မိဖုရားခေါင်ကြီး နာမကျန်းရှိတော်မူသောအခါ ရွှေပြည်ဝန်ကိုယ်တိုင် လှိုင်းတက်မြို့စားနှင့်အတူ ကြပ်မတ် ကုသပေးခဲ့သည်။ ဤအချက်တို့ကို ထောက်ရှုသော် မင်းတရားကြီး ကျန်းခန့်တော်မမူသောအခါ ရွှေပြည်ဝန်သည်ပင်လျှင် အနီး၌ ပြုစုရပေလိမ့်မည်။ ဤသို့ တွေးထင်ဖွယ်ရာ ရှိသော်လည်း အကယ်၌ကား ရွှေပြည်ဝန်သည် မင်းတရားကြီး၏ ထံပါးသို့ အခစား မဝင်ရောက်နိုင်တော့ချေ။

မင်းတရားကြီး၏ ဝေဒနာ သည်းထန်လာသည်ဟု ယူဆရသည်နှင့် တစ်ပြိုင်နက် ဆင်ဖြူမရှင် မိဖုရားကြီးနှင့် သုသီရိမဟာဓမ္မရာဇာ သီပေါမြို့စား မင်းသားတို့သာလျှင် စောင့်ကြပ်ပြုစုကြသည်။ ဆင်ဖြူမရှင် မိဖုရားကြီး အလိုတော်ရှိသော မိဖုရားများနှင့် သမားတော်များသာ ရွှေနန်းတော်သို့ ဝင်ထွက်ခွင့် ရသည်။ 'အခြား မိဖုရား၊ သားတော်၊ သမီးတော်၊ မှူးတော်၊ မတ်တော် တို့ အဝင်အထွက် အဆက်အဆံ မရှိစေရ' ချေ။

## ဆင်ဖြူမရှင်နှင့် ရွှေပြည်ဝန်

ရွှေပြည်ဝန်သည် ငယ်စဉ်က မင်းတုန်းမင်းသား၏ မြောက်ဆောင်တော်ဘုရားထံ မင်းတုန်းမင်းသားကိုယ်တိုင် အပ်နှံထားခြင်းကို ခံရသည်။ မင်းတုန်းမင်းသား

http://www.cherrythitsar.org



ထီးနန်းရသောအခါ မြောက်ဆောင်တော်ဘုရားသည် မြောက်နန်းတော် မိဖုရား ဖြစ်လာသည်။ ၁၂၃၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်နေ့တွင် မြောက်နန်းတော် မိဖုရားသည် တုပ်ကွေးအဖျားရောဂါနှင့် နတ်ပြည်စံသည်။ မြောက်နန်းတော် မိဖုရားကို အလယ်နန်းတော် မိဖုရား ဆင်ဖြူမရှင်က မလိုလား ချေ။ ထိုနည်းတူစွာ အရှင်နန်းမတော် မိဖုရားခေါင်ကြီးကိုလည်း မလိုလားချေ။

သို့ရာတွင် ရွှေပြည်ဝန်ကား ထိုမိဖုရားနှစ်ပါးတို့၏ ချစ်ကြည်လေးစားခြင်းကို ခံယူခဲ့သော ပုဂ္ဂိုလ်ဖြစ်သည်။ ဤအကြောင်းတို့ကြောင့် ရွှေပြည်ဝန်သည် မင်းတုန်းမင်းတရား နာမကျန်းရှိသောအခါ ကိုယ်တိုင်ကိုယ်ကြပ် ပြုစုခွင့်မရဟန် တူလေသည်။ သမိုင်းပါ အချက်အလက်တို့ကို စိစစ်လျှင် မင်းတုန်းမင်းတရားကြီး၏ အရိုက်အရာကို သားတော် သီပေါမင်းသား ဆက်ခံစေရန် စီစဉ်သည့် ကိစ္စကို ပင်လျှင် ရွှေပြည်ဝန်သည် အချိန်မီ တပ်အပ်သေချာစွာ သိခွင့်ရဟန် မတူ။ အထက်မြန်မာပြည် ဂေဇက်တီးယားတွင် ရေးသားချက်အရ ဆိုလျှင် သီပေါ မင်းသားအား အိမ်ရှေ့နှင်း၍ စုဖုရားလတ်နှင့် ထိမ်းမြား လက်ထပ်စေရန်ဟူသော အစီအစဉ်ကို ကင်းဝန်မင်းကြီး ပြောပြမှပင် ရွှေပြည်ဝန် သိရသည်။

ကင်းဝန်မင်းကြီးသည် ခမ်းပတ်မင်းကြီး၊ ရေနံချောင်းမင်းကြီးနှင့် ရွှေပြည်ဝန် တို့ကို အဆိုပါ အစီအစဉ်အတိုင်း လက်ခံကြပါရန် ဖျောင်းဖျပြောဆိုရသည်ဟု အဆိုရှိသည်။

## မင်းတုန်းမင်းတရား နတ်ပြည်စံခြင်း

၁၂၄၀ ပြည့်၊ ဝါခေါင်လပြည့်ကျော် ၁၄ ရက်နေ့သို့ ရောက်သောအခါ မင်းတုန်း မင်းတရားကြီး၏ ဝေဒနာသည် သက်သာဖွယ်ရာ မရှိဟု သိမြင်လာကြသည်။ ထိုအချိန်မှ စ၍ နန်းတွင်းရေး ရှုပ်ထွေးစ ပြုလေသည်။

အိမ်ရှေ့စံ ကနောင်မင်းသားကြီး လုပ်ကြံခံရသည်မှ စ၍ မင်းတရားသည် ထီးမွေနန်းလျာ အပ်နှင်းရန်ကိစ္စကို မည်သို့မျှ စီမံခြင်း မပြုခဲ့ချေ။ မင်းတရားကြီး၌ ‘မင်းမိဖုရား ငါးကျိပ်၊ သားတော် ငါးကျိပ်နှစ်ပါး၊ သမီးတော် ငါးကျိပ်ခြောက်ပါး၊ မြေးတော် ယောကျ်ား လေးကျိပ်တစ်ပါး၊ မြေးတော်မိန်းမ လေးကျိပ်နှစ်ပါး၊ မင်းမိဖုရား၊ သားတော်၊ သမီးတော်၊ မြေးတော် ယောကျ်ား၊ မြေးတော် မိန်းမ စုစုပေါင်း နှစ်ရာ့လေးကျိပ်တစ်ပါး’ ရှိသော ဟူ၏။

ဤမျှ များပြားလှသော သားတော်၊ သမီးတော်တို့အနက် တစ်ပါးပါးကို ထီးမွေနန်းလျာ အပ်နှင်းလိုက်လျှင် အပ်နှင်းခြင်းခံရသူသည် အိမ်ရှေ့စံ

http://www.cherrythitsar.org



ကနောင်မင်း၏ သွားရာလမ်းသို့ လိုက်ပါရချေတော့မည်ဟု မင်းတရားကြီးသည် လွန်စွာ စိုးရိမ်တော်မူသည်။ ဤစိုးရိမ်ချက်ကြောင့် အဆုံးအဖြတ် တစ်စုံတစ်ရာကို မပြုဘဲ အချိန်ဆွဲလာခဲ့သည်မှာ အခြေအနေကို ရှုပ်ထွေးသည်ထက် ရှုပ်ထွေးအောင် ပြုသည်နှင့် တူလေသည်။

အနောက် နန်းမတော် မိဖုရားခေါင်ကြီး လွန်ပြီးသည့်နောက်၊ ဆင်ဖြူမရှင်မိဖုရားကြီး၏ သြဇာသည် နန်းတွင်းရေးရာတို့၌ လွှမ်းမိုးစ ပြုလာခဲ့ပြီ။ ဆင်ဖြူမရှင်မိဖုရားကြီးကား မူလက အလယ်နန်းတော် မိဖုရားကြီး ဖြစ်၏။ သို့သော် အလယ်နန်းမတော် မိဖုရားသည် ဘကြီးတော်၏ သမီးတော် ဖြစ်သည့် အလျောက်၊ သူသည်သာလျှင် မိဖုရားခေါင်ကြီး ဖြစ်ထိုက်သည်ဟု အယူရှိခဲ့သည်။

ထို့ကြောင့် မိဖုရားခေါင်ကြီး နတ်ပြည်စံသည်နှင့် တစ်ပြိုင်နက် အလယ်နန်းတော် မိဖုရားက မိမိအား မိဖုရားခေါင်ကြီးအရာ၌ ထားတော်မူရန် မင်းတုန်းမင်းတရားထံ တင်လျှောက်သည်။ ဤအကြောင်းကို အခြားမိဖုရားများ ကြားသိသော် တိတ်တဆိတ် ကန့်ကွက်ကြသည်။ မင်းတရားကြီးကား မိဖုရားတို့ကို နှစ်သိမ့်စေပြီးလျှင် အလယ်နန်းတော် မိဖုရားအား ကျေနပ်လေအောင် ဆင်ဖြူမ တစ်စီးနှင့် ထီးဖြူဆောင်းခွင့်ကို ပေးသနားတော်မူသည်။

ဤသည်မှစ၍ အလယ်နန်းတော် မိဖုရားသည် ဆင်ဖြူမရှင်ဟု တွင်လေသည်။ မင်းတုန်းမင်းတရားကြီး နာမကျန်းရှိသည့်အခါ နန်းတွင်းရေးကို ဆင်ဖြူမရှင်ကိုယ်တိုင် စီမံခန့်ခွဲလာလေသည်။

ယခုအခါ မင်းတရားကြီး၏ ရောဂါဝေဒနာ မသက်သာဟု ဆိုလျှင်ပင် နန်းတွင်းဝယ် ကောလာဟလ သတင်းအမျိုးမျိုးတို့ ပျံ့နှံ့လာ၍ တစ်ဦးက တစ်ဦးကို မယုံသင်္ကာ ရှိလာကြသည်။ ဤအတွက်ကြောင့် သားတော်များကို မင်းတရားကြီးက ရှေ့တော်ဝင်ရန် အလိုရှိတော်မူသည်ဟု ဆင့်ခေါ်ပြီးလျှင် လာရောက်သော သားတော်များကို ဖမ်းဆီးချုပ်နှောင်သည့် ကိစ္စများ ပေါ်ပေါက်လာလေသည်။

၁၂၄၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၉ ရက်နေ့တွင် ဆင်ဖြူမရှင်မိဖုရားကြီးနှင့် ဝန်ကြီး အတွင်းဝန် အစုံအညီတွင် သီပေါမင်းသားအား အိမ်ရှေ့နှင်းရန် မင်းတရားကြီးက အမိန့်တော်ရှိ၍ အိမ်ရှေ့နှင်းပြန်တမ်းကို လွှတ်တော်သို့ ပြန်ရသည်။ ဤသို့ သီပေါမင်းကို အိမ်ရှေ့နှင်းသည် ဆိုလျှင်ပင် မင်းတရားကြီး၏ သားတော်၊ မြေးတော်၊ တူတော်များသည် မြောက်ဉယျာဉ်တော်အတွင်း ခြေချင်းစွဲရိုက် အကျဉ်းချုပ် ချထားခြင်းကို ခံရလေသည်။ ဤအခြင်းအရာတို့ကို မိဖုရားတို့က လျှောက်ထား၍ မင်းတရားကြီး သိလေသော် သုံးဆယ်မင်းသား၊ မက္ခရာ

http://www.cherrythitsar.org



မင်းသား၊ ညောင်ရမ်းမင်းသားတို့ကို အပါးသို့ခေါ်၍ ဘုရင်ခံအရာ သနားတော်မူပြီးလျှင် သက်ဆိုင်ရာ နယ်ပယ်တို့သို့ စေလွှတ်တော်မူသည်။ သို့သော် နန်းတွင်းရေး လုပ်ကြံမှုတို့ ပိုမိုရှုပ်ထွေးလာပြီဖြစ်ရာ အဆိုပါဘုရင်ခံ ခန့်အပ်ခြင်း ခံရသော မင်းသားတို့သည် နောက်ဆုံးတွင် အဖမ်းခံကြရပြန်လေသည်။ ဤသို့ နန်းတွင်းရေးရာတို့ ရုတ်ရုတ်သဲသဲ ရှိနေချိန် ၁၂၄၀ ပြည့်နှစ်၊ သီတင်းကျွတ်လဆန်း ၆ရက်နေ့၌ မင်းတုန်းမင်းတရားကြီးသည် နတ်ပြည်စံလေသည်။

## ရွှေပြည်ဝန်သည် မင်းတုန်းမင်းလက်ထက်၌ ဝန်ကြီးဖြစ်ခဲ့သလော

ရွှေပြည်ဝန်၏ ကုသိုလ်ကံသည် အတော်ထူးပေသည်။ သာမန်အားဖြင့်ဆိုလျှင် ရွှေပြည်ဝန်၏ သတ္တိသည် သေဘေးနှင့် နီးစပ်သော သတ္တိဖြစ်သည်။ မင်းတုန်းမင်းတရားကြီး၏ အတိုင်ပင်ခံအဖြစ်နှင့် မင်းလိုလိုက် မင်းကြိုက် ခစားခြင်း မပြုဘဲ မင်းနှင့်တကွ တိုင်းပြည်၏ အကျိုးတစ်ခုတည်းကိုသာ ကြည့်၍ မထောက် မညှာ မှန်ရာကိုသာ ပြောဆိုလုပ်ကိုင်ခဲ့သောကြောင့်လည်းကောင်း၊ တော်လှန်ရေး သဘော သက်ဝင်သည့် အတွေးအခေါ်အရာ၌ ဦးစီးခေါင်းဆောင် ပြုခဲ့သော ကြောင့်လည်းကောင်း၊ နိုင်ငံရေးတွင် အကြောင်းထူးတစ်စုံတစ်ရာ ပေါ်ပေါက်လာလျှင် အသက်အသေခံစရာရှိက ရွှေပြည်ဝန်သာလျှင် ရှေ့က အသေခံရဖို့ကိန်းရှိသည်။ သို့သော် ရွှေပြည်ဝန်၌ ကုသိုလ်ကံ ထူးသောအချက်တို့ များစွာရှိလေသည်။ ယင်းတို့အနက် ထင်ရှားသောအချက်မှာ ဤသို့ဖြစ်သည်။

မင်းတုန်းမင်းတရားကြီးသည် မင်းတို့၏ အမျက်ဟူသော အကြောင်းကြောင့် မှုထမ်း ရာထမ်း အပေါင်းတို့၏ အသက်ကို အချည်းနှီး အလဟဿ ဖြစ်လေအောင် စိတ်လိုက်မာန်ပါ ကွပ်မျက်ခြင်းအမှုကို ပြုလေ့မရှိချေ။ ဤ၌ သာယာဝတီမင်းနှင့် လွန်ကဲစွာ ကွာခြားလေသည်။ ဤအချက်သည် ရွှေပြည်ဝန်၏ အသက်ကို ကယ်ခဲ့သော အချက်ဖြစ်သည်ဟု ကျွန်တော် ယူဆမိပါသည်။

ထို့ပြင် နန်းတွင်းရေး ရှုပ်ထွေး၍ လုပ်ကြံမှုများ ပေါ်ပေါက်ပြီဟု ဆိုလျှင် ရွှေပြည်ဝန်သည် တစ်စုံတစ်ခုသော မင်းမျက်သင့်သည့် အခြင်းအရာကြောင့် လုပ်ကြံမှုများနှင့် ကင်းရှင်းရာသို့ ရောက်နေသည်ကိုသာ တွေ့ရသည်။ ကနောင် မင်းသားကြီး လုပ်ကြံခံရစဉ်က ရွှေပြည်ဝန်သည် ရာထူးနှင့် မြဲလျက်ရှိနေသော် ကနောင်မင်းသား၏ သွားရာလမ်းကို လိုက်ပါရကောင်း လိုက်ပါရဖို့ ရှိသည်။

တစ်နည်းသော်ကား ကနောင်မင်းသားနှင့် မင်းတုန်းမင်းတရားကြီးတို့အား ဘေးဒဏ် ရန်မာန်ခပ်သိမ်းတို့မှ ကင်းလွတ်အောင် ဆောင်ကြဉ်းသော်လည်း

http://www.cherrythitsar.org



ဆောင်ကြဉ်းနိုင်ရာသည်။ သို့ရာတွင် နန်းတွင်းရေး ရုတ်ရုတ်သဲသဲ ရှိသည်ဟု ဆိုလျှင်ပင် ရွှေပြည်ဝန်သည် ဘေးကင်းရာသို့ ရောက်နေလေသည်။ ဤအချက်သည်လည်း ရွှေပြည်ဝန်၏ အသက်ကို ကယ်ခဲ့သော အချက်ဖြစ်ပေလိမ့်မည်။

ယခုလည်း မင်းတုန်းမင်းတရားကြီး နတ်ပြည် စံခါနီးအချိန်တွင် ရွှေပြည်ဝန်ကြီး၏ အကြောင်းသည် တိမ်မြုပ်သွားပြန်သည်။ မော်ဘီဆရာသိန်းကြီး၏ မှတ်စု၌ ၁၂၄၀ ပြည့်နှစ်တွင် မဟာအတုလဝေယန် ကျောင်းတော်ကြီးပြီး၍ ကျောင်းလွှတ် ပူဇော်တော်မူရာတွင် အတွင်းဝန် ရွှေပြည်ဝန်မင်းကြီး မင်းလှမဟာစည်သူကို သတိုးမင်းကြီး မင်းလှ မဟာမင်းခေါင် သီဟသူဘွဲ့အမည်နှင့် အဂ္ဂမဟာသေနာပတိဝန်ကြီးတို့ အစီးအနင်း အဆောင်အရွက် စသည် သနားတော်မူသည်ကို ခံရကြောင်း ဖော်ပြပါရှိသည်။ ဆရာသိန်းကြီး ကိုးကားချက်မှာ သံတော်ဆင့် မင်းလှမင်းထင်ရာဇာဘွဲ့ခံ ဦးဆုပန်၏ မှတ်တမ်းပင် ဖြစ်သည်။

သို့ရာတွင် ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး၌ကား ရွှေပြည်ဝန်ကို ဝန်ကြီးခန့်အပ်သည့်အကြောင်း မပါရှိပေ။ ရွှေပြည်ဝန်ကြီးနှင့် ဝန်ကြီးကတော်တို့၏ အုတ်ဂူကျောက်စာများ၌လည်း ဤအကြောင်းကို မဖော်ပြချေ။ ပဥ္စမသင်္ဂါယနာတင် မင်းတရားကြီး နတ်ပြည်စံတော်မူ၍ သားတော် သီပေါမင်း နန်းတက်တော်မူရာ ရွှေပြည်ဝန်ကြီးအရာ သူကောင်းပြုခြင်း ခံရသည်ဟု သာမန်မျှသာ ပြဆိုသည်။

ဤအခြင်းအရာတို့ကို စိစစ်ကြည့်သော် ရွှေပြည်ဝန်ကို မင်းတုန်းမင်းတရားကြီးက အဂ္ဂမဟာသေနာပတိဝန်ကြီး ခန့်ခဲ့သည်ဆိုသည်မှာ ခိုင်လုံသည်ဟု မယူဆနိုင်ချေ။ မင်းတုန်းမင်းတရားသည် ရွှေပြည်ဝန်အား ဝန်ကြီးခန့်လိုသော ဆန္ဒအမှန် ရှိပေလိမ့်မည်။ သို့သော် တစ်ဖန် ရွှေပြည်ဝန်ကို ဝန်ကြီး ခန့်လိုက်ပြန်ပါလျှင် မင်းတရားအနား၌ တိုင်ပင်ဖော် တိုင်ပင်ဖက် မရှိဖြစ်မည်ကိုလည်း စိုးရိမ်သည်။

ဤသို့ ချီတုံချတုံဖြစ်နေစဉ်တွင် မင်းတုန်းမင်းတရားကြီး နာမကျန်း ရှိတော်မူရာ ဆင်ဖြူမရှင် မိဖုရားကြီး၏ ဩဇာသည် နန်းတွင်း၌ လွှမ်းမိုးလာလေသည်။ ဆင်ဖြူမရှင် မိဖုရားကြီးသည် ရွှေပြည်ဝန်အား လိုလားတော်မမူသည်ကို အထက်၌ ပြဆိုခဲ့ပြီး ဖြစ်သည်။ သို့နှင့် ရွှေပြည်ဝန်လည်း ဝေးရာမှ ခစားရသော ပုဂ္ဂိုလ်ဖြစ်လာသည်။ ဤအချိန်တွင် မင်းတို့နှင့် ဆက်ဆံရာ၌ ပရိယာယ် ကျွမ်းကျင်သော ကင်းဝန်မင်းကြီးသည် ရာဇဝင်တွင် စခန်းထလေသည်။

ထိုအချက်တို့ကို အထောက်အထားပြု၍ ကုန်းဘောင်ခေတ် မဟာရာဇဝင်

http://www.cherrythitsar.org



တော်ကြီးပါ အချက်အလက်တို့ကိုပင် လက်ခံရမည် ဖြစ်လေသည်။ ထိုရာဇဝင်တော်ကြီးပါ စကားအရဆိုလျှင် မင်းတုန်းမင်းတရား လက်ထက်၌ ရွှေပြည်ဝန်သည် အတွင်းဝန် ရွှေပြည်ဝန် ဝက်မစွတ်မြို့စား မင်းကြီး မင်းလှမဟာစည်သူဟု ထင်ရှားသည်။

သီပေါမင်းလက်ထက်သို့ ရောက်သောအခါ ဦးစွာ၌ အတွင်းဝန် ဝက်မစွတ်မြို့စား သတိုးမင်းကြီး မင်းလှ မဟာမင်းခေါင် သီဟသူ ဖြစ်၍ နောက်၌သော်ကား ဝက်မစွတ်မြို့စား ဝန်ကြီး သတိုးမင်းကြီး မင်းလှမဟာမင်းခေါင် သီဟသူ ဖြစ်လာလေသည်။

## သီပေါမင်း ထီးနန်းဆက်ခံခြင်း

မင်းတုန်းမင်းတရားကြီး လွန်လေသော် မာန်အောင်ရတနာစေတီတော် ဒါယကာ သီပေါမင်းတရားသည် မင်းဖြစ်တော်မူ၏။

မင်းတုန်းမင်းတရားကြီး နာမကျန်း ရှိစဉ်တွင် ရွှေပြည်ဝန်ကြီးသည် အထက်၌ ပြဆိုခဲ့သည့်အတိုင်း မထင်မရှား ရှိနေခဲ့သည်။ သို့သော် ကင်းဝန်မင်းကြီးက ဆင်ဖြူမရှင် မိဖုရား၏ စီမံရာကို လိုက်နာကြရန် နားချလေသော် ရွှေပြည်ဝန်ကြီးသည် ခမ်းပတ်ဝန်ကြီး၊ ရေနံချောင်းဝန်ကြီးတို့ နည်းတူ သီပေါမင်းသား မင်းအဖြစ်သို့ ရောက်ရန် ရိုင်းပင်းကူညီခဲ့ရဟန် တူ၏။ ဤနေရာ၌ လူဖြောင့် စိတ်တိုဟု ခေါ် ဆိုအပ်သော ရွှေပြည်ဝန်ကြီး၏ သဘောထားကို ထင်ရှားစွာ မသိရလေ။

သမိုင်းတွင် တိမ်မြုပ်နေသော အဆစ်အပိုင်းများ ရှိကောင်းရှိလိမ့်မည်။ ရှေးယခင်က ရွှေပြည်ဝန်သည် နန်းတွင်းရေးရာ ကိစ္စတို့တွင် မဟုတ်မခံ ပြောဆိုဝေဖန်ခဲ့သည်။ ယခု ဤကိစ္စ၌မူကား ကောင်းသည် ဆိုးသည် ဤနှစ်လီကို မည်သို့မျှ ထုတ်ဖော် ပြောဆိုခဲ့ခြင်း မရှိချေ။

ဤအခြင်းအရာသည် စဉ်းစားစရာ ဖြစ်သည်။ ထို့ကြောင့် ကျွန်တော်သည် ဤသို့ စဉ်းစားမိပါသည်။

ခမ်းပတ်ဝန်ကြီး၊ ရေနံချောင်းဝန်ကြီး၊ ရွှေပြည်ဝန်ကြီးတို့သည် မူလကပင် ဥပဒေနှင့် အုပ်ချုပ်သော ဘုရင့်စနစ်ကို လိုလားသူများ ဖြစ်ကြသည်။ ကင်းဝန်မင်းကြီးသည်လည်း ဥရောပနိုင်ငံတို့သို့ လှည့်လည်ခဲ့သည်မှ အစပြု၍ ထိုစနစ်ကို စိတ်ထဲတွင် ကြံဆပြီး ဖြစ်သည်။ ကင်းဝန်မင်းကြီး၏ သဘောကို အကဲခတ်ရသည်မှာ အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲခြင်း ကိစ္စ၌ သီပေါမင်းတရားသည် နာလွယ်မည့်ပုဂ္ဂိုလ် ဖြစ်လိမ့်မည်ဟု တွက်ဆ၍ သီပေါမင်းတရားကို ရွေ့တင်ကာ

http://www.cherrythitsar.org



ပြုပြင်ပြောင်းလဲခြင်းများကို လုပ်လိုက်မည်ဟု စိတ်က ရည်သန်ဟန် တူသည်။

ရွှေပြည်ဝန်ကြီး၏ သဘောမှာလည်း မင်းတို့နှင့် အဆက်အဆံ ပြေပြစ်သော ကင်းဝန်မင်းကြီးကို ရှေ့က တင်၍ အုပ်ချုပ်ရေးစနစ် အပြောင်းအလဲဆိုင်ရာ အတွေးအခေါ်တို့ကို နိုင်ငံလုံးအနှံ့ ပြန့်အောင် ဆောင်ရွက်လိုက်မည်ဟု သဘောရဟန် တူသည်။ ခမ်းပတ်မင်းကြီးနှင့် ရေနံချောင်းမင်းကြီးတို့မှာ ရွှေပြည်ဝန်ကြီးနှင့် နှစ်ကိုယ့်တစ်စိတ် ဖြစ်ကြ၍ ရွှေပြည်ဝန်ကြီး ရှေ့ကသွားလျှင် သူတို့က နောက်က မားမားမတ်မတ် လိုက်ပါကြရန် ရည်ရွယ်ဟန် တူသည်။

ဤသို့ ဝန်ကြီးလေးပါးတို့သည် မိမိတို့၏ အကြံကိုယ်စီနှင့် သီပေါမင်းတရားကိုပင် မင်းအဖြစ်နှင့် လက်ခံရန် ဆုံးဖြတ်ကြသည်ဟု ယူဆရပေလိမ့်မည်။ ထို့ကြောင့်လည်း ရွှေပြည်ဝန်ကြီးသည် ဤကိစ္စတွင် စောဒက မတက်ဘဲ နေခဲ့သည်ဟု ထင်၏။

မည်သို့ စဉ်းစားသည်ပင် ဖြစ်စေကာမူ တစ်ခုသော အချက်သည် ထင်ရှား၏။ ထိုအချက်မှာ ရွှေပြည်ဝန်ကြီးသည် သီပေါမင်းတရားကို မင်းအဖြစ်ဖြင့် လက်ခံလိုက်ပြီးသည့် နောက်ပိုင်း၌ သီပေါမင်းက မိမိအား ရာထူးကို ချခဲ့သည့်တိုင်အောင် မင်းတရားအပေါ်၌ ကျေးဇူးသစ္စာ စောင့်သိသည့်အချက် ဖြစ်၏။ ရွှေပြည်ဝန်သည် မင်းတုန်းမင်း၏လက်ထက် တစ်လျှောက်လုံး၌လည်း မင်းတရားကြီး၏ အမျက်ဒဏ်ကို ကြိမ်ဖန်များစွာ ခံခဲ့ရသည်။

သို့သော် တစ်ရံတစ်ဆစ်မျှ မင်းတရားကြီးအပေါ်၌ ကျေးဇူးသစ္စာ ကင်းမဲ့သော အပြုအမူမျိုးကို မပြုခဲ့ချေ။ မင်းတရားကြီးအား ရွှေပြည်ဝန်သည် စိတ်လိုက်မာန်ပါ ဝေဖန်ခဲ့သည် မှန်၏။ သို့သော် တစ်ရံတစ်ဆစ်မျှ မင်းတရားကြီးအား ကျေးဇူးမဲ့စကားကို မဆိုခဲ့ပေ။

အထက်ပါ အခြင်းအရာတို့ကြောင့် ရွှေပြည်ဝန်သည် ဦးစွာ၌ မထင်မရှား ဖြစ်ခဲ့ရငြားသော်လည်း အရေးကြုံလာသောအခါ သီပေါမင်းတရား၏ အပါးတွင် ခစားမြဲ ခစားလာရသည်။ ထို့ကြောင့် ၁၂၄၀ ပြည့်နှစ်၊ သီတင်းကျွတ်လဆန်း ၁၂ ရက်နေ့၌ သီပေါမင်းတရားသည် ခမည်းတော်ဘုရား၏ အလောင်းတော်ကို သဂြိုဟ်ရာ အတွင်းဝန် ရွှေပြည်ဝန် ဝက်မစွတ်မြို့စား မင်းကြီး မင်းလှ မဟာစည်သူသည် အခမ်းအနားကို ကြီးမှူးရလေသည်။

သီပေါမင်းတရားသည် ထီးနန်းဆက်ခံသောအခါ မင်းတုန်းမင်းတရားကြီး လက်ထက် ဖြစ်ထွန်းခဲ့သော အုပ်ချုပ်ရေး အပြောင်းအလဲ အစဉ်အလာတို့ကိုလည်း ဆက်ခံလာရလေသည်။

http://www.cherrythitsar.org


## ဥပဒေဖြင့် အုပ်ချုပ်သော ဘုရင်စနစ်

ဤ၌ မင်းတုန်းမင်းတရား၏ လက်ထက်မှ အစပြု၍ ပြောင်းလဲလာသော အုပ်ချုပ်ရေးကို ပြန်လည်စိစစ်ပြလိုသည်။ ထိုမင်း၏ လက်ထက်တွင် မှူးကြီးမတ်ရာ သေနာပတိတို့သည် အသက်ဦးဆံပိုင်သော ဘုရင်မင်းမြတ်ထံ၌ တစ်လုံးတစ်ခဲတည်း တည်ရှိနေသော အာဏာတို့ကို မိမိတို့ထံသို့ တစ်စတစ်စ ရောက်ရန် ဥပဒေတွင်း ကြိုးပမ်းမှုများ ပြုလုပ်လာကြသည်။ နိုင်ငံခြားဆက်ဆံရေးတွင် အတွေ့အကြုံများသော မင်းတရားကြီးကိုယ်တိုင်ကလည်း တရားဥပဒေဖြင့် အုပ်ချုပ်ခြင်းသဘောတရားကို အတိုင်းအဆဖြင့် လိုက်လျောခဲ့သည်။ ထို့ကြောင့်လည်း တစ်ဆင့်ပြီးတစ်ဆင့် ဖြစ်ထွန်းလာသော ပြုပြင်ပြောင်းလဲရေးတို့သည် လွန်စွာ အဆင်ပြေခဲ့၏။

သာဓကအားဖြင့် မင်းတရားကြီး ထီးနန်းသိမ်းပိုက်သော ကာလမှစ၍ အခွန်အကောက် ခန့်ခွဲသောစနစ်ကို ပြုပြင်ခြင်း၊ လေးဌာနခွဲ၍ စီရင်အုပ်ချုပ်ခြင်း စသည့် အခြင်းအရာတို့သည် ဘုရင့်အာဏာ အချို့ကို လွှတ်တော်က သိမ်းပိုက် လိုက်သည့် အပြောင်းအလဲပင် ဖြစ်သည်။ ဤအပြောင်းအလဲတို့ မည်မျှ ထိရောက်သနည်းဟု ဆိုလျှင် မင်းတုန်းမင်းတရားကြီးက သုံးဆယ်မင်းသား၊ မကွေးရာမင်းသား၊ ညောင်ရမ်းမင်းသားတို့ကို ဘုရင်ခံ ခန့်သည့်ကိစ္စ၌ လွှတ်တော် က သဘောတူညီချက် မပေးသည့်ပြင် ထိုမင်းသားတို့ကို ဖမ်းဆီးချုပ်နှောင်နိုင်ခဲ့သည်အထိ ထိရောက်သည်ဟု ဆိုရန်ရှိ၏။

ဤကား ပြောင်းလဲလာသော အုပ်ချုပ်ရေး သဘောတည်း။

သို့ရာတွင် ထိုအပြောင်းအလဲကြောင့် လွှတ်တော်သည် အချုပ်အခြာအာဏာကို လုံးဝ ပိုင်ဆိုင်လာပြီဟု မဆိုနိုင်သေး။ အထက်၌ ပြဆိုခဲ့သော မင်းသားတို့ကို ဘုရင်ခံခန့်သည့် ကိစ္စ၌ နတ်ရွာစံအုံ့မှုးမူး ဖြစ်နေ၍သာ လွှတ်တော်၏ အာဏာ စူးရှပါသည်ဟု ဆိုနိုင်ပေမည်။ သို့တည်းမဟုတ် ဆင်ဖြူမရှင်၏ ဩဇာကြောင့် ဘုရင်နှင့် လွှတ်တော်တို့၏ အာဏာသည် အစည်းပြေသကဲ့သို့ ရှိသည်ဟုလည်း ဆိုနိုင်ရာသည်။ အကယ်၍ကား အချုပ်အခြာ အာဏာသည် လွှတ်တော်၌ မတည်ခဲ့သေးချေ။

သို့ရာတွင် ဘုရင်မင်းမြတ် အပါအဝင်ဖြစ်သော လွှတ်တော်ဝန်ကြီးများ အဖွဲ့ဖြင့် အုပ်ချုပ်သည့် မူလဘူတ ဥပဒေသဘောတရားတို့သည် ပေါက်ဖွားလာခဲ့ပြီး အထူးသဖြင့် သံအမတ် ကင်းဝန်မင်းကြီး ဥရောပနိုင်ငံတို့သို့ အကြိမ်ကြိမ် အဖန်ဖန် ရောက်ခဲ့ပြီးသည့်နောက်ပိုင်း၌ မှူးကြီးမတ်ရာ သေနာပတိတို့သည်

http://www.cherrythitsar.org



အုပ်ချုပ်ရေးစနစ် ပြုပြင်ပြောင်းလဲခြင်း၌ စိတ်ယိုင်လာကြပြီ။ သို့သော် မင်းညီမင်းသား အများစု၌ကား ဤစိတ်ဆန္ဒမျိုး ပေါ်ပေါက်နေသည်ဟု ဆိုရန်ခက်၏။

အိမ်ရှေ့စံကနောင်မင်းသားသည် အသက်အတိုင်း နေခဲ့ရသော် မင်းညီမင်းသားတို့နှင့် မှူးကြီးမတ်ရာ သေနာပတိတို့ သဘောချင်းမျှကြပြီးလျှင် ရွှေပြည်ဝန်ကြီး မျှော်မှန်းသော ပါလီမန်စနစ်သည် ပေါ်ပေါက်လာဖွယ်ရာ အကြောင်းရှိ၏။ သို့သော် မင်းညီမင်းသားတို့ ကိုယ်တိုင်က မြင်းကွန်းမြင်းခုန်တိုင် အရေးတော်ပုံဖြင့် တိုးတက်သော အယူအဆ ရှိသူတို့၏ ကြိုးပမ်းခြင်းကို အတိုက်အခံ ပြုခဲ့သည်။ သီပေါမင်း နန်းတက်အံ့ဆဲဆဲတွင် ကင်းဝန်မင်းကြီးသည် ရွှေပြည်ဝန်ကြီးတို့နှင့်အတူ ကြံဆထားသော အုပ်ချုပ်ရေး ပြောင်းလဲမှု အစီအစဉ်အတွက် မင်းညီမင်းသား တစ်ဦးတစ်ယောက်ကိုမျှ တိုင်ပင်ဖော် တိုင်ပင်ဖက် မပြုသည့်အပြင် ယင်းတို့ကို ဖယ်ရှားရန် ဆင်ဖြူမရှင် မိဖုရားကြီးက စီမံသည် ကိုပင်လျှင် အားပေးအားမြှောက် ပြုခဲ့သည်မှာ အဆိုပါ အတိုက်အခံ သဘောတို့ကြောင့်ပင် ဖြစ်တန်ရာသည်။

အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲခြင်း အကြံအစည်နှင့် စပ်လျဉ်း၍ ကင်းဝန်မင်းကြီးနှင့်အတူ ဥရောပနိုင်ငံသို့ လိုက်ပါရသော ဗြိတိသျှနိုင်ငံရေး ကိုယ်စားလှယ် မေဂျာမက္ကမေဟန်၏ မှတ်တမ်းသည် အထောက်အထားများစွာ ပေးသည်။ ထို့ကြောင့် ထိုမှတ်တမ်းကို မှီး၍ စိတ်ဝင်စားဖွယ်ရာ အချက်အလက်တို့ကို ထုတ်ဖော် ရေးသားလိုသည်။

မြန်မာဘုရင် အုပ်ချုပ်ရေးစနစ်ကို ဥပဒေနှင့်အညီ အုပ်ချုပ်သော ဘုရင်စနစ် ဖြစ်လာလေအောင် ပထမဦးစွာ ဗြိတိသျှကိုယ်စားလှယ်အဖြစ်နှင့် ရောက်ရှိလာသော ဒေါက်တာ ကလီမင့်ထ်ဝီလျံစ်[၁] က ကင်းဝန်မင်းကြီးအား အခြေခံဥပဒေကို ရေးဆွဲပြခဲ့သည်ဟု အဆိုတစ်ရပ် ရှိဖူးသည်။ ထိုအဆိုကို အခြေပြု၍ မေဂျာ မက္ကမေဟန်က အောက်ပါ သဘောသွားအတိုင်း မှတ်ချက်ရေးသည်။

အုပ်ချုပ်ရေးစနစ် ပြုပြင်ခြင်း ကိစ္စအတွက် ဒေါက်တာ ဝီလျံစ် ပထမမျိုးစေ့ချပေးသည်ဟူသည်မှာ မှန်ကောင်းမှန်ပေလိမ့်မည်။ သို့သော် ကင်းဝန်မင်းကြီးသည် လန်ဒန်မြို့ ပါလီမန်အမတ်တို့က ဗြိတိသျှတို့၏ နိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံစနစ်ကို ပြောပြသည်တွင် ထိုစနစ်ကို လွန်စွာ သဘောကျ နှစ်ခြိုက်ခဲ့သည်။

ထို့ကြောင့် ထိုပြောပြချက်တို့ကို အခြေတည်၍ ကင်းဝန်မင်းကြီးသည်

---

၁။ Dr. Glement Williams.

http://www.cherrythitsar.org



မေဂျာမက္ကမေဟန်၏ အကူအညီဖြင့် ဗြိတိသျှစနစ်နှင့်ဆိုင်သော မှတ်သားဖွယ်တို့ကို မှတ်ယူခဲ့သည်။ မေဂျာမက္ကမေဟန်က ကင်းဝန်မင်းကြီးသည် ထိုမှတ်ချက်တို့ကို အတည်ပြု၍ မြန်မာဘုရင်မင်းမြတ်၏ နိုင်ငံတော်အတွက် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတစ်ရပ်ကို ရေးဆွဲ၍ ပုံနှိပ်ထုတ်ဝေခဲ့သည်ဟု ဆိုသည်။ မြန်မာမင်း အုပ်ချုပ်ပုံ စာတမ်း၌ ပုဂံဝန်ထောက်မင်းက ကင်းဝန်မင်းကြီး၏ ဥပဒေဌာနတွင် မူလဘူတ ဥပဒေကို တီထွင်ပြဋ္ဌာန်း ပုံနှိပ်ကြောင်း ပြဆိုသည်။ ဤအချက်ကို မေဂျာမက္ကမေဟန်၏ မှတ်တမ်းနှင့် ညှိ၍ယူလျှင် မူလဘူတ ဥပဒေသည် ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံဥပဒေပင် ဖြစ်လေသလောဟု တွေးတောဖွယ်ရာ ရှိ၏။

မူလဘူတ ဥပဒေသည် နောင်လာနောက်သားတို့အတွက် မှတ်သားရန် မကျန်ရစ်ခဲ့လေသောကြောင့် တည်းဖြတ်သူသည် ထိုအချက်ကို မုချမပြောနိုင်ပါ။ သို့သော် ယခုဆိုခဲ့ပြီးသော အခြင်းအရာတို့သည် ရွှေပြည်ဝန်ကြီးမှ အစ ကင်းဝန်မင်းကြီးအထိ မှူးကြီးမတ်ရာ သေနာပတိအုပ်စုထဲတွင် ဖြစ်ပေါ်နေသော အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲခြင်း ကြိုးပမ်းမှုကိုကား ထင်ရှားစွာ သာဓက ပြလေသည်။

## ဆယ့်လေးဌာန အုပ်ချုပ်ရေး

မင်းတုန်းမင်းတရားကြီးသည် ဝေပုံကျလေးဌာနခွဲ၍ ဝန်ကြီးလေးပါးဖြင့် အုပ်ချုပ်သော စနစ်ကို တီထွင်ခဲ့ကြောင်း ရှေးက ပြဆိုခဲ့ပြီ။ သို့ရာတွင် အဆိုပါ လေးဌာနအား ဘုရင်မင်းမြတ်၏ အာဏာအချို့ကို အပြီးအပိုင် အပ်နှင်းလိုက်သည် မဟုတ်ချေ။ ဝေပုံကျဌာန လေးဌာနကို ဦးစီးရသော ဝန်ကြီးလေးပါးတို့သည် အတိုင်ပင်ခံအရာ၌သာ တည်ရှိကြသည်။ မင်းတုန်းမင်းတရားကြီး နာမကျန်း ရှိတော်မူသောအခါသို့ ရောက်မှသာ ဝန်ကြီးလေးပါးတို့သည် ဘုရင်မင်းမြတ်၏ အာဏာကို ကျော်လွှမ်းလာနိုင်သည်။ ဤအချက်ကိုလည်း ယခင်က ပြဆိုခဲ့ပြီး ဖြစ်သည်။

ယခု သီပေါမင်းတရား နန်းတက်လာသောအခါ အုပ်ချုပ်ရေးစနစ်ကို ပြုပြင်ပြောင်းလဲရန် ချက်ကောင်းတစ်ခု ပေါ်လာခဲ့လေသည်။ ထို့ကြောင့် အုပ်ချုပ်ရေးစနစ်သည် တစ်ဆင့် တိုးတက်လာပြန်သည်။

ပုဂံဝန်ထောက်မင်း ဦးတင်၏ အာဘော်အရမှာ ၁၂၄၀ ပြည့်နှစ်၊ သီတင်းကျွတ်လတွင် တောင်ဥယျာဉ်အစည်းအဝေးက ဝေပုံကျဌာန ဆယ့်လေးရပ်ကို ပိုင်းခြား သတ်မှတ်လိုက်သည်ဟု ဆိုသည်။ ဝေပုံကျဌာနဆိုသည်မှာ

http://www.cherrythitsar.org


ယခုခေတ်အခေါ် ဝန်ကြီးဌာန ဖြစ်သည်။ ယင်း ဆယ့်လေးဌာန တို့သည်ကား-

၁။ လယ်ယာဌာန
၂။ လက်အလုပ်ဌာန
၃။ ကုန်းကြောင်းစစ်ဌာန
၄။ အကောက်ခွန်ဌာန
၅။ သာသနာပညာဌာန
၆။ ပူရိသမေဓဌာန
၇။ သဿမေဓဌာန
၈။ ရာဇဝတ်ဌာန
၉။ တရားဌာန
၁၀။ ရေကြောင်းစစ်ဌာန
၁၁။ နိုင်ငံခြားဌာန
၁၂။ တွဲဖက်ရုံးဌာန
၁၃။ မြို့ရေးရွာမှုဌာန
၁၄။ စက်အလုပ်ဌာန ဟူ၍ ဖြစ်လေသည်။

ယခုခေတ် ဝန်ကြီးဌာန ဖွဲ့စည်းပုံနှင့် တိုက်ဆိုင်ကြည့်လျှင် အထက်ပါ ဆယ့်လေးဌာနကို ခွဲခြားသိသာနိုင်လိမ့်မည်။ သို့ရာတွင် ရှေးခေတ် အသုံးအနှုန်း အချို့ကို ရှင်းလင်းပြရန် လိုမည်ထင်၍ ရှင်းလင်းပြလိုက်ပါသည်။

လက်အလုပ်ဌာနဟူသည်မှာ ယခုခေတ် ပြည်သူ့အဆောက်အအုံလုပ်ငန်း ဌာနမျိုးပင် ဖြစ်သည်။ ယခုခေတ်အခေါ် အရ ကာကွယ်ရေးဌာနကို ရှေးခေတ်က ကုန်းကြောင်းစစ်ဌာနဟူသော ကြည်းတပ်နှင့် ရေကြောင်းစစ်ဌာနဟူသော ရေတပ် ဟူ၍ ခွဲခြားထားသည်။ ပူရိသမေဓဌာန၏ တာဝန်မှာ ဘုရင်ပိုင်မြေယာတို့ကို ကြီးကြပ်ရသော တာဝန်ဖြစ်၏။ သဿမေဓဌာနကား မင်းတုန်းမင်းခေတ်က ရွှေတိုက်ဌာနနှင့် သဘောသွားချင်း အတူတူပင် ဖြစ်သည်။

သို့သော် ဤဌာန၏ တာဝန်တို့သည် သီပေါမင်းတရားလက်ထက်တော်တွင် ကျယ်ပြန့်လာခဲ့၏။ ယခုခေတ် အခေါ်နှင့် ပြောရမည်ဆိုလျှင် ဘဏ္ဍာရေးဌာန ဟူ၍ပင် ပြောရလိမ့်မည်။ နိုင်ငံခြားဌာနမှာ နိုင်ငံခြားရေးဌာနပင် ဖြစ်သည်။ သို့သော် တွဲဖက်ရုံးဌာနဟူ၍ သီးသန့်တစ်ဌာန ရှိနေသည်။ ထိုဌာန၏ တာဝန် မှာ နိုင်ငံခြားသားတို့၏ မှုခင်းများကို နိုင်ငံခြား အစိုးရကိုယ်စားလှယ်တို့နှင့် တွဲဖက်၍ စီရင်ရသော တာဝန်ဖြစ်သည်။

http://www.cherrythitsar.org



အထူးသဖြင့် ဗြိတိသျှတို့သည် ထိုခေတ်က သူတစ်ပါး နိုင်ငံတွင်း၌ ဗြိတိသျှ နိုင်ငံသားတို့ ပြစ်မှုကျူးလွန်သည့်အခါ ထိုပြစ်မှုတို့ကို ၎င်းတို့ကိုယ်တိုင် ပါဝင် တွဲဖက်၍ စီရင်နိုင်ခွင့်ဟူသော **နိုင်ငံအပ အခွင့်အရေး**[၁] ကို ရယူထားသည်။ ထို့ကြောင့် တွဲဖက်ရုံးဌာနဟု ပေါ်ပေါက်ရခြင်း ဖြစ်၏။ မြို့ရေးရွာမှုဌာနမှာ ရွှေမြို့တော်မှအပဖြစ်သော နယ်ပယ်ဒေသ၏ စီရင်အုပ်ချုပ်မှုနှင့်ဆိုင်သော ဌာန ဖြစ်သည်။ စက်အလုပ်ဌာနကား ယခုခေတ် စက်မှုလက်မှုဌာနနှင့် အလားတူပင် ဖြစ်သည်။

ထို ဆယ့်လေးဌာနကို ကြီးမှူးကြရာ၌ လယ်ယာဌာနကို ရေနံချောင်းဝန်ကြီး၊ လက်အလုပ်ဌာနကို ခမ်းပတ်ဝန်ကြီး၊ ကုန်ကြောင်းစစ်ဌာနကို လယ်ကိုင်းမြို့စား (ကင်းဝန်) မင်းကြီး၊ အကောက်ခွန်ဌာနကို အတွင်းဝန် ဝက်မစွတ်မြို့စား သတိုး မင်းကြီး မင်းလှ မဟာမင်းခေါင်သီဟသူ (ရွှေပြည်ဝန်ကြီး)၊ သာသနာပညာဌာန ကို အတွင်းဝန် ဆောမြို့စား (ဦးဝိုက်)၊ ပူရိသမေဓဌာနကို အတွင်းဝန်ယောမြို့စား (ဦးပုကြီး)၊ သဿမေဓဌာနကို အတွင်းဝန် ရွှေတိုက်ဝန် တောင်ခွင်မြို့စား (ဦးရွှေသိုင်း)၊ ကျန်ဌာနတို့ကို မြို့ဝန်၊ ဝန်ထောက် စသည် အသီးသီးတို့က ကြီးမှူးသည်။

ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး၌ သီပေါမင်းတရားကြီးသည် ၁၂၄၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက်နေ့တွင် ထိုဝေပုံကျဌာန ဆယ့်လေးဌာန ခွဲဝေသည်ကို သင့်ပြီဟု အမိန့်တော်ရှိကြောင်း ဆိုသည်။ ပုဂံ ဝန်ထောက်မင်း ဦးတင်၏ အဆိုနှင့် ညှိနှိုင်းသော် တောင်ဥယျာဉ်အစည်းအဝေး ဆုံးဖြတ်ချက်များသည် ထိုနေ့ကျမှပင်လျှင် အတည်ဖြစ်သည်ဟု ဆိုရပေလိမ့်မည်။ ထိုဝေပုံကျဌာန ဆယ့်လေးဌာန အုပ်ချုပ်ရေးကို တီထွင်လိုက်သောအခါ လွှတ်တော် စည်းဝေးပုံ စည်းဝေးနည်းတို့လည်း ပြောင်းလဲလာရသည်။ ရှေးအခါ က လွှတ်တော်အစည်းအဝေးဆိုသည်မှာ နံနက်ညီလာခံ၊ နေ့ညီလာခံ၊ ညညီလာခံ ဟူ၍ သုံးကြိမ်စည်းဝေးသော ညီလာခံအစည်းအဝေးပင် ဖြစ်သည်။ ထိုအစည်း အဝေးတို့တွင် လွှတ်တော်အမတ်ကဲ့သို့သော် အစည်းအဝေးဝင် မှူးမတ်ဟူ၍ သီးခြားသတ်မှတ်ခြင်း မရှိချေ။ ယခုအခါမှာမူ ရာဇဓမ္မသင်္ဂဟကျမ်းတွင် ညွှန်းဆို ထားသည့်အတိုင်း အနောက်နိုင်ငံပါလီမန် အစည်းအဝေးများ၏ အတုကို ယူပြီးလျှင် အစည်းအဝေး ကျင်းပကြသည်။ မြန်မာမင်း အုပ်ချုပ်ပုံ စာတမ်းအရ ဆိုလျှင် လွှတ်တော်အစည်းအဝေးဝင် မှူးမတ်တို့မှာ ၆၄ ဦး ရှိသည်။ ထိုမှူးမတ်

---

၁။ Extra-territorial Rights

http://www.cherrythitsar.org


တို့ကို ပထမ အစည်းအဝေးဝင်၊ ဒုတိယ အစည်းအဝေးဝင်၊ တတိယ အစည်း အဝေးဝင် ဟူ၍ သုံးမျိုး ခွဲခြားသတ်မှတ်ထား၏။

ပထမ အစည်းအဝေးသို့ တာဝန်ခံအုပ်ချုပ်ရသော ဝန်ကြီး၊ အတွင်းဝန်၊ ဝန်ထောက်တို့ တက်ကြရသည်။ မြန်မာမင်း အုပ်ချုပ်ပုံ စာတမ်းအရ ပထမ အစည်းအဝေးဝင် ဦးရေမှာ ၁၅ ဦး ဖြစ်သည်။ ဝေပုံကျဌာန ဆယ့်လေးဌာန ခွဲဝေသည်ကို ထောက်ရှုလျှင် ၁၄ ဦးသာ ဖြစ်သင့်သည်။ သို့ရာတွင် ကိုးကားရန် အခိုင်အမာ အချက်အလက်တို့ကို ရှာဖွေ၍ မတွေ့နိုင်သောကြောင့် အဘယ့်ကြောင့် ၁၅ ဦးဖြစ်ရသည်ကို ကျွန်တော် မပြောတတ်ပါ။ ဒုတိယ အစည်းအဝေးဝင်တို့မှာ မြင်းစုကြီးဝန်၊ အသည်ဝန်၊ သူရဲဝန်ကဲ့သို့သော ကြီးသော ဝန်စုရများ ဖြစ်ကြ သည်။ တတိယ အစည်းအဝေးဝင်တွင် ဝင်းမှူးများ၊ စစ်ဗိုလ်များနှင့် အယုတ် သဖြင့် တံခါးနီတော်မှူးတို့ပါ ပါဝင်ကြသည်။ ထိုအစည်းအဝေး သုံးရပ်ဝင် မှူးမတ်အပေါင်းတို့၌ ဥပဒေပြုရန် တာဝန်ရှိသည်။ ထို့ကြောင့် ထိုအစည်းအဝေးဝင် မှူးမတ်အပေါင်းတို့ကို ဥပဒေပြု လွှတ်တော်အမတ်များနှင့် နှိုင်းခိုင်းနိုင်သည်။ သို့ရာတွင် ထိုမှူးမတ်တို့သည် ပြည်သူတို့က ရွေးချယ်လိုက်သော မှူးမတ်များ မဟုတ်ချေ။

သီပေါမင်းလက်ထက် ပြဋ္ဌာန်းသော ဥပဒေစာရင်းတို့တွင် အစည်းအဝေး ဥပဒေဟူ၍ တွေ့ရသည်။ ထိုဥပဒေသည် အထက်ပါ ဥပဒေပြုလွှတ်တော် အစည်းအဝေး သုံးရပ်ကို စည်းကမ်းသတ်ပေးသော ဥပဒေ ဖြစ်တန်ရာသည်။

ဝေပုံကျဌာနဖြင့် တာဝန်ခွဲဝေသည့် စနစ်ကို အတည်ပြုပြီးသည့်နောက် ၁၂၄၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၅ ရက်နေ့တွင် သီပေါမင်းတရား သည် အတွင်းဝန် ဝက်မစွတ်မြို့စား သတိုးမင်းကြီး မင်းလှ မဟာမင်းခေါင်သီဟသူ ကို လောင်းရှည်ဝန်ကြီး၊ ရေနံချောင်းဝန်ကြီး၊ လယ်ကိုင်းမြို့စား ကင်းဝန်မင်းကြီး နည်းတူ ဝန်ကြီးခန့်သည်။ ဝက်မစွတ်မြို့စားဝန်ကြီးသစ်သည် လောင်းရှည်မြို့စား သတိုးမင်းကြီး မဟာသီရိစည်သူနည်း အစီးအနင်း အဆောင်အရွက်နှင့် တစ်နှစ် လျှင် ရန်ပုံငွေ ၁၂၀၀ဝိ သနားတော်မြတ်ခံရသည်။

ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး၌ မင်းတုန်းမင်းတရားကို သဂြိုဟ်သော အခမ်းအနားကို ရွှေပြည်ဝန် ကြီးကြပ်ရသည့်အခါ ရွှေပြည်ဝန်အား ဝက်မစွတ်မြို့စား မင်းလှမင်းခေါင် သီဟသူဟု သာမန်ပြဆိုသည်။ သီပေါမင်း လက်ထက်တော်သို့ ရောက်မှသာ သတိုးဘွဲ့ကို ဖော်ပြသည်။ ဤသည်ကို ထောက်လျှင် ဝက်မစွတ်မြို့စားမင်းကြီးသည် သီပေါမင်းတရား လက်ထက် ရောက်မှပင်လျှင် သတိုးဘွဲ့ကို ရသည်ဟု ဆိုရချိမ့်မည်။

http://www.cherrythitsar.org


## ရာဇဓမ္မသင်္ဂဟကျမ်း

ဝေပုံကျ ဆယ့်လေးဌာနကို ခွဲဝေပြီးသည့်နောက် ခုနစ်ရက်မြောက်ဖြစ်သော ၁၂၄၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၇ ရက်နေ့တွင် ဝက်မစွတ်မြို့စားဝန်ကြီးသည် ရာဇဓမ္မသင်္ဂဟကျမ်းကို ရေးသားစီရင်၍ သီပေါမင်းတရားအား ဆက်သလေသည်။ ထိုကျမ်းသည် **'မင်းအစရှိသော အစိုးရသူကြီးတို့ ကျင့်အပ်သော ကျမ်း'** ဖြစ်သည်ဟု ကျမ်းပြုပုဂ္ဂိုလ်က နားခံသာအောင် ဆိုသည်။

ပုဂံဝန်ထောက်မင်း ဦးတင်ကမူ 'သီပေါမင်းကို ဆုံးမသော ကျမ်းဖြစ်သည်' ဟု အမှန်အတိုင်း အဖြောင့်ကို ဆိုလေသည်။ ထိုကျမ်းတွင် ဝက်မစွတ်မြို့စားဝန်ကြီးသည် မင်းတုန်းမင်းခေတ်မှ စ၍ အုပ်ချုပ်ရေး ပြုပြင်ခြင်းတရားတို့ကို ကြံဆခဲ့သည့်အတိုင်း မှတ်တမ်းတင်သည်။ ထိုကျမ်းကို ရေးရသော အာသီသမှာ 'ရှေး၌ဖြစ်ကုန်သော ဘုရားအလောင်း မင်းကောင်းမင်းမြတ်တို့သည် သတ္တဝါအပေါင်းကို စောင့်ရှောက်ကုန်သကဲ့သို့ ထို့အတူသာလျှင် ငါတို့အရှင် ဆဒ္ဒန်ဆင်မင်းသခင် မင်းတရားကြီးသည် သတ္တဝါအပေါင်းကို မိမိ၏ ရှေ့ရင်တော်နှစ်သားတော်စစ်ကဲ့သို့ တရားဖြင့် စောင့်ရှောက်တော်မူပါစေ' ဟူသော အာသီသဖြစ်၏။

ထိုအာသီသသည် အဓိပ္ပာယ် အလွန်ရှိသည်။ သက်ဦးဆံပိုင် စနစ်အရ ဘုရင်မင်းမြတ်၏ အလိုတစ်ခုတည်းဖြင့်သာ အုပ်ချုပ်ခြင်းသည် သတ္တဝါအများကို ရင်ဝယ်သားကဲ့သို့ အုပ်ချုပ်သော နည်းမျိုးဖြစ်သည်ဟု ပြည့်ပြည့်ဝဝ မဆိုသာသေး။ သတ္တဝါအများနှင့် ဆွေးနွေးတိုင်ပင်၍ အုပ်ချုပ်နိုင်သောအဖြစ်သို့ ရောက်မှ သတ္တဝါအများကို ရင်ဝယ်သားကဲ့သို့ သဘောထားသည်ဟု ဆိုနိုင်လိမ့်မည်။ ထိုသို့ ဆွေးနွေးတိုင်ပင်သည် မှန်စေ၊ တရားဥပဒေမရှိလျှင် စောင့်ရှောက်ခြင်း မမည်နိုင်။ ထို့ကြောင့် ဝက်မစွတ်မြို့စားဝန်ကြီးသည် တရားသဖြင့် စောင့်ရှောက်ခြင်းကို အာသီသ ထားခဲ့သည်။ ဤအာသီသသည် အများဆန္ဒနှင့် အုပ်ချုပ်သောစနစ်သို့ ရှေးရှုလေသည်။

## ထိုကျမ်းအတွက် ကျမ်းကိုးများ

ဝက်မစွတ်မြို့စားဝန်ကြီးသည် ရာဇဓမ္မသင်္ဂဟကျမ်းကို ရေးသားရာ၌ အနောက်နိုင်ငံတို့၏ နိုင်ငံရေးနှင့် အုပ်ချုပ်ရေး အတွေးအခေါ်တို့ကို နှလုံးပိုက်၍ ရေးသည်။ ဤသို့ဆိုသောကြောင့် ဤကျမ်းသည် အနောက်နိုင်ငံ အတွေးအခေါ်တို့ကို ပုံတူ

http://www.cherrythitsar.org


ကူးထားသော ကျမ်းဖြစ်သည်ဟု မဆိုသာ။ ကျမ်းပြုပုဂ္ဂိုလ်သည် အဟောင်းကို အသစ်နှင့်၊ အတိတ်ကို ပစ္စုပ္ပန်နှင့်၊ အနောက်တိုင်းအယူကို အရှေ့တိုင်းအယူနှင့် ညှိနှိုင်း၍ ယထာဘူတတို့ကို ရှာဖွေသည်။ ထို့ကြောင့် ဤကျမ်း၌ ခေတ်နှင့်ယှဉ်၍ ပေါ်ပေါက်လာသော အတွေးအခေါ်တို့ကို ဘုရားဟောကျမ်းဂန် ပါဠိတော်နှင့် လည်းကောင်း၊ အဋ္ဌကထာတို့နှင့်လည်းကောင်း၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုအရ ဖြစ်ပေါ်လာသော ကာမန္တကီကျမ်း၊ အဘိဓာန်ဋီကာ၊ မိလိန္ဒပဉှာ၊ အမရကောသ ကျမ်း၊ ဟိတောပဒေသကျမ်း၊ ရာဇနီတိကျမ်းတို့နှင့်လည်းကောင်း ညှိနှိုင်းထားသည် ကို တွေ့ရသည်။

နီတိကျမ်းတို့တွင် ဟိတောပဒေသကျမ်းနှင့် ရာဇနီတိကျမ်းတို့သည် ဤခေတ်၌ အထင်အရှား ကျန်ရှိနေသေးသည်။ ကာမန္တကီကျမ်းနှင့် အမရ ကောသကျမ်းတို့ကိုမူ ကျွန်တော်သည် ကိုးကားရန် ရှာဖွေမတွေ့ခဲ့ပါ။

မြန်မာစာပေတွင် နီတိကျမ်းတို့သည် မည်သည့် သဘောအဓိပ္ပာယ် ရှိသည် ကို နှောင်းလူတို့ ကောင်းစွာ သတိပြုကြဟန် မတူချေ။ နီတိကျမ်းတို့သည် မြန်မာ့လူ့ဘောင် အဖွဲ့အစည်းကို ကွပ်ကဲ ထိန်းသိမ်းပေးသော ကျမ်းများ ဖြစ်သည်။ ထိုကျမ်းတို့သည် နိုင်ငံတော်နှင့် နိုင်ငံတော်၏ အာဏာတို့ကို ကြံဆရာ ဖြစ်သော အနောက်နိုင်ငံ၌ ခေတ်အမျိုးမျိုးတွင် ပေါ်ပေါက်ခဲ့သည့် နိုင်ငံရေး ဒဿနကျမ်းများနှင့် ထပ်တူပင် ဖြစ်၏။ နီတိကျမ်းတို့ကို စိစစ်ခြင်းအားဖြင့် ရှေးမြန်မာတို့၏ နိုင်ငံရေး အတွေးအခေါ်တို့ကို ခန့်မှန်းနိုင်သည်။

## အတွေးအခေါ် တော်လှန်ရေး

ရာဇဓမ္မသင်္ဂဟကျမ်းသည် မြန်မာနိုင်ငံရေး အတွေးအခေါ်ဟောင်းတို့ကို တော်လှန် သောကျမ်း ဖြစ်၏။ ယောအတွင်းဝန် ဦးဘိုးလှိုင်သည် ဝိမုတ္တိရသကျမ်းတွင် အများသူငါ လက်ခံပြီးသော အတွေးအခေါ် အယူအဆကိုပင်လျှင် အပြန်ပြန် အလှန်လှန် စစ်ဆေးခဲ့သည်ကို ကျွန်ုပ်တို့ တွေ့ခဲ့ပြီး ဖြစ်သည်။ ဤသို့ စစ်ဆေး ခြင်းသည် မြတ်စွာဘုရား ဟောကြားတော်မူသော ကာလမသုတ်အရ စစ်ဆေး သောနည်း ဖြစ်သည်။ ဝိမုတ္တိရသကျမ်းတွင် ပဋိစ္စသမုပ္ပါဒ်တရားကို ပိုင်းခြား၍ ပြရာ၌ 'မြတ်စွာဘုရား ဟောတော်မူသောကြောင့်သာလျှင် အထွေအထူး မပြောဝံ့' ဟူသော သဘောကို တော်လှန်၍ မည်သည့် တရားကိုမဆို ကိုယ်ပိုင်ဉာဏ်ဖြင့် စစ်ဆေးကြည့်သည်။

ဤသို့ စစ်ဆေးခြင်းကို ခေတ်လူတို့က သိပ္ပံနည်းဟု ဆိုကြသည်။ သို့သော်

http://www.cherrythitsar.org


ထိုနည်းကို အချို့သော ရှေးလူကြီးတို့က မနှစ်သက်ကြချေ။ ထိုသို့ မနှစ်သက်သော သူတို့သည် ထိုနည်းကို ယထာဘူတ မကျပါဟူ၍ကား ငြင်းဆိုခြင်း မပြုနိုင်ခဲ့ကြပေ။

ဝက်မစွတ်မြို့စား ဝန်ကြီးသည် ရာဇဓမ္မသင်္ဂဟကျမ်းတွင် ဝိမုတ္တိရသကျမ်း၌ စစ်ဆေးသော သိပ္ပံနည်းမျိုးဖြင့် မြန်မာ့နိုင်ငံရေး အတွေးအခေါ်နှင့် အုပ်ချုပ်ရေး နည်းနိဿယတို့ကို စစ်ဆေးကြည့်သည်။ ဤသို့ စစ်ဆေးရာ အဟောင်းကို မြေလှန်၍ အသစ်ကို နောက်ယောင်ခံခဲ့သည် မဟုတ်ချေ။ 'တရားဟူသည် အဟောင်းအသစ် မဆိုသာ။ သဘော အမှန်အကန်ကျ၍ ကောင်းသည်သာ ပဓာန ဖြစ်သည်' ဟူ၍ လည်းကောင်း၊ 'နိုင်ငံမှာ ကောင်းရာကောင်းကြောင်း နည်းဥပဒေအသစ် ပြုလုပ်မည်ရှိလျှင် အပရိဟာနိယတရား ပျက်လိမ့်မည် ထင်မှတ်ပြောဆိုနေကြသည်။ ဤစကားကို အလျှင်းမမှတ်အပ်' ဟူ၍ လည်းကောင်း ရာဇဓမ္မသင်္ဂဟကျမ်းတွင် ရေးသားထားသည်ကို ထောက်ရှုလျှင် ဟောင်းသော်လည်း ပယ်သင့်မှ ပယ်သည်။ သစ်သော်လည်း လိုက်သင့်မှ လိုက်သည်ကို တွေ့ရပေလိမ့်မည်။

ရာဇဓမ္မသင်္ဂဟကျမ်းတွင် ဝက်မစွတ်မြို့စား ဝန်ကြီးသည် မြန်မာနိုင်ငံရေး အတွေးအခေါ်တို့ကို လူ့သမိုင်းနှင့် ယှဉ်ကြည့်ပြီးလျှင် ယထာဘူတကျအောင် သုံးသပ်သည်။

ထို့ကြောင့် ယဇ်ကြီးငါးပါး ပူဇော်ခြင်း အယူကို ဘုရားဟော ပါဠိတော် အကိုးအကားဖြင့် ပယ်သည်။ သို့ရာတွင် သင်္ဂဟတရား လေးပါးတို့၏ လေးနက်သော အဓိပ္ပာယ်ကိုမူကား လက်တွေ့နှင့် ယှဉ်သော အတွေးအခေါ်သစ်တို့ဖြင့် ထုတ်ဖော်ပေးသည်။ သမ္မာပါသ ဟူသော တရားကို 'ကုန်သည် လယ်ယာ လုပ်ဆောင်သူတို့၏ စိတ်နှလုံးသည် အခြားနိုင်ငံက မင်းမျိုးမတ်တို့ကို အားကိုး ချစ်ခင် စုံမက်ခြင်း မရှိ၊ ကိုယ့်နိုင်ငံက မင်းမျိုးမတ်တို့ကိုသာ ချစ်ခင်စုံမက် အားကိုးအောင် ကုန်သည်တောင်သူတို့၏ စိတ်နှလုံးကို ကျော့ကွင်းနှင့် ချည်သကဲ့သို့ ပြုလုပ်တတ်သောဉာဏ်' ဟူ၍ ဝိတ္ထာရပြုသည်မှာ လက်တွေ့နိုင်ငံရေး သုခမိန် အနေဖြင့် ဝိတ္ထာရပြုခြင်းပင် ဖြစ်သည်။

သဘောတရားကို လက်တွေ့နှင့်ယှဉ်၍ သုံးသပ်သည့်အရာ၌ သစ္စာ၊ ဓမ္မ၊ ဓိတိ၊ စာဂ တည်းဟူသော တရားလေးပါးကို အနောက်နိုင်ငံသားတို့ ကျင့်သုံး၍ တိုးတက်လာကြောင်းဖြင့် ပြဆိုချက်ကို ထောက်ရှုသိနိုင်သည်။ စာဂ တရားနှင့် စပ်လျဉ်း၍ 'လောက၌ အလုပ်အဆောင် မှုခင်း ပြုဖွယ်ကိစ္စ ရှိသမျှကို အစိုးရပင် ဖြစ်စေကာမူ တန်လောက်အောင်ပေး၍ မခိုင်းလျှင် မည်သည့်အရာကိုမျှ နေရာ

http://www.cherrythitsar.org


ကျအောင် လုပ်ဆောင်မည့်သူ မရှိ။ အကယ်၍ အစိုးရဂုဏ်နှင့် နိုပ်စက်၍ ခိုင်းလျှင် လှန်ပြန်နိုင်လျှင် လှန်ပြန်လိမ့်မည်၊ မလှန်နိုင်လျှင် ထွက်ပြေး တိမ်းရှောင် လိမ့်မည်' ဟူ၍ ဝက်မစွတ်မြို့စားဝန်ကြီး မှတ်ချက်ထားသည်မှာ ဘုရင်မင်းမြတ် အား လက်တွေ့နိုင်ငံရေးတရားကို သုံးသပ်နိုင်အောင် တိုက်တွန်းခြင်းပင် ဖြစ်သည်။

ဝက်မစွတ်မြို့စား ဝန်ကြီးသည် အကြောင်းခြင်းရာတို့ကို ဆင်ခြင်ရာ၌ အရင်းအမြစ်ကို နှိုက်၍ ပညာနှင့် ယှဉ်ပြီးလျှင် ဆင်ခြင်တတ်သော စရိုက်ရှိသည်။ မြန်မာနိုင်ငံကို အင်္ဂလိပ်တို့ တစ်စတစ်စ သိမ်းပိုက်ပြီးသည့်နောက်တွင် အထက် မြန်မာနိုင်ငံ၌ လူဦးရေ ဆုတ်ယုတ်လာသည်။ ဤအခြင်းအရာတို့ကို ဆင်ခြင် သောအခါ အင်္ဂလိပ်တို့သည် လူမျိုးခြားပင် ဖြစ်လင့်ကစား တိကနိပါတ်၊ အင်္ဂုတ္တိုရ် ပါဠိတော်၌လာသော လူ့ပြည်၌ လူနည်းကြောင်းတရား သုံးပါးကို ကောင်းစွာ သတိထားလေ့ရှိသည်ကို တွေ့မြင်လာရသည်။

သာမန်အားဖြင့် စဉ်းစားလျှင် အင်္ဂလိပ်တို့သည် အောက်မြန်မာနိုင်ငံကို သိမ်းပိုက်ပြီးသည့်နောက် တရားဥပဒေနှင့်အညီ အုပ်စိုးခြင်းဖြင့် ငြိမ်ဝပ်ပိပြားရေး ကို ဆောင်ရွက်ခြင်း၊ နယ်သစ်ထူထောင်သူတို့အား ချီးပင့်ခြင်းဖြင့် စီးပွားရေး ဖွံ့ဖြိုးအောင် ဆောင်ရွက်ခြင်း ဟူသော မြန်မာ့အုပ်ချုပ်ရေးနှင့် အပြိုင်အဆိုင် ပြုသည့် လုပ်ငန်းကိုသာ မြင်ရပေလိမ့်မည်။ သို့ရာတွင် ဝက်မစွတ်မြို့စား ဝန်ကြီး သည် အရင်းစစ် အမြစ်မြေက ဟူသောအချက်ကို ထုတ်ဖော် စဉ်းစားလိုက်သော အခါ မြန်မာဘုရင်တို့၏ စီရင်အုပ်ချုပ်ရေး၌ အဓမ္မရာဂ၊ ဝိသမလောဘ၊ မိစ္ဆာဓမ္မ တို့ ဝင်လျက်ရှိကြောင်းကို ဆင်ခြင်မိလေသည်။

ဤကား အခြေခံတရာတို့ကို နှိုက်နှိုက်ချွတ်ချွတ် ကြံဆတတ်ခြင်းပင် ဖြစ်သည်။ အခြေခံတရားတို့ မှန်လာလျှင် ထိုတရားတို့သည် နှစ်ပေါင်း ၂၄၀၀ အထက်က ပေါ်ခဲ့သောတရားပင် ဖြစ်စေကာမူ မျက်မှောက်ခေတ်နှင့် ဟပ်မိသည် ချည်းသာ ဖြစ်သည်။ ရာဇဓမ္မသင်္ဂဟကျမ်း၌ ဝက်မစွတ်မြို့စားဝန်ကြီးသည် ဤသဘောကို အကြိမ်ကြိမ်အဖန်ဖန် တင်ပြခဲ့သည်။

ဝက်မစွတ်မြို့စားကြီး၏ အတွေးအခေါ်တို့သည် အမြဲတမ်းလိုပင် ခေတ်၏ ရှေ့သို့ ရောက်၍နေသည်။ သိကြားမင်းနှင့် ဝေပစိတ္တအသူရာမင်းတို့ စကား စစ်ထိုးပုံကို ညွှန်းဆိုရာ၌ 'ဗာလံ၊ သူမိုက်ကို။ ဘူတေန၊ ပြင်းထန်စွာသော။ ဒဏ္ဍေန၊ ဒဏ်ဖြင့်။ နိသေဓယေ၊ တားမြစ်ရာ၏' ဟူသော အယူအဆကို ကျမ်းဂန်ဖြင့် ညှိ၍ ပယ်ဖျက်တော်လှန်လေသည်။ ဝေပစိတ္တအသူရာ၏ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဝါဒကား ရာဇဝတ်ပြစ်မှုတို့ကို တားမြစ်ရန် ပြင်းထန်သောဒဏ်ကို ခတ်ရမည် ဟူသော ဝါဒဖြစ်၏။

http://www.cherrythitsar.org


ဝက်မစွတ်မြို့စားဝန်ကြီး၏ ခေတ်တွင် ထိုဝါဒသည်သာလျှင် ခေတ်စားသည်။ ထိုဝါဒကို အတိုက်အခံပြုသော သိကြားမင်း၏ ဝါဒသည် မထွန်းကားသေး။ ခေတ်၏ရှေ့သို့ ရောက်နေသော အတွေးအခေါ်တို့ကို ထိုခေတ်က သဘောပေါက်ကြလိမ့်မည် မဟုတ်။ သို့သော် ယနေ့အဖို့ကား တိုးတက်သော နိုင်ငံတို့သည် ဝေပစိတ္တအသူရာ၏ ဝါဒကို လက်ခံရန် ခဲယဉ်းလျက် ရှိနေကြသည်။

ဝက်မစွတ်မြို့စားဝန်သည် အရင်းရှင်ခေတ်၏ နိယာမတရားတို့ကို ပင်လျှင် တွေးတောမြော်ခေါ်မိခဲ့သည်။ 'သိုးဆောင်းလူမျိုးတို့တွင် စစ်မက်ဖြစ်သည် ဟူသမျှသည် များသောအားဖြင့် ကုန်သည်တို့ကို အားပေးခြင်း သမ္မာပါသတရား တိုးပွားအောင် ပြုလုပ်ရာ၌ အပိတ်အပင် အဆီးအတား မရှိသောကြောင့် စစ်ဖြစ်ရသည်သာ များသည်' ဟူ၍ ရာဇဓမ္မသင်္ဂဟကျမ်းတွင် ဖော်ပြထားခဲ့သည်။

မဟာသမ္မတ တင်မြှောက်သည့် အခြင်းအရာတို့ကို ဖော်ပြရာ၌ ဝက်မစွတ်မြို့စား ဝန်ကြီးသည် ရှေ့တွင် ပြဆိုခဲ့သော လူ့အဖွဲ့အစည်း တည်ထောင်ရန် အလို့ငှာ အုပ်ချုပ်သူနှင့် အုပ်ချုပ်ခြင်းခံရသူတို့ အပြန်အလှန် ကတိ ပဋိညာဉ်ပြုကြသည့်သဘောကို ပေါ်လွင်အောင် ဖော်ထုတ်ပေးသည်။ 'ကျွန်တော်တို့ ပြည်သူတို့မှာ အချင်းချင်း ခိုက်ရန် ဖြစ်ပွားရှိခဲ့လျှင် စီရင်ဆုံးဖြတ်မည့်သူ မရှိဖြစ်သည်။ သင်သည် လယ်ယာလုပ်ဆောင်ခြင်း၊ ကုန်စည်ကူးသန်းရောင်းဝယ်ခြင်း အမှုကို မပြုပါနှင့်တော့၊ ကျွန်တော်တို့ လုပ်ဆောင် ကူးသန်းရောင်းဝယ်၍ ရသည့် စီးပွားမှ ကျွန်တော်တို့ကဲ့သို့ စားသုံးလောက်အောင် ပေးပါမည်ဆို၍ သဘောတူတိုင်းပြည်ကို စောင့်ရှောက်နိုင်မည့် ဉာဏ်ပညာ လက္ခဏာနှင့် ပြည့်စုံသော ဘုရားလောင်းကို မင်းမြှောက်သည်' ဟူသော အရေးအသားသည် ထိုခေတ် လူထု၏ နိုင်ငံရေး နိုးကြားမှုကို ဆော်ဩပေးသော အရေးအသားမျိုး ဖြစ်သည်။ ဤအချက် တစ်ချက်နှင့်ပင် ဝက်မစွတ်မြို့စား ဝန်ကြီးသည် အုပ်ချုပ်ရေးစနစ် ပြောင်းလဲလေအောင် တရားဖြင့် တိုက်နေကြောင်း ထင်ရှားပေသည်။

## အသေဝနာစ ဗာလာနံ

ဝက်မစွတ်မြို့စား ဝန်ကြီးသည် ပညာရှင် ဖြစ်လင့်ကစား ပညာနုန့်နဲ့သော ပတ်ဝန်းကျင်၌ လူဖြစ်လာခဲ့ရသည်မှာ လွန်စွာ တစ်ပန်းရှုံးခဲ့လေသည်။ ထို့ကြောင့် ဝန်ကြီးသည် ပညာမဲ့သောသဘောကို လွန်စွာ သံဝေဂ ဖြစ်ဟန်တူသည်။ ရာဇဓမ္မသင်္ဂဟကျမ်းတွင် လူမိုက်ကို အမြင်ကတ်သော ဝန်ကြီး၏ သဘာဝကို တွေ့ရသည်။

http://www.cherrythitsar.org


'ယဿ၊ အကြင်သူမိုက်၏။ ယံဗလံ၊ အကြင်မိုက်လုံးကြီးအားသည်။ အတ္ထိ၊ ရှိ၏။ တံဗလံ၊ ထိုလူမိုက်အားကို။ အဗလံ၊ မင်းတို့အား ငါးပါး၊ သူတော်ကောင်းတို့၏အား ခုနစ်ပါးတို့တွင် တစ်ပါးမှ မဝင်သောကြောင့်၊ အား မဟုတ်ဘူး ဟူ၍။ အာဟု၊ ဘုရား အစရှိသော သူတော်ကောင်းတို့ ဆိုကြကုန်၏။'

ဤ၌ 'မိုက်လုံးကြီး' ဟူသော စကားဖြင့် ပညာမဲ့မှုကို အစွမ်းကုန် မနှစ်မြို့ကြောင်း ပြလေသည်။

ထို့ပြင် 'သည်းခံခြင်းတရား မည်သည် ကိုယ့်အကျိုး၊ သူတစ်ပါး၏အကျိုး အကျိုးနှစ်ပါးကို ကျင့်သည်မည်၏။ ထိုသို့ အကျိုးနှစ်ပါး ပြီးအောင် ကျင့်သည် ကို လူမိုက်တို့က လူမိုက်ဟူ၍ အောက်မေ့တတ်၏' ဟူ၍ ဘုရားဟောပါဠိတော် ကို အဓိပ္ပာယ်ဖွင့်ရာ၌ ဝက်မစွတ်မြို့စား ဝန်ကြီးသည် ၎င်းနှင့် အတိုက်အခံ ပြုနေကြသော 'မိုက်လုံးကြီးအား' တို့ကို ပစ်ပစ်ခါခါ ဝေဖန်တိက ပြုလိုက်ခြင်းပင် ဖြစ်ပေလိမ့်မည်။

ပညာမဲ့သူတို့၏ ချီးမွမ်းစကားကို ဝက်မစွတ်မြို့စား ဝန်ကြီးသည် လွန်စွာ ထိတ်လန့်ကြောက်ရွံ့သည်ကို မော်ဘီဆရာသိန်းကြီးက မှတ်တမ်းတင်ခဲ့သည်။

မြင်းထိန်း တောသည် လူ စုစုဝေးဝေးရှိရာ အလျှုအိမ်၊ မသာအိမ်တို့တွင် ဟန်ဆောင်ပညာရှိအနေဖြင့် ဝိမုတ္တိရသကျမ်း၊ ကာယနုပဿနာကျမ်း၊ ဥတု ဘောဇနကျမ်းများကို ဝေဖန်တိက ပြုလေ့ရှိသည်။

ဤအကြောင်းကို ကြားလတ်သော် 'ရွှေပြည်ဝန်ကြီးက ဒေါင်းဒင်္ဂါး ၁၆ ပြား ထုတ်ပေး၍ 'ရော့. . . ၎င်းငွေနှင့် မောင်မင်း ပုဆိုးဝယ်၍ ဝတ်လေ၊ နောက်ကို ယနေ့ကစ၍ ငါ ရေးသော ကျမ်းများကို လူတွေ့တိုင်း မချီးမွမ်းလေနဲ့၊ ကြည့်ရှုရန် မတိုက်တွန်းလေနဲ့နော်၊ ကြားလား. . . မှတ်သွားလေ' ဟု တောင်းပန် တားမြစ် သည်။ တားမြစ်ခြင်းသည် မှန်ပေသည်။ စာမတတ်သော တောက ဤသို့ ပညာရှင်တစ်ဦး၏ စာတို့ကို ချီးကျူးနေပါလျှင် ပညာရှင်ကို သတ်သည်နှင့်သာ တူပေသည်။ ထို့ကြောင့် ဝန်ကြီးသည် တောကဲ့သို့သော လူမျိုးကို ရှောင်လေ သည်။

ဝန်ကြီးသည် ပညာမဲ့တို့ကြောင့် မကြာခဏ အရာ ကျခဲ့သည်။ ထိုသို့ အရာကျသောအခါ ဝမ်းမနည်းခဲ့ချေ။ မကြာခင် ရာထူးကို ပြန်၍ ရခဲ့သည် ချည်းပင်။ သို့သော် ရာထူးပြန်ရ၍လည်း ဝမ်းမသာခဲ့ချေ။ မိမိအား မကောင်းကြံ သူတို့ကိုလည်း ပြန်၍ လက်စားချေခြင်းကို မပြု။ ယင်းတို့နှင့် ကင်းဝေးရခြင်း အဖြစ်ကို မင်္ဂလာရှိသည်ဟု နှလုံးပိုက်မိဟန် တူသည်။ ပညာမဲ့အဖြစ်ကို ရွံ့ရှာ

http://www.cherrythitsar.org



သောကြောင့် အသက်ထက်ဆုံး ပညာပေးသောလုပ်ငန်းကို ဆောင်ရွက်သွားလေသည်။

## မြန်မာ့ရိုးရာ ဒီမိုကရေစီတရား

သုတ်မဟာဝါ ပါဠိတော် မဟာပရိနိဗ္ဗာန သုတ်၌ မြတ်စွာဘုရားသည် လိစ္ဆဝီမင်းသားတို့အား အကြောင်းပြု၍ အပရိဟာနိယတရား ခုနစ်ပါးကို ဟောကြားတော်မူသည်။ ထိုအပရိဟာနိယ တရားတို့ကား -

၁။ စည်းဝေးတိုင်ပင်ခြင်း
၂။ အညီအညွတ်ဆောင်ရွက်ခြင်း
၃။ ဥပဒေအတိုင်း ကျင့်ခြင်း
၄။ လူကြီးသူမတို့၏ အဆုံးအမ၌ တည်ခြင်း
၅။ အမျိုးသမီးအား မနှိပ်စက်ခြင်း
၆။ မြို့စောင့် ရွာစောင့် နတ်တို့အား ပူဇော်ခြင်း
၇။ ရဟန္တာတို့အား စောင့်ရှောက်ခြင်း ဟူ၍ ဖြစ်လေသည်။

အပရိဟာနိယသည် မဆုတ်မယုတ် မပျက်မစီးနိုင်ခြင်း ဟူ၍ အဓိပ္ပာယ်ရှိသည်။ ထို့ကြောင့် အပရိဟာနိယတရားကို တိုးတက်ရေးတရားဟု ဆိုရမည်ဖြစ်သည်။ ထိုတိုးတက်ရေးတရားတို့တွင် သန္နိပါတတည်းဟူသော စည်းဝေးခြင်း၊ သမဂ္ဂတည်းဟူသော အညီအညွတ်ဆောင်ရွက်ခြင်း၊ ပညတ္တတည်း ဟူသော ဥပဒေ ပညတ်၍ အုပ်ချုပ်ခြင်းတို့သည် ယခုခေတ်၌ ဒီမိုကရေစီဟု ခေါ်သော တရားတို့၏ အနှစ်သာရများ ဖြစ်လေသည်။

ရာဇဓမ္မသင်္ဂဟကျမ်းတွင် ဝက်မစွတ်မြို့စား ဝန်ကြီးသည် ကျမ်းအဦးအစ၌ပင်လျှင် ထိုအနှစ်သာရတို့ကို ဖွင့်ဆိုသည်။ 'တိုင်းပြည်နိုင်ငံကို တစ်ယောက်နှစ်ယောက်၏ ဩဇာနှင့်သာ အုပ်စိုးလျှင် ပုထုဇန်ဖြစ်၍ အမှားအယွင်းများရန်ရှိသောကြောင့် တစ်ယောက်နှစ်ယောက်၏ ဩဇာနှင့် မပြုလုပ်၊ မင်းမှူးမတ်တို့စည်းဝေးပြုလုပ်လျှင် အမှားအယွင်းရှိရန် မရှိ' ဟူသော စောဒကသည် အများဆန္ဒနှင့် အုပ်ချုပ်သောစနစ်သို့ ရှေးရှုရန် အလို့ငှာ ကျိုးကြောင်းဖော်ပြခြင်းပင်ဖြစ်၏။ အများဆန္ဒနှင့် အုပ်ချုပ်သည့်အရေးတွင် ဥပဒေသည် ပဓာနဖြစ်သည်။ ထို့ကြောင့် ဝက်မစွတ်မြို့စားဝန်ကြီးသည် ရာဇဓမ္မသင်္ဂဟကျမ်းတွင် အနောက်နိုင်ငံ နည်းစနစ်တို့ကို ထုတ်ဖော်၍ ဥပဒေပြုပုံနည်းကို သညာပေးထားသည်။

http://www.cherrythitsar.org



ရာဇဓမ္မသင်္ဂဟကျမ်း ပထမပိုင်းသည် ဘုရင်မင်းမြတ်အား မှူးမတ်တို့က ပြည်သူတို့၏ ကိုယ်စား အခွင့်အရေးတို့ကို အရေးဆိုသည့် သဘောမျိုးဖြစ်သည်။ ထိုကျမ်းပြုသောခေတ်၏ အထက်နှစ်ပေါင်း နှစ်ရာကျော် သုံးရာခန့်တွင် အင်္ဂလန်နိုင်ငံ၌ မှူးမတ်တို့သည် ပြည်သူတို့၏ ကိုယ်စားအရာ၌ နေ၍ ဘုရင်မင်းမြတ်တို့ထံတွင် အခွင့်အရေး တောင်းဆိုခဲ့ကြသည်။ ယခု ဝက်မစွတ်မြို့စား ဝန်ကြီးက ဤနည်းနှင့် အခွင့်အရေးတိုက်ပွဲ ဝင်ခဲ့လေသည်။

သို့သော် အများဆန္ဒကို ညှိနှိုင်း၍ ဥပဒေဖြင့် အုပ်ချုပ်ရာ၌ ပြည်သူ့ အခွင့်အရေးတို့ အရေးကြီးသည်နှင့်အမျှ ပြည်သူတို့၏ တာဝန်သည်လည်း အရေးကြီး၏။ အုပ်ချုပ်ခြင်းခံရသူတို့သည် အုပ်ချုပ်သူတို့နှင့် တိုင်ပင်၍ အခွင့်အရေးတို့ကို ခွဲဝေယူလိုက်သည်နှင့် တစ်ပြိုင်နက် တာဝန်ကိုပါ ခွဲဝေလုပ်ဆောင်လာကြရသည်။

ဤအချက်ကို ဝက်မစွတ်မြို့စား ဝန်ကြီးသည် ကောင်းစွာ နှလုံးပိုက်မိသည်။ ထို့ကြောင့် ဝန်ကြီးသည် ပထမပိုင်း၌ အခွင့်အရေးတို့ကို ပိုင်ပိုင်နိုင်နိုင်ကြီး အရေးဆိုပြီးသည့်နောက်၊ ဒုတိယပိုင်းနှင့် တတိယပိုင်းတို့တွင် အုပ်ချုပ်သူနှင့် အုပ်ချုပ်ခြင်းခံရသူတို့ အညမည ပြုကျင့်ဖွယ် ဝတ္တရားတို့ကို ပြဆိုလေသည်။ ထိုသို့ ပြဆိုရာ၌ ကျမ်းဂန်လာ စကားတို့ကို ခေတ်မီအောင် အဓိပ္ပာယ် ဖော်ထုတ်ပေးသည်။

## ဗြိတိသျှပါလီမန်စနစ်

ဝက်မစွတ်မြို့စား ဝန်ကြီးသည် ဥပဒေပြုသောစနစ်ကို အလေးဂရုပြု၍ ထုတ်ဖော်ရာ၌ ကင်းဝန်မင်းကြီး လက်တွေ့ဆည်းပူးခဲ့သော ဗြိတိသျှပါလီမန်စနစ်ကို မူတည်သည်။ ဗြိတိသျှ ပါလီမန်၌ 'နိုင်ငံတွင်း မြို့ ကျေးရွာတို့က သဘောတူပေးသည့် လူကြီးစုတစ်သင်း'[၁] နှင့် 'အရိုးအစဉ်အတိုင်း လာသမျှသော မှူးမတ်စုတစ်သင်း'[၂] ဟူသော ဥပဒေပြု နှစ်ဌာနတို့သည် သန္နိပါတ သမဂ္ဂဖြစ်အောင်၊ အဝိရောစနတရားနှင့်လည်း ညီအောင်၊ သင်္ဂဟတရားလေးပါးတို့ကို နေရာကျအောင် လုပ်ဆောင်ကြရသည်ကို ညွှန်ပြသည်။

ဤသို့ ညွှန်ပြရာ၌ အများပြည်သူတို့၏ ဆန္ဒနှင့် ညှိနှိုင်းရာတွင် အရေးပါသော မင်းနှင့်ဆိုင်သော သတင်းစာတိုက်၊ နိုင်ငံနှင့်ဆိုင်သော သတင်းစာတိုက်

---

၁။ House of Commons.

၂။ House of Lords.

http://www.cherrythitsar.org


တို့၏ တာဝန်ဝတ္တရားများကိုလည်း ပြဆိုထားသည်။ သတင်းစာမှာ မင်းတုန်းမင်း တရားကြီး လက်ထက် ၁၂၃၀ ပြည့်နှစ်၌ပင်လျှင် ရတနာပုံသတင်းစာဟူ၍ ပေါ်ပေါက်ခဲ့ပြီး ဖြစ်သည်။ သို့ရာတွင် ပြည်သူ့ထင်မြင်ချက်ဟူသည်ကို ဘုရင် မင်းမြတ် သဘောပေါက်လေအောင် ရာဇဓမ္မသင်္ဂဟကျမ်းတွင် အဓိပ္ပာယ် ဖွင့်ဆို ပေးသည်။

မြန်မာတို့တွင် ဟီရိဩတ္တပ္ပတရားဟူ၍ ရှိသည်။ ထိုတရား နှစ်ပါးကို ဝက်မစွတ်မြို့စား ဝန်ကြီးသည် ရာဇဓမ္မသင်္ဂဟကျမ်းတွင် ပညတ်ပရမတ် ကွဲအောင် ပိုင်းခြားဝေဖန်ပြသည်။ ဟီရိဟူသည်မှာ မိမိကိုယ်ကို စွဲ၍ ဖြစ်သည်။ မိမိကိုယ်အတွင်း၌ ရှက်ခြင်းဟူ၏။ ဩတ္တပ္ပကား သူတစ်ပါးဟူသော ဗဟိဒ္ဓကို စွဲ၍ မကောင်းမှု ဒုစရိုက်မှ ကြောက်ခြင်းဖြစ်သည်။ တစ်နည်းဆိုသော် ဟီရိသည် မိမိပြုသော မကောင်းမှုကို မိမိကိုယ်တိုင်က ရှက်သောအသိတရား ဖြစ်သည်။ ဩတ္တပ္ပကား မိမိပြုသော မကောင်းမှုကို သူတစ်ပါး ကဲ့ရဲ့လေမည်ဟု ကြောက် သော အသိတရား ဖြစ်၏။ ဤခေတ်စကားနှင့် ပြောရသော် ဩတ္တပ္ပဟူသည် ပြည်သူ့ထင်မြင်ချက်ကို လေးစားခြင်းပင် ဖြစ်၏။ ရာဇဓမ္မသင်္ဂဟကျမ်းသည် ဤအချက်ကို ထင်ရှားစေသည်။

## ရာဇသစ္စာ ဝိမုတ္တကော

သီပေါမင်းတရားသည် နန်းတက်သောအခါ အသက်အရွယ်အားဖြင့် နှစ်ဆယ် မျှပင် တင်းတင်းမပြည့်သေးချေ။ သီပေါမင်းသားဘဝ၌ အသက်ငယ်ငယ်နှင့် ပထမပြန်စာမေးပွဲကို အောင်မြင်သောကြောင့် ခမည်းတော် မင်းတုန်းမင်းတရားကြီး က များစွာနှစ်ထောင်းအားရ ရှိခဲ့သည်။ သို့သော် သီပေါမင်း၏ အဖြစ်အပျက် တို့ကို အကျိုးသင့်အကြောင်းသင့် ဆင်ခြင်ကြည့်ပါမူ ပထမပြန်အောင်ခြင်းကြောင့် စာတတ်ပုဂ္ဂိုလ်ဟူ၍ပင် ဆိုစေကာမူ လောကီအလုပ်ဖြစ်သော နိုင်ငံရေးရာတွင် အတွေ့အကြုံ ဘာမျှမရှိသေးသည်ကို ကျွန်ုပ်တို့ ဝန်ခံကြရပေလိမ့်မည်။

ထိုသို့သော အခြေမျိုးတွင် နိုင်ငံရေး သုခမိန်အရာ၌ တည်သော မင်းဆရာ တစ်ဦး လိုနေသည်။ ဝက်မစွတ်မြို့စားဝန်ကြီးသည် အရွယ်အားဖြင့် သီပေါမင်း တရားထက် ၂၉ နှစ် ကြီးသည်။ လောကီလောကုတ္တရာ နှစ်ဖြာတို့တွင် သိမြင် နှံ့စပ်သည်။ မင်းအဆက်ဆက်တို့၌ ကြုံတွေ့ခဲ့သော ဗဟုသုတတို့အပြင် နိုင်ငံခြား ဆက်ဆံမှုတို့မှ ရအပ်သော အတွေးအခေါ်တို့နှင့်လည်း ပြည့်စုံသည်။ ခေတ်ကို ဦးဆောင်နိုင်သော သတ္တိဇွတ္တိလည်း ရှိသည်။ ခေတ်၏ သဘောကို ကြည့်ပြန်

http://www.cherrythitsar.org


လျှင်လည်း ကနောင်မင်းသားကြီး လက်ထက်က ပြုစုပျိုးထောင်လာခဲ့သော ခေတ်ပြင်တော်လှန်ရေးသဘောကို လက်တွေ့အကောင်အထည် ဖော်ပေးနိုင်သော ခေတ်ဖြစ်သည်။ ထို့ကြောင့် ဤအချိန်အခါသည် မြန်မာနိုင်ငံတော် ကြီးပွား တိုးတက်ရေးအတွက် အခွင့်ကောင်းရနိုင်သော အချိန်အခါပင် ဖြစ်လေသည်။ ထိုကဲ့သို့သော အချိန်အခါမျိုးတွင် သီပေါမင်းတရားသည် ပညာရှင်ကို အမှီပြု၍ ရာဇဓမ္မသင်္ဂဟကျမ်း၌ လာရှိသော စီမံကိန်းအရပ်ရပ်တို့ကို အကောင်အထည် ဖော်နိုင်ခဲ့ပါလျှင် ယုတ်စွအဆုံး ကိုယ့်မင်းကိုယ်ချင်း မြန်မာနိုင်ငံသည် ကွက်ကွက် မျှပင် ဖြစ်ဖြစ် ကျန်ရစ်ခဲ့စရာအကြောင်း ရှိလိမ့်မည်။

သို့ရာတွင် ကျွန်ုပ်တို့သည် လူ့သမိုင်းကို အကယ်၍ဟူသော စိတ်မှန်းတို့ဖြင့် ဖန်တီး၍မရနိုင်။ စင်စစ်ဖြစ်ပျက်သော အခြင်းအရာတို့ကိုသာ ဝိပဿနာ တင်ရမည် ဖြစ်၏။

စင်စစ် ဖြစ်ပျက်သော အခြင်းအရာကား ဝက်မစွတ်မြို့စားဝန်ကြီးသည် သီပေါမင်းတရားကို မလွှမ်းမိုးနိုင်ခြင်း ဖြစ်သည်။ သို့ရာတွင် သီပေါမင်းကိုမူကား ဆင်ဖြူမရှင် မိဖုရားသည်သာလျှင် ကြိုးကိုင်သည်။ ဤအခြေတွင် တိုင်တား မင်းကြီး တစ်စခန်း ထလာသောအခါ ဝက်မစွတ်မြို့စားဝန်ကြီးမင်း ရည်မှန်း ထားသော တော်လှန်ရေးလမ်းကြောင်းသည် သွေဖည်၍လာလေသည်။

ထို့ကြောင့် သီပေါမင်းတရားသည် နိုင်ငံရေး သုခမိန်ဖြစ်သော ဝက်မစွတ် မြို့စားဝန်ကြီး စီရင်သည့် ရာဇဓမ္မသင်္ဂဟကျမ်းပါ စကားတို့ကို နားမဝင်ချေ။ ရာဇဓမ္မသင်္ဂဟကျမ်းကို တင်ဆက်ပြီး၍ ရက်ပေါင်း ၅၀ မျှ ကြာသော် ဝက်မစွတ် မြို့စားဝန်ကြီးသည် ရာထူးမှ ကျလေသည်။ ဝန်ကြီးအဖို့ ဤကား နောက်ဆုံးပိတ် ရာထူးကျခြင်း ဖြစ်သည်။ နောက်ထပ်လည်း ရာထူးကျစရာ အကြောင်းမရှိတော့ချေ။

ဤသို့ ရာထူးကျရသည့်အတွက် 'လွတ်ပြီ၊ လွတ်ပြီ' ဟု ယူဆဟန်တူသည်။ ထို့ကြောင့် အရာကျပြီးနောက်မှ စီရင်သော အလင်္ကာနိဿယနှင့် မဟာသုဇာ တက ကျမ်းတို့တွင် ဝန်ကြီးသည် 'ရာဇသစ္စာ-မင်းခစားအဖြစ်မှ၊ ဝိမုတ္တကော-လွတ်၏' ဟူ၍ ဥဒါန်းကျူးလေသည်။

## မကွေးမြို့စားဝန်ကြီး

ဤအဖြစ်အပျက်ကို ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး၌ 'ယင်းသည် ၁၂၄၀ ပြည့်၊ ပြာသိုလပြည့်ကျော် ၁၄ ရက်နေ့၊ ရေနံချောင်းမြို့စားဝန်ကြီး၊ မကွေး မြို့စားဝန်ကြီး၊ ဝန်ထောက်မြို့သစ်မြို့စားတို့ကို အမျက်တော်ရှိ၍ အရာနှင့်တကွ

http://www.cherrythitsar.org



ဘွဲ့အမည်အရည်၊ အဆောင်အရွက်၊ စားကျေးမြို့ရွာများကို ရုပ်သိမ်းတော်မူသည်' ဟု ပြဆိုသည်။ ဤ၌ မကွေးမြို့စားဝန်ကြီးဟု ပြသည်မှာ အခြားပုဂ္ဂိုလ်မဟုတ်၊ ဝက်မစွတ်မြို့စားဝန်ကြီးပင် ဖြစ်သည်။ မှော်ဘီဆရာသိန်းကြီးက သံတော်ဆင့်မင်း ဦးဆုပန်၏ အဆိုကို မှီး၍ သီပေါမင်းတရား လက်ထက်တွင် မကွေးမြို့ကို စားရစဉ် ရာဇဓမ္မသင်္ဂဟကျမ်းကို ရေးသားသည်ဟု ဆိုသည်။ သို့သော် ကျမ်းပြီး နိဂုံးတွင် ဤသို့ မကွေးမြို့ကို စားရကြောင်း မပါရှိလေ။ အမှန်မှာ ဝက်မစွတ်မြို့စားကြီးအဖို့ မကွေးမြို့ကို စားရသည်မှာ လွန်စွာ ဝိသေသထူးသည်။ မူလ မကွေးမြို့စားမင်းကြီး (ဦးကြာဉ)သည် ဝက်မစွတ်မြို့စားဝန်ကြီး (ဦးဘိုးလှိုင်) ၏ ယောက္ခမ ဖြစ်သည်။

သာယာဝတီမင်းကို နန်းချ၍ ပုဂံမင်းကို နန်းတင်ခဲ့သူလည်း ဖြစ်သည်။ ဤမျှ ရာဇဝင် ပြောင်မြောက်သောသူ၏ နေရာကို ဆက်ခံရသူအဖို့ တစ်နည်း အားဖြင့် ဂုဏ်ယူဖွယ်ဖြစ်၏။ သို့သော် ဤအကြောင်းကို ရာဇဓမ္မသင်္ဂဟကျမ်း နိဂုံး၌ ဖော်ပြမထားသည်ကို ထောက်ရှုသော် ထိုကျမ်းကို ရေးသားဆက်သွင်းပြီး မှပင် ဝက်မစွတ်မြို့စားဝန်ကြီးသည် မကွေးမြို့ကို စားရသည်။ ထို့နောက် အရာ ကျသည်ဟု မှတ်ယူဖွယ် ရှိလေသည်။

ယခုအခါ မကွေးမြို့စားဝန်ကြီး (ဦးဘိုးလှိုင်) အရာကျသည်တွင် ရေနံချောင်း မြို့စားနှင့် မြို့သစ်မြို့စား ဝန်ထောက်တို့ပါ ပါဝင်လာကြသည်။ အမှန်မှာ ထိုပုဂ္ဂိုလ်သုံးဦးသည် မင်းတုန်းမင်းတရားလက်ထက်ကပင်လျှင် တိုင်းရေးပြည်ရေး စီရင်ရာ၌ ရဲဘော်သုံးဦးကဲ့သို့ ဖြစ်ကြသည်။ ထို့ကြောင့် ထိုရဲဘော်သုံးဦးတို့အနက် တစ်ဦးဦး၌ ပြစ်ဒဏ်သင့်သော် သုံးဦးစလုံးပင် တစ်နွယ်ငင် တစ်စင်ပါ ဖြစ်စရာ အကြောင်းရှိသည်။ ရေနံချောင်းဝန်ကြီးကား တခြားမဟုတ်၊ မင်းတုန်းမင်း ရွှေဘို သို့ ချီတက်ရာ၌ ယခု မကွေးဝန်ကြီးဖြစ်လာသော မောင်ဘိုးလှိုင်နှင့်အတူ တိုင်ပင်ဖော် တိုင်ပင်ဖက် အမှုတော်ကို ထမ်းရွက်လာခဲ့သူ ရမည်းသင်း ဗိုလ်ဟောင်း မောင်စို ဖြစ်သည်။

ရေနံချောင်းမြို့ဝန်ကြီး အရာကျရသည့် အကြောင်းမှာ ရေနံချောင်းဝန်ကြီး ၏ သား ကန္နီအတွင်းဝန် စို့ ၄၀ ဒိုင်းဝန်အတွင်းဝန် သမီး ဒိုင်းမခင်ကို သီပေါ ဘုရင်က ရည်ငံသည့်ကိစ္စနှင့် စပ်လျဉ်း၍ အရာကျခြင်း ဖြစ်သည်ဟု ဆိုကြသည်။ မြို့သစ်မြို့စား ဝန်ထောက် (ဦးအောင်ကိုး) အရာကျသည်နှင့် စပ်လျဉ်း၍ အခြား အကြောင်းတို့ကို ရှာ၍မရချေ။ သို့သော် ထိုပုဂ္ဂိုလ်သုံးဦးတို့ အရာကျရသည့် အဓိကအကြောင်းမှာ ပုဂံဝန်ထောက်မင်း ဦးတင် ရေးသား မှတ်တမ်းတင်ထား သကဲ့သို့ပင် 'ပညာ၊ ဥစ္စာ၊ အခြွေအရံ အင်အား ရှိရုံမျှမက၊

http://www.cherrythitsar.org


မူလဘူတဥပဒေနှင့် ပါလီမန်ကဲ့သို့ အစည်းအဝေးလုပ်ရန် စီမံသူများ' ဖြစ်သောကြောင့်ပင်တည်း။

## ငွေတိုက်စနစ်

မကွေးဝန်ကြီး အရာကျသည်မှာ ရာဇဓမ္မသင်္ဂဟကျမ်းလာ အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှုစနစ်ကို တီထွင်၍ အရာကျသည်ဟု ယေဘုယျ ဆိုနိုင်ရာသည်။ သမိုင်းမှတ်တမ်းတို့တွင်ကား အရာကျရခြင်း၏ ဝိသေသလက်ငင်းအကြောင်းရင်းမှာ ငွေတိုက်စနစ် တီထွင်လာခြင်းကြောင့် ဖြစ်သည်ဟု အတိအလင်း ပြဆိုသည်။

မင်းတုန်းမင်းလက်ထက်က ဝေပုံလေးဌာနဟူ၍ ဝန်ကြီးလေးပါးအတွက် တာဝန်သတ်မှတ်ခဲ့ရာ ရွှေတိုက်ဌာနဟူ၍ ပေါ်ပေါက်လာခဲ့သည်။ သို့သော် ထိုရွှေတိုက်ဌာနသည် ဘဏ္ဍာတော်ငွေကို ခန့်ခွဲသုံးစွဲရေး၌ အာဏာရှိပုံ မရချေ။ အလွန်ဆုံး ရွှေတိုက်ဌာနသည် အခွန်တော်ဝင်ငွေနှင့် အသုံးစရိတ်တို့ကို စာရင်းတင်ပေးရုံမျှသာ ရှိလိမ့်မည်ဟု ကျွန်တော် ခန့်မှန်းပါသည်။ ယခု ဆယ့်လေးဌာန အုပ်ချုပ်ရေးကို တီထွင်လိုက်သောအခါ ဝက်မစွတ်မြို့စားဝန်ကြီးသည် ရာဇဓမ္မသင်္ဂဟကျမ်း၌ လျာထားသော ငွေတိုက်ဖွင့်လှစ်ရေး စီမံကိန်းကို အတိအကျ အကောင်အထည် ဖော်ခဲ့သည်။ ဝန်ကြီးများအတွက် တစ်နှစ်လျှင် ရန်ပုံငွေ ၁၂၀၀၀ ကျပ် သတ်မှတ်လိုက်သည်မှာ ငွေတိုက်ဖွင့်လှစ်၍ ဘဏ္ဍာတော်ငွေ ခန့်ခွဲသုံးစွဲရေးစနစ် ပေါ်လာခြင်းကြောင့် ဖြစ်သည်။

လူကြီးသူမတို့ ပြောကြားလေ့ရှိသော တစ်ဆင့်စကားဖြင့် သိရှိရသည်မှာ မင်းတုန်းမင်းတရားခေတ်၌ ယောအတွင်းဝန် ဦးဘိုးလှိုင်သည် ပြည်သူပြည်သားတို့၏ ချွေးနှဲစာ အခွန်အကောက်တို့ကို ဘုရင်မင်းမြတ်က အတိုင်းအဆ မရှိဘဲ အလိုရှိရာ အလှူဒါန ပြုခြင်းကို များစွာ ပြစ်တင်ဝေဖန်ခြင်း ပြုသည်ဟု သိရသည်။ ရာဇဓမ္မသင်္ဂဟကျမ်း၌ပင်လျှင် ကုန်စည်ကူးသန်းရောင်းဝယ်ရအောင်၊ လယ်ယာ လုပ်ဆောင်ရအောင် စောင့်ထိန်းရန်အတွက် ပေးသည့် အခွန်အတုတ်ကို ကုန်သည် လယ်လုပ်တို့ ဘေးရန်မရှိအောင် မစောင့်ရှောက်ဘဲ၊ အလိုရှိရာ လှူဒါန်းပေးကမ်း သုံးစားကုန်လျှင် ခိုးခြင်း ၂၅ ပါးတို့မှာ လွတ်ရန် အကြောင်းမရှိဟူ၍ ပြဆိုသည်။ ထို့နောက် ငွေတိုက်ဖွင့်ရန်၊ ဘဏ်ဖွင့်ရန် အကြံဉာဏ်တို့ကို ပေးသည်။

မော်ဘီဆရာသိန်းကြီး၏ မှတ်တမ်းတို့တွင် ရွှေပြည်ဝန်ကြီးသည် ဘုရင်မင်းမြတ်တို့က နန်းတော်တွင်း၌ ညစဉ် နိုင်ငံခြား ပါရစီဇာတ်ကို အသုံးခံစေ၍

ဆုငွေများ ပေးနေခြင်းမှာ အကျိုးမရှိဟု ဝေဖန်၍ 'မိမိတို့နိုင်ငံက ငွေကို အခြားနိုင်ငံသို့ ထုတ်သည့်အတွက် ငါတို့၌ ပြည်သူပြည်သားများ ဆင်းရဲကုန်လိမ့်မည်။ ကိုယ့်နိုင်ငံက ငွေကို ကိုယ့်နိုင်ငံ၌ ကြီးကျယ်စည်ပင်အောင် လုပ်ဆောင်ရမှ နိုင်ငံတော် အားရှိပေမည်။ သို့အတွက် (ဆိုင်ရာက) ဘုရင်မင်းမြတ်ကို အခွင့်သင့်သည့်အခါ သတိပေးခြင်း သံတော်ဦး တင်နိုင်ကြလျှင် တိုင်းပြည် ကောင်းဖို့ပဲ' ဟု ပြောဖူးကြောင်း ဆိုသည်။

တစ်ခါသော် ဖြတိုက်အစည်းအဝေးတွင် ရွှေပြည်ဝန်ကြီးက ရှင်ဘုရင်၊ မိဖုရား၊ သားတော်၊ သမီးတော်တို့ကို လခနှင့်ထားရန် ဝန်စု၊ မှူးစု၊ မှုထမ်းရာထမ်းတို့ကိုလည်း လခနှင့်ထားရန် ဥပဒေပြုသင့်ကြောင်း၊ ပိုလျှံသော ငွေကို ဘဏ်တိုက်ဖွင့်၍ ရန်ပုံငွေအဖြစ်ဖြင့် ဆောင်ထားသင့်ကြောင်း၊ သို့မှသာလျှင် အရေးကြုံလျှင် အလွယ်တကူ ထုတ်ယူသုံးစွဲနိုင်ကြောင်း၊ ထိုငွေတို့ဖြင့် နယ်စပ်ဆိုင်ရာ တပ် ခိုင်ခံ့ရန်၊ လက်နက်များကို လုပ်ကိုင်၍ စစ်သည်များ စုဆောင်း သင်ကြားထား သင့်ကြောင်း၊ လက်နက်အင်အား ပြည့်စုံလျှင်၊ ရန်သူတို့ ကြံဝံ့မည်မဟုတ်၍ တိုင်းပြည် စည်ကားတိုးတက်မည်ဖြစ်ကြောင်း၊ ဤသို့မှ မဟုတ်လျှင် နှာခေါင်းရှည် လူမျိုးခြားတို့က မြန်မာအမျိုးသမီးတို့ကို နမ်းရှုပ်ခြင်း ပြုလုပ်မည်ဖြစ်ကြောင်း၊ ဤအကြံအစည်အတိုင်း ညီညွတ်စွာ လုပ်နိုင်လျှင် ငါးနှစ်အတွင်း မြန်မာနိုင်ငံကို ရှေးက ပိုင်သည့်အတိုင်းဖြစ်အောင် ကြံနိုင်ကြောင်း ပြောပြသည်။

ဤစကားကို အတွင်းတော်က ရွှေနားတော် ကြားသောအခါ 'ခက်ကုန်ပြီ၊ ငါတို့ပိုင်တဲ့ငွေကို ငါတို့သဘောအတိုင်း မသုံးရ၊ သုံးလိုလျှင် ရွှေပြည်မင်းကြီးထံ အမိန့်ခံ၍ သုံးရတော့မည်။ သည်အတိုင်း မှန်လျှင် ငါတို့ကို ရှင်ဘုရင်အဖြစ်မှ ချတာပဲ' ဟု အမျက်ထွက်၍ ရာထူးမှ နုတ်ပယ်သည်။ ရွှေပြည်ဝန်သည် ရာထူးအတွက် မကြောင့်ကြ၊ တိုင်းပြည်ပျက်မည်ကိုသာ ကြောင့်ကြသည်။

ဤအဖြစ်အပျက်နှစ်ရပ်မှာ မည်သည့် လက်ထက်တော်က အဖြစ်အပျက်ဖြစ်သည်ကို မော်ဘီဆရာသိန်းကြီးက ရှင်းလင်းစွာ မဆိုခဲ့ပေ။ သို့သော် မင်းတုန်းမင်းတရားကြီး လက်ထက်၌ ဖြစ်ပျက်ခဲ့သည်ဆိုလျှင်လည်း မှန်ပေမည်။ သီပေါမင်းတရား လက်ထက်၌ ဖြစ်ပျက်ခဲ့သည်ဆိုလျှင်လည်း မှန်ပေမည်။ ပုဂံဝန်ထောက်မင်း ဦးတင်ကလည်း မြန်မာမင်း အုပ်ချုပ်ပုံစာတမ်းတွင် စုဖုရားလတ်က သဘင်ထဲက လူပြက်တစ်ဦးကို ငွေတစ်ထောင် ဆုချဖူးကြောင်း ဆိုသည်။

ဆယ့်လေးဌာန ဝေပုံ ပျက်ရသည်မှာလည်း အကောက်ခွန်တို့ကို ရှင်ဘုရင်၊ မိဖုရား သဘောအတိုင်း သုံးစွဲ ဖြုန်းတီးလိုသည့်အတွက်နှင့် နိုင်ငံအုပ်ချုပ်မှု၌ အိမ်တော်ပါ လူငယ်များ ပါဝင်ရန်အတွက်ဟု ဆိုထားသည်။ ဤစကားရပ်နှင့်

http://www.cherrythitsar.org



ယခုလက်ငင်း အရာကျနေရသော အဖြစ်အပျက်တို့ကို ယှဉ်ကြည့်လျှင် သီပေါမင်း တရားခေတ်၌ ဖြစ်ပျက်ခဲ့သည်ဟူ၍လည်း အတပ်ပြောရန် ရှိနေသည်။

## ဘုရင်မင်းမြတ်၏ ဘဏ္ဍာရေးအာဏာကို ကန့်ကွက်ခြင်း

မကွေးမြို့စားဝန်ကြီးရာထူးမှ ကျသည့်ကိစ္စနှင့် စပ်လျဉ်း၍ အထက်မြန်မာပြည် ဂေဇက်တီးယားတွင် ပြဆိုသည့် သဘောသွားမှာကား ဤသို့ဖြစ်သည်။ ဝန်ကြီး တို့သည် တရားဥပဒေဖြင့် အုပ်ချုပ်သော နည်းစနစ်ကို မူတည်၍ နိုင်ငံကို အုပ်ချုပ်ရန်အလို့ငှာ လွှတ်တော်အစည်းအဝေးဟူ၍ တည်ထောင် ဖွဲ့စည်းကြ သည်။ ထိုဖွဲ့စည်းချက်အရ ထိုအစည်းအဝေးက သဘောတူပြဋ္ဌာန်းခြင်း မဟုတ် သော အမိန့်နှင့် ရာထူး ခန့်အပ်ခြင်းတို့ကို မည်သူကမျှ ထုတ်ပြန်ကြေညာနိုင်ခွင့် မရှိချေ။

သို့သော် ဤစနစ်သည် အလယ်နန်းတော် မိဖုရားကသော်လည်းကောင်း၊ သီပေါမင်းတရားကြီးနှင့် နန်းမတော် မိဖုရားခေါင်ကြီးဘုရားတို့ကသော် လည်းကောင်း လိုလားသော စနစ်မဟုတ်၍ သုံးလမျှ ကြာသောအခါ လွှတ်တော် အစည်းအဝေး ကျင်းပခြင်းဟူ၍ မရှိတော့ချေ။ ထိုလွှတ်တော် အစည်းအဝေး အဖွဲ့သည် ရွှေတိုက်တော်ကို ကြီးကြပ်ရန် စီမံခဲ့သည်။

ရွှေပြည်ဝန်ကြီး ကိုယ်တိုင်က မင်းမိဖုရား အသုံးအစွဲ လက်ဖွာသည်ကို ကန့်ကွက်ပြောဆိုခဲ့သည်။ ထို့ကြောင့်လည်း ရွှေပြည်ဝန်ကြီးနှင့် ရေနံချောင်း ဝန်ကြီးတို့ အရာကျခြင်း ဖြစ်သည်။ ရေနံချောင်းဝန်ကြီးသည် ရွှေပြည်ဝန်ကြီး နည်းတူ ပွင့်ပွင့်လင်းလင်း ပြောတတ်သူဖြစ်ရာ တစ်ခါတစ်ရံ မကွေးရာမြို့စား မင်းသား၏ ကောင်းသတင်းကို ဘုရင် ရှေ့တော်၌ပင်လျှင် ဖွင့်ဟပြောဆို တတ်သည်။

ထို့ကြောင့် ရေနံချောင်းဝန်ကြီးပါ အပြစ်ရပြီးလျှင် ဥပဒေအရ အုပ်ချုပ်ရေး စနစ်သည် တိမ်မြုပ်သွားလေသည်။ ဤသို့ အထက်မြန်မာပြည် ဂေဇက်တီးယား ၌ ပြဆိုထားသောအချက်ကို ထောက်ရှုသော် ရေနံချောင်းဝန်ကြီး၊ ရွှေပြည်ဝန်ကြီး နှင့် မြို့သစ်မြို့စား ဝန်ထောက်တို့သည် ဘုရင်မင်းမြတ်၏ ဘဏ္ဍာရေး အာဏာ တို့ကို ကန့်သတ်ရန် ကြိုးပမ်းခဲ့ကြရာ မအောင်မြင်ဘဲ ရာထူးမှ ကျရသည်ဟူ၍ လည်း ယူဆနိုင်ပေသည်။

http://www.cherrythitsar.org


## ဘဏ္ဍာတော် ရန်ပုံငွေစာရင်း

အဆိုပါ ဝန်ကြီးတို့ အရာကျခဲ့ကြရသော်လည်း ရာဇဓမ္မသင်္ဂဟကျမ်း၌ ချမှတ်ပေးသော စနစ်သည် အလဟဿ ဖြစ်မသွားဘဲ မင်းတစ်ဆက်လုံးတွင် အမြစ်တွယ်ခဲ့သည်ဟု ဆိုရန်ရှိ၏။ အဘယ်ကြောင့်ဆိုသော် ဝန်ကြီးတို့ အရာကျပြီးသည့် နောက်၌လည်း ဘဏ္ဍာတော် ရန်ပုံငွေစာရင်းဟုခေါ်သော ဘဏ္ဍာတော်ရသုံး ငွေစာရင်း ပြုလုပ်ရသည့်မှုမှာ ကျန်ရစ်ခဲ့သောကြောင့် ဖြစ်သည်။ ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး၏ နောက်ဆက်တွဲ၌ လည်းကောင်း၊ မြန်မာမင်းအုပ်ချုပ်ပုံ စာတမ်း၌လည်းကောင်း၊ ၁၂၄၄ ခုနှစ်အတွက် ဘဏ္ဍာတော်ရန်ပုံငွေ စာရင်းကို တွေ့ရှိနိုင်သည်။ ဗဟုသုတ အလို့ငှာ ဖော်ပြရလျှင် ထိုနှစ်အတွက် စာရင်းချုပ်၍ အခွန်တော်ဝင်ငွေသည် ကိုးသန်း ငါးသိန်း ကိုးသောင်းရှစ်ထောင် တစ်ရာ ရှစ်ဆယ့် နှစ်ကျပ်၊ နှစ်မူး (၉၅၉၈၁၁၂ - ၂မူး) ဟူ၍ တွေ့ရ၏။

ထိုအခွန်တော်ငွေမှ ထုတ်နုတ်သုံးစွဲသည့် နှစ်စဉ် သနားတော်မူသော ပူရိသမေဓ (လစာ ရန်ပုံငွေ) သည် ငါးသန်း လေးသိန်း ခုနစ်သောင်း လေးထောင် ငါးရာ ငါးဆယ့် ခြောက်ကျပ် (၅၄၇၄၅၅၆) ဖြစ်သည်။ ကျန်ငွေ လေးသန်း တစ်သိန်း နှစ်သောင်း သုံးထောင် ခြောက်ရာ နှစ်ဆယ့်ခြောက်ကျပ် နှစ်မူး (၄၁၂၃၆၂၆-၂မူး) သည် ဘုရင်မင်းမြတ်ကိုယ်တော်တိုင် ပိုင်ဆိုင်သော ဘဏ္ဍာတော်ငွေ ဖြစ်၍ မင်း၊ မိဖုရား၊ သားတော်၊ သမီးတော်၊ အထိန်းတော်၊ အယတော်၊ အချီတော်၊ အပျိုတော်၊ မြို့စား၊ ရွာစားများသို့ ချီးမြှင့်သည့်ငွေ ဖြစ်သည်။ ဘုရင်မင်းမြတ်သည် ထိုငွေမှ ပိုလျှံသည်တို့ကို ကျောင်း၊ ဘုရား၊ စာပေ ပိဋကတ်မှ စ၍ ရဟန်း၊ သာမဏေ၊ သူတော်၊ သီလ တို့ကို လစဉ် နှစ်စဉ် မပြတ် လှူဒါန်းပြုစု ချီးမြှင့်တော်မူသည်။

ဆယ့်လေးဌာန အုပ်ချုပ်ရေး၌ ဘဏ္ဍာတော် ရသုံးတို့ကို စီမံခန့်ခွဲနိုင်သော အာဏာသည် လွှတ်တော်ဝန်ကြီးတို့၌ တည်လာသည်မှာ အလွန်အရေးပါသော ပြုပြင်ပြောင်းလဲရေးတစ်ရပ် ဖြစ်သည်။ အစဦး၌ ထိုစီမံခန့်ခွဲမှုသည် လွန်စွာ စနစ်ကျပေသည်။ ဥပမာ သီပေါမင်းတရား၏ ဆတ္တာသည် နှစ်ယောက်တို့သည် တစ်ယောက်လျှင် တစ်လ ငွေ ၁၂၀ ရကြသည်။ တောင်ပြုံးနတ်ထိန်း၏ လစာသည် တစ်လ ၃၆ ဖြစ်သည်။

သို့ရာတွင် ဝက်မစွတ်မြို့စားဝန်ကြီးက စည်းကမ်းတကျဖြစ်အောင် မည်မျှပင် တီထွင်ပေးခဲ့စေကာမူ ကာလ ရွေ့လျောသောအခါ စည်းကမ်းစနစ်တို့လည်း ရွေ့လျောသွားခဲ့ဟန် တူ၏။ ထို့ကြောင့် ပုဂံဝန်ထောက်မင်း ဦးတင်က

http://www.cherrythitsar.org


'မည်သည့်အခါမျှ စာရင်းမှာ ပါသည့်အတိုင်း (ဘဏ္ဍာတော်) ကျန်လေ့မရှိ။ လာမည့်နှစ်အတွက် တင်ကူး၍ တောင်းခံရခြင်း၊ ချေးငှားရခြင်းများလည်း သီးခြားရှိသေးသည်' ဟု ညည်းတွားလေသည်။

## ဥတုဘောဇနသင်္ဂဟကျမ်း

ယခုအခါ မကွေးမြို့စား ဝန်ကြီးဟောင်း ဦးဘိုးလှိုင်သည် မင်းခစားအဖြစ်မှ လွတ်ပြီဖြစ်၍ မိမိ ဝါသနာရှိရာ ကျမ်းပြုခြင်း လုပ်ငန်းကို အနှောင့်အယှက်မရှိ လွတ်လပ်စွာ ပြုနိုင်ပြီ ဖြစ်သည်။ ထို့ကြောင့် အလင်္ကာနိဿယကို တည်းဖြတ် သူတို့၏ အဆိုအရ ၁၂၄၁ ခုနှစ်အတွင်း နဝသိဒ္ဓန္တမည်သော လက်ရိုးကျမ်းကို ရေးသားစီရင်သည်။ ထိုကျမ်းကို စုံစမ်းရှာဖွေ၍ မရနိုင်ခဲ့ပါ။

နဝသိဒ္ဓန္တ ကျမ်းကို ပြုစုပြီးသည့်နောက် ဦးဘိုးလှိုင်သည် နောင်အခါ၌ ကင်းဝန်မင်းကြီးဟု ထင်ရှားလတ္တံ့သော လယ်ကိုင်းမြို့စား ဝန်ရှင်တော်မင်းကြီး တောင်းပန်ချက်အရ ဥတုဘောဇန သင်္ဂဟကျမ်းကို ရေးသားစီရင်ရာ ၁၂၄၂ ခု၊ နယုန်လဆန်း ၈ ရက်၊ ကြာသပတေးနေ့တွင် ပြီးစီးသည်။ အရာကျပြီးနောက် ပြုစုသောကျမ်းတို့တွင် ဥတုဘောဇန သင်္ဂဟကျမ်းသည် ယခုခေတ် စီးပွားရေး လက်သုံးစကားဖြင့် ပြောရလျှင် အရောင်းရ အတွင်ဆုံး ကျမ်းဖြစ်သည်။

ဥတုဘောဇန သင်္ဂဟကျမ်းသည် ဥတုနှင့် အာဟာရတည်းဟူသော အကြောင်းတရား နှစ်ပါးကြောင့် လူတို့၌ ကျန်းမာခြင်း၊ မကျန်းမာခြင်း၊ အသက်ရှည်ခြင်း စသည်တို့ ဖြစ်ရသည်ကို အထူးထူးသော ဆေးကျမ်းတို့နှင့် ညှိနှိုင်း ပြုစုထားသော ကျမ်းဖြစ်သည်။ ကျန်းမာရေးအတွက် လူတို့ မည်သို့ နေထိုင် စားသောက်ရမည်ကို ပြသည်။ အချို့သော ပညာရှင်တို့က ထိုကျမ်းကို ဓာတ်စာကျမ်းဟု ဆိုကြသည်။

သို့သော် ထိုကျမ်းသည် ဓာတ်စာမညီကာမတ္တကျမ်း မဟုတ်၊ ဥတု ပြောင်းလဲမှုကြောင့် လည်းကောင်း၊ ပတ်ဝန်းကျင်အရပ်ကြောင့်လည်းကောင်း၊ အသက်အရွယ်ကြောင့် လည်းကောင်း၊ ခန္ဓာကိုယ် ဖောက်ပြန်သည့်အခါ ကျန်းမာခြင်းကို ဆောင်ရန် အလို့ငှာ မည်သို့ နေထိုင်စားသောက်ရမည်ကို အစုံအလင်ပြသော ကျမ်းဖြစ်သည်။ ယခုခေတ်၏ သဘောနှင့် ညီအောင် ပြောရလျှင် ဥတုဘောဇန သင်္ဂဟကျမ်းသည် ထိုခေတ်ရှိ မြန်မာတို့အတွက် ပြည်သူ့ကျန်းမာရေး လမ်းညွှန် ဖြစ်သည်။ ကျန်းမာရေးကို ရှေးရှု၍ လုပ်ပေးခြင်း၊ အားကစား ပြုလုပ်ခြင်း၊ ဆီနံ့သာမွှေး လိမ်းကျံခြင်း၊ ကြေးတွန်းခြင်း၊ ရေချိုးခြင်း၊ အစားအစာ စားခြင်း၊

http://www.cherrythitsar.org



စားပြီးနောက် စင်္ကြံသွားခြင်း၊ ခုတင် မွေ့ရာတို့ကို အသုံးပြုခြင်း စသည်တို့ကို စနစ်တကျ ပြုလုပ်ဆောင်ရွက်ရန် ညြဝါဒကို ပေးသည်။

ကျမ်းပြုသောအခါ ဦးဘိုးလှိုင်သည် သိပ္ပံပညာနည်းကို မှီး၍ ကျမ်းပြုလေ့ရှိသည်ကို ယေဘုယျအားဖြင့် အထက်က ဖော်ပြခဲ့ပြီး ဖြစ်သည်။ အထူးသဖြင့် ဓာတ်ကျမ်း၊ ဆေးကျမ်း၊ ဒွတ္တိံသ ကမ္မဋ္ဌာန်းကျမ်းဆိုင်ရာတို့ကို ရေးသားစီရင်သော အခါ ဦးဘိုးလှိုင်၏ သိပ္ပံပညာဆန်ပုံကို တွေ့ရမြဲ ဖြစ်သည်။ ယခု ဥတုဘောဇန သင်္ဂဟကျမ်းကို စီရင်ရာ၌ အထွေထွေ အထူးထူးသော အာဟာရတို့ကို ဂုဏ်အားဖြင့် လည်းကောင်း၊ ကိစ္စအားဖြင့်လည်းကောင်း အမျိုးအစား ခွဲခြား၍ ပြထားသည်။ ထို့ကြောင့် ထိုကျမ်းသည် မြန်မာ့ဆေးပညာ အခြေခံကျမ်း ဖြစ်သည်။

သို့သော် ဤသို့ ဆိုခြင်းကြောင့် ထိုကျမ်းသည် ရှေးရိုးမြန်မာ ဆေးပညာကျမ်း သက်သက်မျှသာ ဖြစ်သည်ဟူ၍လည်း မယူဆရာ။ ဥတုဘောဇနသင်္ဂဟကျမ်းကို ပြုစုရာ၌ ကျမ်းပြုပုဂ္ဂိုလ်သည် ဘုရားဟော ပါဠိတို့အပြင် အမည်နာမ ဖော်ပြထားသော ကျမ်းပေါင်း ၁၈ စောင်ကို ကိုးကားသည်။

ထိုကျမ်းတို့မှာ -

၁။ သူရိယ သိဒ္ဓန္တကျမ်း
၂။ မာဂဓ အဘိဓာန်ကျမ်း
၃။ ဘေသဇ္ဇ မဉ္ဇူသာကျမ်း
၄။ သာရကောမုဒိကျမ်း
၅။ သုဿုတ ဆေးကျမ်း
၆။ ဘာဝပ္ပကာသ ဆေးကျမ်း
၇။ ရာဇနိဃဏ္ဍု ဆေးကျမ်း
၈။ ဒဗ္ဗဂုဏ ပကာသ ဆေးကျမ်း
၉။ သာရတ္ထဒီပဏီ ဋီကာကျမ်း
၁၀။ ဝိသောတ္တရိဒသာကျမ်း
၁၁။ အဋ္ဌောတ္တရိဒသာကျမ်း
၁၂။ စက္ကဒတ္တကျမ်း
၁၃။ ရာဇဝလ္လဘ ဆေးကျမ်း
၁၄။ ကပ္ပဒုမ အဘိဓာန်ကျမ်း
၁၅။ ရတနမာလာကျမ်း
၁၆။ အဗ္ဘုတ သာဂရကျမ်း
၁၇။ သမုတိကျမ်း
၁၈။ ဘဋ္ဋိကျမ်း ဟူသည်တို့ ဖြစ်သည်။

http://www.cherrythitsar.org



သို့သော် ထိုစာရင်းထဲတွင် အနောက်နိုင်ငံ ဓာတုဗေဒနှင့် ဆေးသိပ္ပံဆိုင်ရာ ကျမ်းများ မပါသေးချေ။ အမှန်မှာ ထိုကျမ်းတို့ကိုလည်း ကိုးကားထားသည်။ ထို့ကြောင့်လည်း ထိုကျမ်းတွင် အနောက်နိုင်ငံသုံး ပစ္စည်းအမျိုးအမည်ပေါင်း မြောက်မြားစွာ ပါဝင်သည်ကို တွေ့ရသည်။ ထိုပစ္စည်းအမျိုးအမည်ကို ကြည့်ခြင်းအားဖြင့်ပင်လျှင် ဦးဘိုးလှိုင်၏ ခေတ်မီသော ဂုဏ်သတ္တိတို့ကို ခန့်မှန်းနိုင်ရာသည်။ စင်ခိုနာ[၁]၊ ကွီနိုင်[၂]၊ ပေပရမင်[၃] (ပက်ပါမင့်)၊ နိုက်ထရကာ အက်စစ် (နိုက်ထရစ် အက်စစ်)[၄]၊ တာရပင်ဆီ[၅]၊ ဟိုက်ဒရော်ဂျင်း[၆]၊ လောဒနံ[၇]၊ ဘီနီဂတ် (ဗနီဂါ)[၈]၊ အာစီတစ် အာစစ်[၉]၊ ယစ်တီဖာရစ် စပရင် (ရက်တီဖိုင်း စပရစ်)[၁၀]၊ အပ်လကော် (အယ်လကော် ဟော)[၁၁]၊ စော-တ် (ဆော့စ်)[၁၂]၊ ဒြမ်[၁၃] ဟူသည်တို့ကို ကျမ်း၌ ပြဆိုထားသည်မှာ ဦးဘိုးလှိုင်၏ နှံ့စပ်သော ဗဟုသုတကို ပြဆိုပေသည်။

အနောက်တိုင်း ဆေးပညာ၌ ဆေး၏ တန်ခိုးအာနိသင်တို့ကို လိုရာ သွေးကြော၊ နှာရုကြောတို့သို့ ရောက်စေရန် သေမျိုး၌ ပါဝင်သော အယ်လကော်ဟော ခေါ် ပြန်စင်အရက် (အရက်ပြန်) ကို ယာဉ်အဖြစ်ဖြင့် သုံးသည်။ ယာဉ်ဟူသည်မှာ လူ၊ တိရစ္ဆာန်၊ အရာဝတ္ထုတို့ကို တစ်နေရာမှ တစ်နေရာသို့ ပို့ဆောင်ပေးသော ကိရိယာဖြစ်သည်။ အယ်လကော်ဟောသည် ဆေး၏ စွမ်းအင်ကို ကိုယ်ခန္ဓာ၌ အနှံ့ရောက်စေရန် သယ်ယူပို့ဆောင်၍ ပေးသည်။ ဤသဘောတရားကို မြန်မာဆေးဆရာတို့ သိရှိနားလည်၍ အသုံးချနိုင်စေခြင်းငှာ သိုးဆောင်းလူမျိုးတို့ သုံးစွဲသော သေမျိုးကို ဂုဏ်ပစ္စည်းနှင့်တကွ ဖော်ပြထားသည်။ 'သေမျိုးဟူသမျှတို့သည် ပူ၏။ . . . ကိုယ်၏ အပေါက်ငယ်ရှိသမျှကို ဝင်တတ်၏။ . . . လျင်မြန်စွာ ပျံ့နှံ့၏။ ကိုယ်အလုံးပျံ့၍ သွေးကို ကွဲစေပြီးလျှင် မူးဝေတတ်၏။ အကြောကို လျော့စေတတ်၏။' ဟူ၍ အကျိုးဂုဏ်တို့ကို ဖော်ပြရာ၌ ဦးဘိုးလှိုင် သည် မြန်မာ့ဆေးပညာကို သိပ္ပံနည်းဖြင့် တိုးတက်အောင် ကြံဆောင်လိုသော ရည်ရွယ်ချက်ရှိပေလိမ့်မည်။ ဦးဘိုးလှိုင်၏ တော်လှန်ရေးအစဉ်သည်

---

၁။ Cinchona.
၂။ Quinine.
၃။ Peppermint
၄။ Nitric Acid
၅။ Oil of Turpentine
၆။ Hydrogen
၇။ Laudanum
၈။ Vinegar
၉။ Acetic Acid
၁၀။ Rectified Acid
၁၁။ Alcohol
၁၂။ Sauce
၁၃။ Dram

http://www.cherrythitsar.org


သီပေါမင်း တရားလက်ထက်၌ ပျက်သုဉ်းခြင်း မရှိခဲ့ပါလျှင် မြန်မာ့ဆေးပညာသည် သိပ္ပံနည်း ဖြင့် ယှဉ်၍ တိုးတက်လာစရာအကြောင်း ရှိသည်။

## အလင်္ကာ နိဿယ

ရန်ကုန်တက္ကသိုလ် ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာနမှူး ဦးဝန် (မင်းသုဝဏ်) ၏ စာအုပ်စာရင်းတွင် ၁၂၄၂ ခုနှစ်အတွင်း 'အဘိဓမ္မတ္ထ သင်္ဂဟ သင်္ခေပဝဏ္ဏနာ ဋီကာနိဿယမူကွဲ' ကို ဦးဘိုးလှိုင် ရေးသည်ဟု တွေ့ရသည်။ သို့သော် ထိုကျမ်းကို မတွေ့ဖူးချေ။ မှတ်တမ်း တင်နိုင်ရန် အလို့ငှာသာ ဖော်ပြရသည်။ သို့ရာတွင် ထိုနှစ်၌ ပြုစုသည့် ထင်ရှားသောကျမ်းမှာ အလင်္ကာနိဿယ ကျမ်းဖြစ်သည်။

၁၂၄၂ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၀ ရက်၊ ကြာသပတေးနေ့တွင် ဦးဘိုးလှိုင်သည် သုဗောဓာလင်္ကာရကျမ်း နိဿယသစ်ဖြစ်သော အလင်္ကာ နိဿယကျမ်းကို လယ်ကိုင်းမြို့စား ဝန်ရှင်တော်မင်းကြီး တောင်းပန်၍ ရေးသား စီရင်ပြီးစီးလေသည်။ သုဗောဓာလင်္ကာရကျမ်းကား သီဟိုဠ်ကျွန်း အရှင် သာရိပုတ္တရာ၏တပည့် အရှင် သဃ်ရက္ခိတ မဟာသာမိ ပါဠိဘာသာဖြင့် စီရင်ခဲ့သော ကျမ်း ဖြစ်သည်။ ဦးဘိုးလှိုင်၏ ခေတ်မတိုင်မီကပင်လျှင် ထိုကျမ်း၏ နိဿယကို မြန်မာနိုင်ငံရှိ ဆရာတော် အဆက်ဆက်တို့သည် အစောင်စောင် ပြန်ဆိုခဲ့ကြသည်။ ဦးဘိုးလှိုင် နိဿယ ပြန်ဆိုသည့်နောက်၌လည်း ဆရာတော် အသီးသီး တို့က ထပ်မံပြန်ဆိုခဲ့ကြသေး၏။

လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး (မဟာဝိဇ္ဇာ) သည် ပင်လျှင် ၁၂၈၅ ခုနှစ်က နိဿယတစ်စောင် ပြန်ဆိုခဲ့ဖူးသည်။ သို့ရာတွင် ဦးဘိုးလှိုင်၏ အလင်္ကာ နိဿယသည် အခြားသော နိဿယပြန်တို့ထက် ပို၍ ထင်ရှားသည်။

ကျွန်ုပ်တို့သည် ဦးဘိုးလှိုင်၏ နိုင်ငံရေး အတွေးအခေါ် သိပ္ပံအယူအဆ ယထာဘူတ အကြံအစည်တို့ကိုသာ ရှေးအထက်က တွေ့ကြုံခဲ့ကြရ၏။ ယခု အလင်္ကာနိဿယကျမ်းသို့ ရောက်သောအခါမှသာလျှင် ဦးဘိုးလှိုင်၏ စာပေ ကျမ်းဂန် နှံ့စပ်ခြင်းကို ပို၍သိခွင့်ရပေသည်။ ဤကျမ်းတွင် ဦးဘိုးလှိုင်သည် စာပေအရေးအသား၌ အဖွဲ့အနွဲ့ဗန္ဓမည်သော သဘောသည် မည်သို့ရှိသည်ကို ပြဆိုသည်။ သာမန်အားဖြင့် ဗန္ဓတည်းဟူသော အဖွဲ့အနွဲ့စည်းမျဉ်းတို့သည် ဖန်ဆင်းသော ဉာဏ်ရှိသူ အလင်္ကာသမားအား အချုပ်အချယ်တို့ဖြင့် နှောင်ဖွဲ့ သည်ဟု ဆိုလေ့ရှိကြသည်။

http://www.cherrythitsar.org



ဗန္ဓသည် အလင်္ကာသမား၏ ဖန်ဆင်းလိုက်သော အကြောင်းရပ်တို့ကို ကျဉ်းမြောင်းသော ချုပ်ချယ်ကန့်သတ်သည်ဟု ယူဆကြသည်။ သို့ရာတွင် ဦးဘိုးလှိုင်သည် 'မြို့ရွာ၊ ပင်လယ်၊ ဥတု၊ တော၊ တောင်၊ လ၊ နေ၊ နံနက်၊ ည၊ နေ့ ဆည်းဆာ၊ ရေကစားခြင်း၊ မြစ်၊ သေသောက်၍ ပျော်ပွဲခံခြင်း၊ သား လင် ခင်ပွန်းတို့နှင့် ချစ်ခင်စွာ အတူနေခြင်း၊ ကွေကွင်းခြင်း၊ မယ်ဘွဲ့ မောင်ဘွဲ့ နှီးနှောခြင်း၊ မင်းနှစ်ဦးတို့ ရာဇသန္တိ၊ မိတ်ပျက်၍ စစ်တိုက်ခြင်း၊ ရန်ကိုအောင်ခြင်း' ဟူသမျှသော အကြောင်းရပ်တို့သည် အလင်္ကာတို့ဖြင့် တန်ဆာဆင်၍ ရကောင်း သော အကြောင်းရပ်ချည်းသာ ဖြစ်သည်ဟု ယူဆသည်။ ယုတ်စွအဆုံး 'သိုးဆောင်းပညာရှိတို့ ပေးကမ်းသော စာပေ၊ မဟာမိတ် စာချုပ်များ' ၌ ပင်လျှင် အလင်္ကာမြောက်နိုင်သည့်အဖြစ်ကို ဦးဘိုးလှိုင်သည် ကောင်းစွာ ဆင်ခြင်သည်။

ရှေးရိုးခေတ်က ကျမ်းဂန်မှလွတ်သော အကြောင်းအရာတို့ကို ဖွဲ့နွဲ့သည် ရှိသော် စာပေမြောက်သည်ဟု မယူဆလိုချေ။ သို့ရာတွင် ဦးဘိုးလှိုင်၏ စာပေဆိုင်ရာ သဘောထားမှာကား စာချုပ်စာတမ်းပင်ဖြစ်စေ၊ ဗန္ဓတည်းဟူသော ဖွဲ့နွဲ့ခြင်း၌ အောင်မြင်လျှင် စာပေမြောက်သည်ဟူသော သဘောထားဖြစ်သည်။ ဦးဘိုးလှိုင်သည် မူရင်း အလင်္ကာကျမ်းကို အနက်ဖွင့်ဆိုရင်း သူ၏သဘောထားကို မကျယ်မကျဉ်း ပြဆိုခဲ့သည်။

ထို့ပြင် ဦးဘိုးလှိုင်သည် 'သိုးဆောင်းပညာရှိတို့ ကောင်းမွန်သောဇာတ်ကို လုပ်ပြီးလျှင် ပြဇာတ်တစ်စောင်ကို ဒင်္ဂါးတစ်သောင်း၊ နှစ်သောင်းများနှင့် သိုးဆောင်းကချေသည်တို့ကို ရောင်းပြီးလျှင် ဇာတ်ပြကြ' သည့် အခြင်းအရာကို လွန်စွာ နှစ်ထောင်းအားရစွာဖြင့် အလင်္ကာ နိဿယတွင် ဖော်ပြထားသည်။

## မဟာသုဇာတကကျမ်း

ဆေးကျမ်း၌ ဥတုဘောဇန ကျမ်းသည်လည်းကောင်း၊ အလင်္ကာကျမ်း၌ အလင်္ကာ နိဿယသည်လည်းကောင်း အသီးသီး ထင်ရှားဘိသကဲ့သို့ ဗေဒင်ကျမ်း၌လည်း ဦးဘိုးလှိုင်၏ မဟာသုဇာတကကျမ်းသည် ထင်ရှား၏။ ထိုကျမ်းပြီးသော နေ့စွဲကား ၁၂၃၄ ခု၊ ဝါဆိုလပြည့်နေ့ ဖြစ်သည်။

'လူတို့၏ အသက် ရှည် မရှည်၊ ကောင်း မကောင်း၊ သုဘာသုဘ အဟော အပြောများကို' နောင်လာနောက်သားတို့ သိစေခြင်းငှာ ဗေဒင်ကျမ်း၌ တစ်ဖက်ကမ်း တတ်မြောက်သော ပညာရှိတို့သည် ဟူးရားကျမ်းတို့ကို ရေးသား စီရင်ခဲ့ကြသည်။ သို့ရာတွင် ထိုစီရင်ခဲ့သော ကျမ်းဟူသမျှတို့သည် သက္ကတ

http://www.cherrythitsar.org


ဘာသာချည်းသာ ဖြစ်၍ မြန်မာတို့ သုဘာသုဘ အဟော အပြောကို မှန်ကန်အောင် မဟောမပြောနိုင်ကြလေ။ ထို့ကြောင့် ဦးဘိုးလှိုင်သည် မြန်မာတို့ သုဘာသုဘ အဟောအပြောကို မှန်ကန်စွာ ဟောပြောနိုင်ကြစေရန် ရည်သန်၍ မဟာသုဇာတကကျမ်းကို စီရင်သည်။ ထိုကျမ်းကို မည်သူကမျှ တိုက်တွန်း တောင်းပန်၍ စီရင်သည် မဟုတ်၊ ဦးဘိုးလှိုင်၏ ဆန္ဒအလျောက် စီရင်ခြင်း ဖြစ်သည်။

ထိုကျမ်းသည် ဗေဒင်ပညာ သုတေသီတို့၏ လက်သုံးကျမ်း ဖြစ်သည်။ အာယုဒါကတွက်ပုံနှင့် စုတိရမည်ကို ဆိုသော နိယျာနိက အပိုင်းတို့ကို ကျမ်း၌ ပြဆိုထားသည်။ ဦးဘိုးလှိုင်သည် ဗေဒင်အရာ၌ ကျွမ်းကျင်သူ ဖြစ်လေရာ၊ နှောင်းလူတို့သည် သုဘာသုဘ အပြောအဟောကို သိစေခြင်းငှာ ရည်ရွယ်သည်ဟု ဆိုသော်လည်း တကယ်စင်စစ်၌ ၎င်း၏ အာယုဒါယကို တွက်ချက်ကြည့်ရင်းမှ မဟာသုဇာတကကျမ်း ပေါ်ထွက်လာလေသလောဟု တွေးတောရန် ရှိသည်။ ဤအကြောင်းသည် ဆိုလတ္တံ့သော စကားစဉ်တို့တွင် ထင်ရှားအံ့။

## ဘဝနိဂုံးချုပ်

မဟာသုဇာတကကျမ်း ပြီးသော ၁၂၄၃ ခုနှစ် နောက်ပိုင်း၌ ဦးဘိုးလှိုင်သည် မည်သည့်ကျမ်းကိုမျှ နောက်ထပ် ပြုစုခဲ့ဟန် မတူချေ။ တည်းဖြတ်သူသည် နောက်ထပ်ပြုစုသော ကျမ်းများကို တွေ့လိုတွေ့ငြား ရှာဖွေခဲ့သော်လည်း ဘာမျှ မတွေ့ရလေ။ မှော်ဘီဆရာသိန်းကြီးက ဦးဘိုးလှိုင်သည် ဒုန်းချင်းပျက် စာစောင်တို့ကိုလည်း ရေးသားဖူးသည်ကို ဆိုပါသည်။

သို့သော် ထိုစာစောင်ကို မတွေ့ဖူးသဖြင့် နှောင်းလူတို့ ဗဟုသုတအလို့ငှာ မှတ်တမ်းတင်ရုံသာ တင်နိုင်ပါသည်။ အတ္ထုပ္ပတ္တိမှတ်တမ်း ဟူသမျှတို့တွင် မဟာသုဇာတကကျမ်း စီရင်ပြီးသည့်နောက်၌ ဦးဘိုးလှိုင်သည် မကျန်းမမာ ရောဂါဝေဒနာ စွဲကပ်ခြင်းရှိသည်ဟု မပါရှိချေ။ ကွယ်လွန်သည်အထိ အများသူငါကဲ့သို့ပင် အကောင်းပြကတေ့ ဖြစ်သည်။ သို့ရာတွင် မြန်မာဝန်ကြီး မှူးကြီးများ အတ္ထုပ္ပတ္တိ၌ မှော်ဘီဆရာသိန်းကြီး ရေးသားသော စကားအသွားအလာကို ထောက်ရှုသော် ဦးဘိုးလှိုင်သည် ဘဝနိဂုံး ချုပ်ရတော့မည်ကို စိတ်စောလျက် ရှိဟန်တူသည်။ ဤသို့ စိတ်စော၍နေဟန် လက္ခဏာရှိသည်ဟု ဆိုရသော်လည်း မရဏနှင့် ရင်ဆိုင်ရမည့်အရေးကို မျှော်တွေး၍ တုန်လှုပ်ကြောက်လန့်သည့် အခြင်းအရာမျိုးမဟုတ်၊ တစ်နေ့နေ့တွင် မုချမသွေ တွေ့ရလေမည်ဖြစ်သော မရဏတရားကို ပညာရှိယောက်ျားပီပီ မျက်နှာချင်းဆိုင်၍ တွေ့နိုင်ရန် အသင့်ပြင်

http://www.cherrythitsar.org



လျက်ရှိသည့် အခြင်းအရာသာ ဖြစ်သည်။ မော်ဘီဆရာသိန်းကြီး ရေးသား ထားပုံကို ကြည့်လျှင် ဤသဘောသွားတို့သည် ထင်ရှား၏။

"ရွှေပြည်ဝန်မင်းသည် အာယုဒါယ အပိုင်းအခြားကို နားလည်တော်မူသော အားဖြင့် တစ်လလောက်က ကြိုတင်၍ ကျောင်းနေဘက်သူငယ်ချင်းဖြစ်သူ စစ်ကိုင်းမြို့တွင် နေလျက်ရှိသော ဦးတူ ဆိုသူကို ခေါ်စေ၍ ရောက်သောအခါ 'မောင်တူ. . . မင်းနဲ့ငါ သူငယ်ချင်းများစွာ ချစ်ကျွမ်းဝင်သူ ဖြစ်ကြသည်။ ငါ့ကို မင်းကြီးဟု စိတ်က စွဲလျက် ရှိသေခြင်း၊ ဘုရားထူးခြင်းကို မပြုနဲ့၊ ကျောင်းမှာ နေတုန်းကလို ငါ့ကို ဘိုးလှိုင်ပဲခေါ်၊ မင့်ကိုလည်း မောင်တူပဲ ခေါ်မည်။ သူငယ်ချင်း ကျောင်းသားစိတ်မျိုးနှင့် စကားပြော၍ ငါ့အနားမှာ တစ်လနေပါ။ မင့်သားမယား စားသုံးရန် ငွေဒင်္ဂါး ၂၀၀ ကို လူကြုံကြည့်၍ ပို့လိုက်၊ ငါ့ကို မင်းကျွေးချင်တာနဲ့ ကျွေး။ ငါ့ကို ဘာစားမလဲ မမေးနဲ့ မင်းကျွေးတာကို ငါစားမည်။ မင်းပြောတာ ကို ငါနားထောင်မည်။ သည်အခန်းကို ဝန်ကတော်မှ စ၍ မည်သူမျှ မဝင်စေနှင့်' ဟု စည်းကမ်းထားလျက် နှစ်ယောက်သား ငယ်ငယ်တုန်းကလို ပြောဆိုရယ်မော၊ ကျောင်းမှာ နေစဉ်က စာများကို တစ်ယောက်တစ်လှည့် အံကြလေသည်။ ရံဖန်ရံခါ ရယ်စရာများလည်း ပြောကြ လေသည်။ နေ့စဉ် ညဥ့်အိပ်ခါနီး ဝတ်တက်၊ ဦးတူကို မဟာသတိပဋ္ဌာန် သုတ်တော်ကို ရွတ်စေရာ နာယူပြီးမှ သာစု ခေါ်၍ အိပ်သည်။

"နောက်တစ်လ စေ့ရောက်သည့် ညကျသောအခါ လေးချက်တီးကျော် အချိန်တွင် 'မောင်တူး. . . ယနေ့ ငါ စောစောအိပ်မည်ကွယ်။ မင်း ငါ့ကို သတိပဋ္ဌာန်တရားတော်နှင့် ရွတ်ဆိုသိပ်ပါကွယ်။ ငါ တရားနာရင်း အိပ်ပါရစေ။ သုံးချက်တီးကျော်သောအခါ ငါ့ကို နှိုးပါကွယ်' ဟု မှာထားအိပ်လေသည်။ ဦးတူ လည်း ပြောသည့်အတိုင်း သတိပဋ္ဌာန်တရားတော်ကို မပြတ်ရွတ်ဆိုရာ သုံးချက်တီး ကျော်၍ နှိုးသောအခါ မနိုး၍ လက်နှင့် ကိုင်ကြည့်ရာ တောင့်လျက် ဝိညာဉ် ချုပ်ပြီး ဖြစ်နေရှာသည်ကို တွေ့ရလေသည်"

မော်ဘီဆရာသိန်းကြီးက ဦးဘိုးလှိုင်သည် သေခါနီး မိတ်ကောင်းဆွေကောင်း လိုသည်ဟု ရှေးသူဟောင်းတို့ စကားရှိသည့်အတိုင်း မိတ်ကောင်းဆွေကောင်း ဦးတူကို ခေါ်၍ အပါး၌ထားခြင်း ဖြစ်သည်ဟု ယူဆသည်။ တစ်နည်းသော်ကား ဧသမင်းနှင့် ချိန်းဆိုထားသော နေ့တွင် ဘဝကူးကောင်းရန် အလို့ငှာ အသင့် ပြင်ခြင်း ဖြစ်တန်ရာသည်။ မော်ဘီဆရာသိန်းကြီးက ဦးဘိုးလှိုင်သည် ယင်းသို့ သော အသင့်ပြင်ခြင်းကို တစ်လခန့်က ကြိုတင်လုပ်ဆောင်သည်ဟု ပြဆိုသည်။

http://www.cherrythitsar.org



သို့သော် လူတို့၏ အာယုဒါယအပိုင်းအခြားကို ပြဆိုသော မဟာသုဇာတကကျမ်းမှာ မသေမီ နှစ်နှစ်ကျော်က စီရင်ခဲ့ခြင်းဖြစ်ရာ ဦးဘိုးလှိုင်သည် ထိုကျမ်းကို စီရင်စဉ်ကပင်လျှင် မိမိ၏ အာယုဒါယအပိုင်းအခြားကို တွက်စစ်ကြည့်ပြီး ဖြစ်နေပေလိမ့်မည်။ သို့တည်းမဟုတ် ထိုကျမ်းကို မစီရင်မီကပင်လျှင် မိမိ၏ အာယုဒါယ အပိုင်းအခြားကို သိရှိပြီး ဖြစ်နေပေလိမ့်မည်။ ဤသို့ဖြစ်ခဲ့လျှင် ဦးဘိုးလှိုင်သည် မိမိအကြောင်းကို မိမိ ဗေဒင်တွက်ကြည့်ရာမှ မဟာသုဇာတက ကျမ်းကို ပြုစုရန် အကြံပေါ်သည်ဟု တွေးဆဖွယ်ရာ ရှိသည်။

ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး၌ ၁၂၄၅ ခု၊ ဝါခေါင်လပြည့်ကျော် ၆ ရက်နေ့စွဲ မှတ်တမ်းတွင် 'ဝက်မစွတ်မြို့စား ရွှေပြည်ဝန်ကြီးဟောင်း သတိုးမင်းကြီး မင်းလှမဟာမင်းခေါင် သီဟသူ သေလွန်သည်ကို အဖုံးကမ္ဗတ်နှင့် သင်္ဂြိုဟ်စေ၊ လွှတ်တော်အမိန့်ပေးသည့်အတိုင်း သင်္ဂြိုဟ်ရသည်' ဟု ပါရှိသည်။

ဦးဘိုးလှိုင်သည် မင်းတုန်းမင်းတရားကြီးအား ကျေးဇူးပြုခဲ့၏။ ကနောင်မင်းသားကြီးအားလည်း ကျေးဇူးပြုခဲ့၏။ သီပေါမင်းတရားကြီးအားလည်း ကျေးဇူးပြုခဲ့၏။ သို့သော် ထိုပုဂ္ဂိုလ်တို့အား ကျေးဇူးပြုခဲ့ရာ၌ လူမျိုးနှင့် နိုင်ငံကို ရည်မှန်း၍ ကျေးဇူးပြုခဲ့ခြင်း ဖြစ်၏။ ဦးဘိုးလှိုင်၏ စေတနာမှာ အမျိုးနှင့် နိုင်ငံကို ချစ်သော စေတနာဖြစ်၏။ ထိုစေတနာအရ အသက်နှင့် ရာထူးစည်းစိမ်ကို ငဲ့ကွက်ခြင်း မပြုခဲ့။ ပညာဖြင့်ယှဉ်၍ အမှန်တရားကို ရှာဖွေခဲ့ရာ၏။ အမှန်တရားကို တွေ့သည်ရှိသော် လူမျိုးနှင့် နိုင်ငံအတွက် မကြောက်မရွံ့ မထောက်မညှာ တင်ပြခဲ့၏။ မင်းတကာတို့ မျက်သည်ကို မတုန်လှုပ်။ မျက်သောမင်းတို့အားလည်း အာဃာတမထား။ ကိုယ်ကျိုးမပါသော တော်လှန်ရေး အစဉ်ကိုသာ စိုက်ထူပေးခဲ့သည်။

သို့သော် ထိုလုပ်ငန်းမှ ရအပ်သောဆုကား အထက်၌ ပြဆိုခဲ့သော ရာဇဝင်မှတ်တမ်း စာတစ်ကြောင်းမျှသာ ဖြစ်သည်။

## ဦးဘိုးလှိုင်၏ ကျေးဇူး

မင်းတို့အကြောင်းကိုသာ ပြဆိုသော ရာဇဝင်အဖို့ အဆိုပါစာတစ်ကြောင်း မှတ်တမ်းသည် ဦးဘိုးလှိုင်အား ဂုဏ်ပြုသည့် သဘောပင်ဖြစ်၏။ ထိုစာတစ်ကြောင်း မှတ်တမ်းကို တန်ဖိုးမရှိဟု မဆိုနိုင်ရာ။ သို့သော် လူမျိုးနှင့် နိုင်ငံအနေဖြင့် ဦးဘိုးလှိုင်အား ဂုဏ်ပြုသည်ကား ထာဝစဉ်ပင် ဖြစ်ပေလိမ့်မည်။ ဦးဘိုးလှိုင် ကွယ်လွန်ခဲ့သည်မှာ ယနေ့အဖို့ (ဒုတိယအကြိမ် တည်းဖြတ်သည့် ၁၉၇၈) မှ

http://www.cherrythitsar.org



နှစ်ပေါင်း ၉၅ နှစ် ရှိခဲ့ပြီ။ သို့ရာတွင် ဦးဘိုးလှိုင်၏ တော်လှန်ရေး စိတ်ဓာတ်တို့သည် မြန်မာတိုင်းရင်းသားတို့၏ ရင်တွင်း၌ ကိန်းအောင်း၍ ကာလဒေသပယောဂနှင့် တိုက်ဆိုင်သည့်အခါတိုင်း ပေါ်ထွန်းလာစမြဲ ဖြစ်သည်။ ဦးဘိုးလှိုင်အသက် ထင်ရှားရှိစဉ် ထိုနှလုံးရည်တော်လှန်ရေးသည် နန်းတွင်းအရေးတော်ပုံတို့၏ လက်နက်ကိုင်ဝါဒအောက်၌ ကွယ်ပျောက်ရသကဲ့သို့ ရှိခဲ့၏။ သို့သော် အမှန်မှာကား မကွယ်ပျောက်ခဲ့ချေ။ မြန်မာ့သမိုင်း အစဉ်အဆက်၌ ထိုနှလုံးရည်တော်လှန်ရေးသည် ဦးခေါင်းတစ်လုံး ပြတ်သော် နှစ်လုံး ပေါ်လာဘိသကဲ့သို့ ပေါ်စမြဲပင် ဖြစ်သည်။

ဤအချက်ကို ဆင်ခြင်သော် ဦးဘိုးလှိုင်သည် မင်းအဆက်ဆက်တို့ကို ၎င်းတို့၏ တစ်သက်စာအတွက်သာ ကျေးဇူးပြုနိုင်ခဲ့သော်လည်း လူမျိုးနှင့် နိုင်ငံအတွက်ကား သမိုင်းအစဉ်အလာ တစ်လျှောက်၌ ကျေးဇူးပြုလျက်ရှိသည်ကို တွေ့ရလိမ့်မည်။

လူမျိုးနှင့် နိုင်ငံပေါ်၌ ဦးဘိုးလှိုင် ပြုစုခဲ့သော ကျေးဇူးတို့သည် ကြီးမားလှလေစွ။ ထို့ကြောင့် ဤရာဇဓမ္မသင်္ဂဟကျမ်းကို တည်းဖြတ်သူ၏ နိဒါန်းသည် ထိုကျေးဇူးကို တစ်စိတ်တစ်ဒေသအားဖြင့် ဆပ်ရာရောက်သည်ဟု စာဖတ်သူတို့က ယူဆသော် ကျွန်တော်သည် ဤအတ္ထုပ္ပတ္တိကို ပြုစုရကျိုးနပ်ပြီဟု ယူဆလိုပါသည်။

## ကျေးဇူးတင်ခြင်း

ဦးဘိုးလှိုင်၏ ဘဝဖြစ်စဉ်ကို ယင်းပြုစုသော စာပေကျမ်းဂန်များနှင့်တကွ ကျွန်တော် ပြခဲ့ပါပြီ။ ဤသို့ တင်ပြရာ၌ စုံလင်သောအကြောင်းအချက်ကို ညှိနှိုင်း၍ တင်ပြပါသည်။ သို့သော် မစုံလင်သော အချက်တို့ကိုမူ ချန်လှပ်ထားခဲ့ပါသည်။

အကြောင်းခြင်းတတို့ကို မူတည်၍ တွေးတော ကြံဆသော အပိုင်းမှာ တည်းဖြတ်သူနှင့် ဆိုင်သော အပိုင်းဖြစ်၍ ကြံဆတွေးတောပုံ သင့် မသင့်ဟူသော ကိစ္စများ ပေါ်ပေါက်သည်ရှိသော် တည်းဖြတ်သူသည် လုံးဝ တာဝန်ယူပါသည်။

ဤကျမ်းကို တည်းဖြတ်ဖြစ်အောင် အမြဲတစေ အနားမှနေ၍ လှုံ့ဆော်ပေးသော ဦးထိန်ဝင်းကို ဦးစွာ ကျေးဇူးတင်ရပါမည်။ သို့ရာတွင် တည်းဖြတ်ရာ၌ အကူအညီပေးသော ဆရာ ဦးဘမှိအား ချန်လှပ်မထားနိုင်ပါ။ ပါဠိ အဋ္ဌကထာ ဋီကာ အမျိုးမျိုးတို့ကို ညွှန်ပြခြင်း၊ ရှာဖွေခြင်း၊ ညှိနှိုင်းပေးခြင်းတို့အတွက်

http://www.cherrythitsar.org


ကျွန်တော်သည် လွန်စွာ ကျေးဇူးတင်ပါသည်။ ပထမအကြိမ် ပုံနှိပ်ခြင်း၌ ကျွန်တော်၏ စာမူကို စိတ်ရှည်ရှည်ဖြင့် သည်းခံကာ စောင့်မျှော်ပုံနှိပ်ရာတွင် သေသပ်အောင် အထူးဂရုပြုပေးသော ကုသလဝတီ ပုံနှိပ်တိုက်ပိုင်ရှင် ဦးဘကျော် (ကွယ်လွန်)၏ ကျေးဇူးသည်လည်း ကြီးမားပါသည်။

ယခု ဒုတိယအကြိမ် ပုံနှိပ်ထုတ်ဝေခြင်းအတွက် တိုက်တွန်းအားပေး၍ နိဒါန်းကို ပြန်ရေးရာ၌ သည်းခံစောင့်စားသော ပုံနှိပ်ထုတ်ဝေသူတို့ကိုလည်း အထူး ကျေးဇူးတင်ပါသည်။ ထိုပုဂ္ဂိုလ်မျိုး မရှိလျှင် ဤစာပေမျိုးလည်း ထွက်ပေါ်ရန် ခဲယဉ်းပါလိမ့်မည်။

နိဒါန်းအတွက် အချက်အလက်များကို ရှာဖွေ ညွှန်ကြားပေးခြင်း၊ အယူအဆ တို့ကို ညှိနှိုင်းပေးခြင်း၊ ထင်မြင်ချက်ပေးခြင်း၊ ဝေဖန်ခြင်း စသော အမှုတို့ဖြင့် စာတည်းသူအား ကူညီကြသည့် ပါဠိဆရာ မဟာပညာဗလ ဆရာညဏ်၊ ဦးယော (ဇေယျ)၊ စာရေးဆရာ မာယ၊ မင်းလှဂုဏ်ရောင် အမည်ခံ မန္တလေး မိုးကောင်း တိုက်၊ ဖျာပုံအုတ်ကျောင်း ရှင်တေဇောဘာသ၊ မန္တလေးတက္ကသိုလ် မြန်မာစာ ကထိက ဦးမောင်မောင်တင်၊ အမျိုးသားစာကြည့်တိုက်မှူး ဦးသန်းထွဋ်၊ ဦးဝန် (မင်းသုဝဏ်) တို့ကို ကျေးဇူးတင်ကြောင်း မှတ်တမ်းတင်ပါသည်။

ယခု နိဒါန်းကို ထပ်မံပြုပြင်ရေးသားရာ၌ မှန်ရာရောက်အောင် ပဲ့ပြင် ဆုံးမတော်မူပေသော ရွှေကျင်နိကာယ ဉက္ကဋ္ဌ မဟာနာယက သာသနာပိုင် မြောင်းမြ ဆရာတော်ဘုရားကြီး အရှင်ဉာနာဘိဝံသမထေရ်၏ ကျေးဇူးတော်သည် အလွန်ကြီးမားလှပါ၏။ ဆရာတော်ဘုရားကြီးသည် ကျွန်တော် ဤနိဒါန်းအတွက် အချက်အလက်အသစ်များကို စုဆောင်းနေဆဲ ၁၃၃၇ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၂ ရက်နေ့တွင် ဘဝနတ်ထံ ပျံလွန်တော်မူပါသည်။

ကျွန်တော့်အဖို့မှာ ပြန်လည် ရေးသားထားသော ဤနိဒါန်းကို ဆရာတော် ဘုရားကြီးထံ ဆက်ကပ် ပြသ၍ နောက်ထပ် ဩဝါဒ ခံယူရန် အခွင့်မရတော့ပြီ ဖြစ်၍ များစွာ နှမြောတသ ဝမ်းနည်းရပါသည်။ သို့ရာတွင် အရှင်ကုမာရ (မြောင်းမြ) က ဆရာတော်ဘုရားကြီး၏ အာဘော်နှင့် ညီအောင် မှတ်စုမှတ်တမ်း တို့ဖြင့် ကျွန်တော့်အား အမှန်ရောက်အောင် ပို့ဆောင်ပေးသောကြောင့် စိတ်ဖြေ စရာ ရပါသည်။ အရှင်ကုမာရ (မြောင်းမြ)၏ ကျေးဇူးသည်လည်း ကြီးမားလှပါ ကြောင်း မှတ်တမ်းတင်ပါသည်။

လီလာဝတီကျမ်းနှင့် စပ်လျဉ်း၍ အကူအညီပေးသော စာပေဗိမာန်အဖွဲ့ စာတည်းချုပ် ဦးကျော်ခင်နှင့် ရှင်သီရိကုဏ္ဍလတို့ကို ကျေးဇူးတင်ကြောင်း အထက်၌ ဆိုခဲ့ပြီးပါပြီ။ ဖန်ချက်ဝန်အကြောင်း အချက်အလက် အသစ်တို့ကို

http://www.cherrythitsar.org


တစ်မြေရပ်ခြား၌ သံတမန်အဖွဲ့ တာဝန်တို့ကို ထမ်းဆောင်နေသော ဗီဗီယန်ဘသည် ဂါဒီယန်မဂ္ဂဇင်း၌ တင်ပြခဲ့ပါသည်။ ထိုတင်ပြချက်တို့ကို နောက်ထပ်ကိုးကားနိုင်ခဲ့ခြင်းကြောင့် ကျွန်တော်၏ နိဒါန်းသည် အတော်အသင့် ပြည့်စုံလာပါသည်။ ဤအတွက်လည်း ဗီဗီယန်ဘကို ကျေးဇူးတင်ပါသည်။ သံချက်ဝန်၏ အမည်မှန်ကို ထုတ်ဖော်ပြဆိုသော သံချက်ဝန်၏ မြေးဖြစ်သူ မန္တလေးမြို့ စီဘီလိုင်း 'မေတ္တာဂေဟာ' နေ ဒေါ်မမကြီးကိုလည်း ကျေးဇူးတင်ပါသည်။

ဤကဲ့သို့ အလားတူ ကျေးဇူးတင်စရာ မိတ်သင်္ဂဟတို့ မြောက်မြားစွာ ရှိပါသည်။ ယင်းတို့ကို စာမျက်နှာငဲ့၍ ဖော်ပြခြင်း မပြုသော်လည်း ပြုဘိသကဲ့သို့ပင် မှတ်ယကြပါဟု မေတ္တာရပ်ခံပါသည်။ စကားတစ်ခွန်း စာတစ်ကြောင်းဖြင့် ကူညီကြသူတို့၏ ကျေးဇူးကိုလည်း အောက်မေ့လျက်ပင် ရှိပါသည်။

ပုထုဇဉ်တို့၏ သဘာဝအတိုင်း ရေးသားရာ၌ အကြောင်းအရာအားဖြင့်လည်းကောင်း၊ အယူအဆအားဖြင့်လည်းကောင်း ချွတ်ချော်သည်တို့ကို နောက်ထပ်တွေ့ရှိပါက၊ ပညာရှင်တို့က ညွှန်ပြ ပြောဆိုခဲ့ပါလျှင် လွန်စွာ ကျေးဇူးတင်ဦးမည်ဖြစ်ပါသည်။

အမျိုးသားစာကြည့်တိုက်ရှိ ရာဇဓမ္မသင်္ဂဟကျမ်း ပုရပိုက်မူကို ညှိနှိုင်းတည်းဖြတ်ခွင့်ပေးသော အမျိုးသား စာကြည့်တိုက် အုပ်ချုပ်ရေး အဖွဲ့ဝင်တို့အား အထူးကျေးဇူးတင်ရှိကြောင်းကိုလည်း မှတ်တမ်းတင်ပါသည်။

**မောင်ထင်**

ရန်ကုန်မြို့။
၁၃၃၉၊ ပြာသိုလပြည့်ကျော် ၁၄ ရက်။
(၁၉၇၈ ခု၊ ဖေဖော်ဝါရီလ ၆ ရက်)

**(၁၉၈၃ ဇန်နဝါရီ၊ စံပယ်ဦးစာပေ ဒုတိယအကြိမ်ထုတ်မှ)**

http://www.cherrythitsar.org


# ရာဇဓမ္မသင်္ဂဟကျမ်း

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ**

## ပဋိညာဉ်

သသဒ္ဓမ္မဂဏုတ္တမံ၊ မဟာကရုဏံ သဗ္ဗညုံ။
နမဿိတွာန ဝက္ခိဿံ၊ ရာဇာနံ ဓမ္မသင်္ဂဟံ။

သသဒ္ဓမ္မဂဏုတ္တမံ-သူတော်ကောင်းဖြစ်ကုန်သော အရိယာပုဂ္ဂိုလ်တို့၏ တရား၊ ပရမတ္ထအားဖြင့် ထင်ရှားရှိသောတရား၊ ချိီးမွမ်းအပ်သောတရား၊ ကျော်စောသော သူတို့ထက် အထူးသဖြင့် ကျော်စောသော၊ နူတ်အပ်ပြီးသော၊ အဝိဇ္ဇာရှိသော၊ မြတ်သော အရိယာပုဂ္ဂိုလ်တို့၏ အပေါင်းနှင့်တကွဖြစ်တော်မူသော။ မဟာကရုဏံ-ပစ္စေကဗုဒ္ဓါသာဝကတို့ထက် ကြီးမြတ်လွန်ကဲသော သတ္တဝါတို့ကို သနားတော်မူတတ်သော။ သဗ္ဗညုံ-အလုံးစုံသောတရားကို သိတော်မူသော သဗ္ဗညု၊ မြတ်စွာဘုရားကို။ နမဿိတွာန-ရှိခိုးပြီး၍၊ ရာဇာနံ-ရေမြေသနင်း၊ ပြည်ရှင်မင်းတို့၏။ ဓမ္မသင်္ဂဟံ-ကျင့်ထိုက် ကျင့်ကောင်းသော တရားစုအပေါင်းကို။ ဝက္ခိဿံ စီရင်ရေးသား ပြဆိုပေအံ့။

http://www.cherrythitsar.org



# ပထမပိုင်း

## ၁။ နိုင်ငံ၏ အကျိုးစီးပွား တိုးတက်ရာဖြစ်သော အပရိဟာနိယတရား ခုနစ်ပါး

မင်းတို့၏ အကျိုးစီးပွား၊ သာသနာတော်မြတ်၏ အကျိုးစီးပွား၊ တိုင်းကျိုးပြည်ကျိုး မဆုတ်မယုတ် တိုးပွားရာ တိုးပွားကြောင်းဖြစ်သော အပရိဟာနိယတရား ခုနစ်ပါးကို သုတ်မဟာဝါ ပါဠိတော် မဟာပရိနိဗ္ဗာနသုတ်[၁] ၌ ဟောတော်မူသည်။ ဟောတော်မူပုံကား -

-------------------------------------------------------------------------

-

၁။ မြတ်စွာဘုရားသည် အပရိဟာနိယတရားကို ပရိနိဗ္ဗာနသုတ်၌လည်းကောင်း၊ သာရန္ဒဒသုတ်၌လည်းကောင်း ဟောတော်မူသည်။ ရွှေပြည်ဝန်သည် ဤကျမ်း၌ သုတ်မဟာဝါ ပါဠိတော်မှ ပရိနိဗ္ဗာနသုတ်ကို ညွှန်ပြသော်လည်း အကယ်အားဖြင့် ကိုးကားထားသော ပါဠိတော်မှာ အင်္ဂုတ္တရနိကာယ်၊ သတ္တက နိပါတ်၊ သာရန္ဒဒသုတ်၌ လာရှိသော ပါဠိဖြစ်သည်။ ယင်းပါဠိကို ဆဋ္ဌသင်္ဂါယနာတင် မူအတိုင်း ထည့်လိုက်ပါသည်။ ဤကျမ်း ပုရပိုက်မူနှင့် ကွဲလွဲ နေသည့် အရာတွင် မှတ်ချက်တို့၌ မည်သို့ ကွဲလွဲကြောင်း ဖော်ပြသွားပါမည်။ ဤကျမ်းပါ အခြားပိဋကတ် ပါဠိတော်တို့ကို တည်းဖြတ်ရာ၌ ဤသဘောသွား အတိုင်းပင် တည်းဖြတ်ထားပါသည်။ နီတိကျမ်း စသည်တို့၏ ပါဠိ စာသားတို့ကိုမူ ကျမ်းပြုဆရာ ရွှေပြည်ဝန်ကြီး၏ မူအတိုင်း ထားခဲ့ပါသည်။

(စာတည်း)

http://www.cherrythitsar.org



ဧဝံ မေ သုတံ၊ ဧကံ သမယံ ဘဂဝါ ဝေသာလိယံ ဝိဟရတိ သာရန္ဒ ဒေ[၁] စေတိယေ။ အထခေါ သမ္ဗဟုလာ လိစ္ဆဝီ ယေန ဘဂဝါ တေနူပ သင်္ကမိံသု၊ ဥပသင်္ကမိတွာ ဘဂဝန္တံ အဘိဝါဒေတွာ ဧကမန္တံ နိသီဒိံသု၊ ဧကမန္တံ နိသိန္နေ[၂] ခေါ တေ လိစ္ဆဝီ ဘဂဝါ ဧတဒဝေါစ၊ ‘သတ္တ ဝေါ[၃] လိစ္ဆဝီ အပရိဟာနိယေ ဓမ္မေ ဒေသေဿာမိ၊ တံ သုဏာထ သာဓုကံ မနသိ ကရောထ၊ ဘာသိဿာမီ’ တိ၊ ‘ဧဝံ ဘန္တေ’ တိ ခေါ တေ လိစ္ဆဝီ ဘဂဝတော ပစ္စဿောသုံ။ ဘဂဝါ ဧတဒဝေါစ၊ ကတမေစ လိစ္ဆဝီ သတ္တ အပရိဟာနိယာ ဓမ္မာ။

ယာဝကီဝဉ္စ လိစ္ဆဝီ ဝဇ္ဇီ အဘိဏှံ သန္နိပါတာ ဘဝိဿန္တိ သန္နိ ပါတဗဟုလာ၊ ဝုဒ္ဓိယေဝ လိစ္ဆဝီ ဝဇ္ဇီနံ ပါဋိကင်္ခါ နော ပရိဟာနိ။

ယာဝကီဝဉ္စ လိစ္ဆဝီ ဝဇ္ဇီသမဂ္ဂါသန္နိ ပတိဿန္တိ၊ သမဂ္ဂါ ဝုဋ္ဌဟိဿန္တိ၊ သမဂ္ဂါ ဝဇ္ဇီကရဏီယာနိ ကရိဿန္တိ၊ ဝုဒ္ဓိယေဝ လိစ္ဆဝီ ဝဇ္ဇီနံ ပါဋိ ကင်္ခါ နော ပရိဟာနိ။

ယာဝကီဝဉ္စ လိစ္ဆဝီ ဝဇ္ဇီ အပညတ္တံ န ပညာ ပေဿန္တိ၊ ပညတ္တ န သမုစ္ဆိန္ဒိဿန္တိ၊ ယထာ ပညတ္တေ ပေါရာဏေ ဝဇ္ဇီဓမ္မေ သမာဒါယ ဝတ္တိဿန္တိ၊ ဝုဒ္ဓိယေဝ လိစ္ဆဝီ ဝဇ္ဇီနံ ပါဋိကင်္ခါ နော ပရိဟာနိ။

ယာဝကီဝဉ္စ လိစ္ဆဝီ ဝဇ္ဇီ ယေ တေ ဝဇ္ဇီနံ ဝဇ္ဇိ မဟလ္လကာ၊ တေ သက္ကရိဿန္တိ၊ ဂရုံ ကရိဿန္တိ၊ မာ နေဿန္တိ၊ ပူဇေဿန္တိ၊ တေသဉ္စ သောတဗ္ဗံ မညိဿန္တိ၊ ဝုဒ္ဓိယေဝ လိစ္ဆဝီ ဝဇ္ဇီနံ ပါဋိကင်္ခါ နော ပရိဟာနိ။

ယာဝကီဝဉ္စ လိစ္ဆဝီ ဝဇ္ဇီ ယာ တာ ကုလိတ္ထိယော၊ ကုလ ကုမာရိယော၊ တာန ဩကာဿ ပသယှ ဝါ သေဿန္တိ၊ ဝုဒ္ဓိယေဝ လိစ္ဆဝီ ဝဇ္ဇီနံ ပါဋိကင်္ခါ နော ပရိဟာနိ။

ယာဝကီဝဉ္စ လိစ္ဆဝီ ဝဇ္ဇီ ယာနိ တာနိ ဝဇ္ဇီနံ ဝဇ္ဇိ[၄] စေတိယာနိ အဗ္ဘန္တရာနိ စေဝ ဗာဟိရာနိစ တာနိ သက္ကရိဿန္တိ၊ ဂရုံ ကရိဿန္တိ၊ မာ နေဿန္တိ၊ ပူဇေဿန္တိ၊ တေသဉ္စ ဒိန္နပုဗ္ဗံ၊ ကတပုဗ္ဗံ၊ ဓမ္မိကံ ဗလိံ နောပရိဟာ ပေဿန္တိ၊ ဝုဒ္ဓိယေဝ လိစ္ဆဝီ ဝဇ္ဇီနံ ပါဋိကင်္ခါ နေ ပရိဟာနိ။

---

၁။ ပုရပိုက်မူ၌ အာနန္ဒကေဟု ရှိသည်။
၂။ ပုရပိုက်မူ၌ နိသိန္နောဟု ရှိသည်။
၃။ ပုရပိုက်မူ၌ သတ္တိမေဟု ရှိသည်။
၄။ ပုရပိုက်မူ၌ ဝဇ္ဇီဟု ရှိသည်။

http://www.cherrythitsar.org



ယာဝကီဝဉ္စ လိစ္ဆဝီ ဝဇ္ဇီနံ အရဟန္တေသု ဓမ္မိကာ ရက္ခာဝရဏဂုတ္တိ သုသံဝိဟိတာ ဘဝိဿန္တိ 'ကိန္တိအနာဂတာ စ အရဟန္တော ဝိဇိတံ အာဂစ္ဆေယျုံ၊ အာဂတာစ အရဟန္တော ဝိဇိတေ ဖာသုံ ဝိဟရေယျု' န္တိ၊ ဝုဒ္ဓိယေဝ လိစ္ဆဝီ ဝဇ္ဇီနံ ပါဋိကင်္ခါ နော ပရိဟာနိ။

ယာဝကီဝဉ္စ လိစ္ဆဝီ ဣမေသတ္တ အပရိဟာနိယာဓမ္မာ ဝဇ္ဇီသု ဌဿန္တိ[၁] ဣမေသု စ သတ္တသု အပရိဟာနိယေသု ဓမ္မေသု ဝဇ္ဇီ သန္ဒိဿိဿန္တိ။ ဝုဒ္ဓိယေဝ လိစ္ဆဝီ[၂] ဝဇ္ဇီနံ ပါဋိကင်္ခါ နော ပရိဟာ နိတိဟု ဟောတော်မူ၏။

ဧဝံ၊ ဤဆိုလတ္တံ့သည့်အတိုင်း။ မေ၊ အကျွန်ုပ် အာနန္ဒာမထေရ်အား။ သုတံ၊ နာခံမှတ်သားလိုက်ရ၏။ ဧကံ၊ တစ်ပါးသော။ သမယံ၊ အခါ၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဝေ သာလိယံ၊ ဝေသာလီပြည်၌။ သာရန္ဒဒေ စေတီယေ၊ သာရန္ဒဒ[၃] မည်သော နတ်၏နေရာ၌ ဆောက်သောကျောင်း၌။ ဝိဟရတိ၊ နေတော်မူ၏။ အထခေါ၊ ထိုသို့ နေတော်မူသော အခါ၌။ သမ္ဗဟုလာ၊ များစွာကုန်သော။ လိစ္ဆဝီ၊ လိစ္ဆဝီမင်းတို့သည်။ ယေန၊ အကြင်သာရန္ဒဒ[၄] မည်သောကျောင်း၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဝိဟရတိ၊ သီတင်းသုံးတော်မူ၏။

တေန၊ ထိုဘုရားရှိတော်မူရာ အရပ်သို့။ ဥပသင်္ကမိံသု၊ ကပ်ကြကုန်၏။ ဥပသင်္ကမိတွာ၊ ကပ်ပြီး၍။ ဘဂဝန္တံ၊ မြတ်စွာဘုရားကို၊ အဘိဝါဒေတွာ၊ အလွန်ရိုသေစွာ ရှိခိုးပြီး၍။ ဧကမန္တံ၊ သင့်တင့်သော နေရာတစ်ခု၌။ နိသီဒိံသု၊ ထိုင်နေကြကုန်၏။ ဧကမန္တံ၊ သင့်တင့်သော နေရာတစ်ခု၌။ နိသိန္နေခေါ၊ ထိုင်နေကြကုန်သော။ တေလိစ္ဆဝီ၊ ထိုလိစ္ဆဝီမင်းသားတို့ကို။ ဧတံ၊ ဤဆိုလတ္တံ့သော စကားကို။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အဝေါစ၊ ဟောတော်မူ၏။

'လိစ္ဆဝီ၊ လိစ္ဆဝီမင်းသားတို့။ သတ္တ၊ ခုနစ်ပါးကုန်သော၊ ဣမေ အပရိဟာနိယေဓမ္မေ၊ ဤ (မဆုတ်မယုတ် မပျက်စီးနိုင်သော)[၅] အပရိဟာနိယ တရားတို့ကို။ ဝေါ၊ သင်တို့အား။[၆] ဒေသေဿာမိ၊ ဟောပေအံ့။ တံ၊ ထို ငါဟောအံ့သောစကားကို။ သုဏာထ၊ နားထောင်ကြကုန်။ သာဓုကံ၊ ကောင်းမွန်စွာ။ မနသိကရောထ၊

---

၁။ ပုရပိုက်မူ၌ ဝတ္တိဿန္တိ ဟူ၍ရှိသည်။

၂။ သူရိယမူ၌ ဝုဒ္ဓိ ယေဝ လိစ္ဆဝီ ဟူသော စာသားများမပါ။

၃။ ပုရပိုက်၌ အာနန္ဒကေ စေတိယေ၊ အာနန္ဒက ဟူ၍ရှိသည်။

၄။ ပုရပိုက်မူ၌ သာရန္ဒဒ ဟူ၍ရှိသည်။

၅။ သူရိယမူ၌ ဤစကားများမပါ။

၆။ ပုရပိုက်မူ၌ မပါ၊ သင်္ဂါယနာတင် ပါဠိတော်အရ ဖြည့်စွက်သည်။

http://www.cherrythitsar.org



နှလုံးသွင်းကြကုန်လော။ ဘာသိသာမိ၊ ဟောပေအံ့’ ဣတိ၊ ဤသို့ဆိုသည် ရှိသော်။ ဘန္တေ၊ မြတ်စွာဘုရား။ ဧဝံ၊ ဩကောင်းပါပြီ။ ဣတိ၊ ဤသို့ ဝန်ခံပြီး၍။ ခေါ၊ စင်စစ်။ တေလိစ္ဆဝီ၊ ထို လိစ္ဆဝီမင်းသားတို့သည်။ ဘဂဝတော၊ မြတ်စွာ ဘုရား၏။ ဝစနံ၊ စကားတော်ကို။ ပစ္စဿောသုံ၊ ရှေးရှုနာကြကုန်၏။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဧတံ၊ ဤဆိုလတ္တံ့သော စကားကို။ အဝေါစ၊ ဟောတော် မူ၏။

လိစ္ဆဝီ၊ လိစ္ဆဝီမင်းသားတို့။ သတ္တ၊ ခုနစ်ပါးကုန်သော။ အပရိဟာနိယာ ဓမ္မာ၊ အပရိဟာနိယတရားတို့သည်။ ကတမေစ၊ အဘယ်တို့နည်းဟူမူကား။ ။ လိစ္ဆဝီ၊ လိစ္ဆဝီမင်းသားတို့။ ဝဇ္ဇီ၊ ဝဇ္ဇီ လူမျိုးတို့သည်။ ယာဝကီဝဥ္စ၊ အကြင်မျှ လောက်သော ကာလပတ်လုံး။ အဘိဏှံ၊ မပြတ်။ သန္နိပါတာ၊ စည်းဝေးတိုင်ပင် ကြကုန်သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်အံ့။ သန္နိပါတ ဗဟုလာ၊ စည်းဝေးရန်ရှိသမျှ အကြိမ်များစွာ တိုင်ပင်ကြကုန်သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်အံ့။ တာဝ၊ ထို စည်းဝေးတိုင်ပင်သမျှ ကာလပတ်လုံး။ လိစ္ဆဝီ၊ လိစ္ဆဝီမင်းသားတို့။ ဝဇ္ဇီနံ၊ ဝဇ္ဇီ လူမျိုးတို့၏ ဝုဒ္ဓိယေဝ၊ ပွားစီးခြင်းကိုသာလျှင်။ ပါဋိကင်္ခါ၊ အလိုရှိအပ်၏။ နောပရိဟာနိ၊ မဆုတ်မယုတ်နိုင်။ ။ ဤကား အပရိဟာနိယတရားတစ်ပါး။

တစ်နေ့လျှင် နှစ်ကြိမ်လည်းကောင်း၊ သုံးကြိမ်လည်းကောင်း၊ သာသနာမှု၊ တိုင်းမှု၊ ပြည်မှုတို့ကို တစ်ဦးတစ်ယောက်တည်း မပြုမလုပ် မပြောမဆို၊ စည်းဝေး တိုင်ပင် ညှိနှိုင်းရမည်။ နှစ်ကြိမ် သုံးကြိမ်ထက် အလွန်လည်း၊ စည်းဝေးရန် အကြောင်းရှိလျှင် စည်းဝေးရမည် ဟူလို။

လိစ္ဆဝီ၊ လိစ္ဆဝီမင်းသားတို့။ ယာဝကီဝဥ္စ၊ အကြင်မျှလောက်သော ကာလ ပတ်လုံးတည်း။ လိစ္ဆဝီ၊ လိစ္ဆဝီမင်းသားတို့သည်။ သမဂ္ဂါ၊ အညီအညွတ်။ သန္နိ ပဋိဿန္တိ၊ စည်းဝေးကြကုန်ငြားအံ့။ သမဂ္ဂါ၊ အညီအညွတ်။ ဝုဋ္ဌဟိဿန္တိ၊ စည်းဝေးရာမှထ၍ သွားကြကုန်ငြားအံ့။ သမဂ္ဂါ၊ အညီအညွတ်။ ဝဇ္ဇီကရဏီ ယာနိ၊ ဝဇ္ဇီတိုင်း၌ ပြုခင်းပြုဖွယ် အမှုကိစ္စတို့ကို။ ကရိဿန္တိ၊ ပြုကြကုန်ငြားအံ့။ လိစ္ဆဝီ၊ လိစ္ဆဝီမင်းသားတို့။ တာဝ၊ ထိုသို့ ညီညွတ်သမျှ ကာလပတ်လုံး။ ဝဇ္ဇီနံ၊ ဝဇ္ဇီလူမျိုးတို့၏။ ဝုဒ္ဓိယေဝ၊ စီးပွားချမ်းသာ တိုးပွားခြင်းကိုသာလျှင်။ ပါဋိကင်္ခါ၊ အလိုရှိအပ်၏။ နော ပရိဟာနိ၊ မဆုတ်ယုတ်နိုင်။ ။

ဤကား အပရိဟာနိယ တရားတစ်ပါး။ ။ အစည်းအဝေး အလာအရောက် ညီညွတ်အောင် မည်သည့်အချိန်ကို မည်သည့်နေရာမှာ စည်းဝေးမည်ဟူ၍၊ အမှတ်ပေးပြီးလျှင်၊ စည်းဝေးခြင်းလည်း ညီညွတ်သော စည်းဝေးခြင်းမည်၏။ ။ စည်းဝေးရာမှ ထလျှင်လည်း၊ မည်သည့်အချိန်ကို ထ၍ ပြန်ကြမည်ဟု အညီ

http://www.cherrythitsar.org


အညွတ် ညှိနှိုင်း ထသွားပြန်ကြခြင်းသည် အညီအညွတ်ထသည် မည်ကုန်၏။ ။ စည်းဝေးရာမှ အချို့ ထသွား၍၊ အချို့ ကျန်ရစ်လျှင် ထသွားသူတို့က ကျန်ရစ်သူတို့ မည်သည့်အမှုကို ပြောဆိုကြကုန်သည် မသိဟူ၍ ယုံမှားသဖြင့် မညီညွတ်ရန် ရှိသည်။

ထို့ကြောင့် အစည်းအဝေးမှ ထလျှင် တစ်ညီတည်း ထရမည်။ ။ တစ်နည်းလည်း စစ်ရေးစစ်ရာ (ပြုခြင်းပြုဖွယ်)[၁] မှုခင်းကိစ္စရှိလျှင် မကပ်မခို တစ်ညီတည်း ကိုယ်ထူကိုယ်ထ လုံ့လထုတ်ခြင်းသည် တစ်ညီတည်း ထသည်မည်၏။ သာမှု၊ နာမှု၊ တိုင်းရေးပြည်မှု၊ သေမှု၊ ရှင်ခန်းမှုစ၍ တစ်ဦးတစ်ယောက်တည်း အလိုရှိရာ မပြုမလုပ် ညှိနှိုင်းတိုင်ပင်၍ အညီအညွတ် ပြုလုပ်ခြင်းသည် အမှုကိစ္စတို့ကို အညီအညွတ် ပြုလုပ်သည် မည်၏။

လိစ္ဆဝီ၊ လိစ္ဆဝီ မင်းသားတို့။ ယာဝကီဝဥ္စ၊ အကြင်မျှလောက်သော ကာလပတ်လုံး။ ဝဇ္ဇီ၊ ဝဇ္ဇီလူမျိုးတို့သည်။ အပညတ္တံ၊ ညီညွတ်၍ ဥပဒေ ပညတ်မထားသေးသည်ကို။ န ပညာပေဿန္တိ၊ ပညတ်လုပ်၍ မစီရင်ကုန်ငြားအံ့။ ပညတ္တံ၊ ညီညွတ်၍ ဥပဒေလုပ်ပြီးကိုလည်း။ နသမုစ္ဆိန္ဒိဿန္တိ၊ မဖြတ်မပျက်[၂] ကုန်ငြားအံ့။ ပေါရာဏေ၊ မှုခင်းမရှိမီ ရှေးအဖို့၌။ ယထာပညတ္တေ၊ ညီညွတ်၍ ပညတ် ဥပဒေထားအပ်ကုန်သော။ ဝဇ္ဇိဓမ္မေ၊ ဝဇ္ဇီနိုင်ငံနှင့် သင့်လျော်ကုန်သော တရားတို့ကို။ သမာဒါယ၊ ကောင်းစွာယူ၍၊ ဝတ္တိဿန္တိ၊ ကျင့်ကြကုန်ငြားအံ့။ တာဝ၊ ထိုသို့ ညီညွတ်ပြီး ဥပဒေအတိုင်း ကျင့်သမျှ ကာလပတ်လုံး။ လိစ္ဆဝီ၊ လိစ္ဆဝီမင်းသားတို့။ ဝဇ္ဇီနံ၊ ဝဇ္ဇီလူမျိုးတို့၏။ ဝုဒ္ဓိယေဝ၊ ကြီးပွားခြင်းကိုသာလျှင်။ ပါဋိကင်္ခါ၊ အလိုရှိအပ်၏။

နောပရိဟာနိ၊ မဆုတ်မယုတ်နိုင်။ ။ ဤလည်း အပရိဟာနိယ တရား တစ်ပါးတည်း။ အညီအညွတ် စည်းဝေးတိုင်ပင်ကုန်သော မင်းညီမင်းသား၊ မှူးတော် မတ်တော်တို့သည် အမှုနှင့် တွေ့ကာလမှ အမှုကို ပညတ်ဥပဒေထား၍ စီရင်လျှင် အမှုဖြစ်သူတို့က ကိုယ့်အမှုနိုင်အောင် ကပ်ရပ်ပြောဆိုသော စကား၊ တံစိုး ပဏ္ဏာ ပေးသည်ကို စားယူပြီးလျှင် တံစိုး ပဏ္ဏာများကို ငဲ့ကွက် မျက်နှာကြီးငယ်ကို လိုက်၍ စီရင်ရသောကြောင့်၊ အမှုမရှိမီက ရှေးအဖို့က မည်ကဲ့သို့ အမှုဖြစ်လျှင် မည်ကဲ့သို့ စီရင်မည်၊ မည်ကဲ့သို့သော အမှုကို မည်ကဲ့သို့ ဥပဒေထားမည်ဟု ညှိနှိုင်းတိုင်ပင်ပြီးလျှင် အသေအချာ ဥပဒေ ရေးသားထားပြီးမှ အမှု

---

၁။ ပုရပိုက်မူ၌ မပါ။ သူရိယမူအတိုင်း။
၂။ မဖျက်ဟု ဆိုဟန်တူ၏။ သို့သော် မူ၌ တွေ့သည့်အတိုင်း ထားသည်။

http://www.cherrythitsar.org



ရှိလျှင် ထားသည့်ဥပဒေအတိုင်း စီရင်သည့်ကာလ ဆိုခဲ့ပြီးသော အမှုလွတ်ကင်း၍၊ အမှုမှန်ရာကျသည်။ ။ ဤကဲ့သို့ ပြုကျင့်သည်ကိုပင် ပညတ်တိုင်းကို မလွန်မူ၍၊ ပညတ်သစ် မပြုလုပ်ဘဲ စီရင်သည် မည်၏[၁]။

အပရိဟာနိယ တရားဟူသည်၊ တစ်ဦးတစ်ယောက်တည်းသာလျှင် ပြုဆောင်ရာသော တရားမဟုတ်။ မင်း မှူးမတ်တို့ လူအများ စည်းဝေး၍ တိုင်းရေးပြည်မှု ကောင်းရာ ကောင်းကြောင်းကို ညှိနှိုင်းတိုင်ပင် စီရင်ရန် ဥပဒေ ရေးသား ပြုလုပ်ထားပြီးလျှင်၊ တိုင်းပြည် စည်ပင်အောင် ပြုလုပ်သော တရားမျိုး ဖြစ်သောကြောင့်၊ ရှေးပညတ်ဆိုကလည်း တိုင်းပြည်နိုင်ငံကို ကောင်းအောင် ညှိနှိုင်းစည်းဝေး၍ မပြုလုပ်မီ၊ ရှေးအထက်က အလိုရှိရာ ပြုလုပ်ထားကြသော ဥပဒေကို ရှေးပညတ်ဟု မမှတ်နှင့်။ ။ အမှုကို မစီရင်မီ၊ ရှေးအဖို့က ညှိနှိုင်း၍ ထားသော ဥပဒေပညတ်ကိုသာ ဤအရာ၌ ရှေးပညတ်ဟူ၍ မှတ်လေ။ ။ ၎င်း ပါဠိတော်အဖွင့် သုမင်္ဂလဝိလာသိနီ အဋ္ဌကထာ၌လည်း၊ အမှုရှိလျှင် စီရင်ရန် ထားသည့် ဥပဒေစာအတိုင်း ထုတ်၍ စီရင်ကြောင်းနှင့် ဆိုသည်။

အဓိပ္ပာယ်ကို မသိသူတို့က အပရိဟာနိယတရား ခုနစ်ပါးတို့တွင် ရှေးပညတ်ကို လွန်၍ ပညတ်သစ် မလုပ်သင့်၊ ရှေးထုံးအတိုင်းသာ လုပ်သင့်သည် ဟူ၍ ပါသောကြောင့်၊ နိုင်ငံမှာ ကောင်းရာကောင်းကြောင်း နည်းဥပဒေအသစ် ပြုလုပ်မည်ရှိလျှင်၊ အပရိဟာနိယတရား ပျက်လိမ့်မည် ထင်မှတ်ပြောဆိုကြ သည်။ ။ ထိုစကားကို အလျှင်းမမှတ်အပ်။ ။ တိုင်းပြည်နိုင်ငံကို မဆိုထားနှင့်ဦး အကျွတ်တရားကို ရအောင် ကျင့်ဆောင်လိုသော သူတို့သည်၊ အနမတဂ္ဂ သံသရာ ဘဝအဆက်ဆက်က အစဉ်အတိုင်း လာခဲ့သော သံသရာဝဋ်ဆင်းရဲ၌ ခံရသော ပုထုဇဉ်တို့၏ အကျင့် အမူအရာ အဟောင်းကို အကုန်စွန့်ပစ်၍၊ အကျွတ်တရား ရရာ ရကြောင်း ကျင့်ဆောင်မှ၊ အကျွတ်တရားကို ရနိုင်သည်။ ပုထုဇဉ်တို့ ထုံစံရှိသည့်အတိုင်းသာ နေလျှင်၊ အကျွတ်တရားကို ရနိုင်ရန်မရှိ။

ကဿပ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုပြီးနောက်၊ အန္တရကပ် တစ်ကပ်ပတ်လုံး သာသနာမရှိ။ မဂ်ဖိုလ်နိဗ္ဗာန် ရရာ ရကြောင်း လမ်းပျောက်၍၊ အလိုရှိရာ ပြုကျင့်နေကြပြီးနောက်မှ ဂေါတမ မြတ်စွာဘုရား ဘုရားအဖြစ်သို့ ရောက်၍ မဂ်ဖိုလ်နိဗ္ဗာန်ရကြောင်း ဟုတ်မှန်သောတရားကို ဟောတော်မူရသည်ဖြစ်၍၊ ဘုရား တရားအား နောက်ပေါ် အသစ်ဖြစ်သည်။ လောက၌ ဒိသာပါမောက္ခ ဆရာအမျိုးမျိုး ဟောပြောကြသော ဗေဒင်ကျမ်းတို့ကား အဟောင်းဖြစ်သည်။

---

၁။ ပုရပိုက်မူ၌ ‘ဤလည်း အပရိဟာနိယတရား တစ်ပါး’ဟူသော စကားကို ဤနေရာ၌ ထည့်သည်။

http://www.cherrythitsar.org


အကယ်၍ အဟောင်းတိုင်း ကျင့်ရမည်ဖြစ်လျှင် ဗေဒင်ကျမ်းအတိုင်း ကျင့်ရလိမ့်မည်။ ဗေဒင်ကျမ်းအတိုင်း ကျင့်လျှင်လည်း သေသည့်အခြားမဲ့၌ ဇကန် အပါယ်လေးပါး လားရန်ရှိသည်။ ။ ဤအကြောင်းကို ထောက်၍ တရား ဟူသည် အဟောင်းအသစ် မဆိုသာ သဘော အမှန်အကန် ကျ၍၊ ကောင်းသည် သာ ပမာဏဖြစ်သည်ကိုလည်း မြဲမြံစွာ မှတ်ရလိမ့်မည်။

လိစ္ဆဝီ၊ လိစ္ဆဝီမင်းသားတို့။ ဝဇ္ဇီနံ၊ ဝဇ္ဇီလူမျိုးတို့၏။ ဝဇ္ဇီမဟလ္လကာ၊ ဝဇ္ဇီ လူမျိုး လူအိုဖြစ်ကုန်သော။ ယေတေဝဇ္ဇီ၊ အကြင်ဝဇ္ဇီလူတို့သည်။ သန္တိ၊ ရှိကုန်၏။ တေ၊ ထိုဝဇ္ဇီလူအိုတို့ကို။ ယာဝကီဝဉ္စ၊ အကြင်မျှလောက်သော ကာလပတ်လုံး။ သက္ကရိဿန္တိ၊ အရိုအသေပြုကုန်အံ့။ ဂရုံကရိဿန္တိ၊ အလေးအမြတ်ပြုကုန်အံ့။ မာနေဿန္တိ၊ မြတ်နိုးစုံမက်ကုန်အံ့။ ပူဇေဿန္တိ၊ ပူဇော်ချီးမြှောက်ကုန်အံ့။ တေသံ၊ ထိုဝဇ္ဇီလူအိုတို့၏။ ဝစနံစ၊ စကားကိုလည်း။ သောတဗ္ဗံ၊ နားထောင်ထိုက်ပေ သည်ဟူ၍။ မညိဿန္တိ၊ အောက်မေ့ကုန်ငြားအံ့။ တာဝ၊ ထိုမျှလောက်သော ကာလပတ်လုံး။ လိစ္ဆဝီ၊ လိစ္ဆဝီမင်းသားတို့။ ဝဇ္ဇီနံ၊ ဝဇ္ဇီလူမျိုးတို့၏။ ဝုဒ္ဓိယေဝ၊ ကြီးပွားခြင်းကိုသာလျှင်။ ပါဋိကင်္ခါ၊ အလိုရှိအပ်၏။ နောပရိဟာနိ၊ မဆုတ် မယုတ်နိုင်။ ။

ဤလည်း အပရိဟာနိယ တရားတစ်ပါး။ ။ ဤ၌ လူကြီးစကားကို နားထောင်ရမည် ဆိုသည်လည်း၊ အသက်အရွယ်ဖြင့်ချည်း ကြီးသည်ကို မယူအပ်။ ပညာအသက် နှစ်ပါးကြီးသည်ကိုသာ ယူအပ်သည်။ ။ အကယ်၍ အသက်ပင် ကြီးသော်လည်း၊ အသက်ကြီး လူမိုက်စကားကို နားထောင်မိလျှင် အမှန်ဖြစ်နိုင်ရန် မရှိ။ ။ 'အသေဝနာစ ဗာလာနံ၊ ပဏ္ဍိတာ နဉ္စ သေဝနာ' ဟူသော မင်္ဂလာ တရားတော်နှင့်လည်း လွဲရန်ရှိသည်။

ဟံသာ ကောဉ္စာ မယူရာ စ၊
ဟတ္ထိယော ပသဒါမိဂါ။
သဗ္ဗေ သီဟဿ ဘာယန္တိ၊
နတ္ထိ ကာယသ္မိံ တုလျတာ။ ။
ဧဝ မေဝံ မနုဿေသု၊
ဒဟရော စေပိ ပညဝါ။
သောပိ တတ္ထ မဟာ ဟောတိ၊
နေဝဗာလော သရီရဝါ။ ။

တံသာ၊ ဟင်္သာတို့သည်လည်းကောင်း။ (ငန်းနှင့် ဝမ်းဘဲကို ဟင်္သာ ခေါ်သည်မှတ်။ ယခု မြန်မာတို့ ဟင်္သာခေါ်ကြသော ငှက်ကား ဟင်္သာမဟုတ်၊

http://www.cherrythitsar.org



စက္ကာဝါက်ငှက် ဖြစ်သည်)။ ကောဉ္စာ၊ ကြိုးကြာတို့သည်လည်းကောင်း။ မယူရာစ၊ ဥဒေါင်းတို့သည်လည်းကောင်း၊ ဟတ္ထိယော၊ ဆင်ပြောင်ကြီးတို့သည်လည်းကောင်း။ ပသဒါမိဂါ၊ သမင်ပြောက်တို့သည်လည်းကောင်း။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော (သား)[၁] ငှက်တို့သည်။ သီဟဿ၊ ခြင်္သေ့အား။ ဘာယန္တိ၊ ကြောက်ကြကုန်။ ကာယသ္မိံ၊ ကိုယ်ချင်း။ တုလျတာ၊ တူသောအဖြစ်သည်။ နတ္ထိ၊ မရှိ။

ဧဝ မေဝံ၊ ဤအတူသာလျှင်။ မနုဿေသု၊ လူတို့တွင်လည်း။ စေ၊ အကယ်၍။ ဒဟရောပိ၊ ငယ်ငြားသော်လည်း။ ယောပညဝါ၊ အကြင်ပညာရှိသည်။ အတ္ထိ၊ ရှိ၏။ သောပိ၊ ထိုပညာရှိသည်သာလျှင်။ တတ္ထ၊ ထိုမှုခင်းကိစ္စတို့ကို ပြုရာ၌။ မဟာ၊ လူကြီးမည်သည်။ ဟောတိ၊ ဖြစ်၏။ သရီရဝါ၊ အသက်အရွယ်၊ ကိုယ်လက်အင်္ဂါကြီးသော။ ဗာလော၊ လူမိုက်သည်။ နေဝမဟာ၊ လူကြီးမမည်။ ။ ဤ သဂါထာဝဂ္ဂသံယုတ်ပါဠိတော် စသည်ကိုလည်း ထောက်လေ။

လိစ္ဆဝီ၊ လိစ္ဆဝီမင်းသားတို့။ ဝဇ္ဇီ၊ ဝဇ္ဇီလူမျိုးဖြစ်ကုန်သော။ ယာတာကုလိတ္ထိယော၊ အကြင်အမျိုးမိန်းမတို့သည်လည်းကောင်း။ ယာတာကုလကုမာရိယော၊ အကြင်အမျိုးသမီးတို့သည်လည်းကောင်း။ သန္တိ၊ ရှိကုန်၏။ တာ၊ ထိုမိန်းမတို့ကို။ ဩကဿ၊ ဆွဲငင်၍။ ပသယှ၊ နှိပ်စက်၍။ ယာဝကီဝဥ္စ၊ အကြင်မျှလောက်သော ကာလပတ်လုံး။ နဝါသေဿန္တိ၊ အစိုးရတို့ အိမ်၌ မနေစေကုန်ငြားအံ့။ လိစ္ဆဝီ၊ လိစ္ဆဝီမင်းသားတို့။ တာဝ၊ ထိုမျှလောက်သော ကာလပတ်လုံး။ ဝဇ္ဇီနံ၊ ဝဇ္ဇီလူမျိုးတို့၏၊ ဝုဒ္ဓိယေဝ၊ ကြီးပွားခြင်းကိုသာလျှင်။ ပါဋိကင်္ခါ၊ အလိုရှိအပ်၏။ နောပရိဟာနိ၊ မဆုတ်မယုတ်နိုင်။ ။ ဤလည်း အပရိဟာနိယတရားတစ်ပါး။

လိစ္ဆဝီ၊ လိစ္ဆဝီမင်းသားတို့။ ဝဇ္ဇီနံ၊ ဝဇ္ဇီလူမျိုးတို့၏။ အဗ္ဘန္တရာ နိစေဝ၊ မြို့တွင်း၌မူလည်း ဖြစ်ကုန်သော။ ဗာဟိရာနိစေဝ၊ မြို့ပြင်၌မူလည်း ဖြစ်ကုန်သော။ ယာနိတာနိစေတိယာနိ၊ အကြင်မြို့စောင့် ရွာစောင့်နတ်တို့သည်။ သန္တိ၊ ရှိကုန်၏။ တာနိ၊ ထိုမြို့စောင့် ရွာစောင့်နတ်တို့ကို။ ယာဝကီဝဥ္စ၊ အကြင်မျှလောက်သော ကာလပတ်လုံး။ သက္ကရိဿန္တိ၊ အရိုအသေပြုကုန်ငြားအံ့။ ဂရုံကရိဿန္တိ၊ အလေးအမြတ် ပြုအပ်ကုန်ငြားအံ့၊ မာနေဿန္တိ၊ မြတ်နိုးကုန်ငြားအံ့။ ပူဇေဿန္တိ၊ ပူဇော်ကုန်ငြားအံ့။ တေသဥ္စ၊ ထိုနတ်သားတို့အားလည်း။ ဒိန္နပုဗ္ဗံ၊ ပေးမြဲဖြစ်သော။ ကတပုဗ္ဗံ၊ ပြုမြဲဖြစ်သော။ ဓမ္မိကဗလိံ၊ သေရည်အရက်၊ အသက်သတ်ကင်းသော။ ဗာလိ၊ နတ်စာကို။ နောပရိဟာပေဿန္တိ၊ မဆုတ်

---

၁။ ပုရပိုက်မူ၌မပါ၊ သူရိယမူမှ ဖြည့်ယူသည်။

http://www.cherrythitsar.org



မယုတ်စေကုန်ငြားအံ့။ တာဝ၊ ထိုမျှလောက်သော ကာလပတ်လုံး။ လိစ္ဆဝီ၊ လိစ္ဆဝီမင်းသားတို့။ ဝဇ္ဇီနံ၊ ဝဇ္ဇီလူမျိုးတို့၏။ ဝုဍ္ဎိယေဝ၊ ကြီးပွားခြင်းကိုသာလျှင်။ ပါဋိကင်္ခါ၊ အလိုရှိအပ်၏။ နောပရိဟာနိ၊ မဆုတ်မယုတ်နိုင်။ ။ ဤလည်း အပရိဟာနိယ တရားတစ်ပါး။

လိစ္ဆဝီ၊ လိစ္ဆဝီမင်းသားတို့။ ဝဇ္ဇီနံ၊ ဝဇ္ဇီလူမျိုးတို့၏။ အရဟန္တေသု၊ ကိုးကွယ်သော ရဟန္တာတို့၌။ အနာဂတာ၊ မလာမရောက် ကုန်သေးသော။ အရဟန္တောစ၊ ရဟန္တာတို့သည်လည်း။ ဝိဇိတံ၊ ဝဇ္ဇီနိုင်ငံသို့။ ကိန္တိအာဂစ္ဆေယျုံ၊ အဘယ်အခါ လာပါကုန်အံ့နည်း။ အာဂတာ၊ လာရောက်ကုန်ပြီးသော။ အရဟန္တောစ၊ ရဟန္တာတို့သည်လည်း။ ဝိဇိတေ၊ ဝဇ္ဇီနိုင်ငံ၌။ ဖာသုဝိဟရေယျုံ၊ ချမ်းသာစွာ သီတင်းသုံးကြပါအံ့နည်း၊ ဣတိ၊ ဤသို့ နှလုံးသွင်း၍၊ ယာဝကီဝဉ္စ၊ အကြင်မျှလောက်သော ကာလပတ်လုံး။ ဓမ္မိကာ၊ တရားနှင့် လျော်ကုန်သော။ ရက္ခာဝရဏဂုတ္တိ၊ လုံခြုံအောင် စောင့်ရှောက်ခြင်းတို့ကို။ သုသံ ဝိဟိတာ၊ ကောင်းစွာ စီရင်ခန့်ထားအပ်ကုန်သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်ငြားအံ့။ တာဝ၊ ထိုမျှလောက် ကာလပတ်လုံး။ လိစ္ဆဝီ၊ လိစ္ဆဝီမင်းသားတို့။ ဝဇ္ဇီနံ၊ ဝဇ္ဇီလူမျိုးတို့၏။ ဝုဍ္ဎိယေဝ၊ ကြီးပွားခြင်းကိုသာလျှင်။ ပါဋိကင်္ခါ၊ အလိုရှိအပ်၏။ နောပရိဟာနိ၊ မဆုတ်မယုတ်နိုင်။ ။ ဤလည်း အပရိဟာနိယတရား တစ်ပါး။

ဤ၌ ဆိုလတ္တံ့သော သင်္ဂဟတရားလေးပါးတွင် လာသည့်အတိုင်း နိုင်ငံကို စောင့်ရှောက်ထိန်းသိမ်းသော်လည်း ရဟန္တာတို့ကို အထူး ကြည့်စေလို၍ ထုတ်ဖော်ဟောကြားတော်မူသည်။ ရဟန္တာမရှိလျှင် ပုထုဇဉ်တို့ကိုပင် စောင့်ရှောက်ရပေလိမ့်မည်။

လိစ္ဆဝီ၊ လိစ္ဆဝီမင်းသားတို့။ ဣမေသတ္တ အပရိဟာနိယာဓမ္မာ၊ ဤခုနစ်ပါးကုန်သော အပရိဟာနိယတရားတို့သည်။ ဝဇ္ဇီသု၊ ဝဇ္ဇီလူမျိုးတို့၌။ ယာဝကီဝဉ္စ၊ အကြင်မျှလောက်သော ကာလပတ်လုံး။ ဝတ္တိဿန္တိ၊ ဖြစ်ကုန်ငြားအံ့။ ဣမေသုစ သတ္တသု အပရိဟာနိယေသု ဓမ္မေသု၊ ဤအပရိဟာနိယတရား ခုနစ်ပါးတို့၌။ ဝဇ္ဇီ၊ ဝဇ္ဇီလူမျိုးတို့သည်။ သန္ဒိဿိန္တိ၊ ထင်ရှားကုန်ငြားအံ့။ တာဝ၊ ထိုမျှလောက် သော ကာလပတ်လုံး။ လိစ္ဆဝီ၊ လိစ္ဆဝီမင်းသားတို့။ ဝဇ္ဇီနံ၊ ဝဇ္ဇီလူမျိုးတို့၏။ ဝုဍ္ဎိယေဝ၊ ကြီးပွားခြင်းကိုသာလျှင်။ ပါဋိကင်္ခါ၊ အလိုရှိအပ်၏။ နောပရိဟာနိ၊ မဆုတ်မယုတ်နိုင်။ ဣတိ၊ ဤသည်လျှင် အပရိဟာနိယတရား ခုနစ်ပါး အပြီးတည်း။

http://www.cherrythitsar.org


## ၂။ တစ်ဦးတည်း၏ အာဏာနှင့် ပေါင်းစု စည်းရုံးသော အာဏာ

ဤအပရိဟာနိယတရား ခုနစ်ပါးကို ကျင့်ဆောင်၍ တိုင်းပြည်နိုင်ငံ ဖြစ်ထွန်းတိုးပွားပုံ အဓိပ္ပာယ်အကျဉ်းကား. . . တိုင်းပြည်နိုင်ငံကို တစ်ယောက်နှစ်ယောက်၏ ဩဇာအာဏာနှင့်သာ အုပ်စိုးစီရင်လျှင် ပုထုဇဉ်ဖြစ်၍ အမှားအယွင်းများရန်ရှိသောကြောင့်၊ တစ်ယောက်နှစ်ယောက်၏ ဩဇာအာဏာနှင့် မပြုမလုပ်၊ မင်းမှူးမတ်များ စည်းဝေးပြုလုပ်လျှင် အမှားအယွင်းရှိရန် မရှိ. . . တစ်ကြောင်းလည်း နိုင်ငံနေသူ လူအများတွင်၊ မင်း မှူးမတ်တို့၌ အကြောင်းသင့်ပေါင်း၍၊ အသီးအသီး ကိုးကွယ်ဆည်းကပ်ကြကုန်သည်။

တစ်ယောက် နှစ်ယောက်သာ အုပ်စိုးလွှမ်းမိုးလျှင်၊ ကျန်သည့်မှူးမတ်တို့ကို ကိုးကွယ်ဆည်းကပ်သော ပြည်သူတို့ ကိုးကွယ်ရာမဲ့ နှလုံးမချမ်းသာဖြစ်ရာသည့် အကြောင်းများကြောင့်၊ မင်းမှူးမတ် အများတို့သည် တစ်ပေါင်းတည်း စည်းဝေးစုရုံး၍၊ နိုင်ငံ၌ အုပ်စိုးစီရင်ခြင်းကို ပထမပြုလုပ်မည်။ ဤကဲ့သို့ အုပ်စိုးစီရင်လျှင်၊ နိုင်ငံတိုးပွားစည်ပင်ရန်သာ ရှိသည်။ ဆုတ်ယုတ်ရန် မရှိ။ ထို့ကြောင့် ရှေးဦးစွာ နိုင်ငံကို စည်ပင်တိုးပွားစေလိုလျှင် တစ်ယောက် နှစ်ယောက်သာ မအုပ်မစိုး၊ မင်းမှူးမတ် အများအပြား ပေါင်းစု စည်းရုံး၍ အုပ်စိုးရမည်ဟူသော ရှေးဦးစွာသော သန္နိပါတမည်သော အပရိဟာနိယတရား ဖြစ်၏။

ဤကဲ့သို့ မင်းမှူးမတ်အများ ပေါင်းစု စည်းရုံးခြင်း အစည်းအရုံးသည်လည်း၊ ညီညွတ်မှသာ အကျိုးပေးသည်။ မညီညွတ်လျှင် အကျိုးမပေး။ အစည်းအရုံး လူပေါင်း မည်ရွေ့မည်မျှပင် များသည်ဖြစ်စေ၊ မညီမညွတ်လျှင် အစည်းအရုံး ပျက်စီးရာသည်။ ။ သက်ရှိ သတ္တဝါကို မဆိုထားနှင့်ဦး၊ ပိုက်ဆန်လျှော်မျှင်တစ်ခုကို သူငယ်ပင်ဖြစ်သော်လည်း ဆွဲဖြတ်နိုင်သည်။ ဤလျှော်မျှင် အပေါင်းစု၍၊ အတင်းအလျော့ ညီအောင် ထားပြီးလျှင်၊ ကျစ်သော ကြိုးနှင့်ချည်လျှင်၊ ဆင်ပြောင်ကြီးသော်လည်း ပြတ်အောင် မရုန်းနိုင်သည်ကို ထောက်၍၊ အစည်းအဝေးပြုသော မင်းမှူးမတ်တို့သည်၊ ဤပိုက်ဆန်လျှော်ကြိုးကို ဆရာပြု၍၊ ညီညွတ်ခြင်းကို အမြဲနှလုံးသွင်းပြီးလျှင်၊ ညီညွတ်ကြရလိမ့်မည်၊ ညီညွတ်အောင်လည်း. . .

၁။ စည်းဝေးရာ အရပ်၌ အချိန်ပေး၍ စည်းဝေးခြင်း။

၂။ အချိန်ပေး၍ ထသွားခြင်း။

၃။ ပြုဖွယ်ကိစ္စတို့ကို အလိုရှိရာ သိမြင်သမျှ ပြောဆိုချင်တိုင်း တစ်ဦးတစ်ယောက်စီ ပြောဆိုစေ၍၊ အကျိုးရှိရာ ကောင်းရာကို ယူပြီးလျှင်၊ အညီအညွတ် ပြုလုပ်စီရင်ရမည်။

http://www.cherrythitsar.org



၄။ မှုခင်းကိစ္စရှိလျှင်လည်း၊ အကပ်အခို မရှိ၊ တညီတညွတ်တည်း လှံ့လ ထုတ်ရမည်။ ဤကဲ့သို့ ညီညွတ်ကြလျှင် တိုးပွားရန်သာ ရှိသည်၊ ဆုတ်ယုတ်ရန် မရှိဖြစ်၍၊ စည်းဝေးသော မင်းမှူးမတ်တို့ ညီညွတ်ရမည် ဟူသော သမဂ္ဂမည်သော အပရိဟာနိယတရား ဖြစ်၏။

## ၃။ အညီအညွတ်စည်းရုံးမှု၏ အကျိုး

ဤသန္နိပါတ သမဂ္ဂတရား နှစ်ပါးတို့သည်၊ မင်းမှူးမတ်တို့၌သာ မဟုတ်၊ ကုန်သည် လယ်လုပ်တို့၌လည်း များစွာ အကျိုးရှိသောကြောင့်၊ ရှေးအခါ မဇ္ဈိမာ[၁] ဒေသ အရပ်များတွင်၊ သဘောတူရာ ကုန်သည်ချင်း စုရုံး၍လည်း၊ ကုန်သည် ငါးရာစု၊ တစ်ထောင်စု ပြုလုပ်ပြီးလျှင်၊ ကူးသန်းရောင်းဝယ်ကြ၍၊ အကျိုးစီးပွားများစွာ ဖြစ်ထွန်းကြသည်။ မဇ္ဈိမာဒေသမှာ ယခုတိုင်အောင်လည်း လူအများ ပေါင်းစု စည်းရုံးသင်းဖွဲ့၍ ကူးသန်းရောင်းဝယ်ကြသည်။ ။ ဤအတုကို ယူ၍ ပြုလုပ်ကြ သော ကုလား၊ တရုတ်လူမျိုးတို့သည် ယခုအခါ စည်းစိမ်ဥစ္စာများစွာ တိုးတက် သည်ကို မျက်မြင်ကိုယ်တွေ့ပင် ဖြစ်ကြသည်။

ဤသို့ အစည်းအဝေး ညီညွတ်ကြပြီးသော မင်းမှူးမတ်တို့သည် အမှုနှင့် လက်ငင်းတွေ့မှ အမှုကို စီရင်လျှင် အမှုဖြစ်သူတို့က ပေးသော တံစိုးလက်ဆောင် မျက်နှာကြီးငယ် ငဲ့ကွက်ရန်ရှိသောကြောင့် မည်ကဲ့သို့ အမှုဖြစ်လျှင် မည်ကဲ့သို့ စီရင်မည်၊ စီရင်ပုံ ဥပဒေပညတ်ထား၍ အမှုဖြစ်လာလျှင် ထားသော ဥပဒေ အတိုင်း စီရင်လျှင် မျက်နှာကြီးငယ် တံစိုးလက်ဆောင်ကို ငဲ့ကွက်ရန် မရှိ၊ အမှန် အကန်ဖြစ်၍ တိုးပွားရန်သာ ရှိသည်။ ဆုတ်ယုတ်ရန် မရှိ။ ။ ထို့ကြောင့် 'ပညတ္တိပဋိပဇ္ဇန' ဟူသော အပရိဟာနိယတရားကို ဟောပြန်ရသည်။

အင်္ဂါရသစသော မင်းမှူးမတ်တို့ တတ်ရာသော အတတ်ပညာများကို တတ်မြောက်၍ မင်းမှူးမတ်အဖြစ်နှင့် နှစ်ပေါင်းများစွာ မှုခင်းကိစ္စများကို ကိုယ်တိုင် ဆုံးဖြတ်စီရင်၍ အမှားအမှန် အကောင်းအဆိုးတို့ကို တွေ့ဖူးကြုံဖူး ကြသော ပညာရှိ လူအိုလူကြီးတို့ကို အရိုအသေ ချီးမြှောက်ပြီး၍ ထိုပညာရှိ လူအို လူကြီးတို့ ဆိုဆုံးမသောစကားကို နားထောင်ရလျှင် ဆုတ်ယုတ်ရန် မရှိ၊ တိုးပွားရန်သာရှိသောကြောင့်' ဝုဍ္ဍါပစာယန' မည်သော အပရိဟာနိယတရားကို ဟောရပြန်သည်။

---

၁။ သူရိယမူတွင် မဇ္ဈိမဟု တွေ့ရသည်။

http://www.cherrythitsar.org



အခြားသူတို့၏ မယား၊ သမီးပျိုများကို နိုင်ထက်စီးကဲ အတင်းခေါ်ငင်စေခိုင်းခြင်းသည် ပြည်သူတို့ အလွန်နာကြည်းရန် ရှိသောကြောင့် ဤကဲ့သို့ မပြုလုပ်ခြင်းသည်လည်း ဆုတ်ယုတ်ရန်မရှိ၊ တိုးပွားရန်သာရှိသောကြောင့် မိန်းမတို့ကို မစေမခိုင်းရ ဟူသော အပရိဟာနိယတရားကို ဟောတော်မူပြန်ရသည်။

မြို့ရွာကို စောင့်သောနတ်တို့မည်သည် မင်းမှူးမတ်တို့၏ အကျိုးကို လိုသည်သာလျှင် ဖြစ်သည်။ ဤမင်းမှူးမတ်တို့ တင်ကြား ပသသော ဗလိ နတ်စာကို အမှီပြု၍ အသက်မွေးရသည်။ ထိုနတ်တို့သည်လည်း ရေးကြောင်းကိစ္စ ရှိသမျှကို မင်းမှူးမတ်တို့နှင့်အတူ တိုင်းကျိုးပြည်ကျိုးကို ဆောင်ရွက်မြဲ နတ်တို့၏ ထုံးစံ ဥပဒေ ရှိသည့်အတိုင်း တိုင်းကျိုးပြည်ကျိုးကို ရွက်ဆောင်သည် ဖြစ်၍ (ထိုနတ်တို့အားလည်း)[၁] ဗိုလ်ပါ ရဲမက်တို့ကို မျိုးရိက္ခာပေးသော ပုရိသမေဓကဲ့သို့ ပေးမြဲ ဗလိနတ်စာကို မြို့ရွာစောင့်သော နတ်တို့အား တင်ကြား ပသလျှင် ထိုနတ်တို့သည် ကူညီစောင်မသောကြောင့် ဆုတ်ယုတ်ရန် မရှိ၊ တိုးပွားရန်သာ ရှိသည်ကို ထောက်၍ 'ဓမ္မိကဗလိ' ဟူသော အပရိဟာနိယတရားကို ဟောတော်မူပြန်ရသည်။

ရဟန္တာမှစ၍ ရဟန်းတို့မည်သည် လူတို့ ကြည့်ရှုစောင်မမှ ရပ်တည်နိုင်သည်။ ထိုရဟန်းတို့ ရပ်တည်နိုင်လျှင်လည်း ထိုရဟန်းတို့ ဟောပြောသောတရားကို နာရသဖြင့် လောကီလောကုတ္တရာ အကျိုးကို တိုးပွားရန်သာ ရှိသည်။ ဆုတ်ယုတ်ရန် မရှိ၊ ထို့ကြောင့် 'အရဟန္တ ရက္ခာဝရဏဂုတ္တိ' ဟူသော အပရိဟာနိယ တရားကို ဟောတော်မူပြန်ရသည်။

ဤကဲ့သို့ အပရိဟာနိယတရား ခုနစ်ပါးတို့၏ အကျိုးအကြောင်း အနက်အဓိပ္ပာယ်ကို ကုန်စင်အောင်သိ၍ ကျင့်ဆောင်ကြရလျှင် လောကီလောကုတ္တရာ နှစ်ဖြာသောအကျိုး တိုးပွားရန်သာ ရှိသည်။ ဆုတ်ယုတ်ရန် မရှိ။

## ၄။ မိထုဗေဒ (သင်းခွဲခြင်း) ဥပါယ်

ဤသို့ မြတ်စွာဘုရားသည် သာရန္ဒဒ[၂] ကျောင်း၌ လိစ္ဆဝီမင်းသားတို့အား အပရိဟာနိယတရား ခုနစ်ပါးတို့ကို ဟောတော်မူပြီးနောက် ဤတရား ခုနစ်ပါးအတိုင်း ကျင့်၍ ဝဇ္ဇီတိုင်း ဝေသာလီပြည်၌ အလွန်စည်ပင် တိုးပွားနေသည်နောက်

---

၁။ ပုရပိုက်မူ၌ မပါ။ သူရိယမူအရ ထည့်သည်။

၂။ ပုရပိုက်မူ၌ အာနန္ဒကဟု ရှိသည်။

http://www.cherrythitsar.org



နှစ်ပေါင်းများစွာ ကြာမှ အဇာတသတ်မင်းသည် ထိုဝဇ္ဇီတိုင်းကို စစ်ထိုးလိုသော ကြောင့် ပုရောဟိတ်ဖြစ်သော ဝဿကာရပုဏ္ဏားကို မြတ်စွာဘုရားအား လျှောက်ကြားစေရာ ညီတော်အာနန္ဒာကို သာရန္ဒဒ[၁] ကျောင်း၌ ငါဘုရား သီတင်းသုံးတော်မူစဉ် လိစ္ဆဝီမင်းသားတို့အား အပရိဟာနိယတရား ခုနစ်ပါးကို ဟော၍ ဟောတော်မူတိုင်း ကျင့်ဆောင်ကြသဖြင့် ဝဇ္ဇီတိုင်း တိုးပွားစည်ပင်ကြောင်းကို အပရိဟာနိယတရား ခုနစ်ပါးနှင့်တကွ အကျယ်ဟောတော်မူသော စကားတော်ကို ဝဿကာရပုဏ္ဏားကြား၍ ဝဇ္ဇီတိုင်း ပျက်စီးစေလိုသော် ညီညွတ်သော အစည်းအဝေး ကွဲပြားပျက်စီးအောင် အဖော်သင်းပင်းကို ခွဲခြင်း၊ 'မိထုဗေဒ' မှတစ်ပါး ဝဇ္ဇီတိုင်းကို အောင်ရန် အကြောင်းမရှိဟု အဇာတသတ်မင်းကြီးအား လျှောက်ကြားပြီးလျှင် ဝဿကာရပုဏ္ဏားကိုယ်တိုင် ဝဇ္ဇီတိုင်းသို့သွား၍ 'မိထုဗေဒဉပါယ်' ဖြင့် ညီညွတ်သော အစည်းအဝေးကို ခွဲပြီးလျှင် အဇာတသတ်မင်း တိုက်သောကြောင့် ဝဇ္ဇီတိုင်း ပျက်စီးကြောင်းနှင့် သုတ်မဟာဝါပါဠိတော် ဂင်းအဖွင့် အဋ္ဌကထာတွင် ဆိုသည်။

## ၅။ အနောက်နိုင်ငံသားတို့၏ ညီညွတ်သော အစည်းအဝေးဖြင့် အုပ်စိုးခြင်းစနစ်

ယခုအခါ ဤကဲ့သို့ စည်းဝေးညီညွတ်ခြင်း၌ အကျိုး၊ အစည်းအဝေး ကွဲပြားခြင်း၌ အပြစ်ကို မြင်ကုန်သော သိုးဆောင်းလူမျိုးတို့သည် အစည်းအဝေး ဟူသော 'သန္နိပါတ'၊ ညီညွတ်ခြင်းဟူသော 'သမဂ္ဂ' ဖြစ်အောင် နိုင်ငံသားတို့နှင့်လည်း ဆန့်ကျင်ဘက် မဖြစ်စေရ၊ 'အဝိရောဓနေ' တရား နေရာကျအောင် လုပ်ဆောင်လိုသည် ဖြစ်၍. . .

၁။ နိုင်ငံအတွင်း မြို့ကျေးရွာ လူတို့က သဘောတူပေးသည့် လူကြီးစု တစ်သင်း။

၂။ အရိုးအစဉ်အတိုင်း လာသော မှူးမတ်စုတစ်သင်း၊
ဤသို့ အစုအသင်း နှစ်စုထားပြီးလျှင် မင်းနှင့် ထိုမှူးမတ်အသင်းတို့ အမျိုးဘာဝ ကိုးကွယ် သည့် သာသနာဝင် ဆရာရဟန်းတို့ အစုံအညီတွင် ရာထူးနုတ်ရန်၊ ခန့်ရန်၊ အခွန်အတုတ် ကောက်ခံရန်၊ ရဲမက်လက်နက်ကိုင် စည်းကြပ် ၍ နိုင်ငံကို စောင့်ထိန်းရန်၊ လစာကြေးငွေ

---

၁။ ပုရပိုက်မူ၌ အာနန္ဒကဟု ရှိသည်။

http://www.cherrythitsar.org


ပေးကမ်းရန်မှစ၍ အရပ်အရပ် တိုင်းရေးပြည်မှု လုပ်ဆောင်ရန် ရှိသမျှကို မင်း မိဖုရားတို့က ဖြစ်စေ၊ တစ်ယောက် နှစ်ယောက် မှူးမတ်တို့ကဖြစ်စေ အလိုရှိရာ မပြောမဆို မပြုလုပ်ပါ။ စုံညီညှိနှိုင်း၍ အကြိုက်များကိုသာ လုပ်ဆောင် ပါမည် သစ္စာပြုကြ၍၊ ဤမှူးမတ် နှစ်စုနှစ်သင်းတို့ပြင် သီလ သမာဓိ ရှိ၍ ယုံကြည်စိတ်ချရသူတို့ကို ရွေးချယ်ပြီးလျှင် မင်းနှင့်ဆိုင်သော သတင်းစာတိုက်၊ နိုင်ငံနှင့်ဆိုင်သော သတင်းစာတိုက်တို့ကို ထားပြီး လျှင် တိုင်းရေးပြည်မှု အလုံးစုံ ပြုခင်း ပြုဖွယ် နိုင်ငံ၌ အခွန်ခံရန် အကောက်ခွန် အနည်းအများ ကောက်ခံ၍ ကုန်းတပ်၊ ရေတပ်၊ ရဲမက် လက်နက်ကိုင် စည်းကြပ်၍ နိုင်ငံအင်အား နှင့် လျော်အောင် ထားရန် ရှိသည်များကို မှူးမတ် နှစ်စု နှစ်သင်းတို့ ညှိနှိုင်းတိုင်ပင်ပြီးလျှင် သဿမေဓ စသော သင်္ဂဟတရား လေးပါးတို့ကို နေရာကျအောင် လုပ်ဆောင်ကြသည်။

ဤသို့ မှူးမတ်နှစ်သင်းတို့ တိုင်းရေးပြည်မှုကို လုပ်ဆောင်မည် ညှိနှိုင်းကြသည်ကာလ၊ သတင်းစာဆရာတို့လည်း ညှိနှိုင်းရာသို့ဝင်၍ နားထောင်စေပြီးလျှင်၊ ညှိနှိုင်းပြောဆိုသမျှ စကားကို သတင်းစာ၊ ကြော်ငြာစာ၊ ရိုက်၍ နေ့စဉ် နိုင်ငံကို ထုတ်သည်ကာလ၊ နိုင်ငံသားတို့က ယခု မှူးမတ် နှစ်စုနှစ်သင်းတို့ စည်းဝေး တိုင်ပင် ညှိနှိုင်းကြသည့်အရာ ကျွန်ုပ်တို့ကြိုက်သည်၊ မကြိုက်သည်များကို နိုင်ငံက ပြန်၍ ရိုက်သည့် သတင်းစာကို မှူးမတ်နှစ်စုနှစ်သင်းတို့ တစ်ဖန်ပြန်၍ ညှိကြပြီးလျှင် အကြိုက်များရာ အမှုသို့ လိုက်၍ ညှိနှိုင်းချက်ရေးသား မင်းဇကရာဇ်ထံ သွင်းသည်ကာလ သဘောတူ လက်မှတ်ထိုး၍ အမိန့်တော်ပြုလုပ် နိုင်ငံကို ထုတ်ပြန်ရသည်။ ။

မင်း၊ မိဖုရားတစ်ယောက် နှစ်ယောက်သော မှူးမတ်တို့ ဩဇာအာဏာဖြင့် မည်သည့် အမှုကိုမျှ မပြုမလုပ်။ မင်း၊ မိဖုရားတို့မှာလည်း မင်းစည်းစိမ်ကို ခံစား၍ အလိုရှိရာ ပြုလုပ်သွားလာ လှည့်ပတ် ပျော်ပါးကာသာ နေသည်။ အလိုရှိရာအရပ်သို့ အပျော်အပါး အစားအသောက် သွားပြီးလျှင် အလိုရှိသမျှ ကာလ ပတ်လုံး နေထိုင်နိုင်သည်။ ။ ဤသို့ ပြုလုပ်၍ ညီညွတ်ခြင်း၊ အစည်းအဝေး မပျက်စီး၊ ယခုတိုင် နှစ်ပေါင်း ငါးရာကျော် တည်ရှိသဖြင့် အပရိဟာနိယတရား ခုနစ်ပါးနှင့် ပြည့်စုံသောကြောင့် ယခုအခါ သိုးဆောင်းနိုင်ငံသည် နိုင်ငံတကာ ထက် အလွန် တိုးတက်စည်ပင် ဖြစ်ထွန်းရှိလေသည်။

နိုင်ငံနှင့်စပ်၍ လောကကို ကောင်းအောင် ပြုလုပ်ရာ၌ တစ်ယောက် နှစ်ယောက်သော မှူးမတ်တို့ အမှန်အကန်ကိုပင် ပြငြားသော်လည်း၊ မင်းမှူးမတ်

http://www.cherrythitsar.org



တို့၌ အကြောင်းအပေါင်းသင့်ရာ စွဲမှီကပ်ရပ် နေသူတို့ အများအပြား ရှိသည်တွင် ဩဇာရှိသောသူ တစ်ယောက် နှစ်ယောက်နှင့် သင့်တင့်သူတို့သာ ဝမ်းမြောက် ဝမ်းသာရှိ၍ ကျန်မှူးမတ်တို့နှင့် သင့်တင့်သူတို့ နှလုံးမသာမယာရှိရန် ရှိသည် တစ်ကြောင်း၊ တစ်ယောက် နှစ်ယောက် ပြုလုပ်သည်ထက် အများအပြား နိုင်ငံနှင့် ညှိနှိုင်း၍ ပြုလုပ်ရလျှင် မှားယွင်းရန်မရှိ၊ ကောင်းမွန် မှန်ကန်ရန်သာ ရှိသော ကြောင့် မြတ်စွာဘုရားသည် လူအများ စည်းဝေးရမည်ဟူသော သန္နိပါတ၊ ညီညွတ်ရမည်ဟူသော 'သမဂ္ဂ'ကို ဟောတော်မူသည်။

လောကကို ကောင်းအောင် ပြုလုပ်ရာ၌ တစ်ယောက် နှစ်ယောက် ပြုလုပ်၍ မကောင်း၊ အများပြုလုပ်မှ ကောင်းသည်။ လောကုတ္တရာအရာ မဂ်ဖိုလ်ကို ရအောင် ပြုလုပ်လျှင်လည်း၊ တစ်ယောက်အထီးတည်း ပြုလုပ်မှ မဂ်ဖိုလ်ကို ရသည်။ ။ ထို့ကြောင့် လောကကောင်းကြောင်း အပရိဟာနိယတရား ခုနစ်ပါး၌၊ သန္နိပါတကို ရှေ့ထား၍ ဟောတော်မူသည်။ ။ မဂ်ဖိုလ်ကို ရအောင် ပြုလုပ်ရာ၌ 'ဧကောယနော ဘိက္ခဝေ၊ အယံမဂ္ဂေါ သတ္တာနံ ဝိသုဒ္ဓိယာ' ဟူ၍လည်းကောင်း၊ 'ဧကော စရေ ခဂ္ဂဝိသာဏကပ္ပေါ' ဟူ၍လည်းကောင်း၊ တစ်ဦးတစ်ယောက်တည်း ပြုလုပ် ကျင့်ဆောင်ရမည်ဟု ဟောတော်မူသည်။ ။ ဝဇ္ဇီတိုင်း၌ ပြုခင်း ပြုဖွယ် ရှိသမျှကို အညီအညွတ် ပြုလုပ်ရမည်ဆိုသည်လည်း၊ ဆိုလတ္တံ့သော သင်္ဂဟ တရားလေးပါး၊ မင်းကျင့်တရား ဆယ်ပါး အစရှိသည်တို့ကိုပင် ပြုလုပ်ရလိမ့်မည်။

## ၆။ မြဲမြံခိုင်ခံ့အောင် ဥပဒေပြုနည်း

လောက၌ ပေါင်းစုစည်းရုံးခြင်း[၁] သန္နိပါတ၊ ဤအပေါင်းအစု၏ ညီညွတ်ခြင်း 'သမဂ္ဂ' မရှိလျှင် စည်ပင်ဖြစ်ထွန်း ကောင်းမွန်သော်လည်း မြင့်ရှည်စွာ စည်ပင် ဖြစ်ထွန်းခြင်း မရှိနိုင်။ ။ ထို့ကြောင့် အစည်းအဝေး ညီညွတ်ခြင်း သန္နိပါတ သမဂ္ဂတရား နှစ်ပါးမရှိသော အရှေ့တိုင်းပြည် ရခိုင်၊ တလိုင်း၊ မြန်မာ အစရှိသော လူမျိုးတို့၌ မင်းမှူးမတ်တို့သည် အလိုရှိရာ မှူးမတ်ကလည်း မင်းဖုရားထံ အကြောင်းအပေါင်းသင့်ရာ မှီခိုကပ်ရပ် အများမကြိုက် မညီသော်လည်း မိမိ အလိုရှိသည်ကို တင်လျှောက် ယူငင် ပြုလုပ်သည်ဖြစ်၍၊ တစ်ဦးကိုတစ်ဦး နှိပ်စက် ပြုလုပ်နိုင်သမျှ စီးပိုးနှိပ်စက်ကြ၍၊ မှူးမတ်တို့လည်း စည်းစိမ်ချမ်းသာ မြင့်ရှည်စွာ မတည် ပျက်စီးကြသည်။ ။

---

၁။ မူ၌ 'ပေါင်းစု စည်းရုံးခြင်းသည်' ဟု ရှိသည်။

http://www.cherrythitsar.org



မင်းအလွန် ယုံကြည်သဒ္ဓါသော မှူးမတ်တို့သော်လည်း မင်းတစ်ဆက်မျှ သာ တည်၍ နောက်မင်းလက်ထက်၌ ပျက်စီးရသည်။ ။ မင်းတို့ ပြုသမျှသော အမှုတို့သည်လည်း အများမကြိုက်မညီ၊ အစိုးရဂုဏ်နှင့် ဖိစီးနှိပ်စက် ပြုလုပ်ထားသောကြောင့်၊ ရှေ့မင်းလုပ်သောအမှုကို နောက်မင်းလက်ထက် ဖျက်ဆီးရသည်ဖြစ်၍၊ မြဲမြံခိုင်ခံ့သော ဥပဒေမဖြစ်နိုင်၊ မင်းမှူးမတ်တို့ စည်းစိမ်ဥစ္စာ သားမယား ကျေးကျွန်တို့သည်လည်း မြင့်ရှည်စွာ မတည်နိုင်၊ အရှည်ကြာဆုံး မင်းတစ်ဆက်မျှသာ တည်နိုင်သည်။ သဒ္ဓါယုံကြည်သည့် မှူးမတ်နှင့် မင်းချည်းသာ အလိုရှိရာ ပြုလုပ်နိုင်သောကြောင့် မကြိုက်ညီသူများသဖြင့် မနှစ်သက်၊ မကြိုက်ညီသူတို့က အလိုရှိရာ သခင်ရှာ၍၊ အကြိမ်များစွာ ပုန်စား ပုန်ကန်မှု ဖြစ်သည်။ ။

ဆိုခဲ့ပြီးသော အပရိဟာနိယတရား၊ သန္ဓိပါတ၊ သမဂ္ဂ စသည်တို့နှင့် ပြည့်စုံသော သိုးဆောင်း နိုင်ငံများမှာ အနှစ်ငါးရာကျော် ခြောက်ရာခန့် ယခုတိုင် အသက်ပေါင်း ခြောက်ရာ၊ ခုနစ်ရာ မင်းမှူးမတ်တို့ မပျက်မစီး တည်သည်။ အစဉ်အဆက် မဟုတ်သော၊ မပြုမလုပ်သင့်သော မင်းမှူးမတ်တို့သည်လည်း ပုန်စားပုန်ကန်၍ မင်းမလုပ်နိုင်။ ။ ဤသို့ အစည်းအဝေး ညီညွတ်ခြင်း၌ စည်းစိမ်ဥစ္စာ မြင့်ရှည်စွာ တည်ခြင်းကိုလည်းကောင်း၊ မင်းမှူးမတ်တို့နှင့် ပြည်သူတို့ ညီညွတ်၍ ထားသော ဥပဒေ မြင့်ရှည်စွာ တည်ခြင်းကိုလည်းကောင်း၊ မညီမညွတ်ရာ၌ စည်းစိမ်ဥစ္စာ ထားအပ်သော ဥပဒေတို့ မြင့်ရှည်စွာမတည်။ အလျင်အမြန် ပျက်စီးလွယ်ခြင်းကိုလည်းကောင်း၊ အကြိမ်ကြိမ် ကြားဖူး၊ မြင်ဖူး၊ တွေ့ဖူးသည်များကို စေ့စေ့ ဆင်ခြင်အောက်မေ့ပြီးလျှင် စည်းဝေးညီညွတ်ခြင်းကို အလိုရှိအပ်၊ တောင့်တအပ်၊ ပြုအပ်သည်။

စည်းဝေးညီညွတ်ခြင်း၌ဖြစ်အံ့၊ ရအံ့သော စည်းစိမ်ချမ်းသာကိုသာ အလိုရှိအပ်၊ တောင့်တအပ်သည်။ မိမိတို့ တစ်ဦးတစ်ယောက်တည်း အကြောင်း အပေါင်းသင့်ရာ မှီခိုကပ်ရပ်၍ ရမည့်စည်းစိမ်ကို ပျားရည်နှင့်ရောသော အဆိပ်သည် ခံတွင်း၌ တစ်ခဏမျှ ချို၍၊ ဝမ်းသို့ရောက်လျှင် သေမည်ကဲ့သို့ ထင်မှတ်ပြီးလျှင် အလွန်သတိထား၍ ကြဉ်ရှောင်အပ်သည်။

ဤသို့ စည်းဝေးညီညွတ်ခြင်း၌ အကျိုးရှိခြင်း၊ ဘေးရန်ကင်း၍ ချမ်းသာခြင်း၊ မညီမညွတ်ခြင်း၌ ဘေးရန်များခြင်း၊ ပျက်စီးလွယ်ခြင်းကို ပြတော်မူလိုသော မြတ်စွာဘုရားသည် -

ဝိဝါဒံ ဘယတော ဒိသွာ၊
အဝိဝါဒဉ္စ ခေမတော။

http://www.cherrythitsar.org



သမဂ္ဂါ သခိလာ ဟောထ၊

ဇတံ ဗုဒ္ဓါနံ သာသနံ။ ဟူ၍ ဟောတော်မူ၏။

ဝိဝါဒံ၊ မညီမညွတ် ငြင်းခုံခိုက်ရန် ဖြစ်ပွားခြင်းကို။ ဘယတော၊ ပျက်စီးတတ်သော ဘေးဟု။ ဒိသွာ၊ မြင်ပြီး၍။ အဝိဝါဒဥ္စ၊ ငြင်းခုံခိုက်ရန်မရှိ၊ စည်းဝေးညီညွတ်ခြင်းကို။ ခေမတော၊ ဘေးဘျမ်းမရှိ၊ ချမ်းသာ၏ဟု။ ဒိသွာ၊ မြင်ပြီး၍။ သမဂ္ဂါ၊ ညီညွတ်ကုန်သည်။ သခိလာ၊ အပြေအပြစ် ရှိကြကုန်သည်။ ဟောထ၊ ဖြစ်ကြကုန်လော။ ဇတံ၊ ဤသို့ ညီညွတ်ကြကုန်ဟူသော အဆုံးအမသည်။ ဗုဒ္ဓါနံ၊ ဘုရားအဆူဆူတို့၏။ သာသနံ၊ အဆုံးအမတော်တည်း။

ဤသို့ အစည်းအဝေး ညီညွတ်ခြင်း၌ အကျိုး၊ အစည်းအဝေး မညီညွတ်ခြင်း၌ အပြစ်ရှိသည်ကို မသိသောသူတို့သည် အချို့သော တိရစ္ဆာန်တို့ထက် မိုက်သည်ဟူ၍ ဆိုအပ်သည်။ အဘယ့်ကြောင့်နည်းဟူမူ လောက၌ တောခွေး၊ ဝံပုလွေ၊ ဆင် အစရှိသော တိရစ္ဆာန်တို့သည်လည်းကောင်း၊ အယုတ်ဆုံးအားဖြင့် ပိုးရွ၊ ခြပုန်း၊ ပျား၊ ပိတုန်းတို့သော်လည်း အစည်းအဝေး ညီညွတ်ခြင်းနှင့် ဘေးဘျမ်း ကင်းအောင် စုရုံး၍ နေကြသည်ကို မျက်မြင်ပင် ဖြစ်ကြသောကြောင့်တည်း။

## ၇။ ယဇ်ကြီးငါးပါး အယူများ

သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ်၊ ပသေနဒီ ကောသလမင်းကြီး၏ ကြီးကျယ်စွာသော ယဇ်ပူဇော်ခြင်းသည် ဖြစ်၏။ ။ ထို ယဇ်ပူဇော်ခြင်း၌ နွားလားဥသဘ ငါးရာ၊ နွားထီးငယ် ငါးရာ၊ နွားမငယ် ငါးရာ၊ ဆိတ် ငါးရာ၊ သိုး ငါးရာတို့ကို ယဇ်တိုင်၌ ချည်၍သတ်ပြီးလျှင် လည်ချောင်းသွေးဖြင့် စန္ဒီ အစရှိသော နတ်တို့အား ပုဏ္ဏားတို့ကို ပူဇော်စေပြီးလျှင် ပုဏ္ဏားတို့အား များစွာ (သော)[၁] အလှူကို ပေးရကုန်၏။ ။ ထိုအကြောင်းကို ဆွမ်းခံဝင်သော ရဟန်းတို့ကြား၍၊ မြတ်စွာဘုရားအား လျှောက်ထားရာ ထိုယဇ်ပူဇော်ခြင်း၏ မကောင်းခြင်း၊ သူ၏အသက်ကို သတ်ခြင်းမရှိသော ယဇ်ပူဇော်ခြင်းသည်သာလျှင် ကောင်း၏ဟု ဟောတော်မူလိုသော မြတ်စွာဘုရားသည် . . .

အဿမေဓံ ပုရိသမေဓံ၊

သမ္မာပါသံ ဝါဇပေယျံ။

နိရဂ္ဂဠံ မဟာရမ္ဘာ၊

---

၁။ ပုရပိုက်မူ၌ မပါ၊ သူရိယမူအရ ဖြည့်စွက်သည်။

http://www.cherrythitsar.org


န တေ ဟောန္တိ မဟပ္ဖလာ။
အဇေ္ဇကာ စ ဂါဝေါ စ၊
ဝိဝိဓာ ယတ္ထ ဟညရေ၊
န တံ သမဂ္ဂတာ ယည်၊
ဥပယန္တိ မဟေ သိနော။
ယေ စ ယညာ နိရာရမ္ဘာ၊
ယဇန္တိ အနုကုလံ သဒါ။
အဇေ္ဇကာ စ ဂါဝေါ စ၊
ဝိဝိဓာ နေတ္ထ ဟညရေ၊
ဧတံ သမဂ္ဂတာ ယည်၊
ဥပယန္တိ မဟေသိနော။
ဧတံ ယဇေထ မေဓာဝီ၊
ဧသော ယညော မဟပ္ဖလော။
ဧတံ ဟိ ယဇမာနဿ၊
သေယျော ဟောတိ န ပါပိယော။
ယညော စ ဝိပုလော ဟောတိ၊
ပသီဒန္တိ စ ဒေဝတာ တိ။ ဟူ၍ သဂါထာဝဂ္ဂသံယုတ် ပါဠိတော် ကောသလ သံယုတ် (ယညသုတ်)[၁] ၌ ဟောတော်မူသည်။

အဿမေဓံ၊ အဆင်းငါးပါးရှိသော ပဉ္စာရတန မည်သော မြင်းကို အမှူးထား၍၊ ကိုးထောင် ခုနစ်ရာကုန်သော သတ္တဝါတို့ကိုသတ်၍ ပူဇော်ရသော 'အဿမေဓ' ယဇ်လည်းကောင်း။ ပုရိသမေဓံ၊ လူယောကျ်ားကို အကြီးအမှူးထား၍၊ ကိုးထောင်ခုနစ်ရာကုန်သော သားတို့ကို သတ်၍ ပူဇော်ရသော 'ပုရိသမေဓ' မည်သော ယဇ်လည်းကောင်း။ သမ္မာပါသံ၊ သူရဿတီ မြစ်ရေငုပ်ရာ အရပ်သို့ ပူဇော်ရန်ကို တင်ယူသွားသော လှည်းရထား၏ ထမ်းပိုးကျည်းကို ပစ်၍၊ ကျရာအရပ်၌ ယဇ်တိုင်စိုက်ပြီးလျှင် ပူဇော်အပ်သော 'သမ္မာပါသ' မည်သော ယဇ်လည်းကောင်း။ ဝါဇပေယျံ၊တစ်ဆယ့်ခုနစ်ကောင် ကုန်သော သားတို့ကို သတ်၍ တစ်ဆယ့်ခုနစ်မျိုးတို့ကို ပုဏ္ဏားတို့အား လှူပြီးလျှင်၊ ထောပတ်ကို သောက်ရသော 'ဝါဇပေယျ' မည်သော ယဇ်လည်းကောင်း။ နိရဂ္ဂဠံ၊ တံခါး ကျည်မင်းတုပ် အပိတ်အပင်မရှိ၊ ပုဏ္ဏားတို့ အလိုရှိရာပေး၍၊ အဿမေဓ၌ ဆိုခဲ့ပြီးသည့်

---

၁။ ယညသုတ်ဟူသော စကားကို စာတည်းက ဖြည့်စွက်သည်။

http://www.cherrythitsar.org



အတိုင်း ပူဇော်ရသော 'နိရဂ္ဂဠ' ယဇ်လည်းကောင်း။ တေမဟာရမ္ဘာ၊ ထိုများစွာသော သတ္တဝါတို့ကို သတ်၍ ပူဇော်သော ယဇ်ကြီးငါးစုတို့သည်။ မဟပ္ဖလာ၊ ကြီးမားမြင့်မြတ်သောအကျိုး ရှိကုန်သည်။ နဟောန္တိ၊ မဖြစ်ကုန်။

အဇေဠကာစ၊ သိုးဆိတ်တို့ကိုလည်းကောင်း။ ဂါဝေါစ၊ နွားတို့ကိုလည်းကောင်း။ ယတ္ထ၊ အကြင်ယဇ်၌။ ဝိဝိဓာ၊ အထူးထူး အပြားပြားကုန်သော သတ္တဝါတို့ကို။ ဟညရေ၊ သတ်ရကုန်၏။ သမဂ္ဂတာ၊ ကောင်းစွာကျင့်ကုန်သော၊ မဟေသိနော၊ မြတ်စွာဘုရားတို့သည်။ တံယညံ၊ ထိုသတ္တဝါတို့ကို သတ်ရသော ယဇ်ကို။ န ဥပယန္တိ၊ မကပ်ကုန်။

ယေ စ ယညာ၊ အကြင်ယဇ်တို့သည်။ နိရာရမ္ဘာ၊ သတ္တဝါတို့ကို သတ်ခြင်းကင်းကုန်၏။ သဒါ၊ အခါခပ်သိမ်း။ အနုကုလံ၊ နိစ္စဘတ် ဝတ်အစရှိသော မိမိအားလျော်သောအလှူကို။ ယဇန္တိ၊ လှူဒါန်းပူဇော်ကုန်၏။ ဧတ္ထ၊ ဤအလှူပေးသော ယဇ်၌။ အဇေဠကာစ၊ သိုး ဆိတ်တို့ကိုလည်းကောင်း။ ဂါဝေါစ၊ နွားတို့ကို လည်းကောင်း။ ဝိဝိဓာ၊ အထူးထူး အပြားပြားကုန်သော သတ္တဝါတို့ကို။ နဟညရေ၊ မသတ်ရကုန်။ ဧတံယညံ၊ ဤ သူ့အသက်ကို သတ်ခြင်းကင်းသော လှူဒါန်းပူဇော်ခြင်းဟူသော ယဇ်ကို။ သမဂ္ဂတာ၊ ကောင်းစွာ ကျင့်ကုန်သော။ မဟေသိနော၊ မြတ်စွာဘုရားတို့သည်။ ဥပယန္တိ၊ ကပ်ရောက်ကုန်၏။

မေဓာဝီ၊ ပညာရှိတို့။ ဧတံ၊ ဤအသက်သတ်ကင်းသော အလှူပေးခြင်းဟူသော ယဇ်ကို။ ယဇေထ၊ လှူဒါန်းကြကုန်လော။ ဧသောယညော၊ ဤအသက်သတ်ကင်းသော လှူဒါန်းခြင်းသည်။ မဟပ္ဖလော၊ ကြီးမားမြင့်မြတ်သော အကျိုးရှိ၏။ ဧတံ၊ ဤအသက်သတ်ကင်းသော လှူဒါန်းခြင်း ယဇ်ကို။ ယဇမာနဿ၊ ပူဇော်သော ပညာရှိ၏။ ပါပိယော၊ ယုတ်မာခြင်းသည်။ နဟောတိ၊ မဖြစ်။ သေယျော၊ မြတ်သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ ယညောစ၊ ယဇ်သည်လည်း။ ဝိပုလော၊ ကြီးကျယ်ပြန့်ပြောသည်။ ဟောတိ၊ ဖြစ်၏။ ဒေဝတာစ၊ နတ်တို့သည်လည်း။ ပသီဒန္တိ၊ ကြည်ညိုကြကုန်၏။

စန္ဒီ၊ ပရမီသွာ၊ ဗိဿနိုး စသော ဟိန္ဒူပုဏ္ဏားတို့ ကိုးကွယ်သော နတ်ကြီးတို့ကို အကြီးအမှူးထား၍၊ အမျိုးမြတ်သော ပုဏ္ဏားတို့၏ အယူဝါဒအားဖြင့် ကျင့်ဝတ်သိက္ခာပုဒ်နှင့် ပြည့်စုံသော ပုဏ္ဏားတို့ကို လှူဒါန်းပူဇော်ပြီးလျှင် တိရစ္ဆာန်သတ္တဝါတို့ကို သတ်၍ လည်ချောင်းသွေးဖြင့် အကြီးအမှူးထားသော နတ်တို့အား ပူဇော်ခြင်းသည် ယဇ်မည်၏။ ။ ဤသို့ လည်ချောင်းသွေးဖြင့် အပူဇော်ကို ခံရသော နတ်ကြီးတို့ နှစ်သက်၍၊ အလိုရှိရာအကျိုးကို ပေးနိုင်သည်ဟု ထင်မှားကြကုန်၏။

http://www.cherrythitsar.org



ဤကဲ့သို့ သတ္တဝါတို့ကို သတ်၍ ပူဇော်သော ယဇ်သည် ကြီးမားမြင့်မြတ်သော အကျိုးကို မပေးနိုင်၊ သူ၏အသက်ကို သတ်ခြင်းကင်းသော လှူဒါန်းပေးကမ်းခြင်းသည်လျှင်၊ ကြီးမားမြင့်မြတ်သော အကျိုးကို ပေးနိုင်သည်။ နတ်မင်းကြီးတို့သည်လည်း နှစ်သက်ကြကုန်၏ ဟူလိုသည်။

ဤ ယဇ်ကြီးငါးပါးသည်၊ ရှေးအထက် ကာလက မရှိလေ၊ သာကီဝင်မင်းတို့၏ အဦးအစ ဥက္ကာကရာဇ်မင်းမှစ၍ ဖြစ်သည်ဟု သုတ္တနိပါတ် ပါဠိတော် ဗြဟ္မဏဓမ္မိက သုတ်၌ ဟောတော်မူသည်။

## ၈။ တစ်နိုင်ငံလုံး ချီးမြှောက်သူကောင်းပြုသော သင်္ဂဟတရား လေးပါး

ဤ ဥက္ကာကရာဇ် မင်းကြီး မဖြစ်မီ ရှေးအခါ၌ (၁) သဿမေဓ၊ (၂) ပုရိသမေဓ၊ (၃) သမ္မာပါယ၊ (၄) ဝါစာပေယျဟူ၍ သင်္ဂဟတရား လေးပါး ရှိကုန်၏။ ။ သင်္ဂဟတရား လေးပါးဟူသည်ကား အကြီးအအုပ် အစိုးရပြုလုပ်ကုန်သော သူတို့သည် လည်းကောင်း၊ ပြည်ရှင်မင်းတို့သည် လည်းကောင်း၊ မိမိတို့ အုပ်စိုးသော တိုင်းပြည်နိုင်ငံကို စည်ပင်သာယာအောင် စောင်မကြည့်ရှု ချီးမြှောက်သူကောင်းပြုနည်းပင်တည်း။ ။ တစ်ဦးတစ်ယောက်ကို သူကောင်းပြုလိုလျှင်၊ အရာအထူး ပေးခြင်း၊ ဆုလာဘ်ပေးခြင်းကို ပြုရသည်။ နိုင်ငံတစ်ခုလုံးကို ချီးမြှောက် သူကောင်းပြုလိုလျှင် ဤသင်္ဂဟတရားလေးပါးဖြင့် ချီးမြှောက်သူကောင်းပြုရသည်။ ဤသင်္ဂဟလေးပါးတို့တွင် သဿမေဓ ဟူသည်ကား၊ တိုင်းပြည်နိုင်ငံ၌ ပေါ်ပေါက်ကျရောက် ဖြစ်ထွန်းသမျှသော စီးပွားချမ်းသာတို့မှ မျိုးမတ်၊ ပြည်သူတို့ ညှိနှိုင်းပြီးလျှင် မည်ရွေ့မည်မျှ ကောက်ခံမည် ထားသည့် ဥပဒေအတိုင်း အပိုအလိုမရှိ မနာမကြည်းရအောင် အခွန်အတုတ် ခံယူခြင်းတည်း။

ဤသဿမေဓ အခွန် ခံရာ၌ 'မယံ ပန ဝေါ သာလိနံ ဘာဂံ အနုပ္ပဒဿာမာတိ။ ။ သုတ်ပါထေယျ ပါဠိတော် အဋ္ဌကထာ ညသုတ်။ ။ သာလိနံ ဘာဂံ အနုပ္ပဒဿာမာတိ မယံ ဇနေ ကဿ ခေတ္တတော အမ္ဗဏမ္ပန အာဟရိတွာ တုယှံ။ သာဠိ ဘာဂံ ဒဿမ။ ။ ၎င်း အဋ္ဌကထာ။

ဤပါဠိ အဋ္ဌကထာကို ထောက်လျှင် ဆယ်ဖို့ တစ်ဖို့သာမဟုတ်၊ နိုင်ငံ အင်အားအလျောက် ညှိနှိုင်း၍ သဘောတူရာ ကောက်ခံသင့်သည်။

သံယုတ် အဋ္ဌကထာ၊ ဣတိဝုတ် အဋ္ဌကထာ၊ ယဇ်ကြီးငါးပါးအဖွင့်တွင် ဆယ်ဖို့တစ်ဖို့ သဿမေဓ ရှေးက ကောက်ခံသည်ဆို၏။ ။ သို့သော်လည်း

http://www.cherrythitsar.org


ပါဠိတော်တွင် မည်ရွေ့ မည်မျှအဖို့ အစုမပါသောကြောင့် နိုင်ငံအင်အား အလျောက် သင့်လျော်အောင် ကောက်ခံသည်သာ သင့်တင့်ကောင်းမွန်သည်ဟူ၍ မှတ်ရမည်။ ။ သဒ္ဒါနက်အားဖြင့် 'သဿ' သဒ္ဒါကောက်ပင်ကို ဟောသော်လည်း၊ အဓိပ္ပာယ်အားဖြင့် ကောက်ခံသင့်သမျှသော အခွန်ကို ယူသင့်သည်။ အခွန်ခံတတ်သော ဉာဏ်ဆိုလိုသည်။ ။ ထို့ကြောင့် 'သဿသမ္မာ ဓနေ မေဓာဝိတာ တိအတ္တော'ဟု စတုကင်္ဂုတ္တရ အဋ္ဌကထာ၊ ၎င်းအဖွင့်ဋီကာသစ်ကြီး၊ ဣတိဝုတ် အဋ္ဌကထာ၊ အဘိဓာန်ဋီကာတို့၌ မိန့်သည်။[၁]

မင်း၊ မှူးမတ်၊ ရဲမက် လက်နက်ကိုင်စသော နိုင်ငံကို စောင့်ရှောက်ထိန်းသိမ်းသော သူတို့ကို ကြီးစဉ်ငယ်လိုက်၊ ဤကောက်ခံ၍ ရသောအခွန်ကို စားသုံးလောက်အောင် ပေးကမ်းခြင်းသည် ပုရိသမေဓ မည်၏။ ။ နိုင်ငံကို စောင့်ရှောက်ထိန်းသိမ်းသော သူတို့ကို၊ ကြီးစဉ်ငယ်လိုက်နေရာကျအောင် ချီးမြှောက် ပေးကမ်းတတ်သော ဉာဏ်ကို ဆိုလိုသည်။

ကုန်သည် လယ်လုပ်တို့ကို လုပ်ဆောင် ကူးသန်းအားရှိအောင် အပိတ်အပင်မရှိ ဖွင့်၍ အခွင့်ပေးခြင်း၊ စောင်မသင့်သမျှ စောင့်မ ကြည့်ရှုခြင်း၊ ထိုထက်အလွန်လည်း ကူးသန်းလုပ်ဆောင်ရန် အရင်းအနှီးမရှိသော ဆင်းရဲပင်ပန်းသော ကုန်သည် လယ်လုပ်တို့ကို ကူးသန်းလုပ်ဆောင်ရန် အတိုးအပွားမရှိ အရင်းအနှီး ပေးကမ်း မစခြင်းသည် သမ္မာပါသမည်၏။ ။ ကုန်သည်လယ်ယာ လုပ်ဆောင်သူတို့၏ စိတ်နှလုံးသည် အခြားနိုင်ငံက မင်း၊ မှူးမတ်တို့ကို အားကိုး ချစ်ခင်စုံမက်ခြင်းမရှိ၊ ကိုယ့်နိုင်ငံက မင်းမှူးမတ်တို့ကိုသာ ချစ်ခင်စုံမက် အားကိုးအောင်၊ ကုန်သည် တောင်သူတို့၏ စိတ်နှလုံးကို ကျော့ကွင်းနှင့်ချည်သကဲ့သို့ ပြုလုပ်တတ်သောဉာဏ် ဆိုလိုသည်။

ပြုံးခြင်းရှေးရှိသော ချစ်ဖွယ်သော စကားကို ပြောဆိုခြင်းသည် ဝါစာပေယျ မည်၏။

## (၁) သဿမေဓ

လောက၌ ဥစ္စာစည်းစိမ်နှင့် ပြည့်စုံချမ်းသာသော နိုင်ငံကို အနီးအစပ်ဖြစ်သော နိုင်ငံချင်းကသော်လည်း နှိပ်စက်ဖျက်ဆီး၍ ယူကုန်ရာသည်။ မိမိတို့ နိုင်ငံအတွင်း၌သော်မူလည်း၊ လူဆိုး သူခိုး ဓားပြ တိုက်ခိုက်ဖျက်ဆီးယူကုန်ရာသည်။ ။ ဤကဲ့သို့

---

၁။ သူရိယမှု၌ ဤဝါကျတစ်ခုလုံး ကျကျန်ရစ်သည်။

http://www.cherrythitsar.org



နှောင့်ယှက်ဖျက်ဆီးရှိလျှင် ကုန်သည်တို့လည်း ကောင်းစွာ ကူးသန်း ရောင်းဝယ်ခြင်းကို မပြုနိုင်ရာ။ တောင်သူတို့လည်း လယ်ယာကို ကောင်းစွာ မလုပ်ဆောင်နိုင်ရာ။ ။ ဤသို့ အကူးအသန်း ရောင်းဝယ်လုပ်ဆောင်ရအောင်၊ အကြီးအအုပ်နှင့်တကွ အစောင့်အရှောက် အထိန်းအသိမ်း ထားသင့်သည်။

အကြီးအအုပ်နှင့်တကွ အစောင့်အရှောက် အထိန်းအသိမ်းထားပြီးမှ ကောင်းမွန်စွာ ကူးသန်းရောင်းဝယ် လုပ်ဆောင်နိုင်ရာသည်။ ကောင်းမွန်စွာ ကူးသန်းရောင်းဝယ်ရအောင် နိုင်ငံကထားသည့် မင်း မှူးမတ် ရဲမက် လက်နက်ကိုင်တို့မှာ နိုင်ငံကို စောင့်ရှောက်ထိန်းသိမ်းရသောကြောင့် လယ်ယာလုပ်ဆောင်ခြင်း၊ ကုန်စည် ကူးသန်းရောင်းဝယ်ခြင်းများကို မပြုမလုပ်နိုင်ပြီ၊ ပြုလုပ်ရန် အခွင့်အခါ မရှိပြီဖြစ်၍ ထိုစောင့်ရှောက် ထိန်းသိမ်းသည့် မင်း မှူးမတ် ရဲမက် လက်နက်ကိုင်တို့ကို ထိန်းသိမ်း စောင့်ရှောက်သည့်အတွက် စားသုံးလောက်အောင် နိုင်ငံကို စောင့်ရှောက်ရန် လက်နက်ကိရိယာ မြို့ပြလုပ်ကိုင်လောက်အောင် စစ်ရေးကိစ္စရှိလျှင် ကောက်ငင်ကာရဖို့ သိမ်းထားရအောင် ထိန်းသိမ်း စောင့်ရှောက်ခြင်းကို ခံကုန်သော ကုန်သည်၊ လယ်လုပ်တို့က စပါးဆန်ရေ ကြေးငွေ ပေးကမ်းသင့်သည့်အတိုင်း တောင်းခံယူခြင်းသည် သဿမေဓ မည်သည်။

## (၂) ပုရိသမေဓ

ဤသို့ ကောင်းမွန်စွာ ကုန်စည်ကူးသန်းရောင်းဝယ်ရအောင် လယ်ယာလုပ်ဆောင်ရအောင် စောင့်ထိန်းစေမည့်၊ စောင့်ထိန်းရန်ဖို့ ပေးသည့် အခွန်အတုတ်ကို ယူပြီးလျှင် အလိုရှိရာ လှူဒါန်း ပေးကမ်းခြင်းကို မလုပ်သင့်၊ စောင့်ထိန်းရန်ဖို့ ပေးသည့်အခွန်အတုတ်တို့ကို ယူ၍ စားသောက် သုံးဆောင်သော မင်း မှူးမတ် ရဲမက် လက်နက်ကိုင်တို့သည် ကုန်သည် လယ်လုပ်တို့ ဘေးရန်မရှိ၊ ကူးသန်း ရောင်းဝယ် လုပ်ဆောင်နိုင်အောင် ဧကန်စောင့်ရှောက်သင့်သည်။ ။ မစောင့်မရှောက် အလိုရှိရာ လှူဒါန်းပေးကမ်း သုံးစားကုန်လျှင် ခိုးခြင်း ၂၅ ပါးတို့တွင် လိမ်လည်လှည့်စား၍ ယူသော ကူဋာဝဟာရ၊ နှိပ်စက်၍ယူသော ပသယှာဝဟာရတို့မှ လွန်နိုင်ရန် အကြောင်းမရှိ။ ။ ဤသို့ စောင့်ရှောက်သည့် အခွန်အတုတ်ကို စောင့်ရှောက်မည့် လူတို့ကို ဝေငှပေးကမ်းခြင်းသည်ပင် ပုရိသမေဓ မည်၏။ ။ မင်းမှူးမတ်တို့ အလျောက်ဘာဝ လှူဒါန်းပေးကမ်းလိုလျှင် ဘိုးဘွား၊ မိဘတို့က ပါသော အမွေဥစ္စာပစ္စည်း၊ စောင့်ရှောက်ရန်ဖို့ပေးသည့် ဥစ္စာကြေးငွေတို့ကို တိုင်းထွာစားသုံးရာ ကြွင်းကျန်သည့် ဥစ္စာပစ္စည်းတို့ကိုသာ လှူဒါန်းပေးကမ်း စွန့်ကြသင့်သည်။

http://www.cherrythitsar.org



## (၃) သမ္မာပါသ

နိုင်ငံကို တိုးတက်စေလိုသော်၊ အခြားနိုင်ငံကို လွှမ်းမိုးအုပ်စိုးလိုသော် ရဲမက် လက်နက်ကိုင်အင်အား ကြီးမှသာလျှင် ဖြစ်နိုင်ရာသည်။ ရဲမက်လက်နက် အင်အားကြီးအောင်ကိုလည်း အခွန်အတုတ်များစွာရမှ ရဲမက် လက်နက်အင်အား ကြီးအောင် လုပ်ဆောင်နိုင်သည်။

အခွန်အတုတ် တိုးပွားအားကြီးအောင်ကိုလည်း ကုန်သည်၊ တောင်သူတို့ကို အကူးအသန်း အလုပ်အဆောင် အားကြီးအောင် မစ ကြည့်ရှု၍ ထိုသူတို့ အလုပ် အဆောင် အကူးအသန်း အားကြီးရာတွင် အခွန်အတုတ် ကောက်ခံရမှ များစွာ ရသည် ဖြစ်သောကြောင့် နိုင်ငံကို အုပ်စိုးစောင့်ရှောက်ကုန်သော မင်း မှူးမတ် တို့သည် ထိုကုန်သည်၊ လယ်လုပ်တို့ကိုချည်း မပြတ်ကြည့်ရှု၍ အားပေးရလိမ့် မည်။ ။ ဤကဲ့သို့ အားပေးခြင်းသည်ပင် တိုင်းပြည်နိုင်ငံကို တိုးတက်အောင် ပြုလုပ်ခြင်းမည်သည်။ ။ ဤသို့ ကုန်သည်၊ လယ်လုပ်တို့ကို အားရှိအောင် စောင်မ ကြည့်ရှုခြင်းသည်ပင် သမ္မာပါသတရားဖြစ်သည်။

## (၄) ဝါစာပေယျ

လောက၌ လူတို့မည်သည် ချိုသာနာပျော် ချစ်ခင်ဖွယ်သော စကားကို ပြောဆို မှသာ ကြိုက်နှစ်သက်သည်။ ။ လူကို မဆိုထားနှင့်ဦး၊ တိရစ္ဆာန်ဖြစ်သော နန္ဒိဝိသာလ နွားကို ကြမ်းတမ်းစွာ ငေါက်ငမ်း မောင်းနှင်သောကြောင့် ဝန်ကို မရုန်း၍ အသပြာတစ်ထောင် ရှုံးသည်။ သာယာနာပျော် ချိုသာစွာဆို၍ မောင်းနှင်ပြန်မှ အသပြာတစ်ထောင်ကို ပြန်၍ရသည်။ ။ ဤချစ်ဖွယ်သော စကားကို ဆိုခြင်းသည် ပစ္စုပ္ပန် လောကတွင်သာ အကျိုးပေးသည်မဟုတ်၊ အကုသိုလ် ဒုစရိုက်ဖြစ်သော ဖရုသဝါစာကို ကြဉ်ရှောင်ခြင်းကြောင့် ကုသိုလ် ဖြစ်၍ နောင်တမလွန်၌လည်း နတ်ရွာသုဂတိကို ရရန်အကြောင်းပင် ဖြစ်သည်။ ဤသို့ ချိုသာစွာ ပြောဆိုခြင်းကိုပင် ဝါစာပေယျ ဆိုသည်။

http://www.cherrythitsar.org


## ၉။ မြန်မာ့ရိုးရာ နိုင်ငံရေး အတွေးအခေါ်

ကပ်ဦးအစ မဟာသမ္မတမင်းကို မင်းမြှောက်စဉ်ကပင် ကျွန်တော်တို့ ပြည်သူတို့မှာ အချင်းချင်းခိုက်ရန် ဖြစ်ပွားခဲ့လျှင် စီရင်ဆုံးဖြတ်မည့်သူ မရှိဖြစ်သည်။ သင်သည် လယ်ယာလုပ်ဆောင်ခြင်း၊ ကုန်စည်ကူးသန်းရောင်းဝယ်ခြင်းအမှုကို မပြုပါနှင့်တော့၊ ကျွန်တော်တို့ လုပ်ဆောင် ကူးသန်းရောင်းဝယ်၍ ရသည့် စီးပွားမှ ကျွန်တော်တို့ကဲ့သို့ စားသုံးလောက်အောင် ပေးပါမည်ဆို၍ သဘောတူ တိုင်းပြည်ကို စောင့်ရှောက်နိုင်မည့် ဉာဏ်ပညာလက္ခဏာနှင့် ပြည့်စုံသော ဘုရားလောင်းကို မင်းမြှောက်သည်။ လူများအပေါင်း မင်းဟူ၍ သမုတ်သမတ်[၁] သောကြောင့်၊ ထိုမင်းကို မဟာသမ္မတမင်းဟု ခေါ်သည်။

ထိုကမ္ဘာဦးသူ လူတို့ပြုသော အမူအရာအတိုင်း နောက်ကိုလည်း အစဉ်မပြတ် အခွန်အတုတ် ပေးကမ်းမြဲအတိုင်း ပေးကမ်း၍ စောင့်ရှောက်မြဲအတိုင်း စောင့်ရှောက်သဖြင့် ဤ သဿမေဓ၊ ပုရိသမေဓ စသော သင်္ဂဟတရားတို့သည် မပျောက်မပျက် အဆက်ဆက်လာသည့်အတိုင်း ဗာရာဏသီ၊ သာဝတ္ထိ၊ ရာဇဂြိုဟ် အစရှိသော တိုင်းပြည်ကြီးများမှာ ကျင့်ဆောင်ကြ၍ သူဌေး သူကြွယ်တို့မှာ ကုဋေ ရှစ်ဆယ်၊ ကုဋေ တစ်ရာ့ခြောက်ဆယ်တိုင်အောင်ပင် ကြွယ်ဝသည်။ ။ မင်းမျူးမတ်တို့၌ ရဲမက် လက်နက်ကိုင်တို့သည်လည်း တစ်ဆယ့်နှစ်ကျောဘိဏီ၊ တစ်ဆယ့်ရှစ်ကျောဘိဏီ တိုင်အောင် အင်အားကြီးသည်။ ။ ဤကဲ့သို့ တိုင်းနေပြည်သူတို့ စည်းစိမ်ချမ်းသာ တိုးပွား၍ ခိုးဝှက်လုယက် တိုက်ခိုက်မည့်သူ မရှိ၊ အိမ်ဝင်း၊ မြို့ပြ၊ တံခါးပေါက်တို့၌ တံခါးရွက် မင်းတုပ် ကန့်လန့် မတပ်ဘဲ ဟင်းလင်းဖွင့်၍ ထားပြီးလျှင် ပျော်ပါး၍သာ နေကြသည်။ ။ ဤသို့ သင်္ဂဟတရား လေးပါးကို ကျင့်ကြ၍ တံခါးရွက်၊ မင်းတုပ်၊ ကန့်လန့် မရှိသည်ကို 'နိရဂ္ဂဠ' ခေါ်သည်။ ။ မည်သည့်နိုင်ငံ အရပ်ဒေသမဆို သင်္ဂဟတရား လေးပါးကို နေရာကျအောင် ကျင့်ဆောင်လျှင် တံခါးရွက် မင်းတုပ် ကန့်လန့် မတပ်ရသော 'နိရဂ္ဂဠ' အကျိုးသည် ပစ္စုပ္ပန်မျက်မှောက်၌[၂] ဧကန် ရမြဲ ဖြစ်သည်။ 'နိရဂ္ဂဠ' မဖြစ်သေးလျှင် သင်္ဂဟတရား လေးပါး နေရာမကျသေး ဟူ၍ မှတ်ရမည်။

---

၁။ သူရိယမှ၌ 'သမတ်' ဟူသော စကားမပါ။

၂။ ပုရပိုက်မူတွင် ပစ္စုပ္ပန်တွင် မျက်မှောက်၌ဟု ရှိသည်။ သူရိယမူအတိုင်း ထားလိုက်သည်။

http://www.cherrythitsar.org



## ၁၀။ သင်္ဂဟတရား လေးပါးဝါဒကို ပုဏ္ဏားတို့က ယဇ်ကြီးငါးပါး ဝါဒဖြင့် ဖျက်ဆီးခြင်း

ဤကဲ့သို့ မဟာသမ္မတမင်းမှ ဥက္ကာကရာဇ်မင်း တိုင်အောင် ဆင်းသက်၍လာသော သင်္ဂဟတရား လေးပါးဖြင့် လူတို့စည်းစိမ်ချမ်းသာ ကြီးကျယ်၍၊ ထိုလူတို့၌ရှိသော ဥစ္စာပစ္စည်းတို့ကို အလှူခံလိုသော ယုတ်မာသော ပုဏ္ဏားတို့သည် ဥက္ကာကရာဇ်မင်းကြီးထံ ဝင်၍ ကျွန်တော် ပုဏ္ဏားပညာရှိတို့ အမျိုးစဉ်ဆက်မှလာသော၊ လူတိုင်းကို မပြောမပြရသော၊ လျှို့ဝှက်၍ထားသော၊ အလွန်ကောင်းသော ဗေဒင်နည်းသည် ရှိ၏။ ဤနည်းအတိုင်းပြုလျှင် ဧကန် သေသည့်အခြားမဲ့၌ နတ်ပြည်သို့ ရောက်သည်ဟု အကျိုးလိုယောင် ဥက္ကာကရာဇ်မင်းကြီးကို လူရှင်းရာ၌ တိုးတိုးဝင်ရောက် တင်လျှောက်သည်တွင် ဥက္ကာကရာဇ်မင်းကြီး ယုံကြည်၍ ဤပုဏ္ဏားတို့ ဆိုသည့်အတိုင်း ပြုသဖြင့် အစဉ်အဆက်လာသော သင်္ဂဟတရား လေးပါး ပျောက်၍ ယဇ်ကြီးငါးပါး ဖြစ်သည်။ သင်္ဂဟတရား လေးပါးကို ပျောက်အောင် ဖျက်ပုံကား -

(၁) သဿမေဓ ဆိုသည်ကား 'သဿမေဓ' မဟုတ် ပါဠ်ပျက် ဖြစ်သည်။ 'အဿမေဓ' ဆိုမှ မှန်သည်။ 'အဿ' ကား မြင်းဟော။ 'မေဓ' ကား သတ်ခြင်းဟော။ အဆင်းငါးပါးရှိသော မြင်းကိုသတ်၍ ယဇ်ပူဇော်ရမည်။ ပုဏ္ဏားတို့ကိုလည်း များစွာ လှူဒါန်းရမည်။

(၂) ပုရိသမေဓ ဆိုသည်လည်း ယောကျ်ားကိုသတ်၍ ယဇ်ပူဇော်ရမည်။ ပုဏ္ဏားတို့ကိုလည်း များစွာ လှူဒါန်းရမည်။

(၃) သမ္မပါသဆိုသည်ကား ပုဏ္ဏားတို့ကို လှူဒါန်းရန်၊ ယဇ်ပူဇော်ရန်၊ ဥစ္စာပစ္စည်းတို့ကို လှည်း ရထားတို့ဖြင့် များစွာ တင်ယူ၍ သူရဿတီမြစ်[၁] မြေကြီးထဲသို့ဝင်၍ ငုပ်ရာအရပ်သို့သွား၍၊ ရောက်လျှင် ဝန်စုကို တိုက်ဆောင်ခဲ့သော လှည်းရထား၊ ထမ်းပိုး ကျည်း ကန့်လန့်များကို ချွတ်ပြီးလျှင် သူရဿတီမြစ်ညာကို ဆန်၍ ပစ်ရမည်။ ။ ထို ထမ်းပိုး ကျည်း ကန့်လန့် ကျရာအရပ်၌ ယဇ်တိုင်ကို စိုက်၍ ယဇ်ပူဇော်ရမည်။ ။ 'သမ္မာ' သဒ္ဒါ၊ ထမ်းပိုး ကျည်း ကန့်လန့်ကို ဟောသည်။ 'ပါသ' သဒ္ဒါ ပရှေ့ရှိသော 'အသ' ဓာတ် ပစ်လွှတ်ခြင်းကို ဟောသည်။

(၄) ဝါစာပေယျဆိုသည်ကား စလုံးနှင့်မဟုတ်။ ဇနှင့် 'ဝါဇပေယျ' ဆိုရမည်။ 'ဝါဇ' သဒ္ဒါ၊ ထောပတ်ဟော။ 'ပေယျ' သဒ္ဒါ၊ သောက်ခြင်းဟော။ ကောင်းလှစွာသော ထောပတ်ကို ပုဏ္ဏားတို့အား တိုက်၍ ယစ်ပူဇော်ရမည်။

---

၁။ သူရိယမူ၌ 'မြစ်ရေကြီး'ဟု တွေ့ရသည်။

(၅) နိရဂ္ဂဠဆိုသည်ကား တံခါးကျည်း မင်းတုပ် မရှိ ဆိုလိုသည်။ ။ ဤယဇ်ကို ပူဇော်လိုသော သူသည် မိမိအိမ်၌ရှိသော ဥစ္စာပစ္စည်းတို့ကို အပိတ်အပင်မရှိ၊ တံခါးဟင်းလင်းဖွင့်၍ ပုဏ္ဏားတို့အလိုရှိရာ ယူစေရမည်။

ဤသို့ ပုဒ်ပါဌ်အက္ခရာအနက် အဓိပ္ပာယ်နှင့်တကွ ဖျက်ဆီးပြီးလျှင် တင်လျှောက်သော စကားကို နာယူ၍၊ ဥက္ကာကရာဇ်မင်းကြီးသည် ဤယဇ်ကြီး ငါးပါးကို ပူဇော်သည်မှစ၍ သင်္ဂဟတရားလေးပါး ပျောက်ပြီးလျှင် ယဇ်ငါးပါး လောက၌ ထင်ရှားဖြစ်သည်။ ။ ဥက္ကာကရာဇ်မင်းကြီး မင်းမဖြစ်မီ ရှေးအထက်က လောကမှာ အနာရောဂါ သုံးခုသာရှိသည်။ ဤယဇ်ကို ပူဇော်သည်မှစ၍ ကိုးဆယ့်ရှစ်ပါးသော အနာရောဂါတို့သည် လောကသို့ လာရောက်ကုန်၏။ ။ ထိုအကြောင်းကို ပြတော်မူလိုသော မြတ်စွာဘုရားသည် သုတ္တနိပါတ် ဗြာဟ္မဏဓမ္မိကသုတ်၌ -

'တယော ရောဂါ ပုရေ အာသုံ၊
ဣစ္ဆာ အနသနံ ဇရာ။
ပသူနဉ္စ သမ္မာရမ္ဘာ၊
ပစ္ဆာ[၁] အဋ္ဌနဝုတိ အာဂမုံ'။ ။

ပုရေ၊ ယဇ်ကြီးငါးပါး မပူဇော်မီ ရှေးကာလ၌။ ဣစ္ဆာ၊ လိုချင်ခြင်းလည်းကောင်း။ အနသနံ၊ စားချင်း[၂] ခြင်းလည်းကောင်း။ ဇရာ၊ အိုခြင်း လည်းကောင်း။ ဣတိ၊ ဤသို့။ တယော၊ ရောဂါအနာ သုံးပါးတို့သည်။ အာသုံ၊ ဖြစ်ကုန်၏။ ပသူနံ၊ နွား အစရှိသော အခြေလေးချောင်းရှိသော သတ္တဝါတို့ကို။ သမ္မာရမ္ဘာ၊ သတ်၍ ယဇ်ကြီးငါးပါး ပူဇော်သည်မှ။ ပစ္ဆာ၊ နောက်အခါ၌။ အဋ္ဌနဝုတိ၊ ကိုးဆယ့်ရှစ်ပါးသော အနာရောဂါဝေဒနာတို့သည်။ အာဂမုံ၊ လာရောက်ကုန်ပြီ။

(တေမိဇာတ် အဋ္ဌကထာ စသည်တို့၌၊ ကိုးဆယ့်ခြောက်ပါး ဆိုသည်။ ပါဠိတော်၌ ကိုးဆယ့်ရှစ်ပါးဆိုသည်။ သို့သော်လည်း ပါဠိတော်စကားသာ ပမာဏဖြစ်သည်။)

အနောက်တိုင်းပြည် မဇ္ဈိမဒေသ အရပ်မှစ၍ ဣန္ဒြေ[၃] ဟု ခေါ်သော ရာဇဂြိုဟ်၊ သာဝတ္ထိစသော ပြည်ကြီးတို့၌ ဘုရား ပစ္စေကဗုဒ္ဓါ၊ ရဟန္တာ၊ စကြာမင်း၊

---

၁။ သူရိယမှု၌ 'ပစ္ဆာဋ္ဌ' ဟု တွေ့ရသည်။
၂။ သူရိယမှု၌ 'ငတ်မွတ်' ဟု တွေ့ရသည်။
၃။ သူရိယမှု၌ 'အိန္ဒိယ' ဟု တွေ့ရသည်။

http://www.cherrythitsar.org



ကုဋေ တစ်ရာ့ခြောက်ဆယ် ကြွယ်ဝသော သူဌေးကြီးတို့၏ ဖြစ်ရာဖြစ်၍ အလွန်ပြည့်စုံကြွယ်ဝ ခိုင်ခံ့သော တိုင်းပြည်နိုင်ငံ ဖြစ်လျက်လည်း ဤသို့ ပုဏ္ဏားတို့သည် သင်္ဂဟတရား လေးပါးတို့၏ အမြစ်ကို ဖြတ်၍ ယဇ်ကြီးငါးပါးကို ပေါ်စေသောကြောင့် တရွေ့ရွေ့ ဆုတ်ယုတ်လျော့ပါးပြီးလျှင် ထို သင်္ဂဟတရား လေးပါးတို့သည် အရိုင်းလူမျိုးတို့ တည်နေရာ သိုးဆောင်းနိုင်ငံသို့ရောက်၍ သိုးဆောင်းတို့သည် ဤ သင်္ဂဟတရားလေးပါးအတိုင်း ပြုကျင့်ကြသောကြောင့် မာဂဓတိုင်း ရာဇဂြိုဟ်ပြည်၊ ကောသလတိုင်း သာဝတ္ထိပြည်စသော တိုင်းကြီး တစ်ဆယ့်ခြောက်တိုင်း၊ ပြည်ကြီး တစ်ဆယ့်ခြောက်ပြည်ထောင်[၁] တို့ကို လွှမ်းမိုးအုပ်စိုးပြီးလျှင် ယခုအခါ ဤတိုင်းကြီး ပြည်ကြီးတို့၌ နေသောသူတို့၏ မင်း မှူးမတ်တို့သည် ပျောက်၍ သိုးဆောင်းလူမျိုးတို့ ရောက်သဖြင့် ကျွန်ဖြစ်ကြလေသည်။ ။ အနည်းငယ်ကျန်သော နိုင်ငံများလည်း သိုးဆောင်းလူမျိုးတို့ကို ကြောက်လျက်ပင် နေကြရလေသည်။

## ၁၁။ သင်္ဂဟတရားလေးပါးကို ကျင့်သော သိုးဆောင်းနိုင်ငံ

ယခုအခါ သိုးဆောင်းလူမျိုးတို့သည် ဤသင်္ဂဟတရားလေးပါးတို့ကို အလွန်အလေးပြု၍ ကျင့်ဆောင်လိုသည် ဖြစ်သောကြောင့် အခွန်ခံယူခြင်း သဿမေဓ၊ ရပြီးသော အခွန်ကို ပုရိသမေဓဖြစ်အောင် ပြုလုပ်ခြင်း၌၊ အယုတ်အလွန် မရှိရအောင် ပြည်ရှင်မင်း၏ အလိုအလျောက် မပြုမလုပ်ဘဲ ပြည်သူ သဘောတူပေးသည့် မှူးမတ် အစုအသင်းနှင့် မှူးမျိုး မတ်မျိုးဖြစ်သော အစုအသင်းတို့သည်၊ ပြည်သူတို့ မနာမကျည်းရအောင် ညှိနှိုင်းတိုင်းထွာ၍၊ သဿမေဓ ကောက်ခံပြီးလျှင်၊ ရသည့်ငွေအနက် ပြည်ရှင်မင်းကို နှစ်တစ်ပတ်လည် သုံးလောက်အောင်ဆက်သပြီး၍၊ ကျန်ငွေများကို အခြားတစ်ပါး အသုံးအဆောင်မရှိ၊ မှူးမတ်တို့ သဘောတူထားသည့် ငွေတိုက်သို့ သွင်းရသည်။ ။ ထိုငွေတိုက်ကိုလည်း မှူးမတ်တို့က စောင့်ထိန်းသည်။ ။ ထိုငွေတိုက်တွင် နိုင်ငံက ကောက်ခံရငွေကိုသာ မကသေး၊ မင်း မှူးမတ် သူဌေးသူကြွယ်၊ ကုန်သည်ကြီးတို့၌ သုံးဆောင်သည့်ပြင်၊ ပိုမိုသမျှ ရွှေ ငွေ စိန် ကျောက်များကိုလည်း ထိုငွေတိုက်မှာပင် သွင်းထားသည်။

---

၁။ သူရိယမှု၌ 'ရာဇဂြိုဟ် သာဝတ္ထိ စသော တိုင်းကြီးပြည်ကြီးများ' ဟု တွေ့ရသည်။

http://www.cherrythitsar.org


ထိုငွေတိုက်မှာ သွင်းထားသော ငွေကို၊ စာရင်းအသေအချာ မှတ်သား ထုတ်ယူ၍၊ နိုင်ငံကို စောင့်ရှောက်ရန်၊ နိုင်ငံကျိုးဖြစ်ထွန်း တိုးပွားရန်တို့ကို မှူးမတ် နှစ်စု နှစ်သင်းတို့ ညှိနှိုင်းပေးကမ်း သုံးဆောင်ပြီးလျှင်၊ အတော်အသင့် ငွေတိုက် မှာ အကျန်နှင့် မင်း၊ မှူးမတ် ပြည်သူတို့ ပေါင်းစုသွင်းထားသည့် ငွေများက၊ သမ္မာပါသတရား တိုးပွားအောင်၊ ကုန်သည်လယ်လုပ်တို့အား၊ အစောင့်အထိန်း အခမ္ဘလောက်ရုံ အတိုးအပွားထား၍ ချေးငှားမစသည်။

ကုန်သည်တို့ အားရှိအောင်ကိုလည်း၊ ကုန်သည်အချင်းချင်း ပေါင်းစု စည်းရုံး ၍ ကူးသန်းစေသည်။ ။ ကိုယ့်နိုင်ငံတွင်သာ ကူးသန်းရောင်းဝယ်သည်ထက် အခြားနိုင်ငံနှင့် စပ်၍ ကူးသန်းရောင်းဝယ်ခြင်းသည် သာ၍ အကျိုးကြီးမားသော ကြောင့် အခြားနိုင်ငံ၌ ကုန်သည်တို့ ကူးသန်းရောင်းဝယ်ခြင်း၌ အပိတ်အပင် အတားအဆီး မရှိရအောင်၊ မိတ်ဖွဲ့၍ ပေးပြီးလျှင် ကူးသန်း သွားလာစေသည်။ တရားသဖြင့် ကူးသန်း သွားလာရအောင် ပြောဆို၍ မရသည့် နိုင်ငံကိုလည်း တိုက်ဖျက်သည်။ တစ်နိုင်ငံချင်းဖြစ်၍ အားမတူလျှင် သိုးဆောင်းနိုင်ငံ နှစ်ခု သုံးခုပေါင်း၍ တိုက်သည်။

သိုးဆောင်းလူမျိုးတို့တွင် စစ်မက်ဖြစ်သည် ဟူသမျှသည် များသောအားဖြင့် ကုန်သည်တို့ကို အားပေးခြင်း၊ သမ္မာပါသတရား တိုးပွားအောင် ပြုလုပ်ရာ၌၊ အပိတ်အပင် အဆီးအတား ရှိသောကြောင့် စစ်ဖြစ်ရသည်သာ များသည်။ စစ်တိုက်ခြင်း၊ စစ်ငြိမ်းခြင်းကို ကုန်သည် လယ်လုပ်တို့ ညီညွတ်မှသာ ဖြစ်နိုင် သည်။ စစ်တိုက်ရန် စရိတ်ငွေကို ကုန်သည်လယ်လုပ်တို့က စု၍ပေးသည်။ ။ ဤကဲ့သို့ သင်္ဂဟတရား လေးပါးကို အလွန် အလေးပြု၍ တိုးပွားအောင် ကျင့်ဆောင်ကြသောကြောင့် ယခုအခါ များစွာသော တိုင်းပြည်နိုင်ငံတို့တွင် သိုးဆောင်းနိုင်ငံသည် လွန်စွာ စည်ပင်တိုးတက်ဖြစ်ထွန်းကြသဖြင့် ရှေးအခါ မဇ္ဈိမ ဒေသ အရပ်များမှာကဲ့သို့ ရွှေ၊ ငွေ၊ ရဲမက်၊ လက်နက်အင်အား ကြီးမား၍ ရှိလေသည်။

## ၁၂။ တရားစောင့်သူကို တရားက စောင့်၏

လောက၌ တရားကို မစောင့်မကျင့်ဘဲ၊ တရားကို ကင်း၍ ချမ်းသာတိုးပွားသော မည်သည် မရှိ။ ။ လောက၌ မည်သည့်အရပ် ဆုတ်ယုတ်ပျက်စီးသည်ဆိုလျှင် ထိုအရပ်၌ ဧကန် တရားပျက်သည်။ ။ အကြင်အရပ်၌ တိုးပွားဖြစ်ထွန်းလျှင် ထိုအရပ်၌ ဧကန် တရားရှိသည်။ ထိုအရပ်သူတို့ တရားကို စောင့်သည်ဟူ၍

http://www.cherrythitsar.org



လည်း အမြဲယုံကြည်စိတ်ချရလိမ့်မည်။ ထို့ကြောင့် 'ဓမ္မောဟဝေ ရက္ခတိ ဓမ္မစာရီ' ဟဝေ၊ စင်စစ်။ ဓမ္မစာရီ၊ တရားကျင့်သောသူကို။ ဓမ္မော၊ တရား သည်။ ရက္ခတိ၊ စောင့်ရှောက်၏ ဟူ၍လည်းကောင်း။ 'ဓမ္မကာမော ဘဝံ ဟောတိ။ ဓမ္မဒေဿီ ပရာဘဝေါ'။ ။ ဓမ္မကာမော၊ တရားကိုချစ်သောသူသည်။ ဘဝံ၊ စည်းစိမ်ချမ်းသာ ဖြစ်ထွန်းခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဓမ္မဒေဿီ၊ တရားကို မုန်းသောသူသည်။ ပရာဘဝေါ၊ စည်းစိမ်ချမ်းသာ ပျက်စီးခြင်းသည်။ ဟောတိ၊ ဖြစ်၏ဟူ၍လည်းကောင်း။ 'ဓမ္မော ဟဝေ ဟတော ဟန္တိ'။ ။ ဟဝေ၊ စင်စစ်။ ယော၊ အကြင်သူသည်။ ဓမ္မံ၊ တရားကို။ ဟန္တိ၊ သတ်၏။ တံ၊ ထိုသူ ကို။ ဟတော၊ သေကြေပျက်စီးပြီးသော။ ဓမ္မော၊ တရားသည်။ ဟန္တိ၊ သတ် တတ်၏ ဟူ၍လည်းကောင်း ဟောတော်မူသည်ကို ထောက်လေ။

(ဖလံ ဝေ ကဒလိံ ဟန္တိ ဟူသော ပုဒ်တွင်၊ 'ဟန္တိ' ဟူသော ပုဒ်ကဲ့သို့ ဧကဝုစ် 'တိ' ဝိဘတ်။ 'ဟနတိ' ၌ 'ဟ' ဗျည်းနှောင်းရာ 'န' အစိတ် 'အ' ကို ချေ။ 'တ်' သို့ ကပ်ပြီးလျှင်[၁] 'ဟန္တိ' ဟု ရုပ်ပြီးစေရမည်)။

တရားဆိုသည်လည်း ဆေးကဲ့သို့ ဖြစ်သည်။ ရင်ဘတ်နာဆေးသည် ရင်ဘတ်နာကို ပျောက်စေနိုင်၏။ အဖျားကို မပျောက်စေနိုင်။ အဖျားဆေးသည် အဖျားကို ပျောက်စေနိုင်၏။ ရင်ဘတ်နာကို မပျောက်စေနိုင်။ ဤကဲ့သို့ တရား သည်လည်း လောကကောင်းကြောင်းကို ကျင့်လျှင် ပစ္စုပ္ပန် တမလွန်လောက နှစ်ပါး၌ ကောင်းသည်။ လောကုတ္တရာ၌ မကောင်း၊ လောကုတ္တရာကောင်းကြောင်း တရားကို ကျင့်လျှင် လောက၌ မကောင်း။ လောကုတ္တရာဖို့ ဖြစ်၍ မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ရသည်။ လောကကောင်းအောင် ကျင့်ရသော အကျင့်နှင့် မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ရအောင် ကျင့်ရသော အကျင့်သည် မုချ ဆန့်ကျင်ဘက်ဖြစ်သည်။ လောကုတ္တရာ၌ ကောင်းလိုလျှင် ဆိတ်ငြိမ်ရာ၌လည်းကောင်း၊ တောသို့လည်းကောင်း၊ သစ်တစ်ပင် အောက်သို့လည်းကောင်း ကပ်၍ တစ်ယောက်ထီးတည်း ကျင့်ရ သည်၊ နှစ်ယောက်အတူ မကျင့်နိုင်၊ ထို့ကြောင့် 'ဧကော ယနော ဘိက္ခဝေ အယံ မဂ္ဂေါ သတ္တာနံ ဝိသုဒ္ဓိယာ' ဟူ၍လည်းကောင်း၊ 'ဧကော စရေ ခဂ္ဂဝိသာဏ ကပ္ပေါ' ဟူ၍လည်းကောင်း ဟောတော်မူသည်။

လောက ကောင်းစေလိုလျှင် အသင်းအပင်း များပြားအောင် စုဝေး၍ ညှိနှိုင်း ပြုလုပ်ပြီးလျှင် လောကကို စည်ပင်ဖြစ်ထွန်းအောင် ပြုလုပ်ရသည်။ တစ်ဦး တစ်ယောက်တည်း မပြုမလုပ်နိုင်၊ ထို့ကြောင့် လောကုတ္တရာ ကောင်းဖို့ တရား

---

၁။ သူရိယမှု၌ "နအက္ခရာကို နောက် 'တိ'သို့ ကပ်ပြီးလျှင်" ဟု ရှိသည်။

http://www.cherrythitsar.org



မရှိသော မိစ္ဆာအရပ်၌သော်လည်း၊ လောက ကောင်းဖို့ တရားရှိလျှင် လောက စည်ပင် ဖြစ်ထွန်းတိုးပွားသည်။ ။ လောကုတ္တရာဖို့ ကောင်းရန် တရားရှိသော်လည်း လောကဖို့ ကောင်းရန် တရားကို မပြုလျှင် ဥစ္စာ၊ ရွှေ၊ ငွေ၊ ရဲမက် လက်နက်ကိုင်တို့နှင့် ပြည့်စုံ၍ လောက၌ကောင်းသော မည်သည် မဖြစ်နိုင်။ ။ ထို့ကြောင့် လောကုတ္တရာတရား ကောင်းအောင် ပြုလုပ်သော ရသေ့ ရဟန်းတို့မှာ ဥစ္စာ၊ ရွှေ၊ ငွေ၊ လူသူ လက်နက် မရှိနိုင်။ ဤ အဝိရောဓနတရား၊ သင်္ဂဟတရား တို့သည်လည်း လောကကောင်းကြောင်းတရားဖြစ်၍ ဤတရားကို ပြုလုပ်လျှင် မိစ္ဆာအရပ်မှာပင်ဖြစ်စေ၊ သမ္မာအရပ်မှာပင် ဖြစ်စေ၊ ဧကန် လောက ကောင်းမည် ကိုလည်း ယုံကြည်စိတ်ချရမည်။

## ၁၃။ သင်္ဂဟတရား လေးပါးကို ကျင့်နည်း

မင်းသာမက လူခပ်သိမ်းတို့ ကျင့်ဆောင်အပ်သော သင်္ဂဟတရားလေးပါးကို ဒီဃနိကာယ်၊ ပါထေယျဝဂ်၊ သိင်္ဂါလောဝါဒ[၁]သုတ် ပါဠိတော်၌ လည်းကောင်း၊ အင်္ဂုတ္တရပါဠိတော် နိပါတ်၌လည်းကောင်း ဟောတော်မူသည်။ ဟောတော်မူ ပုံကား. . .

> ‘ဒါနဉ္စ ပေယျဝဇ္ဇဉ္စ[၂]၊
> အတ္ထစရိယာ စ ယာဣဓ[၃]။
> သမာနတ္တတာ စ[၄] ဓမ္မေသု၊
> တတ္ထ တတ္ထ ယထာရဟံ။ ။
> ဧတေ ခေါ သင်္ဂဟာ လောကေ၊
> ရထဿာဏီဝ ယာယတော။ ။
> ဧတေ စ သင်္ဂဟာ နာဿု[၅]၊
> န မာတာ ပုတ္တကာရဏာ။

---

၁။ သူရိယမူ၌ ‘သိင်္ဂလသုတ်’ ဟု ရှိသည်။
၂။ သူရိယမူ၌ ‘ဝိယဝစ္စဉ္စ’ ဟူ၍လည်းကောင်း၊ ပုရပိုက်မူ၌ ပေယျဝဇ္ဇဉ္စ ဟူ၍ လည်းကောင်း ရှိသည်။ သင်္ဂါယနာတင်မူအရ ပြင်သည်။
၃။ သူရိယမူ၌ ‘အတ္ထစရိယာစ ဣဓံ’ ဟု ရှိသည်။
၄။ သူရိယမူ၌ ‘သမာနတ္တတာ’ ဟု ရှိသည်။
၅။ သူရိယမူ၌ ‘နတ္ထိ’ ဟူ၍လည်းကောင်း၊ ပုရပိုက်၌ နဿု ဟူ၍လည်းကောင်း ရှိသည်။

http://www.cherrythitsar.org



လဘေထ မာနံ[၁] ပူဇံ ဝါ၊
ပိတာ ဝါ ပုတ္တကာရဏာ။ ။
ယသ္မာ စ သင်္ဂဟေ ဧတေ၊
သမ္မပေက္ခန္တိ ပဏ္ဍိတာ၊
တသ္မာ မဟတ္တံ ပပ္ပေါန္တိ၊
ပါသံသာ စ ဘဝန္တိ တေတိ။ ။

ဟူ၍ သိင်္ဂါလောဝါဒ[၂] သုတ်၌ ဟောတော်မူ၏။

'က္ခ၊ ဤလောက၌။ ဓမ္မေသု၊ လူ့ကျင့်ဝတ်တရားတို့တွင်။ ဒါနဥ္စ၊ ပေးကမ်း စွန့်ကြဲခြင်းသည်လည်းကောင်း၊ ပေယျဝဇ္ဇဥ္စ၊ ချစ်ဖွယ်သောစကားကို ဆိုခြင်းသည် လည်းကောင်း။ ယာအတ္ထ စရိယာစ၊ အကြင်အကျိုးစီးပွားဖြစ်အောင် ပြုကျင့်ခြင်း သည်လည်းကောင်း။ သမာနတ္တတာစ၊ ကိုယ်တူပြုခြင်းသည်လည်းကောင်း။ ခေါ၊ စင်စစ်။ လောကေ၊ လောက၌။ ဧတေ သင်္ဂဟာ၊ ဤ သင်္ဂဟတရား လေးပါး တို့သည်။ ယထာရထံ၊ ထိုက်သည်အားလျော်စွာ။ တတ္ထ တတ္ထ၊ ထိုထိုသူတို့၌။ ယာယတော၊ သွားသော။ ရထဿ၊ ရထား၏။ အာဏီဝ၊ နပန်းစောင့်ကန့်လန့် ကဲ့သို့။ ဟောတိ၊ ဖြစ်၏။

'ဧတေစဝင်္ဂဟာ၊ ဤ သင်္ဂဟတရားလေးပါးတို့သည်။ ယသ္မိံ၊ အကြင် တစ်စုံတစ်ခုသော အရပ်ဒေသ၌။ နတ္ထိ၊ မရှိကုန်ငြားအံ့။ တသ္မိံ၊ ထိုအရပ်ဒေသ ၌။ ပုတ္တကာရဏာ၊ သားဟူသော အကြောင်းကြောင့်။ မာတာ၊ အမိသည်။ မာနံဝါ၊ သား၏ချစ်ခြင်းကိုလည်းကောင်း။ ပူဇံဝါ၊ သား၏ ပူဇော်ကန့်တော့ခြင်း ကိုလည်းကောင်း။ နလဘေထ၊ မရနိုင်ကုန်ရာ။ ပီတာဝါ၊ အဖသည်မူလည်း။ ပုတ္တကာရဏာ၊ သားဟူသော အကြောင်းကြောင့်။ မာနံဝါ၊ သား၏ချစ်ခြင်းကို လည်းကောင်း။ ပူဇံဝါ၊ သား၏ပူဇော်ကန်တော့ခြင်းကိုလည်းကောင်း။ နလဘေထ၊ မရနိုင်ရာ။ ။

'ယသ္မာစ၊ အကြင်သို့သော သင်္ဂဟတရားလေးပါး မရှိသော မိဘသည် သားသမီးတို့ကသော်လည်း ချစ်ခင်စုံမက် ပူဇော်ကန်တော့ခြင်းကို မရနိုင်ကုန် သော အကြောင်းကြောင့်။ ယေပဏ္ဍိတာ၊ အကြင်ပညာရှိတို့သည်။ ဧတေ သင်္ဂဟေ၊ ဤသင်္ဂဟတရား လေးပါးတို့ကို။ သမ္မပေက္ခန္တိ၊ တတ်အောင်ကြည့်ရှု သင်ကြား ကျင့်ဆောင်ကြကုန်၏။ တသ္မာ၊ ထိုသို့ သင်္ဂဟတရားလေးပါးကို

---

၁။ သူရိယမူ၌ 'မာနံဝါ' ဟု ရှိသည်။
၂။ သူရိယမူ၌ 'သိင်္ဂလသုတ်' ဟု ရှိသည်။

http://www.cherrythitsar.org



ကျင့်ဆောင်သောကြောင့်။ တေပဏ္ဍိတာ၊ ထိုပညာရှိတို့သည်။ မဟတ္တံ၊ ကြီးမား မြင့်မြတ်သော အဖြစ်သို့။ ပပ္ပေါန္တိ၊ ရောက်ကြကုန်၏။ ပါသံသာစ၊ လူအပေါင်းတို့ ချီးမွမ်းကြကုန်သည်လည်း။ ဘဝန္တိ၊ ဖြစ်ကုန်၏’။ ။

ရထားဝင်ရိုး ဝဲယာ၌ ပုံတောင်းနှင့်တကွသော ဘီးကိုထပ်၍ ပုံတောင်းပြင်သို့ ထွက်သော ဝင်ရိုးစွန်း၌ အပေါက်ဖောက်၍ ရထားဘီးပြင်သို့ မထွက်နိုင်အောင် တိုးလျှိုထားသော ကန့်လန့်သည် ‘အာဏိ’ မည်၏။ နပန်းစောင့် ခေါ်ကြသည်။ ။ ဤနပန်းစောင့် မရှိလျှင် ရထားသည် မသွားနိုင်၊ ရထားသွားလျှင် ဘီးကျွတ်၍ ထွက်သည်၊ ဤနပန်းစောင့်သည် ဘီးမထွက်နိုင်အောင် ထားသော ကန့်လန့် ဖြစ်သည်။ ။ ဤ သင်္ဂဟတရားလေးပါးတို့သည်လည်း လောကဟူသော ရထား၏ နပန်းစောင့်သဖွယ် ဖြစ်သည်၊ နပန်းစောင့်မရှိလျှင် ရထားမသွားနိုင် ပျက်စီး သကဲ့သို့ ဤသင်္ဂဟတရားလေးပါး မရှိလျှင် လောက ပျက်စီးသည်။ ထိုထိုသို့သော သူတို့၌ ဤသင်္ဂဟတရားလေးပါးတို့ကို ထိုက်သည်အားလျော်စွာ ကျင့်ရမည်ဟု ဟောတော်မူသောကြောင့် လောက၌ လူမျိုးလေးမျိုးရှိသည်။

၁။ အချို့သောသူသည် ဥစ္စာ ပစ္စည်းပေးကမ်းမှု ကြိုက်သည်၊ အခြား အကြောင်းကို အလိုမရှိ။

၂။ အချို့သောသူသည် ချစ်ဖွယ်ကို ဆိုမှု ကြိုက်သည်၊ အခြားအကြောင်း ကို အလိုမရှိ။

၃။ အချို့သောသူသည် အကျိုးစီးပွားဖြစ်အောင် စောင်မကြည့်ရှုမှု ကြိုက်သည်၊ အခြားအကြောင်းကို အလိုမရှိ။

၄။ အချို့သောသူသည် ကိုယ်နှင့်အတူ ပြုမှု ကြိုက်သည်၊ အခြားအကြောင်း ကို အလိုမရှိ။

ဤကဲ့သို့ လောက၌ လူလေးမျိုးရှိသည်နှင့် လျော်စွာ သင်္ဂဟတရားလေးပါး ကို ဟောတော်မူသည်။ ။ များသောအားဖြင့် ကျေးကျွန်သင်းပင်း လူဆင်းရဲ တို့သည် ဥစ္စာပစ္စည်း ပေးကမ်းခြင်းကိုသာ ကြိုက်သည်။ ။ ဥစ္စာပစ္စည်းနှင့် ပြည့်စုံပြီးသော ကုန်သည်ကြီး သူဌေးကြီးတို့သည်မူကား ဥစ္စာပစ္စည်း ပေးကမ်းခြင်း ထက် ချိုသာနာပျော်ချစ်ဖွယ်သော စကားဖြင့် ပြောဆိုမေးမြန်းခြင်းကို ကြိုက်သည်။ ။ ပြည့်စုံ ကြွယ်ဝပြီးသော မင်းခစားယောကျ်ားတို့သည် လက်ကိုင်ပေး ဥစ္စာပစ္စည်း၊ ချိုသာနာပျော်ပြောဆိုသည်များထက်၊ မြို့ပြပြည်ရွာ၊ ဘွဲ့အမည် အရည်၊ ရာထူးဌာနန္တရ ချီးမြှောက်ခြင်း အစရှိသော အကျိုးစီးပွား ဖြစ်ထွန်းအောင် ကျင့်ခြင်း အတ္တစရိယာကို ကြိုက်သည်။ ။ အချို့သော ကုန်သည်ကြီး၊ သူဌေးကြီး တို့သည်လည်း ကူးသန်းရောင်းဝယ်ခြင်း၌ အကျိုးစီးပွား ဖြစ်ထွန်းအောင် စောင့်မ

http://www.cherrythitsar.org


ကြည့်ရှုခြင်းဟူသော အတ္တစရိယာကို ကြိုက်သည်။ ။ ကိုယ်နှင့် ရာထူးဌာနန္တရ၊ ဥစ္စာအင်ခွင်၊ အစွမ်းသတ္တိ၊ ဂုဏ်ရည်တူသော သူတို့သည်မူကား လာရောက်တွေ့ကြုံလျှင် ကိုယ့်နေရာနှင့်နေရာတူပေးခြင်း၊ အတူစားခြင်း၊ အတူသွားခြင်း အစရှိသော ကိုယ်နှင့်အတူပြုခြင်း သမာနတ္တကို ကြိုက်သည်။ ။ ဤသို့ လောက၌ လူတို့ ကြိုက်နှစ်သက်ရာအလိုက် ဤသင်္ဂဟတရားလေးပါးတို့ကို ကျင့်ဆောင်လျှင်၊ ကြီးမားမြင့်မားခြင်းသို့ ရောက်၍ လောက၏ ချီးမွမ်းခြင်းကို ခံရကုန်သည်။

သားသမီးပင်ဖြစ်သော်ငြား မိဘတို့သည် အလိုအလျောက် အရွယ်အလိုက် ဤသင်္ဂဟတရားလေးပါးတို့ကို ပြုကျင့်အပ်ကုန်သည်၊ သားသမီးတို့သည်လည်း မိဘတို့၌ ပြုကျင့်အပ်ကုန်သည်။ ။ အဆွေခင်ပွန်းချင်း၊ အရှင်နှင့်ကျွန်၊ ဆရာနှင့် တပည့်တို့သည် ထိုက်သည်အားလျော်စွာ ဤသင်္ဂဟတရားလေးပါးဖြင့် တစ်ဦးကို တစ်ဦး ချီးမြှောက်သိမ်းပိုက်အပ်ကုန်သည်။

သားသမီးတို့၌လည်း ငယ်ရွယ်စဉ်ကာလ အစားအသောက်တို့ဖြင့် ပေးကမ်းကျွေးမွေးရသည်။ ။ အတော်ကြီးလျှင် အဝတ်ပုတီး၊ နားတောင်း အစရှိသည် တို့ဖြင့် ပေးကမ်းချီးမြှောက်ရသည်။ ။ အတော်ကြီးပြန်လျှင် သင့်တင့်သော မယားတို့ကို ရှာ၍ပေးရသည်။ ။ အိမ်ထောင် ကွဲပြန်လျှင်[၁] ထိုသားသမီးတို့ အစဉ်ချမ်းသာရစ်အောင် စီးပွားဖြစ်ရစ်အောင် မစကြည့်ရှုရသည်။ ။ သားသမီးချင်းပင်သော်လည်း ကြီးစဉ်ငယ်လိုက် ပေးကမ်းကြည့်ရှုမစရသည်။ ။ ဤကဲ့သို့ မပြုလျှင် မိဘကိုသော်လည်း သားသမီးတို့သည် မစုံမမက်နိုင်၊ မရိုမသေနိုင် ဖြစ်လေသည်။

## ၁၄။ လူကုန်ခန်းကြောင်း တရားသုံးပါး

တိုင်းပြည်နိုင်ငံ၌ အစားအသောက် အသုံးအဆောင် တိုက်အိမ် မြို့ပြတို့ကို အများအပြား အကြီးအကျယ် ဖြစ်စေလိုလျှင်၊ လူကို များပြားအောင်၊ လူတိုးပွား စည်ပင်အောင်ကိုသာ နှလုံးထား၍၊ နိုင်ငံအတွင်း လူအများအပြား ဝင်နေလာရောက်ရန် အကြောင်းကို အလွန်သတိထားပြီးလျှင် လုပ်ဆောင်ကြရလိမ့်မည် ဖြစ်သော ကြောင့် မြတ်စွာဘုရားသည် ဟောကြားတော်မူအပ်သော လူပြည်၌ လူနည်းကြောင်း လူကုန်ခန်းကြောင်း တရားသုံးပါးကို ကောင်းမွန်စွာ သိအောင်ပြု၍ သတိထားအပ်သည်။ ။ လူပြည်၌ လူနည်းကြောင်း၊ လူကုန်ခန်းကြောင်း တရားသုံးပါးကို အင်္ဂုတ္တိုရ်ပါဠိတော်တိက နိပါတ် ပလောကသုတ်၌ -

---

၁။ သူရိယမှု၌ 'အိမ်ထောင်ခွဲပြန်လျှင်' ဟု ရှိသည်။

http://www.cherrythitsar.org


ဧဝံ မေ သုတံ။ ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ။ ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ။ အထ ခေါ အညတရော ဗြဟ္မဏ မဟာသာလော။ ယေန ဘဂဝါ တေနုပသင်္ကမိ ဥပသင်္ကမိတွာ ဘဂဝန္တံ အဘိဝါဒေတွာ ဧကမန္တံ နိသီဒိ။ ဧကမန္တံ နိသိန္နော ခေါ သော ဗြဟ္မဏ မဟာ သာ လော ဘဂဝန္တံ ဧတဒဝေါစ။ 'သုတံ မေ တံ ဘောဂေါတမေ ပုဗ္ဗကာနံ ဗြဟ္မဏာနံ ဝုဒ္ဓါနံ မဟလ္လကာနံ အာစရိယ ပါစရိယာနံ ဘာသမာနာနံ။ ပုဗ္ဗေသုဒံ အယံလောကော အဝီစိမညေ ဖုဋော အဟောသိ။ မနုဿေဟိ ကုက္ကုဋသံ ပါတိကာ ဂါမနိ ဂမ ရာဇဓာနိယော တိ၊ ကော နု ခေါ ဘော ဂေါတမ ဟေတု ကော ပစ္စယော ယေနေတရဟိ မနုဿာနံ ခယော ဟောတိ၊ တနုတ္တံ ပညာယတိ ဂါမာပိ အဂါမာ ဟောန္တိ၊ နိဂမာပိ အနိဂမာ ဟောန္တိ၊ နဂရာပိ အနဂရာ ဟောန္တိ၊ ဇနပဒါပိ အဇနပါဒ ဟောန္တိ' တိ။

'ဧတရဟိ ဗြဟ္မဏ မနုဿာ၊ အဓမ္မရာဂရတ္တာ ဝိသမလော ဘာဘိဘူတာ မိစ္ဆာဓမ္မ ပရေတာ တေ အဓမ္မရာ ဂရတ္တာ ဝိသမလော ဘာဘိဘူတာ မိစ္ဆာဓမ္မပရေတာ တိဏှာနိ သတ္ထာနိ ဂဟေတွာ အညမညံ ဇီဝိတာ ဝေါရောပေန္တိ၊ တေန ဗဟူ မနုဿာ ကာလံ ကရောန္တိ၊ အယမ္ပိခေါ ဗြဟ္မဏ ဟေတု အယံ ပစ္စယော၊ ယေနေ တရဟိ မနုဿာနံ ခယော ဟောတိ။ တနုတ္တံ ပညာယတိ၊ ဂါမာပိ အဂါမာ ဟောန္တိ၊ နိဂမာပိ အနိဂမာ ဟောန္တိ၊ နဂရာပိ အနဂရာ ဟောန္တိ၊ ဇနပဒါပိ အဇနပဒါ ဟောန္တီ'တိ။

'ပုနစပရံဗြဟ္မဏ ဧတရဟိ မနုဿာ အဓမ္မရာဂရတ္တာ ဝိသမလောဘာဘိဘူတာ မိစ္ဆာဓမ္မပရေတာ။ တေသံ အဓမ္မ ရာဂရတ္တာနံ ဝိသမလောဘာဘိဘူတာနံ မိစ္ဆာဓမ္မ ပရေတာနံ ဒေဝေါ န သမ္မာဓာရံ အနုပ္ပဝစ္ဆတိ၊ တေန ဒုဗ္ဘိက္ခံ ဟောတိ၊ ဒုဿဿံ သေတဋ္ဌိကံ သလာကာ ဝုတ္တံ၊ တေန ဗဟူ မနုဿာ ကာလံ ကရောန္တိ၊ အယမ္ပိ ခေါ ဗြဟ္မဏ ဟေတု အယံ ပစ္စယော၊ ယေနေတရဟိ မနုဿာနံ ခယော ဟောတိ၊ တနုတ္တံ ပညာ ယတိ၊ ဂါမာပိ အဂါမာ ဟောန္တိ၊ နိဂမာပိ အနိဂမာ ဟောန္တိ၊ နဂရာပိ အနဂရာဟောန္တိ၊ ဖနပဒါပိ အဇနပဒါ ဟောန္တိ။ ပုနစပရံ ဗြဟ္မဏ ဧတရဟိ မနုဿာ အဓမ္မရာဂ ရတ္တာ ဝိသမလောဘာဘိဘူတာ မိစ္ဆာဓမ္မပရေတာ။ တေသံ အဓမ္မ ရာဂရတ္တာနံ ဝိသမလောဘာဘိဘူတာနံ မိစ္ဆာဓမ္မပရေတာနံ ယက္ခာ ဝါဠေ အမနုဿေ ဩဿဇ္ဇန္တိ၊ တေန ဗဟူ မနုဿာ ကာလံ ကရောန္တိ။ အယမ္ပိ ခေါ ဗြဟ္မဏ ဟေတု အယံ ပစ္စယော ယေနေ တရဟိ မနုဿာနံ ခယော ဟောတိ၊ တနုတ္တံ ပညာယတိ၊ ဂါမာပိ အဂါမာ ဟောန္တိ၊

http://www.cherrythitsar.org


နိဂမာပိ အနိဂမာ ဟောန္တိ၊ နဂရာပိ အနဂရာ ဟောန္တိ၊ ဇနပဒါပိ အဇနပဒါ ဟောန္တီ’ တိ။

အဘိက္ကန္တံဘောဂေါတမ၊ အဘိက္ကန္တံဘောဂေါတမ၊ သေယျထာပိ ဘော ဂေါတမ နိကုဇ္ဇိတံ ဝါ ဥက္ကုဇ္ဇေယျ၊ ပိဋ္ဌိတံ ဝါ ဝိဝရေယျ၊ မူဠှဿဝါ မဂ္ဂံ အာစိက္ခေယျ၊ အန္ဓကာရေ ဝါ တေလ ပဇ္ဇောတံ ဓာရေယျ ‘စက္ခုမန္တော ရူပါနိဒက္ခန္တီ’ တိ၊ ဧဝ မေဝ ဘောတာ ဂေါတမေန အနေက ပရိယာယေန ဓမ္မော ပကာသိတော။ ဧသောဟံ ဘဝန္တံ ဂေါတမံ သရဏံ ဂစ္ဆာမိ၊ ဓမ္မဉ္စ ဘိက္ခုသံဃဉ္စ ဥပါသကံ မံ ဘဝံ ဂေါတမော ဓာရေတု အဇ္ဇတဂ္ဂေ ပါဏုပေတံ သရဏံ ဂတန္တိ။ ။ ဟူ၍ ဟောတော်မူ၏။

ဧဝံ၊ ဤဆိုလတ္တံ့သည့်အတိုင်း။ မေ၊ အကျွန်ုပ် အာနန္ဒာသည်။ သုတံ၊ နာခံမှတ်သားလိုက်ရ၏။ ဧကံ၊ တစ်ပါးသော။ သမယံ၊ အခါ၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ သာဝတ္ထိယံ၊ သာဝတ္ထိပြည်၌။ အနာထပိဏ္ဍိကဿ၊ အနာထပိဏ်သူဌေး၏။ အာရမေ၊ အရံဖြစ်သော။ ဇေတဝနေ၊ ဇေတဝန်ကျောင်းတော်၌၊ ဝိဟရတိ၊ နေတော်မူ၏။ အထခေါ၊ ထိုသို့ နေတော်မူသောအခါ၌။ အညတြော၊ အမျိုးအမည်အားဖြင့် မထင်ရှားသော။ ပြဟ္မဏ မဟာသာလော။ ပုဏ္ဏားသူဌေးတစ်ယောက်သည်။ ယေန၊ အကြင် ဇေတဝန်ကျောင်းတော်၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဝိဟရတိ၊ နေတော်မူ၏။ တေန၊ ထိုဘုရားရှိရာ ဇေတဝန်ကျောင်းတော်သို့။ ဥပသင်္ကမိ၊ ကပ်လေ၏။ ဥပသင်္ကမိတွာ၊ ကပ်ပြီး၍။ ဘဂဝန္တံ၊ မြတ်စွာဘုရားကို။ အဘိဝါဒေတွာ၊ ရိုသေစွာ ရှိခိုးပြီး၍၊ ဧကမန္တံ၊ တစ်ခုသောနေရာ၌။ နိသီဒိ၊ ထိုင်နေ၏။ နိသိန္နောခေါ၊ ထိုင်နေပြီးသော။ သောပြာဟ္မဏမဟာသာလော၊ ထိုပုဏ္ဏားသူဌေးသည်။ ဘဂဝန္တံ၊ မြတ်စွာဘုရားကို။ ဧဝံ၊ ဤဆိုလတ္တံသော စကားကို။ အဝေါစ၊ လျှောက်၏။

ဘောဂေါတမ၊ အရှင်ဂေါတမ။ ပုဗ္ဗကာနံ၊ ရှေး၌ဖြစ်ကုန်သော။ ဗုဒ္ဓါနံ၊ ဉာဏ်ပညာကြီးကုန်သော။ မဟလ္လကာနံ၊ အသက်ကြီးကုန်သော။ အာစရိယ ပါစရိယာနံ၊ ဆရာ၏ဆရာဖြစ်ကုန်သော။ ပြဟ္မဏာနံ၊ ပုဏ္ဏားတို့၏။ ပုဗ္ဗေ၊ ရှေးအခါ၌။ အယံလောကော၊ ဤလောကသည်။ အဝီစိမညေ၊ အဝီစိငရဲ ထင်မိ၏။ မနုဿေဟိ၊ လူတို့ဖြင့်။ ဖုဋော၊ ပြည့်သည်။ အဟောသိ၊ ဖြစ်၏။ ဂါမနိဂမရာဇ ဌာနိယော၊ ရွာ၊ နိဂုံး၊ မင်းနေပြည်တို့သည်။ ကုက္ကုဋသံပါတိကာ၊ တစ်ရွာမှ တစ်ရွာ တစ်မြို့မှ တစ်မြို့သို့ ကြက်ပျံတစ်ကျခန့်မျှသာ ကွာကုန်၏။ ဣတိ၊ ဤသို့။ ဘာသမာနံ၊ ပြောဆိုသော။ ဧတံ၊ ဤစကားကို။ သုတံ၊ ကြားရဖူး၏။

http://www.cherrythitsar.org


ဘောဂေါတမ၊ အရှင်ဂေါတမ။ ဧတရဟိ၊ ယခုအခါ၌။ ယေန၊ အကြင် အကြောင်းကြောင့်။ မနုဿာနံ၊ လူတို့၏။ ခယော၊ ကုန်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ တနုတ္တံ၊ နည်းသောအဖြစ်သည်။ ပညာယတိ၊ ထင်ရှား၏။ ဂါမာပိ၊ ရွာတို့သည်လည်း။ အဂါမာ၊ ရွာမဟုတ်ကုန်သည်။ ဟောတိ၊ ဖြစ်ကုန်၏။ နိဂမာပိ၊ နိဂုံးတို့သည်လည်း၊ အနိဂမာ၊ နိဂုံးမဟုတ်ကုန်သည်။ ဟောတိ၊ ဖြစ်ကုန် ၏။ နာဂရာပိ၊ မြို့တို့သည်လည်း။ အနဂရာ၊ မြို့မဟုတ်ကုန်သည်။ ဟောတိ၊ ဖြစ်ကုန်၏။ ဇနပဒါပိ၊ ဇနပုဒ်တို့သည်လည်း။ အဇနပဒါ၊ ဇနပုဒ်မဟုတ်ကုန် သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣတိ၊ ဤသို့ဖြစ်သော။ ဟေတု၊ အကြောင်းကား။ ကော၊ အဘယ်နည်း။ ပစ္စယော၊ အထောက်အပံ့သည်။ ကော၊ အဘယ်နည်း။ ဣတိ၊ ဤသို့။ အဝေါစ၊ လျှောက်၏။

ဗြဟ္မဏာ၊ ပုဏ္ဏားး။ ဧတရဟိ၊ ယခုအခါ၌။ မနုဿာ၊ လူတို့သည်။ အဓမ္မ ရာဂ ရတ္တာ၊ မတပ်ကောင်းသော မိထွေး၊ မိကြီး၊ အရီး၊ သူ့မယား စသည်တို့ကို တပ်ကုန်၏။ ဝိသမလောဘာဘိဘူတာ၊ မရထိုက် မယူထိုက်သော ဥစ္စာပစ္စည်းကို ရလိုခြင်း ဝိသမလောဘဖြင့် နှိပ်စက်အပ်ကုန်၏။ မိစ္ဆာဓမ္မပရေတာ၊ လူတို့ ကျင့်ဝတ်တရားကို မကျင့်၊ မှားသောတရားနှင့် ပြည့်စုံကုန်၏။ အဓမ္မရာဂ ရတ္တာ၊ မတပ်သင့်ကောင်းသော မိထွေး မိကြီး၊ အရီး၊ သူ့မယား စသည်တို့ကို တပ်ကုန် သော။ ဝိသမလောဘာဘိဘူတာ၊ မရထိုက် မယူထိုက်သော ဥစ္စာ ပစ္စည်းတို့ကို ရလိုခြင်း ဝိသမလောဘဖြင့် နှိပ်စက်အပ်ကုန်သော။ မိစ္ဆာဓမ္မ ပရေတာ၊ လူတို့ ကျင့်ဝတ်တရားကို မကျင့်၊ မှားသောတရားနှင့် ပြည့်စုံကုန်သော။ တေ၊ ထို လူတို့လည်း။ တိဏှာနိ၊ ထက်ကုန်သော။ သတ္ထာနိ၊ ဓား စသော လက်နက် တို့ကို။ ဂဟေတွာ၊ ကိုင်၍။ အည မညဿ၊ အချင်းချင်း၏။ ဇီဝိတာ၊ အသက်မှ။ ဝေါရာပေန္တိ၊ ချကုန်၏။ တေန၊ ထိုသို့ အချင်းချင်း တိုက်ခိုက် သတ်ဖြတ်သောကြောင့်။ ဗဟုမနုဿာ၊ များစွာသော လူတို့သည်။ ကာလံ ကရောန္တိ၊ သေကြကုန်၏။

ဗြဟ္မဏာ၊ ပုဏ္ဏားး။ ဧတရဟိ၊ ယခုအခါ၌။ ယေန၊ အကြင်တစ်စုံတစ်ခုသော အကြောင်းကြောင့်။ မနုဿာနံ၊ လူတို့၏။ ခယော၊ ကုန်ခန်းခြင်းသည်။ ဟောတိ၊ ဖြစ်၏။ တနုတ္တံ၊ နည်းသောအဖြစ်သည်။ ပညာယတိ၊ ထင်ရှား၏။ ဂါမာပိ၊ ရွာတို့သည်လည်း။ အဂါမာ၊ ရွာမဟုတ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ နိဂမာပိ၊ နိဂုံးတို့သည်လည်း။ အနိဂမာ၊ နိဂုံးမဟုတ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ နဂရာပိ၊ မြို့တို့သည်လည်း။ အနဂရာ၊ မြို့မဟုတ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဇနပဒါပိ၊ ဇနပုဒ်တို့သည်လည်း။ အဇနပဒါ၊ ဇနပုဒ် မဟုတ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣတိ၊ ဤသို့ဖြစ်သော။ ဟေတု၊

http://www.cherrythitsar.org


အကြောင်းသည်ကား။ အယံပိခေါ၊ ဤဆိုပြီးသော အချင်းချင်း သတ်ဖြတ်ခြင်း သည်ပင်တည်း။ ပစ္စယော၊ အထောက်အပံ့သည်။ အယံ၊ ဤအချင်းချင်း သတ်ဖြတ်ခြင်းသည်ပင်တည်း။ ။

ပြဟ္မဏ၊ ပုဏ္ဏား။ ပုနစပရံ၊ တစ်ဖန်တစ်ပါးတုံ။ ဧတရဟိ၊ ယခုအခါ၌။ မနုဿာ၊ လူတို့သည်။ အဓမ္မရာဂရတ္တာ၊ မတပ်ကောင်းသော မိထွေး၊ မိကြီး၊ အရီး၊ သူ့မယား စသည်တို့ကို တပ်ကုန်၏။ ဝိသမလောဘာဘိဘူတာ၊ မရထိုက်သော ဥစ္စာပစ္စည်းကို ရလိုခြင်း ဝိသမလောဘဖြင့် နှိပ်စက်အပ်ကုန်၏။ မိစ္ဆာဓမ္မပရေတာ၊ လူတို့ကျင့်ဝတ်တရားကို မကျင့်၊ မှားသောတရားနှင့် ပြည့်စုံကုန်၏။ အဓမ္မရာဂရတ္တာနံ၊ မတပ်ကောင်းသော မိထွေး၊ မိကြီး၊ အရီး၊ သူ့မယား စသည်တို့ကို တပ်ကုန်သော။ ဝိသမလောဘာဘိဘူတာနံ၊ မရထိုက် မယူထိုက်သော ဥစ္စာပစ္စည်းကို ရလိုခြင်း ဝိသမလောဘဖြင့် နှိပ်စက်အပ်ကုန်သော။ မိစ္ဆာဓမ္မပရေတာနံ၊ လူတို့ကျင့်ဝတ်တရားကို မကျင့်မှားသော တရားနှင့် ပြည့်စုံကုန်သော။ တေသံ၊ ထိုလူတို့၏။ ဒေဝေါ၊ အရပ်၌။ ဒေဝေါ၊ မိုးသည်။ သမ္မာဓာရံ၊ ကောင်းစွာသော အယဉ်ကို။ နအနုပ္ပဝစ္ဆတိ၊ မရွာ။ တေန၊ ထို မိုးကောင်းစွာ မရွာသောကြောင့်။ ဒုဗ္ဘိက္ခံ၊ ဆန်ရှားသည်။ ဟောတိ၊ ဖြစ်၏။ ဒုဿဿံ၊ စပါး၊ ပြောင်း၊ ပဲ အပင်မကောင်းသည်။ ဟောတိ၊ ဖြစ်၏။ သေတဋ္ဋိတံ၊ ပိုးကျသော ကြောင့် ဖလံဖြူလိုက်သည်။ ဟောတိ၊ ဖြစ်၏။ သလာကာဝုတ္တံ၊ အသီးမရ အသီးတံ အရိုးချည်းရှိသည်။ ဟောတိ၊ ဖြစ်၏။ တေန၊ ထို့ကြောင့်။ ဗဟူမနုဿာ၊ များစွာသော လူတို့သည်။ တာလံကရောန္တိ၊ သေကြကုန်၏။

ပြဟ္မဏ၊ ပုဏ္ဏား။ ဧတရဟိ၊ ယခုအခါ၌။ ယေန၊ အကြင်တစ်စုံတစ်ခု သော အကြောင်းကြောင့်။ မနုဿာနံ၊ လူတို့၏။ ခယော၊ ကုန်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ တနုတ္တံ၊ နည်းသောအဖြစ်သည်။ ပညာယတိ၊ ထင်ရှား၏။ ဂါမာပိ၊ ရွာတို့သည်လည်း။ အဂါမာ၊ ရွာမဟုတ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ နိဂမာပိ၊ နိဂုံးတို့သည်လည်း။ အနိဂမာ၊ နိဂုံးမဟုတ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ နဂရာပိ၊ မြို့တို့သည်လည်း။ အနဂရာ၊ မြို့မဟုတ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဇနပဒါပိ၊ ဇနပုဒ်တို့သည်လည်း။ အဇနပဒါ၊ ဇနပုဒ်မဟုတ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣတိ၊ ဤသို့ဖြစ်သော။ ဟေတု၊ အကြောင်းကား၊ အယမ္ပိခေါ၊ ဤမိုးခေါင်၍ ဆန်ရေ အစားအသောက် ရှားခြင်းပင်တည်း။ ပစ္စယော၊ အထောက်အပံ့ကား။ အယံ၊ ဤမိုးခေါင်၍ ဆန် ရေ အစားအသောက် ရှားခြင်းပင်တည်း။

ပြဟ္မဏ၊ ပုဏ္ဏား။ ပုနစပရံ၊ တစ်ဖန်တစ်ပါးတုံ။ ဧတရဟိ၊ ယခုအခါ၌။ မနုဿာ၊ လူတို့သည်။ အဓမ္မရာဂ ရတ္တာ၊ မတပ်သင့်သော မိထွေး၊ မိကြီး၊ အရီး၊

http://www.cherrythitsar.org



သူ့မယား စသည်တို့ကို တပ်ကုန်၏။ ဝိသမလောဘာဘိဘူတာ၊ မရထိုက် မယူထိုက်သော ဥစ္စာပစ္စည်းကို ရလိုခြင်း ဝိသမလောဘဖြင့် နှိပ်စက်အပ်ကုန်၏။ မိစ္ဆာဓမ္မပရေတာ၊ လူတို့ကျင့်ဝတ်တရားကို မကျင့်၊ မှားသောတရားနှင့် ပြည့်စုံကုန်၏။ အဓမ္မရာဂရတ္တာနံ၊ မတပ်သင့်သော မိထွေး၊ မိကြီး၊ အရီး၊ သူ့မယား စသည်တို့ကို တပ်ကုန်သော။ ဝိသမလောဘာဘိဘူတာနံ၊ မရထိုက် မယူထိုက်သော ဥစ္စာပစ္စည်းကို ရလိုခြင်း ဝိသမလောဘဖြင့် နှိပ်စက်အပ်ကုန်သော။ မိစ္ဆာဓမ္မပရေတာနံ၊ လူတို့ကျင့်ဝတ်တရားကို မကျင့်၊ မှားသောတရားနှင့် ပြည့်စုံကုန်သော။ တေသံ၊ ထိုလူတို့၏။ ဒေဝေါ၊ အရပ်၌။ ယက္ခာ၊ နတ်မင်းတို့သည်။ ဝါဠေ၊ ကြမ်းကြုတ်ကုန်သော။ အမနုဿေ၊ ဘီလူးတို့ကို။ ဩဿဇ္ဇန္တိ၊ လွှတ်ကြကုန်၏။ တေန၊ ထိုဘီလူးကြမ်းတို့ကို လွှတ်သောကြောင့်။ ဗဟူမနုဿာ၊ များစွာသော လူတို့သည်။ ကာလံကရောန္တိ၊ သေကြကုန်၏။ ဗြဟ္မဏ၊ ပုဏ္ဏား။ ယေန၊ အကြင်ကြောင့်၊ ဧတရဟိ၊ ယခုအခါ၌။ မနုဿာနံ၊ လူတို့၏။ ခယော၊ ကုန်ခန်းခြင်းသည်။ ဟောတိ၊ ဖြစ်၏။ တနူတ္တံ၊ နည်းသောအဖြစ်သည်။ ပညာယတိ၊ ထင်ရှား၏။ ဂါမာပိ၊ ရွာတို့သည်လည်း။ အဂါမာ၊ ရွာမဟုတ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ နိဂမာပိ၊ နိဂုံးတို့သည်လည်း။ အနိဂမာ၊ နိဂုံးမဟုတ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ နဂရာပိ၊ မြို့တို့သည်လည်း။ အနဂရာ၊ မြို့မဟုတ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဇနပဒါပိ၊ ဇနပုဒ်တို့သည်လည်း။ အဇနပဒါ၊ ဇနပုဒ်မဟုတ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ဣတိ၊ ဤသို့ဖြစ်သော။ ဟေတု၊ အကြောင်းကား။ အရမ္မိခေါ၊ ဤဘီလူးကြမ်းတို့ကို လွှတ်ခြင်းပင်တည်း။ ပစ္စယော၊ အထောက်အပံ့ကား။ အယံ၊ ဤဘီလူးကြမ်းတို့ပင်တည်း။ ဣတိ၊ ဤသို့။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဝုတ္တေ၊ ဟောတော်မူအပ်သည်ရှိသော်။ ဘောဂေါတမ၊ အရှင်ဂေါတမ။ အဘိက္ကန္တံ၊ အလွန်[1] နှစ်သက်ဖွယ် ရှိပေ၏။

ဘောဂေါတမ၊ အရှင်ဂေါတမ။ (အဘိက္ကန္တံ၊ အလွန်နှစ်သက်ဖွယ် ရှိပေ၏။ ဘောဂေါတမ၊ အရှင်ဂေါတမ)[2] သေယျထာပိ၊ ဥပမာကား။ နိက္ကုဇ္ဇိတံ၊ မှောက်၍ထားသော အိုး ခွက် စသည်ကို။ ဥက္ကုဇ္ဇေယျဝါ၊ လှန်၍ပြသကဲ့သို့လည်းကောင်း။ ပဋိစ္ဆန္နံ၊ ပိတ်ဖုံး၍ထားအပ်သော ဝတ္ထုကို။ ဝိဝရေယျဝါ၊ လှစ်၍ပြသကဲ့သို့လည်းကောင်း။ မူဠှဿ၊ လမ်းမှားသောသူအား။ မဂ္ဂံ၊ လမ်းကို။ အာစိက္ခေယျဝါ၊ ပြောကြားသကဲ့သို့လည်းကောင်း။ စက္ခုမန္တော၊ မျက်စိနှင့် ပြည့်စုံကုန်သော သူတို့

---

၁။ ပုရပိုက်မူ၌ 'အလွန်' ဟူသော စကားမပါ၊ သူရိယမူ၌ ပါသည်။

၂။ သူရိယမူ၌ ဤစကားရပ်များ မပါ။

http://www.cherrythitsar.org



သည်။ အန္ဓကာရေ၊ အမိုက်တိုက်၌။ ရူပါနိ၊ ရူပါရုံတို့ကို။ ဒက္ခန္တိ၊ မြင်ကုန်လတ္တံ့။ ဣတိ၊ ဤသို့နှလုံးသွင်း၍။ တေလပဇ္ဇောတံ၊ ဆီမီးတောက်ကို။ ဓာရေ ယျဝါ၊ ဆောင်ယူသကဲ့သို့ လည်းကောင်း။ ဧဝမေဝ၊ ဤအတူ သာလျှင်။ ဘောတာဂေါတမေန၊ ရှင်ဂေါတမသည်။ အနေကပရိယာယေန၊ များစွာသော အကြောင်းဖြင့်။ ဓမ္မော၊ လူရှားကြောင်း တရားသုံးပါးကို။ ပကာသိတော၊ ပြတော်မူအပ်၏။ ဧသောဟံ၊ ထို အကျွန်ုပ်သည်။ ဘဂဝန္တံဂေါတမံ၊ အရှင်ဂေါတမကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။ ဓမ္မဉ္စ၊ ဆယ်ပါးသော တရားတော်ကိုလည်းကောင်း။ ဘိက္ခုသံဃဉ္စ၊ ရှစ်ယောက်သောအရိယာ သံဃာတော်ကိုလည်းကောင်း။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။ ဘဂဝံဂေါတမော၊ အရှင်ဂေါတမသည်။ မံ၊ အကျွန်ုပ်ကို။ ဥပါသကံ၊ ဒါယကာ ဟူ၍။ ဓာရေတု၊ မှတ်တော်မူပါလော။ အဇ္ဇတဂ္ဂေ၊ ယနေ့ကို အစပြု၍။ ပါဏုပေတံ၊ အသက်ရှည်သမျှ ကာလပတ်လုံး။ သရဏံ၊ ကိုးကွယ်ရာဟူ၏။ ဂတံ၊ ဆည်းကပ်ပါ၏။[၁]

ဤသို့ ဟောတော်မူသော ပါဠိတော်၏ အဓိပ္ပာယ်သော်ကား -

၁။ မိထွေး၊ မိကြီး၊ အရီး၊ သူ့မယား စသော မတပ်အပ်သော မိန်းမတို့၌ တပ်ခြင်း၊ အခြားသူတို့၏ မယား မာတုရက္ခိတ စသော ၂၀ ကုန်သော မိန်းမတို့၌ သွားလာ လွန်ကျူးခြင်း ဟူသော 'အဓမ္မရာဂ'။

၂။ မိမိ ယူထိုက်၊ ရထိုက်၊ ရသင့်သည်သာမက၊ မယူသင့် မရသင့်သည် ကို ကောက်ကျစ်စဉ်းလဲ၍သော်လည်းကောင်း၊ နှိပ်စက်လွှမ်းမိုး၍သော် လည်းကောင်း၊ ရအောင်ယူလိုခြင်း 'ဝိသမလောဘ'။

၃။ သခင်ဝတ်၊ ကျွန်ဝတ်၊ ဆရာဝတ်၊ တပည့်ဝတ်၊ လင်ဝတ်၊ မယားဝတ် အစရှိကုန်သော သိင်္ဂါလောဝါဒသုတ် စသည်တို့၌ ဟောတော်မူအပ် ကုန်သော လူတို့ ကျင့်အပ် ကျင့်ကောင်းသော ကျင့်ဝတ်သိက္ခာပုဒ်တို့ကို မကျင့်၊ မှားသော 'မိစ္ဆာဓမ္မ'။

ဤတရားသုံးပါး လောက၌ ပွားများသည်ရှိသော်၊ လူတို့သည် တစ်ဦးကို တစ်ဦး နှိပ်စက်၊ ဖျက်ဆီး၊ တိုက်ခိုက်၊ လုယူ၊ တစ်နိုင်ငံက တစ်နိုင်ငံကို တိုက်ခိုက် သိမ်းယူ စက်မက်ဖြစ်၍ ထိုးခုတ် သတ်ဖြတ်သောကြောင့် လူကုန်ခြင်း ဤတရား သုံးပါး ပွားများသော အရပ်ဒေသ၌ မိုး ကောင်းစွာမရွာသဖြင့် ဆန်ရှား၍ ငတ်မွတ် သေကျေပျက်စီး၊ အစားအသောက်ရှိရာ အရပ်သို့ ပြောင်းရွှေ့သောကြောင့် လည်းကောင်း။ ။ မိုး မဖြောင့်မမှန်သောကြောင့် ဩဇာမရှိသော အသီးအရွက်ကို

---

၁။ သူရိယမှု၌ 'ရောက်၏' ဟု ပါရှိသည်။

http://www.cherrythitsar.org



စားရကုန်သော သတ္တဝါတို့၌ အနာရောဂါဖြစ်လာလျှင် ဩဇာမရှိသော ဆေးကို ပေးရသောကြောင့် အနာရောဂါမပျောက်၊ လူတို့သေကျေပျက်စီးသောကြောင့် လူရှားပါးခြင်း။ နတ်မင်းကြီးတို့သည် လူတို့ကို ဖမ်းစားတတ်သော ဘီလူးတို့ကို လွှတ်လိုသည်ရှိသော် ဤယုတ်မာသော တရားသုံးပါး ပွားများသော အရပ်၌သာ လွှတ်ရ၏။ တရားစောင့်သော အရပ်၌ မလွှတ်ရသော ထုံးစံရှိသည့်အတိုင်း ဤယုတ်မာသော တရားသုံးပါး ပွားများသောအရပ်၌ ဘီလူးကြမ်းတို့ကို လွှတ်သောကြောင့်၊ လူတို့သည် သေကျေပျက်စီး ကုန်ခန်းခြင်း။ ။ ဤသို့ယုတ်မာသော တရားသုံးပါးကြောင့်၊ လူကုန်ခြင်း သုံးပါးဖြစ်၍ မြို့ရွာတို့သည် ပျက်စီးပြီးလျှင် တော ဖြစ်ကြကုန်၏။

## ၁၅။ မြန်မာမြို့ရွာတို့တွင် လူနေအိမ်ခြေ လျော့ပါးပုံ

ဤမြန်မာနိုင်ငံတွင်ပင် ဟံသာဝတီ ဆင်ဖြူရှင်မင်းလက်ထက် မြို့ရွာကို အစောင့်ထားသည့်အပြင်၊ မြန်မာတိုင်း၊ မွန်တိုင်း နှစ်တိုင်းမျှနှင့် ယိုးဒယား (ထိုင်း) ကို ချီရာ တစ်သောင်း နှစ်ထောင် တပ်ပေါင်း ၄၀ ကျော် ၅၀ ခန့် ပါသည်။ ။ အမရပူရမြို့တည် ဘိုးတော် မင်းတရားကြီးလက်ထက် ယိုးဒယား (ထိုင်း) ကို ချီရာ တစ်သောင်း တပ်ပေါင်း ၄၀ ပါသည်။ ။ ခမည်းတော် မင်းတရားကြီး လက်ထက် သက္ကရာဇ် ၁၂၁၉ ခုနှစ်၊ ရှမ်းပြည်အလွတ် အိမ်ခြေ လေးသိန်းရှိသည်။ ယခု နှစ်သိမ်းကျော်ခန့်သာ ကျန်သည်။ အမရပူရမြို့တည် ဘိုးတော် မင်းတရားကြီး လက်ထက် အမရပူရမြို့တော် လေးပြင် လေးရပ်မှာ အိမ်ခြေ ခုနစ်သောင်း ရှိသည်။ ဘိုးတော်မင်းတရားကြီးလက်ထက် လေးသောင်းသာ ကျန်သည်။ ခမည်းတော်မင်းတရားလက်ထက် မန္တလေးမြို့ကို ပြောင်းရာ နှစ်သောင်းခန့်သာ ကျန်သည်။ မွန်တိုင်း သုံးရပ်မှာ မြန်မာမင်းတို့ အစိုးရစဉ်၊ အကောက်အခွန် ခုနစ်သောင်း ဒင်္ဂါတစ်သန်းခန့်သာ ရရှိသည်။ ယခုအခါ အကောက်အခွန် ဒင်္ဂါးတစ်ကုဋေလေးသိန်း ရသည်[၁]။ ။ ဤယုတ်မာသော တရားသုံးပါးကြောင့် မြို့ပြ ပြည်ရွာ ပျက်စီးခြင်းများကို မင်း မှူးမတ် အစိုးရသူတို့ မြဲမြဲစွဲစွဲ နှလုံးထား၍၊ ဤယုတ်မာသော တရားသုံးပါး မဖြစ်ရလေအောင် အားထုတ်၍၊ နှိပ်ကွပ်သင့်သည်။

ဈေးနှင့် မြို့ရိုး မရှိသောအရပ်သည် ဂါမ မည်၏၊ 'ရွာ' ဆိုလိုသည်။ ဈေးသာ ရှိ၍ မြို့ရိုး မရှိလျှင် နိဂမ မည်၏ 'နိဂုံး' ဆိုလိုသည်။ ဈေးနှင့် မြို့ရိုးနှစ်ခုရှိလျှင် နဂရမည်သည် 'မြို့' ဆိုလိုသည်။ ထိုမြို့၌ မင်းနေလျှင် 'ရာဇဓာနီ' ခေါ်သည်။

---

၁။ ဗြိတိသျှတို့ စီရင်အုပ်ချုပ်သော နယ်မြေကို ရည်ညွှန်းသည်။

http://www.cherrythitsar.org



မင်းမနေလျှင် 'သာခနဂရ' ခေါ်သည်။ ။ လူမျိုးတစ်မျိုး ပေါင်းစု၍ နေသော အရပ်ကို ဇနပဒ 'ဇနပုဒ်' ဟူ၍လည်းကောင်း၊ 'ရဋ္ဌ' ဟူ၍လည်းကောင်း ခေါ်သည်၊ 'တိုင်း' ဆိုလိုသည်။ မြန်မာတိုင်း၊ မွန်တိုင်း၊ ယိုးဒယားတိုင်း ဟူသည် များလည်း 'ဇနပဒ' ပင် ဖြစ်သည်။ ဘုရင်မင်းတစ်ပါး အစိုးရသမျှ နယ်မြေကို 'ရဋ္ဌ' ခေါ်သည်၊ 'နိုင်ငံ' ဆိုလိုသည်။

## ၁၆။ လောကပါလ တရား

ဤလောက၌ လူကုန်ခန်းကြောင်း သုံးပါးတို့တွင် ဝိသမလောဘနှင့် အဓမ္မရာဂ တရားနှစ်ပါးမှာ ယခု ဆိုခဲ့သည့်အတိုင်း သိလွယ်၏။ လူတို့ကျင့်ဆောင်အပ်သော ဂိဟိဝိနယ ဟူသော လူတို့ ဝိနည်းအတိုင်း မကျင့်မဆောင်လျှင် လူကုန်ခန်းတတ် သည်ဟု ဟောတော်မူသော မိစ္ဆာဓမ္မ တရားသည် စာပေ ကျမ်းဂန်တို့၌ ရှိသည် ကို မတွေ့ဘူးလျှင် အသိခက်ခဲသည်ဖြစ်၍ စာပေကျမ်းဂန်တို့မှ ထုတ်နုတ်၍၊ အကျယ်ပြဆိုအံ့သော်၊ ဤ ဆိုလတ္တံ့သော တရားတို့ကို မှတ်သား၍ ကျင့်ဆောင် အပ်၏။

လောက မပျက်မစီးရအောင် စောင့်ရှောက်တတ်သော လောကပါလတရား ၂ ပါး ရှိသည်ကို အင်္ဂုတ္တိုရ် ပါဠိတော် ဒုကနိပါတ် စရိယသုတ်၌ -

ဒွေမေ ဘိက္ခဝေ ဓမ္မာ သုက္ကာ လောကံ ပါလေန္တိ။ ကတမေဒွေ၊ ဟိရီစ ဩတ္တပ္ပဉ္စ။ ဣမေ ခေါ် ဘိက္ခဝေ ဒွေ သုက္ကာ ဓမ္မာ လောကံ န ပါလေယျုံ၊ နယိဓပညာယေထ 'မာတာ' တိဝါ 'မာတုစ္ဆာ' တိဝါ 'မာတုလာနီ' တိဝါ 'အာစရိယဘရိယာ' တိဝါ 'ဂရူနံ ဒါရာ' တိဝါ၊ သမ္ဘေဒံ လောကော အဂမိဿ။ ယထာ အဇေဠကာ ကုက္ကုဋ္ဌ သူကရာ သောဏာ သိင်္ဂါလာ။ ယသ္မာ စ ခေါ ဘိက္ခဝေ ဣမေ ဒွေ သုက္ကာ ဓမ္မာ လောကံ ပါလေန္တိ၊ တသ္မာ ပညာယတိ 'မာတာ' တိဝါ 'မာတုစ္ဆာ' တိဝါ 'မာတုလာနီ' တိဝါ၊ 'အာစရိယဘရိယာ' တိဝါ 'ဂရူနံဒါရာ' တိဝါတိ။ ။ ဟူ၍ ဟောတော်မူသည်။

ဘိက္ခဝေ၊ ရဟန်းတို့။ သုက္ကာ၊ ဖြူစင်ကုန်သော။ ဒွေ၊ နှစ်ပါးကုန်သော။ ဣမေဓမ္မာ၊ ဤဆိုလတ္တံ့သော တရားတို့သည်။ လောကံ၊ လောကကို။ ပါလေန္တိ၊ စောင့်ရှောက်ကုန်၏။ ဒွေ၊ နှစ်ပါးတို့ဟူသည်။ ကတမေ၊ အဘယ်သည်တို့နည်း ဟူမူကား။ ဟိရီစ၊ ရှက်ခြင်းလည်းကောင်း။ ဩတ္တပ္ပဉ္စ၊ ကြောက်ခြင်းလည်းကောင်း။ ဘိက္ခဝေ၊ ရဟန်းတို့။ ခေါ၊ စင်စစ်။ သုက္ကာ၊ ဖြူစင်ကုန်သော။ ဒွေ၊ နှစ်ပါးကုန် သော။ ဣမေဓမ္မာ၊ ဤဟိရီဩတ္တပ္ပ တရားတို့သည်။ လောကံ၊ လောကကို။

http://www.cherrythitsar.org



နပါလေယျုံ မစောင့်ကုန်ငြားအံ့။ ဣဓ၊ ဤလောကဌ်၊ မာတာတိဝါ၊ အမိဟူ၍ လည်းကောင်း။ မာတုစ္ဆာတိဝါ၊ မိထွေး၊ မိကြီးဟူ၍လည်းကောင်း။ မာတုလာနီတိဝါ၊ ဦးရီးမယား အရီးဟူ၍လည်းကောင်း။ အာစရိယ ဘရိယာ တိဝါ၊ ဆရာ၏ မယားဟူ၍ လည်းကောင်း။ ဂရူနံ၊ အလေးပြုအပ်ကုန်သော အရှင်သခင် မိဘ စသည်တို့၏။ ဒါရာတိဝါ၊ မယားတို့ဟူ၍လည်းကောင်း။ နပညာယေထ၊ မထင်ရှားနိုင်ကုန်၊ မပညတ်နိုင်ကုန်ရာ။ လောကော၊ လောကသည်။ သမ္ဘေဒံ၊ ရောယှက်ခြင်းသို့။ အဂမိဿ၊ ရောက်ရာ၏။ အဇေဠကာယထာ၊ သိုး ဆိတ်တို့ ကဲ့သို့လည်းကောင်း။ သောဏာသိင်္ဂါလာယထာ၊ အိမ်ခွေး၊ တောခွေးတို့ကဲ့သို့ လည်းကောင်း။ ဘဝေယျုံ ဖြစ်ကုန်ရာ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ခေါ၊ စင်စစ်။ ယသ္မာ၊ အကြင်ကြောင့်။ သုက္ကာ၊ ဖြူစင်ကုန်သော။ ဣမေဒွေဓမ္မာ၊ ဤဟိရီ ဩတ္တပ္ပ တရားနှစ်ပါးတို့သည်။ လောကံ၊ လောကကို။ ပါလေန္တိ၊ စောင့်ရှောက် ကုန်၏။ တသ္မာ၊ ထိုကြောင့်။ မာတာတိဝါ၊ အမိဟူ၍လည်းကောင်း၊ မာတုစ္ဆာ တိဝါ၊ မိကြီး မိထွေး ဟူ၍လည်းကောင်း။ မာတုလာနီ တိဝါ၊ ဦးရီးမယား၊ အရီး ဟူ၍လည်းကောင်း။ အာစရိယ ဘရိယာတိဝါ၊ ဆရာ၏မယား ဟူ၍လည်းကောင်း။ ဂရူနံ၊ အလေးပြုအပ်ကုန်သော အရှင်သခင် မိဘ စသည်တို့၏။ ဒါရာတိဝါ၊ မယားတို့ဟူ၍လည်းကောင်း။ ပညာယတိ၊ ထင်ရှား၏။ ပညတ်နိုင်၏။

အဓိပ္ပာယ်ကား - ၁။ ရှက်ခြင်းဟူသော ဟိရိ

၂။ ကြောက်ခြင်းဟူသော ဩတ္တပ္ပ။

ဤတရားနှစ်ပါးသည် လောကကို စောင့်ရှောက် ထိန်းသိမ်းကုန်၏။ လောက၏ အကွပ်ဖြစ်ကုန်၏။ အကယ်၍ ဤတရား နှစ်ပါးမရှိလျှင်၊ သူ့ဥစ္စာကို ခိုးခြင်း၊ သူ့သား အိမ်ရာကို ပြစ်မှားခြင်း၊ သူ့သမီးပျိုကို အတင်းယူခြင်း၊ သေရည်အရက်သောက်ခြင်း၊ မဟုတ်မလျှား မုသားပြောဆိုခြင်းများကို မဆိုထားနှင့်ဦး၊ အမိ၊ မိထွေး၊ အရီး အစရှိသော ကိုးကွယ်ထိုက်သော မိန်းမများကိုသော်လည်း မယားလုပ်၍ ခွေး၊ ဝက်၊ ကြက်တို့ကဲ့သို့ဖြစ်၍၊ လောက ပျက်စီးလိမ့်မည်။ အစည်းမရှိသော ဝါး၊ အကွပ်မရှိသော ကြမ်းသည် ပျက်စီးသကဲ့သို့ ပျက်စီးလိမ့်မည် ဆိုလိုသည်။

ထို ဟိရိဩတ္တပ္ပတရား နှစ်ပါးကို နတ်တို့သည် အလွန်နှစ်သက်သောကြောင့် ဒေဝဓမ္မလည်း ခေါ်သည်။ ။ နတ်မင်းကြီးတို့သည် အမှုထမ်းရဲမက် ဗိုလ်ပါ ဘီလူးကြမ်းတို့ကို ချီးမြှောက်သူကောင်းပြုရာ မည်သည့်အရပ်တွင် မည်သည့် သစ်ပင်မှာ စောင့်ရှောက်လေတော့၊ ၎င်းသစ်ပင်ရိပ်သို့ ဝင်သူကို စားလေတော့ ပေးသည်။ ။ အချို့ဘီလူးကို အရိပ်သို့ ဝင်ကာမျှနှင့် မစားနှင့်ဦး၊ သစ်ပင်ကို

http://www.cherrythitsar.org



ချိုးမှ စားရမည်ဟု အခွင့်ပေးသည်။ ။ အချို့ဘီလူးကို မည်သည့်အရပ် မည်သည့် ဇရပ်မှာ စောင့်လေ၊ ဇရပ်ပေါ် သို့တက်၍ နားနေသူကို ချေဆတ်လျှင် အသက် ရှည်စေသတည်းဆိုသူကို မစားနှင့်၊ မဆိုသူကို စားရမည် အခွင့်ပေးသည်။

အချို့ဘီလူးကို ရေအိုင် ရေကန်များကို အစောင့်အရှောက်ထား၍ ဤရေအိုင် ရေကန်များသို့ဆင်း၍ ရေသောက်ချိုးသူကို စားရမည်ဟု ခွင့်ပေး သည်။ ။ အချို့သော ဘီလူးကို ရေအိုင်ရေကန်တွင်းသို့ ဆင်း၍ ရေချိုးရုံ သောက်ရုံနှင့် မစားရ။ ဒေဝဓမ္မတရားကို မေး၍ မဖြေဆိုနိုင်မှ စားရမည် အခွင့် ပေးသည်။ ။ ဘုရားလောင်း သူရိယကုမာမင်းသားနှင့် စန္ဒကုမာမင်းသားညီနောင် ဤနှစ်ယောက် တောသို့ရောက်၍၊ ဘီလူးစောင့်သော ရေအိုင်မှ ဆင်း၍ ရေချိုးမိ သောက်မိသောကြောင့် ဘီလူးဖမ်း၍ ဒေဝဓမ္မကို မေးရာ -

ဟိရိဩတ္တပ္ပ သမ္ပန္နာ၊
သုက္က ဓမ္မာ သမာဟိတာ။
သန္တော သပ္ပုရိသာ လောကေ၊
ဒေဝဓမ္မာတိ ဝုစ္စရေ။

ဟူ၍၊ ဘုရားလောင်း သူရိယကုမာမင်းသားက ဒေဝဓမ္မတရားကို ဖြေဆိုနိုင်သော ကြောင့်၊ ဘီလူးဘေးမှ လွတ်သည်။

ဟိရိဩတ္တပ္ပသမ္ပန္နာ၊ ကိုယ်ကျင့်တရားပျက်ခြင်းဖြင့် ရှက်ခြင်း ဟိရိ၊ ကိုယ်ကျင့်တရားပျက်ခြင်းဖြင့် ကြောက်ခြင်း ဩတ္တပ္ပတရားနှင့် ပြည့်စုံကုန်သော၊ သုက္ကဓမ္မာ၊ ဖြူစင်သော ဟိရီဩတ္တပ္ပတရားရှိကုန်သော။ သမာဟိတာ၊ တည်ကြည် ကုန်သော။ သန္တော၊ ငြိမ်သက်ကုန်သော။ သပ္ပုရိသာ၊ သူတော်ကောင်း ယောကျ်ား တို့ကို။ လောကေ၊ လောက၌။ ဒေဝဓမ္မာတိ၊ ဒေဝဓမ္မတို့ဟူ၍။ ဝုစ္စရေ ဆိုအပ် ကုန်၏။

ပုဂ္ဂလာဓိဋ္ဌာန်ဒေသနာ၊ ဓမ္မာဓိဋ္ဌာန်ဒေသနာဟူ၍ ဒေသနာတော်နှစ်မျိုးတို့ တွင် ဤဒေသနာတော်သည် တရားကိုအရင်းပြု၍ ပုဂ္ဂိုလ်ကို ညွှန်ပြပြီးလျှင် ဟောအပ်သောကြောင့် ပုဂ္ဂလာဓိဋ္ဌာန် ဒေသနာတော်မည်၏။ ။ ထိုကြောင့်၊ ဟိရီဩတ္တပ္ပတရားနှစ်ပါးသည်၊ မုချဒေဝဓမ္မမည်၏။ ထိုဟိရိဩတ္တပ္ပတရားနှင့် ပြည့်စုံသော သူတော်ကောင်းသည်၊ ဥပစာရအားဖြင့် ဒေဝဓမ္မ မည်၏။

http://www.cherrythitsar.org



## ၁၇။ ဟိရိဩတ္တပ္ပတရားနှစ်ပါးကို ပညတ် ပရမတ် ခွဲပြခြင်း

ဤဟိရိဩတ္တပ္ပတရားသည် ပညတ်၊ ပရမတ်ဟူ၍ နှစ်မျိုးရှိသည်။ ထိုနှစ်မျိုးတို့တွင် ပုဆိုးအဝတ်ကျွတ်မည်၊ လစ်လပ်မည်ကို ရှက်ခြင်း၊ ကချေသည်မဟုတ်ဘဲ ကခုန်ရမည်များကို ရှက်ခြင်း၊ ဤသို့ အစရှိသဖြင့် လောက၌ ကိုယ်နှင့်မသင့် မလျော် မလုပ်ဆောင်ဘူးသည်ကို ပြုလုပ်ရမည်ဟု ရှက်ခြင်းသည် ပညတ် 'ဟိရိ' မည်၏။ ။ အကုသိုလ်ဒုစရိုက်တို့ကို ပြုကျင့်လျှင် သူတော်ကောင်းတို့ ကဲ့ရဲ့မည်ကို ရှက်ခြင်းသည် ပရမတ် 'ဟိရိ' မည်၏။ ။ လောက၌ ပညတ်ထားသော စည်းကမ်း ဥပဒေကို လွန်ကျူးပြုကျင့်လျှင် မင်းမှူးမတ်တို့ စီရင်မည့်ဒဏ်ကို ကြောက်ခြင်း အစရှိသည်တို့သည် ပညတ် 'ဩတ္တပ္ပ' မည်၏။ အကုသိုလ် ဒုစရိုက်ကို ပြုကျင့်သောကြောင့် အပါယ်လေးပါးသို့[၁] ကျရောက်မည်ကို ကြောက်ခြင်းသည် ပရမတ် 'ဩတ္တပ္ပ' မည်၏။ ။ ထိုနှစ်မျိုးလုံးသော 'ဟိရိ' ဟူသော ရှက်ခြင်းသည် မိမိကိုယ်ကို စွဲ၍ဖြစ်၏။ ကြောက်ခြင်း 'ဩတ္တပ္ပ' သည် သူတစ်ပါးကို စွဲ၍ဖြစ်၏။ ။ မိမိကိုယ်ကို ငဲ့၍ အကြီးအမှူးပြု၍ ရှက်ခြင်း 'ဟိရိ' သည် ဖြစ်၏။ ။ လောကကို ငဲ့၍ လောကကို အကြီးအမှူးပြု၍ ကြောက်ခြင်း 'ဩတ္တပ္ပ' သည် ဖြစ်၏။ ။ သံဝေဂဖြစ်၏ ဆိုသည်လည်း ဩတ္တပ္ပ ဖြစ်သည်ကိုပင် ဆိုသည် မှတ်ရမည်။ ။ ကျစ်ကျစ်လျစ်လျစ် သိမ်းပိုက်ခြင်းသဘော၊ ရိုသေခြင်း ရှက်ခြင်းသဘောသည် 'ဟိရိ' မည်၏။ အပြစ်ကို ကြောက်ခြင်း၊ ဘေးကိုမြင်ခြင်း၊ ကြောက်လန့်ခြင်း သဘောသည် 'ဩတ္တပ္ပ' မည်၏။

မိမိကိုယ်ကို စွဲ၍ 'ဟိရိ' ဖြစ်ရာ လေးပါးသော အကြောင်းတို့ဖြင့် မိမိကိုယ်ကို စွဲ၍ဖြစ်၏။ လေးပါးဟူသော်ကား -

၁။ အမျိုးမြတ်သည်ကို အောက်မေ့ဆင်ခြင်၍လည်းကောင်း
၂။ အရွယ်ကြီးသည်ကို အောက်မေ့ဆင်ခြင်၍လည်းကောင်း
၃။ ကျော်စောထင်ရှားသော သူရဲကောင်းအဖြစ်ကို အောက်မေ့ဆင်ခြင်၍ လည်းကောင်း
၄။ မိမိ၌ရှိသော စာပေကျမ်းဂန် အတတ်ဗဟုသုတပညာကို အောက်မေ့ ဆင်ခြင်၍လည်းကောင်း

ဤလေးပါးသော အကြောင်းတို့ကြောင့် ရှက်ခြင်း 'ဟိရိ' သည် ဖြစ်၏။

---

၁။ ပုရပိုက်မူ၌ 'အပါယ်လေးပါးမှ' ဟု ရှိသည်။ သူရိယမူအတိုင်း ထားသည်။

http://www.cherrythitsar.org



ထို လေးပါးတို့တွင် အမျိုးမြတ်သော သူသည် ငါတို့ကဲ့သို့သောမင်း၊ မှူးမတ်၊ သူဌေး၊ သူကြွယ်၊ ရဟန်း၊ ပုဏ္ဏားဖြစ်ကုန်သော အမျိုးမြတ်ကုန်သောသူတို့သည် တံငါ၊ မုဆိုး၊ သူတောင်းစားတို့ကဲ့သို့ သူ၏အသက်ကို သတ်ခြင်း၊ သူ့ဥစ္စာကို ခိုးခြင်း အစရှိသော အကုသိုလ်ဒုစရိုက်ကို မပြုသင့်ပေ။ ဤကဲ့သို့ ယုတ်မာသော အမှုသည် ယုတ်မာသော အမျိုးတို့သာ ပြုတတ်သည်ဟု အမျိုးမြတ်သည်ကို အောက်မေ့၍ အကုသိုလ်မှ ရှက်ခြင်း 'ဟိရီ' သည် ဖြစ်၏။

ပျော်ပါးမြူးထူးခြင်း၊ သေရည်အရက်ကိုသောက်ခြင်း၊ သူ့သမီးပျို သားပျိုကို လှည့်ပတ်ခြင်း အစရှိသော မကောင်းမှုဒုစရိုက်ကို အသက်အရွယ်ငယ်သော သူတို့သာ ပြုသင့်ပေသည်။ ငါတို့ကဲ့သို့ ခေါင်းဖြူစွယ်ကျိုးဖြစ်သော အသက်ကြီးသော လူအိုတို့သည် မပြုသင့်ပေဟု၊ အရွယ်ကြီးသည်ကို ဆင်ခြင်အောက်မေ့၍၊ အကုသိုလ်ကို မပြုသော အရွယ်ကြီးသော သူသည် ရှက်ခြင်း 'ဟိရီ' ကို ဖြစ်စေ၏။

အားခွန်ဗလ မရှိသော လူယုတ် လူနုပ်တို့သာ မဖြစ်လောက်သည့် တိရစ္ဆာန်တို့ကို သတ်စားခြင်း၊ အနည်းငယ်မျှသော ဥစ္စာပစ္စည်းတို့ကို ခိုးယူခြင်း စသော မကောင်းမှုကို ပြုသင့်သည်။ ငါတို့ကဲ့သို့ ခွန်အားဗလကြီးသော သူရဲကောင်းတို့သည်မှုကား တိုင်းရေး၊ ပြည်မှု၊ ပွဲလမ်းကြီးများမှာသာ စွန့်စား တိုက်ခိုက်သင့်သည်ဟု၊ ရဲရင့်ခြင်းသဘောကို နှလုံးသွင်း၍ မကောင်းမှုဒုစရိုက်ကို မပြုသောသူသည် ရှက်ခြင်း 'ဟိရီ' ကို ဖြစ်စေ၏။

လူမိုက် လူယုတ်တို့သာ၊ ကုသိုလ် အကုသိုလ်မှန်းမသိ၍ အကုသိုလ်ကို ပြုရာသည်။ ငါတို့ကဲ့သို့ ပညာရှိသော စာပေကျမ်းဂန် ဗဟုသုတ အတတ်ပညာနှင့် ပြည့်စုံသော သူသည်၊ မကောင်းမှုအကုသိုလ်ကို မပြုသင့်ဟု၊ စာပေကျမ်းဂန် ဗဟုသုတ (ပညာ)[၁] တတ်ခြင်းကို အောက်မေ့၍ မကောင်းမှုကို မပြုသော သူသည် 'ဟိရီ' ကို ဖြစ်စေ၏။

ဤကဲ့သို့ မိမိကိုယ်တိုင်အတွင်း၌ ရှက်ခြင်း 'ဟိရီ' သည် လေးပါးသော အကြောင်းတို့ကြောင့် ဖြစ်၏။ ဤ 'ဟိရီ' ဖြစ်ကြောင်း လေးပါးကို အပြန် ဗျတိရိက်အားဖြင့် လှန်လျှင် အမျိုးယုတ်သော၊ အသက်အရွယ် ငယ်သော၊ အားခွန်ဗလ အစွမ်းသတ္တိ မရှိသော၊ စာပေကျမ်းဂန် ဗဟုသုတ မတတ်သော သူတို့သည် အကုသိုလ်ပြုရမည်ကို မရှက်၊ မရွံ့မရှာ၊ မစက်မဆုပ်၊ ရက်ရက် စက်စက် ပြုလိမ့်မည်ဟူလို။

---

၁။ ပုရပိုက်မူ၌ မပါ၊ သူရိယမူ၌ ပါသည့်အတိုင်း ထားသည်။

http://www.cherrythitsar.org



သူတစ်ပါးဟူသော ဗဟိဒ္ဓကိုစွဲ၍၊ မကောင်းမှု ဒုစရိုက်မှ ကြောက်ခြင်း 'ဩတ္တပ္ပ' ဖြစ်သောမည်သည်ကား။ ။ သင်သည် အကယ်၍ မကောင်းမှုဒုစရိုက်ကို ပြုလတ္တံ့။ ပရိသတ်လေးပါးတို့၌ ကဲ့ရဲ့အပ်သောသူ အဖြစ်သို့ ရောက်သည်ဖြစ်လတ္တံ့။ ဤသို့ ပရိသတ်တို့ ကဲ့ရဲ့မည်ကို အောက်မေ့သောသူသည် မိမိမှ ပြင်ပ ဗဟိဒ္ဓသည် ဖြစ်စေအပ်သော ထိတ်လန့်ခြင်း 'ဩတ္တပ္ပ' ဖြင့် မကောင်းမှုကို မပြု။ ဤကဲ့သို့ 'ဩတ္တပ္ပ' သည် ဗဟိဒ္ဓဖြစ်သော ပရိသတ်လေးပါးကို စွဲ၍ ဖြစ်၏။ ။ ဤ 'ဩတ္တပ္ပ' ဖြစ်ကြောင်းကို ဗျတိရိက်အားဖြင့် အပြန်လှန်လျှင်၊ လောက၌ ပရိသတ်လေးပါးတို့ကို မငဲ့၊ ပရိသတ်လေးပါးတို့ ကဲ့ရဲ့မည်ကို မကြောက်သောသူသည် အကုသိုလ်ဒုစရိုက်၌ မထိတ်မလန့်၊ ရက်ရက်စက်စက် မကြောက်မရွံ့ ပြုလိမ့်မည် ဟူလို။

ဤလောက၌ အချို့သော အမျိုးကောင်း သားသမီးတို့သည် အစိုးရခြင်း၊ အမျိုးမြတ်ခြင်း၊ ဥစ္စာကြွယ်ဝခြင်းတို့နှင့် ပြည့်စုံ၍၊ စိတ်ကြီးရောက်ပြီးလျှင် ငါတို့ကဲ့သို့ အကြီးအမှူးဖြစ်သော သူသည်၊ ဤသို့သော သေးသိမ်ယုတ်ညံ့သော ငါးဖမ်းခြင်း၊ ကြက်သတ်ခြင်း အစရှိသော မကောင်းမှုကို မပြုသင့်ဟူ၍ နှလုံးသွင်းပြီးလျှင်၊ မကောင်းမှုကို မပြုခြင်းသည်၊ မိမိကိုယ်ကို အကြီးအမှူးပြု၍ ရှက်ခြင်း 'ဟိရီ' ဖြစ်၏။ ။ ဤရှက်ခြင်း 'ဟိရီ' ဖြစ်ကြောင်းကို အပြန် ဗျတိရိက်အားဖြင့် လှန်လျှင်၊ လောက၌ ဣဿရိယ ဥစ္စာဂုဏ် ၂ ပါး ကင်း၍ လူယုတ် လူနုပ် ဖြစ်သသူ၊ လူကြီးစိတ်မရောက်သသူသည် အကုသိုလ်ပြုရမည်ကို မရွံ့မရှာ မစက်မဆုပ် ပြုလိမ့်မည် ဟူလို။

ဤလောက၌ အချို့သော အမျိုးကောင်းသားသမီးတို့သည် မကောင်းမှုကို ပြုသည်ရှိသော်၊ လူသာမန်တို့ မသိသော်လည်း၊ ဤလောက၌ ဒိဗ္ဗစက္ခု သူတစ်ပါး စိတ်ကိုသိသော ပရိစိတ္တ ဝိဒူ ဉာဏ်ကို ရကုန်သော၊ တန်ခိုးကြီးကုန်သော (ရဟန်း၊ ပုဏ္ဏားတို့သည် ရှိကုန်၏။ တန်ခိုးကြီးကုန်သော)[၁] မဟာရာဇ်နတ်မင်းကြီး၊ သိကြား၊ သဟံပတိ၊ သနင်္ကုမာရ အစရှိသော နတ်မင်းကြီးတို့သည် ရှိကုန်၏။ ထိုတန်ခိုးကြီးကုန်သော ရဟန်း၊ ပုဏ္ဏား၊ နတ်မင်းကြီးတို့သည် ဤ အမျိုးကောင်း သားသမီးတို့ကား ဤကဲ့သို့ မသင့်မလျော်သောအမှု အကုသိုလ်ကို ပြုကုန်၏ဟု သိကုန်ရာ၏။ ဤသို့ နှလုံးသွင်း၍ မကောင်းမှုကို မပြုခြင်းသည် လောကကို အကြီးအမှူးပြု၍ မကောင်းမှု ကြောက်ခြင်း 'ဩတ္တပ္ပ' ဖြစ်သည် မည်၏။ ။ ဤ 'ဩတ္တပ္ပ' ဖြစ်ကြောင်းကို အပြန် ဗျတိရိက်အားဖြင့် ပြန်လှန်လျှင်၊ လောက၌

---

၁။ သူရိယမှု၌ မပါ။

http://www.cherrythitsar.org


သူတစ်ပါးစိတ်ကို သိကုန်သော အိမ်စောင့်နတ်၊ နန်းစောင့်နတ်၊ ကိုယ်စောင့်နတ်တို့ကို လူမမှတ်၊ တန်ခိုးကြီးကုန်သော ရသေ့၊ ရဟန်းတို့ကို လူမမှတ်၊ မငဲ့မကွက် မကြောက်မလန့်သောသူသည် မကောင်းမှုပြုရမည်ကို မကြောက်မလန့် ရက်ရက်စက်စက် ပြုလိမ့်မည် ဟူလို။

ဤဟိရီနှင့် ဩတ္တပ္ပ နှစ်ပါးတို့၌ ဥပမာကား။ ။ မစင်လူးသော သံတွေခဲတစ်ခု၊ အလျှံပြောင်ပြောင် တောက်သော သံတွေခဲတစ်ခု၊ ဤသံတွေခဲ နှစ်ခုတို့ကို ရှက်တတ်၊ ကြောက်တတ်သော သူတို့အား အကိုင်ခိုင်းလျှင်၊ မစင်လူးသော သံတွေခဲကို စက်ဆုပ်ရွံရှာသောကြောင့် မကိုင်သကဲ့သို့၊ အကုသိုလ်ကို စက်ဆုပ်ရွံရှာသောကြောင့် ရှက်သောကြောင့် မပြုခြင်းသည် 'ဟိရီ' မည်၏။ ။ ပူလောင်မည်ကို ကြောက်သောကြောင့် မကိုင်ဝံ့သကဲ့သို့ အကုသိုလ်၏အပြစ်ကို ကြောက်၍ အကုသိုလ်ကို မပြုခြင်းသည် 'ဩတ္တပ္ပ' မည်၏။ တစ်နည်းကား -

၁။ အမျိုးမြတ်ခြင်းကို အောက်မေ့သဖြင့်လည်းကောင်း

၂။ ဆရာဘုရား၏ အခြားသော လူမျိုးများ ဘုရားနှင့်မတူ၊ သဗ္ဗညုအစစ်ဖြစ်၍၊ ကြီးမားမြင့်မြတ်သည်ကို ဆင်ခြင်သဖြင့်လည်းကောင်း

၃။ ဘုရားအယူဝါဒဟူသော ယူထိုက်ရထိုက်သော ကြီးမားမြင့်မြတ်သော အမွေကို အောက်မေ့ဆင်ခြင်သဖြင့် လည်းကောင်း

၄။ အပေါင်းအဖော်တို့၏ ကြီးမားမြင့်မြတ်သော ဂုဏ်ကို အောက်မေ့ ဆင်ခြင်သဖြင့်လည်းကောင်း

ဤလေးပါးသော အကြောင်းတို့ဖြင့် သိမ်းဆည်း ကျစ်လျစ်ခြင်း သဘောရှိသော ရှက်ခြင်း 'ဟိရီ' ကို ဖြစ်စေ၍ အချို့သောသူသည် မကောင်းမှုကို မပြု။ ဤရှက်ကြောင်းလေးပါးကို ဗျတိရိက် အပြန်အားဖြင့် လှန်လျှင် -

၁။ အမျိုးယုတ်သော

၂။ မြတ်စွာဘုရားကို မရှိမသေသော

၃။ ဘုရား အယူဝါဒမှန်း မသိသော

၄။ လူယုတ် လူနုပ်တို့ကို ပေါင်းဖော်တတ်သော သူတို့သည် အကုသိုလ်ဒုစရိုက် ပြုရမည်ကို မရွံမရှာ မစက်မဆုပ် အရှက်မရှိ ပြုလိမ့်မည် ဟူလို။

အချို့သော သူသည် မူကား -

၁။ ဤသည်ကား မကောင်းမှုကို ပြုသောသူတည်းဟု ကိုယ်ကို စွပ်စွဲမည်ကို ကြောက်ခြင်း

၂။ ဤသူကား အပြစ်ရှိသော သူတည်းဟု အပြစ်ဖြင့် စွပ်စွဲမည်ကို ကြောက်ခြင်း

http://www.cherrythitsar.org


၃။ ဤအမှုကို ပြုသည်ရှိသော်၊ ဤကဲ့သို့သော ဒဏ်ကို ပေးမည်ဟု ဥပဒေဒဏ်ကို ကြောက်ခြင်း

၄။ မကောင်းမှုကို ပြုလျှင် အပါယ်ဒုဂ္ဂတိသို့ ရောက်မည် ဧကန်ဟု ဒုဂ္ဂတိကို ကြောက်ခြင်း

ဤသို့ လေးပါးသော အကြောင်းတို့ဖြင့်၊ မကောင်းမှုမှ ကြောက်ခြင်း လက္ခဏာရှိသော 'ဩတ္တပ္ပ' ကို ဖြစ်စေ၍၊ မကောင်းမှုကို မပြု။

ဤ 'ဩတ္တပ္ပ' တရား လေးပါးဖြစ်ကြောင်းကို ဗျတိရိက်အားဖြင့် အပြန်လှန်လျှင်၊ လူယုတ်လူညစ်၊ မကောင်းမှုကို ပြုတတ်သော သူဟု လောကသမုတ်စွပ်စွဲမည်ကို အလေးမပြု၊ လောက၌ မည်သည့်အမှုကို မပြုရဘူးဟု ပညတ် ဥပဒေဒဏ်ထားသည်ကို အလေးမပြု၊ မကြည့်မရှု၊ အကုသိုလ် ဒုစရိုက်ကို ပြုလျှင် အပါယ်လေးပါး ရောက်မည်ကို မယုံကြည်၊ မကြောက်လန့်သော သူတို့သည် အကုသိုလ် ဒုစရိုက် ပြုရမည်ကို မကြောက်၊ ရဲရဲဝံ့ဝံ့ မဆုတ်မနစ် ပြုလိမ့်မည်ဟူလို။

## ၁၈။ ဟိရီ၊ ဩတ္တပ္ပတရား နှစ်ပါး ကင်း၍ မဂ်ဖိုလ်ကို မရနိုင်

ဤ ဟိရီ၊ ဩတ္တပ္ပတရား နှစ်ပါး မရှိလျှင်၊ မဂ်ဖိုလ်တိုင်အောင် မရနိုင်ကြောင်းကို သတ္တနိပါတ်အင်္ဂုတ္တရ ပါဠိတော်၌ -

ဟိရောတ္တပ္ပေ ဘိက္ခဝေ အသတိဟိ ရောတ္တပ္ပဝိပ္ပန္နဿ ဟတူ ပနိသော ဟောတိ ဣန္ဒြိယသံဝရော။ ဣန္ဒြိယသံဝရေ အသတိ ဣန္ဒြိယသံဝရ ဝိပ္ပန္နဿဟတု ပနိသံ ဟောတိ သီလံ။ သီလေ အသတိ သီလ ဝိပ္ပန္နဿ ဟတု ပနိသော ဟောတိ သမ္မာ သမာဓိ။ သမ္မာ သမာဓိသ္မိံ အသတိ သမ္မာသမာဓိ ဝိပ္ပန္နဿ ဟတု ပနိသံ ဟောတိ ယထာဘူတ ဉာဏ ဒဿနံ။ ယထာဘူတ ဉာဏ ဒဿနေ အသတိ ယထာဘူတ ဉာဏ ဒဿန ဝိပ္ပန္နဿ ဟတုပနိသော ဟောတိ နိဗ္ဗိဒါဝိရာဂေါ။ နိဗ္ဗိဒါဝိရာဂေ အသတိ နိဗ္ဗိဒါဝိရာဂ ဝိပ္ပန္နဿ ဟတုပနိသံ ဟောတိ ဝိမုတ္တိ ဉာဏဒဿနံ။

ဟူ၍ ဟောတော်မူသည်။

ဘိက္ခဝေ၊ ရဟန်းတို့။ ဟိရောတ္တပ္ပေ၊ ဟိရီ၊ ဩတ္တပ္ပတရား နှစ်ပါးအပေါင်းသည်။ အသတိ၊ မရှိလျှင်။ ဟိရောတ္တပ္ပဝိပ္ပန္နဿ၊ ဟိရီ၊ ဩတ္တပ္ပ ပျက်သောသူ၏။ ဣန္ဒြိယသံဝရော၊ ဣန္ဒြိယသံဝရ သီလသည်။ ဟတုပနိသော၊ သတ်အပ်သော အကြောင်းရှိသည်။ ဟောတိ၊ ဖြစ်၏။ ဣန္ဒြိယသံဝရေ၊ ဣန္ဒြေကို

http://www.cherrythitsar.org



စောင့်စည်းခြင်းသည်။ အသတိ၊ မရှိလျှင်။ ဣန္ဒြိယ သံဝရ ဝိပ္ပန္နဿ၊ ဣန္ဒြေ စောင့်စည်းခြင်း ပျက်သောသူ၏။ သီလံ၊ သီလသည်။ ဟတုပနိသံ၊ သတ်အပ်သော အကြောင်းရှိသည်။ ဟောတိ၊ ဖြစ်၏။ သီလေ၊ သီလသည်။ အသတိ၊ မရှိလျှင်။ သီလဝိပ္ပန္နဿ၊ သီလပျက်သောသူ၏။ သမ္မာ သမာဓိ၊ သမ္မာ သမာဓိသည်။ ဟတုပနိသော၊ သတ်အပ်သောအကြောင်းရှိသည်။ ဟောတိ၊ ဖြစ်၏။ သမ္မာ သမာဓိသ္မိံ၊ သမ္မာ သမာဓိသည်။ အသတိ၊ မရှိလျှင်။ သမ္မာ သမာဓိ ဝိပ္ပန္နဿ၊ သမ္မာသမာဓိ ပျက်သောသူ၏။ ယထာဘူတ ဉာဏဒဿနံ၊ အဟုတ်အမှန်ကို သိသော ယထာဘူတ ဝိပဿနာဉာဏ်သည်။ ဟတုပနိသော၊ သတ်အပ်သော အကြောင်းရှိသည်။ ဟောတိ၊ ဖြစ်၏။ ယထာဘူတ၊ ဉာဏဒဿနံ၊ အဟုတ်အမှန်ကို သိသော ယထာဘူတ ဝိပဿနာ ဉာဏ်သည်။ အသတိ၊ မရှိသော။ ယထာဘူတ ဉာဏဒဿန ဝိပ္ပန္နဿ၊ အဟုတ်အမှန်ကို သိသော ယထာဘူတ ဝိပဿနာဉာဏ် ပျက်သောသူ၏။ နိဗ္ဗိဒါ ဝိရာဂေါ၊ သံသရာဝဋ်ဒုက္ခကို ငြီးငွေ့ခြင်း နိဗ္ဗိဒါဉာဏ်သည်။ ဟတုပနိသော၊ သတ်အပ်သော အကြောင်းရှိသည်။ ဟောတိ၊ ဖြစ်၏။ နိဗ္ဗိဒါဝိရာဂေ၊ သံသရာဝဋ်ဒုက္ခကို ငြီးငွေ့ခြင်းသည်။ အသတိ၊ မရှိသော်။ နိဗ္ဗိဒါဝိရာဂ ဝိပ္ပန္နဿ၊ သံသရာဝဋ်ဒုက္ခကို ငြီးငွေ့ခြင်းပျက်သောသူ၏။ ဝိမုတ္တိဉာဏဒဿနံ၊ မဂ်ဉာဏ်သည်။ ဟတုပနိသံ၊ မဂ်ဉာဏ်ရကြောင်းကို သတ်အပ်သည် မည်သည်။ ဟောတိ၊ ဖြစ်၏။

အဓိပ္ပာယ်ကား။ ။ ဟိရိဩတ္တပ္ပမရှိလျှင်၊ ဣန္ဒြေကို စောင့်စည်းခြင်း အကြောင်းဖြစ်သော ဟိရိဩတ္တပ္ပ မရှိသောကြောင့် ဣန္ဒြေကို စောင့်စည်းခြင်း ဣန္ဒြိယသံဝရသည် မဖြစ်နိုင်။ ။ ဣန္ဒြေကို စောင့်စည်းခြင်းမရှိလျှင်၊ သီလ ဖြစ်ကြောင်း ဣန္ဒြေကို စောင့်စည်းခြင်း မရှိသောကြောင့် သီလမရှိနိုင်။ ။ သီလ မရှိလျှင်၊ သမ္မာသမာဓိ ဖြစ်ကြောင်း သီလ မရှိသောကြောင့်၊ သမ္မာသမာဓိ မရှိနိုင်။ ။ သမ္မာသမာဓိ မရှိလျှင်၊ ယထာဘူတ ဝိပဿနာဉာဏ် ဖြစ်ကြောင်း သမ္မာသမာဓိ မရှိသောကြောင့် ယထာဘူတ ဝိပဿနာဉာဏ် မရှိနိုင်။ ။ ယထာ ဘူတ ဝိပဿနာဉာဏ် မရှိလျှင်၊ နိဗ္ဗိဒါဝိရာဂ ဖြစ်ကြောင်း ယထာဘူတဉာဏ် မရှိသောကြောင့်၊ နိဗ္ဗိဒါ ဝိရာဂ မရှိနိုင်။ ။ နိဗ္ဗိဒါ ဝိရာဂ မရှိလျှင်၊ ဝိမုတ္တိဉာဏဒဿနဉာဏ် ဖြစ်ကြောင်း နိဗ္ဗိဒါ ဝိရာဂဉာဏ် မရှိသောကြောင့်၊ ဝိမုတ္တိဉာဏဒဿနဉာဏ် မရှိနိုင် ဟူလိုသည်။

http://www.cherrythitsar.org



## ၁၉။ ပစ္စုပ္ပန်နှင့် တမလွန်၌ ကောင်းရာကောင်းကြောင်း တရား လေးပါး

တစ်ရံရောအခါ မြတ်စွာဘုရားသည် အာဠဝီပြည် အာဠဝက ဘီလူး၏ ဗိမာန်၌ သီတင်းသုံးနေတော်မူစဉ်၊ ဤပစ္စုပ္ပန်လောက နောင်တမလွန်လောကဟူသော လောကနှစ်ပါး၌ ကောင်းရာ ကောင်းကြောင်း စီးပွားချမ်းသာ တိုးတက်ရန် အကြောင်းကို အာဠဝက ဘီလူးက မေးလျှောက်ရာ၊ ဖြေတော်မူလိုသော မြတ်စွာဘုရားသည် -

၁။ ဟဿေ တေ စတုရော ဓမ္မာ၊
သဒ္ဓဿ ဃရမေ သိနော။
သစ္စံ ဓမ္မော ဓိတီစာဂေါ၊
သဝေ ပစ္စန သော စတိ။ ။

၂။ ဣင်္ဃ အညေပိ ပုစ္ဆဿ၊
ပုထုသမဏ ဗြဟ္မဏော။
ယဒိ သစ္စာ ဓမ္မာ စာဂါ၊
ခန္တျာ ဘိယျောဓ ဝိဇ္ဇတိ။ ။

ဟူသော ဂါထာတို့ကို ဟောတော်မူသည်။

၁။ သဒ္ဓဿ၊ သဒ္ဓါတရားနှင့် ပြည့်စုံသော။ ဃရမေသိနော၊ ကာမဂုဏ် စည်းစိမ်ကို ရှာမှီးသော။ ယဿ၊ အကြင်တစ်စုံတစ်ယောက်သောသူအား။ သစ္စံ၊ အမှန်အကန် ပြောဆိုခြင်းလည်းကောင်း။ ဓမ္မော၊ အတတ်ပညာလည်းကောင်း။ ဓိတီ၊ မပြတ်ထုတ်သော လုံ့လဝီရိယလည်းကောင်း။ စာဂေါ၊ ဥစ္စာကို ပေးကမ်း စွန့်ကြဲခြင်း၊ စစ်ရေးစစ်ရာ၌ အသက်ကိုသော်လည်း စွန့်ခြင်းလည်းကောင်း။ ဧတေ စတုရောဓမ္မာ၊ ဤတရားလေးပါးတို့သည်။ သန္တိ၊ ရှိကုန်၏။ သော၊ ထိုသူသည်။ ဝေ၊ စင်စစ်၊ ပစ္စ၊ ဤလောကမှ တမလွန်လောကသို့ ရောက်၍လည်း။ နသောစတိ၊ မစိုးရိမ်ရ။

၂။ ယက္ခ၊ အို. . . အာဠဝကဘီလူး။ တွံ၊ သင့်ကို။ အဟံ၊ ငါဘုရားသည်။ ဣင်္ဃ၊ တိုက်တွန်း၏။ ယဒိ၊ အကယ်၍။ ဣဓ၊ ဤလောက၌။ သစ္စာ၊ အမှန် အကန် ပြောဆိုခြင်းထက်။ ဓမ္မာ၊ အတတ်ပညာထက်။ စာဂါ၊ အရာဌာန အလိုက် ဥစ္စာကိုစွန့်ခြင်း၊ အသက်ကိုစွန့်ခြင်းထက်။ ခန္တျာ၊ မပြတ်ထုတ်သော ဝီရိယထက်။ ဘိယျော၊ လွန်သောတရားသည်။ ယဒိဝိဇ္ဇတိ၊ အကယ်၍ ရှိသည် ဟု ထင်ငြားအံ့။ အညေပိ၊ ငါမှတစ်ပါးလည်း ဖြစ်ကုန်သော။ ပုထုသမဏဗြဟ္မဏေ၊ များစွာကုန်သော ရဟန်းပညာရှိ ပုဏ္ဏားပညာရှိတို့ကို။ ပုစ္ဆဿု၊ မေးလေဦးလော။

http://www.cherrythitsar.org


ဤ ပစ္စုပ္ပန်လောက၌လည်းကောင်း၊ နောင်တမလွန် လောက၌လည်းကောင်း၊ ကောင်းရာကောင်းကြောင်း တရားကား လေးပါးရှိ၏။

လေးပါး ဟူသော်ကား -

၁။ အမှန်အကန် ပြောဆိုခြင်း သစ္စာလည်းတစ်ပါး။

၂။ အတတ်ပညာ ဟူသော ဓမ္မလည်းတစ်ပါး။

၃။ ပြုခင်းပြုဖွယ် အမှုကိစ္စကို မပျင်းမရိ မခိုမကပ် မပြတ်လုံ့လထုတ်ခြင်း (ဓိတိ)[၁] လည်းတစ်ပါး။

၄။ ဥစ္စာပစ္စည်းဖြင့် ပေးကမ်းသင့်သောအရာ၌ ဥစ္စာပစ္စည်းကို ပေးကမ်းစွန့်ကြဲခြင်း၊ အသက်ကို စွန့်သင့်သော စစ်ရေးစစ်ရာ၌ ကိုယ့်အသက်ကို မငဲ့ကွက်စွန့်ခြင်း စာဂလည်းတစ်ပါး။

ဤလေးပါးတည်း။ ။ လောက၌ ဤလေးပါးထက်ကောင်းသော တရားမည်သည်မရှိ။ ဤတရားလေးပါးသည် လောက၌ ကောင်းကြောင်းဟူ၍၊ ငါဘုရားဟောတော်မူသည့်အရာကို မယုံသေးလျှင်၊ ငါဘုရားမှတစ်ပါး လောက၌ များစွာသော ရဟန်းပညာရှိ၊ ပုဏ္ဏားပညာရှိတို့ကို မေးလေဦးတော့ ဆိုလိုသည်။

ဤသို့ မြတ်စွာဘုရား ဟောတော်မူသည်ကို အာဠဝက ဘီလူးက၊ ဟုတ်လှပေသည်ဟု ချီးမွမ်းလိုရကား -

> ကထံနု ဒါနိ ပုစ္ဆေယျံ၊
> ပုထုသမဏ ဗြာဟ္မဏေ။
> သွာဟံ အဇ္ဇ ပဇာနာမိ၊
> ယော အတ္တော သမ္ပရာယိကော။ ။

ဟူသော ဂါထာကို ဆို၏။

ဒါနိ၊ ယခု ဟောတော်မူပြီးသောအခါ၌။ ကထံနု၊ အဘယ်ကြောင့်လျှင်။ ပုထုသမဏဗြာဟ္မဏေ၊ မြတ်စွာဘုရားမှတစ်ပါး၊ များစွာကုန်သော ရဟန်းပညာရှိ၊ ပုဏ္ဏားပညာရှိတို့ကို။ ပုစ္ဆေယျံ၊ မေးတော့အံ့နည်း။ သမ္ပရာ ယိကော၊ နောင်တမလွန်၌ဖြစ်သော။ ယောအတ္တော၊ အကြင်အကျိုးသည်။ အတ္ထိ၊ ရှိ၏။ တံအတ္ထံ၊ ထိုအကျိုးကို။ သွာဟံ၊ ထိုအကျွန်ုပ်သည်။ အဇ္ဇ၊ ယနေ့။ ပဇာနာမိ၊ သိပါပြီ။

---

၁။ ပုရပိုက်မူ၌မပါ။ သူရိယမူအတိုင်း ထည့်လိုက်သည်။

http://www.cherrythitsar.org


## ၂၀။ သစ္စာ၏အကျိုး

လောက၌ အမှန်အကန် ပြောဆိုခြင်းသည် ချက်ချင်းမျက်မှောက် ဒိဋ္ဌဓမ္မအကျိုးကို ပေးတတ်သည်။ ဘုရားလောင်းငုံးမင်းဖြစ်စဉ်၊ မှန်သောသစ္စာကို ဆိုသောကြောင့်၊ ငုံးမင်းနေသော တောအုပ်ကို တောမီးကွင်းသည်။ ။ သုဝဏ္ဏသျှံသတို့သားမြားမှန်၍ မြားဆိပ်တက်၍၊ သေဝပါးနီးရှိသည်ကို မိဘနှစ်ပါးနှင့် ဗဟုသုန္ဒရီနတ်သမီးတို့ သစ္စာပြု၍ အသက်မှချမ်းသာသည်။ ဓမ္မာသောကမင်းကြီးလက်ထက် ပြည့်တန်ဆာမ မှန်သောစကားကို သစ္စာဆို၍၊ ဂင်္ဂါရေ အညာသို့ဆန်၍ စီးသည်။ ။ ရှေးအခါ တရုတ်နိုင်ငံ၌ တရုတ်မင်းတို့သည် မှန်သောသစ္စာစကားကို ဆို၍၊ အရှေ့သမုဒ္ဒရာ ရေမျက်နှာပေါ်ကို ရထားနှင့် သွားနိုင်သည်။ ။ သောတ္ထိသေနအိမ်ရှေ့မင်း နူနာစွဲသည်ကို သမ္ဗုလမင်းသမီး မှန်သောသစ္စာစကားကိုဆို၍၊ ရေသွန်းလောင်းလျှင်၊ နူနာပျောက်သည်။ ။ ငါးရံ့မင်း မှန်သောသစ္စာစကားကို ဆို၍ မိုးကို ရွာစေနိုင်သည်။ လောက၌ ကံအရာကို ချန်ထား၍ သစ္စာဖြင့် မပြီးနိုင်သော အမှုမည်သည် မရှိ။ ။ ထို့ကြောင့် -

> သစ္စေန ဝါဒေနူဒကံ ဓာဝတိ၊
> ဝိသံပိ သစ္စေန ဟနန္တိ ပဏ္ဍိတာ။
> သစ္စေန ဒေဝေါ ထနယံ ပဝဿတိ၊
> သစ္စေ ဌိတာ နိဗ္ဗုတိံ ပတ္ထယန္တိ။ ။
> ယေကေစိ မေ အတ္ထိ ရသာ ပထဗျာ၊
> သစ္စံ တေသံ သာဓုတရံ ရသာနံ။
> သစ္စေ ဌိတာ သမဏာ ဗြာဟ္မဏာစ၊
> တရန္တိ ဇာတိံ မရဏဿ ပါရန္တိ။ ။

ဟူ၍ အရှင်နာဂသိန် ဟောတော်မူသည်။

သစ္စေနဝါဒေန၊ မှန်သော သစ္စာစကားဖြင့်။ ဥဒကံပိ၊ ရေမျက်နှာပြင်ပေါ်ကိုသော်လည်း။ ဓာဝတိ၊ ပြေးသွားနိုင်၏။ ပဏ္ဍိတာ၊ ပညာရှိတို့သည်။ သစ္စေန၊ မှန်သောစကားဖြင့်။ ဝိသံပိ၊ အဆိပ်ကိုသော်လည်း။ ဟနန္တိ၊ ဖျောက်နိုင်ကုန်၏။ သစ္စေန၊ မှန်သောစကားဖြင့်။ ဒေဝေါ၊ မိုးသည်။ ထနယံ၊ ထစ်ကြိုးလျက်။ ပဝဿတိ၊ ရွာ၏။ သစ္စေ၊ မှန်သောစကား၌။ ဌိတာ၊ တည်ကုန်သော ပညာရှိတို့သည်။ နိဗ္ဗုတိံ၊ နိဗ္ဗာန်ကို။ ပတ္ထယန္တိ၊ တောင့်တနိုင်ကုန်၏။

ပထဗျာ၊ မြေအပြင်၌။ ယေကေစိ၊ အလုံးစုံကုန်သော။ ဣမေရသာ၊ ဤအရသာတို့သည်။ အတ္ထိ၊ ရှိကုန်၏။ တေသံ ရသာနံ၊ ထိုအရသာအပေါင်း

http://www.cherrythitsar.org


တို့ထက်။ သစ္စံ၊ မှန်ကန်စွာ ပြောဆိုသော စကားသည်။ သာဒုတရံ၊ အလွန်တရာ ချိုမြိန်သော အရသာမည်၏။ သစ္စေ၊ မှန်သောစကား၌။ ဋ္ဌိတာ၊ တည်ကုန်သော။ သမဏာစ၊ ရဟန်းတို့သည်လည်းကောင်း။ ဗြဟ္မဏာစ၊ ပုဏ္ဏားတို့သည် လည်းကောင်း၊ ဇာတိမရဏဿ၊ ပဋိသန္ဓေနေခြင်း၊ သေခြင်း၏။ ပါရံ၊ ကမ်းတစ်ဘက်ဟူသော နိဗ္ဗာန်သို့။ တရန္တိ၊ ကူးမြောက်နိုင်ကုန်၏။

အမှန်အကန် ပြောဆိုခြင်း သစ္စာသည်၊ လောက၌သာ အကျိုးပေးသည် မဟုတ်သေးဘူး။ ပါရမီ ၁၀ ပါးတွင် အပါအဝင်ဖြစ်သောကြောင့် နိဗ္ဗာန်သို့ တိုင်အောင်သော အကျိုးကိုလည်း ပေးနိုင်၏ ဟူလို။

အမှန်အကန် ပြောဆိုခြင်းသည် အရသာတကာတို့ထက် အဘယ်ကြောင့် မြတ်သနည်းဟူမူ၊ လောက၌ ထောပတ်ဆီဥ၊ သားမျိုး၊ ငါးမျိုးဟူသော မွန်မြတ်သော အရသာကို စားလျှင်၊ အသွေးအသား အားခွန်ဗလကို တိုးပွားစေသကဲ့သို့၊ မှန်သောသစ္စာစကားကို ဆိုသောသူ၏ များစွာသော အကျိုးစီးပွား တိုးပွားသောကြောင့်၊ မှန်သောစကားကို ပြောဆိုခြင်း သစ္စာသည် မွန်မြတ်သောအရသာ မည်၏။

မှန်ကန်သော သစ္စာစကားကို ဆိုခြင်းသည်၊ သစ္စာပါရမီ ဖြစ်၏။ ဤသစ္စာ ပါရမီကို ပြည့်လိုသောသူသည် သောကြာဂြိုဟ်နှင့်အတူ ကျင့်အပ်၏။ ထို့ကြောင့်-

ယထာပိ ဩသဓိ နာမ၊
တုလာဘူတော သဒေဝကေ။
သမယေ ဥတုဝဿေ ဝါ၊
န ဝေါက္ကမတိ ဝိဓိတော။ ။
တထေဝ တွံပိ သစ္စေသု၊
မာ ဝေါက္ကမာတိ ဝိဓိတော။
သစ္စာပါရမီတံ ဂန္တွာ၊
သမ္ဗောဓိံ ပါပုဏိဿသိ။ ။

ဟူ၍ ဘုရားလောင်း သုမေဓာ ရှင်ရသေ့ ဟောကြားတော်မူသည်။

ဩသဓိနာမ၊ သောကြာ မည်သောဂြိုဟ်သည်။ သမယေဝါ၊ ဆောင်း၊ နွေ၊ ဥတုတို့၌လည်းကောင်း။ ဥတုဝဿေဝါ၊ မိုးဥတုတို့၌ လည်းကောင်း။ ဝိဓိတော၊ သွားမြဲလမ်းမှ။ နဝေါက္ကမတိ၊ မဖယ်မရှား။ သဒေဝကေ၊ နတ်နှင့် တကွသော လောက၌။ တုလာဘူတောယထာ၊ လမ်းမှန်သွားသောကြောင့် ချိန်ခွင် သဖွယ် ဖြစ်သကဲ့သို့။

http://www.cherrythitsar.org


တထေဝ၊ ထို့အတူလျှင်။ တွံပိ၊ သင် သုမေဓာ ရှင်ရသေ့သည်လည်း။ သစ္စေသု၊ မှန်သောစကားတို့၌။ ဝိဓိတော၊ ဆိုပြီးသော လမ်းမှ။ မာဝေါက္က မာတိ၊ မဖယ်မလွဲလေနှင့်။ သစ္စာပါရမီတံ၊ သစ္စာပါရမီနှင့် ပြည့်စုံသောသူ၏ အဖြစ်သို့။ ဂန္တွာ၊ ရောက်၍။ သမ္ဗောဓိံ၊ အရဟတ္တမဂ်ဉာဏ်သို့။ ပါပုဏိဿသိ၊ ရောက်လတ္တံ့။

## ၂၁။ ဓမ္မဉာဏ်ပညာ၏ အကျိုး

ဓမ္မဟူသော ဉာဏ်ပညာ၏ လောကီ၊ လောကုတ္တရာများစွာ အကျိုးရှိကြောင်းကို လည်း များစွာ ဆိုလတ္တံ့။

ယခုအခါ အနောက်တိုင်းပြည် နိုင်ငံ၊ အရှေ့ ဂျပန်နိုင်ငံ၊ တရုတ်နိုင်ငံများက နောက် အသစ်ဖြစ်ပွားသည့် မီးသင်္ဘော၊ မီးရထား၊ ရက်ကန်းစက်မှ စ၍ စက် အမျိုးမျိုး၊ ဖလ်၁မှန်၊ ပန်းကန်၊ ပိုးထည်၊ ချည်ထည်အမျိုးမျိုးတို့သည် ဉာဏ်ပညာမှ ထွက်သည်ချည်း ဖြစ်သည်။ ။ လောကုတ္တရာ၌လည်း မဂ်ဖိုလ် ဟူသည် ဉာဏ် ပညာပင် ဖြစ်သည်။ ။ အလုံးစုံကို သိသော မြတ်စွာဘုရား၏ သဗ္ဗညုတ ဟူသည် လည်း ဉာဏ်ပညာပင် ဖြစ်သည်။ သေနတ်၊ အမြောက်၊ ဗုံးလက်နက်၊ ကိရိယာ အမျိုးမျိုးတို့သည်လည်း၊ ဉာဏ်ပညာမှ ထွက်သည်ချည်း ဖြစ်သည်။ ။ စကားပြော ကြေးနန်း၊ အရိပ်ကျပုံကို ယူနိုင်သော အတတ် အစရှိသည်တို့လည်း ဉာဏ်ပညာမှ ဖြစ်သည်ချည်း ဟူ၍ မှတ်ရမည်။ ။ သည်သာမကသေး၊ ဘုရားတိုင်အောင် ဖြစ်စေနိုင်သောကြောင့်၊ ပညာဓိက ဘုရားလောင်း ရှိသည်။

## ၂၂။ ဓိတိဟူသော လုံ့လဝီရိယထုတ်ခြင်း၏ အကျိုး

ဓိတိဟူသော မပြတ်ထုတ်အပ်သော လုံ့လဝီရိယသည်လည်း လောကီ၊ လောကုတ္တရာ များစွာသောအကျိုးကို ပေးသည်။ ။ နတ်ပြည်၊ ဗြဟ္မာပြည်များမှာသာ ကံအကျိုး သက်သက်ကို ခံစားရသည်။ လူ့ပြည်မှာ ကံအကျိုးသက်သက် မဖြစ်နိုင်။ ။ ဤဘဝ ဇာကန် ဘုရားဖြစ်မည့် ဘုရားအလောင်း သိဒ္ဓတ်မင်းသားသော်လည်း လုံ့လထုတ်၍ ဒုက္ကရစရိယာကျင့်ခြင်း၊ ကမ္မဋ္ဌာန်း စီးဖြန်းခြင်းများကို ပြုမှ ဘုရား ဖြစ်နိုင်သည်။ ။ လောက၌ လူတို့သည် အမိမွေးသည့်အတိုင်းဖြစ်၍၊ ဝီရိယဖြင့်

---

၁။ ပုရပိုက်မူ၌ 'ဘလ်' ဟူ၍ ရှိသည်။

http://www.cherrythitsar.org



မသုတ်မသင် မရှင်းမလင်းထားလျှင်၊ ခြေသည်း၊ လက်သည်း၊ ဆံ၊ အမွေးတို့သည် ရှည်၍ လူနှင့်မတူ၊ မျောက်ကဲ့သို့ ဖြစ်လိမ့်မည်။ ။

လောက၌ လူတို့ စားသောက်ရန်ကိုလည်း၊ လုံ့လဝီရိယထုတ်၍ မလုပ်မဆောင်လျှင် လယ်ယာ မဖြစ်မထွန်း၊ စားသောက်ရန် ဆန်စပါး မရှိ ဖြစ်လိမ့်မည်။ ။ ဝတ်ဆင်ရန်ကိုလည်း၊ လုံ့လထုတ်၍ မရက်မလုပ်လျှင်၊ အဝတ်ပုဆိုး ဝတ်ဆင်ရန် မရှိ၊ အချည်းနှီး ဖြစ်လိမ့်မည်။ ။ နေထိုင်ရန် မြို့ရွာ၊ အိမ်၊ ကျောင်းကိုမူသော်လည်း မဆောက်မလုပ်လျှင်၊ လွင်ထီးတည်းမှာ နေရလိမ့်မည်။ ။ ငါတို့ တောင်ကျွန်းအရပ်မှာ များသောအားဖြင့် နေထိုင်ဝတ်ဆင်ရန်၊ ရှေးကုသိုလ်ကံကြောင့် အလိုလိုဘုံဗိမာန် ပဒေသာပင် ပေါက်သော မည်သည် မရှိ။ ။ နောက်က ဆိုခဲ့ပြီးသော စက်အမျိုးမျိုး၊ လက်နက်အမျိုးမျိုး၊ အထည်အမျိုးမျိုး တို့ကို၊ လှပကောင်းမွန်အောင် ဆင်ခြင်စဉ်းစား၍၊ ဉာဏ်ဖြင့် သိမြင်သော်လည်း၊ ဝီရိယထုတ်၍ မလုပ်မဆောင်လျှင်၊ တစ်စုံတစ်ခုသော ဝတ္ထုမျှ မဖြစ်နိုင်။ ။

လောက၌ လူတို့သုံးဆောင်သမျှသော ဝတ္ထုကို စဉ်းစားကြည့်ရှု၍ ဆင်ခြင်လျှင်၊ အလိုလို ဖြစ်သောမည်သည် မရှိ၊ လုံ့လဝီရိယထုတ်၍ လုပ်ဆောင်သောကြောင့်သာ ဖြစ်သည်ချည်း မှတ်ရမည်။ ။ ရွှေ၊ ငွေ၊ စိန် ကျောက်တို့သည်လည်း၊ မြေကြီးထဲမှ အလိုလိုပေါ်၍၊ လူ့ပြည်ကို လာရောက်သည်မဟုတ်၊ မြေကြီးကို တူးဆွ၍၊ လူတို့ လုံ့လဝီရိယဖြင့် လူ့ပြည်သို့ လာရောက်သည်။ လောကတစ်ခုလုံး၌ လုံ့လဝီရိယ အကျိုးကိုသာ ခံစား၍ နေကြရသည်ကို၊ စေ့စေ့ဆင်ခြင်လေ သိမြင်လေ ဖြစ်လိမ့်မည်။ ။ ထို့ကြောင့် -

> ယော စဿသတံ ဇီဝေ၊
> ကုသိတော ဟီန ဝိရိယော။
> ဧကာဟံ ဇီဝိတံ သေယျော၊
> အာရဒ္ဓေါ ဝိရိယော ဒဠှံ။ ။

ဟူ၍ ဟောတော်မူသည်။

ဟီနဝိရိယော၊ ယုတ်သော လုံ့လဝီရိယရှိသော။ ကုသိတော၊ ပျင်းရိသော။ ယော၊ အကြင်သူသည်။ ဝဿသတံ၊ အနှစ်တစ်ရာ ကာလပတ်လုံး။ ဇီဝေ၊ အသက်ရှည်၏။ တဿ၊ ထိုလူပျင်း အသက်တစ်ရာ ရှည်သည်ထက်။ ဒဠှံ၊ မြဲမြံစွာ။ အာရဒ္ဓေါ၊ အားထုတ်အပ်သော။ ဝိရိယော၊ လုံ့လဝီရိယဝရှိသော သူသည်။ ဧကာဟံ၊ တစ်ရက်မျှ။ ဇီဝိတံ၊ အသက်ရှည်ခြင်းသည်။ သေယျော၊ မြတ်၏။

http://www.cherrythitsar.org


ဆိုခဲ့ပြီးသော အကျိုးများသာမကသေး၊ ဘုရားတိုင်းအောင် ဖြစ်စေနိုင်သော ကြောင့်၊ ဝိရိယဓိက ဘုရားလောင်းရှိသည်။

## ၂၃။ စာဂဟူသော စွန့်ကြဲပေးကမ်းခြင်း၏ အကျိုး

ဥစ္စာပစ္စည်းကို စွန့်ကြဲပေးကမ်းခြင်း စာဂမည်သည်၊ ခပ်သိမ်းသောသူတို့နှင့် ဆက်ဆံသော သင်္ဂဟတရား လေးပါး၌ ပါဝင်၏။ မင်းကျင့်တရား ၁၀ ပါး ၌လည်း ပါဝင်၏။ ဒါနပါရမီလည်း ဖြစ်၏။ ။ လောက၌ အလုပ်အဆောင် မှုခင်းပြုဖွယ်ကိစ္စ ရှိသမျှကို အစိုးရပင်ဖြစ်စေကာမူ၊ တန်လောက်အောင် ပေး၍ မခိုင်းလျှင်၊ မည်သည့်အမှုကိုမျှ နေရာကျလုပ်ဆောင်မည့်သူမရှိ။ အကယ်၍ အစိုးရဂုဏ်နှင့် နှိပ်စက်၍ခိုင်းလျှင်၊ လှန်ပြန်နိုင်လျှင် လှန်ပြန်လိမ့်မည်။ မလှန်ပြန်နိုင်လျှင် ထွက်ပြေးတိမ်းရှောင်လိမ့်မည်။ အမှုကို ကောင်းအောင် မလုပ်နိုင်။ ထို့ကြောင့် . . .

အဒန္တဒမနံ ဒါနံ၊
ဒါနံ သဗ္ဗတ္ထ သာဓကံ။
ဒါနေန ပိယဝါစာယ၊
ဥန္နမန္တိ နမန္တိစ။ ဟူ၍ ဟောတော်မူသည်။

ဒါနံ၊ ပေးကမ်း စွန့်ကြဲခြင်းသည်။ အဒန္တဒမနံ၊ မယဉ်ကျေးသောသူကို ယဉ်ကျေးစေနိုင်၏။ (လူကို မဆိုထားနှင့်ဦး၊ တောတိရစ္ဆာန်ကိုသော်လည်း အစား အသောက် ကျွေးမွေးလျှင်၊ ယဉ်ကျေးသည်ကို မျက်မြင်ဖြစ်သည်)။ ဒါနံ၊ ပေးကမ်း စွန့်ကြဲခြင်းသည်။ သဗ္ဗတ္ထ၊ ပစ္စုပ္ပန် တမလွန်လောက နှစ်ပါး၌။ သာဓကံ၊ အလိုရှိအပ်သော အကျိုးကို ပြီးစေတတ်၏။ ဒါနေန၊ ပေးကမ်းစွန့်ကြဲခြင်းဖြင့် လည်းကောင်း။ ပိယဝါစာယ၊ ချစ်ဖွယ်သောစကားကို ဆိုခြင်းဖြင့်လည်းကောင်း။ သတ္တာ၊ သတ္တဝါတို့သည်။ ဥန္နမန္တိ၊ ဝမ်းမြောက်ကြကုန်၏။ နမန္တိစ၊ ပေးကမ်း စွန့်ကြဲသောသူ၊ ချစ်ဖွယ်ပြောဆိုသောသူတို့ ညွှတ်လည်း ညွှတ်ကြကုန်၏။

ဆိုခဲ့ပြီးသော အကျိုးများသာ မကသေး။ ပေးကမ်းစွန့်ကြဲခြင်းမည်သည်၊ သဒ္ဓါတရားရှိမှ ဖြစ်နိုင်သည်။ သဒ္ဓါတရား မည်သည်လည်း၊ ဘုရားတိုင်အောင် ဖြစ်စေနိုင်သည်။ ထို့ကြောင့် သဒ္ဓါဓိက ဘုရားလောင်းရှိသည်။

ကိုယ့်အသက်ကို စွန့်ခြင်း စာဂဟူသည်လည်း၊ ဘေးရန်တွေ့သောအခါ၊ သေခါနီးသောအခါတို့၌၊ ကိုယ့်အသက်ကို မစွန့်ဝံ့။ ထိတ်လန့်ခြင်းဖြစ်လျှင်၊ အမှုကို ကောင်းစွာ မလုပ်ဆောင်နိုင်။ အကျိုးအကြောင်းကို မသိနိုင်ဖြစ်၍၊ ဘေးရန်တွေ့ကာလ အသက်ကို မစွန့်ဝံ့လျှင်၊ ရှုံးပါးပျက်စီးခြင်း ဖြစ်လိမ့်မည်။ ။

http://www.cherrythitsar.org


မဟောသဓာသည် ဝိဒေဟရာဇ်ပြည်ကို ဝိုင်းထားသောအခါ အသက်ကို စွန့်၍၊ ဝိုင်းထားသည့် စူဠဏီဗြဟ္မဒတ်မင်း တပ်တွင်းသို့ ဝင်ပြီးလျှင် နန်းစဉ်ပတ္တမြားကို ကေဝဋ်ပုဏ္ဏားအား ပြ၍၊ ဦးစွန်းကို ဆွဲပြီးလျှင် မြေ၌ပွတ်သောကြောင့်၊ ဆယ့်ရှစ်ကျောဘိဏီ တပ်ပျက်သည်။ ။ သေခါနီးအခါ ကြောက်လန့်ခြင်းဖြစ်၍ တရားကို ကောင်းမွန်စွာ နှလုံးမသွင်းလျှင် ဧကန် အပါယ်လေးပါး သွားလိမ့်မည်။ ထို့ကြောင့် 'ရဲဘော်မသေ သေသော် ငရဲမလား' ဟူ၍ ဆိုရိုးရှိလေသည်။ ။ လောက၌ စစ်ရေးစစ်မက်[၁] မှု ဟူသမျှ၌ ရဲသူက နိုင်၍ ကြောက်သူက ရှုံးသည် ချည်း များသည်။

## ၂၄။ အနောက်နိုင်ငံများ၌ သစ္စာ၊ ဓမ္မ၊ ဓိတိ၊ စာဂ ဟူသော တရားတို့ ထွန်းကားကြောင်း

ဤဆိုခဲ့ပြီးသည်အတိုင်း လောက၌ ဉာဏ်ပညာရှိသော ခပ်သိမ်းသောအမှုကို သိမြင်အောင်လုပ်ပြီးလျှင်၊ အကျိုးမရှိသည်ကို ပယ်၍၊ အကျိုးရှိမည့်အရာကို မဆုတ်မနစ် လုံ့လဝီရိယထုတ်၍လုပ်။ ။ ပေးကမ်းသင့်သည့်အရာကိုလည်း ပေးကမ်း။ ။ စကားကိုလည်း မှန်အောင် ပြောဆို။ ။ အသက်ကို စွန့်သင့်သည့် အရာမှာ စွန့်။ ။ အမှုခပ်သိမ်းတို့ကို ဤတရားလေးပါးနှင့်ချည်း ပြုလုပ်လျှင်၊ မပြီးသော မည်သည် မရှိနိုင်ရာ။ ထို့ကြောင့် ဤတရားလေးပါးကို ကျင့်ဆောင်လျှင်၊ ဤပစ္စုပ္ပန်လောက၊ နောင်တမလွန်လောက၌ စိုးရိမ်ရန်မရှိ ကောင်းသည် ဟူ၍ ဘုရားဟောတော်မူသည်။ ။ ယခုအခါ၊ အလွန်စည်ပင် ဖြစ်ထွန်းသော အနောက်တိုင်းပြည်နိုင်ငံများမှာ ဤတရားလေးပါးနှင့် ကပ်၍ ကြည့်လျှင်၊ ညီသော အချက်များသောကြောင့်၊ တရားစောင့်သဖြင့် ဖြစ်ထွန်းတိုးပွားသည်ကို မျက်မြင်ပင် ဖြစ်သည်။

ဝါနရိန္ဒဇာတ်၌ကား ဘုရားလောင်း ဝါနရိန္ဒမျောက်မင်း ဒေဝဒတ်အလောင်း မိကျောင်းကို အောင်သောကြောင့် မိကျောင်းက -

> ယဿေ တေ စတုရော ဓမ္မာ၊
> ယထာ တဝ ဝါနရိန္ဒ။
> သစ္စံဓမ္မော ဓိတိစာဂေါ၊
> ဒိဋ္ဌံသော အတိဝတ္တတိ။ ဟူ၍ (ဟောတော်မူသည်)။[၂]

---

၁။ ပုရပိုက်မူ၌ 'စစ်ရေးမဂ်မှု' ဟု တွေ့ရသည်။ သူရိယမူအတိုင်း ထားသည်။
၂။ ပုရပိုက်မူ၌ မပါ၊ သူရိယမူအတိုင်း ထားသည်။

http://www.cherrythitsar.org


အကြင်သူအား ဤတရားလေးပါးတို့သည် ရှိကုန်၏။ ထိုသူသည် ရန်အပေါင်းကို အောင်နိုင်၏။ သင် မှောက်မင်းအားလည်း ဤတရားလေးပါး ရှိသောကြောင့်၊ ငါ မိကျောင်းတည်းဟူသော ရန်သူကို လွှမ်းနိုင်၏ဟု ဆိုသည်ကို အစွဲပြု၍၊ ရန်အောင်ကြောင်း လေးပါးလည်း ဆိုကြသည်။ ။ သည်ကိုရည်၍ သံဝရပျို့တွင်။ 'သစ္စံဓမ္မ၊ ဝိရိယနှင့်၊ စာဂဟူသည်၊ ရန်သူအောင်မှု၊ ကြောင်းလေးခုဖြင့်၊ သတ္တုမဒ္ဒန၊ ကိစ္စပြီးကုန်၊ ကိုယ်မှုလုံသား' ဟူ၍ စပ်လေသည်။

## ၂၅။ အမှုကို ပြီးစေတတ်သောအကြောင်းတရား ငါးပါး

လောက၌ အမှုကို ပြီးစေတတ်သော အကြောင်းတရား ငါးပါးရှိသည်ကို ပဉ္စနိပါတ် အင်္ဂုတ္တရပါဠိတော် နာရဒသုတ် အစရှိသည်တို့၌ -

ဇပ္ပေန မန္တေန သုဘာသိတေန၊
အနုပ္ပဒါနေန ပဝေဏိယာဝါ။
ယထာယထာ ယတ္ထ လဘေထ၊
အတ္ထံ တထာတထာ ဝတ္ထ ပရက္ကမေယျ။ ။

(၁) ဇပ္ပေန၊ ဂုဏ်ကျေးဇူးကို ပြောဆိုခြင်းဖြင့်လည်းကောင်း။ (၂) မန္တေန၊ တန်ခိုးကြီးသော မန္တန်ကို မန်းသဖြင့်လည်းကောင်း။ (၃) သုဘာသိတေန၊ ကြိုက်နှစ်သက်ရာ ကောင်းသောစကားကို ပြောဆိုခြင်းဖြင့်လည်းကောင်း။ (၄) အနုပ္ပဒါနေန၊ ဥစ္စာပေးကမ်းခြင်းဖြင့်လည်းကောင်း။ (၅) ပဝေဏိယာဝါ၊ အမျိုးတို့၏ ထုံးစံအစဉ်ကို ပြသဖြင့်လည်းကောင်း။ ယတ္ထ၊ အကြင်သို့သောအရာ၌။ ယထာယထာ၊ အကြင်အကြင်သို့ ဆိုခဲ့ပြီးသော အကြောင်းငါးပါးတို့တွင် သင့်လျော်သော အကြောင်းဖြင့်။ အတ္ထံ၊ အကျိုးကို။ လဘေထ၊ ရရာ၏။ တတ္ထ၊ ထိုသို့သောအရာ၌။ တထာတထာ၊ ထိုအကြောင်း ငါးပါးတို့တွင် သင့်ရာ အကြောင်းဖြင့်။ ပရက္ကမေယျ၊ လုံ့လထုတ်ရာ၏။

ဝေဒဗ္ဗဇာတ်၌ မန္တန်နှင့် သင့်လျော်သည့် နက္ခတ် စန်းယှဉ်သည့်အခါ၊ ဤမန္တန်ကို ရွတ်လျှင်၊ ရွှေမိုးငွေမိုးရွာသည်။ ။ အကာလဖလ မန္တန်ဖြင့် ရေကို မန်း၍ သစ်ပင်ကို ပက်လျှင်၊ အချိန်မဟုတ်ဘဲ အသီးသီးသည်။ ။ ပထဝီဇယ မန္တန်ကို မန်းလျှင်၊ ရန်အပေါင်းကို အောင်သည်။ ။ ပဒက္ခရမည်သော မန္တန်ကို ရ၍၊ ပေါရိသာဒမင်း လေကဲ့သို့ လျင်မြန်သည်။ ။ ဖုတ်သွင်းသောမန္တန်ကို ရ၍ ကျားသေကို ဖုတ်သွင်းသောကြောင့်၊ ကျားထ၍ ကိုက်သည်။ ။ ဤသို့ စသဖြင့်၊ ရှေးအခါ မန္တန်မန်း၍ အကျိုးရှိကြောင်းကို များစွာသော ကျမ်းဂန်တို့၌ ဆိုသည်။

http://www.cherrythitsar.org


ယခုအခါမူကား၊ ဤကဲ့သို့ ထင်ရှားကျော်စောသော မန္တန်တို့ကို မတွေ့မမြင်ဘူး ကြလေ။

## ၂၆။ ယုတ်မာသောသူတို့ကို အောင်ရာအောင်ကြောင်းတရား လေးပါး

ယုတ်မာသောသူတို့ကို အောင်ရာအောင်ကြောင်းကိုကား -

အက္ကောဓေန ဇိနေ ကောဓံ၊
အသာဓုံ သာဓုနာ ဇိနေ။
ဇိနေ ကဒရိယံ ဒါနေန၊
သစ္စေ နာလိက ဝါဒိနံ။ ။
(ဟူ၍ ဓမ္မပဒပါဠိတော်၌ ဟောတော်မူ၏။)[၁]

ကောဓံ၊ အမျက်ထွက်သော သူကို။ အက္ကောဓေန၊ အမျက်တုံ့ပြန်၍ မထွက်သော သည်းခံခြင်းဖြင့်။ ဇိနေ၊ အောင်ရာ၏။ (အသူရာနတ်မင်းကို သိကြားမင်း ဆိုသောစကားနှင့်၊ ဤစကားသည် ညီညွတ်ကြ၏။) အသာဓုံ၊ သူတော်မဟုတ် ယုတ်မာသောသူကို။ သာဓုနာ၊ သူတော်ကောင်းအဖြစ်ဖြင့်။ ဇိနေ၊ အောင်ရာ၏။ ကဒရိယံ၊ မပေးကမ်းလို ဝန်တိုစဉ်းလဲသောသူကို။ ဒါနေန၊ ပေးကမ်းခြင်းဖြင့်။ ဇိနေ၊ အောင်ရာ၏။ အလိကဝါဒိနံ၊ မဟုတ်မလျား မုသား ပြောတတ်သူကို။ သစ္စေန၊ အမှန်အကန် ပြောဆိုခြင်း သစ္စာတရားဖြင့်။ ဇိနေ၊ အောင်ရာ၏။

ဤဆိုခဲ့ပြီးသော သူတို့ကို၊ ဤဆိုခဲ့ပြီးသည့်အတိုင်း အောင်ခြင်းသည်ကား ပစ္စုပ္ပန် တမလွန်နှစ်ပါးသော လောက၌ပင် ကောင်းသောအောင်ခြင်း ဖြစ်၏။ ဘုရားအစရှိသော သူတော်ကောင်းတို့ ကြိုက်သော အောင်ခြင်းဖြစ်၏။ ထို့ကြောင့်၊ ဤအောင်နည်း လေးမျိုးကို အသက်ထက်ဆုံး မှတ်သားအပ်သတည်း။

ဤတွင်၍ကား၊ အပရိဟာနိယ ခုနစ်ပါး အစရှိသော
အစိုးရ မင်းမျိုးမတ်တို့ ကျင့်ဆောင်အပ်သည်ကို
ဆိုရာ ဆိုကြောင်းဖြစ်သော ရာဇဓမ္မ
သင်္ဂဟ အမည်ရှိသော ကျမ်း
ပထမပိုင်း ပြီး၏။

---

၁။ သူရိယမှု၌ ဤစာကြောင်းမပါ။

http://www.cherrythitsar.org


# ဒုတိယပိုင်း

## ၁။ တေသကုဏ ဇာတ်တော်လာ မင်းတို့ ကြည့်ရှောင်အပ်သောတရား သုံးပါး

လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအပေါင်းတို့ကို၊ ကောင်းရာကောင်းကြောင်း ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်ဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ်၊ ပသေနဒီ ကောသလမင်းကြီးကို တရား၌ တည်အောင် ဆုံးမတော်မူလိုသည်ဖြစ်၍ -

မစ္စုနာ သင်္ဂရော နတ္ထိ၊
လဥ္ဇဂ္ဂါဟော န ဝိဇ္ဇတိ။
ယုဒ္ဓံ နတ္ထိ ဇယော နတ္ထိ၊
သဗ္ဗေ မစ္စုပရာယနာတိ။ ဟူ၍ ဟောတော်မူသည်။

မစ္စုနာ၊ သေမင်းနှင့်။ သင်္ဂရော၊ မည်သည့်အချိန်ကို သေရမည်ဟူ၍ အချိန်းအချက်သည်။ နတ္ထိ၊ မရှိ။ လဥ္ဇဂ္ဂါဟော၊ လက်ဆောင်ပဏ္ဏာကို ပေးပြီးလျှင်၊ သေမင်းယူ၍ သေခြင်းမှလွတ်သော မည်သည်။ နဝိဇ္ဇတိ၊ မရှိ။ ယုဒ္ဓံ၊ သေမင်းကို စစ်ထိုးနိုင်သောသူသည်။ နတ္ထိ၊ မရှိ။ ဇယော၊ သေမင်းကို အောင်သောသူသည်။ နတ္ထိ၊ မရှိ။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော သတ္တဝါတို့သည်။ မစ္စုပရာယနာ၊ သေမင်းသို့သာလျှင် လဲလျောင်းကြရကုန်၏။

သေခြင်းသည်ပင်လျှင်၊ သူ့ကို မသေနိုင်အောင် အစိုးရသူမရှိ၊ သူကသာ အစိုးရ၍ ခပ်သိမ်းသောသတ္တဝါတို့သည် သေခြင်းကို မလွန်နိုင်သောကြောင့် မင်းနှင့်တူရကား၊ သေမင်းမည်၏။ ။ ဤသို့ အလွန်ရနိုင်ခဲသော ဗုဒ္ဓုပ္ပါဒ နဝမ ခဏ၌ လူအဖြစ်ကို ရပါသော်လည်း ဧကန် သေရမည်ဖြစ်၍ တရား၌ တည်ရမည်။ သေလျှင် တရားမှတစ်ပါး ကိုးကွယ်ရာမရှိဟု ဟောတော်မူပြီး၍၊ ရှေးသာသနာပ အခါကောင်းမွန်စွာ တရားဟောပြောတတ်သူ မရှိ၊ တရားကို ကျင့်ဆောင်လိုသော သူတို့သည် ပညာရှိငှက်တိရစ္ဆာန်တို့ ဟောပြောသော တရားကိုသော်လည်း၊ နာခံမှတ်သားကျင့်ဆောင်သောကြောင့်၊ အကျိုးများစွာ ခံစားရဖူးလေသည်ဟူ၍၊ အတိတ်ကို ဆောင်တော်မူပြီးလျှင် စတ္တာလီသနိပါတ်တေသကုဏဇာတ်ကို ဟောတော်မူသည်။

http://www.cherrythitsar.org



ထို တေသကုဏဇာတ်၌၊ ညီတော်အာနန္ဒာ အလောင်း၊ ဗာရာဏသီပြည်ကို အစိုးရသော ဗြဟ္မဒတ်မင်းက၊ အရှင်သာရိပုတ္တရာ အလောင်း ဝေဿန္တရာ မည်သော ခင်ပုပ်ငှက်ကို ပြည်ရှင်မင်းတို့မည်သည်၊ မည်သည့်အမှုကိုပြုလျှင် မြတ်သနည်းဟု အမေးကို ဖြေလို၍ -

ပဥ္စမေနေဝ ဝိတထံ၊[၁]

ကောဓံ ဟသံ နိဝါရယေ။

တထော ကိစ္စာနိ ကာရေယျ၊

တံ ဝတံ အာဟု ခတ္တိယ။ ဟူ၍ (ဟောတော်မူသည်။)[၂]

ခတ္တိယ၊ လယ်မြေတို့ အရှင်ဖြစ်တော်မူသော မင်းကြီး။ ရာဇာနာမ၊ မင်း မည်သည်ကား။ ပဥ္စမေနေဝ၊ တိုင်းရေးပြည်မှုပြုရာ လက်မွန်အစ၊ ပဥ္စမက သာလျှင်။ ဝိတထံ၊ မဟုတ်မမှန် ချွတ်ယွင်းသော စကားကိုလည်းကောင်း။ ကောဓံ၊ အမျက်ထွက်ခြင်းကိုလည်းကောင်း။ ဟသံ၊ ပွဲလမ်းသဘင် အပျော်အပါး ကာမဂုဏ်ကို ခံစား၍၊ တိုင်းရေးပြည်မှုကို အလေးမပြု ပေါ့လျော့ခြင်းကို လည်းကောင်း။ နိဝါရယေ၊ တားမြစ်ရာ၏။ တတော၊ ထိုတရားသုံးပါးကို စောင့်ပြီး နောက်မှ။ ကိစ္စနိ၊ တိုင်းရေးပြည်မှုတို့ကို။ ကရေယျ၊ ပြုရာ၏။ တံ၊ ထိုတရား သုံးပါးကို။ ရာဇာနံ၊ မင်းတို့၏။ ဝတံ၊ ကျင့်ဝတ်ဟူ၍။ အာဟု၊ ဘုရာအစရှိသော သူတော်ကောင်းတို့သည် ဟောကုန်၏။

## ၂။ မင်းမှာ သစ္စာ

ကတိသစ္စာ မတည် မကြား၊ မဟုတ်မမှန်သောစကားကို ပြောဆိုတတ်သော မင်း၏ နိုင်ငံသည် မြေသြဇာမရှိ။ လယ်ယာဥယျာဉ် လုပ်ဆောင်ရာ မြေအရပ်တို့မှ မြေ၏ သြဇာသည် အောက်သို့ ခုနစ်[၃]တောင် လျှောကျ၏။ ထို့ကြောင့်၊ ထိုမြေ၌ ပေါက်ရောက်သော စပါး၊ ဆန်၊ ဟင်းသီးဟင်းရွက် စသော အာဟာရတို့၌ လည်းကောင်း၊ ဆီ၊ ထောပတ်၊ ပျားရည်၊ ထန်းလျက်၊ ကြံသကာ၊ တြိကတုင်၊ ၃ ပါး အစရှိသော ဆေးမျိုးတို့၌လည်းကောင်း၊ သတ္တိသြဇာ မရှိသော အာဟာရကို စားရကုန်သော သတ္တဝါတို့သည် အနာရောဂါ များပြားကုန်၏။ ။ အနာရောဂါ

---

၁။ သူရိယမှု၌ ဝိတထံ ပဥ္စမေနေဝ ဟု ရှိသည်။

၂။ ပုရပိုက်မှု၌ ဤစာကြောင်း မပါ။ သူရိယမှုအတိုင်း ထားသည်။

၃။ သူရိယမှု၌ ခုနစ်ဟူသော စကား ကျကျန်ရစ်သည်။ ပုရပိုက်မှု၌ 'ရ်' ဟု ပါရှိသည်။

http://www.cherrythitsar.org


ဖြစ်၍၊ ဆေးဝါးပေးပြန်လျှင်လည်း၊ ဩဇာမရှိသော မြေမှ ပေါက်ရောက် ဖြစ်ပွားသော ဩဇာမရှိသော ဆေးကို ပေးရသောကြောင့် မပျောက်၊ သေသည်များ၏။ အသီးအနှံ မဖြစ်ပွားသောကြောင့် သဿမေဓ အခွန်အတုတ် ကောက်ခံရန် များစွာ မရနိုင်။ ။ အခွန်အတုတ် မရသော အစိုးရမင်းတို့သည် မှူးမတ် ရဲမက် လက်နက်ကိုင်တို့ကို မျိုးရိက္ခာ လုံလောက်အောင် မပေးနိုင်။ ။ မျိုးရိက္ခာ လုံလောက်အောင် မရသော မှူးမတ် ရဲမက် လက်နက်ကိုင်တို့သည် အမှုကို ကောင်းမွန်စွာ မထမ်းဆောင်နိုင်။ ရန်သူကို မတားမြစ်နိုင်။ ရန်သူ နှိပ်စက်ရာ ခံရ၏။ ။

စကားမမှန်သော မင်းဟူ၍ ယုံကြည်သူမရှိ။ မကောင်းသောကျော်စောခြင်း ဖြစ်၏။ ။ စင်စစ်မူကား တိုင်းပြည်ပျက်စီးရုံသာမက မဟုတ်မမှန် ပြောဆိုသော စေတီယမင်းကို မြေမျိုသည်။ ။ မဟုတ်မမှန် အပြောတခြား၊ အပြုတခြား၊ မုသာဝါဒ ပြောဆိုတတ်သောသူသည် မည်သည့်မကောင်းမှု အကုသိုလ်တို့မှ ရှောင်ကြဉ်လိမ့်မည် ယုံကြည်ရန် မရှိကြောင်းကို ဟောတော်မူလိုသော မြတ်စွာဘုရားသည် -

ဧကံ ဓမ္မံ အတီတဿ၊
မုသာဝါဒိဿ ဇန္တုနော။
ဝိတိဏ္ဏ ပရလောကဿ၊

နတ္ထိ ပါပံ အကာရိယံ။ ဟူ၍ ဓမ္မပဒ ပါဠိတော်တွင် ဟောတော်မူသည်။

မုသာဝါဒိဿ၊ မဟုတ်မမှန် ပြောဆိုတတ်သော။ ဧကံ ဓမ္မံ၊ တစ်ခုသော သစ္စာတရားကို။ အတီတဿ၊ လွန်ကျူးဝံ့သော။ ဝိတိဏ္ဏ ပရလောကဿ၊ နောင်တမလွန် လောကကိုလည်း ကျော်နင်းဝံ့သော။ ဇန္တုနော၊ သတ္တဝါအား။ အကာရိယံ၊ သူ မပြုဝံ့သော။ ပါပံ၊ အကုသိုလ်တရားမည်သည်။ နတ္ထိ၊ မရှိပြီ။

မဟုတ်မမှန် သစ္စာမရှိ ယွင်းမှား ပြောဆိုဝံ့သူသည် အကုသိုလ်ဒုစရိုက် ဆယ်ပါးတို့တွင် မည်သည်ကိုမှ မကြောက်၊ ပြုဝံ့တော့မည် ဟူလို။

ကိုယ်ပိုင် ဥစ္စာပစ္စည်းကိုသော်လည်း ပေးမည်ဆိုပြီး၍၊ မပေးဘဲ သစ္စာစကား ပျက်လျှင်၊ ငရဲသို့ ရောက်သည်ဟု ဝိသတိနိပါတ် သီဝိဇာတ်တွင် သီဝိမင်းကြီးကို ဟောသည့်ဂါထာကား -

ယော ဝေ ဒဿန္တိ ဝတွာန၊
အဒါနေ ကုရုတေ မနော။
ပါပါ ပါပတရော ဟောတိ၊
သမ္ပတ္တော ယမသာဓနံ။ ဟူသည်တည်း။

http://www.cherrythitsar.org



ယော၊ အကြင်သူသည်။ ဝေ၊ ဧကန်အမှန်။ ဒဿ၊ ပေးတော့အံ့။ ဣတိ၊ ဤသို့ ဝတွာန၊ အသေအချာ ပြောဆိုပြီး၍။ အဒါနေ၊ မပေးသောအရာ၌။ မနော၊ စိတ်ကို။ ကုရုတေ၊ ပြုမိငြားအံ့။ ပါပါ၊ ယုတ်မာသောသူအောက်။ ပါပတရော၊ အလွန်တရာ ယုတ်မာသည်။ ဟောတိ၊ ဖြစ်၏။ ယမသာသနံ၊ ယမမင်း၏ ဆုံးမရာ ငရဲပြည်သို့။ သမ္ပတ္တော၊ ရောက်သည်။ ဟောတိ၊ ဖြစ်၏။

ပရာဘဝ သုတ်၌လည်း -

ယော ဗြာဟ္မဏံ သမဏံဝါ၊
အညံဝါပိ ဝဏိဗ္ဗကံ။
မုသာဝါဒေန ဝဉ္စေတိ၊
တံ ပရာဘဝတော မုခံ။ ဟူ၍ ဟောတော်မူ၏။

ယော၊ အကြင်သူသည်။ ဗြာဟ္မဏံဝါ၊ ကိုလည်းကောင်း။ သမဏံဝါ၊ ကိုလည်းကောင်း။ အညံဝါပိ၊ ရဟန်းပုဏ္ဏားမှ တစ်ပါးသော လူကိုလည်းကောင်း။ ဝဏိဗ္ဗကံ၊ သူတောင်းစားကိုလည်းကောင်း။ မုသာဝါဒေန၊ လှူအံ့ ပေးအံ့ဟု ဆိုပြီးလျှင်၊ မလှူမပေးသော မုသာဝါဒဖြင့်။ ဝဉ္စေတိ၊ လှည့်စား၏။ တဿ၊ ထိုသူ၏။ တံ၊ ထိုသို့ ပေးမည်ဆိုပြီးလျှင် မပေးဘဲ လှည့်စားခြင်းသည်။ ပရာဘဝတော။ ပျက်စီးခြင်း၏။ မုခံ၊ အကြောင်းတည်း။

ထို့ကြောင့်၊ ဤမဟုတ်မမှန် မုသားပြောဆိုခြင်းကို ဗျာဒိတ်ခံပြီးသော ဘုရားအလောင်းတော်တို့သည် ကြဉ်ရှောင်ကြကုန်၏။ အဘယ်ကြောင့်နည်းဟူမူ သူ၏ အသက်ကိုသတ်ခြင်း၊ သူ၏ဥစ္စာကိုခိုးခြင်း၊ သူ့သားအိမ်ရာကို ပြစ်မှားခြင်း၊ သေရည်အရက်ကို သောက်စားခြင်းတို့သည်၊ ဘုရားအဖြစ်ကို မတားမြစ်နိုင်ကုန်။ အလောင်းတော်တကာတို့ပင် အလှည့်မသင့်သည့်အခါ သေသောက်ကြူးဖြစ်ခြင်း၊ သူ့သားအိမ်ရာကို ပြစ်မှားခြင်း၊ ခိုးသူကြီးဖြစ်၍ သူ့ဥစ္စာကို ခိုးယူခြင်း၊ သူ့အသက်ကို သတ်ခြင်းများကို ပြုကြသေးကုန်၏။ မုသာဝါဒကို မူကား ဗျာဒိတ်ခံပြီးနောက် မပြောမဆိုကြပြီ။ မုသားပြောသော သူသည် ဘုရားအဖြစ်သို့ မရောက်နိုင်သော ကြောင့်တည်း။

## ၃။ အနောက်နိုင်ငံသားတို့ ကတိသစ္စာ စောင့်လေ့ရှိခြင်း

ဤသို့ အမှန်အကန် ပြောဆိုခြင်း၊ သစ္စာတရား၏ အကျိုးကြီးခြင်း၊ မမှန်မကန် ပြောဆိုခြင်း၏ အပြစ်ကြီးခြင်းကို သိကြကုန်သော အနောက်တိုင်း ပြည်ကြီးသားတို့သည် သစ္စာကို အလေးပြုသည်ဖြစ်၍ မည်ကဲ့သို့ စီရင်မည် စုံညီညှိနှိုင်း

http://www.cherrythitsar.org



ဥပဒေ ထားမိလျှင်၊ မတောင်းပန်နိုင်၊ အခွင့်မပေးနိုင်၊ ဇကန် စီရင်ရသည်။ အမှုသည် နှစ်ဦးတို့သည် မည်သည့်အချိန်ကို လာရောက်စုံညီ တရားအယူခံပါမည် ခံဝန်ပြီး နောက် အချိန်အတိုင်း မလာရောက်လျှင် မှန်သည်ဖြစ်စေ၊ မမှန်သည်ဖြစ်စေ၊ စကားပျက်ယွင်းသူ ဖြစ်သည်။ တစ်ဘက်အမှုသည် လျှောက်ချက်အတိုင်း အမှန်ပြု၍ အချိန်အတိုင်း မလာရောက်သည့် အမှုသည်က အလုံး ရှုံးစေဟူသော ဥပဒေကို ထား၍ အမြဲစီရင်သည်။

လောက၌ အကျိုးစီးပွားဖြစ်အောင် လုပ်ဆောင်ကြသမျှသည် အချိန်ကာလ ပမာဏ ဖြစ်သည်။ လုပ်ဆောင်သင့်သည့်အချိန်ကို မှုခင်းကိစ္စ မလုပ်မဆောင် မိ၍ အချိန်လွန်လျှင်၊ ဤအချိန်ကို ပြန်၍မရ ဆုံးပါးတော့သည်။ ။ စိုက်ပျိုးချိန် ကို မစိုက်ပျိုးရသော မျိုးစေ့သည် အချိန်လွန်လျှင် အကျိုးမပြီး အချည်းနှီး ဖြစ်သည်။ ။ တစ်ရက် လုပ်ဆောင်၍ ပြီးသည့်ဝတ္ထု ဒင်္ဂါးတစ်ထောင် ရရန် ရှိသည်ကို မလုပ်မိ၍ လွန်သောကြောင့်၊ နောက်ရက်မှ လုပ်ရလျှင် နှစ်ရက် လုပ်ကြသောကြောင့်၊ နှစ်ရက်လုပ်မှ ဒင်္ဂါးတစ်ထောင်ရ၍ လွန်ခဲ့သော တစ်ရက် အတွက် ဒင်္ဂါးတစ်ထောင်ဆုံးသည်။ ။ လူတို့ အသက်သည်လည်း ပဋိသန္ဓေ တည်သည်မှ သေသည်တိုင်အောင် နောက်ကိုပြန်၍ ဆုတ်ပြီးလျှင်၊ ပျိုမျစ် ပြန်သော မည်သည်မရှိ။ ။ ထို့ကြောင့်၊ လုပ်ဆောင်ရန် မှုခင်းကိစ္စကိုလည်း မရပ်မဆိုင်း လုပ်ဆောင်သင့်သည်။ အချိန်ကာလ လွန်သည်ကို မခံသင့်။ ။ ဤသို့ လောကီလောကုတ္တရာ အကျိုးစီးပွားဖြစ်အောင်၊ မှုခင်းကိစ္စ လုပ်ဆောင် သမျှတို့သည်၊ ကာလပမာဏ ဖြစ်သည်။ ။

ထို့ကြောင့်၊ မောဃော ကာလံ နခေပယေ။ ။ ဟူ၍ ဟောတော်မူသည်။ ။ ကာလံ၊ ကာလကို။ မောဃော၊ အချည်းနှီး။ နခေပယေ၊ မကုန်စေရာ။

လောက၌ အမှုကို လုပ်ဆောင်သူ နှစ်ဦးတို့တွင် တစ်ဦးက မည်သည့်အမှု ကို ပြုလုပ်ပါမည် အသေအချာ ပြောဆိုပြီး၊ နောင် ယုံကြည်စိတ်ချ၍ နေရာ၊ ဆိုတိုင်း မပြုမလုပ်သောကြောင့်၊ အလုံးစုံ အကြံအစည် အလုပ်အဆောင် ချက်ချင်း ပျက်စီးသည်။ အမှုကြီးကြီးကို အလွဲပြောလျှင်၊ အပြစ်ကြီးကြီး ရောက် သည်။ ဤရောက်သော အပြစ်သည်လည်း၊ မမှန် ပြောသည်ကို ခံရသူသာ မဟုတ်၊ ပြောသူကိုလည်း ဇကန် ပြန်၍ ရောက်မည်။ ။ ရန်သူရှိသည့်အခါ၊ တာဝေ၍ စောင့်ကြတမ်း အသေအချာ ပြောဆို၍ စောင့်ရှောက်ကြရာ၊ ပြောတိုင်း မစောင့်ရှောက်သည့်ဘက်က ရန်သူဝင်လျှင်၊ အလုံးစုံ ဇကန် ပျက်မည်။ ။ တစ်စုံတစ်ရာ ပေးမည်ဆို၍ ထင်စားသောကြောင့်၊ အခြား အကျိုးရမည်ကို မလုပ်၊ ဆိုသည်အတိုင်းလည်း မပေးလျှင်၊ ထိုမျှော်လင့်သူ၌ များစွာ အကျိုးယုတ်သည်

http://www.cherrythitsar.org



သာမက၊ အလှည့်စားခံရသူကလည်း ရန်ငြိုးထား၍၊ လှည့်စားသူ၏ အကျိုး ယုတ်အောင် ပြန်၍ ပြုမည် ဧကန် ဖြစ်သည်။ ။ လောက၌ မှုခင်းကိစ္စ လုပ်ဆောင်ရန် ရှိသမျှကို ပဌမစကားဖြင့် ပြောဆို၍ချည်း လုပ်ဆောင်ရမည် ဖြစ်၍၊ စကားအမှန် မပြောမဆိုလျှင်၊ အမှုကို အမှန်လုပ်ဆောင်နိုင်ရန် မရှိ၊ ဧကန်လောက ပျက်တော့သည်။

ဤသို့ စကားအမှန် ပြောဆိုရာ၌ အကျိုး၊ မမှန်ပြောဆိုရာ၌အပြစ်၊ အချိန် ကာလကို လွန်စေရာ၌ အပြစ်၊ မလွန်စေရာ၌ အကျိုးကြီးကြောင်းကို သိကုန်သော အနောက် တိုင်းပြည်သားတို့သည်၊ အမှုကို အချိန်မလွန် အလျင်အမြန် လုပ်ဆောင် နိုင်အောင် စကားပြော သံနန်း၊ မီးသင်္ဘော၊ မီးရထားများကို လုပ်ကိုင် သုံးစွဲကြ သည်။ ။ အလုပ်အမျိုးမျိုး လျင်မြန်အောင် စက်ကိရိယာနှင့် လုပ်သည်။ ။ မိန်းမ၊ ယောက်ျား၊ လူကြီး၊ လူငယ် ရှိသမျှတို့သည် အချိန်မလွန်နိုင်အောင် လူတိုင်း နာရီဆောင်သည်။ ။ အလျင်အမြန် သွားလာနိုင်အောင် မြို့တွင်း မြို့ပြင် လမ်းရှိသမျှကို ကောင်းအောင်ပြင်သည်။ ။ ညဉ့်အခါ အိပ်၍ နေရခြင်း သည် အချိန်ကာလ အချည်းနှီး ကုန်သည်။ ညဉ့်ကိုလည်း တတ်နိုင်သမျှ အရောင်းအဝယ် အကူးအသန်း အလုပ်အဆောင် မပျက်မစီးရအောင်၊ သူခိုး ဓားပြတို့ မခိုးမယူသာအောင်၊ ရန်သူ မဝင်မရောက်သာအောင်၊ မြို့ရွာတိုင်း၌ ညဉ့်အခါ နေ့ကဲ့သို့ လင်းအောင်၊ မီး အများအပြား ညှိထွန်းစေသည်။ ဤကဲ့သို့ ပြုလုပ်သောကြောင့်၊ အနောက်နိုင်ငံများမှာ ယခုအခါ အကျိုးစီးပွား လွန်စွာ တိုးတက်သည်ကို မျက်မြင် ကိုယ်တွေ့ပင် ဖြစ်သည်။

ထို့ကြောင့် မင်းတို့မည်သည် ရှေးဦးစွာ မဟုတ်မမှန် ပြောဆိုခြင်း မုသာဝါဒ ကို အသက်သေမည့်အကြောင်းကြောင့်သော်လည်း၊ မပြောဘဲ ရှောင်ကြဉ်ရမည်။

## ၄။ မင်းတို့မျက်စောင်း

အမျက်ဒေါသမည်သည် အစိုးမရသောသူ၌ ထိုအမျက်ဒေါသဟူသော အကြောင်း ကြောင့် တစ်စုံတစ်ခုသော ကံမြောက်အောင် ကိစ္စ အပြီးအဆုံးတိုင်အောင် မပြုနိုင်။ ။ အစိုးရမင်းတို့မည်သည် အမျက်ထွက်လျှင်၊ အခြားသူတို့ကဲ့သို့ သေနတ် ဓားလှံ စသော လက်နက်ကို ကိုင်၍၊ ထိုးခုတ်ပစ်ခတ်ရတော့သည် မဟုတ်၊ နှုတ်ဖြင့် မြွက်ရုံ၊ မျက်စောင်းထိုးရုံမျှနှင့်၊ တစ်ပါးသူကို ပျက်စီးစေနိုင် ကုန်၏။ ။ အကြင်ကြောင့်၊ အစိုးရမင်း၏ အမျက်သည် ပါဏာတိပါတ စသော အပါယ်လေးပါး လားကြောင်းကံကို အလျင်အမြန် မြောက်စေနိုင်၏။ သူတစ်ပါး ကို ဖျက်ဆီးနိုင်၏။

ထို့ကြောင့် အစိုးရမင်းသည် အစိုးမရသော အခြားသူတို့ထက်၊ အမျက်

http://www.cherrythitsar.org


ဒေါသကို သိမ်းဆည်းတားမြစ်အပ်၏။ အမျက်ထွက်ရန် အမှုကို ပြောဆို ပြုကျင့်သူကို သော်လည်း သည်းခံ၍၊ ချစ်လှစွာသော သားကဲ့သို့ ကြည့်ရှုသိမ်းပိုက်အပ်၏။ ထွက်သောအမျက်ကို မသိမ်းပိုက်သောကြောင့်၊ စူဠဓမ္မပါလဇာတ်တော်၌ သားတော်ကို သတ်မိသော မဟာပတာပ မင်းသည် အလွန် နောင်တ ပူဆွေးသောက ရောက်၍၊ မိမိကိုယ်တိုင်ပင် ရာဇပလ္လင်ပေါ်မှ ကျပြီးလျှင်၊ ချက်ချင်း နှလုံးကွဲ၍ သေရ၏။

ထို့ကြောင့်၊ အစိုးရမင်းမည်သည် ကတိသစ္စာမတည်၊ မဟုတ်မမှန် ပြောဆိုခြင်းကို ပထမ ကြဉ်ရှောင်ရမည်။ အမျက်ထွက်ခြင်းကို ဒုတိယ ကြဉ်ရှောင်ရမည် ဟူ၍လည်းကောင်း၊ ဇာတ်အဋ္ဌကထာတွင် ဖွင့်ပြသည်။

## ၅။ အပျော်အပါး လိုက်စား၍ ကြားစကားကို ယူခြင်း

အစိုးရမင်းသည် မည်မည်ဝါးဝါး၊ လူစုတ်လူနုပ်တို့ ပြောဆိုသည့် စကားကို ယုံကြည်၍၊ ပေါ့ပေါ့လျော့လျော့ မပြုအပ်။ အပျော်အပါး အမှုကို ပြုလုပ်ရာ ပါဝင်သော သူတို့စကား၊ တစ်ယောက် နှစ်ယောက်မျှသောသူ ပြောဆိုသော စကားကို ယုံကြည်၍၊ အမှုမျိုးကို မပြုအပ်။ အကြိမ်များစွာ စူးစမ်း ဆင်ခြင်၍၊ တိုင်းရေးပြည်မှုကို လုံ့လထုတ်သော ပညာရှိလူကြီးတို့နှင့် ညှိနှိုင်း၍သာ ပြုလုပ်အပ်၏။ ။ သရဘင် ဇာတ်၌လည်း ပုရောဟိတ်တစ်ယောက်၏စကားကိုယူ၍၊ ကိသဝစ္ဆရသေ့ကို ပြစ်မှားသော ဒန္တကီမင်း၏ နိုင်ငံ ပျက်စီးပြီးလျှင်၊ ပြာပူငရဲ၌ ဖြစ်ခြင်းကိုလည်းကောင်း၊ မာတင်္ဂဇာတ်၌ ယုတ်မာသော ပုဏ္ဏားတို့၏ စကားကို ယူ၍၊ မာတင်္ဂရသေ့ကို ပြစ်မှားသောကြောင့်၊ တိုင်းပြည်နှင့်တကွ ပျက်စီး၍၊ မဇ္ဈမင်းသည် ငရဲ၌ ဖြစ်ခြင်းကိုလည်းကောင်း။ ။ ယဋ္ဌပဏ္ဍိတဇာတ်၌ မင်းပါးနေလူပျိုငယ်တို့ စကားကိုယူ၍၊ ကဏှဒီပါယန ရသေ့ကို ပြစ်မှားသောကြောင့်၊ ဝါသုဒေဝ အစရှိသော မင်းညီနောင် တစ်ကျိပ်တို့ အမျိုးပါပြုတ်အောင် ပျက်စီးခြင်းကိုလည်းကောင်း။ ရှုဆင်ခြင်အပ်၏။ ။

ထို့ကြောင့်၊ မင်းမည်သည် ပထမ မုသာဝါဒကို ကြဉ်ရှောင်ရမည်၊ ဒုတိယ အမျက်ဒေါသကို ကြဉ်ရှောင်ရမည်၊ တတိယ ကာမဂုဏ်၌ ပျော်ပါး၍၊ မည်မည်ဝါးဝါး လူတိုင်းစကားကို ယုံကြည်ခြင်းကို ကြဉ်ရှောင်ရမည်။ ထိုနောင်မှ တိုင်းရေးပြည်မှုများကို ဆောင်ရွက်ရမည်ဟူ၍ လည်းကောင်း ဇာတ်အဋ္ဌကထာတွင် ပြသည်။ ။ ဤ ဆိုခဲ့ပြီးသည်ကား၊ ရှေးဦးစွာ ကြဉ်ရှောင်အပ်သော တရား သုံးပါးတည်း။

http://www.cherrythitsar.org


## ၆။ မင်းကျင့်တရား

ထို မင်းကြီးသည် ခင်ပုပ်ငှက်ကို မေးပြီးနောက်၌၊ ကုဏ္ဍာလိနီ မည်သော အရှင်မဥပလဝဏ်[၁] အလောင်း သာလိကာမအား မင်းကျင့်တရားတို့ကို မေးရာ၊ ဖြေလိုသော သာလိကာမသည် -

ဒွေစ တာတ ပဒကာနိ၊
ယတ္ထ သဗ္ဗံ ပတိဋ္ဌိတံ။
အလဒ္ဓဿစ ယော လာဘော၊
လဒ္ဓဿ အနုရက္ခဏာ။ ။
အမစ္စေ တာတ ဇာနာဟိ၊
ဓီရေ အတ္ထဿ ကောဝိဒေ။
အနက္ခာကိတဝေ တာတ၊
အသောဏ္ဍေ အဝိနာသကေ။ ။

ဟူသော နှစ်ဂါထာကို ဟော၏။

တာတ၊ ခမည်းတော်မင်းကြီး။ အလဒ္ဓဿ၊ မရသေးသောနိုင်ငံကို။ ယော လာဘောစ၊ အကြင်ရအောင် အားထုတ်ခြင်းသည်လည်းကောင်း။ လဒ္ဓဿ၊ ရပြီးသောနိုင်ငံအား။ ယာအနုရက္ခဏာစ၊ အကြင် အစဉ်မပြတ် ထိန်းသိမ်းစောင့်ရှောက်ခြင်းသည်လည်းကောင်း။ ဣတိ၊ ဤသို့။ ဒွေ၊ နှစ်ပါးကုန်သော။ ပဒကာနိ၊ မင်းကျင့်ဝတ် သိက္ခာပုဒ်တို့သည်။ သန္တိ၊ ရှိကုန်၏။ ယတ္ထ၊ အကြင် သိက္ခာပုဒ် နှစ်ပါးတို့၌။ သဗ္ဗံ၊ အလုံးစုံသော အကျိုးစီးပွားသည်။ ပတိဋ္ဌိတံ၊ တည်၏။

တာတ၊ ခမည်းတော်မင်းကြီး။ အဝိနာသကေ၊ တိုင်းရေးပြည်မှုကို မဖျက်ဆီးတတ်ကုန်သော။ အသောဏ္ဍေ၊ သေရည်အရက် သားမယား အပျော်အပါး မလွန်ကြူးကုန်သော။ အနက္ခာကိတဝေ၊ ကြွေအံအစရှိသော လောင်းတမ်းကစားမှုကို မပြုတတ်၊ ကောက်ကျစ်စဉ်းလဲခြင်းကို မပြုတတ်ကုန်သော။ အတ္ထဿ ကောဝိဒေ၊ တိုင်းကျိုးပြည်ကျိုးကို လိမ္မာကုန်သော။ ဓီရေ၊ ပညာရှိကုန်သော။ အမစ္စေ၊ အမတ်တို့ကို။ တာတ၊ ခမည်းတော်မင်းကြီး။ ဇာနာဟိ၊ သိတော်မူလော။

ဤသို့သော အမတ်ကို အသိအကျွမ်းပြု၍၊ တိုင်းရေးပြည်မှုကို လွှဲအပ်လေဟူလို။ ။ ထို့နောင် -

---

၁။ သူရိယမူ၌ အရှင်ဥပလဝဏ်ဟု ရှိသည်။

http://www.cherrythitsar.org


မာတာတ ဣသရောမှီတိ၊
အနတ္တာယ ပတာရယိ။
ဣတ္ထိနံ ပုရိသာနဥ္စ၊
မာတေအသိ ဒုခုဒြယော။ ။

ဟူသော ဂါထာကို ဟောပြန်၏။[၁]

တာတ၊ ခမည်းတော်မင်းကြီး။ အဟံ၊ ငါသည်။ ဣသရော၊ အစိုးရသည်။ အမှိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ အနတ္တာယ၊ သတ္တဝါတို့ အကျိုးစီးပွား မဖြစ်ခြင်းငှာ။ မာပတာရယိ၊ အစိုးရဂုဏ်ကို မဖြန့်ပါနှင့်။ တေ၊ သင်မင်းကြီးသည်။ ဣတ္ထိနဥ္စ၊ မိန်းမတို့၏လည်းကောင်း၊ ပုရိသာနဥ္စ၊ ယောကျ်ားတို့၏လည်းကောင်း၊ ဒုခုဒြယော၊ ဆင်းရဲဖြစ်ကြောင်းသည်။ မာတေအသိ၊ ဖြစ်တော်မမူပါနှင့်။ ။ အစိုးရဂုဏ်ဖြင့် သတ္တဝါတို့ကို ဆင်းရဲအောင် မလုပ်ပါနှင့် ဟူလို။

## ၇။ မင်းတို့ အား ငါးပါး

ထို့နောက် ထိုဗြဟ္မဒတ်မင်းကြီးသည် ဇမ္ဗူရကမည်သော ဘုရားလောင်း ကျေးသားကို အားတကာတို့တွင် မည်သည့်အားသည် မြတ်သနည်းဟု မေးရာ ဖြေလိုသော ကျေးသားသည်[၂] -

၁။ ဗလံ ပဥ္စဝိဓံ လောကေ၊
ပုရိသသ္မိံ မဟဂ္ဂတေ။
တတ္ထ ဗဟုဗာလံနာမ၊
စရိမံ ဝုစ္စတေ ဗလံ။

၂။ ဘောဂဗလဉ္စ ဒီဃာဝု၊
ဒုတိယံ ဝုစ္စတေ ဗလံ။
အမစ္စ ဗလဉ္စ ဒီဃာဝု၊
တတိယံ ဝုစ္စတေ ဗလံ။

၃။ အဘိဇစ္စ ဗလဥ္စေဝ၊
တံ စတုတ္ထံ အသံသယံ။
ယာနိ စေတာနိ သဗ္ဗာနိ၊
အဓိဂဏှာတိ ပဏ္ဍိတော။

---

၁။ သူရိယမူ၌ ဤစာကြောင်းမပါ။
၂။ သူရိယမူ၌ ဖြေလိုသောကြောင့်ဟု ရှိသည်။

http://www.cherrythitsar.org



၄။ တံ ဗလာနံ ဗလံသေဋ္ဌံ၊
အဂ္ဂံပညာ ဗလံဗလံ။
ပညာဗလေနူ ပတ္ထဒ္ဓေါ၊
အတ္ထံ ဝိန္ဒတိ ပဏ္ဍိတော။
၅။ အပိစေ လဘတိ မန္ဒော၊
ဖိတံ ဓရဏိ မုတ္တမံ။
အကာမသ ပသယှဝါ၊
အညော တံ ပဋိပဇ္ဇတိ။
၆။ အဘိဇာတောပိ စေဟောတိ၊
ရဇ္ဇံ လဒ္ဓါန ခတ္တိယော။
ဒုပ္ပညော ဟိ ကာသိပတိ၊
သဗ္ဗေနပိ နဇီဝတိ။
၇။ ပညာဝ သုတံ ဝိနိစ္ဆိနီ၊
ပညာ ကိတ္တိသိ လောက ဝဒ္ဓနီ။
ပညာသဟိတော နရော ဣဓ၊
အပိ ဒုက္ခေပိ သုခါနိ ဝိန္ဒတိ။
၈။ ပညဉ္စ ခေါ အသု ဿုဿံ၊
နကောစိ အဓိဂစ္ဆတိ။
ဗဟုဿုတံ အနာဂမ္မ၊
ဓမ္မတ္ထံ အဝိနိဗ္ဘိဇံ။
၉။ ယောစ ဓမ္မဝိဘင်္ဂညူ၊
ကာလုဋ္ဌာယီ အတန္ဒိတော။
ဥဋ္ဌဟတိ ကာလေန၊
ဖလံ တဿ သမိဇ္ဈတိ။
၁၀။ အနာယတ နသီလဿ၊
အနာယတ နသေဝိတော။
န နိဗ္ဗိန္ဒိယ ကာရိဿ၊
သမ္မာအတ္ထော ဝိပစ္စတိ။
၁၁။ အဇ္ဈတ္တဉ္စ ပယုတ္တဿ၊
တထာ ယတန သေဝိနော။
အနိဗ္ဗိန္ဒိယ ကာရိဿ၊
သမ္မာ အတ္ထော ဝိပစ္စတိ။

http://www.cherrythitsar.org


၁၂။ ယောဂ ပယောဂ သင်္ခါတံ၊
သမ္ဘတသာ နူရက္ခနံ။
တာနိ တွံတာတ သေဝသု၊
မာ အကမ္မာယ ရဒ္ဓယိ။
အကမ္မုနာ ဟိ ဒုမ္မေဓော၊
နဋ္ဌာဂါရံဝ သီဒတီတိ။ ဟူသော ဂါထာကို ဟော၏။

၁။ လောကေ၊ လောက၌။ မဟဂ္ဂတေ၊ မြတ်သော။ ပုရိသသို ႆ၊ မင်းယောက်ျား၌။ ဗလံ၊ အားသည်။ ပဉ္စဝိဓံ၊ ငါးပါးအပြားရှိ၏။ တတ္ထ၊ ထို ငါးပါးတို့တွင်။ ဗာဟုဗလံနာမ၊ ကိုယ်၏အစွမ်းသတ္တိဟူသော လက်ရုံးအား မည်သည်ကို။ စရိမံ၊ အဖျင်းဆုံး ပဋ္ဌမဖြစ်သော။ ဗလံ၊ အားဟူ၍။ ဝုစ္စတေ၊ ဆိုအပ်၏။

၂။ ဒီဃာဝု၊ သက်တော်ရှည်သော သင်မင်းကြီး။ ဘောဂဗလဥ္စ၊ ရဲမက် လက်နက်ကိုင် ဥစ္စာအင်ခွင်ကိုလည်း။ ဒုတိယံ၊ နှစ်ခုမြောက်သော။ ဗလံ၊ အားဟူ၍။ ဝုစ္စတေ၊ ဆိုအပ်၏။ ဒီဃာဝု၊ သက်တော်ရှည်သော သင်မင်းကြီး။ အမစ္စဗလဥ္စ၊ ပညာရှိ ညီညွတ်သော မှူးမတ်အပေါင်းအားကိုလည်း။ တတိယံ၊ သုံးခုမြောက်သော၊ ဗလံ၊ အားဟူ၍။ ဝုစ္စတေ၊ ဆိုအပ်၏။

၃။ ယံ အဘိဇစ္စ ဗလဥ္စေဝ၊ အကြင်မိဘနှစ်ပါးမှ စင်ကြယ်သန့်ရှင်းသော အမျိုးမြတ်သော အင်အားသည်သာလျှင်။ အတ္ထိ၊ ရှိ၏။ တံ ဗလံ၊ ထိုအမျိုးမြတ် သော အားကို။ အသံသယံ၊ ယုံမှားမရှိ။ စတုတ္ထံ၊ လေးခုမြောက်သောအားဟူ၍။ ဝုစ္စတေ၊ ဆိုအပ်၏။ သဗ္ဗာနိ၊ ဤဆိုကုန်ခဲ့ပြီးသော။ ယာနိစေတာနိ၊ အကြင် အားလေးပါးရှိသော သူတို့ကို။ ပဏ္ဍိတော၊ ပညာရှိသည်။ ယသ္မာ၊ အကြင် ပညာကြောင့်။ အဓိဂဏှာတိ၊ လွှမ်းမိုးနိုင်၏။

၄။ တသ္မာ၊ ထို့ကြောင့်။ ယံပညာဗလံ၊ အကြင်ပညာအားသည်။ အတ္ထိ၊ ရှိ၏။ တံဗလံ၊ ထိုပညာအားကို။ ဗလာနံ၊ ဆိုခဲ့ပြီးသော အားလေးပါးတို့ထက်။ သေဋ္ဌံ၊ အကြီးအမှူးဖြစ်သော။ အဂ္ဂံ၊ မြတ်သော။ ဗလံ၊ အားဟူ၍။ ဝုစ္စတေ၊ ဆိုအပ်၏။ တသ္မာ၊ အဘယ့်ကြောင့်နည်း ဟူမူကား။ ပညာဗလေန၊ ပညာ အားဖြင့်။ ဥပတ္ထဒ္ဓေါ၊ ထောက်ပံ့အပ်သော။ ပဏ္ဍိတော၊ ပညာရှိသည်။ အတ္ထံ၊ အကျိုးစီးပွားကို။ ဝိန္ဒတိ၊ ရတတ်၏။

၅။ မန္ဒော၊ ပညာမရှိသောသူသည်။ ဖိတံ၊ ရွှေ ငွေ ရတနာ ဥစ္စာ ပြည်သူနှင့် ပြည့်ဝသော။ ဥတ္တမံ၊ မြတ်သော။ ဓရဏိံ၊ နိုင်ငံကို။ အပိစေလဘတိ၊ အကယ်၍ ရပြီးသော်လည်း။ အကာမသာ၊ လူမိုက် အုပ်စိုးသည်ကို မခံလိုသဖြင့်။ တံ၊

http://www.cherrythitsar.org



ထိုရပြီးသော နိုင်ငံကို။ ပသယှ၀ါ၊ ထိုလူမိုက်ကို လွှမ်းမိုးနိုင်သော။ အညော၊ တစ်ပါးသော ပညာရှိသည်။ ပဋိပဇ္ဇတိ၊ အုပ်စိုး၏။

၆။ ကာသိပတိ၊ ဗာရာဏသီပြည် ကာသိတိုင်းကို အစိုးရသော မင်းမြတ်။ အဘိဇာတောပိ၊ မင်းမျိုးအစစ်ဖြစ်၍ အဘိအစ္စဗလနှင့် ပြည့်စုံသည်မူလည်း။ စေဟောတိ၊ အကယ်၍ဖြစ်စေကာမူ။ ဒုပ္ပညော၊ ပညာမရှိသော။ ခတ္တိယော၊ မင်းမျိုးဖြစ်သော မင်းသားသည်။ ရဋ္ဌံ နိုင်ငံကို။ လဒ္ဓါန၊ ရပြီး၍။ သဗ္ဗေနပိ၊ ရပြီးသော နိုင်ငံအလုံးစုံဖြင့်။ နဇီဝတိ၊ အသက်မရှည်နိုင်။ ။ (နိုင်ငံတော်လည်း တစ်ခြမ်းပဲ့တတ်သည်။ မိမိသော်လည်း သေတတ်သည် ဟူလို)။

၇။ ပညာ၊ ပညာသည်သာလျှင်။ သုတံ၊ တရားကျမ်းဂန် အမှုကိစ္စကို။ ဝိနိစ္ဆိနီ၊ ဆုံးဖြတ်နိုင်သည်။ ပညာ၊ ပညာသည်။ ကိတ္တိသိလောကဝဍ္ဎနီ၊ ကောင်းသော ကျော်စောခြင်း၊ စည်းစိမ်ဥစ္စာတို့ကို တိုးပွားစေနိုင်၏။ ဣဓ၊ ဤလောက၌။ ပညာ သဟိတော၊ ပညာနှင့်ပြည့်စုံသော။ နရော၊ လူသည်။ အပိ၊ စင်စစ်။ ဒုက္ခေပိ၊ ဆင်းရဲရန်အမှု၌လည်း။ သုခါနိ၊ ချမ်းသာတို့ကို။ ဝိန္ဒတိ၊ ရနိုင်၏။ ။ (ဆင်းရဲ ဒုက္ခ ဘေးဘယနှင့် တွေ့သော ဥပကာရီမြို့၌ အဝိုင်းခံရသော မဟောသဓာ သုခမိန်သည် မိမိနှင့်တကွ အလုံးစုံသော မင်းအပေါင်းကို ချမ်းသာစေနိုင်သကဲ့သို့ ဟူလို)။

၈။ ခေါ၊ စင်စစ်။ ပညဥ္စ၊ အတတ်ပညာကိုလည်း။ အသုဿုသံ၊ ဆရာထံ၌ ကပ်၍ မသင်ကြားသော။ ဓမ္မဋ္ဌံ၊ အကြောင်းအကျိုး၌ တည်သော။ ဗဟုဿုတံ၊ များစွာသော အတွေ့အမြင် ပညာကို။ အနာဂမ္မ၊ မသက်ဝင်မူ၍။ အဝိနိစ္ဆိဝံ၊ စာပေကျမ်းဂန် အမှုမျိုးကို မဝေဖန်နိုင်သောသူသည်။ ကောစိ၊ လောကီ လောကုတ္တရာ တရား တစ်စုံတစ်ခုသော အကျိုးကို။ နအဓိဂစ္ဆတိ၊ မရနိုင်။

၉။ ဓမ္မဝိဘင်္ဂညူ၊ တရားကျမ်းဂန် အမှုမျိုးကို ခွဲခြမ်းဝေဖန် စိတ်ဖြာ၍ သိတတ်သော (တစ်စွန်းတစ်စ သိတတ်သောသူ မဟုတ်ဟူလို)။ ကာလုဋ္ဌာယီ၊ အချိန်ကာလကို မလွန်စေဘဲ လုံ့လအားထုတ်သော။ အတန္ဒိတော၊ မပျင်းရိသော။ ယောစ၊ အကြင်ပညာရှိသည်လည်း။ ကာလေန၊ သင့်တင့်သော အချိန်ကာလဖြင့်။ ဥဋ္ဌဟတိ၊ ကိုယ်ထူကိုယ်ထ၊ လုံ့လထုတ်၏။ တဿ၊ ထိုလုံ့လထုတ်သော ပညာရှိ၏။ ဖလံ၊ အလိုရှိသော အကျိုးသည်။ သမိဇ္ဈတိ၊ ပြည့်စုံ၏။ ။ (ပညာရှိ လုံ့လထုတ်မှ အလိုရှိသောအကျိုး ပြီးစီးနိုင်သည်။ လူမိုက် လုံ့လထုတ်သော်လည်း အလိုရှိသော အကျိုးမပြီးနိုင် ဟူလို)။

http://www.cherrythitsar.org



၁၀။ အနာယတနသီလဿ၊ မကောင်းသော အလေ့အကျင့်ရှိသော။ အနာယတန သေဝိနော၊ မကောင်းသော အကျင့်ရှိသောလူကို ပေါင်းဖော် မှီဝဲလေ့ရှိသော။ နိဗ္ဗိန္ဒိယကာရိဿ၊ အကျိုးရကြောင်း ကောင်းသောအမှုကိုပြုသော အချိန်ကာလနှင့် ဆန့်ကျင်ဘက်ကို ပြုလေ့ရှိသောသူ၏။ အတ္ထော၊ အကျိုးစီးပွားသည်။ သမ္မာ၊ ကောင်းစွာ။ နဝိပဇ္ဇတိ၊ မဖြစ်နိုင်။

၁၁။ အဇ္ဈတ္တဥ္စ၊ မိမိကိုယ်ခန္ဓာ၌။ ဝယုတ္တဿ၊ အနိစ္စ အစရှိသောတရားကို အားထုတ်တတ်သော။ တထာ ယတနသေဝိနော၊ ထိုကဲ့သို့သော အကျင့်သီလနှင့် ပြည့်စုံသောပုဂ္ဂိုလ်ကို မှီဝဲလေ့ရှိသော။ အနိဗ္ဗိန္ဒိယကာရိဿ၊ အကျိုးဖြစ်ကြောင်း ကောင်းသော အမှုကိုပြုသော အချိန်ကာလနှင့် ဆန့်ကျင်ဘက်ကို မပြုလေ့ရှိသော သူ၏။ အတ္ထော၊ အကျိုးစီးပွားသည်။ သမ္မာ၊ ကောင်းစွာ။ ဝိပ္ပဇ္ဇတိ၊ ဖြစ်၏။

၁၂။ တာတ၊ ခမည်းတော်မင်းကြီး။ ယောဂ ပယောဂ သင်္ခါတံ၊ အားထုတ်သင့်သည်၌ အားထုတ်တတ်သော ပညာအစုသည်လည်းကောင်း။ သမ္ဘတဿ၊ ရှေးဘုန်းပါရမီကြောင့် ရအပ်သော တိုင်းပြည်နိုင်ငံ ဥစ္စာစည်းစိမ်အား။ အနုရက္ခနံ၊ တရားသဖြင့် စောင့်ရှောက်ခြင်းသည်လည်းကောင်း။ အတ္ထိ၊ ရှိ၏။ တာနိ၊ ထို ဆိုခဲ့ပြီးသော အားငါးပါး တရားသဖြင့် စောင့်ရှောက်ခြင်းတို့ကို။ တွံ၊ သင်မင်းကြီးသည်။ သေဝဿု၊ ကျင့်ဆောင် မှီဝဲလေလော။ အကမ္မာယ၊ မပြုသင့်သော အမှု၌။ မာရဒ္ဓယိ၊ အားမထုတ်လင့်။ ဟိသစ္စံ၊ ထိုစကားမှန်၏။ အကမ္မုနာ၊ မပြုသင့်သောအမှုကို ပြုတတ်သော။ ဒုမ္မေဓော၊ ပညာမရှိသော သူသည်။ နဋ္ဌာဂါရံဝ၊ ကျူကို ဆောက်သော အိမ်ကဲ့သို့။ သီဒတိ၊ ပြိုကွဲပျက်စီးလွယ်တတ်၏။

ဤသို့ မင်းတို့မည်သည် အားငါးပါးနှင့် ပြည့်စုံရမည်။ ထိုငါးပါးတို့တွင်လည်း ကိုယ်အား အစွမ်းသတ္တိဟူသော ဗာဟုဗလသည် အောက်ဆုံး ဖြစ်သည်။ ထိုထက် အဆင့်ဆင့် တက်၍၊ ပညာအားသည် အမြတ်ဆုံး ဖြစ်ခဲ့သည်ဟူ၍ ဘုရားလောင်း ဇမ္ဗုကကျေးသား ဟောလေသည်။

## ၈။ လက်ရုံးရည်နှင့် နှလုံးရည်

လက်ရုံးအားထက် ပညာအားကြီးကြောင်းကို ဘီလုံးငှက်၏ အကြံအစည်ဖြင့် ဆင်ပြောင်ကြီး၏ သေခြင်းကိုလည်းကောင်း။ ဆင်ပြောင်ကြီးတို့ကို လူတို့ သည် ဖမ်း၍ အလိုရှိရာ စေခိုင်းနိုင်သည်ကိုလည်းကောင်း ထောက်၍ သိအပ်၏။ ။

http://www.cherrythitsar.org



ဘောဂဗလ အစရှိသော အားလေးခုတို့ထက် ပညာအားကြီးကြောင်းကို တစ်ရာသော မင်းတို့နှင့် ပေါင်းစည်း၍ စစ်ထိုးသော စူဠဏီဗြဟ္မဒတ်မင်း၊ ကေဝဋ် ပုဏ္ဏားတို့သည် မဟောသဓာ သုခမိန်ကို ရှုံးခြင်းကို ထောက်၍ သိအပ်၏။

ပညာဟူသည် ဤအားများထက် မြတ်သည်သာ မကသေး။ သဒ္ဓါ၊ သတိ၊ သမာဓိ၊ ဝီရိယ အစရှိသော ကုသိုလ်တရားအပေါင်းတို့ထက်လည်း သာလွန်ကဲမြတ်သော တရားဖြစ်သည်။ ကုသိုလ်တရား အပေါင်းတို့တွင် ဘုရားအဖြစ်ကို ဖြစ်စေနိုင်သည်ကား ဝီရိယ၊ သဒ္ဓါ၊ ပညာဟူ၍ သုံးပါး ရှိကုန်၏။ ထိုသုံးပါးတို့တွင် ဝီရိယကို အလေးအမြတ် အကြီးအမှူးပြု၍ ဘုရားဖြစ်အောင် အားထုတ်သော ဝိရိယဓိက ဘုရားလောင်းသည် ဆယ့်ခြောက်သင်္ချေနှင့် ကမ္ဘာတစ်သိန်းရှိမှ ဘုရား ဖြစ်သည်။ လှူဒါန်းပေးကမ်း စွန့်ကြဲသော သဒ္ဓါတရားနှင့် ပြည့်စုံသော သဒ္ဓါဓိက ဘုရားလောင်းသည် ရှစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်မှ ဘုရားဖြစ်သည်။

ဗဟုသုတ အတတ်ပညာကို အလေ့ပြု၍ ဘုရားဖြစ်အောင် အားထုတ်သော ပညာဓိက ပုဂ္ဂိုလ်သည် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်လျှင်ပင်၊ ဘုရားဖြစ်သည်ကို ထောက်၍ သိအပ်၏။ မဂ်ဖိုလ်ကို ရအောင် ပြုကျင့်ရာ၌လည်း မဂ်လေးတန်းတွင် ရှေးဦးဆုံးဖြစ်သော သောတာပတ္တိမဂ်ကို သက္ကာယဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကို ပယ်မှုရနိုင်သည်။ ဤဝိစိကိစ္ဆာနှင့် သက္ကာယ ဒိဋ္ဌိကိုလည်း အလှူ ပေးခြင်း၊ သီလဆောက်တည်ခြင်း၊ ကမ္မဋ္ဌာန်းလေးဆယ်တို့ကို စီးဖြန်းပွားများခြင်းဖြင့် မပယ်နိုင်။ ဝိပဿနာဉာဏ် ၁၀ ပါးဖြင့်သာ ပယ်နိုင်သည်။ လောက၌လည်း ဝီရိယအရာဖြစ်သော ခတ်လှေ လှော်လှေများထက် လွန်သော ရွက်တိုက်သော လှေသင်္ဘော၊ မီးသင်္ဘောတို့ကို ထောက်၍ လုံ့လဝီရိယထက် ဉာဏ်ပညာ သာကြောင်းကို သိသာသည်။ သံ၊ ဝါး၊ ပိုးတို့ကို အထည်အလိပ်လုပ်ရာ၊ ဉာဏ်မရှိသောသူတို့ လုပ်ဆောင်သည့် အထည်အလိပ်ထက်၊ ဉာဏ်ရှိသောသူတို့ လုပ်ဆောင်သည့် အထည်အလိပ် အဖိုးတန် အပြန်ပြန်သာလွန်သည်ကို ထောက်၍ သိသာသည်။ ။

နတ်၊ လူ၊ ဗြဟ္မာ၊ သတ္တဝါတို့ကို ကောင်းရာ ကောင်းကြောင်း ဆုံးမတော်မူတတ်သော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ်၊ ဒေဝဒတ်သည် အဇာတသတ် မင်းအား နှိုးဆော်တိုက်တွန်း၍၊ နာဠာဂီရိဆင်ဖြင့် မြတ်စွာဘုရားကို တိုက်ရာ၊ မြတ်စွာဘုရား ရှေ့မှုရပ်၍၊ မြတ်စွာဘုရား အစား အသက်ကိုစွန့်သော ညီတော်အာနန္ဒာကို အကြောင်းပြု၍ ဟောတော်မူအပ်သော အသီတိ နိပါတ်မဟာဟံသဇာတ်၌ ဘုရားအလောင်း ရွှေဟင်္သာမင်း

http://www.cherrythitsar.org



သည်၊ ဗာရာဏသီပြည်ကို အစိုးရသော သံယမမင်းကြီးကို တွေ့၍ နှုတ်ခွန်းဆက်လက်မေးမြန်းဖြေဆိုကြသည်မှာကား -

၁။ ကစ္စိ နု ဘောတော ကုသလံ၊
ကစ္စိ ဘောတော အနာမယံ။
ကစ္စိ ရဋ္ဌ မိဒံ ဖိတံ။
ဓမ္မေန မနုသာသသိ။ ။

၂။ ကုသလဉ္စေဝ မေ ဟံသ၊
အထော ဟံသ အနာမယံ။
အထော ရဋ္ဌ မိဒံ ဖိတံ၊
ဓမ္မေန မနုသာသသိ။ ။

၃။ ကစ္စိ ဘောတော အမစ္စေသု၊
ဒေါသော ကောစိ နဝိဇ္ဇတိ။
ကစ္စိ တေ တဝ အတ္ထေသု၊
နာဝ ကင်္ခန္တိ ဇီဝိတံ။ ။

၄။ အထောပိ မေ အမစ္စေသု၊
ဒေါသော ကောစိ နဝိဇ္ဇတိ။
အထောပိ တေ မမတ္ထေသု၊
နာဝကင်္ခန္တိ ဇီဝိတံ။ ။

၅။ ကစ္စိ သာဒိသီ ဘရိယာ၊
အဿဝါ ပိယဘာဏိနီ။
ပုတ္တရူပယသူပေတာ၊
တဝ ဆန္ဒဝသာနုဂါ။ ။

၆။ အထော မေ သာဒိသီ ဘရိယာ၊
အဿဝါ ပိယဘာဏိနီ။
ပုတ္တ ရူပယသူပေတာ၊
မမ ဆန္ဒဝသာနုဂါ။ ။

၇။ ကစ္စိ ရဋ္ဌံ အနုပ္ပိဠံ၊
အကုတောစိ ဥပဒ္ဒဝံ။
အသာဟသေန ဓမ္မေန၊
သမေန အနုသာသသိ။ ။

၈။ အထော ရဋ္ဌံ အနုပ္ပိဠံ၊
အကုတောစိ ဥပဒ္ဒဝံ။

http://www.cherrythitsar.org



အသာဟာသေန ဓမ္မေန၊
သမေန အနုသာသသိ။ ။

၉။ ကစ္စိ အပစိတာ သန္တော၊
အသန္တော ပရိဝဇ္ဇိတာ။
နောစေ ဓမ္မံ နိရက်တွာ၊
အဓမ္မံ အနုဝတ္တသိ။ ။

၁၀။ သန္တော အပစိတာစ မေ၊
အသန္တော ပရိဝဇ္ဇိတာ။
ဓမ္မံ ယေဝါ နုဝတ္တာမိ၊
အဓမ္မော မေ နိရက်တော။ ။

၁၁။ ကစ္စိ နုနာဂတံ ဒီဃံ၊
သမပေက္ခသိ ခတ္တိယ။
မတ္တော မဒနိယေ ကစ္စိ၊
ပရလောကေ နသန္တသိ။ ။

၁၂။ အဟံ အနာဂတံ ဒီဃံ၊
သမပေက္ခာမိ ပက္ခိမ။
ဌိတော ဒသသု ဓမ္မေသု၊
ပရလောကေ နသန္တသေ။ ။

၁၃။ ဒါနံ သီလံ ပရိစ္စာဂံ၊
အဇ္ဇဝံ မဒ္ဒဝံ တပံ။
အကောဓံ အဝိဟိံ သဉ္စ၊
ခန္တိဉ္စ အဝိရောဓနံ။ ။

၁၄။ ဣစ္စေတေ ကုသလေ ဓမ္မေ၊
ဌိတေ ပဿာမိ အတ္တနိ။
တတော မေ ဇာယတေ ပီတိ၊
သောမနဿဉ္စ အနပ္ပကံ။ ။

၁။ ဘောတော၊ သင်မင်းကြီးအား။ ကစ္စိ၊ အသို့နည်း။ ကုသလံနု၊ ကျန်းမာပါ၏လော။ ဘောတော၊ သင်မင်းကြီးအား။ ကစ္စိ၊ အသို့နည်း။ အနာမယံနု၊ ရောဂါအနာကင်းပါ၏လော။ ကစ္စိ၊ အသို့နည်း။ ဖိတံ၊ ဥစ္စာရတနာပြည်သူတို့နှင့် ပြည့်စုံစည်ပင်သော။ ဣဒံရဋ္ဌံ၊ ဤကာသိတိုင်းကို။ ဓမ္မေန၊ တရားသဖြင့်။ အနုသာသသိ၊ ဆုံးမပါ၏လော။

http://www.cherrythitsar.org



၂။ ဟံသ၊ ရွှေဟသ်ာမင်း။ မေ၊ ငါ့အား။ ကုသလဥ္စ၀၊ ကျန်းမာခြင်းသာ လျှင်။ ဟောတိ၊ ဖြစ်၏။ ဟံသ၊ ရွှေဟသ်ာမင်း။ အထော၊ ထိုမြို့။ အနာမယံ၊ ရောဂါအနာကင်းပါ၏။ အထော၊ ထိုမြို့။ ဖိတံ၊ ဥစ္စာရတနာ ပြည်သူတို့နှင့် ပြည့်စုံစည်ပင်သော။ ဣဒံရဋ္ဌံ၊ ဤကာသိတိုင်းကို။ အဟံ၊ ငါသည်။ ဓမ္မေန၊ တရားသဖြင့်။ အနုသာသသိ၊ ဆုံးမပါ၏။

၃။ ကစ္စိ၊ အသို့နည်း။ ဘောတော၊ သင်မင်းကြီးသည်။ အမစ္စေသု၊ အမတ်တို့၌။ ကောစိ၊ တစ်စုံတစ်ခုသော။ ဒေါသော၊ မှတ်၍ ငြိုး၍ထားသော အပြစ်သည်။ နဝိဇ္ဇတိ၊ ရှိတော်မမူပါ၏လော။ ကစ္စိ၊ အသို့နည်း။ တေအမစ္စာ၊ ထိုအမတ်တို့သည်။ တ၀၊ သင်မင်းကြီး၏။ အတ္ထေသု၊ အကျိုးစီးပွားတော်တို့ ကြောင့်။ ဇီဝိတံ၊ အသက်ကို။ နာ၀ကင်္ခန္တိ၊ ယုံမှားမရှိ စွန့်ဝံ့ကြပါကုန်၏လော။

၄။ မေ၊ ငါ၏။ အမစ္စေသု၊ အမတ်တို့၌။ အထောပိ၊ စင်စစ်လည်း။ ကောစိ၊ တစ်စုံတစ်ခုသော။ ဒေါသော၊ မှတ်၍ ငြိုး၍ထားသော အပြစ်သည်။ နဝိဇ္ဇတိ၊ မရှိ။ တေ အမစ္စာ၊ ထိုငါ၏အမတ်တို့သည်။ အထောပိ၊ စင်စစ်လည်း။ မမ၊ ငါ၏။ အတ္ထေသု၊ အကျိုးစီးပွားတော်တို့ကြောင့်။ ဇီဝိတံ၊ အသက်ကို။ နာ၀ကင်္ခန္တိ၊ ယုံမှားမရှိ စွန့်ဝံ့ကြကုန်ပါ၏။

၅။ ကစ္စိ၊ အသို့နည်း။ တေ၊ သင်မင်းကြီးနှင့်၊ သာဒိသီ၊ အမျိုးတူသော။ အဿဝါ၊ သင်မင်းကြီးစကားကို နားထောင်သော။ ပိယဘာဏိနီ၊ ချစ်ဖွယ်သော စကားကို ဆိုတတ်သော။ ပုတ္တရူပယသူပေတာ၊ သားတော် သမီးတော် အဆင်း လက္ခဏာ စည်းစိမ်ဥစ္စာနှင့် ပြည့်စုံသော။ တ၀၊ သင်မင်းကြီး၏။ ဆန္ဒ၀သာနုဂါ၊ အလိုနိုင်ငံသို့လိုက်သော။ ဘရိယာ၊ မိဖုရားကြီးသည်။ အတ္ထိနူ၊ ရှိပါ၏လော။

၆။ အထော၊ စင်စစ်။ သာဒိသီ၊ အမျိုးတူသော။ အဿဝါ၊ စကားကို နားထောင်သော။ ပိယဘာဏိနီ၊ ချစ်ဖွယ်သောစကားကို ပြောဆိုတတ်သော။ ပုတ္တရူပယသူပေတာ၊ သားတော် သမီးတော် အဆင်းလက္ခဏာ စည်းစိမ်ဥစ္စာနှင့် ပြည့်စုံသော။ မမ၊ ငါ၏။ ဆန္ဒ၀သနုဂါ၊ အလိုနိုင်ငံသို့ လိုက်သော။ ဘရိယာ၊ ခေမာမိဖုရားကြီးသည်။ အတ္ထိ၊ ရှိပါ၏။

၇။ ကစ္စိ၊ အသို့နည်း။ ရဋ္ဌံ၊ သင်မင်းကြီး အစိုးရသော နိုင်ငံသူ အပေါင်းကို။ အနုပ္ပိဠံ၊ ကြံညှစ်ယန္တရားဖြင့် ကြံကို ညှစ်၍ အရည်ယူသကဲ့သို့။ အခွန်၊ အဆီ၊ ဥစ္စာပစ္စည်းကို ညှစ်၍မယူဘဲ။ အကုတောစိဉပဒ္ဒ၀၊ တစ်စုံတစ်ခုသော ဘေးဉပါဒ်ကို မဖြစ်စေဘဲ။ အသာဟသေန၊ မညှဉ်းပန်းမနှိပ်စက်သော။ ဓမ္မေန၊ တရားနှင့်။ သမေန၊ ညီညွတ်သဖြင့်။ အနုသာသသိ၊ ဆုံးမပါ၏လော။

http://www.cherrythitsar.org



၈။ အထော၊ စင်စစ်။ ရဋ္ဌ၊ တိုင်းသူပြည်သူအပေါင်းကို။ အနူပ္ပိဋ္ဌ၊ ကြံညှစ်ယန္တရားဖြင့် ကြံကိုညှစ်၍ အရည်ယူသကဲ့သို့။ အခွန်၊ အဆီ၊ ဥစ္စာပစ္စည်းကို ညှစ်၍မယူဘဲ။ အကုတောစိဥပဒ္ဒဝံ၊ တစ်စုံတစ်ခုသော ဘေးဥပါဒ်ကို မဖြစ်စေဘဲ။ အသာဟသေန၊ မညှဉ်းပန်း မနှိပ်စက်သော။ ဓမ္မေန၊ တရားနှင့်။ သမေန၊ ညီညွတ်သဖြင့်။ အဟံ၊ ငါသည်။ အနုသာသသိ၊ ဆုံးမပါ၏။

၉။ ကစ္စိ၊ အသို့နည်း။ သန္တော၊ ပညာရှိ လူကြီးလူကောင်းတို့ကို။ အပစိတာ၊ ရိုသေချီးမြှောက်ကုန်ပါ၏လော။ အသန္တော၊ လူယုတ်၊ လူနုပ်တို့ကို။ ပရိဝဇ္ဇိတာ၊ အပေါင်းအဖက် ကြဉ်ရှောင်ပါ၏လော။ ဓမ္မံ၊ သူတော်ကောင်းတရားကို။ နိရက်တွာ၊ ကင်းကွာသည်ကိုပြု၍။ အဓမ္မံ၊ မသူတော်တရားကို။ နောစေ အနုဝတ္တသိ၊ အကယ်စင်စစ် လိုက်တော်မူလေသလော။

၁၀။ မေ၊ ငါသည်။ သန္တောစ၊ ပညာရှိလူကြီးလူကောင်းတို့ကို။ အပစိတာ၊ ရိုသေချီးမြှောက်ပါကုန်၏။ အသန္တောစ၊ လူယုတ်၊ လူနုပ်တို့ကို။ ပရိဝဇ္ဇိတာ၊ မပေါင်းမဖော် ကြဉ်ရှောင်ပါကုန်၏။ ဓမ္မံယေဝ၊ သူတော်ကောင်းတရားကိုသာလျှင်။ အတံ၊ ငါသည်။ အနုဝတ္တာမိ၊ လိုက်၏။ မေ၊ ငါသည်။ အဓမ္မော၊ မသူတော်တရားကို။ နိရက်တော၊ ကင်းကွာလိုသည်ကို ပြုပါ၏။

၁၁။ ကစ္စိ၊ အသို့နည်း။ ခတ္တိယ၊ လယ်ယာမြေကို အစိုးရသောမင်းမြတ်။ အနာဂတံ၊ လာလတ္တံ့သော။ ဒီဃံ၊ ရှည်အံ့သော အသက်တော်ကို။ သမပေက္ခသိနူ၊ ရှုကြည့်ဘိ၏လော။ (လူတို့အသက်မည်သည် ကမ္ဘာပတ်လုံး တည်၍ မနေရ မကြာမြင့်မီ သေလိမ့်မည်ဟူသော မရဏာသတိကို နှလုံးသွင်းပါ၏လော ဟူလို)။ ။ ကစ္စိ၊ အသို့နည်း။ မဒနိယေ၊ ယစ်မူးအပ်သော ကာမဂုဏ်၌။ မတ္တော၊ မေ့လျော့ယစ်မူးသည်ဖြစ်၍။ ပရလောကေ၊ နောင်တမလွန်၌။ နသန္တသိ၊ မကြောက်ဘဲ ရှိလေသလော။

၁၂။ ပက္ခိမ၊ ကောင်းသော အတောင်နှင့် ပြည့်စုံသောရွှေဟသ်ာမင်း။ အဟံ၊ ငါသည်။ အနာဂတံ၊ လာလတ္တံ့သော။ ဒီဃံ၊ ရှည်အံ့သောအသက်ကို။ သမပေက္ခာမိ၊ ရှုကြည့်ပါ၏။ (မရဏာသတိ ကမ္မဋ္ဌာန်းကို စီးဖြန်းပါ၏ ဟူလို)။ ။ ဒသသု ဓမ္မေသု၊ ဆယ်ပါးသော မင်းကျင့်တရားတို့၌။ အဟံ၊ ငါသည်။ (ဌိတော၊ တည်သည်ဖြစ်၍၊ ပရလောကေ၊ သေ၍နောင်တမလွန်၌ အပါယ်လေးပါးလားမည်ကို။ နသံတသေ၊ မထိတ်မလန့်။

(မိမိ၌တည်သော မင်းကျင့်တရား ဆယ်ပါးကို အကျယ်ပြုလိုသော သံယမမင်းကြီးသည်။ ဒါနံ သီလံ အစရှိသော ဂါထာကို မိန့်ဆိုပြန်၏)။

http://www.cherrythitsar.org



၁၃။ ဒါနံ၊ အလှူခံတို့အား လှူဒါန်းခြင်းလည်းကောင်း။ သီတံ၊ ငါးပါး သီလ၊ ဆယ်ပါးသီလ လည်းကောင်း။ ပရိစ္စာဂံ၊ မှူးမတ် ရဲမက် လက်နက်ကိုင်တို့အား မျိုးရိက္ခာ စွန့်ကြဲပေးကမ်းခြင်းလည်းကောင်း။ အဇ္ဇဝံ၊ ကောက်ကျစ်စဉ်းလဲခြင်းမရှိ၊ ရိုးသားဖြောင့်မတ်ခြင်းလည်းကောင်း။ မဒ္ဒဝံ၊ အမူအရာ အပြောအဆို နူးညံ့သိမ်မွေ့ခြင်းလည်းကောင်း။ တပံ၊ ဥပုသ်ဆောက်တည်ခြင်းလည်းကောင်း။ အကောဓံ၊ သတ္တဝါအပေါင်းကို ရင်မှဖြစ်သော သားကဲ့သို့ ရန်ငြိုးအမျက်မရှိ ချမ်းသာစေခြင်းလည်းကောင်း။ အဝိဟိံ သဉ္စ၊ မကျန်းမာသောသားကို၊ မနှိပ်စက်လို သနားသကဲ့သို့။ သတ္တဝါတို့ကို မနှိပ်စက်လို သနားခြင်းလည်းကောင်း။ ခန္တိစ၊ ကိုယ်နှုတ်တို့ဖြင့် မရှိမသေ လွန်ကျူးသည်ကို သည်းခံခြင်းလည်းကောင်း။ အဝိရောဓနံ၊ ရဟန်း၊ ရှင်၊ လူ၊ မှူးမတ်ပြည်သူတို့နှင့် ဆန့်ကျင်သည်ကို မပြုခြင်းလည်းကောင်း။

၁၄။ ဣတိ၊ ဤသို့။ အတ္တနိ၊ ငါ့ကိုယ်၌။ ယတော၊ အကျင့်ကြောင့်။ ဌိတေ၊ တည်ကုန်သော။ ဧတေကုသလေ ဓမ္မေ၊ ဤကုသိုလ်တရားဆယ်ပါးတို့ကို။ ပဿာပိ၊ မြင်၏။ တတော၊ ထို့ကြောင့်။ မေ၊ ငါ့အား။ ပီတိ၊ နှစ်သက်ခြင်း ပီတိသည်။ ဇာယတေ၊ ဖြစ်၏။ အနပ္ပကံ၊ အနပ္ပကမ်း[၁]သော။ သောမနဿဉ္စ၊ ဝမ်းမြောက်ခြင်းသည်လည်း။ ဇာယတေ၊ ဖြစ်၏။

ဤမင်းကျင့်တရား ဆယ်ပါးကို ကိုယ်၌တည်သည်ကို မြင်သောကြောင့် သေ၍ နောင်တမလွန်၌၊ အပါယ်လေးပါး လားမည်ကို မကြောက်ရုံသာမက နတ်ရွာ သုဂတိကို ရမည်ဖြစ်၍ အနပ္ပကမ်း[၂] ဝမ်းပင်မြောက်သေး၏ ဟူလို)။

## ၉။ မင်းကျင့်တရား ဆယ်ပါးကို ရည်၍ စတုဓမ္မသာရပျို့၌ စပ်ဆိုထားခြင်း

ဤ ဓွေဟသ်ာမင်းနှင့် သံယမမင်းကြီးတို့ မေးမြန်းဖြေဆိုကြသည်ကို ထောက်၍ နိုင်ငံကို အုပ်စိုးခြင်း၊ မှူးမတ် မိဖုရားကြီးတို့ကို ရွေးချယ်ခြင်း၊ မင်းကျင့်တရား ဆယ်ပါးတို့ကို စောင့်ရှောက်ခြင်းများကို ပြုအပ်၏။

ဤမင်းကျင့်တရားဆယ်ပါးကို ရည်၍ ကိုးခန်းပျို့ဟု ခေါ်ကြသော ဟတ္ထိပါလဇာတ်ကို လက်ာရေးသော စတုဓမ္မသာရပျို့၌ -

---

၁။ ပုရပိုက်မူ၌ ဤသို့တွေ့ရသည်။ သူရိယမူ၌ 'အတိုင်းမသိသော' ဟု ရှိသည်။
၂။ ပုရပိုက်မူ၌ ဤသို့တွေ့ရသည်။ သူရိယမူ၌ 'အတိုင်းမသိ' ဟု ရှိသည်။

http://www.cherrythitsar.org



ဗာရာဏသီ၊ စုံစီပြည့်ဝ၊ ထိုပြည်မဥ္စ၊ ဒါနမမေ့၊ စောင့်လေ့သီတင်း[၁]၊ မင်း၏တမ်းခွန်[၂]၊ စွန့်ကြဲဟန်လည်း၊ ထံလွန်ဖြောဖြော၊ နှမြောမဲ့လျှင်း၊ မြားနှယ်စင်း၍[၃]၊ ဝမ်းတွင်း ဖြောင့်တန်း၊ မကောက်ယွန်းတည့်၊ တစ်ခွန်း ဟက၊ နှစ်ခွမသွေ၊ မျိုးဆွေချစ်သူ၊ ဟူလင့်ကစား၊ လှူပ်ရှားမနိုင်၊ ကြံ့ခိုင် မြဲဆုံး၊ တည့်တည့်သုံး၍[၄] နှလုံးမကြမ်း၊ ကျင့်တမ်းမွေ့ညက်၊ မျက်သက် နည်းပါး၊ ပိုင်ကားနိုင်ထက်၊ နှိပ်စက်မရှိ ခံချိသည်းညည်း၊ စောင်ဟန်နည်း၍[၅] ဖြင့်ပည်းပြောထူ[၆]၊ လူအဝှန့်နှင့်[၇]၊ မဆန့်ကျင်မှု၊ လိုက်လျောပြုသား၊ ဆယ် ခုနက်စံ၊ ရာဇခံတွင်၊ တအင်မချို့၊ ကျေးဇူးတို့ကြောင့်၊ သဲမို့ပြင်ကျွန်း၊ မြစ်လယ်ထွန်းသော်၊ ကူးသန်းလှေတက်၊ ပျက်လတ်သောခါ၊ ကိုးကွယ်ရာ လျှင်၊ မှန်စွာစင်စစ်၊ ဖြစ်ဘိသောလား၊ နိုင်ငံသားတို့ မျှောပါးဆယ်ယူ၊ ဆင်းရဲ ဟူသား၊ ရေဟူချမ်းပြင်း၊ တုံလှဲ့ခြင်းမှ၊ ပျောက်ကင်းစေချင်၊ ဘုန်းမီးကင်၍၊ မွေ့ရှင်လန်းအောင်၊ သိမ်းမြန်းဆောင်သည်၊ ရွှေတောင်နန်းပွင့်၊ စောရန် လွှင့်[၈]ကား၊ မိုးမြင့်[၉]ကော်ရော်၊ ဝှဲချီးခေါ်သား[၁၀]၊ မည်တော်ကေတု၊ မှတ်တစ်ခု ဖြင့်၊ ဧသုကာရီ၊ ကျော်လွှမ်းညီလျက်၊ ဘုန်းဆီတမူ၊ ခပ်သိမ်းသူတို့[၁၁]၊ ဦးဖြူ ဦးနက်၊ သောက်တိုင်း ထွက်သည်။ ။ ဝှန်တက်ပြည့်ပြည့်[၁၂] လျှမ်းလျှမ်းတည်း။ ဟူ၍ စပ်ဆိုလေသည်။

---

၁။ ဤစတုဓမ္မသာရပျို့ ကောက်နုတ်ချက်ကို ပါမောက္ခဦးဇမောင် တည်းဖြတ်သော နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့မူနှင့် တိုက်ဆိုင် ညှိနှိုင်း၍ တည်းဖြတ်ပြင်ဆင်ထားပါသည်။ ပုရပိုက်မူ၌ ‘စောင့်လေ့သတင်း’ ဟု ရှိသည်။
၂။ ပုရပိုက်မူ၌ ‘တံခွန်’ ဟု ရှိသည်။
၃။ ပုရပိုက်မူ၌ ‘မြားနှယ်စင်းသည်’ ဟု ရှိသည်။
၄။ ပုရပိုက်မူ၌ ‘တည့်တည့်သုံးသား’ ဟု ရှိသည်။
၅။ ပုရပိုက်မူ၌ ဤပါဒမပါ။
၆။ ပုရပိုက်မူ၌ ‘ဖြည့်ပျည်း’ ဟု ရှိသည်။
၇။ ပုရပိုက်မူ၌ ‘လူအဝှမ်း’ ဟု ရှိသည်။
၈။ ပုရပိုက်မူ၌ ‘စောရန်လွင့်’ ဟု ရှိသည်။
၉။ ပုရပိုက်မူ၌ ‘မိုးဖြင့်’ ဟု ရှိသည်။
၁၀။ ပုရပိုက်မူ၌ ‘ခေါ်လျက်’ ဟု ရှိသည်။
၁၁။ ပုရပိုက်မူ၌ ‘ခပ်သိမ်းလူ’ ဟု ရှိသည်။
၁၂။ ပုရပိုက်မူ၌ ‘ဖြည့်ဖြည့်’ ဟု ရှိသည်။

http://www.cherrythitsar.org


ဤမင်းကျင့်တရား ဆယ်ပါးတို့တွင် နောက်ဆုံးဖြစ်သော အဝိရောဓနမည်သောတရားသည်၊ ပဒေသရာဇ်၊ ဇာကရာဇ်၊ စကြာမင်းတို့သာမက၊ မြတ်စွာဘုရားသော်လည်း၊ တရားဟောတော်မူရာ သတ္တဝါတို့၏ အလိုကို လိုက်၍၊ ဝေနေယအဇ္ဈာသယအားဖြင့် တရား ဟောတော်မူရသည်။ သတ္တဝါတို့၏အလိုအဇ္ဈာသယကို လိုက်၍၊ တရားမဟောလျှင်၊ သတ္တဝါတို့သည် အကျွတ်တရားကိုမရနိုင်။ ထို့ကြောင့် ပိဋကတ်သုံးပုံ၌ အကျယ်ကြိုက်သော သတ္တဝါအလိုက်အကျယ်၊ အလတ်ကြိုက်သော သတ္တဝါအလိုက်အလတ်၊ အကျဉ်းကြိုက်သော သတ္တဝါအလိုက် အကျဉ်း အစရှိသဖြင့်၊ ဒေသနာတော် အမျိုးမျိုးရှိလေသည်။

## ၁၀။ ပြည်သူတို့နှင့် မဆန့်ကျင်ခြင်းနှင့် သည်းခံခြင်း

ဤ အဝိရောဓနေ၊ တရားကို မကျင့်ဆောင်၊ ပြည်သူတို့နှင့် ဆန့်ကျင်ဘက်ပြုလျှင် ပြည်သူတို့မုန်း၍ အလိုရှိရာ သခင်ရှာပြီးလျှင် မင်းကိုဖျက်ဆီးသည်။ ။ မင်းအားကြီး၍ ပြည်သူတို့က မဖျက်ဆီးနိုင်လျှင်လည်း အခြားနိုင်ငံသို့ သွား၍ ပြည်ပျက်သည်။ ။ ဤကဲ့သို့ ပြည်သူတို့နှင့် ဆန့်ကျင်ဘက်ပြု၍ ပျက်စီးသည်ကား မရေမတွက်နိုင်။ ငါးရာငါးဆယ်ဇာတ်၊ ရာဇဝင်တို့၌ အများအပြားပင်ရှိလေသည်။ မျက်မြင်ကိုယ်တွေ့ ဖြစ်ရသည်လည်း များလှလေပြီ။

မင်းကျင့်တရားဆယ်ပါးတို့တွင် သည်းခံခြင်း 'ခန္တီ' မည်သော မင်းကျင့်တရားကို ပဒေသရာဇ်၊ ဇာကရာဇ်၊ စကြာမန္ဓာတ်၊ လူမင်းတို့ကို မဆိုထားနှင့်ဦး၊ နတ်တို့၏မင်းဖြစ်သော သိကြားမင်းသော်လည်း လွန်စွာ အလေးပြု၍ ကျင့်ဆောင်ကြောင်းကို ပြလိုသော မြတ်စွာဘုရားသည်။ ။ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ်။ ။ 'ဘူဝပုဗ္ဗံ ဘိက္ခဝေ ဒေဝါသူရသင်္ဂမော သမုပဗ္ဗျုဠှော အဟောသိ' အစရှိသဖြင့် ဟောတော်မူသည်။ ။ အဓိပ္ပာယ်သော်ကား ရဟန်းတို့၊ ရှေးလွန်လေပြီးသောအခါ နတ်တို့နှင့် အသူရာတို့ စစ်သည်အပေါင်းသည် စစ်ဆင်၍ တက်ကြသည် ဖြစ်လေ၏။ ရဟန်းတို့၊ ထိုအခါ ဝေပစိတ္တိမည်သော အသူရာမင်းသည် သိကြားမင်း ထိုးပစ်တိုက်ခိုက်ခြင်း အမှုကိုထား၍၊ ကောင်းသော စကားကို ပြောဆိုခြင်းဖြင့် စစ်အောင်ခြင်း ဖြစ်ကြရမည်ဟူသော ဤစကားကို ဆို၏။ သိကြားမင်းက ဝေပစိတ္တိမည်သော အသူရာမင်း ကောင်းသောစကားဖြင့်၊ စစ်အောင်ခြင်းသည် ဖြစ်စေတော့ဟု အခွင့်ပေးသည်ရှိသော်၊ နတ်စစ်သည် ဗိုလ်မှူး၊ ဗိုလ်ချုပ်တို့ကို နှစ်ဦးနှစ်ဘက်အနီး၌ မည်သူဆိုသော စကားဖြစ်သည်ကို သိစေခြင်းငှာ ထားပြီး၍ ဝေပစိတ္တိမည်သော အသူရာမင်းက၊ သိကြားမင်းကို

http://www.cherrythitsar.org



ရှေးဦးစွာ ဆိုလောဟု ဆိုသည်တွင်၊ သိကြားမင်းက သင်အသူရာတို့သည် ငါတို့၏ ရှေးအထက်က နတ်ဖြစ်ဖူးလေသည်။ ရှေးဦးစွာ ပြောဆိုလောဟု ခွင့်ပေးသည် ရှိသော် ဝေပစိတ္တိ အသူရာမင်းသည် ကောင်းသောစကားကို ဆိုမည်ဟု ရည်ရွယ်ပြီးလျှင် -

ဘိယျော ဗာလာ ပကုဇ္ဈေယျုံ၊
နောစဿ ပဋိသေဓကော။
တသ္မာ ဘုသေန ဒဏ္ဍေန၊
မိရော ဗာလံနိသေဓယေတိ။ ။

ဟူသော ဂါထာကို ဆို၏။

ဗလံ၊ သူမိုက်ကို။ စေ၊ အကယ်၍။ ဘုသေန၊ ပြင်းထန်စွာသော။ ဒဏ္ဍေန၊ ဒဏ်ဖြင့်။ နောပဋိသေဓကော၊ မတားမြစ်သည်။ အဿ၊ ဖြစ်ငြားအံ့။ ဘိယျော၊ လွန်စွာ။ ယသ္မာ၊ အကြင်မမြစ်သောကြောင့်။ ဗာလာ၊ သူမိုက်တို့သည်။ ပကုဇ္ဈေယျုံ၊ ကြမ်းကြုတ်ကုန်ရာ၏။ တသ္မာ၊ ထို့ကြောင့်။ မိရော၊ ပညာရှိသည်။ ဗာလံ၊ သူမိုက်ကို။ ဘုသေန၊ ပြင်းထန်စွာသော။ ဒဏ္ဍေန၊ ဒဏ်ဖြင့်။ နိသေဓယေ၊ တားဖြစ်ရာ၏။

ရဟန်းတို့၊ ဝေပစိတ္တိမည်သော အသူရာမင်းသည် ဆိုအပ်သော ဤဂါထာကို အသူရာတို့သည် ဝမ်းမြောက်သဖြင့် ကောင်းချီး ပေးကြကုန်၏။ နတ်တို့သည် ဆိတ်ဆိတ်နေကြကုန်၏။ ထိုအခါ ဝေပစိတ္တိမည်သော အသူရာမင်းသည် သိကြားမင်းကို၊ သိကြားမင်းဂါထာကို ဆိုလော့ဟု ဆိုသည်ရှိသော် ရဟန်းတို့ သိကြားမင်းသည် ကောင်းသောဂါထာကို ဆိုလိုရကား. . .

ဧတဒေဝ အဟံမညေ၊
ဗာလဿ ပဋိသေဓနံ။
ပရံ သင်္ကုပိတံ ဉတွာ၊
ယောသတော ဥပသမ္မတီတိ။ ။ ဟူသော ဂါထာကို ဆို၏။

သတော၊ သတိရှိသော။ ယော၊ အကြင်ပညာရှိသည်။ အတ္ထိ၊ ရှိ၏။ သော၊ ထိုပညာရှိသည်။ သင်္ကုပိတံ၊ အမျက်ထွက်သော။ ပရံ၊ တစ်ပါးသော သူမိုက်ကို။ ဉတွာ၊ ဤလူမိုက်ကား အမျက်ထွက်ပြီဟု သိ၍။ ဥပသမ္မတိ၊ ပြန်၍ အမျက်မထွက် ငြိမ်သက်စွာ သည်းခံနေ၏။ ဧတဒေဝ၊ ဤသို့ပြန်၍ အမျက်မထွက် ငြိမ်သက်စွာ သည်းခံ၍ နေခြင်းကိုပင်လျှင်။ အဟံ၊ ငါသည်။ ဗာလဿ၊ လူမိုက်ကို။ ပဋိသေဓနံ၊ ဆုံးမတားမြစ်ခြင်းဟူ၍။ မညေ၊ အောက်မေ့၏။

ရဟန်းတို့၊ သိကြားမင်း ဤဂါထာကို ဆိုသည်ရှိသော် နတ်တို့သည် ကောင်းချီးပေးကြကုန်၏။ အသူရာတို့သည် ဆိတ်ဆိတ်နေကြကုန်၏။ ထိုအခါ

http://www.cherrythitsar.org



သိကြားမင်းသည် ဝေပစိတ္တိ အသူရာမင်းကို ဂါထာဆိုဦးလော့ဟု ဆို၍၊ အသူရာမင်းသည် ဆိုလိုပြန်ရကား -

ဧတဒေဝ တိတိက္ခာယ၊
ဝဇ္ဇံ ပဿာမိ ဝါသဝ။
ယဒါနံ မညတိဗာလော၊
ဘာယာမျာယံ တိတိက္ခတိ။
အဇ္ဈာရူဟတိ ဒုမ္မေဓော၊
ဂေါဝ ဘိယျော ပလာယိနန္တိ။ ဟူသော ဂါထာကို ဆို၏။

ဝါသဝ၊ သိကြားမင်း။ မေ၊ ငါ့အား။ ဘယာ၊ ကြောက်သောကြောင့်။ အယံ၊ ဤသူသည်။ တိတိက္ခတိ၊ သည်းခံရ၏။ ဣတိ၊ ဤသို့။ ယဒါ၊ အကြင်အခါ၌။ ဗာလော၊ လူမိုက်သည်။ နံ၊ ထိုသူကို။ မညတိ၊ ထင်မှတ်၏။ တဒါ၊ ထိုအခါ၌။ ပလာယိနံ၊ ပြေးသော နွားတစ်ကောင်ကို။ ဂေါ၊ နိုင်သောနွားသည်။ (ဘိယျော၊ လွန်စွာလျှင်)[၁] အနုဓာဝတိက္က၀၊ အစဉ်လိုက်သကဲ့သို့။ ဒုမ္မေဓော၊ လူမိုက်သည်။ အဇ္ဈာရူဟတိ၊ စော်ကားရိုင်းပြ၍။ (တက်၏။ တိတိက္ခာယံ၊ လူမိုက်ကို သည်းခံခြင်း၌)[၂] ဧတဒေဝဇ္ဇံ၊ ဤသို့ စော်ကားရိုင်းပြသောအပြစ်ကို။ အဟံ၊ ငါ အသူရာမင်းသည်။ ပဿမိ၊ မြင်၏။

နောက်က ဆိုခဲ့သည့်အတိုင်း၊ ထိုအပြစ်ကို ဖြေလိုသော သိကြားမင်းသည်. . .

၁။ ကာမံ မညတုဝါ မာဝါ၊
ဘယာ မျာယံ တိတိက္ခတိ။
သဒတ္ထ ပရမာ အတ္ထော၊
ခန္တျာဘိယျော နိဝိဇ္ဇတိ။ ။

၂။ ယော ဟဝေ ဗလဝါ သန္တော၊
ဒုဗ္ဗလဿ တိတိက္ခတိ။
တမာဟု ပရမံ ခန္တိံ၊
နိစ္စံ ခမတိ ဒုဗ္ဗလော။ ။

၃။ အဗလန္တံ ဗလံ အာဟု၊
ယဿ ဗာလဗလံ ဗလံ။

---

၁။ ပုရပိုက်မူ၌ မပါ။ သူရိယမူအတိုင်း ထားသည်။
၂။ သူရိယမူ၌ မပါ။

http://www.cherrythitsar.org



ဗလဿ ဓမ္မ ဝုတ္တဿ၊
ပဋိဝတ္တာ နဝိဇ္ဇတိ။ ။

၄။ တသေ၀ တေန ပါပိယော၊
ယော ကုဒ္ဓံ ပဋိကုဇ္ဈတိ။
ကုဒ္ဓံ အပ္ပဋိကုဇ္ဈန္တော၊
သင်္ဂါမံ ဇေတိ ဒုဇ္ဇယံ။ ။

၅။ ဥဘိန္န မတ္ထံ စရတိ၊
အတ္တနောစ ပရဿစ။
ပရံ သင်္ကုပိတံ ဉတွာ၊
ယော သတော ဥပသမ္မတိ။ ။

၆။ ဥဘိန္နံ တိကိစ္ဆန္တာနံ၊
အတ္တနောစ ပရဿစ။
ဇနာမညန္တိ ဗာလောတိ၊
ယေ ဓမ္မဿ အကောဝိဒါတိ။ ။ ဟူသော ဂါထာတို့ကို ဆို၏။

၁။ အယံ၊ ဤသူသည်။ မေ၊ ငါ့ကို။ ဘယာ၊ ကြောက်သောကြောင့်။ တိတိက္ခတိ၊ သည်းခံ၏။ ဣတိ၊ ဤသို့။ ကာမံ၊ စင်စစ်။ မညတုဝါ၊ ထင်မှတ်သည်မူလည်း ဖြစ်စေ။ မာဝါ မညတု၊ မထင်မှတ်သည်မူလည်း ဖြစ်စေ။ အတ္ထာ၊ အကျိုးစီးပွားတို့သည်ကား။ သဒတ္ထပရမာ၊ ကိုယ်ကျိုး ကိုယ်စီးပွားသာလျှင် မြတ်ခြင်း ရှိကုန်၏။ ။ (သူများအကျိုး ကိုယ့်အကျိုးနှစ်ပါးတို့တွင် ကိုယ့်အကျိုးသည် မြတ်၏ဟု ဆိုလိုသည်)။ ။ တေသု၊ ထိုမြတ်သော ကိုယ်ကျိုးတို့တွင်။ ခန္တျာ၊ သည်းခံခြင်းထက်။ ဘိယျော၊ လွန်သောအကျိုးသည်။ နဝိဇ္ဇတိ၊ မရှိ။ ။ (ကိုယ်ကျိုးတို့တွင်သော်လည်း သည်းခံခြင်းအကျိုးသည် အကြီးဆုံး ဆိုလိုသည်)။

၂။ ဟဝေ၊ စင်စစ်။ ယော၊ အကြင်သူသည်။ ဗလဝါ၊ အားကြီးသည်။ သန္တော၊ ဖြစ်လျက်။ ဒုဗ္ဗလဿ၊ အားမရှိသောသူကို။ တိတိက္ခတိ၊ သည်းခံ၏။ တံခန္တိံ၊ ထိုအားကြီးလျက်နှင့် အားမရှိသောသူကို သည်းခံခြင်းကိုသာလျှင်။ ပရမံ၊ မြတ်သော သည်းခံခြင်းဟူ၍။ အာဟု၊ ဘုရားအစရှိသော သူတော်ကောင်းတို့ ဆိုကုန်၏။ ဒုဗ္ဗလော၊ အားမရှိသောသူသည်။ နိစ္စံ၊ အမြဲ။ ခမတိ၊ သည်းခံရ၏။ ။ (အားရှိသောသူက အားမရှိသောသူကို နှိပ်စက်၍၊ အနှိပ်စက်ကို ခံရသော အားမရှိသောသူသည် ပြန်လှန်၍ မပြုနိုင်သောကြောင့်၊ အမြဲနှိပ်စက်သည်ကို ခံရလိမ့်မည်။ မခံချင်သော်လည်း၊ မလှန်နိုင်သောကြောင့် သည်းခံရသော်၊ ခန္တီ

http://www.cherrythitsar.org



တရားမဟုတ်။ ကိုယ်က အင်အားရှိလျက်၊ ယုတ်ညံ့အားနည်းသောသူတို့ စော်ကားရိုင်းပြသည်ကို သည်းခံမှသာ၊ မြတ်သောသည်းခံခြင်း ခန္တီမည်သည် ဟူလို)။

၃။ ယဿ၊ အကြင်လူမိုက်၏။ ယံဗလံ၊ အကြင်မိုက်လုံးကြီးအားသည်။ အတ္ထိ၊ ရှိ၏။ တံဗလံ၊ ထိုလူမိုက်၏ အားကို။ အဗလံ၊ မင်းတို့၏ အားငါးပါး၊ သူတော်ကောင်းတို့၏ အားခုနစ်ပါးတို့တွင် တစ်ပါးမျှ မဝင်သောကြောင့်၊ အား မဟုတ်ဘူးဟူ၍။ အာဟု၊ ဘုရားအစရှိသော သူတော်ကောင်းတို့ ဆိုကုန်၏။ ဓမ္မဂုတ္တဿ၊ တရားကိုစောင့်သော။ ဗလဿ၊ ပညာအားကြီးသောသူ၏။ ဗလံ၊ အားသည်။ ပဋိဝတ္တာ၊ ဖောက်ပြန်သောမည်သည်။ နဝိဇ္ဇတိ၊ မရှိ။

၄။ ယော၊ အကြင်သူသည်။ ကုဒ္ဓံ၊ အမျက်ထွက်သောသူကို။ ပဋိကုဇ္ဈတိ၊ ပြန်၍အမျက်ထွက်၏။ တေန၊ ထိုသို့ အမျက်တုံ့ပြန်၍ ထွက်သောကြောင့်။ သော၊ ထိုဒုတိယအမျက်ထွက်သောသူသည်။ တဿေဝ၊ ထိုပဌမ အမျက်ထွက် သောသူ အောက်သာလျှင်။ ပါပိယော၊ အလွန်ယုတ်မာ၏။ ယော၊ အကြင်သူ သည်။ ကုဒ္ဓံ၊ ပဌမ အမျက်ထွက်သောသူကို။ အပ္ပဋိကုဇ္ဈန္တော၊ ပြန်၍ အမျက် မထွက်။ သော၊ ထိုသူသည်။ ဒုဇ္ဇယံ၊ အောင်နိုင်ခဲသော။ သင်္ဂါမံ၊ စစ်ပွဲကို။ ဇေတိ၊ အောင်သည်မည်၏။

၅။ သတော၊ သတိရှိသော။ ယော၊ အကြင်ပညာရှိသည်။ အတ္ထိ၊ ရှိ၏။ သော၊ ထိုပညာရှိသည်။ သင်္ကုပိတံ၊ အမျက်ထွက်သော။ ပရံ၊ တစ်ပါးသော လူမိုက်ကို။ ဉတွာ၊ ဤလူမိုက်ကား အမျက်ထွက်ပြီဟု သိ၍။ ဥပသမ္မတိ၊ ပြန်၍ အမျက်မထွက်၊ ငြိမ်သက်စွာ သည်းခံ၍နေ၏။ ဧတဒေဝ၊ ဤသို့ သူတစ်ပါး အမျက်ထွက်သည်ကို ပြန်၍ အမျက်မထွက် ငြိမ်သက်စွာသည်းခံ၍ နေခြင်းသည်သာလျှင်။ အတ္တနောစ၊ မိမိ၏လည်းကောင်း။ ပရဿစ၊ သူတစ်ပါး၏ လည်းကောင်း။ ဥဘိန္နံ၊ နှစ်ပါးသောသူတို့၏။ အတ္ထံ၊ အကျိုးစီးပွားကို။ စရတိ၊ ကျင့်သည်မည်၏။

၆။ ဓမ္မဿ၊ သူတော်ကောင်းတို့၏ ကျင့်ဝတ်တရားကို။ အကောဝိဒါ၊ မသိ မကျွမ်း မလိမ္မာကုန်သော။ ယေဇနာ၊ အကြင်သူမိုက်တို့သည်။ သန္တိ၊ ရှိ၏။ တေဇနာ၊ ထိုလူမိုက်တို့သည်။ အတ္တနောစ၊ မိမိ၏လည်းကောင်း။ ပရဿစ၊ သူတစ်ပါး၏လည်းကောင်း။ ဥဘိန္နံ၊ နှစ်ပါးသောသူတို့၏။ အတ္ထံ၊ အကျိုးစီးပွားကို။ တိကိစ္ဆန္တာနံ၊ ဖြစ်သောပညာရှိတို့ကို။ ဗာလော၊ လူမိုက်ဟူ၍။ မညန္တိ၊ မှတ်ထင်ကြကုန်၏။ ။ (သည်းခံခြင်းတရားမည်သည်၊ ကိုယ်ကျိုး သူတစ်ပါး၏အကျိုးနှစ်ပါးကို ကျင့်သည်မည်၏။ ထိုသို့ အကျိုးနှစ်ပါးပြီးအောင် ကျင့်သည်ကို၊ လူမိုက်တို့က လူမိုက်ဟူ၍ အောက်မေ့တတ်၏ ဟူလို)။

http://www.cherrythitsar.org



ဤသို့ သိကြားမင်းနှင့် အသူရာမင်းတို့ နှစ်ဦး ဗိုလ်မှူး၊ ဗိုလ်ချုပ်၊ ရဲမက် လက်နက်ကိုင်တို့ကို သက်သေထား၍ ကောင်းသောစကားကို ဆိုနိုင်သူက နိုင်စေရမည်၊ သစ္စာကတိ ထားကြပြီးလျှင် ပြောဆိုကြရာ၊ အသူရာမင်းပြောသော စကားသည် ဒဏ်နှင့်တကွဖြစ်သည်၊ လက်နက်နှင့်တကွ ဖြစ်သည်၊ ငြင်းခုံခိုက်ရန် မပြီးနိုင်အောင် စကားဖြစ်သည်။ သိကြားမင်း ပြောသောစကားမူကား ဒဏ်ကင်းသည်၊ လက်နက်ကင်းသည်၊ ငြင်းခုံခိုက်ရန် အဖြစ်အပွားမရှိ၊ သည်းခံခြင်းကြောင့် ရန်စ တိုရန်ရှိသည်ဟူ၍၊ နတ်အသူရာ ဗိုလ်မှူး၊ ဗိုလ်ချုပ်တို့က ကောက်ချက်ချသောကြောင့် အသူရာ ရှင်ဘုရင် ရှုံးသည်ကို ပြတော်မူလိုသော မြတ်စွာဘုရားသည်၊ 'ဧဝံ ခေါ ဘိက္ခဝေ သက္ကဿ ဒေဝါနမိန္ဒဿ သုဘာသိတေနဇယော အဟောသိ' ဟူသော ဒေသနာတော်ကို ဟောတော်မူ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ဧဝံခေါ၊ ဤသို့လျှင်။ ဒေဝါနမိန္ဒဿ၊ နတ်တို့ကို အစိုးရသော။ သက္ကဿ၊ သိကြားမင်း၏။ သုဘာသိတေန၊ ကောင်းသော စကားဖြင့်။ ဇယော၊ အောင်ခြင်းသည်။ အဟောသိ၊ ဖြစ်ပြီ။

ဤပါဠိကို ထောက်၍ ပဒေသရာဇ်၊ ဧကရာဇ်၊ စကြာ၊ မန္ဓာတ်၊ လူမင်းတို့ ကို မဆိုထားနှင့်ဦး၊ သိကြားမင်းသော်မှလည်း၊ ဤသည်းခံခြင်း မင်းကျင့်တရားကို အလွန်အလေးပြု၍ ကျင့်သည်ကို သိသာသည်။

## ၁၁။ ရန်အောင်ကြောင်းတရား ဥပါယ်ခုနစ်ပါး

ရန်အောင်ကြောင်း ဥပါယ်ခုနစ်ပါး ရှိသည်ကို ကာမန္ဒကီနီတိကျမ်း၌ . . .

သာမံ ဒါနဉ္စ ဒဏ္ဍောစ၊
ဘေဒါစေတိ စတုက္ကကံ။
မာယော ပေက္ခိန္ဒ ဇာလဉ္စ၊
သတ္တောပါယာ ပကိတ္တိတာ။ ဟူ၍ ဆို၏။

သာမံ၊ ညီညွတ်ခြင်း သာမဥပါယ်လည်းကောင်း။ ဒါနဉ္စ၊ ပေးကမ်းစွန့်ကြဲခြင်း ဒါနဥပါယ်လည်းကောင်း။ ဒဏ္ဍောစ၊ ဒဏ်ပေးခြင်း ဒဏ္ဍဥပါယ်လည်းကောင်း။ ဘေဒါစ၊ ညီညွတ်သော အသင်းအပင်းကို ခွဲခြင်း ဘေဒဥပါယ်လည်းကောင်း။ ဣတိ၊ ဤသို့။ စတုက္ကကံ၊ ဥပါယ်လေးပါးအပေါင်းလည်းကောင်း။ မာယော၊ မာယအသူရာမှလာသော လှည့်ပတ်သောမာယာဥပါယ်လည်းကောင်း။ ဥပေက္ခာ၊ လျစ်လျူရှုခြင်း ဥပေက္ခာဥပါယ်လည်းကောင်း။ ဣန္ဒဇာလ၊ ရန်သူကို ထိတ်လန့်အောင်ပြသော မျက်လှည့်ကြီးသော ဣန္ဒဇာလ ဥပါယ်လည်းကောင်း။

http://www.cherrythitsar.org



က္ကတိ၊ ဤသို့။ ဥပါယာ၊ ဥပါယ်တို့ကို။ သတ္တ၊ ခုနစ်ပါးတို့ဟူ၍။ ပကတ္တိတာ၊ ဟောကြားအပ်ကုန်၏။

'အရိဝိဇယမုပ ဂစ္ဆန္တိ ဧတေဟီတိ ဥပါယာ' ဟူသော ဝစနတ်နှင့် အညီ၊ ရန်ကို အောင်ကြောင်းဖြစ်သောကြောင့် ဤခုနစ်ပါးတို့သည် ဥပါယ်မည်ကုန်၏။

## ၁၂။ သာမဥပါယ်

ထိုခုနစ်ပါးတို့တွင် သာမဥပါယ်၌ ငါးပါးပြား၏။ ငါးပါးဟူသော်ကား -

ပရံပရောပကာရာနံ၊
ကိတ္တိနံ ဂုဏကမ္မေသု။
သမ္ဗန္ဓသ သမက္ခာနံ၊
အာယတိံ သမ္ပကာသနံ။ ။
ပေသလာယ သာခုဝါစာ၊
အဟံတဝပက္ခော ဣတိ အပ္ပနံစ။
ဣတိ သာမယောဂညူဟိ၊
သာမံ ပဉ္စဝိဓံ မတံ။ ။ ဟူ၍ နီတိကျမ်းတွင် ဆို၏။ အဘိဓာန်ဋီကာတွင်လည်း ဆို၏။ ပါဠိအနေအထား စဉ်းငယ်သာ လွဲသည်။

ပရံပရောပကာရာနံ၊ စေ့စပ်လိုသောသူ နှစ်ဦးတို့ အချင်းချင်း၏ တစ်ဦးကို တစ်ဦး ပေးကမ်း မစဖူးသော ကျေးဇူးတို့ကိုလည်းကောင်း။ ဂုဏကမ္မေသု၊ စေ့စပ် လိုသောသူ၏ ဂုဏ်ကျေးဇူး လုပ်ဆောင်သော အမှုတို့၌လည်းကောင်း။ သုန္ဒရံ၊ ကောင်းခြင်းကို။ ကိတ္တိနံ၊ ပြောဆိုခြင်းလည်းကောင်း။ သဗ္ဗန္ဓသ၊ ညီညွတ် စေ့စပ်ရခြင်း၏။ သမက္ခာနံ၊ ဂုဏ်ကျေးဇူးကို ကောင်းစွာ ပြောကြားခြင်းလည်းကောင်း။ အာယတိံ၊ အစေ့အစပ် ညီညွတ်ပြီး နောင်အခါ၌။ သမ္ပကာသနံ၊ မည်ရွေ့မည်မျှ အကျိုးရှိမည်ဟု ချီးမွမ်းခြင်းကို ပြခြင်းလည်းကောင်း။ ပေသလာယ၊ ကြားက စေ့စပ် စေခိုင်းသောသူ၏။ သာခုဝါစာ၊ စကားကောင်းလည်းကောင်း။ အဟံ၊ ငါသည်။ တဝ၊ သင်၏။ ပက္ခော၊ အသင်းအပင်းတည်း။ ဣတိ၊ ဤသို့။ အပ္ပနံစ၊ ကိုယ်ကိုအပ်နှင်းခြင်းလည်းကောင်း။ ဣတိ၊ ဤသို့။ သာမယော ဂညူဟိ၊ သာမ ဥပါယ်၌ လှံ့လထုတ်နည်းကို သိကုန်သော ပညာရှိတို့သည်။ သာမံ၊ သာမဥပါယ် ကို။ ပဉ္စဝိဓံ၊ ငါးပါးအပြားရှိ၏ဟူ၏။ မတံ၊ သမုတ်အပ်၏။

ဤသာမ ဥပါယ်တို့တွင် စေ့စပ်လိုသော သူတို့နှစ်ဦး၏ တစ်ဦးကို တစ်ဦး ပေးကမ်း မစဖူးသော ကျေးဇူးကို ဖော်ထုတ်ပြောဆိုခြင်း၊ စေ့စပ်လိုသော သူ၌

http://www.cherrythitsar.org


ရှိသော ကောင်းသောဂုဏ်ကို ချီးမွမ်းခြင်း၊ (စေ့စပ်လိုသောသူသည် လုပ်ဆောင်အပ်သော အမှုကိစ္စတို့ကို ချီးမွမ်းခြင်း)[၁] များကို သာမဥပါယ်တစ်ပါးဟု ယူလေ။

အင်အားတူလျက်၊ အညီအညွတ် အစည်းအကြပ် ပျက်သောကြောင့်လည်းကောင်း၊ ရန်သူတို့ ရှုံးရာ၌လည်းကောင်း၊ တစ်ပါးသော မင်းနှင့် အစေ့အစပ်ညီညွတ်ရလျှင် များစွာသော အကျိုးရှိမည်ကို သိမြင်သဖြင့် လည်းကောင်း၊ ဤအစေ့အစပ်ပြုခြင်း သာမဥပါယ်ကို ပြုအပ်သည်။ ပြုရာ၌လည်း ဆိုခဲ့ပြီးသော ဤငါးပါးသော အခြင်းအရာတို့ဖြင့် ပြုအပ်သည်။

## ၁၃။ ဒါနဥပါယ်

ဒါနဥပါယ်သည်လည်း ငါးပါးအပြားရှိ၏။ ငါးပါးဟူသော်ကား -

ယောသမ္ပတ္တ ဓနောသဂ္ဂေါ၊
ဥတ္တမာဓမ္မ မဇ္ဈိမော။
ပဋိဒါနံ တထာတဿ၊
ဂဟိတဿာနုမောဒနံ။ ။
ဒဗ္ဗဒါနမပုဗ္ဗဉ္စ၊
သယံ ဂါဟပ္ပဝတ္တနံ။
ဒေယျဿ ပဋိမောက္ခောစ၊
ဒါနံ ပဉ္စဝိဓံမတံ။ ။ ဟူ၍ ကာမန္ဒကီ နီတိကျမ်း၊ အဘိဓာန် ဋီကာတို့၌ ဆို၏။

ဥတ္တမာ ဓမ္မမဇ္ဈိမော၊ အယုတ်အလတ်ဖြစ်သော။ ယော သမ္ပတ္တ ဓနောသဂ္ဂေါ၊ အကြင်ရောက်ပြီး ရပြီးသော မြို့ရွာ၊ ဥစ္စာကို စွန့်လွှတ်ပေးကမ်းခြင်းလည်းကောင်း။ တထာ၊ ထိုမှတစ်ပါး။ ပဋိဒါနံ၊ ပေးတုံ့ပြန်၍ ပေးခြင်းလည်းကောင်း။ ဂဟိတဿ၊ မိမိဥစ္စာပစ္စည်း တစ်စုံတစ်ခုကိုယူသော။ တဿ၊ ထိုပေးကမ်းလိုသောသူအား။ အနုမောဒနံ၊ သင် ယူသည်ကို ငါ ဝမ်းမြောက်ပါ၏ဟု ချီးမွမ်းခြင်းလည်းကောင်း။ အပုဗ္ဗံ၊ မဖြစ်ဘူး မပေါ်ဘူးသော အထူးအဆန်းအသစ်ဖြစ်သော။ ဒဗ္ဗဒါနဉ္စ၊ အသုံးအဆောင် အထည်အလိပ် တစ်ခုခုကိုပေးခြင်းလည်းကောင်း။ သယံ၊ ပေးလိုသောသူ၏ ကိုယ်တိုင်။ ဂါဟပ္ပ ဝတ္တနံစ၊ ယူသည်ကိုဖြစ်စေခြင်းလည်းကောင်း။ ဒေယျဿ၊ သူက ပေးထိုက်သော ကြွေးမြီ

---

၁။ သူရိယမှု၌ ဤစာပိုဒ် မပါ။

ကို။ ပဋိမောက္ခာစ၊ လွှတ်ခြင်းလည်းကောင်း။ က္ကတိ၊ ဤသို့။ ဒါနံ၊ ဒါနဥပါယ်ကို။ ပဥ္စဝိဓံ၊ ငါးပါးအပြားရှိ၏ဟူ၍။ မတံ၊ သိအပ်၏။

အင်အားတူလျက်၊ လိုချင်မက်မောတတ်သော ရန်သူကိုလည်းကောင်း။ ကိုယ်ထက် အင်အားကြီးသော ရန်သူကိုလည်းကောင်း။ ဤဒါနဥပါယ်ဖြင့် ပြုအပ်၏။ ဤငါးပါးတို့တွင်၊ အထူးအဆန်း တစ်စုံတစ်ခုသော ဝတ္ထုကို တိုက်ရိုက်ပေးခြင်း၊ အထူးအဆန်း အသစ်ဖြစ်သော ဝတ္ထုကို ပေးလိုသောသူရှေ့၌ လိုချင်အောင် ပြသပြောဆိုပေးလျှင်၊ ကိုယ်တိုင်ယူစေခြင်း၊ ဤနှစ်ပါးကို တစ်ပါးတည်းယူရမည်။

## ၁၄။ ဒဏ္ဍဥပါယ်

ဒဏ္ဍဥပါယ် သုံးပါးရှိသည်ကိုလည်း ကျမ်းတို့၌ -

> ဝဓောတ္ထဂဟဏံစေဝ၊
> ပရိက္လေသော တထေဝစ။
> က္ကတိ ဒဏ္ဍဝိဒ္ဒျေဟိ၊
> ဒဏ္ဍောပိ တိဝိဓော မတော။ ။ ဟူ၍ ဆို၏။

ဝဓော၊ အထင်အရှား တိုက်ခိုက်သတ်ဖြတ်ခြင်း၊ မထင်မရှား တိုက်ခိုက်သတ်ဖြတ်ခြင်းလည်းကောင်း။ အတ္ထဂဟဏံဝေစ၊ နှိပ်စက်လိုသော၊ ဒဏ်ပေးလိုသောသူ၏ အကျိုးစီးပွား ဥစ္စာပစ္စည်းကို သိမ်းယူခြင်းလည်းကောင်း။ တထေဝစ၊ ထိုမှတစ်ပါးသာလျှင်။ ပရိက္လေသော၊ နှောင်ဖွဲ့ခြင်း၊ ရိုက်နှက်ခြင်း၊ အစရှိသည်တို့ဖြင့် ပင်ပန်းစေခြင်းလည်းကောင်း။ က္ကတိ၊ ဤသို့။ ဒဏ္ဍဝိဒ္ဒျေဟိ၊ ဒဏ္ဍဥပါယ် အစီရင်ကို သိသောသူတို့သည်။ ဒဏ္ဍောပိ၊ ဒဏ္ဍဥပါယ်ကိုလည်း။ တိဝိဓော၊ သုံးပါး အပြားရှိ၏ဟူ၍။ မတော၊ သမုတ်အပ်၏။

ဤသုံးပါးတို့တွင် သတ်ခြင်း ဝဓ မည်သော ဒဏ္ဍဥပါယ်သည်ကား . . . အထင်အရှားသတ်ခြင်း ပကာသဝဓ၊ လျှို့ဝှက်၍သတ်ခြင်း အပကာသဝဓ ဟူ၍ နှစ်ပါးအပြားရှိ၏။ ဤဒဏ္ဍဥပါယ်ဟူသည်ကား. . . နိုင်နင်းလောက်သော ရန်သူစော်ကားရိုင်းပြရာမှာ ကြောက်ရွံ့အောင် နှိမ်နင်းဖျက်ဆီး ဒဏ်ပေးခြင်းပင်တည်း။

ဤဒဏ္ဍဥပါယ်အရာ၌ ပေးထိုက်၊ ပေးသင့်သော အပြစ်အားလျော်စွာသာ ပေးရမည်။ သတ်သင့်သူကို သတ်၊ ဥစ္စာပစ္စည်း သိမ်းသင့်သူကို သိမ်း၊ နှောင်ဖွဲ့ခြင်း၊ ရိုက်နှက်ခြင်း၊ ထောင်တန်း၊ အကျဉ်းထားခြင်း ပြုသင့်သူကိုပြု၊ ဤသို့ အပြစ်အားလျော်စွာ ပြုရာသည်။ အပြစ်မရှိသူကိုလည်း အခြားသူတို့

http://www.cherrythitsar.org



ပြောသောစကားကို ယုံကြည်၍လည်းကောင်း၊ အခြားသူတို့ပေးသော လက်ဆောင် ပဏ္ဏာကိုယူ၍လည်းကောင်း၊ မိမိအလျောက် အမျက်ဒေါသထွက်၍လည်းကောင်း၊ ဒဏ်မပေးထိုက်သောသူကို ဒဏ်မပေးသင့်။ အဘယ့်ကြောင့်နည်းဟူမူ၊ ဒဏ် မပေးထိုက်သောသူကို ဒဏ်ပေးလျှင်၊ ဒဏ်ပေးသောသူကို ဒဏ်ဆယ်ပါး ပြန်၍ ရောက်တတ်သောကြောင့်တည်း။ ။

တိတ္ထိတို့ပေးသော အသပြာတစ်ထောင်ယူ၍၊ ရှင်မောဂ္ဂလာန်ကို သတ်သော ခိုးသားငါးရာကို ကောသလမင်းကြီး ဖမ်း၍ သတ်ကြောင်းကို၊ မြတ်စွာဘုရား ကြားတော်မူ၍၊ ချစ်သားမောဂ္ဂလာန်ကို ခိုးသားငါးရာတို့ ဒဏ်ပေးသောကြောင့်၊ ဤ ခိုးသားငါးရာတို့၌ ဒဏ် ဆယ်ပါးရောက်သည်ဟု ဓမ္မပဒ ပါဠိတော်တွင် -

၁။ ယောဒဏ္ဍေန အဒဏ္ဍေသု၊
အပ္ပဒုဋ္ဌေသု ဒုဿတိ။
ဒသန္နမညတရံ ဌာနံ၊
ခိပ္ပမေဝ နိဂစ္ဆတိ။ ။

၂။ ဝေဒနံ ဖရုသံဇာနိံ၊
သရီရဿစ သေဒနံ။
ဂရုကံဝါပိ အာဗာဓံ၊
စိတ္တက္ခေပဉ္စ ပါပုဏေ။ ။

၃။ ရာဇတောဝါ ဥပသဂ္ဂံ၊
အဗ္ဘက္ခာနဉ္စ ဒါရုဏံ၊
ပရိက္ခယဉ္စ ဉာတီနံ၊
ဘောဂါနဉ္စ မတင်္ဂုရာ။ ။

၄။ အထဝါဿ အဂါရာနိ၊
အဂ္ဂိဒယှတိ ပါဝကော။
ကာယဿ ဘေဒါ ဒုပ္ပညော၊
နိရယံ သောပပဇ္ဇတိ။ ။ ဟူ၍ ဟောတော်မူ၏။

၁။ ယော၊ အကြင်သူသည်။ (ဒဏ္ဍော၊ ဒဏ်ပြုအပ်သောအရာ၌)[၁] အပ္ပဒုဋ္ဌေသု၊ မပြစ်မှားအပ်ကုန်သော။ အဒဏ္ဍေသု၊ ဒဏ်မပေးအပ်ကုန်သော သူတို့၌၊ ဒုဿတိ၊ ဒဏ်ဖြင့်ပြစ်မှား၏။ သော၊ ထိုသူသည်။ ဒသန္နံ၊ ဆိုလတ္တံ့သော ဆယ်ပါးသော ဒဏ်တို့တွင်။ အညတရံဌာနံ၊ တစ်စုံတစ်ခုသော ဒဏ်အရာသို့။ ခိပ္ပမေဝ၊ လျင်စွာသာလျှင်၊ နိဂစ္ဆတိ၊ ရောက်၏။

---

၁။ ပုရပိုက်မူ၌ မတွေ့ရ။ သူရိယမူအတိုင်း ထားသည်။

၂။ ဖရုသံ၊ ကြမ်းတမ်းစွာသော။ ဝေဒနံ၊ ရောဂါဝေဒနာသည်မှုလည်း။ ဇာနိံ၊ ဖြစ်တတ်၏။ သရီရဿစ၊ ကိုယ်၏လည်း။ ဘေဒနံ၊ ကျိုးပဲ့ပျက်စီးခြင်းသည်။ ဇာနိံ၊ ဖြစ်တတ်၏။ ဂရုကံ၊ လေးစွာ မကျွတ်မလွတ်နိုင်သော။ အာဗာဓံ ဝါပိ၊ အနာဆိုးမှုလည်း။ ပါပုဏေ၊ ရောက်၏။ စိတ္တက္ခေပဥ္စ၊ စိတ်ပျံ့လွင့် ရူးသွပ်ခြင်းသို့မူလည်း။ ပါပုဏေ၊ ရောက်၏။

၃။ ရာဇတော၊ မင်းမှ။ ဥပသဂ္ဂံဝါ၊ ဘေးဥပဒ်သို့မူလည်း။ ပါပုဏေ၊ ရောက်၏။ ဒါရုဏံ၊ ကြမ်းတမ်းစွာသော။ အဗ္ဘက္ခာနဥ္စ၊ မဟုတ်မမှန် စွပ်စွဲခြင်းသည်လည်း။ ဟောတိ၊ ဖြစ်တတ်၏။ ဉာတီနံ၊ ဆွေမျိုးတို့၏။ ပရိက္ခယဥ္စ၊ ကုန်ခြင်းသို့မူလည်း။ ပါပုဏေ၊ ရောက်၏။ ဘောဂါနဥ္စ၊ စည်းစိမ်ဥစ္စာတို့မူလည်း။ ပဘင်္ဂုနံ၊ ပျက်စီးခြင်းသို့။ ပါပုဏေ၊ ရောက်၏။

၄။ အထဝါ၊ ထိုမှတစ်ပါး။ အဿ၊ ထိုဒဏ်မထိုက်သောသူကို ဒဏ်ပေးသောသူ၏။ အဂါရာနိ၊ အိမ်တို့ကို။ ပါဝကော၊ တလင်းဖြစ်အောင် သုတ်သင်တတ်သောကြောင့် ပါဝကမည်သော။ အဂ္ဂိ၊ မီးသည်။ ဒယှတိ၊ လောင်တတ်၏။ ဒုပ္ပညော၊ ဒဏ်ထိုက်သည် မထိုက်သည်ကို မဆင်ခြင်သော ပညာမရှိသော။ သော၊ ထိုဒဏ်မထိုက်သော သူကို ဒဏ်ပေးသောသူသည်။ ကာယဿ၊ ကိုယ်၏။ ဘေဒါ၊ ပျက်စီး စုတေပြီးနောက်မှ။ နိရိယံ၊ ငရဲသို့။ ဥပပဇ္ဇတိ၊ ရောက်ရ၏။

ထို့ကြောင့် ဒဏ်ပေးသောအရာကို အလွန်စဉ်းစားဆင်ခြင်အပ်သည်။ အခြားသူထက်၊ အစိုးရမင်းမှုးမတ်တို့သည် များစွာသော သူတို့ကို ဒဏ်ပေးနိုင်သောကြောင့် သာလွန်၍ ဆင်ခြင်စဉ်းစားအပ်သည်။

(၁) ဆုပေးခြင်း၊ (၂) ဒဏ်ပေးခြင်း၊ (၃) ကဲ့ရဲ့ခြင်း၊ (၄) ချီးမွမ်းခြင်း၊ (၅) နှိမ့်ချခြင်း၊ (၆) ချီးမြှောက်ခြင်း၊ ဤခြောက်ပါးသော အရာတို့၌ အစိုးရ၊ မင်း၊ မှုးမတ်တို့သည် အလွန်စဉ်းစား ဆင်ခြင်အပ်သည်။

ဒဏ် မထိုက်သောသူကို ဒဏ်ပေးလျှင် ဆိုခဲ့သော ဒဏ်ဆယ်ပါး ရောက်သည်သာမက၊ ကြားမြင်သမျှ သူတို့ကလည်း ထိုဒဏ်ပေးသူကို အလွန်မုန်းထားခြင်း ဖြစ်သည်။ ။ ဆုမပေးသင့်သူကို ဆုပေးလျှင်လည်း၊ အရည်တူ လူတို့စိတ်ပျက်တတ်သည်။ ဤနည်းတူ ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်း၊ နှိမ့်ချခြင်း၊ ချီးမြှောက်ခြင်းတို့ကိုလည်း နှလုံးသွင်းအပ်သည်။

ထို့ကြောင့်။ ။ အနိသမ္မ ကာရီရာဇာနသာဓု။ ။ အနိသမ္မကာရီ၊ ဒဏ်ပေးခြင်း အစရှိသော ခြောက်ပါးတို့ကို မဆင်မခြင် မကြည့်မရှု ပြုလေ့ရှိသော။ ရာဇာ၊ မင်းသည်။ နသာဓု၊ မကောင်း။ ဟူ၍ ဟောတော်မူသည်။

http://www.cherrythitsar.org



## ၁၅။ ဘေဒဥပါယ်

ဘေဒဥပါယ် သုံးပါးရှိကြောင်းကို ကာမန္ဒကီ နီတိကျမ်း အဘိဓာန်ဋီကာ ကျမ်းတို့၌-

သ္နေဟရာဂါပနယနံ
သံဟသောပ္ပါဒနံတထာ။
သန္တဇ္ဇနဉ္စ ဘေဒေါယံ၊
တညျုဟိ တိဝိဓော မတော။ ။ ဟူ၍ ဆို၏။

သ္နေ ဟရာဂါပနယနံ၊ ကုန်းချောသော စကားကို ပြော၍၊ ညီညွတ်သော သူတို့အချင်းချင်း ချစ်ခင်စုံမက်ခြင်းကို ပယ်ရှားခြင်းလည်းကောင်း။ တထာ၊ ထိုမှတစ်ပါး။ သံဟသောပ္ပါဒနံ၊ အချင်းချင်း ညီညွတ်သောသူတို့တွင် အချို့သော သူတို့ကို၊ အချင်းချင်း ချစ်ခင်စုံမက်သည်ထက် ကိုယ်ကို ချစ်ခင်စုံမက် ရွှင်လန်းအောင် ဖြစ်စေခြင်းလည်းကောင်း။ သန္တဇ္ဇနဉ္စ၊ သူ အကျိုးရှိခိုက်ဖြစ်၍ သာ။ ယခု အသင့်အတင့်ပြုသည်၊ နောင်ခါ သူ့အလိုပြည့်လျှင် သင့်ကို ဖျက်ဆီး လိမ့်မည်ဟု ခြောက်လှန့်ခြင်းလည်းကောင်း။ ဣတိ၊ ဤသို့။ အယံဘေဒေါ၊ ဤ ဘေဒဥပါယ်ကို။ တညျုဟိ၊ ထိုဥပါယ်ကို သိသောသူတို့သည်။ တိဝိဓော၊ သုံးပါးအပြားရှိ၏ဟု။ မတော၊ သိမှတ်အပ်၏။

ဘေဒဥပါယ် ဟူသည်ကား မုချဆတ်ဆတ်၊ ပိသုဏဝါစာပင်တည်း။ သို့ဖြစ်၍ သာသနာတော် ကျမ်းဂန်တို့၌လာသော ပိသုဏဝါစာ၏ အင်္ဂါလေးပါး ကိုလည်း မှတ်အပ်၏။

ပိသုဏဝါစာအင်္ဂါလေးပါး ဟူသည်ကား။ ။ တတ္ထသံကီလိဋ္ဌ စိတ္တဿ ပရေသံဝါ ဘေဒါယ အတ္တနော ပိယကမျတာ ယဝါ ကာယဝစီ ပယောဂ သမုဋ္ဌာ ပိကာ စေတနာ ပိသုဏဝါစာ။ သာယဿ ဘေဒံ ကရောတိ။ တဿ အပ္ပဂုဏ တာယ အပ္ပသာဝဇ္ဇာ။ မဟာဂုဏတာယ မဟာသာဝဇ္ဇာ။ ။ တဿ စတ္တာရော သမ္ဘာရာ။ ဘိန္ဒိတဗ္ဗောပရော ဣတိ ဣမေနာ နာဘဝိဿန္တိတိ ဘေဒပူရက္ခရ တာဝါ။ ဣတိအဟံဝိယောဘဝိဿာမိ ဝိသာ သိကောတိ ပိ ယကမျတာဝါ။ တဇ္ဇောဝါယမော။ တဿ တဒတ္ထ ဝိဇာနနန္တိ။ ပရေပန အဘိန္နေကမ္မ ပထဘေ ဒေါနတ္ထိ။ ဘိန္နေဧဝဟောတိ။ ။ ဟူသော အဋ္ဌသာလိနီ အစရှိသော အဋ္ဌကထာ တို့၌ ဆို၏။

တတ္ထ၊ ထိုဝစီကံ လေးပါးတို့တွင်။ သံကိလိဋ္ဌ စိတ္တဿ၊ ညစ်နွမ်းသော စိတ်ရှိသောသူ၏။ ပရေသံ၊ သူတစ်ပါးတို့ကို။ ဘေဒါယဝါ၊ အသင်းအပင်း

http://www.cherrythitsar.org



ကွဲပြားခြင်းငှာလည်းကောင်း။ အတ္တနောပိယကမျတာယဝါ၊ မိမိကိုချစ်စေလိုသောကြောင့် လည်းကောင်း။ ကာယဝစီ ပယောဂ သမုဋ္ဌာပိကာ၊ ကာယဒွါရ၊ ဝစီဒွါရတို့၌ ဖြစ်သော လုံ့လဝီရိယသည် ဖြစ်စေအပ်သော စေတနာ၊ စေတနာစေတသိက်သည်။ ပိသုဏဝါစာ၊ ပိသုဏဝါစာမည်၏။ ။ (ဤအရာ၌၊ ဝါစာသဒ္ဒါစကားကို မဟော။ စေတနာ စေတသိက်ကို ဟောသည်မှတ်)။ ။ သာ၊ ထိုပိသုဏဝါစာသည်။ ယဿ၊ အကြင် တစ်စုံတစ်ခုသော အသင်းအပင်း၏။ ဘေဒံ၊ ကွဲပြားခြင်းကို။ ကရောတိ၊ ပြု၍။ တဿ၊ ထိုအသင်းအပင်း၏။ အပ္ပဂုဏတာယ၊ ဂုဏ်နည်းသောကြောင့်။ အပ္ပသာဝဇ္ဇာ၊ အပြစ်နည်းကုန်၏။ မဟာဂုဏတာယ၊ ဂုဏ်ကြီးသောကြောင့်။ မဟာသာဝဇ္ဇာ၊ အပြစ်ကြီးကုန်၏။

ရဟန်းသံဃာတို့သည်၊ ဟောကြားတော်မူအပ်သော ဝိနည်းတော်အားဖြင့်၊ အပေါင်းအစုပြု၍ အမှုမျိုးကို ရွက်ဆောင်ရသည်။ ထို့ကြောင့် ထိုအပေါင်းအစုကို သံဃာခေါ်သည်။ လောက၌ အပေါင်းအစုတို့တွင်၊ ဤသံဃာတော်ဟူသော အပေါင်းအစုသည် ဂုဏ်အကြီးဆုံးဖြစ်၍၊ ထိုသံဃာတို့၏ ညီညွတ်ခြင်းကို ကွဲပြားအောင် ခွဲလျှင် သံဃာ ဘေဒကံဖြစ်၍၊ သေသည် နောက်ဘဝမခြား၊ ဧကန်အပါယ်သို့ ရောက်တတ်သော အနန္တရိယကံဖြစ်၍၊ အပြစ်အကြီးဆုံးဖြစ်၏။

တဿ၊ ထိုပိသုဏဝါစာ၏။ သမ္ဘာရာ၊ အင်္ဂါတို့သည်ကား။ ဘိန္ဒိတဗ္ဗော၊ ခွဲအပ်သော။ ပရော၊ တစ်ပါးသောအပေါင်းအစု။ ဣတိ၊ ဤဘေဒဉပါယ် သုံးမျိုးတို့တွင်၊ တစ်မျိုးမျိုးဖြင့် ပြုသည်ရှိသော်။ ဣမေ၊ ဤအပေါင်းအစုပြုသော သူတို့သည်။ နာနာဘဝိဿန္တိ၊ အသီးသီး ဖြစ်ကြကုန်လတ္တံ့။ ဣတိ၊ ဤသို့။ ဘေဒပုရက္ခ ရတာဝါ၊ ကွဲပြားသည်ကို ရှေ့ထားခြင်းလည်းကောင်း။ ဣတိ၊ ဤဘေဒဉပါယ်သုံးမျိုးတို့တွင် တစ်မျိုးမျိုးဖြင့် ပြုသည်ရှိသော်။ အဟံ၊ ငါကို။ ပိယော၊ ချစ်သည်။ ဘဝိဿတိ[၁]၊ ဖြစ်လတ္တံ့။ ဝိဿာသိကော၊ အကျွမ်းဝင်သည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဣတိ၊ ဤသို့။ ပိယကမျတာဝါ၊ ချစ်စေလိုခြင်းလည်းကောင်း။ တဇ္ဇော ဝါယမော၊ ထိုဘေဒဉပါယ်နှင့် လျော်သောလုံ့လဝီရိယလည်းကောင်း။ တဿ၊ ထိုခွဲအပ်သောအသင်း၏။ တဒတ္ထဝိစာနနံ၊ ကွဲအောင်ပြုသော အနက်အဓိပ္ပာယ်ကို သိခြင်းလည်းကောင်း။ ဣတိ၊ ဤသို့။ စတ္တာရော၊ လေးပါးတို့သည်။ ပန၊ စင်စစ်သော်ကား။ ပရေ၊ တစ်ပါးသော ခွဲအပ်သောသူတို့သည်။ အဘိန္နေ၊ မကွဲပြားကြသည်ရှိသော်။ ကမ္မပထဘေဒါ၊ ဝစီကံပျက်စီးခြင်းသည်။ နတ္ထိ၊ မရှိ။ ဘိန္နေဧဝ၊ ကွဲပြားသော်သာလျှင်။ ကမ္မပထဘေဒါ၊

---

၁။ ပုရပိုက်မူ၌ ဘဝိဿာမိဟု တွေ့ရသည်။

http://www.cherrythitsar.org



ဝစီကံ ပျက်စီးခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ။ (ဤဘေဒဥပါယ်ဟူသည် အင်အား တူလျက် အသင်းအပင်း ညီညွတ်လှသောကြောင့်၊ မအောင်နိုင်သော ရန်သူကို ပြုလုပ်ရန် ဥပါယ်တည်း)။

ကွဲပြားအောင် ပြုလုပ်ရာ၌ ဆိုခဲ့ပြီးသည့်အတိုင်း ပြုလုပ်ရန် နှစ်မျိုးရှိ၏။ ။ နှစ်မျိုးဟူသော်ကား၊ အသင်းအပင်း ညီညွတ်သောကြောင့်၊ အားရှိ၍ မအောင် နိုင်ရာ၌၊ အချင်းချင်းစိတ်ပျက်ကြ၍ ကွဲပြားအောင်လုပ်ရန်တစ်မျိုး၊ အသင်းအပင်း တွင် ဩဇာကြီးသူတစ်ယောက် နှစ်ယောက်ရှိသည်ကို ကိုယ့်ဘက်သို့ပါအောင်၊ ကိုယ့်ကိုချစ်အောင် ပြုလုပ်ရန်တစ်မျိုးဟူ၍ နှစ်မျိုးရှိ၏။

ကွဲအောင်ပြုလုပ်ပုံမူကား။ ။ ဆိုခဲ့ပြီးသည့်အတိုင်း သုံးနည်းပင်တည်း။ ဤသုံးနည်းတို့တွင် တစ်နည်းနည်းနှင့် ကွဲအောင်ပြုလုပ်ရလိမ့်မည်။

## ၁၆။ မာယာဥပါယ်

မာယာမည်သော ဥပါယ်ကား အများအပြားရှိ၏။ ထို့ကြောင့် ကာမန္ဒကီနီတိ ကျမ်း၌ -

ဒေဝတာ ပတိမာထမ္ဘ၊
သုသိရန္တဂနရေဟိ။
ပုမာထိဝတ္ထသံဝိကော၊
နိသိ အဗ္ဘုတဒဿနံ။ ။
ဝေတာလော ဂွ ဝိသာစာနံ၊
ဒေဝါနဥ္စ သုရူပတာ။
ဣစ္စာဓိမာယာ ဝိညေယျာ၊
မာနူသီ နရေဟိ စရံ။ ။
ကာမတော ရူပဓာရိတ္တံ၊
သတ္ထာသတ္ထသ္မမ္ဗု ဝဿနံ။
တမောနိ လိနတာစေဝ၊
ဣတိ မာယာစ မာနူသီ။ ။ ဟူ၍ ဆို၏။

ဒေဝတာပတိမာထမ္ဘ သုသိရန္တဂနရေဟိ၊ နတ်ရုပ်တိုင်ခေါင်းတို့၌ ဝင်သော လူတို့ဖြင့်။ စရံ၊ သွားလာပြုကျင့်ခြင်းလည်းကောင်း။ ထိဝတ္ထသံဝိတော၊ မိန်းမ အဝတ် ဝတ်သော။ ပုမာ၊ ယောကျ်ားလည်းကောင်း။ နိသိ၊ ညဥ့်အခါ၌။ အဗ္ဘု

http://www.cherrythitsar.org



တဒသသနံ၊ မဖြစ်ဘူးမြဲ အံ့ဖွယ်သရဲကို ပြခြင်းလည်းကောင်း။ ကွ၊ အချို့သော အရပ်၌။ ဝေတာလော၊ လူသေကို ဖုတ်သွင်းခြင်းလည်းကောင်း။ ဝိသာစာနံ၊ မြေဖုတ်ဘီလူးတို့၏လည်းကောင်း။ ဒေဝါနဥ္စ၊ နတ်တို့၏လည်းကောင်း။ သုရူပတာ၊ အဆင်းသဏ္ဌာန်လည်းကောင်း။ ဣစ္စာဒိမာယာ၊ ဤသို့ အစရှိသော မာယာကို။ မာနုသီ၊ လူ၌ဖြစ်သော မာယာဟူ၍။ ဝိညေယျာ၊ သိအပ်၏။ နရေဟိ၊ လူတို့သည်။ စရံ၊ ပြုကျင့်နိုင်၏။

ကာမတော၊ အလိုရှိတိုင်းသော။ ရူပဓာရိတ္တံ၊ ပုံသဏ္ဌာန်ကိုဆောင်ခြင်းလည်းကောင်း။ သတ္တာသတ္တသမ္ဘူဝသနံ၊ မလွှတ်အပ်သော လက်နက်မိုး၊ လွှတ်အပ်သော လက်နက်မိုး၊ ကျောက်ခဲမိုး ရွာခြင်းလည်းကောင်း။ တမောနိလိနတာစေဝ၊ အမိုက်၌ ပုန်းအောင်းခြင်းလည်းကောင်း။ ဣတိ မာယာစ၊ ဤသို့ အစရှိသော မာယာကိုလည်းကောင်း။ မာနုသီ၊ လူ၌ဖြစ်သောမာယာဟူ၍။ ဝိညေယျာ၊ သိအပ်၏။

အဓိပ္ပာယ်ကား။ ။ မာယာမည်သော ဥပါယ်သည် လူတို့ပြုလုပ်နိုင်သော ဥပါယ်၊ နတ်တို့သာ ပြုလုပ်နိုင်သော ဥပါယ်ဟူ၍ နှစ်မျိုးရှိ၏။ ။ ထိုနှစ်မျိုးတို့တွင်၊ လူတို့ ပြုလုပ်နိုင်သော ဥပါယ်သည်လည်း ပကတိလူတို့ပြုနိုင်သော မာယာ၊ အင်း၊ အိုင်၊ မန္တန်၊ မန္တရား၊ ဆေးဝါးတို့ဖြင့် ပြုလုပ်နိုင်သော မာယာဟူ၍ နှစ်မျိုးရှိ၏။ ။ ဤနှစ်မျိုးတို့တွင် နတ်ရုပ်အခေါင်း၊ ဘုရားဆင်းတုအခေါင်း၊ တိုင်ခေါင်း၊ သစ်ပင်ခေါင်းတို့၌ဝင်၍ အပါးအနားသို့ လာရောက်သူများကိုလည်းကောင်း၊ တင်ကြား ပသလာသောသူတို့ကိုလည်းကောင်း၊ အလိုရှိရာ ပြောဆိုစေခြင်း၊ မိန်းမနှင့်တူသော ယောကျ်ားကို မိန်းမလို ဝတ်စေ၍၊ ယောကျ်ားတို့ မဝင်နိုင် မိန်းမတို့သာ ဝင်နိုင်သော အရပ်များကို စေလွှတ်ထောက်လှမ်းခြင်း၊ ညဉ့်အချိန်မဲ့ကို တစ်ဘက်ရန်သူ ထိတ်လန့်အောင် [မဖြစ်ဘူးမြဲ အံ့ဖွယ်သရဲ တိတ်နိမိတ်တို့ကို ဖြစ်စေခြင်း၊ ညဉ့်အခါ၌ မြေဖုတ်ဘီလူး ရုပ်ပုံသဏ္ဌာန်တို့ကို ပြုလုပ်၍၊ ရန်သူတို့၏ မြို့တွင်း တပ်တွင်း၌ ထိတ်လန့်အောင် ပြခြင်း၊][၁] ဤသို့ အစရှိသော မာယာတို့ကား၊ ပကတိလူတို့ ပြုလုပ်နိုင်သော မာယာတို့တည်း။

အလိုရှိတိုင်း နာနာဘာဝ၊ အင်း၊ အိုင်၊ မန္တရား၊ ဆေးဝါး ပယောဂတို့ဖြင့် ကျေးယောင်ဆောင်ခြင်း၊ ကျားယောင်ဆောင်ခြင်း အစရှိသော ရုပ်ပုံလဲပြောင်း၍ အလိုရှိရာအရပ်ကို ဝင်ရောက်၊ အလိုရှိရာအမှုကို ပြုလုပ်ခြင်း၊ ရန်သူတို့၏ မြို့ရွာ၌ လက်နက်မိုး၊ ကျောက်ခဲမိုး အစရှိသည်တို့ကို ရွာစေခြင်း၊ ဤသို့ အစရှိသော မာယာတို့ကား ပကတိလူတို့ မပြုလုပ်နိုင်၊ အင်း၊ အိုင်၊ မန္တရား၊ ဆေးဝါးတတ်သူ

---

၁။ သူရိယမှု၌ ဤစာပိုဒ် စာကျနေသည်။

http://www.cherrythitsar.org


တို့သာ ပြုလုပ်နိုင်သော မာယာတို့တည်း။ ဥတေနမင်းကို စစ်တိုက်၍ အောင်နိုင် မည် မထင်သောကြောင့်၊ စန္ဒပဇ္ဇောတမင်းက ဥတေနမင်း အလိုရှိသည်ကို လိုက်၍၊ စက်ယန္တရားဖြင့် ဆင်ဖြူရုပ်လုပ်ပြီးလျှင်၊ ဆင်ဝမ်းတွင်း၌ စက်ကို လူလှည့်၍ သွားလာ ကျက်စားပုံနှင့် ပြသည်ကို ဥတေနမင်း ကြားလျှင်၊ မင်းကိုယ်တိုင် ဆင်ဖြူကို ဖမ်းမည်လိုက်ရာ၊ တဖြည်းဖြည်း သွေးဆောင်ယူသွား၍၊ စန္ဒပဇ္ဇောတမင်းလက်သို့ ဥတေနမင်း ရောက်သည်ကား မာယာမည်သော ဥပါယ် ဖြင့် ပြုလုပ်၍၊ ရန်ကို အောင်ခြင်းပင်တည်း။

သီဝိမင်းကြီး ဥမ္မာဒန္တီကို မြင်၍ စိတ်ဖောက်ပြန်ရာ မင်းကြီး စိတ်ဖောက်ပြန် သည်ကို မည်ကဲ့သို့ ပြုလုပ်ရမည်၊ နတ်စောင့်သည့် သစ်ပင်မှာ နတ်ကို သွား၍ မေးရလျှင်၊ ယခု မင်းကြီး စိတ်ဖောက်ပြန်ခြင်း ပျောက်အောင် မည်ကဲ့သို့ ပြုလုပ် ရမည်ကို နတ်က ပြောပါလိမ့်မည်၊ စစ်သူကြီးဝင်၍ တင်လျှောက်ပြီးလျှင်၊ နတ်စောင့်သည့် သစ်ပင်ကြီးအခေါင်းတွင်း၌ စစ်သူကြီး ယုံကြည်သူကို သွင်းထား ၍ မေးစေရာ၊ စစ်သူကြီးမယား ဥမ္မာဒန္တီကို သီဝိမင်းကြီးသို့ ဆက်လျှင်၊ မင်းကြီး စိတ်ဖောက်ပြန်ခြင်း ပျောက်လိမ့်မည် ပြောဆိုသည့်အရာများလည်း မာယာ မည်သော ဥပါယ်ပင် ဖြစ်သည်။

## ၁၇။ ဥပေက္ခာဥပါယ်

ဥပေက္ခာမည်သော မာယာသုံးပါးရှိသည်ကိုလည်းကောင်း၊ နီတိကျမ်း၌ -

အညာယေ ဗျသနေ ယုဒ္ဓေ၊
ပဝတ္တဿာ နိဝါရဏံ။
ဣစ္စုပေက္ခတ္တ ဝိဒူဟိ၊
ဥပေက္ခာတိ ဝိဓာမတာ။ ။ ဟူ၍ ဆို၏။

အညာယေ၊ နည်းဥပဒေ မဟုတ် မသင့် မလျော်သည်ကို ရန်သူတို့ပြုရာ၌ လည်းကောင်း။ ဗျသနေ၊ ရန်သူတို့ ပျက်စီးရာ၌လည်းကောင်း။ ယုဒ္ဓေ၊ ရန်သူတို့ စစ်တိုက်ရာ၌လည်းကောင်း။ ပဝတ္တဿ၊ အပြစ်ဖြစ်ခြင်းကို။ အနိဝါရဏံ၊ မတားမြစ် မလျစ်လျူရှုခြင်းတည်း။ ဣတိ၊ ဤသို့။ ဥပေက္ခာ၊ ဥပေက္ခာဥပါယ်ကို။ တိဝိဓာ၊ သုံးပါးအပြားရှိကုန်၏ ဟူ၍။ မတာ၊ သိအပ်ကုန်၏။

အဓိပ္ပာယ်ကား၊ မသင့်မတင့်၊ နည်းဥပဒေ မဟုတ်မမှန်၊ ရန်သူတို့ ပြုလုပ် ရာ၌ မတားမမြစ် လျစ်လျူခြင်း၊ ရန်သူတို့ ပျက်စီးရာ၌၊ ပျက်စီးရာ ပျက်စီး

http://www.cherrythitsar.org



ကြောင်း တို့ကို မတားမမြစ် လျစ်လျူရှုခြင်း၊ ရန်သူဖြစ်သူကို အခြားသောသူတို့က စစ်ထိုး လျှင်၊ စစ်ထိုးသောသူတို့ကို ပြေငြိမ်းအောင် မပြောမဆို လျစ်လျူရှုခြင်း၊ ဤသုံးပါး တို့သည် ဉပေက္ခာဥပါယ်မည်၏ ဟူလိုသည်။

## ၁၈။ ဣန္ဒဇာလဥပါယ်

ဣန္ဒဇာလမည်သော မျက်လှည့်ကြီးဟူသော ဥပါယ်သည်လည်း အများအပြား ရှိကြောင်းကို ဧင်းနီတိကျမ်း၌ -

မေဃန္ဓကာရဝုဋ္ဌဂ္ဂိ၊
ပဗ္ဗတာ အဗ္ဘုတ ဒဿနံ။
ဒူရဋ္ဌာနဥ္စ သေနာနံ၊
ဒဿနံ ဓဇသာလိနံ။ ။
ဆိန္နပါတိတဘိန္နာနံ၊
သင်္ဂါရာနဥ္စဒဿနံ။
ဣတိ န္ဒဇာလံ ဒိသဿ၊
ဘိစ္စတ္တ မုပကပ္ပေယျ။ ။ ဟူ၍ ဆို၏။

မေဃန္ဓကာရဝုဋ္ဌဂ္ဂိ ပဗ္ဗတာ၊ မိုးမှောင်ချခြင်း၊ မိုးရွာခြင်း၊ မီးလောင်ခြင်း တောင်မှ။ အဗ္ဘုတဒဿနံ၊ မဖြစ်ဘူးမြဲ အံ့ဖွယ်သရဲကိုပြခြင်းလည်းကောင်း။ ဒူရဋ္ဌာနံ၊ အဝေး၌တည်ကုန်သော။ သေနာနံ၊ စစ်သည်တို့ကို။ ဒဿနံ၊ ပြခြင်း လည်းကောင်း။ ဓဇသာလိနံ၊ များစွာသောအလံ၊ များစွာသော သလေးစပါးတို့ကို။ ဒဿနံ၊ ပြခြင်းလည်းကောင်း။

ဆိန္နပါတိတဘိန္နာနံ၊ တိုက်အိမ် စသည်တို့၏ အကျိုးအကျ အပျက်အစီး တို့ကို။ ဒဿနံ၊ ပြခြင်းလည်းကောင်း။ သင်္ဂါရာနဥ္စ၊ ပျက်စီးသော တိုက်အိမ် အစရှိသည်တို့၏ ပြင်ပြီးအသစ်တို့ကို။ ဒဿနံ၊ ပြခြင်းလည်းကောင်း။ ဣတိ၊ ဤသို့။ ဒိသဿ၊ ရန်သူ၏။ ဘိစ္စတ္တံ၊ ကြောက်ခြင်းငှာ။ ဣန္ဒဇာလံ၊ ဣန္ဒဇာလ ဥပါယ်ကို။ ဥပကပ္ပေယျ၊ စီရင်ရာ၏။

မိတ္ထီလာပြည်ကို စူဠဏီ ပြဟ္မဒတ်မင်း၊ ကေဝဋ္ဋပုဏ္ဏားတို့ ဆယ့်ရှစ် ကျွောဘိဏီ စစ်သည်နှင့် ဝိုင်းစဉ်ကာလ၊ မြို့ရိုးပေါ်တွင် သလေးစပါးပင်ကို စိုက်ပြီးလျှင် သီးစေ၍ပြခြင်း၊ ဝါးလုံးခေါင်း၌ ကြာစေ့ကို စိုက်ပြီးမှ ကြာရိုးကို နုတ်ယူပြီးလျှင်၊ ဝိုင်းသည့်တပ်တွင်းသို့ နုတ်ယူရ ကြာရိုးကိုပစ်၍ ပြခြင်းတို့သည် ဣန္ဒဇာလ ဥပါယ်တို့ပင်တည်း။

http://www.cherrythitsar.org


ဤဥပါယ်ခုနစ်ပါးတို့တွင် သာမ၊ ဒန၊ ဒဏ္ဍ၊ ဘေဒ၊ ဤလေးပါးတို့ကို ဥပါယ်ကြီးလေးပါး။ ။ မာယာ၊ ဥပေက္ခာ၊ ဣန္ဒဇာလ၊ ဤသုံးပါးတို့ကို ဥပါယ် သုံးပါးတို့ဟူ၍၊ အချို့သော ကျမ်းတို့၌ ဆိုကုန်၏။ ။ ထို့ကြောင့် -

'မာယ ပေက္ခိန္ဒ ဇာလဥ္စ၊

ခုဒ္ဒေါ မာယာ က္ကမေတယော'။

ဟူ၍ ဟေမစန္ဒဆရာ ဆို၏။

အဘိဓာန်ဋီကာ၌ကား မာယာနှင့် ဥပေက္ခာသည် ဒဏ္ဍဥပါယ်အတွင်း၌ ဝင်၏။ ဣန္ဒဇာလဥပါယ်သည် ဘေဒဥပါယ်အတွင်း၌ ဝင်၏။ ထို့ကြောင့် ဥပါယ်ကြီးလေးပါးဆိုလျှင်ပင်၊ ဥပါယ်ငယ် သုံးပါးပြီးသည်ဟု ဆို၏။

## ၁၉။ မင်းတို့၏ သတ္တိသုံးပါး

မင်းအစရှိသော အစိုးရတို့၌ သတ္တိသုံးပါးရှိသည်ကို အဘိဓာန်ကျမ်း၌ -

'ပဘာ ဝုဿာဟ မန္တာနံ၊

ဝသာ တိဿောဟိ သတ္တိယော'။ ။ ဟူ၍ ဆို၏။

'ပဘာဝုဿာဟ မန္တာနံ၊ ပဘာဝသတ္တိ၊ ဥဿာဟသတ္တိ၊ မန္တသတ္တိတို့၏။ ဝသာ၊ အစွမ်းအားဖြင့်။ သတ္တိယော၊ သတ္တိတို့သည်။ တိဿောဟိ၊ သုံးပါးတို့သည် သာလျှင်တည်း'။ ။ သုတ်သီလက္ခန် အဋ္ဌကထာ၊ ဥဒါန်းအဋ္ဌကထာတို့၌ လည်း ဤသတ္တိသုံးပါးကို ဆို၏။

စပါး၊ ဆန်၊ ရွှေ၊ ငွေ ရတနာတို့နှင့် ပြည့်သော ကျီ၊ ကြ၊ တိုက်တော်တို့ ရှိသောကြောင့်ဖြစ်သော တန်ခိုးသည်လည်းကောင်း၊ ဆိုခဲ့ပြီးသော ဥပါယ်လေးပါး တို့တွင် နေရာကျအောင် ဒဏ်ပေးသော ဒဏ္ဍဥပါယ်ကြောင့်လည်းကောင်း၊ လူအပေါင်းတို့ ချစ်ကြောက်ခြင်းကို ဖြစ်စေတတ်သော တန်ခိုးသည် ပဘာဝသတ္တိ မည်၏။ ထို့ကြောင့် 'ပဘုတ္တသာဓကေတ္တာ၊ ဒဏ္ဍကောသောပဘူသတ္တိ' ဟူ၍ ဘာရတမည်သော ဆရာ ဆို၏။ ။ 'ပဘုတ္တသာဓကေတ္တာ၊ အစိုးရခြင်းဂုဏ်ကို ပြီးစေတတ်သောကြောင့်။ ဒဏ္ဍကောသော၊ ဒဏ္ဍဥပါယ် ဥစ္စာပစ္စည်း ပြည့်စုံသော ကျီ၊ ကြ၊ တိုက်တော်အပေါင်းတို့သည်။ ပဘူသတ္တိ၊ ပဘာဝသတ္တိမည်၏'။

ရဲရင့်ခြင်း အမှုမျိုးကို မဆုတ်မနစ် အားထုတ်ခြင်း၊ ရဲမက်လက်နက်ကိုင် များပြားခြင်းသည် ဥဿာဟသတ္တိ မည်၏။

ထို့ကြောင့် 'ဝိက္ကမဗလမုဿာဟသတ္တိ' ဟူ၍ ဘာရတ ဆရာဆို၏။ ။ 'ဝိက္ကမဗလံ၊ ရဲရင့်ခြင်း မဆုတ်မနစ်သော လုံ့လ၊ ရဲမက်လက်နက်ကိုင် အပေါင်း သည်။ ဥဿာဟသတ္တိ၊ ဥဿာဟသတ္တိ မည်၏'။

http://www.cherrythitsar.org



မင်းကျင့်တရား ဆယ်ပါး၊ သင်္ဂဟတရား လေးပါး စသည်တို့ကို သိ၍၊ တိုင်းပြည်နိုင်ငံ အလုံးစုံကို နေရာကျအောင် စီရင်နိုင်သော ဉာဏ်ပညာသည် လည်းကောင်း၊ အလိုရှိရာ တစ်ယောက်အထီး အမှုမျိုးကို မပြုမလုပ်၊ တိုင်ပင်သင့်သည့် ပညာရှိတို့နှင့် တိုင်ပင်နှီးနှောခြင်းသည်လည်းကောင်း မန္တသတ္တိ မည်၏။

## ၂၀။ လျှို့ဝှက်တိုင်ပင်ခြင်းဆိုင်ရာအကြောင်း

အလွန်လျှို့ဝှက်သောအရာကို တိုင်ပင်ရာ၌ နားလေးပေါက် လူနှစ်ယောက်သာ တိုင်ပင်သော စတုက္ကဏ္ဏဒွိဂေါစမန္တဟူ၍လည်းကောင်း၊ လူသုံးယောက် နားခြောက်ပေါက်ရှိသော ဆက္ကဏ္ဏ တိဂေါစရမန္တ ဟူ၍လည်းကောင်း နှစ်မျိုးရှိ၏။ ။ အမရကောသ အဘိဓာန်ကျမ်း၌ကား လူသုံးယောက် တိုင်ပင်သည်ကို ပယ်၏။

လျှို့ဝှက်သောအမှုကို တိုင်ပင်ရာ ကြဉ်ရှောင်အပ်သော အရပ်ရှစ်ပါးရှိသည်ကို မိလိန္ဒပဉှာကျမ်း၌ -

'ဝိသမံ ဘယံ အတိဝါတော၊
ပဋိစ္ဆန္န ဒေဝ နိဿိတံ။
ပန္ထော သင်္ဂါမော တိဋ္ဌံစ၊
အဋ္ဌေတေ ပရိဝဇ္ဇိတာ'။ ။ ဟူ၍ ဆို၏။

ဝိသမံ၊ မညီမညွတ်သော အရပ်လည်းကောင်း။ ဘယံ၊ ဘေးရှိသောအရပ် လည်းကောင်း။ အတိဝါတော၊ လေအလွန်တိုက်သောအရပ်လည်းကောင်း။ ပဋိစ္ဆန္နံ၊ အလွန်လျှို့ဝှက်ဖုံးကွယ်သောအရပ်လည်းကောင်း။ ဒေဝ နိဿိတံ၊ နတ်ကွန်းလည်းကောင်း။ ပန္ထော၊ ခရီးလမ်းမလည်းကောင်း။ သင်္ဂါမော၊ စစ်မြေပြင်အရပ်လည်းကောင်း။ တိဋ္ဌံ၊ လှည်းဆိပ်-လှေဆိပ်လည်းကောင်း။ ဧတေအဋ္ဌ၊ ဤရှစ်ပါးသောအရပ်တို့ကို။ ပရိဝဇ္ဇိတာ၊ ကြဉ်ရှောင်အပ်ကုန်၏။

ထိုရှစ်ပါးတို့တွင် မညီညွတ်သောအရပ်၌ တိုင်ပင်အပ်သော အနက်အဓိပ္ပာယ်သည် ဖရိုဖရဲ ဖြစ်တတ်၏။ ပျက်စီးတတ်၏။ ဘေးရှိသောအရပ်၌ တိုင်ပင်လျှင် ထိတ်လန့်ခြင်းရှိသောကြောင့် စကားအနက်အဓိပ္ပာယ်ကို ကောင်းစွာ မရှုကြည့်နိုင်။ လေတိုက်ရာ၌ စကားကို ကောင်းစွာ မကြားနိုင်။ အလွန်လျှို့ဝှက်အပ်သော အရပ်၌ အတိုင်ပင်ကို ကြားလိုသောသူတို့ ကပ်၍ နားထောင်နိုင်၏။ နတ်ကွန်း၌ အလိုရှိတိုင်း မပြောနိုင်။ လမ်းမ၌ တိုင်ပင်အပ်သော စကားအနက် အဓိပ္ပာယ်သည် အကျိုးမရှိ အချည်းနှီးဖြစ်တတ်၏။ စစ်မြေပြင်၌ ငြိမ်သက်စွာ မတိုင်ပင်ရ။ လှုပ်လှုပ်ရှားရှား ဖြစ်တတ်၏။ လှည်းဆိပ်၊ လှေဆိပ်၌ အတိုင်အပင် မလျှို့မဝှက် အထင်အရှား ဖြစ်တတ်၏။

http://www.cherrythitsar.org


အတိုင်အပင်ကို ဖျက်ဆီးတတ်သောသူ ရှစ်ယောက် ရှိသည်ကိုလည်း ဤ မိလိန္ဒပဉှာကျမ်း၌ -

'ရတ္တော ဒုဋ္ဌောစ မုဠှောစ၊
မာနလုဒ္ဓေါ တတ္ထာလသော။
ဧကစိန္တိစ ဗာလောစ၊
ဧတေအဋ္ဌ ဝိနာသကာတိ'။ ဟူ၍ ဆို၏။

ရတ္တော၊ ရာဂစရိုက်ကြီးသောသူလည်းကောင်း။ ဒုဋ္ဌောစ၊ ဒေါသစရိုက်ကြီးသောသူလည်းကောင်း။ မုဠှောစ၊ မိုက်သောသူလည်းကောင်း။ မာနလုဒ္ဓေါ၊ မာနကြီးသောသူ၊ ကြမ်းကြုတ်သောသူလည်းကောင်း။ တထာ၊ ထိုမှတစ်ပါး။ အလသော၊ ပျင်းရိသောသူလည်းကောင်း။ ဧကစိန္တိစ၊ တစ်ခုတည်းသောအမှုကို တမ်းစွဲ၍ ကြံစည်သောသူလည်းကောင်း။ ဗာလောစ၊ သူငယ်လည်းကောင်း။ ဧတေ၊ ဤရှစ်ယောက်သောသူတို့သည်။ အဋ္ဌ၊ တိုင်ပင်အပ်သော အကျိုးစီးပွား တို့ကို။ ဝိနာသကာ၊ ဖျက်ဆီးတတ်ကုန်၏။ ။ ဤသူတို့ တိုင်ပင်ရာကိုပါလျှင်၊ အတိုင်အပင် မဖြစ်နိုင် ပျက်စီးတတ်သည် ဟူလို။

အတိုင်အပင်ကို သိလျှင် မလျှို့မဝှက် ဖွင့်ပြတတ်သောသူ ကိုးယောက် ရှိသည်ကို ၎င်းမိလိန္ဒပဉှာကျမ်း၌ပင် လာ၏။

ရတ္တော ဒုဋ္ဌောစ မုဠှောစ၊
ဘီရူ အာမိသဂရုကော။
ဣတ္ထီ သောဏ္ဍောစ ပဏ္ဍကော၊
နဝမော ဘဝတိ ဒါရကော။ ။
နဝေ တေ ပုဂ္ဂလာ၊
လောကေ ဣတ္တရာ စလိတာ စလာ။
ဧတေဟိ မန္တိတံ ဂုယှံ၊
ခိပ္ပံ ဘဝတိ ပါကဋ္ဌန္တိစ။ ။ ဟူ၍ ဆို၏။

ရတ္တော၊ လောဘကြီးသောသူလည်းကောင်း။ ဒုဋ္ဌောစ၊ ဒေါသကြီးသောသူ လည်းကောင်း။ မုဠှော၊ မိုက်သောသူလည်းကောင်း။ ဘီရူ၊ ကြောက်တတ်သော သူလည်းကောင်း။ အာမိသဂရုကော၊ လက်ဆောင်ပဏ္ဏာ ဥစ္စာပစ္စည်းကို အလေးပြုသောသူလည်းကောင်း။ ဣတ္ထိ၊ မိန်းမလည်းကောင်း။ သောဏ္ဍောစ၊ အစားအသောက် အကစား၊ မိန်းမ၊ သေရည်သေရက်၊ အပျော်အပါးကြူးသောသူ လည်းကောင်း။ ပဏ္ဍကော၊ နပုန်းလိင်လည်းကောင်း။ ဒါရကော၊ သူငယ်သည် လည်းကောင်း။ နဝမော၊ ကိုးယောက်မြောက်သည်။ ဘဝတိ၊ ဖြစ်၏။ လောကေ၊

http://www.cherrythitsar.org


လောကဉ်။ ဧတေနဝ ပုဂ္ဂလာ၊ ဤသူကိုးယောက်တို့သည်။ ဣတ္တရာ၊ ပညာဉာဏ် အဆင်အခြင်တိုကုန်၏။ စလိတာစလာ၊ အလွန်လှုပ်ရှားသော စိတ်ရှိကုန်၏။ ဧတေဟိ၊ ဤသူကိုးယောက်တို့နှင့်။ မန္တိတံ၊ တိုင်ပင်အပ်သော။ ဂုယှံ၊ လျှို့ဝှက် အပ်သော စကားသည်။ ခိပ္ပံ၊ လျင်စွာ။ ပါကဋံ၊ ထင်ရှားခြင်းသည်။ ဘဝတိ၊ ဖြစ်၏။[၁]

## ၂၁။ မင်းတို့ဂုဏ်ခြောက်ပါး

မင်းအစရှိသော အစိုးရသောသူတို့ ပြုလုပ်သော ဂုဏ်ခြောက်ပါးရှိသည်ကို အမရ ကောသကျမ်း၊ ဟိတာပဒေသကျမ်းတို့၌ -

'သန္ဓိနာ ဝိဂ္ဂဟော ယာန၊

မာသနံ ဒွေဓ မာသယော (ဆဂုဏာ)[၂]'။ ဟူ၍ ဆို၏။

သန္ဓိ၊ အစေ့အစပ်ပြုခြင်း သန္ဓိဂုဏ်လည်းကောင်း။ (နာ၊ ပုန်းလိင်တည်း) ဝိဂ္ဂဟော၊ စစ်တိုက်ခြင်း ဝိဂ္ဂဟဂုဏ်လည်းကောင်း။ ယာနံ၊ စစ်ချီတက်ခြင်း ယာန ဂုဏ်လည်းကောင်း။ အာသနံ၊ စစ်မချီမတက်ဘဲ ကိုယ့်နိုင်ငံ၌ လုံခြုံအောင် နေခြင်း အာသနဂုဏ်လည်းကောင်း။ ဒွေဓံ၊ ရန်သူနှစ်ဦးနှစ်ဘက် ညှပ်သည့် ကာလ၊ နှစ်ဘက်လုံးကို အသင့်အလျော်ပြောခြင်း အစရှိသော ဒွေဓဂုဏ်လည်း ကောင်း။ အသယော၊ ရန်သူနှိပ်စက်မည်ကိုစိုး၍၊ အားကြီးသောမင်းတစ်ဦးဦး ကို၊ မှီခိုကပ်ရပ်ခြင်း အာသယဂုဏ်လည်းကောင်း။ ဣတိ၊ ဤသို့။ ဂုဏာ၊ ဂုဏ် တို့သည်။ ဆ၊ ခြောက်ပါးတို့တည်း။

ဤဂုဏ်ခြောက်ပါးတို့တွင် အစေ့အစပ်ပြုခြင်း သန္ဓိဂုဏ်ကို အင်အားကြီး သော မင်းနှင့် အကြောင်းမညီမညွတ်၍ အင်အားကြီးသောမင်းက ဖိစီးနှိပ်စက် မည်ရှိရာ၌လည်းကောင်း၊ စစ်ကြီးတိုက်ကြရာ အလွန်ရှုံးနိမ့် နာကြည်းရာ၌ လည်းကောင်း၊ ပြုအပ်သောဂုဏ်တည်း။

---

၁။ ပုရပိုက်မူ၌ ဤစကားရပ်များ စာကျနေသည်။

၂။ သူရိယမူ၌ မပါ။

http://www.cherrythitsar.org



## ၂၂။ မင်းတို့နှင့် စပ်လျဉ်းသောဂုဏ်သည်လည်း ၁၆ ပါး ပြားသေးသည်ကို ပြဆိုခြင်း

ဤဂုဏ်သည်လည်း ဆယ့်ခြောက်မျိုးရှိကြောင်းနှင့် ကာမန္ဒကီ နီတိကျမ်း၊ ဟိတောပဒေသကျမ်းတို့၌ -

'ကပါလော ဥပကာရောစ၊
သန္တာနော သင်္ဂတော တထာ။
ဥပညာသော ပဋိကာရော၊
သံယောဂေါ ပုရိသန္တရော'။ ။
'အဒိဋ္ဌနရော အဒိဋ္ဌော၊
အတ္တာမိသော ဥပေဂ္ဂါဟော။
ပရိက္ခာရော တတော ဆိန္နော၊
တထာစ ပရိဘူသနော'။ ။
'ခန္ဓာပနေယော သန္ဓိစ၊
သောဋသော ပရိကိတ္တိတော။
ဣတိ သောဋသကံ ပါဟု၊
သန္ဓိံ သန္ဓိဝိစက္ခဏာ'။ ။ ဟူ၍ ဆို၏။

ကပါလော၊ သာမဥပါယ်တွင်ဆိုသည့်အတိုင်း အညီအညွတ်မိတ်ဖြစ်အောင် စေ့စပ်ခြင်း ကပါလမည်သော သန္ဓိဂုဏ်လည်းကောင်း။ ဥပကာရောစ၊ ဒါနဥပါယ်တွင် ဆိုသည့်အတိုင်း မိတ်ဖြစ်အောင် ဥစ္စာပစ္စည်း ပေးကမ်း၍ စေ့စပ်သော ဥပကာရမည်သော သန္ဓိဂုဏ်လည်းကောင်း။ သန္တောနော၊ သမီး နှမ စသည်ကို ပေး၍ မိတ်ဖြစ်အောင် စေ့စပ်သော သန္တာနမည်သော သန္ဓိဂုဏ်လည်းကောင်း။ တထာ၊ ထိုမှတစ်ပါး။ သင်္ဂတော၊ အသက်ထက်ဆုံး မပျက်မစီး၊ ဆင်းရဲအတူ၊ ချမ်းသာအမျှ ဖြစ်ပါမည် ခံဝန်စာချုပ်ထား၍ မိတ်ဖြစ်အောင် စေ့စပ်သော သင်္ဂတမည်သော သန္ဓိဂုဏ်လည်းကောင်း။

စကားချပ်။ ။ ဤ သင်္ဂတမည်သော သန္ဓိဂုဏ်သည် ကိုယ်စိတ်မခြား၊ အသက်ထက်ဆုံး မပျက်မစီး ခံဝန်စာချုပ်ထား၍ ကောင်းတူ ဆိုးဖက် ပြု၍ ခိုင်ခံ့ခြင်း မိတ်ဖွဲ့သောကြောင့်၊ ဇမ္ဗူရာစ်ရွှေတုံးတစ်ခုကို အလယ်၌ ဖြစ်သော တုံးနှစ်ခုသည် အရည်အဆင်း မကွဲပြား သကဲ့သို့ ရွှေတုံးနှင့် တူသော မိတ်ဖြစ်သောကြောင့် ကဥ္စနသန္ဓိဂုဏ် ဟူ၍လည်း ခေါ်ကြသည်။

http://www.cherrythitsar.org



ဥပညာသော၊ အစေ့အစပ် မိတ်ဖြစ်ရလျှင် ထိုက်လျော်သောအကျိုး တစ်စုံ တစ်ခု ဧကန်ပြီးစေမည်ကို ညွှန်ပြ၍၊ ပြုအပ်သော မိတ်ဖွဲ့ခြင်း အစေ့အစပ် ဟူသော ဥပညာသ သန္ဓိဂုဏ်လည်းကောင်း။ ပဋိကာရော၊ ကျွန်ုပ်က သင့်အား မည်ကဲ့သို့ အကျိုးစီးပွားကို ရွက်ဆောင်ဖူးပါသည်။ ကျွန်ုပ်အားလည်း သင်က ကျွန်ုပ် ကျေးဇူးရှိဖူးသည်ကို ထောက်၍ ကျေးဇူးပြုစေချင်ပါသည် ပြောဆို၍၊ အစေ့အစပ် မိတ်ဖွဲ့သော ပဋိကာရမည်သော သန္ဓိဂုဏ်လည်းကောင်း။ တစ်နည်း ကား၊ ပဋိကာရော၊ သင်၏ ဤကဲ့သို့သော အကျိုးစီးပွားကို ရွက်ဆောင်ပါမည်။ ငါ၏အကျိုးစီးပွားကိုလည်း ဤကဲ့သို့ ရွက်ဆောင်ပါဟု ပြောဆို၍၊ အစေ့အစပ် မိတ်ဖွဲ့သော ပဋိကာရမည်သော သန္ဓိဂုဏ်လည်းကောင်း။ သံယောဂေါ၊ မည်သည့် မင်းထံ၌ ပေါင်းဆုံစေ့စပ်ရလျှင် မည်သည့်အကျိုးကို ရလိမ့်မည်ဟု ပြောဆို၍ တစ်ခုသော အကျိုးကိစ္စကို ကောင်းစွာပြုပြီးလျှင်၊ တစ်နေရာ၌ သွား၍ စေ့စပ် မိတ်ဖွဲ့ခြင်းမည်သော သံယောဂ သန္ဓိဂုဏ်လည်းကောင်း။ ပုရိသန္တရော၊ စစ်သူကြီး နှစ်ယောက် အလိုရှိရာ ပြောဆို၊ စာပေချုပ်၍ မိတ်ဖွဲ့စေ့စပ်ခြင်းဟူသော ပုရိသန္တာရ သန္ဓိဂုဏ်လည်းကောင်း။

အဒိဋ္ဌနရော၊ သင်ရန်သူမင်း အလိုရှိရာကို ပြုသမျှ လိုက်နာပါမည်၊ အလိုရှိ သည်ကိုသာ စာချုပ် ရေးသားပြုစုပါတော့၊ သဘောတူပါမည်ဆို၍ မိတ်ဖွဲ့ စေ့စပ် ခြင်းဟူသော အဒိဋ္ဌနရ သန္ဓိဂုဏ်လည်းကောင်း။ အဒိဋ္ဌော၊ နိုင်ငံ တစ်စိတ် တစ်ဒေသကို စာချုပ်နှင့်ပေး၍ မိတ်ဖွဲ့စေ့စပ်ခြင်းဟူသော အဒိဋ္ဌသန္ဓိဂုဏ် လည်း ကောင်း။ အတ္တမိသော၊ မိမိစစ်သည် အားလုံးကို ရန်သူသို့ အပ်နှင်း၍ မိတ်ဖွဲ့ စေ့စပ်ခြင်းဟူသော အတ္တမိသ သန္ဓိဂုဏ်လည်းကောင်း။ ဥပေဂ္ဂါဟော၊ အသက် ကို စောင့်ရှောက်ခြင်းငှာ အသက်ကိုသာ ချမ်းသာပေးပါ၊ အလိုရှိသမျှ ဥစ္စာ ပစ္စည်းကို ယူပါဟု၊ ဥစ္စာပစ္စည်းအလုံးကိုပေး၍ မိတ်ဖွဲ့စေ့စပ်ခြင်းဟူသော ဥပေဂ္ဂါယ သန္ဓိဂုဏ်လည်းကောင်း။ ပရိက္ခရော၊ ကျီ၊ ကြ တိုက်တို့၌ရှိသော ဥစ္စာပစ္စည်း အစိတ်အဝက်ကို ပေး၍သော်လည်းကောင်း။ အလုံးစုံကိုပေး၍သော် လည်းကောင်း။ မိတ်ဖွဲ့စေ့စပ်ခြင်းဟူသော ပရိက္ခာရသန္ဓိဂုဏ်လည်းကောင်း။ (တတော၊ ထိုမှတစ်ပါး။)[၁] ဥစ္ဆိန္နော၊ နိုင်ငံ၌ အခွန်အဆီထွက်သော ကောင်းရာ အရပ်ကိုပေး၍ မိတ်ဖွဲ့စေ့စပ်ခြင်းဟူသော ဥစ္ဆိန္နသန္ဓိဂုဏ်လည်းကောင်း (တထာစ၊ ထို့ပြင်လည်း)[၂] ပရိဘူသနော၊ နိုင်ငံကထွက်သမျှ အခွန်ကိုပေး၍ မိတ်ဖွဲ့စေ့စပ် ခြင်း ဟူသော ပရိဘူသန သန္ဓိဂုဏ်လည်းကောင်း။

---

၁။ သူရိယမူ၌ ဤဝါကျတစ်ခုလုံး မပါ။

၂။ ပုရပိုက်မူ၌ မပါ။

http://www.cherrythitsar.org


ခန္ဓာပနေယျော၊ တစ်နှစ်လျှင် မည်ရွေ့မည်မျှပေးပါမည် ပိုင်းခြား၍၊ ပိုင်းခြားရ အခွန်ကို ထမ်းဆောင်ကြပ်မ ပေးသွင်းရသော၊ မိတ်ဖွဲ့စေ့စပ်ခြင်း ဟူသော ခန္ဓာပနယ သန္ဓိဂုဏ်လည်းကောင်း။ ဣတိ၊ ဤသို့။ သန္ဓိံ၊ သန္ဓိဂုဏ် ကို။ သောဠသော၊ တစ်ဆယ့်ခြောက်ပါးအပြားရှိ၏ဟူ၍။ ပရိကိတ္တိတော၊ ဟောကြားအပ်၏။ ဣတိ၊ ဤသို့။ သန္ဓိံ၊ သန္ဓိဂုဏ်ကို။ သန္ဓိဝိစက္ခဏာ၊ သန္ဓိဂုဏ်ကိုသိသော ပညာရှိတို့သည်။ သောဠသုကံ၊ တစ်ဆယ့်ခြောက်ခုဟူ၍။ ပါဟု၊ ဆိုကုန်၏။

## ၂၃။ စစ်ထိုးခြင်းတည်းဟူသော ဝိဂ္ဂဟဂုဏ်

ဝိဂ္ဂဟဂုဏ် သုံးပါးရှိသည်ကို အဘိဓာန်ဋီကာ၌ . . .

အပဟာရလက္ခဏော၊ ဝိဂ္ဂဟော၊ သောပိ တိဝိဓော။ ပကာသယုဒ္ဓံ။ ကုဋ္ဌယုဒ္ဓံ၊ ကုဏှိယုဒ္ဓမိတိ။ ။ ဟူ၍ ဆို၏။

အပဟာရ လက္ခဏော၊ စစ်ထိုးခြင်းသဘောသည်။ ဝိဂ္ဂဟော၊ ဝိဂ္ဂဟဂုဏ် မည်၏။ သောပိ၊ ထိုဝိဂ္ဂဟဂုဏ်သည်လည်း။ ပကာသယုဒ္ဓံ၊ အထင်အလင်း စစ်မျက်နှာဆိုင်၍ တိုက်ခြင်း ပကာသယုဒ္ဓလည်းကောင်း။ ကုဋ္ဌယုဒ္ဓံ၊ တပ်ကို မြှုပ်ထား၍၊ လျှို့ဝှက်ကောက်ကျစ်စဉ်းလဲပြု၍ တိုက်ခိုက်ခြင်း ကုဋ္ဌယုဒ္ဓလည်း ကောင်း။ ကုဋ္ဌယုဒ္ဓံ၊ စကားမပြောဘဲ တပ်ကို ချီတက်စေ၍၊ ညဉ့်အခါ စီးနင်း တိုက်ခိုက်ခြင်း တုဏှီယုဒ္ဓလည်းကောင်း။ ဣတိ၊ ဤသို့။ တိဝိဓော၊ သုံးပါးအပြား ရှိ၏။ ။ [အင်အားတူသော ရန်သူ၊ ကိုယ့်အောက်အင်အားငယ်သော ရန်သူတို့ စော်ကား ရိုင်းပြလျှင်၊ ဤစစ်ထိုးခြင်း ဝိဂ္ဂဟဂုဏ်ကို ပြုအပ်၏။][၁]

## ၂၄။ စစ်နိုင်အောင်တိုက်ခြင်း ယာနဂုဏ်

ဉစ္စာအင်ခွင် ရဲမက် လက်နက်ကိုင် အစွမ်းသတ္တိ အလွန်ပြည့်စုံသော်၊ များသော အားဖြင့် အောင်တတ်၊ နိုင်တတ်သော မင်းသည် နိုင်ငံကျယ်ခြင်းငှာ အပြည်ပြည် သို့ လှည့်၍၊ နိုင်နင်းအောင် အတိုက်အခိုက် စစ်ချီတက်ခြင်းသည် ယာနဂုဏ် မည်၏။ ။ ဤယာနဂုဏ် ငါးပါးအပြားရှိကြောင်းကို ကာမန္တကီ နီတိကျမ်း၌ -

---

၁။ သူရိယမူ၌ ဤဝါကျတစ်ခုလုံး မပါ။

http://www.cherrythitsar.org



ဝိဂ္ဂယှော သန္ဓာယော တထာ၊
သမ္ဘူယောထ ပသက်တော။
ဥပေက္ခာစေတိ နိပုဏော၊
ယာနံ ပဥ္စဝိဓံ မတံ။ ။ ဟူ၍ ဆို၏။

ဝိဂ္ဂယှော၊ မိမိ၌ရှိသော ရဲမက် လက်နက်ကိုင် အလုံးစုံဖြင့် ရန်သူအပေါင်းကို တိုက်ခိုက်သိမ်းယူ၍ စစ်တက်ခြင်း ဝိဂ္ဂယှမည်သော ယာနဂုဏ်လည်းကောင်း။ တစ်နည်းကား။ ဝိဂ္ဂယှော၊ ရန်သူ၏ အလုံးစုံသော မဟာမိတ်နိုင်ငံ၊ မိမိ၏ မဟာမိတ်နိုင်ငံတို့ကို ရဲမက်ဗိုလ်ပါ အင်အားနှင့် အကုန်ယူ၍ တက်ခြင်းဟူသော ဝိဂ္ဂယှမည်သော ယာနဂုဏ်လည်းကောင်း။ သန္ဓာယော၊ အခြားသောနိုင်ငံကို စစ်ထိုးမည် ချီတက်ရာ၌၊ လမ်းဖြတ်၍ သွားရသောကြောင့်၊ နောက်က ကျန်ရစ်မည့် ရန်သူတို့ကို အစေ့အစပ်မိတ်ပြု၍ ချီတက်ခြင်း သန္ဓာယမည်သော ယာနဂုဏ်လည်းကောင်း။ (တထာ၊ ထိုမှတစ်ပါး။)[၁] သမ္ဘူယော၊ ကိုယ်နှင့်အနီးအစပ်ဖြစ်သော အားအစွမ်းနှင့် ပြည့်စုံသော၊ စစ်တိုက်ကောင်းကုန်သော၊ မင်းတို့နှင့် ပေါင်း၍ စစ်ချီတက်ခြင်းဟူသော သမ္ဘူယမည်သော ယာနဂုဏ်လည်းကောင်း။ တစ်နည်းကား။ သမ္ဘူယော၊ ရန်သူမင်းက စစ်တက်လာသည်ကို ဆီးကြို တိုက်ခိုက်ရအောင် ဆိုင်ပြိုင်၍၊ နှစ်ဦးနှစ်ဖက်၏ ရာဇပကတိကို ဖျက်ဆီးပြီးလျှင်၊ နှစ်ဦးပြိုင်၍ စစ်တက်ခြင်းဟူသော သမ္ဘူယမည်သော ယာနဂုဏ်လည်းကောင်း။ တစ်နည်းကား။ သမ္ဘူယော၊ အနည်းငယ်သော ရွှေငွေဥစ္စာ အနှစ်သာရကို စွဲ၍ အကျိုးစီးပွားများစွာ ဖြစ်မည်ကို တစ်စုံတစ်ယောက်သောသူက ဝန်ခံ၍သော်လည်းကောင်း။ ရန်သူမင်းကို အောင်ခြင်းငှာ စစ်တက်ခြင်းဟူသော သမ္ဘူယယာနဂုဏ်လည်းကောင်း။ အထ၊ ထိုမှတစ်ပါး။ ပသက်တော၊ တစ်ပါးသော အရပ်၌ လှုပ်ရှားပေါင်းဆုံ၍ တစ်ပါးသော အရပ်သို့ စစ်တက်ခြင်းဟူသော ပသက်မည်သော ယာနဂုဏ်လည်းကောင်း။ ဥပေက္ခာစ၊ ရန်သူမြို့ကို တိုက်မည် ချီတက်ရာ။ ရန်သူမြို့သို့ ရောက်၍ တိုက်ရလျှင် အကျိုးနည်းမည်ကို မြင်၍၊ ထိုရန်သူ၏ မိတ်ဖြစ်သော နိုင်ငံကို ချီတက်တိုက်ခိုက်ခြင်းဟူသော ဥပေက္ခာမည်သော ယာနဂုဏ်လည်းကောင်း။ ဣတိ၊ ဤသို့။ နိပုဏော၊ ယာနဂုဏ်၌ လိမ္မာကုန်သော ပညာရှိသည်။ ယာနံ၊ ယာနဂုဏ်ကို။ ပဥ္စဝိဓံ၊ ငါးပါးအပြားရှိ၏ဟူ၍။ မတံ၊ သမုတ်အပ်၏။

---

၁။ ပုရပိုက်မူ၌ မပါ။

http://www.cherrythitsar.org



## ၂၅။ အတိုက်အခိုက် ရပ်စဲစေခြင်း အာသနဂုဏ်

အာသနဂုဏ်သည်လည်း -

ဝိဂ္ဂယှော သန္ဓာယော တထာ၊
သမ္ဗျူယောထ ပသက်တော။
ဥပေက္ခာ စေတိ နိပုဏာ၊
သန် ပဥ္စဝိဓံ မတံ။ ။ ဟူသော ဂါထာကို မှတ်အပ်၏။

ဝိဂ္ဂယှော၊ အချင်းချင်း တိုက်ခိုက်၍ ပင်ပန်းသောကြောင့်၊ ရပ်ဆိုင်း နားနေခြင်း ဟူသော ဝိဂ္ဂယှမည်သော အာသနဂုဏ်လည်းကောင်း။ တစ်နည်းကား။ ဝိဂ္ဂယှော၊ ရန်သူ (ကို တိုက်ခိုက်သိမ်းယူပြီးလျှင်၊ နားနေခြင်းဟူသော ဝိဂ္ဂယှမည်သော အာသနဂုဏ်လည်းကောင်း။ တစ်နည်းကား။ ဝိဂ္ဂယှော၊ ရန်သူ)[၁] မယူနိုင်အောင် ခံမြို့၌ဝင်၍ ရပ်ခံခြင်းဟူသော ဝိဂ္ဂယှမည်သော အာသနဂုဏ်လည်းကောင်း။ သန္ဓာယော၊ နှစ်ဦးနှစ်ဘက် တိုက်ခိုက်ကြသဖြင့်၊ အားခွန်ကုန်ခန်း၍ မတိုက်နိုင်သောကြောင့်၊ အစေ့အစပ် ပြောဆိုမိတ်ဖွဲ့၍နေခြင်း ဟူသော သနာယမည်သော အာသန္ဓဂုဏ်လည်းကောင်း။ သမ္ဗျူယော၊ ဥဒါသိန်မင်းမိတ်မင်းတို့နှင့် တစ်ပေါင်းတည်ပြု၍၊ ရန်သူတစ်ပါး မဖျက်မဆီး နိုင်အောင်နေခြင်းဟူသော သမ္ဗျူယမည်သော အာယသနဂုဏ်လည်းကောင်း။ အထ၊ ထိုမှတစ်ပါး။ ပသက်တော၊ တစ်ခုသောနိုင်ငံကို စစ်ချီတက်သောမင်းသည် တစ်ခုသောနိုင်ငံနှင့် ပေါင်းဆုံ၍နေခြင်းဟူသော ပသက်မည်သော အာသနဂုဏ်လည်းကောင်း။ ဥပေက္ခာစ၊ ရန်သူကို တိုက်မည် ချီတက်ရာ ရန်သူက အားကြီးသောကြောင့်၊ မတိုက်ဘဲ ကြဉ်ရှောင်၍နေခြင်းဟူသော ဥပေက္ခာမည်သော အာသနဂုဏ်လည်းကောင်း။ ဣတိ၊ ဤသို့။ နိပုဏာ၊ အာသနဂုဏ်၌ လိမ္မာကုန်သော သူတို့သည်။ အာသနံ၊ အာသနဂုဏ်ကို။ ပဥ္စဝိဓံ၊ ငါးပါးအပြား ရှိကုန်၏ ဟူ၍၊ မတာ၊ သမုတ်အပ်ကုန်၏။

## ၂၆။ နှစ်ဖက်သော ရန်နှင့်လျော်အောင် ကျင့်ရသော ဒွေဓဂုဏ်

ဒွေဓဂုဏ်၌ ရန်သူနှစ်ဦးနှစ်ဘက် ညှပ်ရာ ရန်သူနှစ်ဦး နှစ်ဘက်လုံးကို သင့်တင့်အောင်ပြော၍၊ မိမိကိုယ်ကို အပ်နှင်းခြင်းဟူသော ဒွေဓဂုဏ်လည်း

---

၁။ သူရိယမှု၌ ဤစကားလုံးများ စာကျနေသည်။

http://www.cherrythitsar.org


တစ်ပါး။ ။ တစ်ဘက်သော ရန်သူကို ပေါင်း၍၊ တစ်ဘက်သောရန်သူတို့နှင့် စစ်ထိုးခြင်း ဒွေဓဂုဏ်လည်း တစ်ပါး။ ။ အချို့သော ရဲမက်နှင့် မြို့ကို စောင့်၍၊ အချို့သော ရဲမက်နှင့် စစ်ထိုးခြင်းဟူသော ဒွေဓဂုဏ်လည်းတစ်ပါး။ ။ ဤသို့ အစရှိသဖြင့် နှစ်ဖက်သင့်လျော်အောင် လုပ်သမျှသည် ဒွေဓဂုဏ် မည်၏။

## ၂၇။ အားကြီးသောမင်းကို မှီခိုခြင်း အာသယဂုဏ်

အာသယဂုဏ်မူကား ရန်သူတစ်ပါး နှိပ်စက်မည်ကို ကြောက်သောကြောင့်။ အားကြီးသောမင်းကို မှီခိုကပ်ရပ်ခြင်းတစ်ပါး။ ဤအားကြီးသောမင်းကို မှီခို ကပ်ရပ်ရလျှင်၊ ကိုယ်၌ အကျိုးများစွာ ရှိမည်ကိုမြင်၍၊ မှီခိုကပ်ရပ်ခြင်းတစ်ပါး။ ဤသို့ နှစ်ပါး အပြားရှိ၏။

## ၂၈။ ပြည်ရှင်မင်းတို့ ကျင့်သုံးဆောက်တည်အပ်သော ရာဇဂုဏ် ရှစ်ပါး

ပြည်ရှင်မင်းတို့ ကျင့် ဆောက်တည်အပ်သော ရာဇဂုဏ် ရှစ်ပါးရှိသည်ကို ရာဇ နီတိကျမ်း၌ -

ဣန္ဒဿဂ္ဂဿ ဝါယုဿ၊
ယမဿ သမုဒ္ဒဿ စ။
စန္ဒဘူမိ ပစ္စုန္နာနံ၊
ရညောအဋ္ဌဂုဏော ဘဝေ။ ။ ဟူ၍ လာ၏။

ဣန္ဒဿ၊ သိကြားမင်း၏လည်းကောင်း။ အဂ္ဂဿ၊ နေမင်း၏လည်းကောင်း။ ဝါယုဿ၊ လေ၏လည်းကောင်း။ ယမဿ၊ ယမမင်း၏လည်းကောင်း။ သမုဒ္ဒဿစ၊ သမုဒ္ဒရာ၏လည်းကောင်း။ စန္ဒ ဘူမိ ပစ္စုန္နာနံ၊ လပြည့်ဝန်း၊ မြေကြီး၊ မိုးတို့၏ လည်းကောင်း။ ဝသာ၊ အစွမ်းဖြင့်။ ရညော၊ မင်း၏။ အဋ္ဌဂုဏော၊ ဂုဏ်ရှစ်ပါးသည်။ ဘဝေ၊ ဖြစ်၏။

ထိုရှစ်ပါးတို့တွင် သိကြားမင်းကဲ့သို့ ကျင့်၏ဟူသည်ကား၊ သိကြားမင်းသည် နတ်အပေါင်းတို့တွင် နှိပ်တန်သောသူအား နှိပ်၍၊ ချီးမြှောက်တန်သော သူတို့အား ချီးမြှောက်သကဲ့သို့၊ ပြည်ကြီးအရှင်မင်းတို့သည်လည်း လူအပေါင်းတို့တွင် မကောင်းသောသူတို့အား နှိပ်၍၊ ကောင်းသောသူတို့အား ချီးမြှောက်ရာသည်။

http://www.cherrythitsar.org



နေကဲ့သို့ ကျင့်၏ ဟူသည်ကား၊ နေမင်းသည် ရောင်ခြည်တစ်ထောင်ဖြင့်၊ ဖြည်းညင်းစွာ မိုးရေကို ခန်းခြောက်စေသကဲ့သို့ ပြည်ကြီးအရှင်မင်းတို့သည်လည်း အခွန်အတုတ်ကို ဖြည်းညင်းသာယာစွာ ကောက်ခံသိမ်းယူရာသည်။

လေကဲ့သို့ ကျင့်၏ဟူသည်ကား၊ လေသည် သတ္တဝါအပေါင်းတို့၏ ကိုယ်တွင်းသို့ဝင်၍ သွားသကဲ့ ပြည်ကြီးအရှင်မင်းတို့သည်လည်း အမှုးအမတ် ပြည်သူခပ်သိမ်းတို့၏ အပြုအမူ ဆင်းရဲချမ်းသာကို အလျှို့အဝှက် သူလျှိုထား၍၊ ကိုယ်တွင်းသို့ ဝင်သကဲ့သို့ သိအောင်ပြုရာသည်။

ယမမင်းကဲ့သို့ကျင့်၏ ဟူသည်ကား၊ ယမမင်းသည် ချစ်သူ မုန်းသူ ဟူ၍ အထူးအခြား ကွဲပြားခြင်းမရှိ၊ ကံအားလျော်စွာ ရောက်လာကြလျှင် စီရင်သကဲ့သို့ ပြည်ကြီးအရှင် မင်းသည်လည်း ချစ်သူမုန်းသူဟူ၍ မျက်နှာမငဲ့၊ အမှုနှင့်လျော်ညီစွာ စီရင်ရာသည်။

သမုဒ္ဒရာကဲ့သို့ ကျင့်၏ ဟူသည်ကား၊ သမုဒ္ဒရာသည် ရေကို မတောင့်တ၊ မြစ်ကြီးငါးသွယ်၊ မြစ်ငယ် ငါးရာတို့ အလိုအလျောက် ဝင်လာသမျှကိုသာ ခံသကဲ့သို့၊ ပြည်ကြီးအရှင် မင်းသည်လည်း ဥစ္စာကို မလိုချင်မတောင့်တ၊ ထုံးစံရှိသည့် အတိုင်း ရသင့်သမျှကိုသာ ခံယူရာသည်။

လကဲ့သို့ ကျင့်၏ ဟူသည်ကား၊ လပြည့်ဝန်းသည် မြင်မြင်သမျှ လူခပ်သိမ်းတို့ကို ရွှင်လန်းဝမ်းမြောက်စေကုန်သကဲ့သို့၊ ပြည်ကြီးအရှင်မင်းသည်လည်း မျက်နှာရွှင်လန်းလျက်၊ စကားချိုသာ နာပျော်ဖွယ် ပြောဆို၍၊ အမှုးအမတ် ပြည်သူ လူခပ်သိမ်းတို့ကို ရွှင်လန်းဝမ်းမြောက်စေရာသည်။

မြေကြီးကဲ့သို့ ကျင့်၏ ဟူသည်ကား၊ မြေကြီးသည် သတ္တဝါအပေါင်းတို့၏ မှီခိုကိုးကွယ်ရာဖြစ်သကဲ့သို့၊ ပြည်ကြီးအရှင် မင်းသည်လည်း သင်္ဂဟတရား လေးပါးဖြင့် ပြည်သူ လူအပေါင်းတို့၏ ကိုးကွယ်ရာဖြစ်အောင် ရွက်ဆောင်ရာသည်။

မိုးကဲ့သို့ ကျင့်၏ ဟူသည်ကား၊ မိုးသည် မိုးတွင်းလေးလပတ်လုံး လူအပေါင်းတို့ကို ရေဖြင့် ရောင့်ရဲစေသကဲ့သို့ ပြည်ကြီးအရှင် မင်းသည်လည်း အမှုထမ်း အရာထမ်းတို့အား မျိုးရိက္ခာ အဝတ်အစား၊ ဆုလာဘ်တို့ဖြင့် နှစ်သက်ရောင့်ရဲ စေရာသည်။ ။ ဤကား ရာဇနီတိကျမ်း၌လာသော အဓိပ္ပာယ်တည်း။

ဤသို့ ကျမ်းဂန်လာသည်နှင့်အညီ ဂမ္ဘီသာရတွင် 'ယည်တန်သမုဒ်၊ ဖြည်းသုတ်လေသာ၊ ရာဇာယမ၊ နေလ ပစ္စုန်၊ ဝသုန္ဒရိန်၊ ဒေဝိန်သိကြား၊ ရှစ်ပါး ဤသို့၊ မှတ်ဖို့မှတ်ဖွယ်' ဟူ၍ စပ်လေသည်။

http://www.cherrythitsar.org



## ၂၉။ ပြည်အင်္ဂါ ကိုးပါး

ရာဇဝင်တို့တွင်လာသော ပြည်ရှင်မင်းတို့ မဆင်မခြင်၊ မစုံမစမ်း မဖျက်ဆီးအပ်သော ပြည်၏အင်္ဂါ ကိုးပါးရှိသည်ကို မင်းစဉ်လင်္ကာတွင် -

'နဝရက်ကိုးသွယ်၊ ဆင်စလွယ်ကား၊ တိုင်းကျယ်ပြည်ရေး၊ မှုရှုပ်ထွေးကို၊ ဆွေးနွေးတိုင်ပင်၊ ကုံတံတွင်သည်၊ ရောက်ဝင်ထံနီး၊ မှူးမတ်ကြီးတို့၊ ရွှေထီး ရွှေစည်၊ ဦးကင်းမည်၏။ သန့်ကြည်သီလ၊ အာစာရနှင့်၊ ညာဏ တောက်ထွန်း၊ ထေရ်ရဟန်းတို့၊ ရွှေနန်းဆောက်တည်၊ တံခွန်မည်၏။ တိုရှည်နီးဝေး၊ မှုရာရေးကို၊ ချင့်တွေးဆနာ၊ လိမ္မာမြော်မြင်၊ ဗေဒင်သမား၊ တရားဆုံးဖြတ်၊ တော်ဖြောင့်မတ်သား၊ လျောက်ပတ်မှုထား၊ ထိုသူများသည်၊ မျက်စိမည်၏။ တပြည်တမြို့၊ သူ့ရပ်တို့ဝယ်၊ ဝိုက်ကြို့ချောင်းမြောင်း၊ သူလျှိုကောင်းကား၊ ကျိုးကြောင်းဘွေနည်၊ ပြည်နားမည်၏။ ပတ်လည်လှည့်ပတ်၊ ရန်ညွှန့်ဖြတ်သည်၊ မင်းမြတ်ညီသား၊ မင်းပေါင်းများဟု၊ ဆွေဝါးမျိုးစည်၊ ပြည်စွယ်မည်၏။ ရွှေရည်ဇံသီး၊ ရှုမညီးသည်၊ သမီးလုလင်၊ လှဆင်ပြင်တို့၊ ပြည်တွင်စံတည်၊ မျက်နှာမည်၏။ ဖြည်းစည်ဖြင်အေး၊ သူဌေးသူကြွယ်၊ ကုန်သွယ်လယ်လုပ်၊ ကြိုးကုတ်များစွာ၊ လူတကာကား၊ ခိုင်မာရင့်ကြည်၊ ပြည်ဝမ်းမည်၏။ ဇာနီရဲစွမ်း၊ မှုတော်ထမ်းသည်၊ ကြိုးပမ်း အားထုတ်၊ မဆုတ်မရဲ၊ သူရဲသင်းပင်း၊ ဆင်မြင်းတို့သည်၊ ပြည်ခြေမည်၏။ နှစ်ပြည်ပိုင်ချက်၊ သိကြားစက်သို့၊ လက်နက်တန်ဆာ၊ ကရိယာကား၊ မှီရာ လှမ်းသည်၊ ပြည်လက်မည်၏။ သည်သည်ဤယင်း၊ မျက်ကိုးကွင်းတွင်၊ ဦးကင်းမလွန်၊ တံခွန်မငြိ၊ မျက်စိမဖောက်၊ နားပေါက်မပယ်၊ အစွယ်မခွာ၊ မျက်နှာမလွှမ်း၊ ပြည်ဝမ်းမမွေ၊ ပြည်ခြေမဖျက်၊ ပြည်လက်မဖြတ်၊ ကျင့်နိုင် တတ်မှ၊ နဝရက်ကိုးဖြာ၊ ဆင်ရရာသည်။ ။ အောင်ချာပြည်မ မှုထမ်းတည်း။' ဟူ၍ စပ်လေသည်။

## ၃၀။ နိုင်ငံအင်္ဂါ ခုနစ်ပါး

နီတိကျမ်း၊ အဘိဓာန်ကျမ်းတို့တွင် လာသော နိုင်ငံအင်္ဂါ ခုနစ်ပါးရှိသည်ကို ကာမန္ဒကီစသော နီတိကျမ်းတို့၌ -

သာမျမစ္စ္စ ရဋ္ဌဉ္စ၊
ဒုဂ္ဂံ ကောသော ဗလံ သခါ။

http://www.cherrythitsar.org


ပရံပရော ပကာရိဒံ။

သတ္တင်္ဂ ရဇ္ဇ မုစ္စတေ။ ဟူ၍ ဆို၏။

သာမိ၊ နိုင်ငံကို အုပ်စိုးသောမင်းလည်းကောင်း။ အမစ္စဥ္စ၊ မှူးမတ်အသင်းအပင်းအပေါင်းလည်းကောင်း။ ရဋ္ဌဥ္စ၊ ဇနပုဒ်တိုင်းလည်းကောင်း။ ဒုဂ္ဂံ၊ ခံမြို့လည်းကောင်း။ ကောသော၊ ရွှေငွေဥစ္စာ စပါးဆန်တို့ဖြင့် ပြည့်သော တိုက်ကျီကြလည်းကောင်း။ ဗလံ၊ ရဲမက်လက်နက်ကိုင်လည်းကောင်း။ ပရံပရောပကာရံ၊ တစ်ဦးကိုတစ်ဦး ကူညီထောက်ပံ့ ကျေးဇူးပြုနိုင်သော။ သခါ၊ မဟာမိတ်မင်းလည်းကောင်း။ ဣဒံသတ္တင်္ဂ၊ ဤအင်္ဂါခုနစ်ပါးရှိသည်ကို။ ရဇ္ဇံ နိုင်ငံဟူ၍။ ဥစ္စတေ၊ ဆိုအပ်၏။

(ဤဆိုခဲ့ပြီးသော အင်္ဂါခုနစ်ပါးနှင့် ပြည့်စုံသည်ကို မြန်မာဘာသာ နိုင်ငံ၊ မဇ္ဈဘာသာ ရဇ္ဇ ခေါ်သည် ဟူလိုသော်။ ။ ထိုခုနစ်ပါးတို့တွင် တစ်ပါးပါး ချို့တဲ့လျှင် တိုင်းနိုင်ငံသည် မခိုင်မမာ အင်္ဂါချို့သော သူကဲ့သို့ ဖြစ်တတ်သည် ဟူလို)။

နိုင်ငံ၏ ပကတိငါးပါး၊ တစ်နည်းအားဖြင့် ခုနစ်ပါး ရှိသည်ကို ကာမန္ဒကီ အစရှိသော နီတိကျမ်းတို့၌ -

အမစ္စ ရဋ္ဌ ဒုဂ္ဂါနိ၊

ကောသော ဒဏ္ဍောစ ပဉ္စမော။

ဧတာပကတယော တညျု

ဝိဇိဂီသဿု ဒါဟတာ။ ။

ဧတာ မဉ္စ တထာ မိတ္တံ၊

သတ္တမော ပထဝီပတိ၊

သတ္တပကတိကံ ရဇ္ဇံ၊

ဣစ္စု ဝါစာ ဗြဟပတိ။ ။ ဟူ၍ ဆို၏။

အမစ္စရဋ္ဌဒုဂ္ဂါနိ၊ မှူးမတ်အပေါင်း ဇနပုဒ်တိုင်းခံမြို့တို့လည်းကောင်း။ ကောသော၊ ရွှေ ငွေ ရတနာ စပါးဆန်တို့ဖြင့် ပြည့်သော တိုက်ကျီကြလည်းကောင်း။ ပဉ္စမော၊ ငါးခုမြောက်သော။ ဒဏ္ဍောစ၊ အပြစ်အားလျော်စွာ ပေးသောဒဏ်လည်းကောင်း။ တညျု ထိုပကတိကို သိသောပညာရှိတို့သည်။ ဝိဇိဂီသဿ၊ ရန်ကိုအောင်လိုသော မင်း၏။ ဧတာပကတယော၊ ဤပကတိ ငါးခုတို့ကို။ ဥဒါဟတာ၊ ထုတ်ဆောင်အပ်ကုန်၏။

ဗြဟပတိ၊ ဗြဟပတိမည်သော ဆရာကား။ ဧတာပဉ္စ၊ ဤဆိုခဲ့ပြီးသော ငါးပါးသော ပကတိတို့လည်းကောင်း။ တထာ၊ ထိုမှတစ်ပါး။ မိတ္တံ၊ ကိစ္စကြီးငယ်

ရှိလျှင်၊ ကူညီထောက်ပံ့နိုင်သော အဆွေခင်ပွန်း မဟာမိတ်လည်းကောင်း။ သတ္တမော၊ ခုနစ်ခုမြောက်သော။ ပထဝီပတိ၊ နိုင်ငံကိုအုပ်စိုးသော နိုင်ငံရှင်မင်းလည်းကောင်း။ သတ္တပကတိကံ၊ ဆိုခဲ့ပြီးသော ပကတိခုနစ်ပါး ရှိသည်ကို။ ရဇ္ဇံ ဣတိ၊ နိုင်ငံဟူ၍။ ဥဝါစ၊ ဆိုအပ်ကုန်၏။

(ဤဆိုခဲ့ပြီးသော နိုင်ငံအင်္ဂါ ရဇ္ဇင် ခုနစ်ပါးနှင့် ဤနိုင်ငံ၏ ပကတိခုနစ်ပါးတို့သည် ဒဏ္ဍနှင့် ဗလသာ ကွဲကြသည်)။

မဂဓ အဘိဓာန်ကျမ်း၌ကား -

သာမျမစ္စော သခါ ကောသော၊
ဥဂ္ဂဋ္ဌ ဝိဇိတီ ဗလံ။
ရဇ္ဇင်္ဂါ နိတိ သတ္တေတော၊
သိယျုံပကတိ ယောပိစ။ ။

ဟူ၍ ရဇ္ဇင်ခုနစ်ပါးကိုပင် ပကတိခုနစ်ပါးဟု ဆို၏။

## ၃၁။ ပြည့်ရှင်မင်း

ဤခုနစ်ပါးတို့တွင် ဆိုခဲ့ပြီးသော မင်းကျင့်တရား ဆယ်ပါး၊ သင်္ဂဟတရား လေးပါး အစရှိသည်တို့နှင့် ပြည့်စုံသော နိုင်ငံကို အုပ်စိုးသောသူသည် ပြည့်ရှင်မင်း မည်၏။ ဤပြည့်ရှင်မင်းဟူသော နိုင်ငံ၏ အင်္ဂါတစ်ပါး မရှိလျှင် နိုင်ငံသည် မတင့်တယ်နိုင်။ နိုင်ငံသူအပေါင်းသည် ကိုးကွယ်ရာမဲ့ ဖြစ်ရာ၏။ လူအပေါင်းသည် အသီးသီး ကွဲပြားရာ၏။ အမျိုး အကျင့်သီလ အတတ်ပညာ စသည်တို့နှင့် ပြည့်စုံ၍၊ တိုင်းကျိုး ပြည်ကျိုးကို ကောင်းစွာ ရွက်ဆောင်သော စစ်သူကြီး အစရှိသော သူတို့သည် မှူးမတ်အပေါင်းမည်၏။

ကုန်အကြီးအကျယ် ရောင်းဝယ်လုပ်ကိုင်ရာ၌၊ ရောင်းလိုသူ ကုန်သည် လည်း အခြားအရပ်သား၊ ဝယ်လိုသူကလည်း အခြားအရပ်သားဖြစ်၍၊ တစ်ဦး၏ အကြောင်းအရာကို တစ်ဦး မသိကြသောကြောင့်၊ ကုန်ကိုလွှတ်၍ မပေးဝံ့၊ ကုန်အားကြီး ကူးသန်းရာ၌လည်း၊ လက်ငင်းငွေ အပြေချေပေးဝယ်ယူသော မည်သည် မရှိနိုင်။ ပွဲစားပြုလုပ်သူများကား ရောင်းလိုဝယ်လိုသူ နှစ်ဦးနှစ်ဘက် တို့၏ အကြောင်းအရာကို သိသူဖြစ်၍ ရောင်းသူကုန်ကို ဝယ်သူအတွက် ခံဝန်၍၊ စရံမျှလောက်နှင့် ချေပေး ရောင်းချစေသဖြင့်၊ ရောင်းသူတို့မှာလည်း ရောင်းရန် ယူခဲ့သည့် ကုန်စည်များကို တွင်ကုန်အောင် ရောင်းရသည်။ ဝယ်သူကလည်း အလိုအတိုင်း ဝယ်နိုင်သည်။ တစ်ကြောင်းလည်း တစ်နိုင်ငံသား ကုန်သည်တို့

http://www.cherrythitsar.org



သည် ရောက်ရာနိုင်ငံ၌ ပေါက်ဈေးကို ကောင်းစွာမသိ၊ ဝယ်လိုသူ ပြောသည့် ဈေးကိုလည်း မယုံဝံ့၍၊ ပွဲစားကို မှီခိုမေးမြန်းပြီးလျှင်၊ ရောင်းသူလည်း ရောင်းနိုင်အောင်၊ ဝယ်သူလည်း ဝယ်နိုင်အောင်၊ ဖျန်ဖြေပြောဆို အကြားအလယ်က ပွဲစားတို့ စေ့စပ်မှ၊ ရောင်းခြင်း ဝယ်ခြင်း ဖြစ်နိုင်သည်။ ထို့ကြောင့် ကုန်အကြီးအကျယ်ကူးသန်းရာ၌၊ နှစ်ဦးနှစ်ဘက်ကို စေ့စပ်သော ပွဲစားမရှိလျှင်၊ ရောင်းခြင်းဝယ်ခြင်း မဖြစ်နိုင်။

ပွဲစားတို့သည်ကား ရောင်းလိုသူ ကုန်သည်တို့အကြောင်းကိုလည်းကောင်း၊ ကုန်၏ဝယ်ခဲ့ရင်း အဖိုးကိုလည်းကောင်း သိကျွမ်းသည်။ ဝယ်လိုသူ၏ အလိုကိုလည်းကောင်း၊ ဝယ်သူ၏အရပ်၌ ပေါက်ဈေးကိုလည်းကောင်း ကောင်းစွာသိသည်။ ဤသို့ နှစ်ဦးနှစ်ဘက်ကို သိသောကြောင့်၊ ရောင်းသူ ဝယ်သူ နှစ်ဦးတို့ကို စေ့စပ်အောင် ပြောဆိုနိုင်သည့် ပွဲစားကို အမှီပြု၍ ရောင်းသူ ဝယ်သူ ကုန်သည်နှစ်ဦးတို့ အကျိုးစီးပွား ဖြစ်သည်။ ပွဲစားမှာလည်း ကျေးဇူးဂုဏ်ခံရသည်။

ဤကဲ့သို့ မှူးမတ်တို့မည်သည် ပြည်ရှင်မင်းတို့၏ စိတ်သဘောအလိုဆန္ဒ၊ ပြည်ရှင်မင်းတို့၏ အကျိုးစီးပွား ယုတ်အံ့သည်၊ တိုးအံ့သည်များကို ကောင်းစွာသိသည်။ နိုင်ငံသားတို့၏ စိတ်အလိုဆန္ဒ၊ ထိုသူတို့၏ အကျိုးစီးပွား တိုးအံ့သည်၊ ယုတ်အံ့သည်ကို ကောင်းစွာသိသည်။ ဤသို့ မှူးမတ်တို့မည်သည် အကြားအလယ်က နေသူဖြစ်၍၊ အထက်အောက် နှစ်ဘက်လုံးကို သိသည်ဖြစ်၍၊ ပြည်ရှင်မင်း ပြည်သူတို့ အကျိုးစီးပွားကို ရွက်ဆောင်ပြီးလျှင်၊ ကောင်းမွန်စွာ စေ့စပ်နိုင်သည်ဖြစ်၍၊ မှူးမတ်အပေါင်းဟူသော အင်္ဂါကင်းပြီးလျှင်၊ နိုင်ငံ မဖြစ်နိုင်။ ။ ရှမ်း၊ ဗမာ၊ တရုတ်၊ တရက်၊ အင်္ဂလိပ်၊ ပြင်သစ် ဤသို့ အစရှိသော လူတစ်မျိုးတည်းစီနေသော အရပ်ဒေသ တစ်ခုစီတို့သည် တိုင်းတစ်ခုစီမည်၏။ ထိုတိုင်းကိုပင် ဇနပုဒ်လည်း ခေါ်သည်။ ထိုတိုင်းတစ်ခုအတွင်း၌ ဆိုခဲ့ပြီးသော ရွာ၊ နိဂုံး၊ မြို့တို့သည် တိုင်းအကြီးအငယ် အားလျော်စွာ အများအနည်း ရှိကြကုန်၏။ နိုင်ငံမည်သည် ဤဆိုခဲ့သော တိုင်းတစ်ခု နှစ်ခု စသည်ရှိမှ ဖြစ်နိုင်သည်။ မရှိလျှင် မဖြစ်နိုင်။

## ၃၂။ ခံမြို့

ခံမြို့ဟူသည် ရှေးအခါ၌ ရေကျုံး၊ နွံကျုံး၊ ဆူးပြောင့်ခလုတ်ချသော အခြောက်ကျုံး၊ ဤသို့ ကျုံးသုံးတန်တို့ဖြင့် ကာရံ၍၊ လေးထောင့်အဝိုင်း ပုံသဏ္ဌာန်ဖြင့် မြို့ရိုးမတ်ရပ်နှင့် လုပ်ဆောင်ကြသည်။

http://www.cherrythitsar.org



ယခုအခါ ဆုပ်ကပ်ကာလဖြစ်၍ လက်နက်တို့သည် အလွန် ကြီးမားတိုးပွား ကြသောကြောင့်၊ ရှေးအခါ ခံမြို့တို့သည် ယခုအခါ သိုးဆောင်းနိုင်ငံ၌ဖြစ်သော လက်နက်တို့ကို မခံနိုင်။ ယခုအခါ ခံမြို့ တိုက်သင်္ဘောများကို ပျက်စီးအောင် ပစ်သော နောက်တိုးရိုက်ဖတ်[၁] အမြောက်တို့သည် ကျည်အရှည် ထိပ်ချွန်၊ အတွင်း က အခေါင်းနှင့်ဖြစ်၍၊ မြန်မာချိန် ပိဿာ နှစ်ရာခန့်၊ သုံးရာခန့် ကြီးမားသော သံကျည်စေ့ ဖြစ်သဖြင့်၊ မြို့ကတုတ်ကို မှန်ပြီးနောက်၊ ထိုကျည်စေ့ ကွဲပေါက် ပြန်၍၊ မြို့ရိုးကတုတ်တို့သည် ပျက်စီးပြန်သဖြင့်၊ တာလေးရာ ငါးရာကွာသော အရပ်၌ ထု နှစ်မိုင်ရှိသော သံတုံးများကို ထိုကျည်စေ့တို့သည် ဖောက်ထွင်းနိုင်၏။ မြို့ကတုတ်တို့ကို မှန်လျှင်လည်း ဆယ်တောင် ဆယ့်ငါးတောင် စူးဝင်၍ ပေါက်ကွဲ နိုင်၏။

ထို့ကြောင့် ဤကဲ့သို့ အမြောက်ဆန်များကို ရပ်ခံနိုင်အောင် ယခု နောက် အသစ် သိုးဆောင်းနိုင်ငံများတွင် တိုးပွားဖြစ်ထွန်းသော မော်ပွင့်၊ ကြာပွင့်သဏ္ဌာန် လုပ်သော သူရဲခိုတို့၌ သံမဏိပြား သဲတို့ကို အထပ်ထပ် ကာရံထားသော ခံမြို့ တို့သာ အကျိုးရှိသည်၊ ခံနိုင်သည်။ ဤခံမြို့တို့ ဟူသည်လည်း နိုင်ငံအလယ်မှာ မင်းနေပြည်အနီးမှာ ထားလျှင် အကျိုးမရှိ။ ဤခံမြို့တိုင်အောင် ရန်သူ ရောက်ကာလ၊ ခံမြို့ကို မတိုက်ဘဲ ရောက်ပြီးရပြီးသော နိုင်ငံကိုပင် ရန်သူတို့ ယူ၍ ထားလျှင်၊ ကျန်သောနိုင်ငံသည် အလိုလို ပျက်စီးရန် ရှိသည်။

ထို့ကြောင့် နိုင်ငံစွန်း၊ နိုင်ငံစပ် ကောင်းမွန်သည့် လမ်းပေါက် လမ်းဝတို့၌ လည်းကောင်း၊ အခြားနိုင်ငံကို တိုက်ခိုက်သိမ်းယူ ဖိစီးနှိမ်နင်း အုပ်စိုးထားသော နိုင်ငံ၌လည်းကောင်း၊ ခံမြို့တို့ကို သင့်လျော်အောင် လုပ်ဆောင်ထားရသည်။ အခြားလူမျိုးတို့ နိုင်ငံကို အလိုမတူဘဲ ဖိစီးနှိပ်စက် သိမ်းယူထားရာ၌၊ ထိုရသော နိုင်ငံကို အစောင့်အထိန်း အကြီးအအုပ်ထားသော မှူးမတ် ရဲမက် လက်နက်ကိုင် တို့ ရပ်နေရန် ခံမြို့မရှိလျှင်၊ အလိုမတူဘဲ တိုက်ခိုက်သိမ်းယူထားသော နိုင်ငံသား တို့ ထ၍ ပုန်ကန်လျှင်၊ သိမ်းယူပြီးနိုင်ငံ ချက်ချင်း လက်က လွတ်လိမ့်မည်။ ရပ်တန့်ရန် ခံမြို့ရှိလျှင်၊ ခံမြို့တွင်းက ရပ်ခံ၍၊ ပြန်လှန်တိုက်ခိုက် သိမ်းယူနိုင် လျှင်၊ ပြန်လှန်တိုက်ခိုက် သိမ်းယူရသည်။ ရဲမက် လက်နက်ကိုင် အားနည်း၍၊ ထကြွပုန်ကန်သူတို့ အားကြီးလျှင် ခံမြို့တွင်းက ရပ်ခံ၍ ပြည်ရှင်မင်းထံ စာ လူ စေလွှတ်လျှောက်ထား၊ ပြည်ရှင်မင်းကလည်း နှိမ်နင်းနိုင်အောင် ရဲမက် လက်နက်ကိုင် ဗိုလ်မှူး ဗိုလ်ချုပ်နှင့် တင်ပို့ ကူညီတိုက်ခိုက် နှိမ်နင်းသိမ်းယူရသည်။

---

၁။ ပုရပိုက်မူ၌ 'ရိုက်ဘတ်' ဟု တွေ့ရသည်။ သူရိယမူက 'ရိုက်ဖတ်' ဟု ပြင်ထားသည်။ ယခုကာလ၌ 'ရိုင်ဖယ်' ဟု ရေးသည်။

http://www.cherrythitsar.org



ဤအကြောင်းများကို သိသော အင်္ဂလိပ်လူမျိုးတို့သည် မိမိတို့ တိုက်ခိုက်သိမ်းယူ၍ရသော အိန္ဒိယ[၁]နိုင်ငံ၊ ဘင်္ဂလား၊ ဘုံဘိုင်၊ မာဒရပ်များမှာ ခံမြို့ အသီးသီး လုပ်ထားကြသည်။ မြန်မာလက်က တိုက်ခိုက်သိမ်းယူသော တလိုင်းသုံးရပ်၏ အဝင် ဧရာဝတီမြစ်အနောက်ဘက် ရွှေတိဂုံဘုရားပင်လယ်ဝအထွက် သန်လျင်မြို့နယ် မီးပြသီလဝါအရပ်များမှာ ခံမြို့ခံကတုတ် လုပ်ဆောင်ထားကြသည်။ ၁၂၁၉ ခုနှစ်၊ အိန္ဒိယနိုင်ငံအလုံး တစ်ပြိုင်တည်း ထ၍ အင်္ဂလိပ်လူမျိုးတို့ကို ပုန်ကန်ခြားနားရာ အင်္ဂလိပ်တို့သည် တည်ပြီးခံမြို့တွင်းသို့ ဝင်ရောက်ရပ်တန့်ပြီးလျှင်၊ ရှင်ဘုရင်မထံ လျှောက်ထား၍ ကုလားဖြူ ဂေါ်ရာ စည်းကြပ်ပြီး၊ လူသုံးသိန်းရှိသည်အနက် လူရှစ်သောင်းကို အလျင်အမြန် စေလွှတ်၊ တစ်နှစ်ကျော်နှစ်နှစ် တိုက်ခိုက်သိမ်းယူရသည်။ အကယ်၍ ခံမြို့မရှိလျှင် ထိုအခါကပင် အိန္ဒိယ[၂]နိုင်ငံရှိ အင်္ဂလိပ်တို့သည် အကုန်သေကြေ ပျက်စီးလိမ့်မည်။

ယခုအခါ မြန်မာလူမျိုးတို့မှာလည်း တိုက်ခိုက် သိမ်းယူထားသော ရှမ်းကိုးပြည်၊ မြေလတ်သိန္နီများမှာ ခံမြို့ ခံကတုတ် မရှိသေးသည်ကို ကောင်းမွန်စွာ သတိထားအပ်သည်။ ဤခံမြို့၌ မြို့၏ အင်္ဂါခုနစ်ပါး၊ မြို့၏ အစာလေးပါး ရှိသည်ကို သတ္တနိပါတ် အင်္ဂုတ္တရ အစရှိသော ပါဠိတော်၌ -

ယတော ခေါ ဘိက္ခဝေ ရညော ပစ္စန္တိမံ နဂရံ သတ္တဟိ နဂရ ပရိက္ခာရေဟိ သုပရိက္ခတံ ဟောတိ၊ စတုန္နအာဟာရာနံ နိကာမလာဘီ ဟောတိ။ အကိစ္ဆလာဘီ အကသိရလာဘီ ဣဒံ ဝုစ္စတိ။ ဘိက္ခဝေ ရညော ပစ္စန္တိမံ နဂရံ အကရဏီယံ ဗာဟိရေဟိ ပစ္စတ္ထိကေဟိ ပစ္စာမိတ္တေဟိ။

ကတမေဟိ သတ္တဟိ နဂရ ပရိက္ခာရေဟိ သုပရိက္ခတံ ဟောတိ။ ဣဓ ဘိက္ခဝေ ရညော။ ပစ္စန္တိမေ နဂရေ ဧသိကာ ဟောတိ ဂမ္ဘီရနေမာ သုနိခါတာ အစလာ အသံပဝေဓီ။ ဣမိနာ ပဌမေန နဂရ ပရိက္ခာရေန သုပရိက္ခတံ ဟောတိ။ ရညော ပစ္စန္တိမံ နဂရံ အဗ္ဘန္တရာနံ ဂုတ္တိယာ ဗာဟိ ရာနံ ပဋိဃာတာယ။

ပုန စ ပရံ ဘိက္ခဝေ ရညော ပစ္စန္တိမေ နဂရေ ပရိက္ခာဟောတိ။ ဂမ္ဘီရာ စေဝ ဝိတ္ထတာစ။ ဣမိနာ ဒုတိယေန နဂရ ပရိက္ခာရေန သုပရိက္ခတံ ဟောတိ ရညော ပစ္စန္တိမံ နဂရံ အဗ္ဘန္တရာနံ ဂုတ္တိယာ ဗာဟိရာနံ ပဋိဃာတာယ။

ပုန စ ပရံ ဘိက္ခဝေ ရညော ပစ္စန္တိမေ နဂရေ အနုပရိ ယာယပ ထော ဟောတိ။ ဥစ္စောစေဝ ဝိတ္ထတောစ။ ဣမိနာ တတိယေန နဂရ ပရိက္ခာရေန

---

၁။ ပုရပိုက်မူ၌ 'ဣန္ဒြ' ဟု ရှိသည်။
၂။ ပုရပိုက်မူ၌ 'ဣန္ဒြ' ဟု ရှိသည်။

http://www.cherrythitsar.org


သုပရိက္ခတံ ဟောတိ ရညော ပစ္စန္တိမံနဂရံ အဗ္ဘန္တရာနံ ဂုတ္တိယာ ဗာဟိရာနံ ပဋိဃာတာယ။

ပုန စ ပရံ ဘိက္ခဝေ ရညော ပစ္စန္တိမေ နဂရေ ဗဟုံ အာဝုဓံ သန္နိစိတံ ဟောတိ၊ သလာကဉ္စေဝ ဇေဝနိကဉ္စ။ ဣမိနာ စတုတ္ထေန နဂရ ပရိက္ခာရေန သုပရိက္ခတံ ဟောတိ။ ရညော ပစ္စန္တိမံ နဂရံ အဗ္ဘန္တရာနံ ဂုတ္တိယာ ဗာဟိရာနံ ပဋိဃာတာယ။

ပုန စ ပရံ ဘိက္ခဝေ ရညော ပစ္စန္တိမေ နဂရေ ဗဟုဗလ ကာယော ပဋိဝသတိ။ သေယျထိဒံ၊ ဟတ္ထာရောဟာ အဿ ရောဟာ ရထိကာ ဓနုဂ္ဂ ဟာ စေလကာ စလကာ ပိဏ္ဍဒါယကာ ဥဂ္ဂါရာဇပုတ္တာ ပက္ခန္ဒိနော မဟာ နာဂါသူရာ စမ္မယောဓိနော ဒါသကပုတ္တာ။ ဣမိနာ ပဉ္စမေန နဂရ ပရိက္ခရေန သုပရိက္ခတံ ဟောတိ ရညော ပစ္စန္တိမံနဂရံ အဗ္ဘန္တရာနံ ဂုတ္တိ ယာ ဗာဟိရာနံ ပဋိဃာတာယ။

ပုန စ ပရံ ဘိက္ခဝေ ရညော ပစ္စန္တိမေ နဂရေ ဒေါ်ဝါရိကောဟောတိ ပဏ္ဍိတော ဗျာတ္တော မေဓာဝီ အညာတာနံ နိဝါရေတာ ဉာတာနံ ပဝေသေတာ။ ဣမိနာ ဆဋ္ဌေန နဂရ ပရိက္ခာရေန သုပရိက္ခတံ ဟောတိ။ ရညော ပစ္စန္တိမံ နဂရံ အဗ္ဘန္တရာနံ ဂုတ္တိယာ ဗာဟိရာနံ ပဋိဃာတာယ။

ပုန စ ပရံ ဘိက္ခဝေ ရညော ပစ္စန္တိမေ နဂရေ ပါကာရောဟောတိ။ ဥစ္စော စေဝ ဝိတ္ထတောစ ဝါသနလေပန သမ္ပန္နောစ။ ဣမိနာ သတ္တမေန နဂရ ပရိက္ခာရေန သုပရိက္ခတံ ဟောတိ ရညော ပစ္စန္တိမံ နဂရံ အဗ္ဘန္တရာနံ ဂုတ္တိယာ ဗာဟိရာနံ ပဋိဃာတာယ။ ။ ဣမေဟိ သတ္တဟိ နဂရ ပရိက္ခာရေဟိ သုပရိက္ခတံ ဟောတိ။

ကတမေသံ စတုန္နံ အာဟာရာနံ။ နိကာမလာဘီ ဟောတိ။ အကိစ္ဆလာဘီ အကသိရလာဘီ၊ ဣဓ ဘိက္ခဝေ ရညော ပစ္စန္တိမေ နဂရေ ဗဟုံ တိဏကဋ္ဌောဒကံ သန္နိစိတံ ဟောတိ။ အဗ္ဘန္တရာနံ ရတိယာ အပရိတဿာယ ဖာသုဝိဟာရာယ ဗာဟိရာနံ ပဋိဃာတာယ။

ပုနစပရံ ဘိက္ခဝေ ရညော ပစ္စန္တိမေ နဂရေ ဗဟုံသာလိယဝကံ သန္နိစိတံ ဟောတိ။ အဗ္ဘန္တရာနံ ရတိယာ အပရိတဿာယ ဖာသုဝိဟာရာယ ဗာဟိရာနံ ပဋိဃာတာယ။

ပုန စ ပရံ ဘိက္ခဝေ ရညော ပစ္စန္တိမေ နဂရေ ဗဟုံတိလ မုဂ္ဂမာ သာ ပရဏ္ဏံ သန္နိစိတံ ဟောတိ အဗ္ဘန္တရာနံ ရတိယာ အပရိတဿာယ ဖာသုဝိဟာရာယ ဗာဟိရာနံ ပဋိဃာတာယ။

ပန စ ပရံ ဘိက္ခဝေ ရညောပစ္စန္တိမေ နဂရေ ဗဟုံ ဘေသဇ္ဇံ သန္နိ စိတံ ဟောတိ။ သေယျထိဒံ၊ သပ္ပိ နဝနီတံ တေလံ မဓု ဖာဏိတံ လောဏံ၊ အဗ္ဘန္တရာနံ

http://www.cherrythitsar.org



ရတိယာ အပရိတဿာယ ဖာသုဝိဟာရာယ ဗာဟိရာနံ ပဋိဃာတာယ။ ။ ဣမေသံ ခေါ ဘိက္ခဝေ စတုန္နံ အာဟာရာနံ နိကာမလာဘီ ဟောတိ အကိစ္ဆလာဘီ အကသိရလာဘီ။

ယတော ခေါ ဘိက္ခဝေရညောပစ္စန္တိမံ နဂရံ အကရဏီယံ ဗာဟိ ရေဟိ ပစ္စတ္ထိကေဟိ ပစ္စာမိတ္တေဟိ။ ။ ဟူ၍ ဟောတော်မူသည်။

ဘိက္ခဝေ၊ တို့။ ရညော၊ ပြည်ရှင်မင်း၏။ ပစ္စန္တိမံ၊ နိုင်ငံစွန်း၌ဖြစ်သော။ နဂရံ၊ ခံမြို့ကို။ သတ္တဟိ နဂရ ပရိက္ခာရေဟိ၊ ခုနစ်ပါးကုန်သော မြို့၏ အခြံအရံ အင်္ဂါတို့ဖြင့်။ ယတော၊ အကြင့်ကြောင့်။ သုပရိက္ခတံ၊ ကောင်းစွာ ခြံရံအပ်သည်။ ဟောတိ၊ ၏။ စတုန္နံ၊ လေးပါးကုန်သော။ အာဟာရာနံစ၊ မြို့၏အထောက်အပံ့ အစာတို့ကိုလည်း။ နိကာမလာဘီ၊ မတောင့်မတ ရနိုင်သည်။ ဟောတိ၊ ၏။ အကိစ္ဆလာဘီ၊ မငြိုမငြင်ရနိုင်သည်။ ဟောတိ၊ ၏။ အကသိရလာဘီ၊ မပင်မပန်း ရနိုင်သည်။ ဟောတိ၊ ၏။ ဘိက္ခဝေ၊ တို့။ တတော၊ ထိုမြို့၏ အခြံအရံ အင်္ဂါခုနစ်ပါး အစာလေးပါးတို့နှင့် ပြည့်စုံခြင်းကြောင့်။ ရညော၊ ပြည်ရှင်မင်း၏။ ပစ္စန္တိမံ၊ နိုင်ငံစွန်း၌ဖြစ်သော။ ဣဒံနဂရံ၊ ဤခံမြို့ကို။ ဗာဟိရေဟိ၊ ပြင်ပ ဖြစ်ကုန်သော။ ပစ္စတ္ထိကေဟိ၊ ဆန့်ကျင်ဘက်ဖြစ်ကုန်သော။ ပစ္စာမိတ္တေဟိ၊ ရန်သူတို့သည်။ အကရဏီယံ၊ တိုက်ခိုက် ဖျက်ဆီးခြင်းကို မပြုနိုင်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ကတမေဟိ၊ အဘယ်ကဲ့သို့ကုန်သော။ သတ္တဟိနဂရ ပရိက္ခာရေဟိ၊ ခုနစ်ပါးကုန်သော ခံမြို့၏အခြံအရံအင်္ဂါတို့ဖြင့်။ သုပရိက္ခတံ၊ ကောင်းစွာ ခြံရံ အပ်သည်။ ဟောတိ၊ ဖြစ်သနည်း။

ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ၊ ဤလူ့ပြည်၌။ ရညော၊ ပြည်ရှင်မင်း၏။ ပစ္စန္တိမေ၊ နိုင်ငံစွန်း၌ဖြစ်သော။ နဂရေ၊ ခံမြို့၌။ ဂမ္ဘီရနေမာ၊ နက်စွာသော တွင်း၌။ သုနိခါတာ၊ ကောင်းစွာ မြှုပ်စိုက်အပ်ကုန်သော။ အစလာ၊ မရွေ့မစောင်းသော။[၁] အသံပဝေဓီ၊ မတုန်မလှုပ်သော။ ဧသိကာ၊ ကျုံးထိပ်ကိုရံ၍ စိုက်သော သစ်တပ်တို့သည်။ ဟောန္တိ၊ ကုန်၏။ အဗ္ဘန္တရာနံ၊ ခံမြို့တွင်း၌နေသော သူတို့ကို။ ဂုတ္တိယာ၊ လုံခြုံစေခြင်းငှာ။ ဗာဟိရာနံ၊ ခံမြို့ပြင်ပ၌နေသော ရန်သူတို့ကို။ ပဋိဃာတာယ၊ တားမြစ်ခြင်းငှာ။ ရညော၊ ပြည်ရှင်မင်း၏။ ပစ္စန္တိမံ၊ နိုင်ငံစွန်း၌ ဖြစ်သော။ နဂရံ၊ ခံမြို့သည်။ ပဌမေန၊ ရှေးဦးစွာသော။ ဣမိနာ နဂရ ပရိက္ခာရေန၊ ဤမြို့၏ အခြံအရံအင်္ဂါဖြင့်။ သုပရိက္ခတံ၊ ကောင်းစွာ ခြံရံအပ် သည်။ ဟောတိ၊ ၏။

---

၁။ သူရိယမူ၌ မရွေ့မရှားဟု ပါရှိသည်။

ဘိက္ခဝေ၊ တို့။ ပုနစပရံ၊ တစ်ဖန်တစ်ပါးတုံ။ ရညော၊ ပြည်ရှင်မင်း၏။ ပစ္စန္တိမေ၊ နိုင်ငံစွန်း၌ဖြစ်သော။ နဂရေ၊ ခံမြို့၌။ ဂမ္ဘီရာစေဝ၊ အစောက်နက်သည် လည်းဖြစ်သော။ ဝိတ္ထတာစ၊ အနံအကျယ်သည်လည်းဖြစ်သော။ ပရိက္ခာ၊ ကျုံးသည်။ ဟောတိ၊ ၏။ အဗ္ဘန္တရာနံ၊ ခံမြို့တွင်း၌နေသောသူတို့ကို။ ဂုတ္တိယာ၊ လုံခြုံစေခြင်းငှာ။ ဗာဟိရာနံ၊ ခံမြို့ပြင်၌ နေသောရန်သူတို့ကို။ ပရံဃာတာယ၊ တားမြစ်ခြင်းငှာ။ ရညော၊ ပြည်ရှင်မင်း၏။ ပစ္စန္တိမံ၊ နိုင်ငံစွန်း၌ဖြစ်သော။ နဂရံ၊ ခံမြို့သည်။ ဒုတိယေ၊ နှစ်ခုမြောက်သော။ ဣမိနာ နဂရ ပရိက္ခာရေန၊ ဤမြို့၏ အခြံအရံအင်္ဂါဖြင့်။ သုပရိက္ခတံ၊ ကောင်းစွာခြံရံအပ်သည်။ ဟောတိ၊ ၏။

ဘိက္ခဝေ၊ တို့။ ပုစနပရံ၊ တစ်ဖန်တစ်ပါးတုံ။ ရညော၊ ပြည်ရှင်မင်း၏။ ပစ္စန္တိမေ၊ နိုင်ငံစွန်း၌ဖြစ်သော။ နဂရေ၊ ခံမြို့၌။ ဥစ္စောစေဝ၊ မြင့်သည်မူလည်း ဖြစ်သော။ ဝိတ္ထတောစ၊ ကျယ်သည်မူလည်းဖြစ်သော၊ အနုပရိယာယပထော၊ သူရဲပြေးသည်။ ဟောတိ၊ ၏။ အဗ္ဘန္တရာနံ၊ ခံမြို့တွင်း၌နေသော သူတို့ကို။ ဂုတ္တိယာ၊ လုံခြုံစေခြင်းငှာ။ ဗာဟိရာနံ၊ ခံမြို့ပြင်၌နေသော ရန်သူတို့ကို။ ပဋိဃာတာယ၊ တားမြစ်ခြင်းငှာ။ ရညော၊ ပြည်ရှင်မင်း၏။ ပစ္စန္တိမံ၊ နိုင်ငံစွန်း၌ ဖြစ်သော။ နဂရံ၊ ခံမြို့သည်။ တတိယေန၊ သုံးခုမြောက်သော။ ဣမိနာနဂရ ပရိက္ခာရေန၊ ဤမြို့၏ အခြံအရံအင်္ဂါဖြင့်။ သုပရိက္ခတံ၊ ကောင်းစွာ ခြံရံအပ် သည်။ ဟောတိ၊ ဖြစ်၏။

ဘိက္ခဝေ၊ တို့။ ပုနစပရံ၊ တစ်ဖန်တစ်ပါးတုံ။ ရညော၊ ပြည်ရှင်မင်း၏။ ပစ္စန္တိမေ၊ နိုင်ငံစွန်း၌ဖြစ်သော။ နဂရေ၊ ခံမြို့၌။ သလာကဉ္စေဝ၊ ပစ်လွှတ်အပ် သော လေးမြား မီးပေါက် အမြောက်သေနတ်စသော သလကမည်သော လက်နက်လည်းကောင်း။ ဇေဝနိကဉ္စ၊ မပစ်လွှတ်ရာသော ဓား သန်လျက်စသော ဇေဝနိက မည်သော လက်နက်လည်းကောင်း။ ဣတိ၊ ဤသို့။ ဗဟုံ အာဝုဓံ၊ များစွာသော လက်နက်တို့ကို။ သန္နိစိတံ၊ သိုမှီးစုထားအပ်သည်။ ဟောတိ၊ ဖြစ်၏။ အဗ္ဘန္တရာနံ၊ ခံမြို့တွင်း၌နေသော သူတို့ကို။ ဂုတ္တိယာ၊ လုံခြုံစေခြင်းငှာ။ ဗာဟိရာနံ၊ ခံမြို့ပြင်၌နေသော ရန်သူတို့ကို။ ပဋိဃာတာယ၊ တားမြစ်ခြင်းငှာ။ ရညော၊ ပြည်ရှင်မင်း၏။ ပစ္စန္တိမံ၊ နိုင်ငံစွန်း၌ဖြစ်သော။ နဂရံ၊ ခံမြို့သည်။ စတုတ္ထေန၊ လေးခုမြောက်သော။ ဣမိနာ နဂရ ပရိက္ခာရေန၊ ဤခံမြို့၏ အခြံအရံအင်္ဂါဖြင့်။ သုပရိက္ခတံ၊ ကောင်းစွာ ခြံရံအပ်သည်။ ဟောတိ၊ ၏။

ဘိက္ခဝေ၊ တို့။ ပုနစပရံ၊ တစ်ဖန်တစ်ပါးတုံ။ ရညော၊ ပြည်ရှင်မင်း၏။ ပစ္စန္တိမေ၊ နိုင်ငံစွန်း၌ဖြစ်သော။ နဂရေ၊ ခံမြို့၌။ ဗဟုဗလကာယော၊ များစွာသော ဗိုလ်ပါ သူရဲအပေါင်းတို့သည်။ ပဋိဝသတိ၊ နေ၏။ ဣဒံ၊ ဤသူရဲဟူသည်။

http://www.cherrythitsar.org



သေယထာကတမေ၊ အဘယ်သည်တို့နည်းဟုမူကား။ ဟတ္ထာရောဟာ၊ ဆင်စီးသူရဲ။ အဿရောဟာ၊ မြင်းစီးသူရဲ။ ရထိကာ၊ ရထားစီးသူရဲ။ ဓနုဂ္ဂဟာ၊ လေးစွဲသူရဲ။ စေလကာ၊ စစ်ထိုးရာ အောက်လံကိုင်သူရဲ။ စလကာ၊ မင်းမှူးမတ် ဗိုလ်ပါ ရဲမက်တို့ကို သင့်တင့်ရာ နေရာချထား စီမံတတ်သောသူရဲ။ ပိဏ္ဍ ဒါယကာ၊ ရန်သူရှိရာ ချွန်ချွန် ဝင်သွား၍၊ ရန်သူတစ်ပါး ဦးခေါင်းကို ဖြတ်ယူပြီး လျှင် ခုန်လွှားပြန်ထွက်နိုင်သောသူရဲ။ တစ်နည်း။ ပိဏ္ဍဒါယကာ၊ ရိက္ခာပို့သူရဲ။ ဥဂ္ဂါရာဇပုတ္တာ၊ စစ်အောင်ဖန်များ၍ ထင်ရှားကျော်စောလေပြီးသော မင်းမျိုးသူရဲ။ ပက္ခန္ဒိနော၊ စစ်တိုက်ရာ မည်သူ၏ဦးခေါင်းကို ဖြတ်ယူမည် ရည်ညွှန်းပြပြောဆို သည့်အတိုင်း၊ ရန်သူဘောင်သို့ ပြေးဝင်၍ ဆိုတိုင်း ရန်သူ၏ဦးခေါင်းကို ဖြတ်ယူ နိုင်သောသူရဲ။ မဟာနာဂါ၊ အမုန်ယစ်သော ဆင်ပြောင်ကြီးပင် ရင်ဆိုင်လာငြား သော်လည်း မဆုတ်မနစ် ရန်သူရှိရာ ရှေ့သို့သာ တက်သောသူရဲ။ သူရာ၊ လွှားကာနှင့်တကွ သမုဒ္ဒရာကိုပင် ကူးနိုင်၏ဟု ရဲစွမ်းရှိသောသူရဲ။ စမ္မယော ဓိနော၊ သားရေချပ်ဝတ်ဆင်၍ စစ်ထိုးသော သူရဲ။ ဒါသကပုတ္တာ၊ အားကိုး စိတ်သန် လျှင်မြန်ရဲရင့် စွန့်စားဝံ့သော ယုံကြည်စိတ်ချရသူ ကျွန်တော်ရင်းသူရဲ။

က္ကမေ၊ ဤတစ်ကျိပ်သုံးယောက်သော သူရဲမျိုးတို့တည်း။ အဗ္ဘန္တရာနံ၊ ခံမြို့ တွင်း၌နေသော သူရဲတို့ကို။ ဂုတ္တိယာ၊ လုံခြုံစေခြင်းငှာ။ ဗာဟိရာနံ၊ ခံမြို့ပြင်၌ နေသော ရန်သူတို့ကို။ ပဋိဃာတာယ၊ တားမြစ်ခြင်းငှာ၊ ရညော၊ ပြည်ရှင်မင်း၏။ ပစ္စန္တိမံ၊ နိုင်ငံစွန်း၌ဖြစ်သော။ နဂရံ၊ ခံမြို့သည်။ ပဉ္စမေန၊ ငါးခုမြောက်သော။ က္ကမိနာ နဂရ ပရိက္ခာရေန၊ ဤမြို့၏ အခြံအရံ အင်္ဂါဖြင့်။ သုပရိက္ခတံ၊ ကောင်းစွာ ခြံရံအပ်သည်။ ဟောတိ၊ ၏။

ဘိက္ခဝေ၊ တို့။ ပုနစပရံ၊ တစ်ဖန်တစ်ပါးတုံ။ ရညော၊ ပြည်ရှင်မင်း၏။ ပစ္စန္တိမေ၊ နိုင်ငံစွန်း၌ဖြစ်သော။ နဂရေ၊ ခံမြို့၌။ ပဏ္ဍိတော၊ ပညာရှိသော။ ဗျတ္တော၊ လိမ္မာသော။ မေဓာဝီ၊ ထိုးထွင်း၍ သိတတ်သော။ အညာတာနံ၊ မသိသသူ လူစိမ်းတို့ကို။ နိဝါရေတာ၊ တားမြစ်၍။ ဉာတာနံ၊ သိသူတို့ကို။ ပဝေသေတာ၊ သွင်းပေးတတ်သော။ ဒေါဝါရိကော၊ တံခါးစောင့်သည်။ ဟောတိ၊ ဖြစ်၏။ အဗ္ဘန္တရာနံ၊ ခံမြို့တွင်း၌နေသော သူတို့ကို။ ဂုတ္တိယာ၊ လုံခြုံစေခြင်းငှာ။ ဗာဟိရာနံ၊ ခံမြို့ပြင်၌နေသော ရန်သူတို့ကို။ ပဋိဃာတာယ၊ တားမြစ်ခြင်းငှာ။ ရညော၊ ပြည်ရှင်မင်း၏။ ပစ္စန္တိမံ၊ နိုင်ငံစွန်း၌ဖြစ်သော။ နဂရံ၊ ခံမြို့သည်။ ဆဋ္ဌေန၊ ခြောက်ခုမြောက်သော။ က္ကမိနာ နဂရ ပရိက္ခာရေန၊ ဤမြို့၏အခြံအရံ အင်္ဂါဖြင့်။ သုပရိက္ခတံ၊ ကောင်းစွာ ခြံရံအပ်သည်။ ဟောတိ၊ ၏။

http://www.cherrythitsar.org


ဘိက္ခဝေ၊ တို့။ ပုနစပရံ၊ တစ်ဖန်တစ်ပါးတုံ။ ရညော၊ ပြည်ရှင်မင်း၏။ ပစ္စန္တိမေ၊ နိုင်ငံစွန်း၌ဖြစ်သော။ နဂရေ၊ ခံမြို့၌။ ဥစ္စောစေဝ၊ မြင့်သည်မူလည်း ဖြစ်သော။ ဝိတ္ထတောစ၊ ကျယ်သည်မူလည်းဖြစ်ထသော။ ဝါသန လေပန သမ္ပန္နောစ၊ သစ်ငုတ် စိုက်ခြင်း လိမ်းကျံခြင်းနှင့် ပြည့်စုံသော။ ပါကာရော၊ မြို့ရိုးတံတိုင်းသည်။ ဟောတိ၊ ၏။ အဗ္ဘန္တရာနံ၊ ခံမြို့တွင်း၌နေသော သူတို့ကို။ ဂုတ္တိယာ၊ လုံခြုံစေခြင်းငှာ။ ဗာဟိရာနံ၊ ခံမြို့ပြင်၌နေသော ရန်သူတို့ကို။ ပဋိဃာတာယ၊ တားမြစ်ခြင်းငှာ။ ရညော၊ ပြည်ရှင်မင်း၏။ ပစ္စန္တိမံ၊ နိုင်ငံစွန်း၌ဖြစ်သော။ နဂရံ၊ ခံမြို့သည်။ သတ္တမေန၊ ခုနစ်ခုမြောက်သော။ ဣမိနာ နဂရ ပရိက္ခာရေန၊ ဤမြို့၏အခြံအရံ အင်္ဂါဖြင့်။ သုပရိက္ခတံ၊ ကောင်းစွာ ခြံရံအပ်သည်။ ဟောတိ၊ ၏။ ။ ဘိက္ခဝေ၊ တို့။ သတ္တဟိ၊ ခုနစ်ပါးကုန်သော။ ဣမေဟိ နဂရ ပရိက္ခာရေဟိ၊ ဤဆိုခဲ့ပြီးသော မြို့၌အခြံအရံအင်္ဂါတို့ဖြင့်။ ရညော၊ ပြည်ရှင်မင်း၏။ ပစ္စန္တိမေ၊ နိုင်ငံစွန်း၌ဖြစ်သော။ နဂရေ၊ ခံမြို့၌။ သုပရိက္ခတံ၊ ကောင်းစွာခြံရံအပ်သည်။ ဟောတိ၊ ဖြစ်၏။

ကတမေသံ၊ အဘယ်ကဲ့သို့ကုန်သော။ စတုန္နံ၊ လေးပါးကုန်သော။ အာဟာရာနံ၊ မြို့၏အထောက်အပံ့ အစာတို့သည်။ နိကာမလာဘီ၊ မတောင့် မတ ရနိုင်သည်။ ဟောတိ၊ ဖြစ်သနည်း။ အကိစ္ဆလာဘီ၊ မငြိုမငြင် ရနိုင်သည်။ ဟောတိ၊ ဖြစ်သနည်း။ အကသိရလာဘီ၊ မပင်မပန်း ရနိုင်သည်။ ဟောတိ၊ ဖြစ်သနည်း။

ဘိက္ခဝေ၊ တို့။ ဣဓ၊ ဤလောက၌။ အဗ္ဘန္တရာနံ၊ ခံမြို့တွင်း၌ နေကုန်သော သူတို့ကို။ ရတိယာ၊ မွေ့လျော်စေခြင်းငှာ။ အပရိတဿာယ၊ မပင်မပန်း စေခြင်းငှာ။ ဖာသုဝိဟာရာယ၊ ချမ်းသာစွာနေစေခြင်းငှာ။ ဗဟိရာနံ၊ ခံမြို့ပြင်၌ နေသော ရန်သူတို့ကို။ ပဋိဃာတာယာ၊ တားမြစ်ခြင်းငှာ။ ရညော၊ ပြည်ရှင်မင်း၏။ ပစ္စန္တိမေ၊ နိုင်ငံစွန်း၌ဖြစ်သော။ နဂရေ၊ ခံမြို့၌။ သန္နိစိတံ၊ ရုံးစု၍ထားအပ်သော။ ဗဟုံတိဏကဋ္ဌောဒကံ၊ များစွာသော မြက်၊ ထင်း၊ ရေ ရှိသည်။ ဟောတိ၊ ဖြစ်၏။

ဘိက္ခဝေ၊ တို့။ ဣဓ၊ ဤလောက၌။ အဗ္ဘန္တရာနံ၊ ခံမြို့တွင်း၌ နေကုန်သော သူတို့ကို။ ရတိယာ၊ မွေ့လျော်စေခြင်းငှာ။ အပရိတဿာယ၊ မပင်မပန်း စေခြင်းငှာ။ ဖာသုဝိဟာရာယ၊ ချမ်းသာစွာနေစေခြင်းငှာ။ ဗဟိရာနံ၊ ခံမြို့ပြင်၌ နေသော ရန်သူတို့ကို။ ပဋိဃာတာယာ၊ တားမြစ်ခြင်းငှာ။ ရညော၊ ပြည်ရှင်မင်း၏။ ပစ္စန္တိမေ၊ နိုင်ငံစွန်း၌ဖြစ်သော။ နဂရေ၊ ခံမြို့၌။ သန္နိစိတံ၊ ရုံးစု၍ထားအပ်သော။ ဗဟုံသာလိယဝကံ၊ များစွာသောစပါးမုယော ရှိသည်။ ဟောတိ၊ ဖြစ်၏။

http://www.cherrythitsar.org



ဘိက္ခဝေ၊ တို့။ ဣဓ၊ ဤလောကဉ်။ အပ္ပကာ၊ ခံမြို့တွင်း၌ နေကုန်သော သူတို့ကို။ ရတိယာ၊ မွေ့လျော်စေခြင်းငှာ။ အပရိတဿာယ၊ မပင်မပန်း စေခြင်းငှာ။ ဖာသုဝိဟာရာယ၊ ချမ်းသာစွာနေစေခြင်းငှာ။ ဗဟိရာနံ၊ ခံမြို့ပြင်၌ နေသော ရန်သူတို့ကို။ ပဋိဃာတာယ၊ တားမြစ်ခြင်းငှာ။ ရညော၊ ပြည်ရှင်မင်း၏။ ပစ္စန္တိမေ၊ နိုင်ငံစွန်း၌ဖြစ်သော။ နဂရေ ခံမြို့၌။ သန္နိစိတံ၊ ရုံးစု၍ထားအပ်သော။ ဗဟုံတိလ မုဂ္ဂမာသာ ပရဏ္ဏံ၊ များစွာသော နှမ်း၊ ပဲနောက်၊ ပဲကြီးဟု ဆိုအပ်သော ပဲမျိုးရှိသည်။ ဟောတိ၊ ဖြစ်၏။

ဘိက္ခဝေ၊ တို့။ ဣဓ၊ ဤလောကဉ်။ အပ္ပကာ၊ ခံမြို့တွင်း၌ နေကုန်သော သူတို့ကို။ ရတိယာ၊ မွေ့လျော်စေခြင်းငှာ။ အပရိတဿာယ၊ မပင်မပန်း စေခြင်းငှာ။ ဖာသုဝိဟာရာယ၊ ချမ်းသာစွာနေစေခြင်းငှာ။ ဗဟိရာနံ၊ ခံမြို့ပြင်၌ နေသော ရန်သူတို့ကို။ ပဋိဃာတာယ၊ တားမြစ်ခြင်းငှာ။ ရညော၊ ပြည်ရှင်မင်း၏။ ပစ္စန္တိမေ၊ နိုင်ငံစွန်း၌ဖြစ်သော။ နဂရေ ခံမြို့၌။ သန္နိစိတံ၊ ရုံးစု၍ ထားအပ်သော။ ဗဟုံ၊ များစွာသော။ ဘေသဇ္ဇံ၊ ဆေးရှိသည်။ ဟောတိ၊ ၏။ ဣဒံ၊ ဤဆေးဟူသည်။ သေယထာ ကတမံ၊ အဘယ်တို့နည်းဟူမူကား။ သပ္ပိ၊ ထောပတ်။ နဝနီတံ၊ ဆီဦ။ တေလံ၊ ဆီ။ မဓု၊ ပျား။ ဖာဏိတံ၊ တင်လဲ။ လောဏံ၊ ဆား။ ဤတိ ဣမေ၊ ဤသည်တို့တည်း။ ။

ဘိက္ခဝေ၊ ရဟန်းတို့။ စတုန္နံ၊ လေးပါးကုန်သော။ ဣမေသံ ခေါ် အာဟာ ရာနံ၊ ဤမြို့၏အထောက်အပံ့အစာတို့ကို။ နိကာမလာဘီ၊ မတောင့်မတ အလို ရှိတိုင်း ရနိုင်သည်။ ဟောတိ၊ ၏။ အကိစ္ဆလာဘီ၊ မငြိုမငြင်သဖြင့် ရနိုင်သည်။ ဟောတိ၊ ၏။ အကသိရလာဘီ၊ မပင်မပန်းသဖြင့် ရနိုင်သည်။ ဟောတိ၊ ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ယတော၊ အကြင့်ကြောင့်။ ရညော၊ ပြည်ရှင်မင်း၏။ ပစ္စန္တိမံ၊ နိုင်ငံအစွန်း၌ဖြစ်သော။ နဂရံ၊ ခံမြို့ကို။ ဗာဟိရေဟိ၊ ပြင်ပ၌ဖြစ်ကုန် သော။ ပစ္စတ္ထိကေဟိ၊ ဆန့်ကျင်ဘက်ဖြစ်ကုန်သော။ ပစ္စာမိတ္တေဟိ၊ ရန်သူတို့ သည်။ အကရဏီယံ၊ တိုက်ခိုက်ဖျက်ဆီးခြင်းကို မပြုနိုင်။ ။ ဟူ၍ ဟောတော် မူသည်။

ဤသို့ သတ္တနိပါတ် အင်္ဂုတ္တရပါဠိတော်၌လည်း နိုင်ငံ အစွန်အဖျား၌ရှိသော ခံမြို့ကို မြို့၏အင်္ဂါ အခြံအရံအင်္ဂါ ခုနစ်ပါး၊ အစာလေးပါး၊ သူရဲမျိုးတစ်ဆယ့် သုံးပါးတို့နှင့် အပြည့်အစုံ ရှိစေရမည်ဟူ၍ ဟောတော်မူသောကြောင့်၊ ရှေးအထက် ကပင် ခံမြို့တို့မည်သည် နိုင်ငံအစွန်အဖျားမှာသာ ထားသင့်ကြောင်းကို သိသာ သည်။ ဤခံမြို့ဟူသည်လည်း နိုင်ငံ၏အင်္ဂါခုနစ်ပါးတို့တွင် တစ်ပါး အဝင်အပါ ဖြစ်သည်။ ဆိုခဲ့ပြီးသော အရပ်ဌာနတို့၌ နေရာကျအောင်ထားအပ်သော ခံမြို့

http://www.cherrythitsar.org


သည် ဆိုခဲ့ပြီးသည့်အတိုင်း များစွာအကျိုးရှိသောကြောင့် ဤခံမြို့ဟူသော အင်္ဂါ တစ်ပါးသာ မရှိသောနိုင်ငံသည် မခိုင်မလုံနိုင်ရာသည်ကိုလည်း သိအပ်၏။

## ၃၃။ ငွေတိုက်တည် လုပ်သင့်ကြောင်း

ကောသမည်သော ကျီ၊ ကြ၊ တိုက်တော်ဟူသည်ကား သင်္ဂဟတရားလေးပါး၌ ဆိုခဲ့ပြီးသည်အတိုင်း သမ္မာပါသတရားကို ကောင်းစွာဖြစ်ထွန်းစေရအောင်လည်းကောင်း၊ အကြီးအကျယ် စစ်မှုကိစ္စရှိလျှင် ရွှေ ငွေ ဥစ္စာပစ္စည်း ကောက်ငင်ကာ ရအောင်လည်းကောင်း။ ရွှေ ငွေရတနာ ဆန်စပါးတို့ဖြင့် အပြည့်အနှက် ကျီတော် တိုက်တော်များမှာ ရှိစေရသည်။ တိုင်းသူပြည်သူအားလုံးတို့နှင့် ဆက်ဆံနိုင်အောင် ငွေတိုက်ကို အနောက်တိုင်းပြည် သိုးဆောင်းနိုင်ငံများမှာကဲ့သို့ လုပ်ဆောင်ထားလျှင်၊ ဆိုခဲ့ပြီးသော အကျိုးသာမက နိုင်ငံသား အလုံးစုံနှင့် မင်း၊ မှူးမတ်တို့ ဥစ္စာပစ္စည်း တစ်ပေါင်းတည်းဖြစ်၍၊ စီးပွားဘက်ဖြစ်ကြသောကြောင့် တစ်ဦး၏အကျိုးကို တစ်ဦးအလိုရှိကြ၍၊ ဆင်းရဲအတူ ချမ်းသာအမျှ ဖြစ်နိုင်သော နိုင်ငံတစ်ခုလုံး အစည်းအဝေးတစ်ခုတည်း သန္နိပါက ညီညွတ်ခြင်း သမဂ္ဂဖြစ်သဖြင့်၊ အပရိဟာနိယတရား တိုးပွား၍၊ အခြားရန်သူတို့ မလှုပ်ရှားနိုင်သော အလွန်ခိုင်မာသော နိုင်ငံဖြစ်နိုင်သည်။ ချည်မျှင်၊ ပိုးမျှင်၊ လျှော်မျှင် တစ်ခုတည်းကို ဆွဲ၍ဖြတ်လျှင် အလွယ်တကူ ပြတ်သည်။ ဤချည်မျှင်၊ ပိုးမျှင်၊ လျှော်မျှင်ငယ် အများတို့ကို အတင်းအလျော့ညီအောင် ပေါင်းစုရ၍ကျစ်သောကြိုးသည် အပေါင်းအစုများ၍ ကြီးမားခိုင်ခံ့လေ၊ အဆွဲအဖြတ် ခက်လေ ဖြစ်သကဲ့သို့ ညီညွတ်သော အစည်းအဝေး အပေါင်းအစုများလေ ခိုင်ခံ့ခြင်းအားကြီးလေ ဖြစ်သည်ကိုလည်း သိသာသည်။

အနောက်တိုင်းပြည် သိုးဆောင်းနိုင်ငံများမှာ ငွေတိုက်တည်လုပ်ပုံကား နိုင်ငံက ထွက်သမျှ အခွန်ကိုလည်းကောင်း၊ မင်း၊ မှူးမတ်တို့ အထိုက်အလျောက် ရသော ဥစ္စာပစ္စည်းတို့ကိုလည်းကောင်း၊ ကြီးကျယ်ကောင်းမွန်စွာ အခိုင်အလုံ တိုက်ကြီးတည်၍၊ ဤတိုက်ကြီး၌ ပေါင်းစုထားပြီးလျှင်၊ အသုံးရှိသမျှကို ဤတိုက်ကသာ ထုတ်ယူသုံးရသည်။ အသုံးပြင် ပိုမိုသည့်ငွေကိုလည်း လယ်ယာ လုပ်ဆောင် ကူးသန်းရောင်းဝယ်သည့် ကုန်သည် လယ်လုပ်တို့က အလိုရှိလျှင်၊ အတိုးအနည်းငယ်နှင့် သမ္မာပါသတရား ဖြစ်ပွားအောင် ထုတ်ချေးငှားသည်ဖြစ်၍၊ မိမိအိမ်မှာ ထားသည်ထက် ငွေတိုက်မှာ ဥစ္စာပစ္စည်းတို့ကိုထားလျှင်၊ မင်း၊ မှူးမတ်တို့

http://www.cherrythitsar.org



နေရာတစ်ခုတည်း ဝိုင်း၍ စောင့်ရှောက်ရသောကြောင့်၊ နေရာအများမှာ ထားသော ဥစ္စာပစ္စည်းကို စောင့်ရှောက်ရကဲ့သို့၊ အစောင့်အရှောက် ခက်၍ ပျောက်ပျက်ခြင်းမရှိ၊ လုံခြုံအောင် စောင့်ရှောက်နိုင်သည်။ အကယ်၍ ပျက်စီး တိမ်းပါးရှိလျှင်၊ မင်းမျိုးမတ်တို့က စု၍ ပေးလျော်သည်။

ဤသို့သော အကျိုးကို နိုင်ငံသားတို့ သိမြင်သောကြောင့်၊ မိမိတို့၌ရှိသော ရွှေ ငွေ ဥစ္စာပစ္စည်းတို့ကိုလည်း ဤငွေတိုက်၌ စုရုံးထားကြသဖြင့်၊ နိုင်ငံသားတို့ ရွှေ ငွေ ဥစ္စာပစ္စည်း အပျောက်အပျက်မရှိ။ တစ်နေ့ထက်တစ်နေ့ စီးပွားချမ်းသာ တိုးတက်ကြသောကြောင့်၊ မင်းမျိုးမတ် နိုင်ငံသားတို့သည် စီးပွားချမ်းသာ ဥစ္စာ ပစ္စည်းကို အကြောင်းပြုသဖြင့်၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဖြဟ္မစိုရ်တရား တိုးပွား၍၊ တစ်ဦးပျက်စီးမည်ကို တစ်ဦးမခံနိုင်၊ အချင်းချင်း ချမ်းသာခြင်းကိုသာ အလိုရှိကြ၍၊ အခြားနိုင်ငံ ရန်သူတို့ တစ်ဦးတစ်ယောက်ကိုမျှ မနှိပ်စက်နိုင်၊ အကယ်၍ နှိပ်စက်လျှင်လည်း ဤသို့ပေါင်းစုသော ငွေအား လူအားနှင့် ဖိစီး တိုက်ခိုက်နိုင်သည်။ အခြားတိုင်းပြည်နိုင်ငံက သံတမန်ကြီးတို့ လာရောက်လျှင် လည်း၊ မင်းတို့၏အားငါးပါးတို့တွင် ဘောဂဗလအားကို ပြနိုင်သည်။

ဤသို့ အကျိုးများစွာရှိသော နိုင်ငံ၏အင်္ဂါတစ်ပါးဖြစ်သော ကောသ မည်သော ငွေတိုက်ကို လုပ်ဆောင်ကြသည်ဖြစ်၍၊ ဆိုခဲ့ပြီးသော သန္နိပါတ သမဂ္ဂ ဟူသော အပရိဟာနိယတရား ဖြဟ္မစိုရ်တရား တိုးပွား၍၊ အလွန်ခိုင်လုံသော နိုင်ငံဖြစ်နိုင်သည်။ ဤသို့ သိုးဆောင်းနိုင်ငံများမှာ တည်ထောင်သော ငွေတိုက် ကဲ့သို့ ဤမြန်မာနိုင်ငံမှာလည်း ငွေတိုက်တည်လုပ်ရလျှင် ဆိုခဲ့ပြီးသော အကျိုးများ ကို ရမည် ဧကန်ဖြစ်သောကြောင့် ဤငွေတိုက် တည်လုပ်ခြင်းကို အထူးသဖြင့် နှလုံးသွင်း၍၊ ငွေတိုက်တည် လုပ်ဖြစ်အောင်ကို မင်းမျိုးမတ်တို့သည် လွန်စွာ အားထုတ် လုပ်ဆောင်သင့်သည်။ ဤသို့ ကောသမည်သော နိုင်ငံ၏အင်္ဂါသည် နိုင်ငံ၌ များစွာသောအကျိုးပေးသောကြောင့်၊ ဤအင်္ဂါတစ်ပါး ချို့တဲ့လျှင် နိုင်ငံ၏ အကျိုးများစွာ ဆုတ်ယုတ်မည်ကို သတိထားအပ်သည်။

## ၃၄။ ဗလ ဟူသော စစ်သည်ရဲမက် လက်နက်ကိုင် ခြောက်မျိုး

ဗလဟူသော ရဲမက်လက်နက်ကိုင် ဟူသည်ကား၊ ရဲမက်လက်နက်ကိုင် ခြောက်မျိုး ရှိသည်ကို ကာမန္ဒကီစသော နီတိကျမ်း၌ -

မောလံ ဘူတံ သေဏိ သခါ
ရိပုဝါ ဋဝိကံ ဗလံ။

http://www.cherrythitsar.org



ပုဗ္ဗံ ပုဗ္ဗံ ဂရဝေါတု၊
ဗလာနံ ဗျသနံတထာ။ ။ ဟူ၍ ဆို၏။

မောလံ၊ အစုရင်း ကျေးကျွန်ရင်းဖြစ်သော စစ်သည်လည်းကောင်း။ ဘူတံ၊ အခစားစစ်သည်လည်းကောင်း။ သေဏိ၊ မြို့ရွာတို့၌အကြောင်းရှိလျှင် ရအောင် စည်းကြပ်၍ထားသော သင်းစစ်သည်လည်းကောင်း။ သခါ၊ မဟာမိတ်နိုင်ငံသား စစ်သည်လည်းကောင်း။ ရိပုံ၊ တိုက်ခိုက်သိမ်းယူထားသော နိုင်ငံသားတို့ကို စည်းကြပ်သော ရန်သူလက်နက်ကိုင်လည်းကောင်း။ အဋဝိကံ၊ ချင်း၊ ကရင်၊ အရိုင်းတောသားမုဆိုးတို့ကို စည်းကြပ်ထားသော လက်နက်ကိုင်လည်းကောင်း။ ဣတိ၊ ဤသို့။ ဗလံ၊ စစ်သည်သည်။ ဆဗ္ဗိဓံ၊ ခြောက်ပါးအပြားရှိ၏။ တထာ၊ ထိုမှတစ်ပါး။ ဗလာနံ၊ စစ်သည်ခြောက်မျိုးတို့တွင်။ တု၊ စင်စစ်။ ဗျသနံ၊ ပျက်စီးခြင်းကို။ ပုဗ္ဗံပုဗ္ဗံ၊ အစဉ်အတိုင်း ရှေးရှေးကို။ ဂရဝေါ၊ အလေးပြု အပ်ကုန်၏။

အဓိပ္ပာယ်ကား. . .

၁။ အစဉ်အဆက် အမှုထမ်းမျိုးဖြစ်သော အမျိုးမှလာသော အမှုထမ်း၊ ယုံကြည်စိတ်ချရသော ကျေးရင်းကျွန်ရင်းအမှုထမ်း၊ ဤကဲ့သို့သော အမှုထမ်းများ သည် ‘မောလ’ မည်၏။

၂။ မြန်မာနိုင်ငံတွင် စုကြီးခြောက်ကြောင်း စသည်တို့တွင် စုရင်း အမှုထမ်း များကဲ့သို့ အလွန်မာသည် ခိုင်ခံ့သည်ဖြစ်၍၊ အလွန် အလေးပြုအပ် ကြည့်ရှု စောင်မအပ်၏။ မည်သည့်မြို့ရွာကမဆို၊ ကိုယ့်နိုင်ငံအတွင်း မိမိအမျိုးသားတို့ကို စစ်တိုက်စေရန် အခကြေးငွေပေးထားသော လက်နက်ကိုင် လူဟူသမျှတို့သည် ‘ဘူတ’ မည်သော လက်နက်ကိုင်မည်၏။ ။ အခစား လက်နက်ကိုင် ဆိုလိုသည်။

၃။ ကိုယ့်နိုင်ငံအတွင်း မြို့ရွာတို့တွင် ရေးကြောင်းကိစ္စရှိလျှင်၊ ကောက်ငင် ကာ ရအောင် အသင့်ပြင်ဆင် စည်းကြပ်ထားသော လက်နက်ကိုင်သည် ‘သေဏိ’ မည်၏။ ။ သင်း လက်နက်ကိုင် ဆိုလိုသည်။

၄။ မဟာမိတ်နိုင်ငံသားတို့ကို ခေါ်ယူငှားရမ်းပြီးလျှင်၊ အခကြေးငွေ ပေး၍၊ အသင့် စည်းကြပ်ထားသော လက်နက်ကိုင်သည်လည်းကောင်း၊ မဟာမိတ်မင်းတို့ က ရေးကြောင်းကိစ္စရှိ၍၊ စစ်ကူသောလက်နက်ကိုင်သည်လည်းကောင်း ‘သခါ’ မည်၏။ ။ အဆွေခင်ပွန်း လက်နက်ကိုင် ဆိုလိုသည်။

၅။ မိမိက အခြားလူမျိုးနိုင်ငံကို ဖိစီးတိုက်ခိုက်သိမ်းယူရရှိ၍၊ ရသော နိုင်ငံသားတို့ကို သင့်လျော်ရာစေခိုင်းမည် စည်းကြပ်ထားသော လက်နက်ကိုင် သည်

'ရိပု' မည်၏။ ။ ရန်သူ လက်နက်ကိုင် ဆိုလိုသည်။ ။ အင်္ဂလိပ်တို့မှာ လည်း တိုက်ခိုက်သိမ်းယူ၍ရသော အိန္ဒိယနိုင်ငံ၊ ရခိုင်၊ ထားဝယ်၊ တလိုင်း စသော နိုင်ငံတို့၌ စည်းကြပ်၍ထားသော စစ်ဘာရီ ကုလားနက်စသော လက်နက်ကိုင် တို့သည် ရန်သူ လက်နက်ကိုင်မည်ကုန်၏။

၆။ ငှက်သင့်တတ်သောအရပ်၊ တောတောင်ကြီးမားရာအရပ်များကို တပ်ချီ တက်ရာ၊ တပ်ဦးက ထား၍ ချီစေသင့်သော၊ တောစဉ် တောင်စဉ်များကို သိကျွမ်း နားလည်သော၊ ချင်း၊ ကရင်၊ တောင်သူ၊ မုဆိုးတို့ကို ရေးကြောင်းကိစ္စရှိလျှင် ကောက်ငင်ကာ ရအောင် အသင့်စည်းကြပ်၍ ထားသော လက်နက်ကိုင်သည် 'အဋ္ဋဝိက' မည်၏။ ။ တောသား လက်နက်ကိုင် ဆိုလိုသည်။

စကားချပ်။ ။ သိုးဆောင်းလူမျိုးတို့မှာ ဤတောသား လက်နက်ကိုင်တို့ကို အစိမ်းဝတ်စေ၍ သေနတ်တို့ကို ပေးအပ်ပြီးလျှင် တပ်ဦးက ချီတက်စေသည်။ ငါးရာ့ငါးဆယ်ဇာတ်၊ ဆဒ္ဒန်ဆင်မင်းဇာတ်တွင် ဆဒ္ဒန်ဆင်မင်းကိုသတ်၍ အစွယ် ကို အယူစေလွှတ်မည်ရှိရာ တောဆင်းတောင်ဆင်းကိုသိသော ကာသိတိုင်း ဗာရာဏသီပြည်၌ တောသားမုဆိုးလက်နက်ကိုင် လူခြောက်သောင်းရှိသည့် အနက်၊ ယောကျ်ားအပြစ် တစ်ဆယ့်ရှစ်ပါးရှိသော သောနုတ္တရမည်သော မုဆိုးကို သုဘဒ္ဒါမိဖုရား ရွေးချယ်စိစစ်၍ ဤသူကား ယောကျ်ားအပြစ် တစ်ဆယ့်ရှစ်ပါး ရှိသည်။ ဆဒ္ဒန်ဆင်မင်းကို မညှာမတာ ဧကန်သတ်မည်ဟု စဉ်းစားဆင်ခြင် နှုတ်ယူပြီးလျှင်၊ ဘုရားလောင်း ဆဒ္ဒန်ဆင်မင်းကို အသတ်စေလွှတ်ကြောင်းနှင့် လာသည်။

ဤ လက်နက်ကိုင် ခြောက်မျိုးတို့တွင် စစ်မက်တိုက်ရာ တောသားမုဆိုး လက်နက်ကိုင်တို့ကို သေကြေပျက်စီးမည်ထက်၊ ရန်သူလက်နက်ကိုင်တို့ သေကျေ ပျက်စီးမည်ကို အလေးပြုအပ် စောင့်ရှောက်အပ်သည်။ ထိုရန်သူ လက်နက်ကိုင် တို့ထက် အဆွေခင်ပွန်း လက်နက်ကိုင်တို့ သေကျေပျက်စီးမည်ကို အလေးပြုအပ် စောင့်ရှောက်အပ်သည်။ (အဆွေခင်ပွန်း လက်နက်ကိုင်တို့ထက်။ သင်း လက်နက်ကိုင်တို့ သေကျေပျက်စီးမည်ကို အလေးပြုအပ် စောင့်ရှောက် အပ်သည်)[၁]။ သင်းလက်နက်ကိုင်တို့ထက်၊ အခစား လက်နက်ကိုင်တို့ သေကျေ ပျက်စီးမည်ကို အလေးပြု စောင့်ရှောက်အပ်သည်။ အခစားလက်နက်ကိုင်တို့ ထက်၊ ကျွန်တော်ရင်း အစုရင်းဖြစ်သော လက်နက်ကိုင်တို့ သေကျေပျက်စီးမည် ကို အလေးပြုအပ် စောင့်ရှောက်အပ်သည်။

---

၁။ သူရိယမှု၌ ဤဝါကျ မပါ။

http://www.cherrythitsar.org



ဤသတ္တနိပါတ် အင်္ဂုတ္တရပါဠိတော်တွင် ဟောတော်မူသည့်အတိုင်း ဤလက်နက်ကိုင် ခြောက်မျိုးတို့တွင် တစ်မျိုးတစ်မျိုးလျှင် သူရဲမျိုးတစ်ဆယ့်သုံးမျိုးစီ ရှိသင့်သည်။ ဤလက်နက်ကိုင်ဟူသော 'ဗလ' သည် နိုင်ငံ၏ အင်္ဂါခုနစ်ပါးတို့တွင် တစ်ပါးအဝင်ဖြစ်၍ ဤလက်နက်ကိုင် 'ဗလ' ဟူသော အင်္ဂါတစ်ပါးမရှိလျှင် နိုင်ငံသည် ကောင်းမွန်ခိုင်ခန့်စွာ မဖြစ်နိုင်။

## ၃၅။ အင်္ဂေါ့ဘိဏီ တိုင်အောင် တပ်ကိုးမျိုး စည်းကြပ်ဖွဲ့စည်းခြင်း

ဤ 'ဗလ' ဟူသော ရဲမက်လက်နက်ကိုင်တို့ကို အပေါင်းအစု ဖွဲ့၍ တပ်စည်းကြပ်ရာ၌ စာပေကျမ်းဂန်တို့တွင် လာသည့်အတိုင်း၊ စည်းကြပ်နည်းကို မြန်မာနိုင်ငံ၌ ယခုထက်တိုင် မသိမကျွမ်းကြသေး၍ တပ်စည်းကြပ်နည်းကို သိကျွမ်းနားလည်အောင် ဤအရာ၌ ထည့်သွင်းရေးသားပေအံ့။

စာပေကျမ်းဂန်တို့တွင် လာသော တပ်၏အင်္ဂါလေးပါးရှိသည်ကို အမရကောသကျမ်း၌ -

ဟတ္ထျဿရထ ပါဒါတိ၊
သေနင်္ဂံတု စတုဗ္ဗယံ။ ဟူ၍ ဆို၏။

ဟတ္ထျဿရထပါဒါတိ၊ ဆင် မြင်း ရထား ခြေသည် ဖြစ်သော။ စတုဗ္ဗယံ၊ လေးခုအပေါင်းသည်။ သေနင်္ဂံ၊ တပ်၏အင်္ဂါမည်၏။ စစ်အင်္ဂါလေးပါးလည်း ခေါ်သည်။

တပ်ကိုးမျိုး စည်းကြပ်နည်းကို အမရကောသကျမ်း၌ -

(၁) ဧကေ ဧဘရထာ တျဿာ၊
ပတ္တိ ပဉ္စပဒါတိကာ။
ပတ္တျင်္ဂေတိ ဂုံဏေသဗ္ဗေ၊
ကမာ အာချာ ယတ္တောတရံ။ ။

(၂) သေနာမုခံ ဂုမ္ဗဂဏာ၊
ဝါဟိနီ မုတနာ စမု။
အနီကိနီ ဒသာနီကိ၊
နျက္ခောဘိနီ[၁]။ ။ ဟူ၍ ဆို၏။

---

၁။ သူရိယမှု၌ 'နျက္ခောဘိနီတိ ဝုစ္စတေ' ဟု ရှိသည်။

http://www.cherrythitsar.org



၁။ ဧကေဧကေရထာ၊ ဆင်တစ်စီး ရထားတစ်ဆူတို့လည်းကောင်း။ တျဿာ၊ မြင်းသုံးစီးတို့လည်းကောင်း။ ပဉ္စပဒါတိကာ၊ ခြေသည်ငါးယောက်တို့လည်းကောင်း။ ပတ္တိ၊ ပတ္တိမည်သော တပ်မည်၏။ ယတ္တောတရ၊ ပတ္တိတပ်မှ အထက်အထက် တပ်စုတို့သည်။ ကမာ၊ အစဉ်အတိုင်း။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ပတ္တျင်္ဂေ၊ ပတ္တိတပ်၌ပါသော ဆင်မြင်းရထားခြေသည်ဟူသော အင်္ဂါ လေးပါးတို့ကို။ တိဂုဏော၊ သုံးခုနှင့် မြှောက်သည်ရှိသော်။ အာချာ၊ အမည်တို့သည်။ ယောန္တိ၊ ဖြစ်ကုန်၏။

၂။ သေနာမုခံ၊ သေနာမုခ မည်သောတပ်။ ဂုမ္ဗဂဏာ၊ ဂုမ္ဗမည်သောတပ်၊ ဂဏမည်သော တပ်တို့လည်းကောင်း။ ဝါဟိနီ၊ ဝါဟိနီမည်သော တပ်လည်းကောင်း။ မုတနာ၊ မုတနာမည်သော တပ်လည်းကောင်း။ စမု၊ စမုမည်သော တပ်လည်းကောင်း။ အနီကိနီ၊ အနီကိနီမည်သော တပ်လည်းကောင်း။ ဒသာနီကိနီ၊ အနီကိနီ ဆယ်တပ်သည်။ အက္ခောဘိနီတိ၊ အက္ခောဘိဏီတပ် မည်၏။

ဝိနည်းဘိက္ခု ပါစိတ် ပါဠိတော်၌။ ။ သေနာနာမံဟတ္ထိ အဿာရထာ ပတ္တိ။ ဒွါဒသ ပုရိသော ဟတ္ထိ။ တိ ပုရိသော အဿော။ စတုပုရိသော ရထော။ စတ္တာရော ပုရိသာ သုရ ဟတ္ထာ ပတ္တိ ဟူ၍လည်းကောင်း။ အနိကံ နာမ။ ဟတ္ထာနိကံ။ အဿာနိကံ။ ရထာနိကံ။ ပတ္တာနိကံ။ တယောဟတ္ထိ ပစ္ဆိမံ ဟတ္ထာ နိကံ။ တယောအဿာ ပစ္ဆိမံ အဿာနိကံ။ တယောရထာ ပစ္ဆိမံ ရထာနိကံ။ စတ္တာရော ပုရိသာသရ ဟတ္ထာပတ္တိ ပစ္ဆိမံ ပတ္တာနိကံ။ ဟူ၍ လည်းကောင်း ဟောတော်မူ၏။

ဟတ္ထိ၊ ဆင်တို့လည်းကောင်း။ အဿာ၊ မြင်းတို့လည်းကောင်း။ ရထာ၊ ရထားတို့လည်းကောင်း။ ပတ္တိ၊ ခြေသည်တို့လည်းကောင်း။ သေနာနာမ၊ စစ်သည်မည်ကုန်၏။ ဒွါဒသ ပုရိသော၊ ဆင်စီးဆင်ခြေဖုံးယောကျ်ား တစ်ဆယ့်နှစ်ယောက်ရှိသော။ ဟတ္ထိ၊ ဆင်စစ်သည်။ တိပုရိသော၊ စီးသူ လှံကိုင်ယောကျ်ားသုံးယောက်ရှိသော။ အဿော၊ မြင်းစစ်သည်။ စတုပုရိသော၊ စီးသူ၊ မောင်းနှင်သူ၊ နားပန်းစောင့်ဟူသော ယောကျ်ားလေးယောက်ရှိသော။ ရထော၊ ရထားစစ်သည်။ သရဟတ္ထာ၊ လက်နက်ကိုင်စွဲကုန်သော။ စတ္တာရော ပုရိသာ၊ ယောကျ်ားလေးယောက်တို့သည်။ ပတ္တိ၊ ခြေသည်စစ်သည် မည်၏။

အနိကံနာမ၊ တပ်မည်သည်ကား။ ဟတ္ထာနိကံ၊ ဆင်တပ်။ အဿာနိကံ၊ မြင်းတပ်။ ရထာနိကံ၊ ရထားတပ်။ ပတ္တာနိကံ၊ ခြေသည်တပ်။ တယောဟတ္ထိ၊ ဆင်သုံးစီးတို့သည်။ ပစ္ဆိမံ၊ အနည်းဆုံး။ ဟတ္ထာနိကံ ဆင်တပ်မည်၏။ တယော အဿာ၊ မြင်းသုံးစီးတို့သည်။ ပစ္ဆိမံ၊ အနည်းဆုံး။ အဿာနိကံ၊ မြင်းတပ်

http://www.cherrythitsar.org


မည်၏။ တယောရထာ၊ ရထားသုံးဆူတို့သည်။ ပစ္ဆိမံ၊ အနည်းဆုံး။ ရထာနိကံ၊ ရထားတပ်မည်၏။ သရဟတ္ထာ၊ လက်နက်စွဲကိုင် ကုန်သော။ စတ္တာရောပုရိသာ၊ ယောကျ်ားလေးယောက် ဖြစ်ကုန်သော။ ပတ္တိ၊ ခြေသည်တို့သည်။ ပစ္ဆိမံ၊ အနည်းဆုံး။ ပတ္တာနိကံ၊ ခြေသည်တပ်မည်၏။

ဤသို့ ဆိုခဲ့ပြီးသော အမရကောသကျမ်း။ ဘိက္ခုပါစိတ် ပါဠိတော်တို့ကို နှီးနှော၍ တပ်စည်းကြပ်ပုံကား -

ဆင်စီးလူသုံးယောက် ။ ။ အစွယ်နှစ်ချောင်း၊ နားရွက်နှစ်ဖက်၊ ခြေလေးချောင်း၊ အမြီး၊ ဤအင်္ဂါ ကိုးပါးတို့ကို စောင့်ရှောက်သည်။ ။ ဆင်ခြေဖုံးလူကိုးယောက်၊ နှစ်စု ယောကျ်ားတစ်ကျိပ် နှစ်ယောက်နှင့်တကွသော တိုက်ဆင်တစ်စီး။ ဘိက္ခုပါစိတ် အဋ္ဌကထာ၌ကား၊ ဆင်စီးလူလေးယောက်။ ခြေလေးချောင်း၌ နှစ်ယောက်စီထား၍၊ ဆင်ခြေဖုံးလူရှစ်ယောက်။ ဤသို့ တိုက်ဆင်တစ်စီး၌၊ လူတစ်ကျိပ်နှစ်ယောက်ဟု ဆို၏။ ။ မြင်းစီးသူရဲတစ်ယောက်၊ ဝဲယာလှံကိုင်နှစ်ယောက်။ ဤယောကျ်ားသုံးယောက်နှင့်တကွသော မြင်းသုံးစီး။ ရထားစီးသူ တစ်ယောက်၊ ရထားမောင်းနှင်သူတစ်ယောက်၊ ဝဲယာ နားပန်းစောင့်နှစ်ယောက်၊ ဤယောကျ်ားလေးယောက်နှင့်တကွသော စစ်တိုက်ရထားတစ်ဆူ။ လက်နက်နှင့်တကွသော ခြေသည်သူရဲငါးယောက်။ ဤသို့ ဆိုခဲ့ပြီးသော စီးနင်းခြံရံသူနှင့်တကွသော ဆင်၊ မြင်း၊ ရထား ခြေသည် စုစုပေါင်းသည်၊ ပတ္တိမည်သော အနည်းဆုံးတပ် တစ်တပ်ဖြစ်၏။

ဤ 'ပတ္တိ' တပ်၌ ပါသမျှသော ဆင် မြင်း ရထား ခြေသည် အရေအတွက်တို့၏ သုံးဆတက်သည် 'သေနာမုခ' မည်သော တပ်ဖြစ်၏။ ။ ဤသေနာမုခ တပ်၌ ပါသမျှသော ဆင်မြင်းရထားခြေသည် အရေအတွက်တို့၏ သုံးဆတက်သည် 'ဂုမ္ဘ' မည်သော တပ်တစ်ခု ဖြစ်၏။ ။ ဤနည်းအတိုင်း သုံးဆစီ အထက်ထက်ကို တက်၍ 'ဂဏ' မည်သောတပ် 'ဝါဟိနီ' မည်သောတပ်။ 'မုတနာ' မည်သောတပ်၊ 'စမု' မည်သောတပ်၊ 'အနီကိနီ' မည်သော တပ်တို့သည် ဖြစ်ကြ ကုန်၏။ ဤအနီကိနီမည်သောတပ်၌ ပါသမျှသော ဆင်၊ မြင်း၊ ရထား ခြေသည် တို့၏ ဆယ်ဆတက်သည် 'အက္ခောဘိဏီ'[၁] တပ်ကြီးတစ်ခု ဖြစ်၏။

---

၁။ ပုရပိုက်မူ၌ ပထမတွင် 'အက္ခောဘိနီ' ဟု အစဉ်အတိုင်း ရေးခဲ့ပြီးမှ၊ ဤနေရာမှ အစပြု၍ တစ်ခါတစ်ရံ 'အက္ခောဘနီ' ဟူ၍လည်းကောင်း၊ တစ်ခါတစ်ရံ 'ခေါဘနီ' ဟူ၍လည်းကောင်း၊ နှစ်ကြိမ် သုံးကြိမ်မျှ မညီမညွတ်၊ ရေးသားလာသည်ကို တွေ့ရသည်။ သို့သော် အရေးအသား ညီညွတ်အောင် 'အက္ခောဘိဏီ' ဟူ၍ တစ်လျှောက်လုံး ထားလိုက်သည်။

http://www.cherrythitsar.org



ဤဆိုခဲ့ပြီး သော တပ်မျိုးတို့၌ပါသော ဆင် မြင်း ရထား ခြေသည်တို့ကို စာရင်းကောက်လျှင် အောက်က ရေးထားသော စာရင်းအတိုင်းဖြစ်၏။

သီဟိုဠ်ကျွန်း၌ ဒုဋ္ဌဂါမဏိမင်းကြီး ကျေးလူမျိုးတို့ကို တိုက်ရာ ချီတက်သော အက္ခောဘိဏီတပ်ကို မဟာဝင်ဋီကာ၌ တိုက်ဆင်တစ်ကုဋေ၊ ရထားဆယ်ကုဋေ၊ မြင်း ကုဋေတစ်ရာ၊ လေးစွဲသူရဲ ကုဋေနှစ်ရာ၊ စစ်သည်လူ ကုဋေတစ်သောင်း လေးထောင်၊ စုစုပေါင်း တစ်သောင်း လေးထောင် ရှစ်ရာ့တစ်ဆယ့်တစ်ကုဋေ 'အက္ခောဘိဏီ' တပ် တစ်တပ်ဟု ဆို၏။ ။ ရှေးအခါ မဟောသဓာတို့ စစ်တိုက်ရာ၌ အက္ခောဘိဏီတပ် တစ်တပ်ဟူသည်ကား စစ်အင်္ဂါလေးပါး ချီတက်သော လမ်း၌ ဝါးအလုံးခြောက်ဆယ်စည်းကို ချထားရာ စစ်အင်္ဂါ လေးပါးတို့ နင်းသွား၍ ဖုတ်၊ မြူမှုန့်ဖြစ်လျှင်၊ တစ်ဖန် ဝါးအလုံးခြောက်ဆယ်စည်းကို ချပြန်၍၊ ဤသို့ ဝါးအလုံး ခြောက်ဆယ်စည်းပေါင်း အစည်းခြောက်ဆယ် ဖုတ်၊ မြူမှုန် ဖြစ်သည့် ကာလ 'အက္ခောဘိဏီ' တပ်မည်၏။

ဤသို့ 'အက္ခောဘိဏီ' သုံးမျိုးကွဲသည်မှာ ဤလူ့ပြည်၌ ရှေးအခါ အသက်ရှည်သော ကာလဖြစ်၍ လူပေါ်များသောကြောင့် 'အက္ခောဘိဏီ' ကြီးဖြင့် တပ်ဖွဲ့နိုင်သည်။ နောက်အခါ ဆုတ်ကပ်ကာလဖြစ်၍ လူတို့အသက်တိုသဖြင့် လောက၌ လူနည်းသောကြောင့် 'အက္ခောဘိဏီ' တပ်ဖွဲ့ရာ စစ်အင်္ဂါအရေအတွက် နည်းပါးလေသည်။ ယခုအခါ အနောက်တိုင်းပြည် နိုင်ငံများမှာ လူတစ်ရာကိုပင် 'အက္ခောဘိဏီ'[၂] တစ်တပ်ဟူ၍ ခေါ်ဝေါ်ကြသည်များကို မှတ်အပ်သည်။

ယခုအခါ အနောက်တိုင်းပြည် နိုင်ငံများမှာ ဆင် နည်းပါးသောကြောင့် စစ်အင်္ဂါလေးပါး ပြည့်စုံအောင် တပ်မစည်းကြပ်နိုင်။ ခြေသည်၊ မြင်း၊ အမြောက်၊ ဤသုံးမျိုးတို့ကိုသာ တပ်ပြုလုပ် စည်းကြပ်နိုင်သည်။ အရှေ့တိုင်းပြည် မြန်မာနိုင်ငံ စသည်တို့၌ကား၊ အလိုရှိလျှင် ဆင် အများအပြား ရနိုင်သောကြောင့် စစ်အင်္ဂါလေးပါး ပြည့်စုံအောင် တပ်စည်းကြပ်လျှင်၊ စည်းကြပ်နိုင်ရန် ရှိသည်။ သို့ရာတွင် ရထားအစား ရထားတင် အမြောက်ကို ထည့်၍ စည်းကြပ်လျှင်၊ ကျမ်းဂန်တို့တွင် လာသော တပ်များထက် ကောင်းမွန်ရန် ရှိသည်။

---

၁။ ဤ၌ ရွှေပြည်ဝန်သည် ကုမ္ပဏီတပ် တစ်တပ်ကို အက္ခောဘိဏီတပ် တစ်တပ်နှင့် နှိုင်းယှဉ်သည်။

http://www.cherrythitsar.org

| တပ် ၉ မျိုးစည်းကြပ်ပုံစာရင်း | | | ပတ္တိ | သေနာမုခ | ဂုမ္ဘ | ဂဏ | ဝါဟိနီ | မုတနာ | စမု | အနီတိနီ | အက္ခောဘိဏီ |
|---|---|---|---|---|---|---|---|---|---|---|---|
| ဆင် | ... | ... | ၁ | ၃ | ၉ | ၂၇ | ၈၁ | ၂၄၃ | ၇၂၉ | ၂၁၈၇ | ၂၁၈၇၀ |
| မြင်း | ... | ... | ၃ | ၉ | ၂၇ | ၈၁ | ၂၄၃ | ၇၂၉ | ၂၁၈၇ | ၆၅၆၁ | ၆၅၆၁၀ |
| ရထား | ... | ... | ၁ | ၃ | ၉ | ၂၇ | ၈၁ | ၂၄၃ | ၇၂၉ | ၂၁၈၇ | ၂၁၈၇၀ |
| | ပေါင်း | ... | ၅ | ၁၅ | ၄၅ | ၁၃၅ | ၄၀၅ | ၁၂၁၅ | ၃၆၄၅ | ၁၀၉၃၅ | ၁၀၉၃၅၀ |
| ခြေသည်သူရဲ | ... | ... | ၅ | ၁၅ | ၄၅ | ၁၃၅ | ၄၀၅ | ၁၂၁၅ | ၃၆၄၅ | ၁၀၉၃၅ | ၁၀၉၃၅၀ |
| ဆင်စီးသူရဲ | ... | ... | ၃ | ၉ | ၂၇ | ၈၁ | ၂၄၃ | ၇၂၉ | ၂၁၈၇ | ၆၅၆၁ | ၆၅၆၁၀ |
| ဆင်ခြေဖုံးလူ | ... | ... | ၉ | ၂၇ | ၈၁ | ၂၄၃ | ၇၂၉ | ၂၁၈၇ | ၆၅၆၁ | ၁၉၆၈၃ | ၁၉၆၈၃၀ |
| မြင်းစီးသူရဲ | ... | ... | ၃ | ၉ | ၂၇ | ၈၁ | ၂၄၃ | ၇၂၉ | ၂၁၈၇ | ၆၅၆၁ | ၆၅၆၁၀ |
| လှံကိုင် | ... | ... | ၆ | ၁၈ | ၅၄ | ၁၆၂ | ၄၈၆ | ၁၄၅၈ | ၄၃၇၄ | ၁၃၁၂၂ | ၁၃၁၂၂၀ |
| ရထားစီးသူရဲ | ... | ... | ၁ | ၃ | ၉ | ၂၇ | ၈၁ | ၂၄၃ | ၇၂၉ | ၂၁၈၇ | ၂၁၈၇၀ |
| ရထားမောင်းနှင်လူ | | ... | ၁ | ၃ | ၉ | ၂၇ | ၈၁ | ၂၄၃ | ၇၂၉ | ၂၁၈၇ | ၂၁၈၇၀ |
| ရထား နားပန်းစောင့်သူ | | ... | ၂ | ၆ | ၁၈ | ၅၄ | ၁၆၂ | ၄၈၆ | ၁၄၅၈ | ၄၃၇၄ | ၄၃၇၄၀ |
| | ပေါင်း | ... | ၃၀ | ၉၀ | ၂၇၀ | ၈၁၀ | ၂၄၃၀ | ၇၂၉၀ | ၂၁၈၇၀ | ၆၅၆၁၀ | ၆၅၆၁၀၀ |
| ၂ စု | ပေါင်း | ... | ၃၅ | ၁၀၅ | ၃၁၅ | ၉၄၅ | ၂၈၃၅ | ၈၅၀၅ | ၂၅၅၁၅ | ၇၆၅၄၅ | ၇၆၅၄၅၀ |

http://www.cherrythitsar.org



## ၃၆။ မဟာမိတ်အင်အား

ရေးကြောင်းကိစ္စရှိလျှင် ကူညီဘက်ရသော မဟာမိတ်ဟူသည်လည်း နိုင်ငံ၏ အင်္ဂါခုနစ်ပါးတို့တွင် တစ်ပါးအပါအဝင် ဖြစ်သည်။ မိမိပိုင်သော နိုင်ငံရင်း သေးငယ်၍ အားခွန်ဗလ မရှိသော်လည်း အားခွန်ဗလကြီးသော နိုင်ငံကြီး မင်းတို့နှင့် ယုံကြည်စိတ်ချလောက်အောင် ရေးကြောင်းကိစ္စရှိလျှင် ကိုယ်မှုကဲ့သို့ ကူညီစောင်မ ကြည့်ရှုအောင် ပေါင်းသင်း၍ထားလျှင် ရန်သူဖြစ်သော မိမိထက် အားကြီးသော အခြားသော နိုင်ငံမင်းတို့သည် မနှိပ်စက်နိုင်။ တစ်ကြောင်းလည်း ကုန်စည်ကူးသန်းရောင်းဝယ်ခြင်းတို့မည်သည် ကိုယ့်နိုင်ငံတွင်း၌သာ ကူးသန်း ရောင်းဝယ်လျှင် အမြတ်အစွန်းများစွာ မဖြစ်နိုင်။ ကုန်ကူးသန်းရောင်းဝယ်ခြင်း အကြီးအကျယ် မဖြစ်နိုင်။ ကူးသန်းရောင်းဝယ်ခြင်း အကြီးအကျယ် မဖြစ်က လည်း အကောက်တော် အခွန်တော်များစွာ ရရန်မရှိဖြစ်၍၊ ကြီးကျယ်ပြန့်ပြော သော နိုင်ငံကြီးတို့နှင့် မဟာမိတ်အဖြစ် ဆက်လက် ရွှေလမ်း ငွေလမ်း ဖောက်ပြီး လျှင် ကူးသန်းရောင်းဝယ်ရ၍၊ နိုင်ငံသားတို့လည်း အမြတ်အစွန်း များစွာရသည်။ အကူးအသန်းကြီးကျယ်သောကြောင့် အကောက်တော် အခွန်တော်လည်း များစွာ ရသည်။ ဤသို့ ဆိုခဲ့ပြီးသော အကျိုးအပြစ်များကြောင့် ခုနစ်ခုမြောက်သော ဤနိုင်ငံ၏ အင်္ဂါဖြစ်သော မဟာမိတ်မင်းရှိလျှင် နိုင်ငံကြီးကျယ် ခိုင်ခန့်သည်၊ မရှိလျှင် သေးသိမ်ပျက်စီးလွယ်ရန် ရှိသည်။

ဤသို့ ဆိုခဲ့ပြီးသည့်အတိုင်း နိုင်ငံရှင်မင်းအစ မဟာမိတ်အဆုံးရှိသော နိုင်ငံ၏ အင်္ဂါခုနစ်ပါးတို့သည် ကောင်းမွန်စွာ ပြည့်စုံရာ၌ ဆိုခဲ့ပြီးသော အကျိုး၊ မပြည့်စုံရာ၌ ဆိုခဲ့ပြီးသော အပြစ်တို့ကို မြင်သောကြောင့် နီတိကျမ်းဆရာတို့ သည် နိုင်ငံဟူသည် ဤအင်္ဂါခုနစ်ပါးနှင့် ကောင်းမွန်စွာ ပြည့်စုံမှ ကြီးကျယ် ခိုင်ခံ့နိုင်သည်။ တစ်ပါးပါး ချို့တဲ့လျှင်ပင် ခြေလက်စသော အင်္ဂါတစ်ပါးပါး ချို့တဲ့သောသူကဲ့သို့ နိုင်ငံကြီးကျယ်ကောင်းမွန်စွာ မခိုင်ခံ့နိုင်ဟူ၍ နီတိကျမ်း ဆရာတို့ ဆိုလေသည်။

ဤတွင်၍ကား မင်းမှုမတ် အစရှိသည်တို့ ကျင့်ဆောက် တည်အပ်သော မင်းကျင့်တရား ဆယ်ပါး၊ မင်းတို့၏ အားငါးပါး အစရှိသည်တို့ကို ဆိုရာဆိုကြောင်း ဖြစ်သော 'ရာဇဓမ္မသင်္ဂဟ' အမည်ရှိသော ကျမ်းဒုတိယပိုင်း အပြီးတည်း။

http://www.cherrythitsar.org


# တတိယပိုင်း

## ၁။ အဆွေခင်ပွန်းတု လေးယောက်နှင့် အဆွေခင်ပွန်းစစ် လေးယောက်

လောကဥ္စ ဘေးရန်ကဲ့သို့ ကြဉ်ရှောင်အပ်သော အဆွေခင်ပွန်းတု လေးယောက်၊ ရင်မှဖြစ်သော သားကဲ့သို့ ချစ်ခင်စုံမက်အပ်သော အဆွေခင်ပွန်းစစ် အဆွေခင်ပွန်းကောင်း လေးယောက်၊ ဤအဆွေ ခင်ပွန်းမျိုး ရှစ်မျိုးတို့ကိုလည်း လူတို့မည်သည် ကောင်းမွန်စွာသိ၍ အဆွေခင်ပွန်းတုလေးယောက်တို့ကို ဘေးရန်ကဲ့သို့ ကြဉ်ရှောင်အပ်၏။ ဤရှစ်ယောက်တို့တွင် ကြဉ်ရှောင်အပ်သော အဆွေခင်ပွန်းတု ခင်ပွန်းယုတ် လေးယောက်တို့ကို သုတ်ပါထေယျ ပါဠိတော် သိင်္ဂါလောဝါဒ သုတ်၌ -

စတ္တာရောမေ ဂဟပတိပုတ္တ အမိတ္တာ မိတ္တ ပဋိရူပကာ ဝေဒိတဗ္ဗာ။ အညဒတ္ထု ဟရော အမိတ္တော မိတ္တ ပဋိရူပကော ဝေဒိတဗ္ဗော၊ ဝစီပရမော အမိတ္တော မိတ္တပဋိရူပကော ဝေဒိတဗ္ဗော။ အနုပ္ပိယဘာဏီ အမိတ္တော မိတ္တ ပဋိရူပကော ဝေဒိတဗ္ဗော၊ အပါယသဟာယော အမိတ္တော မိတ္တပဋိရူပကော ဝေဒိတဗ္ဗော။ ။ ဟူ၍ ဟောတော်မူ၏။

ဂဟပတိပုတ္တ၊ သူကြွယ်သား။ အမိတ္တာ၊ အဆွေခင်ပွန်းစစ် မဟုတ်ဘဲလျက်။ မိတ္တပဋိရူပကာ၊ အဆွေခင်ပွန်းတု ဖြစ်ကုန်သော။ ဣမေ စတ္တာရော၊ ဤဆိုလတ္တံ့သောသူ လေးယောက်တို့ကို။ ဝေဒိတဗ္ဗာ၊ သိကုန်အပ်၏။ အညဒတ္ထု ဟရော၊ အဆွေခင်ပွန်းအိမ်သို့ မိမိလက်ချည်းလာ၍၊ အဝတ်တန်ဆာ စသည်တို့၏ ကောင်းမွန်လှပခြင်းကို ချီးမွမ်းခြင်း စသည်ဖြင့် စင်စစ် သူ့ဥစ္စာကိုသာ ဆောင်ယူတတ်သော။ အမိတ္တော၊ အဆွေခင်ပွန်းစစ် မဟုတ်ကုန်ဘဲလျက်။ မိတ္တပဋိရူပကော၊ အဆွေခင်ပွန်းတုကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။ ဝစီပရမော၊ မုသားစွဲ၍ ဝမ်းထဲမပါ နှုတ်ဖြင့်သာ ပေးချင်ကမ်းချင် ပြုချင်မူချင်သကဲ့သို့ပြုသော။ အမိတ္တော၊ အဆွေခင်ပွန်းစစ်မဟုတ်ဘဲလျက်။ မိတ္တပဋိရူပကော၊ အဆွေခင်ပွန်းတုကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။ အနုပ္ပိယဘာဏီ၊ အမှုသဘောကို မစစ်၊ ချစ်ဖွယ်အကြိုက်လိုက်၍ ဆိုတတ်သော။ အမိတ္တော၊ အဆွေခင်ပွန်းစစ် မဟုတ် ဘဲလျက်။ မိတ္တပဋိရူပကော၊ အဆွေခင်ပွန်းတုကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။ အပါယသဟာယော၊ ဥစ္စာပျက်စီးကြောင်း၌သာ အပေါင်းအဖော်ဖြစ်သော။

http://www.cherrythitsar.org


အမိတ္တော၊ အဆွေခင်ပွန်းစစ် မဟုတ်ဘဲလျက်။ မိတ္တပဋိရူပကော၊ အဆွေခင်ပွန်းတုကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။

ဤအဆွေခင်ပွန်းတု လေးယောက်တို့တွင် သူတစ်ပါး ဥစ္စာကိုသာ ရအောင် ယူတတ်သော အညဒတ္ထုဟရ မည်သော အဆွေခင်ပွန်းတုကို လေးပါးသော အကြောင်းတို့ဖြင့် သိအပ်၏ဟု ဝှင်းပါဋ္ဌိတော်၌ -

စတူဟိ ခေါ ဂဟပတိပုတ္တ ဌာနေဟိ အညဒတ္ထု ဟရော အမိတ္တော မိတ္တပဋိရူပကော ဝေဒိတဗ္ဗော။ အညဒတ္ထု ဟရော ဟောတိ၊ အပ္ပေန ဗဟု မိစ္ဆတိ။ ဘယဿကိစ္စံ ကရောတိ။ သေဝတိ အတ္တ ကာရဏာ။ ဣမေဟိ ခေါ ဂဟပတိပုတ္တ စတူဟိ ဌာနေဟိ အညဒတ္ထု ဟရော အမိတ္တော မိတ္တ ပဋိရူပကော ဝေဒိတဗ္ဗော။ ။ ဟူ၍ ဟောတော်မူ၏။

ဂဟပတိပုတ္တ၊ သူကြွယ်သား။ ခေါ၊ စင်စစ်။ စတူဟိ၊ လေးပါးကုန်သော။ ဌာနေဟိ၊ အကြောင်းတို့ဖြင့်။ အညဒတ္ထု ဟရော၊ အညဒတ္ထုဟရမည်သော။ အမိတ္တော၊ အဆွေခင်ပွန်းစစ် မဟုတ်ဘဲလျက်။ မိတ္တပဋိရူပကော၊ အဆွေခင်ပွန်းတုကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။ ။ အညဒတ္ထု ဟရော၊ အဆွေအိမ်သို့ မိမိ လက်ချည်းသာလာ၍၊ အဝတ်တန်ဆာ စသည်တို့၏ ကောင်းမွန်လှပခြင်းကို ချီးမွမ်းခြင်း စသည်ဖြင့် စင်စစ် သူ့ဥစ္စာကိုသာ ဆောင်ယူတတ်သည်။ ဟောတိ၊ ဖြစ်၏။ အပ္ပေန၊ မိမိဥစ္စာအနည်းငယ်ဖြင့်။ ဗဟုံ၊ သူတစ်ပါးဥစ္စာအများကို။ ဣစ္ဆတိ၊ လိုချင်တတ်၏။ ဘယေ၊ မိမိအား ဘေးရောက်လတ်သော်။ အဿ၊ ထိုအဆွေခင်ပွန်း၏။ ကိစ္စံ၊ အမှုကြီးငယ်ပြုဖွယ်ကိစ္စကို။ ကရောတိ၊ ကျေးကျွန်ကဲ့သို့ ပြုတတ်၏။ (ပေမေန၊ မေတ္တာစိတ်ဖြင့်။ နကရောတိ၊ မပြု)။ အတ္တကာရဏာ၊ မိမိအကျိုးစီးပွားကို လိုသောကြောင့်သာလျှင်။ သေဝတိ၊ မှီဝဲ၏။ (မိတ္တသန္ထဝ ဝသေန၊ မေတ္တာချစ်စိတ် မိတ်ဖွဲ့သဖြင့်။ နကရောတိ၊ မပြု)။ ။ ဂဟပတိပုတ္တ၊ သူကြွယ်သား။ စတူဟိ၊ လေးပါးကုန်သော။ ဣမေဟိ ခေါ ဌာနေဟိ၊ ဤအကြောင်းတို့ဖြင့်။ အညဒတ္ထုဟရော၊ အညဒတ္ထဟရမည်သော။ အမိတ္တော၊ အဆွေခင်ပွန်းစစ် မဟုတ်ဘဲလျက်။ မိတ္တပဋိရူပကော၊ အဆွေခင်ပွန်းတုကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။

ဤအဆွေခင်ပွန်းတု လေးယောက်တို့တွင် နှုတ်ဖြင့်သာ ပေးချင်ကမ်းချင် ပြုချင် မူချင်သကဲ့သို့ ပြုအပ်သော ဝစီပရမမည်သော အဆွေခင်ပွန်းတုကို လေးပါးသောအကြောင်းတို့ဖြင့် သိအပ်၏ဟု ဝှင်းပါဋ္ဌိတော်၌ -

စတူဟိ ခေါ ဂဟပတိပုတ္တ ဌာနေဟိ ဝစီပရမော အမိတ္တော မိတ္တပဋိရူပကော ဝေဒိတဗ္ဗော။ အတီတေန ပဋိသန္ထရတိ။ အနာဂတေန ပဋိသန္ထရတိ။

http://www.cherrythitsar.org



နိရတ္ထကေန သင်္ဂဏှာတိ၊ ပစ္စုပ္ပန္နေသု ကိစ္စေသု ဗျသနံ ဒဿေတိ။ ဣမေဟိ ခေါ ဂဟပတိပုတ္တ စတူဟိ ဌာနေဟိ ဝစီပရမော အမိတ္တော မိတ္တပဋိရူပကော ဝေဒိတဗ္ဗော။ ။ ဟူ၍ ဟောတော်မူ၏။

ဂဟပတိပုတ္တ၊ သူကြွယ်သား။ ခေါ၊ စင်စစ်။ စတူဟိ၊ လေးပါးကုန်သော။ ဌာနေဟိ၊ အကြောင်းတို့ဖြင့်။ ဝစီပရမော၊ ဝစီပရမမည်သော။ အမိတ္တော၊ အဆွေခင်ပွန်းစစ် မဟုတ်ဘဲလျက်။ မိတ္တပဋိရူပကော၊ အဆွေခင်ပွန်းတုကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။ အတီတေန၊ အတိတ်ဖြင့်။ ပဋိသန္ထရတိ၊ စပ်ဟပ်၍ မြှောက်တတ်၏။ အနာဂတေန၊ အနာဂတ်ဖြင့်၊ ပဋိသန္ထရတိ၊ စပ်ဟပ်၍ မြှောက်တတ်၏။ နိရတ္ထကေန၊ အကျိုးမပြီး အချည်းနှီးသောစကားဖြင့်။ ပဋိသန္ထရတိ၊ စပ်ဟပ်၍ မြှောက်တတ်၏။ ပစ္စုပ္ပန္နေသု၊ ယခုမျက်မှောက် ရောက်ဆဲဖြစ်ကုန်သော။ ကစ္စေသု၊ အမှုကိစ္စတို့၌။ ဗျသနံ၊ ပျက်စီးခြင်းကို။ ဒဿေတိ၊ ပြတတ်၏။ ။ ဂဟပတိပုတ္တ၊ သူကြွယ်သား။ စတူဟိ၊ လေးပါးကုန်သော။ ဣမေဟိ ခေါ ဌာနေဟိ၊ ဤအကြောင်းတို့ဖြင့်။ ဝစီပရမော၊ ဝစီပရမမည်သော။ အမိတ္တော၊ အဆွေခင်ပွန်းစစ် မဟုတ်ဘဲလျက်။ မိတ္တပဋိရူပကော၊ အဆွေခင်ပွန်း တုကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။

ဤ ဝစီပရမ အဆွေခင်ပွန်းယုတ်ကို သိကြောင်းလေးပါး၌ အဓိပ္ပာယ်ကား-

၁။ အဆွေခင်ပွန်းနှင့် တွေ့လျှင်၊ သင် အဆွေခင်ပွန်းသည် လူသာမန် မဟုတ်ပေ။ ရှေးဘေးဘိုးစဉ်ဆက်က မည်ကဲ့သို့ အမျိုးအမည် ကြီးသောသူ၊ မည်ကဲ့သို့ ဥစ္စာပစ္စည်းနှင့် ပြည့်စုံသောသူတို့ ဖြစ်ပေသည်ဟု၊ အတိတ်ကာလနှင့် စပ်ဟပ်၍ မြှောက်၏။ သင် အဆွေခင်ပွန်းသည် ယခုလည်း ဤကဲ့သို့ နေရမည် မဟုတ်သေး။ ရှေးသို့ကိုလည်း မည်ကဲ့သို့ ကောင်းစား ချမ်းသာပါလေဦးမည်။ အဆွေကိုပေးမည်ဟု ကျွန်ုပ် စပါးဆန်ရေများကို စုရုံးထားသည်။ ဥစ္စာပစ္စည်း တစ်စုံတစ်ခုကို ထားပါသည်။ အလာအရောက် နောက်ကျ၍၊ ယခု မပေးနိုင် ကုန်ခင်သည်။ ရှေ့လ ရှေ့နှစ်များကို အခွင့်သင့်လျှင် လာခဲ့ပါဦးတော့။ ဤသို့ စသည်ဖြင့် အနာဂတ်နှင့် စပ်ဟပ်၍ မြှောက်သည်။

၂။ သင် အဆွေလည်း လူသာမန်မဟုတ်။ အစွမ်းသတ္တိ ဉာဏ်ပညာ ရှိသည်။ အရည်အချင်းကောင်းသည်။ ဤသို့ စသည်ဖြင့် အကျိုးမရှိသော စကားဖြင့် စပ်ဟပ်၍ မြှောက်၏။

၃။ အဆွေခင်ပွန်းက ထိုမြှောက်သူကို ပြန်၍ အဆွေ ယခု စားသုံးရန် မရှိ။ ပေးမနှင့် ပါဆိုလျှင်၊ အခွင့်မသင့်ပါသေး စသဖြင့်ဆို၍၊ မပေးမကမ်း ရအောင် ရှောင်လွှဲသည်။

http://www.cherrythitsar.org



၄။ အဆွေ၌ရှိသော လှည်း၊ လှေ၊ ဥစ္စာ ပစ္စည်းများကို ငှားရမ်းပါ၊ ပေးပါ၊ တောင်းလျှင်၊ သင်တောင်းသော လှည်း၊ လှေ စသော ဝတ္ထုတို့သည် ယခု ပျက်စီး၍ ရှိပါသေးသည်။ ဤသို့ အစရှိသဖြင့် မငှားရ၊ မပေးရအောင် ရှောင်လွှဲယိုးမယ်၍ ပြောသည်။

ဤသို့ အစရှိသဖြင့် ယခု ပစ္စုပ္ပန်၌ အပျက်အစီးကို ပြ၏။ ဤသို့ နှုတ်ဖြင့်သာ ချိုသာစွာ ပြောဆို၍ ပေါင်းဖော်သည့် မူခင်းကိစ္စများ၌ တစ်စုံတစ်ရာ နေရာကျအောင် ဥစ္စာပစ္စည်းတို့ဖြင့်လည်းကောင်း၊ နှုတ်၏စောင်မခြင်း စသည်ဖြင့်လည်းကောင်း၊ မပြုမလုပ် ဆိုလိုသည်။

ဤအဆွေခင်ပွန်းတု လေးယောက်တို့တွင် အမှုသဘောကို မလိုက်၊ ချစ်ဖွယ်လိုက်၍ အကြိုက်ကို ဆိုတတ်သော 'အနုပိယဘာဏီ' မည်သော အဆွေခင်ပွန်းတုကို လေးပါးသော အကြောင်းတို့ဖြင့် သိအပ်၏ဟု ဝင်းပါဠိတော်၌ -

စတူဟိ ခေါ ဂဟပတိပုတ္တ ဌာနေဟိ အနုပ္ပိယဘာဏီ အမိတ္တော မိတ္တပဋိရူပကော ဝေဒိတဗ္ဗော။ ပါပကံပိဿ အနုဇာနာတိ၊ ကလျာဏံ ပိဿ အနုဇာနာတိ၊ သမ္မုခါဿ ဝဏ္ဏံဘာသတိ၊ ပရမ္မုခါဿ အဝဏ္ဏံ ဘာသတိ။ ။ ဣမေဟိ ခေါ ဂဟပတိပုတ္တ စတူဟိ ဌာနေဟိ အနုပ္ပိယဘာဏီအမိတ္တော မိတ္တပဋိရူပကော ဝေဒိတဗ္ဗော။ ။ ဟူ၍ ဟောတော်မူ၏။

ဂဟပတိပုတ္တ၊ သူကြွယ်သား။ ခေါ၊ စင်စစ်။ စတူဟိ၊ လေးပါးကုန်သော။ ဌာနေဟိ၊ အကြောင်းတို့ဖြင့်။ အနုပ္ပိယဘာဏီ၊ အနုပိယဘာဏီမည်သော။ အမိတ္တော၊ အဆွေခင်ပွန်းစစ်မဟုတ်ဘဲလျက်။ မိတ္တပဋိရူပကော၊ အဆွေခင်ပွန်းတုကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။ အဿ၊ ထိုအဆွေခင်ပွန်းအား။ ပါပကံ၊ အပါယ်လားကြောင်း မကောင်းမှုကိုလည်း (အနုဇာနာတိ)[၁]။ မမြစ်မမောင်း၊ ကျိုးကြောင်းမပြော၊ ဒိုးရောဇယ်ပါ၊ ငါလည်းပြုမည်၊ ကောင်းလှသည်ဟု၊ သာကြည်နူးညွတ်၊ ခွင့်လွှတ်တတ်၏။ အဿ၊ ထိုအဆွေခင်ပွန်းအား။ ကလျာဏံပိ၊ ကုသိုလ်ပွားကြောင်း ကောင်းသောအမှုကိုလည်း။ အနုဇာနာတိ၊ ခွင့်မပြုပြစ်၊ မြစ်တား ဟန့်ဆီး၏။ အဿ၊ ထိုအဆွေခင်ပွန်း၏။ သမုခေ၊ မျက်မှောက်၌။ ဝဏ္ဏံ၊ ကျေးဇူးကို။ ဘာသတိ၊ ချီးမွမ်းတတ်၏။ အဿ၊ ထို အဆွေခင်ပွန်း၏။ ပရမ္မုခေ၊ မျက်ကွယ်၌ကား။ အဝဏ္ဏံ၊ ကျေးဇူးမဲ့ကို။ ဘာသတိ၊ မနေမနား ဖန်များ ပြောဆိုတတ်၏။ ဂဟပတိပုတ္တ၊ သူကြွယ်သား။ စတူဟိ၊ လေးပါးကုန်သော။ ဣမေဟိခေါ ဌာနေဟိ၊ ဤအကြောင်းတို့ဖြင့်။ အနုပ္ပိယ

---

၁။ ပုရပိုက်မူ၌ ဤစကားကျနေသည်။ သူရိယမူ၌ ပါသည်။

http://www.cherrythitsar.org



ဘာဏီ၊ အနူပ္ပိယဘာဏီမည်သော။ အမိတ္တော၊ အဆွေခင်ပွန်းစစ် မဟုတ်ဘဲလျက်။ မိတ္တပဋိရူပကော၊ အဆွေခင်ပွန်းတုကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။

ဤအဆွေခင်ပွန်းတု လေးယောက်တို့တွင် ဥစ္စာ ပျက်စီးကြောင်း၌သာ အပေါင်းအဖော်ဖြစ်သော အပါယသဟာယ မည်သော အဆွေခင်ပွန်းတုကို လေးပါးသောအကြောင်းတို့ဖြင့် သိအပ်၏ဟု ဂုဏ်းပါဠိတော်၌ -

စတူဟိ ခေါ ဂဟပတိပုတ္တဌာနေဟိ အပါယသဟာယော အမိတ္တော မိတ္တပဋိရူပကော ဝေဒိတဗ္ဗော။ သုရာမေရယ မဇ္ဇပ္ပမာဒဋ္ဌာနာ နုယောဂေ သဟာယော ဟောတိ၊ ဝိကာလဝိသိခါ စရိယာနုယောဂေ သဟာယော ဟောတိ၊ သမဇ္ဇာဘိစရဏေသဟာယော ဟောတိ၊ ဇူတပ္ပမာဒဋ္ဌာနာ နုယောဂေသဟာယော ဟောတိ။ ဣမေဟိ ခေါ ဂဟပတိပုတ္တ စတူဟိ ဌာနေဟိ အပါယာသဟာယော အမိတ္တော မိတ္တပဋိရူပကော ဝေဒိတဗ္ဗော။ ။ ဟူ၍ ဟောတော်မူ၏။

ဂဟပတိ ပုတ္တ၊ သူကြွယ်သား။ ခေါ၊ စင်စစ်။ စတူဟိ၊ လေးပါးကုန်သော။ ဌာနေဟိ၊ အကြောင်းတို့ဖြင့်။ အပါယသဟာယော၊ အပါယသဟာယမည်သော။ အမိတ္တော၊ အဆွေခင်ပွန်းစစ် မဟုတ်ဘဲလျက်။ မိတ္တ ပဋိရူပကော၊ အဆွေခင်ပွန်းတုကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။ သုရာမေရယ မဇ္ဇပ္ပမာဒဋ္ဌာနာ နုယောဂေ၊ ကုသိုလ်ကောင်းမှု စီးပွားရေး၌ မေ့လျော့လစ်ဟင်းခြင်း၏ အကြောင်းဖြစ်သော။ သေအရက် ယစ်မျိုးကို သောက်သုံးခြင်းကို မလျှော့ အဖန်တလဲလဲ ပြုကျင့်ခြင်း၌၊ သဟာယော၊ သောက်ဖော်သောက်ဖက်သည်။ ဟောတိ၊ ဖြစ်၏။ ဝိကာလ ဝိသိခါ စရိယာနုယောဂေ၊ အချိန်အခါမဲ့ ခရီးလမ်းဆုံး၌ သွားလာ လှည့်ပတ်ခြင်း ကို အဖန်တလဲလဲ ပြုကျင့်ခြင်း၌။ သဟာယော၊ အပေါင်းအဖော်သည်။ ဟောတိ၊ ၏။ သမဇ္ဇာ ဘိစရဏေ၊ ကခြေစသော ပွဲလမ်းသဘင် ပျော်ရွှင်မြူးထူးလိုသော အားဖြင့် လှည့်ပတ်သွားလာခြင်း၌။ သဟာယော၊ အပေါင်းအဖော်သည်။ ဟောတိ၊ ၏။ ဇူတပ္ပမာဒဋ္ဌာနာ နုယောဂေ၊ ကုသိုလ်ကောင်းမှု စီးပွားရေး၌ မေ့လျော့ခြင်း၏ အကြောင်းဖြစ်သော ကြွေအန်လောင်းခြင်းကို အဖန်တလဲလဲ ယှဉ်ခြင်း၊ လုံ့လပြုခြင်း၌။ သဟာယော၊ အပေါင်းအဖော်သည်။ ဟောတိ၊ ၏။ ဂဟပတိပုတ္တ၊ သူကြွယ်သား။ စတူဟိ၊ လေးပါးကုန်သော။ ဣမေဟိ ခေါပန ဌာနေဟိ၊ ဤအကြောင်းတို့ဖြင့်။ အပါယသဟာယော၊ အပါယသဟာယ မည်သော။ အမိတ္တော၊ အဆွေခင်ပွန်းစစ် မဟုတ်ဘဲလျက်။ မိတ္တပဋိရူပကော၊ အဆွေခင်ပွန်းတုကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။

ဤအဆွေခင်ပွန်းယုတ် လေးယောက်တို့ကို အထူးသဖြင့် ကြဉ်ရှောင်အပ်သည်ကို ဂုဏ်းပါဠိတော်၌ -

http://www.cherrythitsar.org



အညဒတ္ထုဟရော မိတ္တော၊
ယောစမိတ္တော ဝစီပရမော။
အနုပ္ပိယဉ္စ ယော အာဟ၊
အပါယေသုစ ယောသခါ။ ။
ဧတေမိတ္တေ စတ္တာရော၊
ဣတိ ဝိညာယ ပဏ္ဍိတော။
အာရကာ ပရိ ဝဇ္ဇေယျ၊
မဂ္ဂံ ပဋိဘယံ ယထာ တိ။ ။ ဟူ၍ ဟောတော်မူ၏။

အညဒတ္ထုဟရော၊ အညဒတ္ထု မည်သော။ ယောစ အမိတ္တော၊ အကြင် အဆွေခင်ပွန်းတုလည်းကောင်း။ ဝစီပရမော၊ ဝစီပရမမည်သော။ ယောစ အမိတ္တော၊ အကြင်အဆွေခင်ပွန်းတုလည်းကောင်း။ ယောစ အမိတ္တော၊ အကြင် အဆွေခင်ပွန်းတုသည်ကား။ အနုပ္ပိယံ၊ ချစ်ဖွယ်လိုက်၍ သူ့အကြိုက်ကိုသာ။ အာဟ၊ မကောင်းလည်း အိမ်း၊ ကောင်းလည်း အိမ်းနှင့်၊ အမှုတိမ်းအောင် ပြောဆိုတတ်၏။

အပါယေသု၊ ဥစ္စာ ပျက်စီးကြောင်း အမှုတို့၌။ ယောစသခါ၊ အပေါင်း အဖော် အဆွေခင်ပွန်းဖြစ်သူလည်းကောင်း။ ။ စတ္တာရော၊ လေးယောက်ကုန်သော။ ဧတေအမိတ္တေ၊ ဤအဆွေခင်ပွန်းယုတ်၊ ခင်ပွန်းတုတို့ကို။ ဣတိဝိညာယ၊ ဤသူတို့ကား အဆွေခင်ပွန်းမြတ် မဟုတ် သူယုတ်အစစ်ဟု တစ်တစ်ခွခွ သိ၍။ ပဏ္ဍိတော၊ အကျိုးစီးပွား၌ လိမ္မာသသူသည်။ ပဋိဘယံ၊ ဘေးကျမ်းရှိသော။ မဂ္ဂံယထာ၊ ခရီးကဲ့သို့။ အာရကာ၊ ဝေးလံစွာ ပရိဝဇ္ဇေယျ၊ ကြဉ်ရှောင်ရာ၏။

## ၂။ အသက်ထက်ဆုံး ပေါင်းဖော်အပ်သော အဆွေခင်ပွန်းစစ် လေးယောက်

ရင်မှဖြစ်သော သားကဲ့သို့ အသက်ထက်ဆုံး ပေါင်းဖော် မှီဝဲအပ်သော အဆွေခင်ပွန်းစစ် လေးယောက်ရှိသည်ကို ဂုင်းပါဠိတော်၌ -

စတ္တာရော မေ ဂဟပတိပုတ္တမိတ္တာ သုဟဒါ ဝေဒိတဗ္ဗာ။ ဥပကာရော မိတ္တော သုဟဒေါ ဝေဒိတဗ္ဗော၊ သမာနသုခ ဒုက္ခော မိတ္တော သုဟဒေါ ဝေဒိတဗ္ဗော၊ အတ္ထက္ခာယီမိတ္တော သုဟဒေါ ဝေဒိတဗ္ဗော၊ အနုကမ္ပကော မိတ္တော သုဟဒေါ ဝေဒိတဗ္ဗော။ ။ ဟူ၍ ဟောတော်မူ၏။

http://www.cherrythitsar.org


ဂဟပတိပုတ္တ၊ သူကြွယ်သား။ သုဟဒ၊ ကောင်းသောနှလုံးရှိကုန်သော။ စတ္တာရော၊ လေးပါးကုန်သော။ ဣမေမိတ္တာ၊ ဤ ကလျာဏမိတ်စစ်ဖြစ်သော အဆွေခင်ပွန်းတို့ကို။ ဝေဒိတဗ္ဗော၊ သိအပ်ကုန်၏။ သုဟဒေါ၊ ကောင်းသော နှလုံးရှိသော။ ဥပကာရော၊ ကျေးဇူးအထူးကို ပြုတတ်သော။ မိတ္တော၊ ကလျာဏ မိတ်စစ်ဖြစ်သော အဆွေခင်ပွန်းကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။ သုဟဒေါ၊ ကောင်းသောနှလုံးရှိသော။ သမာနသုခဒုက္ခော၊ ချမ်းသာဆင်းရဲ မကွဲတူမျှ ဖြစ်သော။ မိတ္တော၊ ကလျာဏမိတ်စစ်ဖြစ်သော အဆွေခင်ပွန်းကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။ သုဟဒေါ၊ ကောင်းသောနှလုံးရှိသော။ အတ္ထက္ခာယီ၊ အကျိုးရှိအံ့ သည်ကိုသာ ပြောဟောလေ့ရှိသော။ မိတ္တော၊ ကလျာဏမိတ်စစ်ဖြစ်သော အဆွေ ခင်ပွန်းကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။ သုဟဒေါ၊ ကောင်းသောနှလုံးရှိသော။ အနုကမ္ပကော၊ ချစ်ခင်လေးမြတ် သနားတတ်သော။ မိတ္တော၊ ကလျာဏမိတ်စစ် ဖြစ်သော အဆွေခင်ပွန်းကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။

ဤအဆွေခင်ပွန်းစစ် လေးယောက်တို့တွင် ကောင်းသောနှလုံးရှိသော၊ ကျေးဇူးအထူးကို ပြောဆိုတတ်သော၊ ဥပကာရမည်သော အဆွေခင်ပွန်းစစ်ကို လေးပါးသော အကြောင်းတို့ဖြင့် သိအပ်၏ဟု ဝှင်းပါဠိတော်၌ -

စတူဟိ ခေါ ဂဟပတိပုတ္တ ဌာနေဟိ ဥပကာရော မိတ္တော သုဟဒေါ ဝေဒိ တဗ္ဗော။ ပမတ္တံ ရက္ခတိ၊ ပမတ္တဿ သာပတေယျံ ရက္ခတိ၊ ဘီတဿ သရဏံ ဟောတိ၊ ဥပ္ပန္နေသု ကိစ္စကရဏီယေသု တဒ္ဒိဂုဏံ ဘောဂံအနုပ္ပဒေတိ။ ဣမေဟိ ခေါ ဂဟပတိပုတ္တ ဌာနေဟိ ဥပကာရော မိတ္တော သုဟဒေါ ဝေဒိတဗ္ဗော။ ဟူ၍ ဟောတော်မူ၏။

ဂဟပတိပုတ္တ၊ သူကြွယ်သား။ ခေါ၊ စင်စစ်။ စတူဟိ၊ လေးပါးကုန်သော။ ဌာနေဟိ၊ အကြောင်းတို့ဖြင့်။ သုဟဒေါ၊ ကောင်းသောနှလုံးရှိသော။ ဥပကာရော၊ ဥပကာရမည်သော။ မိတ္တော၊ ကလျာဏမိတ်စစ်ဖြစ်သော အဆွေခင်ပွန်းကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။ ပမတ္တံ၊ ယစ်မူးမေ့လျော့သော အဆွေခင်ပွန်းကို။ ရက္ခတိ၊ စောင့်ရှောက် စောင်မတတ်၏။ ပမတ္တဿ၊ မေ့လျော့သော အဆွေ ခင်ပွန်း၏။ သာပတေယျံ၊ ဥစ္စာပစ္စည်းကို။ ရက္ခတိ၊ စောင့်ရှောက် စောင်မ တတ်၏။ ဘီတဿ၊ တစ်စုံတစ်ရာ အရေးရောက်၍ ထိတ်လန့်ကြောက်ခြင်း ဖြစ်သော အဆွေခင်ပွန်း၏။ သရဏံ၊ ငါသို့သသူ သဟဲရှိလျှက် အဘယ်တစ် ကြောက်ဘိသနည်းဟု အားပေး၍၊ ထိုဘေးမှ ကယ်ပေးတတ်သော ကိုးကွယ်ရာ သည်။ ဟောတိ၊ ဖြစ်၏။ ကိစ္စကရဏီယေသု၊ ပြုဖွယ် အမှုကိစ္စတို့သည်။ ဥပ္ပန္နေသု၊ ဖြစ်ကုန်လတ်သော်။ တဒ္ဒိဂုဏံ၊ ထိုအဆွေခင်ပွန်း မည်မျှ သုံးရန်

http://www.cherrythitsar.org



လိုပါသည်ဟု ဆိုသည်ထက် နှစ်ဆက်တက်သော။ ဘောဂံ၊ ဥစ္စာပစ္စည်းကို။ အနုပ္ပဒေတိ၊ မစပေးကမ်းနှင့်၏။ ဂဟပတိပုတ္တ၊ သူကြွယ်သား။ စတူဟိ၊ လေးပါးကုန်သော။ ဌာနေဟိ ခေါ ဌာနေဟိ၊ ဤအကြောင်းတို့ဖြင့်၊ သုဟဒေါ၊ ကောင်းသောနှလုံးရှိသော။ ဥပကာရော၊ ဥပကာရမည်သော။ မိတ္တော၊ ကလျာဏမိတ်စစ်ဖြစ်သော အဆွေခင်ပွန်းကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။

ဤအဆွေခင်ပွန်းစစ် လေးယောက်တို့တွင် ကောင်းသောနှလုံး ရှိသော၊ ချမ်းသာ ဆင်းရဲ မကွဲတူကွဖြစ်သော၊ သမာနသုခ ဒုက္ခမည်သော အဆွေခင်ပွန်းစစ်ကို လေးပါးသော အကြောင်းတို့ဖြင့် သိအပ်၏ဟု ၎င်းပါဠိတော်၌ -

စတူဟိ ခေါ ဂဟပတိပုတ္တ ဌာနေဟိ သမာနသုခ ဒုက္ခော မိတ္တော သုဟဒေါ ဝေဒိတဗ္ဗော။ ဂုယှမဿ အာစိက္ခတိ၊ ဂုယှမဿ ပရိဂူဟတိ။ အာပဒါသု နဝိဇဟတိ၊ ဇီဝိတံပိဿ အတ္ထာယ ပရိစ္စတ္တံ ဟောတိ။ ဣမေ ခေါ ဂဟပတိပုတ္တ စတူဟိဌာနေဟိ သမာနသုခ ဒုက္ခော မိတ္တော သုဟဒေါ ဝေဒိတဗ္ဗော။ ။ ဟူ၍ ဟောတော်မူ၏။

ဂဟတိပုတ္တ၊ သူကြွယ်သား။ ခေါ၊ စင်စစ်။ စတူဟိ၊ လေးပါးကုန်သော။ ဌာနေဟိ၊ အကြောင်းတို့ဖြင့်။ သုဟဒေါ၊ ကောင်းသောနှလုံးရှိသော။ သမာနသုခ ဒုက္ခော၊ သမာန သုခ ဒုက္ခမည်သော။ မိတ္တော၊ ကလျာဏ မိတ်စစ်ဖြစ်သော အဆွေခင်ပွန်းကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။ ဂုယှံ၊ မိမိ၏ လျှို့ဝှက်ကောင်းသော စကားကို။ အဿ၊ ထိုအဆွေခင်ပွန်းအားသာလျှင်။ အာစိက္ခတိ၊ ပြောကြားတိုင်ပင်၏။ အဿ၊ ထိုအဆွေခင်ပွန်း၏။ ဂုယှံ၊ လျှို့ဝှက်ကောင်းသော စကားကို။ ပရိဂူဟတိ၊ ထက်ဝန်းကျင်လုံအောင် စောင့်၏။ အာပဒါသု၊ ဘေးရန်ရောက်ကုန်လတ်သော်။ နဝိဇဟတိ၊ ရေလိပ်၊ ဝံ၊ သိန်းဖို၊ သိန်းမ၊ သီဟရာဇာတို့ကဲ့သို့ မစွန့်။ အဿ၊ ထိုအဆွေခင်ပွန်း၏။ အတ္ထာယ၊ အကျိုးငှာ။ ဇီဝိတံပိ၊ မိမိအသက်ကိုသော်လည်း။ ပရိစ္စတ္တံ၊ သုမုခတို့ကဲ့သို့ စွန့်စားသည်။ ဟောတိ၊ ဖြစ်၏။ ဂဟပတိပုတ္တ၊ သူကြွယ်သား။ စတူဟိ၊ လေးပါးကုန်သော။ ဣမေဟိ ဌာနေဟိ၊ ဤအကြောင်းတို့ဖြင့်။ သုဟဒေါ၊ ကောင်းသောနှလုံးရှိသော။ သမာနသုခ ဒုက္ခော၊ သမာန သုခ ဒုက္ခမည်သော။ မိတ္တော၊ ကလျာဏမိတ်စစ်ဖြစ်သော အဆွေခင်ပွန်းကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။

ဤအဆွေခင်ပွန်းစစ်လေးယောက်တို့တွင် ကောင်းသောနှလုံးရှိသော၊ အကျိုးရှိအံ့သည်ကိုသာ ပြောဟောလေ့ရှိသော အတ္ထက္ခာယီ မည်သော အဆွေခင်ပွန်းစစ်ကို လေးပါးသောအကြောင်းတို့ဖြင့် သိအပ်၏ဟု ၎င်းပါဠိတော်၌ -

စတူဟိ ခေါ ဂဟပတိပုတ္တဌာနေဟိ အတ္ထက္ခာယီ မိတ္တော သုဟဒေါ ဝေဒိတဗ္ဗော။ ပါပါ နိဝါရေတိ၊ ကလျာဏေ နိဝေသေတိ၊ အဿုတံ သာဝေတိ၊ သဂ္ဂဿမဂ္ဂံ အာစိက္ခတိ။ ဣမေဟိ ခေါ ဂဟပတိပုတ္တ စတူဟိ ဌာနေဟိ အတ္ထက္ခာယီ မိတ္တော သုဟဒေါ ဝေတဗ္ဗော။ ။ ဟူ၍ ဟောတော်မူ၏။

ဂဟပတိပုတ္တ၊ သူကြွယ်သား။ ခေါ၊ စင်စစ်။ စတူဟိ၊ လေးပါးကုန်သော။ ဌာနေဟိ၊ အကြောင်းတို့ဖြင့်။ သုဟဒေါ၊ ကောင်းသောနှလုံးရှိသော။ အတ္ထက္ခာယီ၊ အတ္ထက္ခာယီမည်သော။ မိတ္တော၊ ကလျာဏမိတ်စစ်ဖြစ်သော အဆွေခင်ပွန်းကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။ ပါပါ၊ ပဉ္စဝေရဒသ အကုသလကမ္မပထမှ။ နိဝါရေတိ၊ မရေမရာ၊ ပါယ်ရွာချတတ်၊ ယုတ်ပတ်ညစ်ကျူ လူသွမ်းမှုကို၊ မပြုပါလင့်ဟု၊ ပြသကျိုးပြစ်၊ တားမြစ်ပေတတ်၏။ ကလျာဏေ၊ ပဉ္စသီလ ဒသ ကုသလကမ္မ ပထ ဒါနစသော ကုသိုလ်တရား၌။ နိဝေသေတိ၊ ဃဋီကာရတို့ကဲ့သို့ မရမက တည်စေတတ်၏။ အသုတံ၊ မကြားစတောင်း၊ ထုံးဟောင်းနည်းနာ သိမ်မွေ့စွာ သော အကြောင်းကို။ သာဝေတိ၊ ကြားစေ၏။ အဿ၊ ထို အဆွေခင်ပွန်းအား။ သဂ္ဂဿမဂ္ဂံ၊ နတ်ရွာလမ်းသို့။ အာစိက္ခတိ၊ ကြားပေတတ်၏။ ဂဟပတိပုတ္တ၊ သူကြွယ်သား။ စတူဟိ၊ လေးပါးကုန်သော။ ဣမေဟိ ခေါ ဌာနေဟိ၊ ဤ အကြောင်းတို့ဖြင့်။ သုဟဒေါ၊ ကောင်းသောနှလုံးရှိသော။ အတ္ထက္ခာယီ၊ အတ္ထ က္ခာယီမည်သော။ မိတ္တော၊ ကလျာဏ မိတ်စစ်ဖြစ်သော အဆွေခင်ပွန်းကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။

ဤအဆွေခင်ပွန်းစစ် လေးယောက်တို့တွင် ကောင်းသောနှလုံးရှိသော၊ ချစ်ခင်လေးမြတ် သနားတတ်သော အနုကမ္ပကမည်သော အဆွေခင်ပွန်းစစ်ကို လေးပါးသော အကြောင်းတို့ဖြင့် သိအပ်၏ဟု ရင်းပါဠိတော်၌ -

စတူဟိ ခေါ ဂဟပတိပုတ္တဌာနေဟိ အနုကမ္ပကော မိတ္တော သုဟဒေါ ဝေဒိတဗ္ဗော။ အဘဝေနဿ နနန္ဒတိ၊ ဘဝေနဿ နန္ဒတိ၊ အဝဏ္ဏံ ဘဏမာနံ နိဝါရေတိ၊ ဝဏ္ဏံ ဘဏမာနံ ပသံသတိ။ ဣမေဟိ ခေါ ဂဟပတိပုတ္တ စတူဟိ ဌာနေဟိ အနုကမ္ပကော မိတ္တော သုဟဒေါ ဝေဒိတဗ္ဗောတိ။ ။ ဟူ၍ ဟောတော် မူ၏။

ဂဟပတိပုတ္တ၊ သူကြွယ်သား။ ခေါ၊ စင်စစ်။ စတူဟိ၊ လေးပါးကုန်သော။ ဌာနေဟိ၊ အကြောင်းတို့ဖြင့်။ သုဟဒေါ၊ ကောင်းသောနှလုံးရှိသော။ အနု ကမ္ပကော၊ အနုကမ္ပကမည်သော။ မိတ္တော၊ ကလျာဏမိတ်စစ်ဖြစ်သော အဆွေ ခင်ပွန်းကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။ အဿ၊ ထိုအဆွေခင်ပွန်း၏။ အဘဝေန၊ ခြွေရံစည်းစိမ် မငြိမ်ရွေ့ရှား ပျက်ပြားခြင်းဖြင့်။ နနန္ဒတိ၊ မနှစ်သက်။ အဿ၊

http://www.cherrythitsar.org



ထိုအဆွေခင်ပွန်း၏။ ဘဝေန၊ စည်းစိမ်ခြွေရံ ဌာနန္တရ သုခပွားစီးသဖြင့်။ နန္ဒတိ၊ နှစ်သက်၏။ အဝဏ္ဏံ၊ မိမိ အဆွေခင်ပွန်း၏ ကဲ့ရဲ့စကားကို။ ဘဏမာနံ၊ ဆိုသော သူကို။ နိဝါရေတိ၊ မြစ်ပေတတ်၏။ ဝဏ္ဏံ၊ မိမိအဆွေခင်ပွန်းအား ချီးမွမ်း စကားကို။ ဘဏမာနံ၊ ဆိုသောသူကို။ ပသံသတိ၊ ချီးမွမ်းတတ်၏။ ဂဟပတိ ပုတ္တ၊ သူကြွယ်သား။ စတူဟိ၊ လေးပါးကုန်သော။ ဌာနေဟိ၊ ခေါ်ဌာနေဟိ၊ ဤ အကြောင်းတို့ဖြင့်။ သုဟဒေါ၊ ကောင်းသောနှလုံးရှိသော။ အနုကမ္ပကော၊ အနု ကမ္ပကမည်သော။ မိတ္တော၊ ကလျာဏမိတ်စစ်ဖြစ်သော အဆွေခင်ပွန်းကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။

ဤအဆွေခင်ပွန်းစစ်လေးယောက်တို့တွင် မိခင် ဖခင် ကျေးဇူးရှင်တို့သည် ဥပကာရမည်သော အဆွေခင်ပွန်းမျိုးဖြစ်၏။ ကျေးရင်း၊ ကျွန်ရင်း၊ ညီသား၊ အစ်ကို၊ ချစ်ခင်စုံမက်သော ဆွေမျိုး စသည်တို့သည် ဆင်းရဲအတူ ချမ်းသာအမျှ ဝင်၍ ခံတတ်သော သမာန သုခ ဒုက္ခမည်သော အဆွေခင်ပွန်းမျိုးဖြစ်၏။ ပညာရှိ သူတော်ကောင်း လူကြီးတို့သည် ကျိုးကြောင်းပြသ ဆုံးမတတ်သော ကြောင့် အတ္ထက္ခာယီမည်သော အဆွေခင်ပွန်းမျိုး ဖြစ်၍ မိမိကို ချစ်ခင်စုံမက် သော ကျေးကျွန် အသိအကျွမ်းတို့သည် အနုကမ္ပကမည်သော အဆွေခင်ပွန်းမျိုး ဖြစ်၏။

သာမည အဆွေခင်ပွန်းမျိုး မခွဲခြမ်းသဖြင့် ပေါင်းဖော်အပ်သော အဆွေ ခင်ပွန်းကောင်း အင်္ဂါခုနစ်ပါးရှိသည်ကို သတ္တင်္ဂုတ္တရပါဠိတော်၌ -

ဒုဒ္ဒသံ ဒဒါတိ မိတ္တော၊
ဒုက္ကရဉ္စာပိ ကုဗ္ဗတိ။
အထောပိဿ ဒုရုတ္တာနိ၊
ခမတိ ဒုက္ခမာနိစ။ ။
ဂုယှဉ္စ တဿ အက္ခာတိ၊
ဂုယှဿ ပရိဂူဟတိ။
အာပဒါသု နဇဟာတိ၊
ခီဏေန နာတိ မညတိ။ ။
ယမှိတော နိဌာနာနိ၊
သံဝိဇ္ဇန္တီဓ ပုဂ္ဂလေ။
သောမိတ္တော မိတ္တကာမေန၊
ဘဇိတဗ္ဗော တထာဝိဓောတိ။ ။ ဟူ၍ ဟောတော်မူ၏။

မိတ္တော၊ အဆွေခင်ပွန်းကောင်း ဖြစ်မူကား။ ဒုဒ္ဒသံ၊ ပေးနိုင်ခဲသော ဥစ္စာပစ္စည်း ရာထူးဌာနန္တရကို။ ဒဒါတိ၊ ပေးတတ်၏။ ဒုက္ကရဉ္စာပိ၊ သည်ပိုးဆောင်ရွက်ခြင်းငှာ ခဲခက်သော အမှုကိစ္စကိုသော်လည်း။ ကုဗ္ဗတိ၊ သည်ပိုးရွက်ဆောင်၏။ အထောပိ၊ ထိုမှတစ်ပါးလည်း။ အဿ၊ ထိုအဆွေခင်ပွန်း၏။ ဒုရုတ္တာနိ၊ ကြမ်းတမ်းရုန့်ရင်းစွာ ပြောဆိုသော စကားတို့ကိုလည်းကောင်း။ ဒုက္ခမာနိစ၊ မခံနိုင်အောင် ပြုကျင့်သော အမှုကိစ္စတို့ကိုလည်းကောင်း။ ခမတိ၊ သည်းခံ၏။

တဿ၊ ထိုအဆွေခင်ပွန်း၏။ ဂုယှဉ္စ၊ လျှို့ဝှက်အပ်သော အမှုကိုလည်း။ အက္ခာတိ၊ ပြောကြားတိုင်ပင်၏။ အဿ၊ ထိုအဆွေခင်ပွန်း၏။ ဂုယှံ၊ လျှို့ဝှက်အပ်သော အမှုကို။ ပရိဂူဟတိ၊ ထက်ဝန်းကျင် လုံအောင်စောင့်ရှောက်၏။ အာပဒါသု၊ ဘေးရန်ဖြစ်ကုန်သည်ရှိသော်။ နဇဟာတိ၊ မစွန့်ပစ်။ ခီဏေန၊ အဆွေခင်ပွန်း၌ စည်းစိမ်းဥစ္စာ ရာထူးနိမ့်ကျကုန်ခန်းရာ၌။ နာတိမညတိ၊ မထီမဲ့မြင် စော်ကားရိုင်းပျခြင်းကို မပြု။

ယမှိပုဂ္ဂလေ၊ အကြင် တစ်စုံတစ်ယောက်သော အဆွေခင်ပွန်း ဖြစ်သော ပုဂ္ဂိုလ်၌။ ဧတာနိ ဌာနာနိ၊ ဤ ခုနစ်ပါးသော အကြောင်းတို့သည်။ သံဝိဇ္ဇန္တိ၊ ရှိကုန်၏။ တထာဝိဓော၊ ထိုသို့သော အင်္ဂါခုနစ်ပါးနှင့် ပြည့်စုံသော။ သောမိတ္တော၊ ထိုအဆွေခင်ပွန်းကို။ မိတ္တကာမေန၊ အဆွေခင်ပွန်းကောင်းကို အလိုရှိသော သူသည်။ ဘဇိတဗ္ဗော၊ မှီဝဲဆည်းကပ်အပ်၏။

ဤသို့ ဆိုအပ်ခဲ့ပြီးသော အဆွေခင်ပွန်းကောင်း လေးယောက်တို့ကို ရင်၌ဖြစ်သော သားကဲ့သို့ ချစ်ခင်စုံမက်အပ်သည်ကို သိင်္ဂါလောဝါဒသုတ် ပါဠိတော်၌-

> ဥပကာရောစ ယောမိတ္တော၊
> သုခေဒုက္ခေစ ယောသခါ။
> အတ္ထက္ခာယီစ ယောမိတ္တော၊
> ယောစမိတ္တာ နုကမ္ပကော။ ။
> ဧတေပိမိတ္တေ စတ္တာရော၊
> ဣတိဝိညာယ ပဏ္ဍိတော။
> သက္ကစ္စံ ပယိရုပါသေယျ၊
> မာတာပုတ္တံဝ ဩရသံ။ ။
> ပဏ္ဍိတော သီလသမ္ပန္နော၊
> ဇလံအဂ္ဂိဝ ဘာသတိ။ ။ ဟူ၍ ဟောတော်မူ၏။

ဥပကာရော၊ ကျေးဇူးအထူးပြုတတ်သော။ ယောစမိတ္တော၊ အကြင် အဆွေခင်ပွန်းစစ်လည်းကောင်း။ သုခေဒုက္ခေစ၊ ချမ်းသာဆင်းရဲအားဖြင့်။ သမပတ္တော၊

http://www.cherrythitsar.org



အညီအမျှဖြစ်သော။ ယောစသခါ၊ အကြင်အဆွေခင်ပွန်းစစ်လည်းကောင်း။ အတ္ထက္ခာယ၊ အကျိုးရှိအံ့သည်ကိုသာ ပြောဆိုလေ့ရှိသော။ ယောစမိတ္တော၊ အကြင်အဆွေခင်ပွန်းစစ်လည်းကောင်း။ အနုကမ္ပကော၊ ချစ်ခင်လေးမြတ်သနားတတ်သော။ ယောစမိတ္တော၊ အကြင်အဆွေခင်ပွန်းစစ်လည်းကောင်း။

ဣတိ ဧကမိနာ နယေန၊ ဤသို့ ဆိုခဲ့ပြီးသော နည်းဖြင့်။ စတ္တာရော၊ လေးယောက်ကုန်သော။ ဧတေပိမိတ္တေ၊ ဤအဆွေခင်ပွန်းစစ်တို့ကို။ ဝိညာယ၊ သိ၍။ ဩရသပုတ္တံ၊ ရင်၌ဖြစ်သောသားကို။ မာတာ၊ အမိသည်။ ပယိရုပါသတိက္က၀၊ ဆည်းကပ်သကဲ့သို့။ တထာ၊ ထို့အတူ။ ပဏ္ဍိတော၊ ကျိုးကြောင်းလိမ္မာပညာရှိသည်။ သက္ကစ္စံ၊ ရိုသေစွာ။ ပယိရုပါသေယျ၊ နေ့စဉ်မပြတ် ဆည်းကပ်ရာ၏။

အထ၊ ထိုသို့ ကလျာဏ မိတ်ကောင်းကို ပေါင်းဖော်ဘက်ပြုသည်ရှိသော်။ သီလ သမ္ပန္နော၊ သီလနှင့်ပြည့်စုံသော။ ပဏ္ဍိတော၊ ကျိုးကြောင်းလိမ္မာ ပညာရှိသည်။ ဇလံအဂ္ဂီ၀၊ မိုက်မည်းမှောင်ကျသည့်ကာလဝယ်၊ တောက်ပညီးညီး၊ တောင်ထိပ်မီးသို့။ ဘာသတိ၊ ပတ်လည်ဝန်းကျင် မြေပြင်ခပင်း၊ ထွန်းလင်းတောက်ပ၏။

## ၃။ သိဂါလောဝါဒသုတ်၌ လာသော အရပ်ခြောက်ပါးအကြောင်း

လောက၌ မြို့ရွာနိုင်ငံတို့တွင် လူနည်းလျော့ ကုန်ခန်းကြောင်း တရားသုံးပါးတို့အနက်၊ ဝိသမရာဂနှင့် ဝိသမလောဘမှာ အနက်ပြန်သည့်အတိုင်း သိလွယ်၏။ မိစ္ဆာဓမ္မဟူသော ကျင့်ဝတ်တရား မှားယွင်းပျက်စီးသည်ကို အသိခက်သည်။ ဟောတော်မူသော တရားတွင် သခင်ကျင့်ဝတ်၊ ကျွန်ကျင့်ဝတ် အစရှိသော ကျင့်ဝတ်တို့ကို မသိလျှင်၊ မှန်ကန်အောင် မကျင့်နိုင်။ တစ်ကြောင်းလည်း၊ သူစိမ်းပြင်ပ အလွယ်သက်သက်က လာသော ဘေးရန်ကို မတားမြစ်နိုင်။ ကျွန်၊ အရှင်၊ လင်မယား၊ သားအဖတို့ ကျင့်ဝတ်ပဋိပတ် ပျက်ကြ၍ ရန်ဖြစ်ပွားလျှင်၊ အောင်ခဲသည် များသောကြောင့်၊ လူတို့ကျင့်ဝတ်တရားကို ဟောတော်မူလိုသော မြတ်စွာဘုရားသည်၊ ဤသိဂါလောဝါဒသုတ်၌ -

ကထဥ္စ ဂဟပတိပုတ္တ အရိယာသာဝကောဆဒ္ဒိသာပဋိစ္ဆာဒီ ဟောတိ။ ဆက္ကမာ ဂဟပတိပုတ္တ ဒိသာ ဝေဒိတဗ္ဗာ။ (၁) ပုရတ္ထိမာဒိသာ မာတာပိတရော ဝေဒိတဗ္ဗာ။ (၂) ဒက္ခိဏာဒိသာအာစရိယာ ဝေဒိတဗ္ဗာ။ (၃) ပစ္ဆိမာဒိသာ ပုတ္တဒါရာ ဝေဒိတဗ္ဗာ (၄) ဥတ္တရာဒိသာ မိတ္တာမစ္စာ ဝေဒိတဗ္ဗာ။ (၅) ဟေဋ္ဌိ

http://www.cherrythitsar.org


မာဒိသာ ဒါသကမ္မကရာဝေဒိတဗ္ဗာ။ (၆) ဥပရိမာဒိသာ သမဏဗြာဟ္မဏာ ဝေဒိတဗ္ဗာ၊ ဟူ၍ ဟောတော်မူ၏။

ဂဟပတိပုတ္တ၊ သူကြွယ်သား။ အရိယသာဝကော၊ ငါဘုရားတပည့်သည်။ ဆဒ္ဒိသာ၊ အရပ်ခြောက်ပါးတို့ကို။ ကထဥ္စ၊ အသို့လျှင်။ ပဋိစ္ဆာဒီ၊ ဘေးရန်မလာအောင် ဖုံးလွှမ်းနိုင်သည်။ ဟောတိ၊ ဖြစ်သနည်း။ ဂဟပတိပုတ္တ၊ သူကြွယ်သား။ ဆ၊ ခြောက်ပါးကုန်သော။ ဣမာဒိသာ၊ ဤအရပ်တို့ကို။ ဝေဒိတဗ္ဗော၊ သိအပ်ကုန်၏။ (၁) မာတာပိတရော၊ မိခင် ဖခင်တို့ကို။ ပုရတ္ထိမာဒိသာ၊ အစလက်ဦး၊ နူးညံ့သောနှလုံးဖြင့် ဆုံးမမွေးကျွေး၊ ကျေးဇူးပြုတတ်သောကြောင့်၊ အရှေ့အရပ်မည်ကုန်၏ဟူ၍။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏။ (၂) အာစရိယာ၊ အတတ်ပညာ၊ နည်းနာပြဥ္ဆန်၊ လူရည်မွန်အောင် သွန်သင်ပေးတတ်သော ဆရာတို့ကို။ ဒက္ခိဏာဒိသာ၊ လက်ဦးအလှူပူဇော်ခံထိုက်သော အနက်ကြောင့်၊ တောင်မျက်နှာ အရပ်တို့ဟူ၍။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏။ (၃) ပုတ္တဒါရာ၊ သားမယားတို့ကို။ ပစ္ဆိမာဒိသာ၊ နောက်လိုက်၍ ပြုကျင့်တတ်သော အနက်ကြောင့်၊ နောက်မျက်နှာ အရပ်တို့ကိုဟူ၍။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏။ (၄) မိတ္တာမစ္စာ၊ အဆွေခင်ပွန်းကောင်းတို့ကို။ ဥတ္တရာဒိသာ၊ ထိုထိုဒုက္ခမှ ထုတ်ကယ် ပေတတ်သော အနက်ကြောင့်၊ မြောက်မျက်နှာ အရပ်တို့ဟူ၍။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏။ (၅) ဒါသကမ္မကရာ၊ ကျေးကျွန်အမှုလုပ်တို့ကို။ ဟေဋ္ဌိမာဒိသာ၊ ခြေရင်း အလုပ်အကျွေးအရာ၌ တည်ပေတတ်သော အနက်ကြောင့်၊ အောက်မျက်နှာ အရပ်တို့ဟူ၍။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏။ (၆) သမဏ ဗြာဟ္မဏ၊ ကလိမ်းကလက်၊ မငြိမ်သက်သည့်၊ ရမ္မက်ဒေါသ၊ မောဟ၊ မာန၊ မဟိစ္ဆ တင်းမတိမ်၊ ကိုယ်ငြိမ်ဝပ်အောင်၊ နှိပ်ကွပ်ဆုံးမ၊ သမဏနှင့်၊ ပါပဝတ္ထု၊ ပါယ်လားမှုကို၊ မပြုစွန့်ထ။ ဗြာဟ္မဏတို့ကို။ ဥပရိမဒိသာ၊ သီလသမာဓိ ပညာစသော ဂုဏ်တို့ဖြင့် မြင့်မြတ်သောအရာ၌ တည်သောအနက်ကြောင့်၊ အထက်အရပ်တို့ဟူ၍။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏။

## ၄။ သားသမီးတို့ ပြုကျင့်အပ်သော ဝတ်ငါးပါးနှင့် မိဘတို့က ပြန်၍ စောင့်ရှောက်ရသော ဝတ်ငါးပါး

ဤအရပ်ခြောက်ပါးတို့တွင် မိဘဟူသော အရှေ့အရပ်၌ သားသမီးတို့သည် ကျင့်ဆောက်တည်အပ်သော ဝတ်ငါးပါး ရှိသည်ကိုလည်းကောင်း၊ ဤ မိဘဝတ်ငါးပါးနှင့် ပြည့်စုံသော သားသမီးတို့ကို ပြန်၍ မိဘဖြစ်သူတို့က စောင့်ရှောက်ထိုက်သော ဝတ်ငါးပါးတို့ကိုလည်းကောင်း၊ ဤပါဠိတော်၌ -

http://www.cherrythitsar.org



ပဉ္စဟိ ခေါ၊ ဂဟပတိပုတ္တဌာနေဟိ ပုတ္တေန ပုရတ္ထိမာဒိသာ မာတာပိ တရော ပစ္စုပဋ္ဌာတဗ္ဗာ၊ ဘတော နေသံ ဘရိဿာမိ၊ ကိစ္စံ နေသံ ကရိဿာမိ၊ ကုလ ဝံသံ ဌပေဿာမိ၊ ဒါယဇ္ဇံ ပဋိပဇ္ဇာဿာမိ၊ အထ ဝါ ပန ပေတာနံကာ လက်တာနံ ဒက္ခိဏံ အနုပ္ပဒဿာမီတိ။ ။ ဣမေဟိ ခေါ ဂဟပတိပုတ္တ ပဉ္စဟိ ဌာနေဟိပုတ္တေန ပုရတ္ထိမာဒိသာ မာတာပိတရော ပစ္စုပဋ္ဌိတာ ပဉ္စဟိ ဌာနေဟိ၊ ပုတ္တံ အနုကမ္ပေန္တိ၊ ပါ ပါ နိဝါရေန္တိ၊ ကလျာဏေ နိဝေသေန္တိ၊ သိပ္ပံ သိက္ခာပေန္တိ၊ ပတိရူပေန ဒါရေန သံယောဇေန္တိ၊ သမယေ ဒါယဇ္ဇံ နိယျာဒေန္တိ။ ဣမေဟိ ခေါ ဂဟပတိပုတ္တ ပဉ္စဟိဌာနေဟိ ပုတ္တေန ပုရတ္ထိမာ ဒိသာ မာတာပိတရော ပစ္စုပဋ္ဌိတာ။ ဣမေဟိ ပဉ္စဟိဌာနေဟိ ပုတ္တံ အနုကမ္ပေန္တိ။ ဧဝမဿ ဧသာ ပုရတ္ထိမာဒိသာ ပဋိစ္ဆန္နာဟောတိ ခေမာ အပ္ပဋိဘယာ။ ။ ဟူ၍ ဟောတော်မူ၏။

ဂဟပတိပုတ္တ၊ သူကြွယ်သား။ ပဉ္စဟိ၊ ငါးပါးကုန်သော။ ဌာနေဟိ၊ အကြောင်းတို့ဖြင့်။ ပုတ္တေန၊ သားသမီးဖြစ်သသူသည်။ ပုရတ္ထိမာဒိသာ၊ အရှေ့အရပ် မည်ထိုက်ကုန်သော။ မာတာပိတရော၊ အမိအဖတို့ကို။ ပစ္စုပဋ္ဌာသဗ္ဗာ၊ အဖန်တလဲလဲ လုပ်ကျွေးအပ်ကုန်၏။ ။ အဟံ၊ ငါ့ကို။ မာတာပိတုဟိ၊ ငါ့မိငါ့ဖတို့သည်။ ထည့ံ ပါယေတွာ၊ နို့ရည်တိုက်ကျွေး၍။ ဟတ္ထပါဒေ၊ လက်ခြေတို့ကို။ ဝဍ္ဎေတွာ၊ ကြီးပွားစေ၍။ မုခေ၊ မျက်နှာ၌။ သိယ်ဃာဏိကံ၊ နှပ်ကို။ အပနေတွာ၊ သုတ်သင်၍။ နှာပေတွာ၊ ကိုယ်တိုင်အဝတ် ရေချိုးပွတ်သပ်၍။ မဏ္ဍေတွာ၊ အဝတ်အစား တန်ဆာဆင်ပြင်၍။ တတော၊ မွေးမြူအပ်ပေပြီ။ သော၊ ထိုမိဘတို့ အလုပ်အကျွေးကို ခံရသော ငါသည်။ အဇ္ဇ ယခု။ နေသံ မဟလ္လကာနံ၊ ထိုအိုမင်းကုန်ပြီးသော မိခင်ဖခင် ကျေးဇူးရှင်တို့ကို။ (၁) ပါဒ ဓောဝန နှာပန ယာဂုဘတ္တ ဒါနာဒီဟိ၊ ခြေဆေးခြင်း၊ ရေချိုးခြင်း၊ ယာဂုထမင်း၊ အဝတ်ပုဆိုးပေးခြင်းတို့ဖြင့်။ ဘရိဿာမိ၊ မွေးတုံ့မွေးလှည့် ရှုကြည့်လုပ်ကျွေး ပေအံ့။ (၂) နေသံ၊ ထိုမိခင်ဖခင် ကျေးဇူးရှင်တို့၏။ ကိစ္စံ၊ မင်းအိမ်စသည်တို့၌ ပေါ်ထွက်သမျှ မှုကိစ္စကို။ ကရိဿာမိ၊ မိမိမှုများစွာ စွန့်ပစ်ထားလျက်၊ သွားလာဆောင်ရွက်ပေအံ့။ (၃) မာတာပိတူနံ၊ မိခင်ဖခင် ကျေးဇူးရှင်တို့၏။ သန္တကံ ဥစ္စာဖြစ်သော။ ခေတ္တဝတ္ထု သုဝဏ္ဏ ဟိရညာဒိ ၊ လယ်၊ ယာ၊ ရွှေ ငွေ စသော ဥစ္စာနှစ်ကို။ အဝိနာသေတွာ၊ မဖျက်ဆီးမူ၍။ ရက္ခန္တောပိ၊ စောင့်ရှောက်သည်ဖြစ်၍လည်းကောင်း။ မာတာပိတရော၊ မိဘတို့ကို။ အဓမ္မိက ဝံသတော၊ တရားမစောင့်သောအနွယ်မှ။ ဟာရေတွာ၊ ပယ်၍။ ဓမ္မိကဝံသေ၊ တရားစောင့်သော အနွယ်၌။ ပတိဋ္ဌာပေန္တောပိ၊ တည်စေသည်ဖြစ်၍လည်းကောင်း။ ဒါန ဝတ္တာနံ၊ မိဘတို့ ပေးလှူမြဲဖြစ်သော အလှူတို့ကို။ အနုပစ္ဆိန္ဒိတွာ၊ မဖြတ်မူ၍။

ပဝတ္တန္တောပိ၊ ဖြစ်စေသည်ဖြစ်၍လည်းကောင်း။ ကုလဝံသံ၊ အမျိုးအနွယ်ကို။ ဌပေဿမိ၊ အရှည်ထွန်းကားအောင် မပျက်မစီး တည်စေအံ့။ (၄) ဒါယဇ္ဇံပိ၊ မိဘအမွေ၊ ခံထိုက်ပေကြောင်း၊ ကောင်းသောအမူအကျင့်တို့ကို။ ပဋိပဇ္ဇိဿာမိ၊ မိဘနှစ်သက်အောင် ကျင့်ပေအံ့။ (၅) အထဝါပန၊ ထိုမှတစ်ပါး။ ပေတာနံ၊ ပစ္စုပ္ပန်ဘဝမှ ကင်းကုန်သော။ ကာလက်တာနံ၊ သေလွန်ကုန်သော မိဘတို့အား။ ပတ္တဒါန်ကတွာ၊ အဖို့ပေးဝေသည်ကို ပြု၍။ ဒက္ခိဏံ၊ မတကတတ် အလှူကို။ အနုပဒဿာမိ၊ သီလဝံတို့အား ပေးလှူအံ့။ ဣတိ ဣမေဟိ ဌာနေဟိ၊ ဤငါးပါး သော အကြောင်းတို့ဖြင့်။ ပစ္စုပဋ္ဌာတဗ္ဗာ၊ အဖန်တလဲလဲ လုပ်ကျွေးအပ်ကုန်၏။

ဂဟပတိပုတ္တ၊ သူကြွယ်သား။ ပုတ္တေန၊ သားသမီးဖြစ်သသူသည်။ ဣမေဟိ ခေါ် ပဥ္စဟိဌာနေဟိ၊ ဤငါးပါးသောအကြောင်းတို့ဖြင့်။ ပစ္စုပဋ္ဌိတာ၊ လုပ်ကျွေး မွေးမြူအပ်ကုန်သော။ ပရိတ္တိမာသာ၊ အရှေ့အရပ် မည်ထိုက်ကုန်သော။ မာတာ ပိတရော၊ မိဘတို့သည်။ ပုတ္တံ၊ ဝတ်ငါးပါးနှင့် ပြည့်စုံသော သားသမီးကို။ ပဥ္စဟိ ဌာနေဟိ၊ ငါးပါးကုန်သောအကြောင်းတို့ဖြင့်။ အနုကမ္ပန္တိ၊ အစဉ် စောင့်ရှောက် ချီးမြှောက်ပေကုန်၏။

(၁) ပါပါ၊ ပါဏာတိပါတ်၊ သတ်ဖြတ် သူ့သက်၊ ခိုးဝှက် ဥစ္စာ၊ အိပ်ရာ ပြစ်မှား၊ မုသားဆိုလေ့၊ ယစ်မေ့သေစာ၊ ပါယ်ရွာလားကြောင်း၊ မကောင်းမှုမှ။ နိဝါရေန္တိ၊ ပိတ်ပင်တားမြစ်ပေကုန်၏။

(၂) အနာထပိဏ္ဍိကာဒယောဝိယ၊ အနာထပိဏ် သူဌေးကဲ့သို့။ လဥ္စဒတွာပိ၊ လက်ဆောင်တံစိုးပေး၍လည်းကောင်း။ ကလျာဏေ၊ အလှူ သီလ စသော ကောင်းမှု၌။ နိဝေသေန္တိ၊ သွတ်သွင်းတည်စေကုန်၏။

(၃) သိပ္ပံ၊ အသက်မွေးကြောင်း ကောင်းသောအတတ်ပညာကို။ သိက္ခာ ပေန္တိ၊ လေ့လာပွန်းတီး အပြီးတိုင်အောင် သင်စေကုန်၏။

(၄) ပတိရူပေန၊ အမျိုးသတင်း၊ အဆင်းပြင်လျာ၊ မူရာဆေးလေး၊ ယဉ်ကျေး လျောက်ပတ်သော။ ဒါရေန၊ မယားနှင့် သံယောဇေန္တိ၊ စုံဖက်ထိမ်းမြားကုန်၏။

(၅) သမယေ၊ သျှောင်ထုံးသောအခါ၊ ထိမ်းမြားသောအခါ စသည်၌၊ ဒါယဇ္ဇံ အရင်းအနှီး အမွေဥစ္စာကို။ နိယျာဒေန္တိ၊ ပေးနှင့်ကုန်၏။ ဣတိ ဣမေဟိ ပဥ္စဟိ ဌာနေဟိ၊ ဤ ငါးပါးသောအကြောင်းတို့ဖြင့်။ အနုကမ္ပန္တိ၊ စောင့်ရှောက် ချီးမြှောက်ပေကုန်၏။

(၆) ဂဟပတိပုတ္တ၊ သူကြွယ်သား။ ပုတ္တေန၊ သားသမီးဖြစ်သောသူသည်။ ဣမေဟိခေါ်ပဥ္စဟိဌာနေဟိ၊ ဤငါးပါးသောအကြောင်းတို့ဖြင့်။ ပစ္စုပဋ္ဌိတာ၊ လုပ်ကျွေးမွေးမြူအပ်ကုန်သော။ ပုရတ္တိမာဒိသာ၊ အရှေ့အရပ် မည်ထိုက်ကုန်

http://www.cherrythitsar.org



သော။ မာတာပိတရော၊ မိဘတို့သည်။ ပုတ္တံ၊ ဝတ်ငါးပါးနှင့် ပြည့်စုံသော သားသမီးကို။ ဣမေဟိပဥ္စဟိဌာနေဟိ၊ ဤငါးပါးသော အကြောင်းတို့ဖြင့်။ အနုကမ္ပန္တိ၊ အစဉ် စောင့်ရှောက် ချီးမြှောက်ကုန်၏။

ဧဝံ၊ ဤသို့သောနည်းဖြင့်။ အဿ၊ ထို ငါဘုရား အဆုံးအမကို နာယူသော သူတော်ကောင်းသည်။ ဧသာ ပုရတ္ထိမာ ဒိသာ၊ ဤမိဘဟူသော အရှေ့အရပ်ကို။ ပဋိစ္ဆန္နာ၊ ဘေးမလာအောင် ဖုံးပိတ်အပ်သည်။ ဟောတိ၊ ဖြစ်၏။ ခေမာ၊ ဘေးငြိမ်းသည်။ အပ္ပဋိဘယာ၊ အရှေ့မျက်နှာမှ ဘေးကင်းသည်။ ဟောတိ၊ ဖြစ်၏။[၁]

[၁] ကျမ်းပြုပုဂ္ဂိုလ်သည် သိင်္ဂါလောဝါဒသုတ် ပါဠိတော်ကို အနက်ပြန်ရာ၌ သုတ်ပါထေယျ အဋ္ဌကထာ သိင်္ဂါလောဝါဒသုတ် အဖွင့်ကိုပါ အပိုထည့်သွင်း အနက်ပြန်ထားသည်။

## ၅။ တပည့်တို့ ပြုကျင့်အပ်သော ဝတ်ငါးပါးနှင့် ဆရာပြုလုပ်သူတို့က ပြန်၍ စောင့်ရှောက်ရသော ဝတ်ငါးပါး

ဤသို့ အရပ်ခြောက်ပါးတို့တွင် ဆရာဟူသော တောင်အရပ်၌ တပည့်တို့သည် ကျင့်ဆောက်တည်အပ်သော ဝတ်ငါးပါးရှိသည်ကိုလည်းကောင်း၊ ဤဆရာ ကျင့်ဝတ်ငါးပါးနှင့် ပြည့်စုံသော တပည့်တို့ကို ပြန်၍ ဆရာဖြစ်သူတို့က စောင့်ရှောက်ထိုက်သော ဝတ်ငါးပါးတို့ကိုလည်းကောင်း၊ ဤပါဠိတော်၌ -

ပဉ္စဟိ ခေါ ဂဟပတိပုတ္တဌာနေဟိ၊ အန္တေဝါသိနာ ဒက္ခိဏာဒိသာ အာစရိယာ ပစ္စုပဋ္ဌာတဗ္ဗာ။ (၁) ဥဋ္ဌာနေန (၂) ဥပဋ္ဌာနေန (၃) သုဿူသာယ (၄) ပါရိစရိယာယ (၅) သက္ကစ္စံသိပ္ပပဋိဂ္ဂ ဟဏေန။ ဣမေဟိ ခေါ ဂဟပတိပုတ္တ ပဉ္စဟိ ဌာနေဟိ အန္တေဝါသိနာ ဒက္ခိဏာဒိသာ အာစရိယာ။ ပစ္စုပတိပဋ္ဌိတာ ပဉ္စဟိ ဌာနေဟိ အန္တေဝါသိံ အနုကမ္ပန္တိ။

(၁) သုဝိနီတံ ဝိနေန္တိ။ (၂) သုဂ္ဂဟိတံ ဂါဟာပေန္တိ။ (၃) သဗ္ဗသိပ္ပ သုတံ သမက္ခာယိနော ဘဝန္တိ။ (၄) မိတ္တာ မစ္စေသု ပဋိယာဒေန္တိ (၅) ဒိသာသု ပရိတ္တာဏံ ကရောန္တိ။ ဣမေဟိ ခေါ ဂဟပတိပုတ္တ ပဉ္စဟိဌာနေဟိ အန္တေဝါသိနာ၊ ဒက္ခိဏာဒိသာ အာစရိယာ ပစ္စုပဋ္ဌိတာ။ ဣမေဟိ ပဉ္စဟိဌာနေဟိ အန္တေဝါသိံ အနုကမ္ပန္တိ။ ဧဝ မဿဧသာ ဒက္ခိဏာ ဒိသာ။ ပဋိစ္ဆန္နာ ဟောတိ။ ခေမာ အပ္ပဋိဘယာ။ ဟူ၍ ဟောတော်မူ၏။

ဂဟပတိပုတ္တ၊ သူကြွယ်သား။ အန္တေဝါသိနာ၊ တပည့်သည်။ ပဉ္စဟိ

http://www.cherrythitsar.org



ဌာနေဟိ၊ ငါးပါးသောအကြောင်းတို့ဖြင့်။ ဒက္ခိဏာဒိသာ၊ တောင်အရပ်မည်ထိုက်ကုန်သော။ အာစရိယာ၊ ဆရာတို့ကို။ ပစ္စုပဋ္ဌာတဗ္ဗာ၊ လုပ်ကျွေးအပ်ကုန်၏။ (၁) ဥဋ္ဌာနေန၊ ခရီးဦး ကြိုဆိုသဖြင့်လည်းကောင်း (၂) ဥပဋ္ဌာနေန၊ တစ်နေ့ သုံးကြိမ် ဆည်းကပ် ခစားသဖြင့်လည်းကောင်း (၃) သုဿုသာယ၊ ဆရာ ဆိုချေက မသွေမလှန် ယုံကြည်စွာ နာခံသဖြင့်လည်းကောင်း (၄) ပါရိစရိယာယ၊ အမှုကြီးငယ်၊ မဖယ်မသွေ၊ ပြေကုန်အောင် လုပ်ကျွေးပြုစုသဖြင့်လည်းကောင်း (၅) သက္ကစ္စံ သိပ္ပပဋိဂ္ဂဟဏေန၊ အတန်ငယ်သင်၍ အကြိမ်များစွာ ရွတ်ဖတ်သရဇ္ဈာယ်ခြင်း၊ အရိုအသေပြုတတ်ခြင်းဖြင့်လည်းကောင်း။ ဣတိ ဣမေဟိ ပဉ္စဟိ ဌာနေဟိ၊ ဤငါးပါးသောအကြောင်းတို့ဖြင့်။ ပစ္စု ပဋ္ဌာ တဗ္ဗာ၊ လုပ်ကျွေးအပ်ကုန်၏။

ဂဟပတိပုတ္တ၊ သူကြွယ်သား။ အန္တေဝါသိနာ၊ တပည့်သည်။ ဣမေဟိ ခေါ ပဉ္စဟိဌာနေဟိ၊ ဤငါးပါးသောအကြောင်းတို့ဖြင့်။ ပစ္စုပဋ္ဌိတာ၊ လုပ်ကျွေးအပ်ကုန်သော။ ဒက္ခိဏာဒိသာ၊ တောင်အရပ်မည်ထိုက်ကုန်သော။ အာစရိယာ၊ ဆရာတို့သည်။ အန္တေဝါသိံ၊ တပည့်ကို။ ပဉ္စဟိ ဌာနေဟိ၊ ငါးပါးသော အကြောင်းတို့ဖြင့်။ အနုကမ္ပန္တိ၊ ချီးမြှောက်အပ်ကုန်၏။

(၁) သုဝိနီတံ၊ ကျင့်ဖွယ်ကျင့်ရန်၊ မကျန်မလစ်စေရ၊ လောကဓမ္မ ကျမ်းဂန်၌၊ ကြိုးကျအောင် ကောင်းစွာဆုံးမခြင်းကို။ ဝိနေန္တိ၊ ဆုံးမပေအပ်ကုန်၏။ (၂) သုဂ္ဂဟိတံ၊ နည်းဥပဒေ အသေအချာ ကောင်းစွာ သင်အပ်သောအတတ်ကို။ ဂါဟာပေန္တိ၊ အနက်သဒ္ဒါကို။ (သုတ်သင်ရှင်လင်း၊ သင်္ဂကင်းအောင်၊ ပြယုဂ်ဆောင်လျက်)[၁] အချက်ကျကျ သုတ်သင်အပ်ကုန်၏။ (၃) သဗ္ဗသိပ္ပသုတံ၊ အသက်ခန္ဓာ အိုမင်းခါမှ ဆိုရာသော လက်ဆုပ်ပညာမှမချန် အကြားအမြင်ဟူသမျှကို။ သမက္ခာယိနော၊ အကုန်အစင် သင်ကြားကုန်သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။ (၄) မိတ္တာ မစ္စေသု၊ အဆွေခင်ပွန်းအလယ်တို့၌။ ပဋိယာဒေန္တိ၊ ဤမည်သော ငါ့တပည့်ကို ဗဟုသုတသိပ္ပအရာ ငါနှင့်အတူ မှတ်ကြပါဟု ချီးမွမ်းပြောပသောအားဖြင့် တည်စေကုန်၏။ (၅) ဒိသာသု၊ အရပ်မျက်နှာတို့၌။ ပရိတ္တာနံ၊ အရံအတားကို။ ကရောန္တိ၊ ပြုကုန်၏။ ဣတိ ဣမေဟိ ပဉ္စဟိ ဌာနေဟိ၊ ဤငါးပါးသော အကြောင်းတို့ဖြင့်။ အနုကမ္ပန္တိ၊ ချီးမြှောက်အပ်ကုန်၏။ ။

---

၁။ ဤကွင်းပိတ်တွင်းရှိ စကားများကို သူရိယမူ၌ မတွေ့ရ။

http://www.cherrythitsar.org



ဂဟပတိပုတ္တ၊ သူကြွယ်သား။ အန္တေဝါသိနာ၊ တပည့်သည်။ ဣမေဟိ ခေါ ပဉ္စဟိ ဌာနေဟိ၊ ဤငါးပါးသော အကြောင်းတို့ဖြင့်။ ပစ္စုပဋ္ဌိတာ၊ လုပ်ကျွေး အပ်ကုန်သော။ ဒက္ခိဏာဒိသာ၊ တောင်အရပ်မည်ထိုက်ကုန်သော။ အာစရိယာ၊ ဆရာတို့သည်။ အန္တေဝါသိံ၊ တပည့်ကို။ ဣမေဟိ ခေါ ပဉ္စဟိ ဌာနေဟိ။ ဤ ငါးပါးသော အကြောင်းတို့ဖြင့်။ အနုကမ္ပန္တိ၊ ချီးမြှောက်အပ်ကုန်၏။ ဧဝံ၊ ဤသို့သောနည်းဖြင့်။ အဿ၊ ထိုငါဘုရားအဆုံးအမကို နာယူသော သူတော်ကောင်းသည်။ ဧသာ ဒက္ခိဏာဒိသာ၊ ဤဆရာဟူသော တောင်အရပ် ကို။ ပဋိစ္ဆန္နာ၊ ဘေးမလာအောင် ဆို့ပိတ်အပ်သည်။ ဟောတိ၊ ဖြစ်၏။ ခေမာ၊ ဘေးငြိမ်းသည်။ အပ္ပဋိဘယာ၊ တောင်မျက်နှာအရပ်မှ ဘေးကင်းသည်။ ဟောတိ၊ ဖြစ်၏။

## ၆။ လင့်ကျင့်ဝတ် ငါးပါးနှင့် မယားကျင့်ဝတ် ငါးပါး

ဤအရပ်ခြောက်ပါးတို့တွင် မယားဟူသော အနောက်အရပ်၌ လင်ဖြစ်သူတို့သည် ကျင့်ထိုက် ကျင့်ကောင်းသော ဝတ်ငါးပါးရှိသည်ကိုလည်းကောင်း၊ ဤမယား ကျင့်ဝတ်ငါးပါးနှင့် ပြည့်စုံသော လင်ကို ပြန်၍ မယားဖြစ်သူတို့က ကျင့်ထိုက် ကျင့်ကောင်းသော ဝတ်ငါးပါးရှိသည်ကိုလည်းကောင်း၊ ဤပါဠိတော်၌ -

ပဉ္စဟိ ခေါ ဂဟပတိပုတ္တ ဌာနေဟိ သာမိကေန ပစ္ဆိမာဒိသာ ဘရိယာ ပစ္စုပဋ္ဌာ တဗ္ဗာ။ (၁) သမ္မာနနာယ (၂) အနဝမာနနာယ (၃) အနတိ စရိယာယ (၄) ဣဿရိယ ဝေါဿဂ္ဂေ (၅) အလင်္ကာရာနုပ္ပဒါနေန။

ဣမေဟိ ခေါ ဂဟပတိပုတ္တ ဌာနေဟိ။ သာမိကေန ပစ္ဆိမာဒိသာ ဘရိယာ ပစ္စုပဋ္ဌိတာ။ ပဉ္စဟိဌာနေဟိသာမိကံအနုကမ္ပတိ။ (၁) သုသံဝိဟိတ ကမ္မန္တာစ ဟောတိ (၂) သင်္ဂဟိတ ပရိဇနာစ (၃) အနတိစာရိနီစ (၄) သမ္ဘတံ အနုရ က္ခတိ (၅) ဒက္ခာစ ဟောတိ အနလသာ သဗ္ဗကိစ္စေသု။ ဣမေ ဟိခေါ ဂဟပတိ ပုတ္တ ပဉ္စဟိဌာနေဟိ သာမိကေန ပစ္ဆိမာဒိသာ ဘရိယာ ပစ္စုပဋ္ဌိတာ။ ဣမေဟိ ပဉ္စဟိဌာနေဟိ သာမိကံ အနုကမ္ပတိ။ ဧဝမဿ ဧသာပစ္ဆိမာဒိသာ ပဋိစ္ဆန္နာ ဟောတိ။ ခေမာ အပ္ပဋိဘယာ။ ။ ဟူ၍ ဟောတော်မူ၏။

ဂဟပတိပုတ္တ၊ သူကြွယ်သား။ ပဉ္စဟိဌာနေဟိ၊ ငါးပါးသောအကြောင်း တို့ဖြင့်။ သာမိကေန၊ လင်သည်။ ပစ္ဆိမာဒိသာ၊ အနောက်အရပ်မည်ထိုက်သော။ ဘရိယာ၊ မယားကို။ ပစ္စုပဋ္ဌာတဗ္ဗာ၊ လုပ်ကျွေးသိမ်းမြန်းအပ်ကုန်၏။

http://www.cherrythitsar.org



(၁) သမ္မာနာနာယ၊ မြတ်နိုင်းတနာ နှုတ်ခွန်းချိုသာစွာ အမိ အမယ် စသည်ဖြင့်၊ ချိုးချိုးမြောက်မြောက် ခေါ်ဆိုခြင်းလည်းကောင်း။ (၂) အနဝမာနနာယ၊ ကျေးကျွန် အမှုလုပ်တို့ကဲ့သို့ ရှုတ်ရှုတ်ချချ မထီလေးစား မခေါ်မဆိုခြင်းဖြင့်လည်းကောင်း။ (၃) အနတိစရိယာယ၊ အပေါင်အဖြောင် အသိန်းတို့နှင့် ပျော်ပါးမြူးထူး လွန်ကျူး၍ မကျင့်ခြင်းဖြင့်လည်းကောင်း။ (၄) ဣဿရိယဝေါဿဂ္ဂေန၊ စားဖို အိမ်၌ အစိုးတရ ထမင်းဘောဇဉ် စီရင်အပ်နှင်းသဖြင့်လည်းကောင်း။ (၅) အလင်္ကာရာ နုပ္ပဒါနေန၊ မိမိစည်းစိမ်အားလျော်စွာ တန်ဆာဆင်ယင်ဖို့ ပေးသဖြင့် လည်းကောင်း။ ဣတိဣမေဟိ ဌာနေဟိ၊ ဤသို့သော အကြောင်းတို့ဖြင့်။ ပစ္စုပဋ္ဌာတဗ္ဗာ၊ လုပ်ကျွေး သိမ်းမြန်းအပ်ကုန်၏။

ဂဟပတိပုတ္တ၊ သူကြွယ်သား။ သာမိကေန၊ လင်သည်။ ဣမေဟိ ခေါ ပဉ္စဟိ ဌာနေဟိ။ ဤငါးပါးသော အကြောင်းတို့ဖြင့်။ ပစ္စုပဋ္ဌိတာ၊ လုပ်ကျွေး သိမ်းမြန်းအပ်သော။ ပစ္ဆိမာဒိသာ၊ အနောက်အရပ်မည်ထိုက်သော။ ဘရိယာ၊ မယားသည်။ သာမိကံ၊ လင်ကို။ ပဉ္စဟိဌာနေဟိ၊ ငါးပါးသောအကြောင်းတို့ဖြင့်။ အနုကမ္ပတိ၊ အစဉ် စောင့်ရှောက်ချီးမြှောက်အပ်၏။ (၁) သုသံဝိဟိတကမ္မန္တာစ၊ ယာဂု ထမင်းချက်ရာ ကာလစသည်ကို မလွန်မူ၍၊ ထိုထိုအမှုကို အရိုအသေ အလေးဂရုပြုသဖြင့် ကောင်းစွာစီရင်အပ်သော အမှုအခင်းရှိသည်လည်း။ ဟောတိ၊ ဖြစ်၏။ (၂) သင်္ဂဟိတပရိဇနာစ၊ မြတ်နိုးတနာ ပျူပျူငှာငှာပြုခြင်း၊ မွန်မြတ်သော ခဲဖွယ်ဘောဇဉ်အသုံးအဆောင် ပို့သဝေငှခြင်း၊ ကောင်းစွာချီးမြှင့် အပ်သော မိမိဆွေမျိုးသားချင်း၊ လင်၏ဆွေမျိုးသားချင်း မထူးမခြားနှစ်ပါးသော ပရိသတ်ရှိခြင်း အစရှိသည်လည်း။ ဟောတိ၊ ဖြစ်၏။ (၃) အနတိစာရိနီစ၊ လင်မှတစ်ပါး အခြားသူ၌ ချစ်ကြိုက်ရည်ငံ၊ စိတ်ကြံမရောက် သရောက်မကူး၊ မလွန်ကျူးသောအကျင့်ရှိသည်လည်း။ ဟောတိ၊ ဖြစ်၏။ (၄) သမ္ဘတဉ္စ၊ လယ်လုပ်ကုန်သွယ်၊ ရောင်းဝယ်နိုးရင်း၊ ဆင်းရဲငြိုငြင်၊ လင်ဆည်းပူသော ဥစ္စာ ပစ္စည်းကိုလည်း။ အနုရက္ခတိ၊ ကျိတ်ကျိတ်လိတ်လိတ် မဖိတ်မယိုရအောင် စောင့်ရှောက်တတ်သည်လည်း။ ဟောတိ၊ ဖြစ်၏။ (၅ သဗ္ဗကိစ္စေသု၊ ယာဂု ထမင်းချက်ပြုတ်ခြင်းစသော အိမ်ထောင်မှုမျိုးကုန်အောင် အလုံးစုံတို့၌။ ဒက္ခာစ၊ မတုံးပညာ လွန်လိမ္မာသည်လည်း။ ဟောတိ၊ ဖြစ်၏။ သဗ္ဗကိစ္စေသု၊ စိမ်ထ မျိုးပဲ၊ ထွန်ကြဲတကြိုက်၊ ကောက်စိုက်ပျိုးနုတ်၊ ခြံထုတ် ကျွဲနွား၊ လယ်အား ရေလောင်း၊ သွန်ခူးမောင်းနှင်၊ ဖွပ်ထောင်းခြင်းစသော အမှုမျိုးကုန်အောင် အလုံးစုံ တို့၌။ အနလသာစ၊ ဥပါယ်မခို၊ လင်ကိုမခိုင်း၊ နေ့တိုင်းညဥ့်က၊ နိုးလုံ့လ နှင့်၊ ထကြွလျင်လျား၊ ပျင်းအားမကိုးသည်လည်း။ ဟောတိ၊ ဖြစ်၏။

http://www.cherrythitsar.org



က္ကတိက္ကမေဟိ ပဥ္စဟိ ဌာနေဟိ၊ ဤငါးပါးသောအကြောင်းတို့ဖြင့်။ သာမိကံ၊ လင်ကို။ အနုကမ္ပတိ၊ အစဉ်စောင့်ရှောက် ချီးမြှောက်တတ်၏။

ဂဟပတိပုတ္တ၊ သူကြွယ်သား။ သာမိကေန၊ လင်သည်။ က္ကတိက္ကမေဟိ ခေါ် ပဥ္စဟိဌာနေဟိ၊ ဤငါးပါးသောအကြောင်းတို့ဖြင့်။ ပစ္စုပဋ္ဌိတာ၊ လုပ်ကျွေးအပ်သော။ ပစ္ဆိမဒိသာ၊ အနောက်အရပ်မည်ထိုက်သော၊ ဘရိယာ၊ မယားသည်။ က္ကမေဟိ ပဥ္စဟိ ဌာနေဟိ၊ ဤငါးပါးသောအကြောင်းတို့ဖြင့်။ အနုကမ္ပတိ၊ အစဉ်စောင့်ရှောက် ချီးမြှောက်ပေးတတ်၏။ ဧဝံ၊ ဤဆိုခဲ့ပြီးသော နည်းဖြင့်။ အဿ၊ ထိုငါဘုရား အဆုံးအမကို နာယူသောသူတော်ကောင်းတို့သည်။ ဧသာပစ္ဆိမာ ဒိသာ၊ ဤသို့ မယားဟူသော အနောက်အရပ်ကို။ ပဋိစ္ဆန္နာ၊ ဘေးမလာ မရောက်အောင် ဆို့ပိတ်ဖုံးလွှမ်းအပ်သည်။ ဟောတိ၊ ဖြစ်၏။ ခေမာ၊ ဘေးငြိမ်းသည်။ အပ္ပဋိဘယာ၊ အနောက်မျက်နှာမှ ဘေးကင်းသည်။ ဟောတိ၊ ဖြစ်၏။

## ၇။ မယားမျိုး ခုနစ်ပါးကို ကျမ်းဂန်လာအတိုင်းအကျယ်ပြဆိုခြင်း

အနာထပိဏ်သူဌေး၏ ချွေးမ သုဇာတာသည် ယောက္ခမစကား၊ လင်၏စကားကို နားမထောင်၊ မရိုမသေ ပြုကျင့်သောကြောင့် မြတ်စွာဘုရားကို လျှောက်ထားရာ မယားမျိုး ခုနစ်မျိုးတို့တွင် သင်သုဇာတာသည် မည်သည့်မယားမျိုး ဖြစ်သည်ကို မေးလို၍ -

ပဒုဋ္ဌ စိတ္တာ အဟိတာနုကမ္ပိနီ၊ အညေသု ရတ္တာ အတိမညတေပတိံ ။ ဓနေန ကီတဿ ဝဓာယ ဥဿုကာ၊ ယာ ဧဝရူပါ ပုရိသဿ ဘရိယာ။ ဝဓာစ ဘရိယာတိ စသာ ပဝုစ္စတိ။ ယံ က္ကတ္ထိယာ ဝိန္ဒတိ သာမိကောဓနံ၊ သိပ္ပံ ဝါဏိဇ္ဇဉ္စ ကသိံ အဓိဋ္ဌဟံ။ အပ္ပမ္ပိတဿ အပဟာတု မိစ္ဆတိ၊ ယာ ဧဝ ရူပါ ပုရိသဿ ဘရိယာ။ စောရီစ ဘရိယာတိ စသာ ပဝုစ္စတိ။ အကမ္မကာမာ အလသာ မဟဂ္ဃသာ၊ ဖရုသာစ စဏ္ဍီ ဒုရုတ္တဝါဒိနီ။ ဥဋ္ဌာယကာနံ အဘိဘုယျ ဝတ္တတိ၊ ယာ ဧဝရူပါ ပုရိသဿ ဘရိယာ။ အယျာစ ဘရိယာတိ စသော ပစုစ္စတိ။ ယာ သဗ္ဗဒါ ဟောတိ ဟိတာနုကမ္ပိနီ၊ မာတာဝ ပုတ္တံ အနုရက္ခတေပတိံ ။ တတော ဓနံ သမ္ဘတ မဿ ရက္ခတိ၊ ယာဧဝ ရူပါပုရိသဿ ဘရိယာ။ မာတာ စ ဘရိယာတိ စ သာ ပဝုစ္စတိ။ ယထာပိ ဇေဋ္ဌာဘဂိနီ ကနိဋ္ဌကာ၊ သဂါရဝါ ဟောတိ သကမှိသာမိကေ။ ဟိရီမနာ ဘတ္တုဝသာနုဝတ္တိနီ။ ယာ ဧဝရူပါ ပုရိသဿ ဘရိယာ။ ဘဂိနီစ ဘရိယာတိ စသာ ပဝုစ္စတိ။ ယာစိဓဒိသွာနပတိံ ပမောဒတိ၊

http://www.cherrythitsar.org



သခီသခါရံဝစိရသာမာဂတံ။ ကောလေယျကာ သီလဝတီ ပတိဗ္ဗတာ၊ ယာ ဧဝရူပါ ပုရိသဿ ဘရိယာ။ သခီ စ ဘရိယာတိ စ သာ ပဝုစ္စတိ။ အက္ကုဒ္ဓ သန္တာဝဒဏ္ဍတဇ္ဇိတာ၊ အဒုဋ္ဌစိတ္တာ ပတိနော တိတိက္ခတိ။ အက္ကောဓနာ ဘတ္တု ဝသာနုဝတ္တိနီ၊ ယာ ဧဝ ရူပါ ပုရိသဿ ဘရိယာ။ ဒါသီ စ ဘရိယာတိ စသာ ပဝုစ္စတိ။ ယာစီဓဘရိယာ ဝဓကာတိ ဝုစ္စတိ၊ စောရီ စ အယျာတိ စ ယာ ပဝုစ္စတိ။ ဒုဿီလရူပါဖရုသာ အနာဒရာ၊ ကာယဿ ဘေဒါ နိရိယံ ဝဇန္တိတာ။ ယာစီဓ မာတာ ဘဂိနီ သခီတိစ၊ ဒါသီ စ ဘရိယာတိ စသာ ပဝုစ္စတိ။ သီလေ ဌိတတ္တာ စိရရတ္တာသံဝုတ္တာ၊ ကာယဿ ဘေဒါ သုဂတိံ ဝဇန္တိတာတိ။ ဣမာ ခေါ သုဇာတေ သတ္တ ပုရိသဿ ဘရိယာယော။ တာသံ တွံ ကတမာတိ။ ။ ဟူ၍ သတ္တနိပါတ် အင်္ဂုတ္တရ ပါဠိတော်၌ ဟောတော်မူ၏။

ပဒုဋ္ဌစိတ္တာ၊ လင်ကို ပြစ်မှားသောစိတ်ရှိသော။ အဟိတာနုကမ္ပိနီ၊ လင်၏ အစီးအပွားမရှိ၊ လင်ကို မသနားတတ်သော။ အညေသု၊ လင်မှတစ်ပါးသော ယောကျ်ားတို့၌။ ရတ္တာ၊ ချစ်ကြိုက်သောစိတ်ရှိသော မယားသည်။ ပတိံ ၊ လင်ကို။ အတိမညတေ၊ မထီမဲ့မြင် စော်ကားကျူးလွန်၏။ ဓနေန၊ ဥစ္စာဖြင့်။ ကီတဿ၊ ဝယ်သောကျွန်ကို။ ဝဓာယ၊ နှိပ်စက်ညှဉ်းဆဲခြင်းငှာ။ ဥဿုကာ၊ လုံ့လထုတ်သကဲ့သို့ လုံ့လထုတ်သော။ ယာဧဝရူပါ၊ အကြင်သို့ သဘောရှိသော မယားသည်။ အတ္ထိ၊ ရှိ၏။ ပုရိသဿ၊ ယောကျ်ား၏။ သာဧဝ ရူပါဘရိယာ၊ ထိုသို့သဘောရှိသော မယားကို။ ဝဓာစ၊ သူသတ်ဟူ၍လည်းကောင်း။ ဘရိယာ တိစ၊ မယားဟူ၍လည်းကောင်း။ ပဝုစ္စတိ၊ ဆိုအပ်၏။ (ဤကား သူသတ်နှင့် တူသော မယားတစ်ယောက်)။

ဣတ္ထိယာ၊ မိန်းမ၏။ သာမိကော၊ လင်သည်။ သိပ္ပံ၊ အတတ်ကိုလည်း ကောင်း။ ဝါဏိဇ္ဇဥ္စ၊ ကုန်သွယ်ခြင်းကိုလည်းကောင်း။ ကသိံ၊ လယ်ယာ ထွန်ယက်ခြင်းကိုလည်းကောင်း။ အဓိဋ္ဌဟံ၊ လုံ့လထုတ်သဖြင့် လုပ်ကိုင်ဆောင်ရွက် ၍။ ယံဓနံ၊ အကြင်တစ်စုံတစ်ခုသော ဥစ္စာကို။ ဝိန္ဒတိ၊ ရ၏။ တဿ၊ ထိုလုံ့လ ကြိုးကုတ်အားထုတ်၍ ဥစ္စာရှာမှီးသောလင်၏။ အပ္ပမ္ပိ၊ အနည်းငယ်မျှသော ဥစ္စာကိုသော်လည်း။ အပဟာတုံ၊ ခိုးယူခြင်းငှာ။ ဣစ္ဆတိ၊ အလိုရှိ၏။ ပုရိသဿ၊ ယောကျ်ား၏။ ယာ ဧဝရူပါ၊ ဤသို့ သဘောရှိသော။ ဘရိယာ၊ မယားသည်။ အတ္ထိ၊ ရှိ၏။ သာဧဝ ရူပါဘရိယာ၊ ထိုသို့ သဘောရှိသောမယားကို။ စောရီစ၊ သူခိုးမဟူ၍လည်းကောင်း။ ဘရိယာတိစ၊ မယားဟူ၍လည်းကောင်း။ ပဝုစ္စတိ၊ ဆိုအပ်၏။ (ဤကား ခိုးသူနှင့်တူသော မယားတစ်ယောက်)။

http://www.cherrythitsar.org



အကမ္မကာမာ၊ မပြုသင့်သောအမှုကို ပြုသော။ အလသာ၊ အိမ်ထောင်မှုကို လုပ်ဆောင်ခြင်း၌ ပျင်းရိသော။ မဟဂ္ဃသာ၊ အစားကြီးသော။ (ဖရုသာစ၊ နှုတ်ဖြင့် ကြမ်းတမ်းသော)[၁] စဏ္ဍီ၊ ကြမ်းကြုတ်သော။ ဒုရုတ္တဝါဒိနီ၊ မကောင်းသော စကားကို ပြောဆိုလေ့ရှိသော မိန်းမသည်။ ဥဋ္ဌာယကာနံ၊ ကိုယ်ထူကိုယ်ထ လုံ့လရှိကုန်သော ကျေးကျွန်လင်သားတို့ကို။ အဘိဘုယျ၊ လွှမ်းမိုး၍။ ဝတ္တတိ၊ ဖြစ်တတ်၏။ ပုရိသဿ၊ ယောကျ်ား၏။ ယာဧဝရူပါ၊ ဤသို့ သဘောရှိကုန်သော။ ဘရိယာ၊ မယားသည်။ အတ္ထိ၊ ရှိ၏။ သာဧဝရူပါဘရိယာ၊ ထိုသို့သဘောရှိသော မယားကို။ အယျာစ၊ သခင်မဟူ၍လည်းကောင်း။ ဘရိယာစ၊ မယားဟူ၍ လည်းကောင်း။ ပဝုစ္စတိ၊ ဆိုအပ်၏။ (ဤကား သခင်နှင့်တူသော မယား တစ်ယောက်)။

ယာ၊ အကြင်မိန်းမသည်။ သဗ္ဗဒါ၊ အခါခပ်သိမ်း၌။ ဟိတာ နုကမ္ပိနီ၊ လင်၏အကျိုးစီးပွား အလိုရှိသည်။ ဟောတိ၊ ဖြစ်၏။ ပုတ္တံ၊ သားကို။ မာတာ၊ အမိသည်။ ရက္ခတိဣဝ၊ စောင့်ရှောက်သကဲ့သို့၊ ပတိံ၊ လင်ကို။ အနုရက္ခတိ၊ စောင့်ရှောက်တတ်၏။ တတော၊ ထို့ကြောင့်။ အဿ၊ ထိုလင်၏။ သံဘတံ၊ ရှာမှီးဆည်းပူး၍ ရသော။ ဓနံ၊ ဥစ္စာကို။ ရက္ခတိ၊ မကုန်သင့်ရာ၌ မကုန်ရအောင် စောင့်ရှောက်၏။ ပုရိသဿ၊ ယောကျ်ား၏။ ယာဧဝရူပါ၊ အကြင်သို့ သဘောရှိသော။ ဘရိယာ၊ မယားသည်။ အတ္ထိ၊ ရှိ၏။ သာဧဝရူပါဘရိယာ၊ ထိုသို့သဘောရှိသော မယားကို။ မာတာစ၊ အမိဟူ၍လည်းကောင်း။ ဘရိယာတိစ၊ မယားဟူ၍လည်းကောင်း။ ပဝုစ္စတိ၊ ဆိုအပ်၏။ (ဤကား အမိနှင့်တူသော မယားတစ်ယောက်)။

ဇေဋ္ဌာ၊ အကြီးဖြစ်သော။ ကနိဋ္ဌကာ၊ အငယ်မူလည်းဖြစ်သော။ ဘဂိနီ၊ နှမသည်။ ဘာတရံ၊ မောင်ကို။ သဂါရဝါ၊ ရိုသေခြင်းရှိသည်။ ဟောတိယထာပိ၊ ဖြစ်သကဲ့သို့လည်း။ သကမှိသာမိကေ၊ မိမိလင်၌။ သဂါရဝါ၊ ရိုသေခြင်း ရှိသည်။ ဟောတိ၊ ဖြစ်၏။ ဟိရီမနာ၊ ရှက်သောစိတ်နှလုံးသည်။ ဟောတိ၊ ဖြစ်၏။ ဘတ္တုဝသာနုဝတ္တိနီ၊ လင်အလိုကို လိုက်လေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။ ပုရိသဿ၊ ယောကျ်ား၏။ ယာဧဝရူပါ၊ အကြင်သို့ သဘောရှိသော။ ဘရိယာ၊ မယားသည်။ အတ္ထိ၊ ရှိ၏။ သာ ဧဝရူပါဘရိယာ၊ ထိုသို့သဘောရှိသော မယားကို။ ဘဂိနီစ၊ နှမဟူ၍ လည်းကောင်း။ ဘရိယာတိစ၊ မယားဟူ၍ လည်းကောင်း။ ပဝုစ္စတိ၊ ဆိုအပ်၏။ (ဤကား နှမနှင့်တူသော မယား တစ်ယောက်)။

---

၁။ ပုရပိုက်မူ၌ ဤစာပိုဒ် ကျလျက်ရှိသည်။

http://www.cherrythitsar.org



ဣဓ၊ ဤလောက၌။ ယာသခီ၊ အကြင်အဆွေခင်ပွန်းမသည်။ စိရဿ၊ ကွေကွင်းကြ၍ ကြာမြင့်မှ။ အာဂတံ၊ လာသော။ သခါရံ၊ အဆွေခင်ပွန်းကို။ ဒိသွာန၊ မြင်၍။ ပမောဒိတာဧဝ၊ ဝမ်းမြောက်ဝမ်းသာ ရှိသကဲ့သို့။ ယာ၊ အကြင် မိန်းမသည်။ ပတိံ၊ လင်ကို။ ဒိသွာန၊ မြင်၍။ ပမောဒိတာ၊ ဝမ်းမြောက် ဝမ်းသာပြုတတ်၏။ ကောလေယျကာ၊ အိမ်၌မြဲစွဲ၏။ သီလဝတီ၊ မယားတို့ ကျင့်ဝတ်ငါးပါး သီလစသော သီလရှိ၏။ ပတိဗ္ဗတာ၊ လင်ကိုလုပ်ကျွေးတတ်၏။ ပုရိသဿ၊ ယောကျာ်း၏။ ယာဧဝရူပါ၊ အကြင်သို့ သဘောရှိသော။ ဘရိယာ၊ မယားသည်။ အတ္ထိ၊ ရှိ၏။ သာဧဝရူပါဘရိယာ၊ ထိုသို့သဘောရှိသော မယား ကို။ သခီစ၊ အဆွေခင်ပွန်းမ ဟူ၍လည်းကောင်း။ ဘရိယာတိစ၊ မယားဟူ၍ လည်းကောင်း။ ပဝုစ္စတိ၊ ဆိုအပ်၏။ (ဤကား အဆွေခင်ပွန်းနှင့်တူသော မယားတစ်ယောက်)။

အက္ကုဒ္ဓိ၊ လင်အမျက်မထွက်ဘဲပင်။ တသန္တိ၊ လင်ကို ရိုသေကြောက်လန့် တတ်၏။ ဝဓဒဏ္ဍဘဇ္ဇိတာ၊ နှိပ်စက်ခြင်း ဒဏ်ပေးခြင်းတို့ဖြင့် ခြိမ်းခြောက်၍ သော်လည်း။ ပတိနော၊ လင်ကို။ အဒုဋ္ဌစိတ္တာ၊ ပြစ်မှားသောစိတ် မရှိဘဲ။ တိတိက္ခတိ၊ သည်းခံ၏။ အက္ကောဓနာ၊ လင်၏အမျက်ဒေါသမရှိ၊ ဘတ္တုဝသာနု ဝတ္တိနီ၊ လင်၏အလိုကို လိုက်တတ်၏။ (ပုရိသဿ၊ ယောကျာ်း၏။)[၁] ယာဧဝ၊ အကြင်သို့သဘောရှိသော။ ဘရိယာ၊ မယားသည်။ အတ္ထိ၊ ရှိ၏။ သာ ဧဝ ရူပါဘရိယာ၊ ထိုသို့သဘောရှိသောမယားကို။ ဒါသီစ၊ ကျွန်မဟူ၍လည်းကောင်း။ ဘရိယာတိစ၊ မယားဟူ၍လည်းကောင်း။ ပဝုစ္စတိ၊ ဆိုအပ်၏။ (ဤကား ကျွန်မ နှင့်တူသော မယားတစ်ယောက်)။

ဣဓ၊ ဤလောက၌။ ယာဘရိယာ၊ အကြင်မယားကို။ ဝဓကာတိစ၊ သူ သတ်နှင့်တူသော မယားဟူ၍လည်းကောင်း။ စောရာစ၊ သူခိုးနှင့်တူသော မယား ဟူ၍လည်းကောင်း။ (ဝုစ္စတိ၊ ဆိုအပ်၏။)[၂] အယျာတိစ၊ သခင်နှင့်တူသော မယား ဟူ၍လည်းကောင်း။ ပဝုစ္စတိ၊ ဆိုအပ်၏။ သာ၊ ထိုသူသတ်နှင့်တူသော မယား။ သူခိုးနှင့်တူသောမယား။ သခင်နှင့်တူသော မယားသုံးမျိုးတို့သည်။ ဒုဿီလရူပါ၊ အကျင့်သီလမရှိသော သဘောဖြစ်ကုန်၏။ ဖရုသာ၊ ကြမ်းတမ်းကုန်၏။ အနာဒရာ၊ လင်ကိုမရိုသေကုန်၊ တာ၊ ထိုမယားသုံးယောက်တို့သည်။ ကာယဿ၊ ဤဘဝခန္ဓာကိုယ်၏။ ဘေဒါ၊ ပျက်သောနောက်ဘဝ၌။ နိရိယံ၊ ငရဲသို့။ ဝဇန္တိ၊

---

၁။ ပုရပိုက်မူ၌ ဤစာပိုဒ် ကျလျက်ရှိသည်။

၂။ သူရိယမူ၌ ဤစာပိုဒ် စာကျလျက်ရှိသည်။

http://www.cherrythitsar.org



ရောက်ကြကုန်၏။ ဣဓ၊ ဤလောက၌။ ယာစဘရိယာ၊ အကြင်မယားသည်။ အတ္ထိ၊ ရှိ၏။ သာ၊ ထိုမယားကို။ မာတာ၊ အမိနှင့်တူသော မယားဟူ၍ လည်းကောင်း။ ဘဂိနီ၊ အစ်မနှမနှင့်တူသော မယားဟူ၍လည်းကောင်း။ သခီတိစ၊ အဆွေမနှင့်တူသော မယားဟူ၍လည်းကောင်း။ ဒါသီစ၊ ကျွန်မနှင့်တူသော မယားဟူ၍လည်းကောင်း။ ပဝုစ္စတိ၊ ဆိုအပ်၏။ တာ၊ ထိုမယားလေးယောက်တို့သည်။ စိရရတ္တ သံဝုတ္တာ၊ မြင့်ရှည်စွာသော ကာလပတ်လုံး လင်နှင့်အတူပေါင်းဖော်၍။ သီလေ၊ သီလ၌၊ ဋ္ဌိတတ္တာ၊ တည်သည်အဖြစ်ကြောင့်။ ကာယဿ၊ ဤဘဝခန္ဓာကိုယ်၏။ ဘေဒါ၊ ပျက်သောနောက်ဘဝ၌။ သုဂတိံ၊ နတ်ပြည်သုဂတိဘုံသို့။ ဝဇန္တိ၊ ရောက်ကြကုန်၏။ သုဇာတေ၊ သုဇာတာ။ ပုရိသဿ၊ ယောကျ်ား၏။ ဣမာခေါသတ္တဘရိယာ၊ ဤမယား ခုနစ်မျိုးတို့သည်။ သန္တိ၊ ရှိကုန်၏။ တာသံ၊ ထိုမယားခုနစ်မျိုးတို့တွင်။ တွံ၊ သင်သည်။ ကတမာ၊ အဘယ်မယားမျိုးနည်း။ ဣတိ၊ ဤသို့။ ပုစ္ဆိ၊ မေးတော်မူ၏။

ဤသို့မြတ်စွာဘုရား မေးတော်မူသည်ရှိသော်။ မည်သည့်မယားဖြစ်ကြောင်းကို၊ လျှောက်ထားလိုသော သုဇာတာသည်။ ။ 'အဇ္ဇတဂ္ဂေ မံ ဘန္တေ ဘဂဝါ ဒါသီသမံ သာမိကဿ ဘရိယာဓာရေဟိ'။ ။ ဟူ၍ လျှောက်၏။ ။ 'ဘဂဝါ၊ ဘုန်းတော်ကြီးတော်မူသော။ ဘန္တေ၊ မြတ်စွာဘုရား။ အဇ္ဇတဂ္ဂေ၊ ယနေ့ကိုအစပြု၍။ မံ၊ အကျွန်ုပ်ကို။ သာမိကဿ၊ လင်၏။ ဒါသီသမံ၊ ကျွန်မနှင့်တူသော။ ဘရိယာ၊ မယားဟူ၍။ ဓာရေဟိ၊ မှတ်တော်မူပါလော့။ ဣတိ၊ ဤသို့။ အဝေါစ၊ နားတော်လျှောက်လေ၏။

## ၈။ အဆွေခင်ပွန်းကောင်းတို့ ပြုရာသော ဝတ်ငါးပါး

ဤအရပ်ခြောက်ပါးတို့တွင် အဆွေခင်ပွန်းကောင်းဟူသော မြောက်အရပ်၌ အမျိုးကောင်း သားသမီးတို့သည် ကျင့်ဆောက်တည်အပ်သော ဝတ်ငါးပါးရှိသည်ကိုလည်းကောင်း၊ အဆွေခင်ပွန်းကောင်းဖြစ်သော သူတို့က အမျိုးကောင်း သားသမီးတို့ကို ပြန်၍ ကျင့်ဆောက်တည်အပ်သော ဝတ်ငါးပါး ရှိသည်ကိုလည်းကောင်း ဤပါဠိတော်၌ -

ပဉ္စဟိ ခေါ ဂဟပတိပုတ္တ ဌာနေဟိ ကုလပုတ္တေန ဥတ္တရာ ဒိသာမိတ္တာ မစ္စာ ပစ္စု ပဋ္ဌာတဗ္ဗာ။ ဒါနေန ပေယျ ဝဇ္ဇေန အတ္ထစရိယာယ သမာနတ္တတာယ အဝိသံဝါဒနတာယ။ ။ ဣမေဟိ ခေါ ဂဟပတိပုတ္တ ပဉ္စဟိ ဌာနေဟိ ကုလပုတ္တေန ဥတ္တရာဒိသာ မိတ္တာ မစ္စာ ပစ္စုပဋ္ဌိတာ။ ပဉ္စဟိ ဌာနေဟိ ကုလပုတ္တံ

http://www.cherrythitsar.org



အနုကမ္ပန္တိ။ ပမတ္တံ ရက္ခန္တိ။ ပမတ္တဿ သာပတေယျံ ရက္ခန္တိ။ ပဋိပူဇေန္တိ။ ဣမေဟိခေါဂဟပတိ ပုတ္တ ပဉ္စဟိဌာနေဟိ ကုလပုတ္တေန ဥတ္တရာဒိသာ မိတ္တာမစ္စာ ပစ္စုပဋ္ဌိတာ။ ဣမေဟိ ပဉ္စဟိဌာနေဟိ ကုလပုတ္တံ အနုကမ္ပန္တိ။ ဧဝမဿ သော ဥတ္တရဒိသာ ပဋိစ္ဆန္နာ ဟောတိ ခေမာ အပဋိဘယာ။ ။ ဟူ၍ ဟောတော်မူသည်။

ဂဟပတိပုတ္တ၊ သူကြွယ်သား။ ကုလပုတ္တေန၊ အမျိုးသားသည်။ ပဉ္စဟိဌာနေဟိ၊ ငါးပါးသော အကြောင်းတို့ဖြင့်။ ဥတ္တရဒိသာ၊ မြောက်အရပ်မည်ထိုက်ကုန်သော။ မိတ္တာမစ္စာ၊ အဆွေခင်ပွန်းတို့ကို။ ပစ္စုပဋ္ဌာတဗ္ဗာ၊ လုပ်ကျွေးအပ်ကုန်၏။ ဒါနေန၊ အပေးအကမ်း ကြိုက်သသူအား၊ အထိုက်အလျောက် ပစ္စည်း ပရိက္ခရာ ပေးကမ်းခြင်းဖြင့်လည်းကောင်း။ ပေယျဝဇ္ဇေန၊ နှုတ်ခွန်းသာချိုချစ်ဖွယ် ဆိုမှ ကြိုက်သသူအား၊ ပျူပျူငှာငှာ သာယာနာလိုချစ်ဖွယ်ဆိုသဖြင့်လည်းကောင်း။ အတ္ထစရိယာယ၊ ဝေါက်ငမ်းနှိပ်ကွပ်၍ သော်လည်း။ ချမ်းသာစီးပွား ပွားစီးအံ့သော အကြောင်းကြောင့် အကျိုးနှင့်စပ်သောစကားကို နာခံလိုသသူအား ဤသို့ ကျင့်အပ်၏။ ဤသို့ မကျင့်အပ်၊ ဤသို့သသူကို ပေါင်းအပ်၏။ ဤသို့ သသူကို မပေါင်းအပ်၊ သူတစ်ပါးက သို့ဆိုသော် သင်က သို့ဆိုလေ စသည်ဖြင့်၊ အစီးအပွား နှင့် စပ်သော အကျင့်အမူ လူရေးလူရာကို သွန်သင်ပြသခြင်း၊ အခင်းကိစ္စ ရောက်လာကလျှင် မှိုင်းမညီညာခြင်း စသော ဟိတသုခ စီးပွားချမ်းသာကို ကျင့်ခြင်းဖြင့်လည်းကောင်း။ သမာနတ္တတာယ၊ တစ်နေရာတည်းနေခြင်း၊ တစ်ပွဲတည်း စားခြင်း၊ ဆင်းရဲချမ်းသာအတူအမျှ ကြိုက်သသူအား ချမ်းသာဆင်းရဲ မကွဲစေရ ထပ်မျှကိုယ်တူ ကျင့်သဖြင့်လည်းကောင်း။ အဝိသံဝါဒနတာယ၊ အမည် မှည့်ဆို၍ တောင်းသော ဝတ္ထုကို မချွတ်မယွင်း (ပေးခြင်း၊ တစ်စုံတစ်ရာ ဝန်ခံ သော အမှုကို မချွတ်မယွင်း)[၁] ဆောင်ရွက်ခြင်းဖြင့်လည်းကောင်း။ ဣတိ ဣမေဟိ ပဉ္စဟိ ဌာနေဟိ၊ ဤငါးပါးသော အကြောင်းတို့ဖြင့်။ ပစ္စုပဋ္ဌာတဗ္ဗာ၊ လုပ်ကျွေး အပ်ကုန်၏။

ဂဟပတိပုတ္တ၊ သူကြွယ်သား။ ကုလပုတ္တေန၊ အမျိုးကောင်းသားသည်။ ဣမေဟိ ခေါ ပဉ္စဟိ ဌာနေဟိ၊ ဤငါးပါးသောအကြောင်းတို့ဖြင့်။ ပစ္စုပဋ္ဌိတာ၊ လုပ်ကျွေးအပ်ကုန်သော။ ဥတ္တရာဒိသာ၊ မြောက်အရပ်မည်ထိုက်ကုန်သော။ မိတ္တာမစ္စာ၊ အဆွေခင်ပွန်းကောင်းတို့သည်။ ပဉ္စဟိ ဌာနေဟိ၊ ငါးပါးသော အကြောင်းတို့ဖြင့်။ ကုလပုတ္တံ၊ အမျိုးကောင်းသားကို။ အနုကမ္ပန္တိ၊ အစဉ်စောင့်ရှောက် ချီးမြှောက်အပ်ကုန်၏။

---

၁။ သူရိယမှု၌ မပါ။

http://www.cherrythitsar.org



ပမတ္တံ၊ ယစ်မူးမေ့လျော့သော အဆွေခင်ပွန်းကို။ ရက္ခန္တိ၊ စောင့်ရှောက်ကုန်၏။ ပမတ္တံသသ၊ မေလျော့သောအဆွေခင်ပွန်း၏။ သာမတေယျံ၊ ဥစ္စာနှစ်ကို။ ရက္ခန္တိ၊ စောင့်ရှောက်ကုန်၏။ ဘီတဿ၊ တစ်စုံတစ်ရာ ဘေးရောက်၍ ကြောက်လန့်သော အဆွေခင်ပွန်း၏။ သရဏံ၊ ငါသို့သသူ သဟဲရှိလျက်၊ အဘယ်တစိ ကြောက်ဘိသနည်းဟု အားပေး၍၊ ထိုဘေးမှ ကယ်ပေးတတ်သော ကိုးကွယ်ရာသည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ အာပဒါ၊ ဘေးရန်ကြီးစွာ ရောက်လတ်ကုန်သော်။ နဝိဇဟန္တိ၊ မစွန့်ပစ်ပေကုန်။ အဿ၊ ထိုအဆွေခင်ပွန်းကောင်းဝတ်ငါးပါးနှင့် ပြည့်စုံသော အမျိုးသားအား။ အပရာပရပဇာစ၊ အဆွေခင်ပွန်းတို့၏ သားမြေး အဆက်ဆက်တို့သည်လည်း။ ပဋိပူဇေန္တိ၊ မြေခွေးကြောင့်အသက်ရှည်သော ခြသေ့် သားမြေးအဆက်ဆက်ကဲ့သို့၊ ခင်ပွန်းမပျက်၊ မရက်မစက်၊ မြတ်နိုးတနာ ပြုကျင့်ကုန်၏။ ဣမေဟိ ဣမေဟိ ပဉ္စဟိ ဌာနေဟိ၊ ဤငါးပါးသော အကြောင်းတို့ဖြင့်။ အနုကမ္ပန္တိ၊ အစဉ်စောင့်ရှောက် ချီးမြှောက်ပေကုန်၏။

ဂဟပတိပုတ္တ၊ သူကြွယ်သား။ ကုလပုတ္တေန၊ အမျိုးကောင်းသားသည်။ ဣမေဟိ ခေါ ပဉ္စဟိ ဌာနေဟိ၊ ဤငါးပါးသော အကြောင်းတို့ဖြင့်။ ပစ္စုပဋ္ဌိတာ၊ လုပ်ကျွေး ပူဇော်အပ်ကုန်သော။ ဥတ္တရာဒိသာ၊ မြောက်အရပ်မည်ထိုက်ကုန်သော။ မိတ္တာမစ္စာ၊ အဆွေခင်ပွန်းတို့သည်။ ဣမေဟိ ပဉ္စဟိ ဌာနေဟိ၊ ဤငါးပါးသော အကြောင်းတို့ဖြင့်။ ကုလပုတ္တံ၊ အမျိုးကောင်းသားတို့ကို။ အနုကမ္ပန္တိ၊ အစဉ်စောင့်ရှောက် ချီးမြှောက်ကုန်၏။ ဧဝံ၊ ဤသို့ ခင်ပွန်းဝတ်ကို မချွတ်စေသည်ရှိသော်။ အဿ၊ ထိုအဆွေခင်ပွန်းဝတ် ငါးပါးနှင့်ပြည့်စုံသော အမျိုးကောင်းသားတို့သည်။ ဧသာ ဥတ္တရာဒိသာ၊ ဤအဆွေခင်ပွန်းကောင်းဟူသော မြောက်အရပ်ကို။ ပဋိစ္ဆန္နာ၊ ဘေးမလာ မရောက်အောင် ဖုံးလွှမ်းပိတ်ဆို့အပ်သည်။ ဟောတိ၊ ဖြစ်၏။ ခေမာ၊ ဘေးငြိမ်းသည်။ အပ္ပဋိဘယာ၊ မြောက်အရပ်မှ ဘေးကင်းသည်။ ဟောတိ၊ ဖြစ်၏။

## ၉။ အရှင့်ဝတ် ငါးပါး

ဤခြောက်ပါးသောအရပ်တို့တွင် ကျေးကျွန် အမှုလုပ်ဟူသော အောက်အရပ်၌ အရှင်သခင်ဖြစ်သူတို့သည် ကျင့်သင့် ကျင့်ကောင်းသော ဝတ်ငါးပါးရှိသည်ကိုလည်းကောင်း၊ ကျေးကျွန် အမှုလုပ်တို့က အရှင်သခင်ဖြစ်သူတို့ကို ကျင့်ထိုက် ကျင့်ကောင်းသော ဝတ်ငါးပါးရှိသည်ကိုလည်းကောင်း ဤပါဠိတော်၌ -

http://www.cherrythitsar.org



ပဉ္စဟိ ခေါ ဂဟပတိပုတ္တ ဌာနေဟိ အယျိကေန ပေဌိမဒိသာ ဒါသကမ္မကရာ ပစ္စုပဋ္ဌာတဗ္ဗာ။ ဗလံ ကမ္မန္တသံဝိဓာနေန ဘတ္တဝေတ္တနာ နုပ္ပဒါနေန။ ဂိလာနုပဋ္ဌာနေန အစ္ဆရိယာနံ ရသာနံ သံဝိဘာဂေန သမယေ ဝေါသဂ္ဂေန။ ။ ဣမေဟိ ခေါ ဂဟပတိပုတ္တ ပဉ္စဟိဌာနေဟိ အယျိကေန ပေဌိမဒိသာ ဒါသကမ္မကရာ ပစ္စုပဋ္ဌိတာ။ (အယျိကာံ ပေဌိမဒိသာ ဒါသ ကမ္မကရာ ပစ္စုပဋ္ဌိတာ။)[၁] ဣမေဟိ ပဉ္စဟိ ဌာနေဟိ အယျိကံ အနုကမ္ပန္တိ။ ပုဗ္ဗုဋ္ဌာယိနောဟောန္တိ။ ပစ္ဆာ နိပါတိတောစ။ ဒိန္နာဒါရိနောစ။ သုကတကမ္မကရာ။ ကိတ္တိဝဏ္ဏဟရာစ။ ဣမေဟိခေါ ဂဟပတိပုတ္တ ပဉ္စဟိ ဌာနေဟိ အယျိကေန၊ ပေဌိမဒိသာ ဒါသ ကမ္မကရာ ပစ္စုပဋ္ဌိတာ။ ဣမေဟိ ပဉ္စဟိ ဌာနေဟိ အယျိကံ အနုကမ္ပန္တိ။ ဧဝမဿ သောပေဌိမဒိသာ ပဋိစ္ဆန္နာ ဟောတိ။ ခေမာအပ္ပဋိဘယာ။ ။ ဟူ၍ ဟောတော်မူ၏။

ဂဟပတိပုတ္တ၊ သူကြွယ်သား။ အယျိကေန၊ အရှင်သခင်ဖြစ်သသူသည်။ ပေဌိမဒိသာ၊ အောက်အရပ်မည်ထိုက်ကုန်သော။ ဒါသ ကမ္မကရာ၊ ကျေးကျွန် အမှုလုပ်တို့ကို။ ပဉ္စဟိဌာနေဟိ၊ ဤငါးပါးသောအကြောင်းတို့ဖြင့်။ ပစ္စု ပဋ္ဌာတဗ္ဗာ၊ သိမ်းမြန်းမွေးကျွေးအပ်ကုန်၏။

ယထာဗလံ ကမ္မန္တသံဝိဓာနေန၊ သူငယ်တို့ ပြုသင့်သည့်အမှုကို သူကြီး တို့ကို၊ သူကြီးတို့ ပြုသင့်သည့်အမှုကို သူငယ်တို့ကို၊ မိန်းမတို့ ပြုသင့်သည် အမှုကို ယောကျ်ားတို့ကို၊ ယောကျ်ားတို့ ပြုသင့်သည့်အမှုကို မိန်းမတို့ကို မပြုစေမူ၍၊ (အပ်ကြောင်း အပ်သာ၊ စူးမှာစူးလိုက်)[၂] စရိုက်ပုံတူ၊ ထိုထိုသသူ၏ အင်အားနှင့် တန်သောအမှုကိုသာ စီရင်ခိုင်းခံ့စေပါ စေဖန်သဖြင့် လည်းကောင်း။ ဘတ္တဝေတ္တနာ နုပ္ပဒါနေန၊ ထမင်းရိက္ခာ သာနာညီမျှအောင် ပေးသဖြင့်လည်းကောင်း။ (ဂိလာနုပဋ္ဌာနေန၊ နာဖျားမကျန်းရှိသောအခါ ကောင်းစွာ မွေးမြူ[၃] ခြင်းဖြင့် လည်းကောင်း။ အစ္ဆရိယာနံရသာနံ၊ တစ်ခါတစ်ရံ အထူးအဆန်းရသော မွန်မြတ်သော အရာတို့ကို။ သံဝိဘာဂေန၊ မိမိချည်းသာ၊ ကွယ်ရာမစား၊ လက်ဝါးဖွေဖွေး၊ ကျေးကျွန်အလျောက် တစ်ယောက်စီ ခဲမြုံရုံဖြင့်လည်း၊ ချစ်ဟန်မူပြ၊ စားရေစေ့ သဖြင့် လည်းကောင်း၊ သမယေ၊ ပင်ပန်းနွမ်းနယ်သောအခါ၊ ပွဲလမ်းသဘင် တုတု ပပ ပျော်ရွှင်ကြသောအခါ၌။ ဝေါသဂ္ဂေန၊ မိမိဂုဏ်နှင့် လျော်စွာ တန်ဆာ

---

၁။ ပုရပိုက်မူ၌ ဤအပိုဒ် စာကျနေသည်။
၂။ ပုရပိုက်မူ၌ 'အပ်ကြောင်းအပ်သား၊ စူးမှားစူးလိုက်' ဟု ရှိသည်။
၃။ သူရိယမူ၌ 'မွေးမြူ' အစား 'မေးမြန်း' ဟု တွေ့ရသည်။

http://www.cherrythitsar.org



ဝတ်စားပေး၍ လွှတ်သဖြင့်လည်းကောင်း။ ဣတိ ဣမေဟိ ပဉ္စဟိ ဌာနေဟိ၊ ဤ ငါးပါးသော အကြောင်းတို့ဖြင့်။ ပစ္စုပဋ္ဌာတဗ္ဗာ၊ သိမ်းမြန်း ကျွေးမွေး အပ်ကုန်၏။ ။

ဂဟပတိပုတ္တ၊ သူကြွယ်သား။ အယျိကေန၊ အရှင်သခင် ဖြစ်သသူသည်။ ဣမေဟိ ပဉ္စဟိ ဌာနေဟိ၊ ဤငါးပါးသောအကြောင်းတို့ဖြင့်။ ပစ္စုပဋ္ဌိတာ၊ သိမ်းမြန်း ကျွေးမွေးအပ်ကုန်သော။ ဟေဋ္ဌိမဒိသာ၊ အောက်အရပ်မည်ထိုက်ကုန် သော။ ဒါသကမ္မကရာ၊ ကျေးကျွန်အမှုလုပ်တို့သည်။ အယျိကံ၊ အရှင်သခင်ကို။ ဣမေဟိ ပဉ္စဟိ ဌာနေဟိ၊ ဤငါးပါးသော အကြောင်းတို့ဖြင့်။ အနုကမ္ပန္တိ၊ အစဉ် စောင့်ရှောက် ချီးမြှောက်အပ်ကုန်၏။ ပုဗ္ဗုဋ္ဌာယိနော၊ နေ့တိုင်းညဉ့်က၊ နိုးလံ့လဖြင့်၊ အရှင် မထမီ အမှုပြီးအောင်၊ မနိုးမဆော်ရ၊ ဖြိုးဖြိုးဖျတ်ဖျတ် လုပ်ဆောင် ကြကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ပစ္ဆာနိပါတိနောစ၊ အရှင်နောက်ကျ၍၊ အမှုအခင်း လက်စသိမ်းမှ စားသောက် အိပ်နေကြကုန်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဒိန္နာဒါရိနောစ၊ ချည်တစ်မျှင်ကိုမျှ အရှင်ကွယ်ရာ မခိုးမဝှက်မူ၍၊ အရှင်ပေးသည်ကိုသာ ယူသုံးလေ့ရှိသည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ သုကတကမ္မကရာစ၊ ဤအရှင် အမှုကို ပြုသဖြင့် အဘယ်အကျိုးရှိအံ့နည်း။ ငါတို့ကား တစ်စုံတစ်ခုမျှ မရပါဟု ကဲ့ရဲ့စကားမဆို၊ အမှုကို မဖျက်၊ နှစ်သက်သာကြည်သော နှလုံးရှိ၍၊ အစေ့အစပ် မူသေသပ်လျက်၊ ပစ်စလက်ခတ် ဖြစ်ကတတ်ဆန်း မရှိရအောင် ကောင်းစွာ ရွက်ဆောင်သောအမှု ရှိကုန်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။

ကိတ္တိဝဏ္ဏဟရာစ၊ ပရိတ်သတ် အလယ်ရောက်က ချီးချီးမြှောက်မြှောက် ပြောဆိုသဖြင့် အသရေကို တက်အောင်၊ အရှင်ဂုဏ်သတင်းကို ပန်းနံ့ကို ဆောင် သော လေညင်းကဲ့သို့ မျက်မှောက်မျက်ကွယ် ဆောင်တတ်ကုန်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣမေဟိ ပဉ္စဟိ ဌာနေဟိ၊ ဤငါးပါးသော အကြောင်းတို့ ဖြင့်။ အယျိကံ၊ သခင်အရှင်ကို။ အနုကမ္ပန္တိ၊ အစဉ် စောင့်ရှောက် ချီးမြှောက် အပ်ကုန်၏။ ။

ဂဟပတိပုတ္တ၊ သူကြွယ်သား။ အယျိကေန၊ အရှင်သခင်သည် ဣမေဟိ ပဉ္စဟိ ဌာနေဟိ၊ ဤငါးပါးသော အကြောင်းတို့ဖြင့်။ ပစ္စုပဋ္ဌိတာ၊ သိမ်းမြန်း ကျွေးမွေးအပ်ကုန်သော။ ဟေဋ္ဌိမဒိသာ၊ အောက်အရပ်မည်ကုန်သော။ ဒါသ ကမ္မကရာ၊ ကျေးကျွန်အမှုလုပ်တို့သည်။ ဣမေဟိ ပဉ္စဟိ ဌာနေဟိ၊ ဤငါးပါး သော အကြောင်းတို့ဖြင့်။ အယျိကံ၊ အရှင်သခင်ကို။ အနုကမ္ပန္တိ၊ အစဉ် စောင့်ရှောက် ချီးမြှောက်ကုန်၏။

http://www.cherrythitsar.org



ဇဝံ၊ ဤသို့။ ကျွန်အရှင်တို့ ပြုကျင့်ရာသော ဝတ်နှင့်ညီကြကုန်သည် ရှိသော်။ အဿ၊ ထိုဝတ်ငါးပါးနှင့် ပြည့်စုံသော အရှင်သခင် ဖြစ်ကုန်သော သူသည်။ ဧသာဟေဋ္ဌိမဒိသာ၊ ဤကျေးကျွန်ဟူသော အောက်အရပ်ကို။ ပဋိစ္ဆန္နာ၊ ဘေးမလာမရောက်အောင် ဖုံးပိတ် လွှမ်းမိုးအပ်သည်။ ဟောတိ၊ ဖြစ်၏။ ခေမာ၊ ဘေးငြိမ်းသည်။ အပ္ပဋိဘယာ၊ အောက်အရပ်၌ ဘေးကင်းသည်။ ဟောတိ၊ ဖြစ်၏။

## ၁၀။ ရဟန်းပုဏ္ဏားတို့ ပြုအပ်သော ဝတ်ငါးပါးနှင့် လူတို့ပြုအပ်သော ဝတ်ခြောက်ပါး

ဤခြောက်ပါးသော အရပ်တို့တွင် ရဟန်းပုဏ္ဏားဟူသော အထက်အရပ်၌ အမျိုးကောင်းသား ဖြစ်သောသူတို့သည် ကျင့်ဆောက်တည်အပ်သော ဝတ်ငါးပါး ရှိသည်ကိုလည်းကောင်း။ ရဟန်း၊ ပုဏ္ဏားတို့က အမျိုးကောင်းသားဖြစ်သော သူတို့ကို ကျင့်ဆောက်တည်အပ်သော ဝတ်ခြောက်ပါးရှိသည်ကိုလည်းကောင်း၊ ဤပါဠိတော်၌ -

ပဉ္စဟိ ခေါ ဂဟပတိပုတ္တ ဌာနေဟိ ကုလပုတ္တေန ဥပရိမာဒိသာ သမဏ ဗြာဟ္မဏာ ပစ္စုပဋ္ဌာတဗ္ဗာ။ မေတ္တေန ကာယေန ကမ္မေန၊ မေတ္တေန ဝစီကမ္မေန။ မေတ္တေန မနောကမ္မေန။ အနာဝဋဒွါရတာယ။ အာမိသာ နုပ္ပဒါနေန။ ။ ဣမေဟိ ခေါ ဂဟပတိပုတ္တ ပဉ္စဟိ ဌာနေဟိ ကုလပုတ္တေန ဥပရိမာဒိသာ သမဏဗြာဟ္မဏာ ပစ္စုပဋ္ဌိတာ။ ။ ဆဟိဌာနေဟိ ကုလပုတ္တံ အနုကမ္ပန္တိ။ ပါပါ နိဝါရေန္တိ။ ကလျာဏေ နိဝေသေန္တိ။ ကလျာဏေ မနသာ အနုကမ္ပန္တိ။ အဿုတံ သာဝေန္တိ။ သုတံ ပရိယောဒါပေန္တိ။ သဂ္ဂဿမဂ္ဂံ အာစိက္ခန္တိ။ ။ ဣမေဟိ ခေါ ဂဟပတိပုတ္တ ပဉ္စဟိ ဌာနေဟိ ကုလပုတ္တေန ဥပရိမာဒိသာ သမဏ ဗြာဟ္မဏာ ပစ္စုပဋ္ဌိတာ။ ဣမေဟိ ဆဟိ ဌာနေဟိ ကုလပုတ္တံ အနုကမ္ပန္တိ။ ဧဝမဿ ဧသာ ဥပရိမာဒိသာ ပဋိစ္ဆန္နာ ဟောတိ။ ခေမာ အပ္ပဋိဘယာ။ ။ ဟူ၍ ဟောတော်မူ၏။

ဂဟပတိပုတ္တ၊ သူကြွယ်သား။ ကုလပုတ္တေန၊ အမျိုးကောင်းသားသည်။ ပဉ္စဟိ ဌာနေဟိ၊ ငါးပါးသောအကြောင်းတို့ဖြင့်။ ဥပရိမာဒိသာ၊ အထက်အရပ် မည်ထိုက်ကုန်သော။ သမဏဗြာဟ္မဏာ၊ ရဟန်းပုဏ္ဏားတို့ကို။ ပစ္စုပဋ္ဌာတဗ္ဗာ၊ လုပ်ကျွေးပူဇော်အပ်ကုန်၏။

http://www.cherrythitsar.org



မေတ္တေန၊ မေတ္တာသဒ္ဓါနှင့်ယှဉ်သော။ ကာယေနကမ္မေန၊ အမှုကြီးငယ် ပြုဖွယ်တို့ကို မဖယ်မလွှဲ ရွက်ဆောင်ခြင်းစသော ကိုယ်အမှုဖြင့်လည်းကောင်း။ မေတ္တေန၊ မေတ္တာသဒ္ဓါနှင့်ယှဉ်သော။ ဝစီကမ္မေန၊ မလှည့်မပတ်၊ မုသားမဆို၊ ကြည်ညိုရွှင်လန်း၊ ဆွမ်းခံဝင်သော အရှင်တို့အား၊ ယာဂုဆွမ်းကောင်း၊ လောင်း လှည့်ကြကုန်ဟု နှိုးဆော်ခြင်းစသော နှုတ်အမှုဖြင့်လည်းကောင်း။ မေတ္တေန၊ မေတ္တာသဒ္ဓါနှင့်ယှဉ်သော။ မနောကမ္မေန၊ ငါတို့သခင် ကိုယ်လက်ကျန်းခံ့၊ ပီတိ နှံ့လျက်၊ ရဟန်းတရား ပွားနိုင်ပါစေဟု စိတ်ကကြံသော မနောကံဖြင့်လည်းကောင်း။ အနာဝဋ္ဋဒွာရတာယ၊ ရဟန်းလျှူခံ၊ ကိုယ်ထံရောက်က၊ ထင်ရှားရှိလျက်၊ မလျှို့ဝှက် ၍၊ ကွယ်မျက်မသို၊ ထိုထိုပစ္စည်း၊ နည်းများမဟူ၊ လှူထလေလျှင်း၊ သောက်ရေ တွင်းသို့ ဟင်းလင်းဖွင့်အပ်သော တံခါးရှိသည်၏ အဖြစ်ဖြင့်လည်းကောင်း။ အာမိ သာနုပ္ပာ ဒါနေန၊ နိဗ္ဗာန်လယ်မြေ၊ ငါတွေ့ပေဟု၊ အလုအယက်၊ လယ်ကောင်း မက်သို့၊ နှစ်သက်ရွှင်လန်း၊ ဆွမ်းကောင်းဟင်းလေး၊ ရွေးချယ်ကြည်ဖြူ ပေးလှူ သဖြင့်လည်းကောင်း။ ဣတိ ဣမေဟိ ပဉ္စဟိ ဌာနေဟိ၊ ဤငါးပါးသော အကြောင်းတို့ဖြင့်။ ပစ္စုပဋ္ဌာတဗ္ဗာ၊ လုပ်ကျွေးပူဇော်အပ်ကုန်၏။

ဂဟပတိပုတ္တ၊ သူကြွယ်သား။ ကုလပုတ္တေန၊ အမျိုးကောင်းသားသည်။ ဣမေဟိ ခေါ ပဉ္စဟိ ဌာနေဟိ၊ ဤငါးပါးသောအကြောင်းတို့ဖြင့်။ ပစ္စုပဋ္ဌိတာ၊ လုပ်ကျွေးပူဇော်အပ်ကုန်သော။ ဥပရိမာဒိသာ၊ အထက်အရပ် မည်ထိုက်ကုန် သော။ သမဏ ဗြာဟ္မဏာ၊ ရဟန်းပုဏ္ဏားတို့သည်။ ကုလပုတ္တံ၊ အမျိုးကောင်း သားကို။ ဆဟိဌာနေဟိ၊ ခြောက်ပါးသောအကြောင်းတို့ဖြင့်။ အနုကမ္ပေန္တိ၊ ချီးမြှောက်မစအပ်ကုန်၏။ ပါပါ၊ ပါဏာတိပါတ စသော ရန်ကြီးငါးပါး၊ ဆယ်ပါး သော အကုသလကမ္မပထမှ။ နိဝါရေန္တိ၊ တားမြစ်အပ်ကုန်၏။ ကလျာဏေ၊ ပဉ္စသီလ၊ ဒသကုသလကမ္မပထ၊ ဒါနစသော ကုသိုလ်တရား၌။ နိဝေသေန္တိ၊ တည်စေအပ်ကုန်၏။

ကလျာဏေနမနသာ၊ သဗ္ဗေသတ္တာ အဝေရာဟောန္တု၊ အဗျာပဇ္ဈာ ဟောန္တု စသည်ဖြင့်၊ မေတ္တာပြုခြင်းဟူသော ကောင်းသော နှလုံးဖြင့်။ အနုကမ္ပန္တိ၊ ချီးမြှောက်မစ အပ်ကုန်၏။ အသုတံ၊ မကြားဘူးသော ထုံးဟောင်းနည်းနာ သိမ်မွေ့စွာသော တရားစကားကို။ သာဝေန္တိ၊ သူတော်တရား နားပေါက်စိမ့်သောငှာ ဖွေရှာဟောပြောပြသအပ်ကုန်၏။ သုတံ၊ ကြားနာရဖူးသော တရားစကားကို။ ပရိယောဒါပေန္တိ၊ အယူအဆ၊ ဖွေပြုနည်းနာ၊ သိသာထင်မြင်အောင် ပုံပြင် ဆောင်လျက်၊ ခဲခက်သော အနက်အဓိပ္ပာယ်ကို၊ သွယ်ဝယ်ညွှန်ပြ၊ သံသယ ကင်းရှင်းစေအပ်ကုန်၏။ သဂ္ဂဿမဂ္ဂံ၊ နတ်ရွာလမ်းမှန်၊ ခရီးစွန်ကို။ အာစိက္ခန္တိ၊

http://www.cherrythitsar.org


ကြားပေအပ်ကုန်၏။ ဣတိ ဣမေဟိ ဆဟိ ဌာနေဟိ၊ ဤခြောက်ပါးသော အကြောင်းတို့ဖြင့်။ အနုကမ္ပေန္တိ၊ ချီးမြှောက်မစအပ်ကုန်၏။

ဂဟပတိပုတ္တ၊ သူကြွယ်သား။ ကုလပုတ္တေန၊ အမျိုးကောင်းသားသည်။ ဣမေဟိ ဆဟိ ဌာနေဟိ၊ ဤခြောက်ပါးသောအကြောင်းတို့ဖြင့်။ ပစ္စုပဋ္ဌိတာ၊ လုပ်ကျွေးပူဇော်အပ်ကုန်သော။ ဥပရိမာဒိသာ၊ အထက်အရပ်မည်ထိုက်ကုန်သော။ သမဏဗြာဟ္မဏာ။ ရဟန်း ပုဏ္ဏားတို့သည်။ ကုလပုတ္တံ၊ အမျိုးကောင်းသားတို့ကို။ ဣမေဟိ ဆဟိ ဌာနေဟိ၊ ဤခြောက်ပါးသော အကြောင်းတို့ဖြင့်။ အနုကမ္ပေန္တိ၊ ချီးမြှောက်မစအပ်ကုန်၏။ ဧဝံ၊ ဤရဟန်းသူတော်တို့အား ပြုရာသောဝတ်ကို ပြုသည်ရှိသော်။ အဿ၊ ထိုပြုရာသော ဝတ်ရှိသောအမျိုးသားသည်။ ဧသော ဥပရိမဒိသာ၊ ဤရဟန်းပုဏ္ဏားဟူသော အထက်အရပ်ကို။ ပဋိစ္ဆန္နာ၊ ဘေးမလာ မရောက်အောင် ပိတ်ဆို့ဖုံးလွှမ်းအပ်သည်။ ဟောတိ၊ ဖြစ်၏။ ခေမာ၊ ဘေးငြိမ်းသည်။ အပ္ပဋိဘယာ၊ အထက်အရပ်မှ ဘေးကင်းသည်။ ဟောတိ၊ ဖြစ်၏။

## ၁၁။ အဂတိလေးပါးသို့ လိုက်စားသူတို့ ဆုတ်ယုတ်တတ်ခြင်း

အစိုးရ အကြီးအအုပ်ပြုလုပ်သူတို့ မလိုက်ကောင်းသော အဂတိလေးပါးကို လိုက်စားသောသူသည် ကောင်းအောင်ပင်ပြုမည်ဆိုသော်လည်း မပြုနိုင်။ လဆုတ်ပက္ခ၌ လကဲ့သို့ စည်းစိမ်ချမ်းသာတို့သည် ဆုတ်ယုတ်ကုန်သည်ကို သိင်္ဂါလသုတ်၌ -

ဆန္ဒာဂတိံ ဂစ္ဆန္တော ပါပကမ္မံ ကရောတိ။ ဒေါသာဂတိံ ဂစ္ဆန္တော ပါပကမ္မံ ကရောတိ။ မောဟာဂတိံ ဂစ္ဆန္တော ပါပကမ္မံ ကရောတိ။ ဘယာဂတိံ ဂစ္ဆန္တော ပါပကမ္မံ ဟောတိ။ ။ ဟူ၍လည်းကောင်း။

ဆန္ဒာဒေါသာ ဘယာမောဟာ၊
ယောဓမ္မံ အတိဝတ္တတိ။
နိဟိယျတိ ယသော တဿ၊
ကာလပက္ခေဝ စန္ဒိမာ။ ။ ဟူ၍ ဟောတော်မူ၏။

ဆန္ဒဂတိံ ၊ ချစ်ခင်စုံမက်သောကြောင့်၊ မလိုက်သင့်သော အဂတိကို။ ဂစ္ဆန္တော၊ လိုက်သောသူသည်။ ပါပကမ္မံ၊ မကောင်းမှုကို။ ကရောတိ၊ ပြုသည်မည်၏။ ဒေါသာဂတိံ ၊ အမျက်ဒေါသကြောင့် မလိုက်သင့်သည်ကို။ ဂစ္ဆန္တော၊ လိုက်သော သူသည်။ ပါပကမ္မံ၊ မကောင်းမှုကို။ ကရောတိ၊ ပြုသည်မည်၏။ မောဟာဂတိံ ၊ မသိသောကြောင့် မလိုက်သင့်သည်ကို။ ဂစ္ဆန္တော၊ လိုက်သောသူသည်။ ပါပကမ္မံ၊

http://www.cherrythitsar.org



မကောင်းမှုကို။ ကရောတိ၊ ပြုသည်မည်၏။ ဘယာဂတိ ၊ ကြောက်သောကြောင့် မလိုက်သင့်သည်ကို။ ဂစ္ဆန္တော၊ လိုက်သောသူသည်။ ပါပကမ္မံ၊ မကောင်းမှုကို။ ကရောတိ၊ ပြုသည်မည်၏။

ယော၊ အကြင်သူသည်။ ဆန္ဒာ၊ ချစ်ခင်စုံမက်သောကြောင့်။ ဒေါသာ၊ မှတ်၍ဖွဲ့၍ ထားအပ်သောရန်ငြိုး၊ ယခု လောလောဆယ်ထွက်သော အမျက် ဒေါသကြောင့်။ ဘယာ၊ အရှင်သခင်ဘုန်းကြီးသောသူ စသည်တို့မှ ဖြစ်မည် ဘေးကြောင့်။ မောဟာ၊ အမှုမျိုးကို မကျွမ်းမကျင် မသိသောကြောင့်။ ဓမ္မံ၊ လူတို့ကျင့်ဝတ်စသော တရားလမ်းကြောင်းကို။ အတိဝတ္တတိ၊ လွန်ကျူး၍ကျင့်၏။ တဿ၊ ထိုအဂတိကို လိုက်၍ တရားလမ်းကြောင်းကို လွန်ကျူးသောသူ၏။ ယသော၊ စည်းစိမ်ဥစ္စာ အခြံအရံ အကျော်အစောအပေါင်းသည်။ ကာလပက္ခေ၊ လဆုတ်ပက္ခ၌။ စန္ဒိမာဝ၊ လကဲ့သို့။ နိဟိယျတိ၊ တစ်နေ့တခြား လျော့ပါး ဆုတ်ယုတ်၏။

## ၁၂။ အဂတိလေးပါး မလိုက်စားသောသူတို့ကြီးပွားတိုးတက်ခြင်း

ဤ အဂတိလေးပါးကို မလိုက်စားသောသူသည် လဆန်းပက္ခ၌ လကဲ့သို့။ စည်းစိမ်ဥစ္စာ တစ်နေ့ထက်တစ်နေ့ တိုးတက်သည်ဟု ဤသိင်္ဂါလသုတ်၌ -

ဆန္ဒာ ဒေါသာ ဘယာ မောဟာ၊
ယော ဓမ္မံ နာတိ ဝတ္တတိ။
အာပူရတိ ယသော တဿ။
ဇုဏှ ပက္ခေဝ စန္ဒိမာတိ။ ဟူ၍ ဟောတော်မူ၏။

ယော၊ အကြင်သူသည်။ ဆန္ဒာ၊ ချစ်ခင်စုံမက်သောကြောင့်။ ဒေါသာ၊ မှတ်၍ဖွဲ့ထားအပ်သောရန်ငြိုး ယခု လောလောဆယ်ထွက်သော အမျက်ဒေါသ ကြောင့်။ ဘယာ၊ အရှင်သခင် ဘုန်းတန်ခိုးကြီးသော သူတို့မှ ဖြစ်မည်ဘေးကြောင့်။ မောဟာ၊ အမှုမျိုးကို မကျွမ်းမကျင် မသိသောကြောင့်။ ဓမ္မံ၊ လူတို့ကျင့်ဝတ် စသော တရားလမ်းကြောင်းကို။ နာတိဝတ္တတိ၊ လွန်ကျူး၍မကျင့်။ တဿ၊ ထိုအဂတိသို့ မလိုက်မူ၍ တရားလမ်းကြောင်းကို မလွန်ကျူးသောသူ၏။ ယသော၊ စည်းစိမ်ဥစ္စာ အခြံအရံ အကျော်အစောအပေါင်းသည်။ ဇုဏှပက္ခေ၊ လဆန်း ပက္ခ၌။ စန္ဒိမာဝ၊ လကဲ့သို့။ အာပူရတိ၊ တစ်နေ့တခြား တိုးပွားပြည့်လျှံ၏။

ဤအဂတိလေးပါးကို အစိုးရ အကြီးအအုပ် ပြုလုပ်သူတို့ အလွန်သတိထား ၍ ကြဉ်ရှောင်အပ်သည်။ အကြီးအအုပ် ပြုလုပ်သူတို့ အဂတိလေးပါးကို ကြဉ်ရှောင်ရမည်ဆိုသော်လည်း၊ ပုထုဇဉ်သဘောဖြစ်၍၊ တစ်စုံတစ်ယောက်တည်း

http://www.cherrythitsar.org



အစိုးရပြုလုပ်လျှင်၊ ချစ်သူမုန်းသူ ရှိသောကြောင့်လည်းကောင်း၊ အလုံးစုံကို မသိနိုင်သောကြောင့်လည်းကောင်း၊ ကိလေသာရာဂ မကုန်ခမ်းသေး၍ ဘေးကို ကြောက်သောကြောင့်လည်းကောင်း၊ ဤအဂတိလေးပါးကို လွတ်အောင် လုပ်နိုင်ရန် မရှိ။ ။

အပရိဟာနိယ တရားခုနစ်ပါးတွင် လာသည့်အတိုင်း လူအများအပြား စုရုံး၍၊ အမှုမျိုးကို ပြုလုပ်ရလျှင်၊ ဤအဂတိလေးပါးများစွာ ဖြစ်နိုင်ရန်မရှိ။ အစည်းအရုံးများလျှင်၊ တစ်ယောက်မသိသည့်အရာကို တစ်ယောက်သိသည်။ တစ်ဦးချစ်သူကို တစ်ဦးမချစ်။ တစ်ဦးမုန်းသူကို တစ်ဦးမမုန်း။ တစ်ဦး အမျက် ထွက်သော်လည်း တစ်ဦးမထွက်။ ကြောက်ရန်ဘေးရှိသော်လည်း၊ လူအများ ညီညွတ်၍ခံရမည်ဖြစ်သောကြောင့် မကြောက်။ ဤသို့သော အကြောင်းကြောင့်၊ အမှုမျိုးကို လူအများ စည်းဝေးဆောင်ရွက်လျှင် အဂတိလေးပါးကို လိုက်ရန် အကြောင်းမရှိဟူ၍ မှတ်အပ်၏။

ဤရာဇဓမ္မသင်္ဂဟကျမ်း၌ မင်းမှူးမတ် အစရှိသော သူတို့ ပစ္စုပ္ပန်လောက၊ တမလွန်လောက၌ ကောင်းအောင် သိကောင်း ကျင့်ကောင်းသည်ကို ဆိုသည်မှ တစ်ပါး၊ လူတို့၏ ဝိနည်းဖြစ်သော မင်္ဂလသုတ်၊ ပရာဘဝသုတ်၊ သိင်္ဂါလသုတ်၊ လောကဝိစာရဏသုတ်၊ ဝသလသုတ် စသည်တို့ကိုလည်း အကြီးအအုပ် ပြုလုပ်သူတို့သည် နေ့ညမပြတ် ကြည့်ရှုမှတ်သားအပ်ကုန်၏။

ဤတွင် ရွှေကား၊ အမိတ္တဖြစ်သော အဆွေခင်ပွန်းယုတ် လေးပါး အစရှိသော အစိုးရ မင်းမှူးမတ်စသည်တို့ ကျင့်ဆောင်အပ်သည်ကို ဆိုရာ ဆိုကြောင်းဖြစ်သော ရာဇဓမ္မသင်္ဂဟ အမည်ရှိသော တတိယပိုင်း ပြီး၏။

တတိယပိုင်း ပြီးပြီ။

http://www.cherrythitsar.org



# ကျမ်းပြုပုဂ္ဂိုလ်၏ နိဂုံး

(၁) အမရာဒိဘိမာပဿ၊
ဆဒ္ဒန္တဿ စ သာမိနော။
ဝိသာသိကော အနူစရော၊
ကုဝေရဿေဝ ဌာနိကော။
(၂) ဝရောပိ မဟာ မန္တိနော၊
တဿေဝ မဟာ လေခတော။
ဟောသိ ပေါရာဏ ပုရေ၊
ဒေဝတာ ပုရ နာမကေ။
(၃) တဿ ဆဒ္ဒန္တ သာမိနော၊
နတ္တာ ဝိစိတြ ဉာဏိကော။
ဆဒ္ဒန္တဿ စ သာမိကော၊
ဒုတိယော ဒေဝ ပုရိယာ။
(၄) တံ မဟာ လေခက သုတံ၊
ပေါသိတွာန ကုမာရကံ။
သတ္တိဒ္ဓရာဒိ လဍ္ဍေန၊
သေနာ နိ ဌာန နူဂ္ဂဟော။
(၅) သဟာယော သဗ္ဗကမ္မိကော၊
အဂ္ဂသေနာ ပတီသုသော။
ကုလဒေဒသေန ဝိသုတော၊
ကုလပ္ပဝေနီ အာဂတော။
(၆) ပုတ္တော တဿေဝ ရာဇိနော၊
ရာဇဝံသ ဓဇူပမော။
ရတနာ ပုဏ္ဏံ ပထမံ၊
မာပေတိ ဒိဗ္ဗ ဝပုရံ။
(၇) ဒွိန္နံ ဆဒ္ဒန္တာနံ ပတိ၊
သေနာနိ ပုတ္တံ ဒဟာရံ။
ပေါသိတွာ ယော နကရဍ္ဍံ၊
ဘောဇေတွာ မံ ကုလာဂတံ။

http://www.cherrythitsar.org



(၈) ဧကူန တိံသေ ဇာတိယာ၊
ဥစ္စိနိတွာန နူဂ္ဂဟော။
အန္တော သေနာနိ ဌာနေန၊
တဟိယော သော အနူစရော။
(၉) ရတနာ ပုဏ္ဏိကော ရာဇာ၊
ပိဋ္ဌကတ္တယ ကောဝိဓံ။
အမစ္စ ဂဏာ သာမဂ္ဂံ၊
အဘိရဋ္ဌံ သုမဒ္ဒဝံ။
ပုတ္တေသု ဥစ္စိနိတွာန၊
ရဋ္ဌံ ဒတွာ ဒိဝင်္ဂတော။
(၁၀) တသ္မိံ ဇယ မာသန္တေဝ၊
တံအန္တောစမုသာသိကံ။
အဂ္ဂသေနာ ပဘူကေန၊[၁]
ဌာနေနာ နူဂ္ဂဟော ဘုပေါ။ ။
(၁၁) ဘောဇပူရေန ဝိဿုတော၊
ဗဟုဿု တောမဟာမတ္တော။
လောကတ္ထာယအယံကတော၊
သောနာနာသတ္တဥဒ္ဓိတော။ ။
(၁၂) သာကေခံ အဒ္ဓိသူရိယေ၊
ဇုဏှပက္ခမိဂသီရေ။
သတ္တမျက္က[၂] သုတဒိနေ၊
ဇယဝသော သမတ္ထောဝ။ ။
(၁၃) လောကဿတ္ထာယ[၃] မေကတော၊
ရာဇဓမ္မသင်္ဂဟောယံ။
ပတ္တံဝေပုလ္လံကုသလံ၊
အာနုဘာဝေနတဿစ။

---

၁။ သူရိယမူ၌ 'အဂ္ဂသေနာ ပတိဘူတေန' ဟု ရှိသည်။
၂။ သူရိယမူ၌ 'သတ္တမျက္ခ' ဟု ရှိသည်။
၃။ သူရိယမူ၌ 'လောကတ္ထာယ' ဟု ရှိသည်။

http://www.cherrythitsar.org



(၁၄) ယေ အနန္တတန္တဏ္ဏဝ၊
မန္တနေနမတ္တာမတိ၊
ဝရေနလဒ္ဓါသာရာတိ၊
မတာတေစမေဂရဝေါ။ ။

(၁၅) သုခယန္တု သဒါစေဝ၊
သဗ္ဗနောဇယတံရာဇာ။
စိရံဇီဝတုကပ္ပံစ၊
သမိဒ္ဓတုမနောဘာဝေါ။ ။

(၁၆) ကာလေနသမ္မာဒေဝေါစ၊
ပဝဿတံပတိဌတု။
စိရံဓမ္မောဓမ္မေဟောန္တု၊
သဂါရဝါစပါဏိနော။ ။

(၁၇) သဒ္ဓမ္မရာဇဿဓမ္မံ၊
ပဋိညာတွာသုခါဝဟံ။
နိဗ္ဗာနံသုခမုတ္တမံ၊
ယန္တုသုပဋိပတ္တိယာ။ ။

(၁၈) ယထာရက္ခိ သုပေါရာဏာ၊
သုရာဇာနောတထေဝိမံ။
ရာဇာရက္ခန္တု ဓမ္မေန၊
အတ္တနောဝပဇံသုတံ။ ။

(၁) အမရာဒိဘိမာပဿ၊ အမရပူရမြို့ကို လက်မွန် အစ ပထမတည်ထောင် ဖန်ဆင်းသော။ ဆဒ္ဒန္တဿစသာမိနော၊ ဆဒ္ဒန်ဆင်မင်းသခင်မင်းတရားကြီး၏။ ဝိသာသိကော၊ ချစ်ကျွမ်းဝင်သော။ အနူစရော၊ ရဲဘော်ဖြစ်သော။ ကုဝေရဿ၊ ကုဝေရနတ်မင်း၏။ ဌာနိကောဝ၊ အရာနှင့်တူသော အရာရှိသော အမတ်ကြီး သည်လည်းကောင်း။ ဝါ၊ ရွှေပြည်ဝန် လက်ဝဲဝင်းတော်မှူးသည်လည်းကောင်း။

(၂) တဿေဝမဟာမန္တိနော၊ ထိုအမတ်ကြီး၏။ ဝရောပိ၊ သမက်သည် လည်း။ မဟာလေခကော၊ စာရေးကြီးသည်လည်းကောင်း။ ပေါရာဏပုရေ၊ ရှေးမြို့ဖြစ်သော။ ဒေဝတာ ပုရနာမကေ၊ အမရပူမည်သောမြို့၌။ အဟောသိ၊ ဖြစ်လေပြီ။

(၃) တဿဆန္ဒန္တသာမိနော၊ ထိုအမရပူရ ပထမမြို့တည် ဆဒ္ဒန်ဆင်မင်း သခင် မင်းတရားကြီး၏။ နတ္တာ၊ မြေးဖြစ်သော။ ဝိစိတြညာဏိကော၊ ဆန်းကြယ်

http://www.cherrythitsar.org



သော ဉာဏ်ရှိသော။ ဆဒ္ဒန္တသာစ၊ ဆဒ္ဒန်ဆင်မင်း၏လည်း။ သာမိကော၊ အရှင်ဖြစ်တော်မူသော။ ဒေဝပုရိယာ၊ အမရပူရမြို့၏။ ဒုတိယော၊ နှစ်ကြိမ်မြောက်တည်ထောက် ဖန်ဆင်းတော်မူသော မင်းတရားကြီးသည်။

(၄) ကုမာရကံ၊ သူငယ်ဖြစ်သော။ တံမဟာလေခကသုတံ၊ ထိုစာရေးကြီးသားကို။ ပေါသိတွာန၊ မွေးကျွေးတော်မူ၍။ သတ္တိဒ္ဓိရာဒိလဋ္ဌေန၊ သတိုးအစရှိသောဘွဲ့ဖြင့်။ ဝါ၊ 'သတိုးမင်းလှကျော်ထင်' ဟူသော ဘွဲ့ဖြင့်၊ သေနာနိဌာနေနုဂ္ဂဟော၊ စစ်သူကြီးအရာဖြင့် ချီးမြှောက်တော်မူလေပြီ။

(၅) ယော၊ အကြင်စစ်သူကြီးသည်။ သဟာယော၊ အမရပူရ ဒုတိယမြို့တည် မင်းတရားကြီး၏ ရဲဘော်လည်းဖြစ်၏။ သဗ္ဗကမ္မိကော၊ တိုင်းရေးပြည်မှုအလုံးစုံကို ရွက်ဆောင်သောသူလည်း ဖြစ်၏။ ကုလပ္ပဝေဏီ အာဂတော၊ ရွှေနန်းစဉ်ဆက် မျုးမတ်မျိုးမှ ဆင်းသက်သော။ သော၊ ထိုစစ်သူကြီးသည်။ အဂ္ဂသေနာပတီသု၊ စစ်သူကြီးလေးယောက်တို့တွင်၊ ကုလဒေသေန၊ အမျိုး၏အရပ်အားဖြင့်။ ဝိသုတော၊ ကျော်စော၏။ ဝါ၊ ကုလဒေသေနဝိသုတော၊ ယင်းတောဝန်ကြီးဟု ကျော်စော၏။

(၆) တသော ဝရာဇိနော၊ ထို အမရပူရ ဒုတိယမြို့တည် မင်းတရားကြီး၏ သာလျှင်။ ပုတ္တော၊ ရွှေရင်တော်နှစ် သားတော်စစ်ဖြစ်သော။ ရာဇဝံသဓဇူပမော၊ မင်းမျိုးတို့၏ တံခွန် မှန်ကင်းသဖွယ်ဖြစ်တော်မူသော မင်းတရားကြီးသည်။ ဒိဗ္ဗံ၊ နတ်၌ဖြစ်သော။ ပုရံဝ၊ အယုဇ္ဈပူရ မြို့ကဲ့သို့၊ ရတနာပုဏ္ဏံ၊ ရတနာပုံ အမည်ရှိသောမြို့ကို။ ပထမံ၊ လက်မွန်အစ ရှေးဦးစွာ။ မေပေတိ၊ တည်ထောင်ဖန်ဆင်းတော်မူလေပြီ။

(၇) ဒ္ဒိန္နံဆဒ္ဒန္တာနံ၊ နှစ်စီးကုန်သော ဆဒ္ဒန်ဆင်မင်းတို့၏။ ပတိ၊ သခင်ဖြစ်တော်မူသော၊ ရတနာပုံ ပထမမြို့တည်မင်းတရားကြီးသည်။ ဒဟရံ၊ သူငယ်ဖြစ်သော။ သေနာနိပုတ္တံ၊ ယင်းတောဝန်ကြီးသားဖြစ်သော။ ကုလာဂတံ၊ ရွှေနန်းစဉ်ဆက် မျုးမတ်မျိုးမှ ဆင်းသက်သော။ မံ၊ ငါ့ကို။ ပေါသိတွာန၊ မွေးကျွေးတော်မူ၍။ ယောနကရဋ္ဌ၊ ယောနကတိုင်းကို။ ဘောဇေတွာ၊ အစားပေးတော်မူ၍။

(၈) ဇာတိယာ၊ ဖွားသည်မှ။ ဧကူနတိ ံသေ၊ နှစ်ဆယ့်ကိုးနှစ်အရွယ်၌။ ဥစ္စိနိတွာန၊ ရွေးချယ်စိစစ်တော်မူ၍။ အန္တောသေနာနိ ဌာနေန၊ အတွင်းသေနာပတိအရာဖြင့်။ အနုဂ္ဂဟော၊ ချီးမြှောက်တော်မူ၏။ သော၊ ထိုအတွင်း သေနာပတိ အမတ်ကြီးသည်။ တတိယော၊ ဘေး ဘ ကိုယ်တိုင်အောင်၊ သုံးဆယ်မြောက်သော။ အနူစရော၊ ရဲဘော်တည်း။

http://www.cherrythitsar.org



(၉) ရတနာပုဏ္ဏကော၊ ရတနာပုံ ရွှေမြို့တော်ကြီးတည်ဖြစ်တော်မူသော။ ရာဇ၊ မင်းတရားကြီးသည်။ ပုတ္တေသု၊ သားတို့တွင်။ ပိဋကတ္တယ ကောဝိဒံ၊ ပိဋကတ်သုံးပုံ၌ လိမ္မာသော။ အဘိရဋ္ဌံ၊ သားတော်အပေါင်းတို့တွင် မြင့်မြတ်သော အမျိုးရှိသော[၁] မင်းမျိုးအစစ်ဖြစ်သော။ သုမဒ္ဒဝံ၊ နူးညံ့သိမ်မွေ့သော စိတ်နှလုံးနှင့် ပြည့်စုံသော။ အမစ္စဂဏသာမဂ္ဂံ၊ မှူးမတ်အပေါင်းတို့သည် မင်းဖြစ်ထိုက်ပေသည်ဟု စိတ်နှလုံး ညီညွတ်သော။ ပုတ္တံ၊ သားတော် သီပေါ မြို့စား မင်းသားကို။ ဉစ္စိနိတွာန၊ ရွေးချယ် စိစစ်တော်မူ၍။ ရဋ္ဌံ၊ နိုင်ငံကို။ ဒတွာ၊ ပေးတော်မူ၍။ ဒိဝင်္ဂတော၊ နတ်ပြည်စံတော်မူ၏။

(၁၀) တသ္မိံ ဇယမာသန္တေ၀၊ ထိုသားတော် သီပေါမင်းသားသည် ရန်အပေါင်းကို အောင်မြင်၍ မင်းအဖြစ်သို့ ရောက်သော ပထမလ၏ အဆုံး ဒုတိယလ၌သာလျှင်။ ဘူပေါ၊ ရေမြေသနင်း သားတော်မင်းတရားသည်။ တံ အန္တောစမုသာမိကံ၊ ထိုအတွင်းသေနာပတိ အမတ်ကြီးကို။ အဂ္ဂသေနာပ ဘူကေန[၂]၊ နိုင်ငံအလုံးကို လွှဲအပ်သော အဂ္ဂသေနာပတိဖြစ်သော။ ဌာနေန၊ အရာဖြင့်။ အနုဂ္ဂဟော၊ ချီးမြှောက်တော်မူ၏။

(၁၁) ဘောဇပူရေန၊ စားသော ဝက်မစွတ်မြို့၏ အမည်ဖြင့်။ ဝိဿုတော၊ ကျော်စော၏။ အာယံဂန္တော၊ ဤမင်းအစရှိသော အစိုးရသူကြီးတို့ ကျင့်အပ်သော 'ရာဇမတ္တသင်္ဂဟ' မည်သော ကျမ်းကို။ ဗဟုသုတော၊ များသောကျမ်းဂန် ဗဟုသုတ အကြားအမြင်ရှိသော။ သောမဟာမတ္တော၊ ထို ဝက်မစွတ်မြို့စား ဝန်ရှင်တော်မင်းကြီးသည်။ နာနာသတ္ထဥဒ္ဓိတော၊ အထူးထူး အပြားပြားသော သာသနာကျမ်း လောကီကျမ်းတို့မှ ထုတ်ဆောင်အပ်သည်ဖြစ်၍။ လောကတ္ထာယ၊ လောကအကျိုးငှာ။ ကတော၊ ပြုစုစီရင်အပ်ပြီ။

(၁၂) ခံအဒ္ဒိသူရိယေ၊ ထောင့်နှစ်ရာ လေးဆယ်ပြည့်ဖြစ်သော။ ဇယ ဝသေ၊ သားတော်မင်းတရားကြီး ရန်အပေါင်းကို အောင်၍ မင်းအဖြစ်သို့ ရောက်သော နှစ်ဖြစ်သော။ သာကေ၊ မြန်မာသက္ကရာဇ်၌။ ဇုဏှပက္ခမိဝသီရေ၊ နတ်တော်လဆန်းဖြစ်သော။ သတ္တမျက္က သုတဒိနေ၊ ခုနစ်ရက် စနေနေ့၌။ အယံဂန္တော၊ ဤ 'ရာဇမတ္တသင်္ဂဟကျမ်း' သည်။ သမတ္တော၀၊ ပြီးပြည့်စုံသည် သာလျှင်တည်း။

---

၁။ သူရိယမှု၌ 'အမျိုးရှိသော' ဟူသော စကားရပ် မပါ။

၂။ သူရိယမှု၌ 'အဂ္ဂမဟာ သေနာပတိဘူတေန' ဟု ရှိသည်။

http://www.cherrythitsar.org



(၁၃) လောကဿ[၁]၊ သတ္တလောက၏။ အတ္ထာယ[၂]၊ အကျိုးစီးပွား အလို့ငှာ။ မေ၊ ငါသည်။ ရာဇဓမ္မသင်္ဂဟော၊ 'ရာဇဓမ္မသင်္ဂဟ' မည်သော၊ အယံဂန္ထော၊ ဤကျမ်းကို။ ကတော၊ ပြုစုစီရင်အပ်၏။ ဝေပုလ္လံ၊ ပြန့်ပြောသော။ ကုသလံ၊ ကုသိုလ်ကို။ ပတ္တံ၊ ရပြီ။ တဿစ၊ ထိုကျမ်းပြုသော ကုသိုလ်၏လည်း။ (စ သဒ္ဒါဖြင့် ကျမ်းပြုသော ကုသိုလ်မှတစ်ပါး အခြားသော ကုသိုလ်များကို ယူလေ။ ) အဝနုဘာဝေန၊ တန်ခိုးအာနုဘော်ဖြင့်။

(၁၄) မေ၊ ငါ၏။ ယေဂရဝေါ၊ အကြင်ဆရာတို့ကို။ အနန္တတန္တဏ္ဏ မန္တနေန၊ အဆုံးမရှိသော လောကီကျမ်း၊ သာသနာကျမ်းဟူသော မဟာသမုဒ္ဒရာ ကို မွှေနှောက်ချောက်ချားနိုင်သော။ မတိဝရေန၊ မြတ်သောဉာဏ်ဖြင့်။ မတ္ထာ၊ မွှေနှောက်ကုန်၍။ လဒ္ဓါ၊ ရအပ်ကုန်ပြီးသော။ သာရာတိ၊ ဆီဦး ဆီခဲသဖွယ် အနှစ်ဖြစ်ကုန်သောသူတို့ဟူ၍။ မတာ၊ သိအပ်မှတ်အပ် သမုတ်အပ်၏။ တေဝရဝေါ၊ ထိုငါ၏ ဆရာတို့သည်။

(၁၅) သဒါစေဝ၊ အခါခပ်သိမ်းသာလျှင်။ သုဓယန္တု၊ ချမ်းသာတော်မူကြ စေကုန်သတည်း။ နော၊ ငါတို့၏။ ရာဇာ၊ ရေမြေသနင်း ပြည့်ရှင်မင်းသည်။ သဗ္ဗံ၊ အောင်အပ်သမျှ အလုံးစုံသော ရန်မာန်အပေါင်းကို။ ဇယတံ-ဇယတု၊ အောင်တော်မူပါစေသတည်း။ စီရံ၊ မြင့်ရှည်စွာ။ ကပ္ပံ၊ အာယုကပ်ပတ်လုံး။ ဇီဝတုစ၊ သက်တော်လည်း ရှည်တော်မူပါစေသတည်း။ မနောဘာဝေါ၊ ရွှေနှလုံးတော်၌ အလိုရှိသမျှသည်။ သမိဇ္ဈတု၊ ပြီးစီး ပြည့်စုံပါစေသတည်း။

(၁၆) ကာလေန၊ မိုးကို လိုသောအခါဖြင့်။ သမ္မာ၊ ကောင်းစွာ။ ဒေဝေါစ၊ မိုးသည်လည်း။ ပဝဿတံ-ပဝဿတု၊ ရွာစေသတည်း။ စီရံ၊ မြင့်ရှည်စွာ။ ဓမ္မော၊ ပရိယတ္တိ တရားတော်သည်။ ပတိဋ္ဌတု၊ တည်ပါစေသတည်း။ ပါဏိနော၊ သတ္တဝါတို့သည်။ ဓမ္မေ၊ မြတ်စွာဘုရား ဟောတော်မူအပ်သောတရားတော်၌။ သဂါရဝါစ၊ ရိုသေ လေးမြတ်ခြင်း ရှိကုန်သည်။ ဟောန္တု၊ ဖြစ်ပါစေကုန်သတည်း။

(၁၇) သဒ္ဓမ္မရာဇဿ၊ တရားကြောင့် မင်းဖြစ်တော်မူသော မြတ်စွာဘုရား ၏။ သုခါဝဟံ၊ နတ်ရွာနိဗ္ဗာန်ဟူသော ချမ်းသာကို ဆောင်နိုင်သော။ ဓမ္မံ၊ ပရိယတ္တိ တရားတော်ကို။ ပဋိဉာတွာ၊ အဆင့်ဆင့်သိ၍။ သုခမုတ္တမံ၊ ချမ်းသာ တကာတို့ထက် မြတ်သော။ နိဗ္ဗာနံ၊ နိဗ္ဗာန်ချမ်းသာကို။ သုပဋိပတ္တိယာ၊ ကောင်းသောအကျင့်ဟူသော မဇ္ဈိမပဋိပဒါဖြင့်။ ယန္တု၊ ရောက်ပါစေသတည်း။

---

၁။ သူရိယမူ၌ 'လောကတ္ထာယ' ဟု ရှိသည်။

၂။ သူရိယမူ၌ 'အတ္ထာယ' ဟူသော စာပိုဒ် မပါ။

http://www.cherrythitsar.org


(၁၈) ပေါရာဏာ၊ ရှေး၌ဖြစ်ကုန်သော။ သုရာဇာနော၊ ဘုရားလောင်း မင်းကောင်းမင်းမြတ်တို့သည်။ ပဇံ၊ သတ္တဝါအပေါင်းကို။ ရက္ခိံ သုယထာ၊ စောင့်ရှောက်ကုန်သကဲ့သို့။ တထေဝ၊ ထို့အတူသာလျှင်။ ဣမံရာဇာ၊ ဤ ငါတို့ အရှင် ဆဒ္ဒန်ဆင်မင်းသခင်မင်းတရားကြီးသည်။ ပဇံ သတ္တဝါအပေါင်းကို။ အတ္တနော၊ မိမိ၏။ သုတံဝ၊ ရွှေရင်တော်နှစ် သားတော်စစ်ကဲ့သို့။ ဓမ္မေန၊ တရားသဖြင့်။ ရက္ခန္တု၊ စောင့်ရှောက်တော်မူပါစေကုန်သတည်း။

ရှေးဆရာတို့ကား။ 'သတ္တ' သဒ္ဒါကိုစွဲ၍ သတိုးဘွဲ့ဖြစ်ကြောင်း၊ ထို 'သတ္တ' သဒ္ဒါသည်လည်း ဒြပ်ကိုဟောကြောင်း စသည်များနှင့် ပြောဆိုရေးသားကြသည် ကား၊ ထိုသတိုးဘွဲ့သည် မင်းဆွေမင်းမျိုး၊ ညီတော်သားတော်တို့ကိုသာ ပေးရသည့် ဘွဲ့ဖြစ်သည်။

နောက်ကာလမှ အထူးသဖြင့် သူကောင်းပြုတော်မူသည်ကို စွဲ၍၊ မှူးမတ်ကြီးတို့ကို ပေးသောဘွဲ့ဖြစ်သည်။ မင်းမျိုးတို့တွင် နေရာငယ်သော မင်းသား ကို။ 'မနုဿေသုခတ္တိယောသူရတမော' စသော ပါဠိကို ထောက်၍၊ မင်းရဲဘွဲ့ကို ပေးရသည်။ ထိုမင်းရဲဘွဲ့ထက်ကြီးသော သတိုးဘွဲ့သည်ကား၊ မင်းရဲဘွဲ့ထက် မြင့်မြတ်သော အနက်အဓိပ္ပာယ် ရှိရမည်ဖြစ်၍ မသင့်။ 'သတ္တိဓရော' ဟူသော ပါဠိ၌၊ 'သတ္တိ' ကို တဝမ်းပူ၌ တံခွန်တင်၍သတ်။ 'ရေ'ကို ရကောက် တံခွန် တင်၍ 'ခိုရ်း' ဖြစ်သဖြင့် သတ်ခိုရ်းဖြစ်သည်၊ စကားကြာ၍။ လျင်မြန်စွာ ဆိုသဖြင့် သခိုရ်းဖြစ်သည်ယူမှ၊ သဒ္ဒါနှင့် အနက်လျော်မည်။ 'သတ္တိဓရသဒ္ဒါ' ပရမီသွာ နတ်မင်းသား မဟာပိန္နဲနတ်၏အစ်ကို၊ နတ်တို့၏ စစ်သူကြီးဖြစ်သော 'ကတ္တိကေယျ' နတ်သားကို ဟောသည်။

ထိုနတ်သားကို စစ်နိုင်လိုသော ကိုးကွယ်ရကြောင်းများနှင့် လောကီကျမ်း တို့တွင် ရှိသည်။ တရုတ်ပြည်ဖြစ်သော စိန့်တိုင်း၌ ထိုနတ်သားကို ကိုးကွယ် သဖြင့်၊ ကြေးစန္ဒီနတ် ခေါ်ကြကြောင်းကို လောကပညတ္တိကျမ်း။ ဆဂတိဒီပနီ ကျမ်းတို့၌ ဆိုသည်။ ထို 'သတ္တိဓရ' သဒ္ဒါသည် အစွမ်းသတ္တိကို ဆောင်သောသူ ဟူ၍လည်းကောင်း၊ လှံကို ကိုင်စွဲသောသူ ဟူ၍လည်းကောင်း၊ အမရကောသဋီကာ စသည်တို့၌ ဖွင့်ပြသည်။ ထို 'ကတ္တိကေယျ' နတ်သားသည် လှံထမ်းလျက်၊ ဥဒေါင်းယာဉ်ကို စီးသည်။ မဟာပိန္နဲနတ်ကား အစွယ်တစ်ချောင်းသာရှိသော ဆင်ဦးခေါင်းရှိသည်ဖြစ်၍၊ ကြွက်ယာဉ်ကို စီးကြောင်း၊ အစ်ကိုဖြစ်သော 'ကတ္တိ ကေယျ' နတ်သားနှင့် စစ်တိုက်ကြရာ၊ စစ်ရှုံးသဖြင့်၊ အစွယ်တစ်ချောင်းကို နုတ်သောကြောင့် မဟာပိန္နဲနတ်တွင် အစွယ်တစ်ချောင်းသာရှိကြောင်းများနှင့်၊ ဣတိဟာသကျမ်း၊ ပုရဏ်ကျမ်းတို့၌ ဆိုသည်ကို မတွေ့ကြဘူး၍၊ မဂဓ အဘိဓာန်

http://www.cherrythitsar.org



ကျမ်းစသည်တို့၌ ကုမာရသဒ္ဒါ၊ စန္ဒသဒ္ဒါ၊ သတ္တိဒ္ဓရ သဒ္ဒါတို့ကို မဟာပိန္နဲနတ်ဟု အနက်ပြန်ကြလေသည်။ ထို့ကြောင့် ဤကျမ်းတွင် သတိုးကို 'သတ္တိဒ္ဓရ' သဒ္ဒါဖြင့် ပါဠိစီကုံးရေးသားသည်။

ကလိယုဂသဒ္ဒါကို ရှေ့ဆရာတို့ သက္ကရာဇ်ဟု အနက်ပြန်ဆိုရေးသားခြင်းသည်လည်းကောင်း၊ သက္ကရာဇ်ကို ကလိယုဂဟူ၍ ပါဠိစီကုံးရေးသားကြခြင်းသည်လည်းကောင်း။ ။ သာကေန ဝါဟန္တုဝေသာ နယုတ္တေကာလေတဝတျဗ္ဗ ဂဏံယုဂသျ။ ။ ဟူသော ရဟဿ အစရှိကုန်သော ဗေဒင်လက်ရိုးကျမ်းတို့၌ အနောက်တိုင်းပြည် ဟိန္ဒူ သက္ကရာဇ်တွင် ၃၁၇၉ ခုကို ရောလျှင်၊ ကလိယုဂ်ဖြစ်ကြောင်းကို ဆိုသည်နှင့်လည်းကောင်း၊ ကလိယုဂ်ဆန်း ၃၁၇၉ ခုတွင် မင်းအဖြစ်သို့ ရောက်သော သာလိဝါဟနသာကမင်းသည် မင်းဖြစ်သည်မှစ၍ ခေါ်ဝေါ်ရသောနှစ်ကို သာကရာဇမည်ကြောင်းနှင့် ဣတိဟာသကျမ်းတို့တွင် ဆိုသည်နှင့်လည်းကောင်း မညီသောကြောင့် မယူသင့်။ သာကသဒ္ဒါ၊ သာကရာဇသဒ္ဒါများကိုသာ သက္ကရာဇ်ဟူ၍ အနက်ပြန်ဆိုသင့်သည်။ ယခုထက်တိုင်လည်း ဤသာကသဒ္ဒါဖြင့်သာ အနောက်တိုင်းပြည်များတွင် သုံးစွဲရေးသားကြသည်။

ထို့ကြောင့် ကလိယုဂသဒ္ဒါ၊ ကလိယုဂ်သာ ဟောသည်ဟူ၍ သန္နိဋ္ဌာန်ချမှတ်အပ်သည်။ ။ ကလိယုဂ်ထွက်အောင် လုပ်လိုလျှင်၊ မြန်မာသက္ကရာဇ်ရှည်ကို တည် ခဆပဥ္စာရော၊ အနောက်ပြည် ဟိန္ဒူဘင်္ဂါလီ လူမျိုးတို့၏ သက္ကရာဇ်ဖြစ်သည်။ ထိုသက္ကရာဇ်သည် သာလိဝါဟနသာကမင်း မင်းဖြစ်သည်မှ စ၍ ခေါ်ရသောကြောင့်၊ သာက ဟူ၍လည်းကောင်း၊ သာကရာဇာဟူ၍လည်းကောင်း၊ အနောက်တိုင်းပြည်များတွင် ခေါ်ဝေါ်သည်။ ဟိန္ဒူဘင်္ဂါလီလူမျိုးတို့၏ သက္ကရာဇ်ကို တည်၊ ဆိုခဲ့ပြီးသည့်အတိုင်း ၃၁၇၉ ခုကို ရော၊ ကလိယုဂ်ဆန်းစမှသည် ရောက်ဆဲတိုင်အောင်သောနှစ် ဖြစ်၏။ ။ ထို့ကြောင့်၊ ဤကျမ်းတွင်လည်း ကလိယုဂသဒ္ဒါကို သက္ကရာဇ်ဟူ၍ မယူအပ်၊ ကလိယုဂ်ဟူ၍သာ ယူအပ်၏။

အမရပူရမြို့ကို အမရသဒ္ဒါနတ်ဟောဖြစ်၍၊ ပဒုမ္မုတ္တရကို၊ ဇလ-ဇုတ္တရဟု အပါဒါန်ပါဠိတော်တွင် ပရိယာယ်တူ လဲသကဲ့သို့လည်းကောင်း၊ ဒေဝါနံပိယတိဿကို မရုံဖိယတိဿဟူ၍ မဟာဝင်ကျမ်းတွင် ပရိယာယ်လဲသကဲ့သို့ လည်းကောင်း၊ နတ်ဟောပုဒ်ချင်းတူသော ဒေဝသဒ္ဒါ၊ ဒေဝတာသဒ္ဒါတို့နှင့် ပရိယာယ်တူလဲ၍၊ ဒေဝပုရ ဒေဝတာပုရဟု ပါဠိ စီကုံးရေးသားသည်။ ။

----- ။ -----

http://www.cherrythitsar.org



# ကိုးကားသော ကျမ်းစာရင်း
## မြန်မာကျမ်းများ


၁။ မြန်မာမင်းအုပ်ချုပ်ပုံစာတမ်း၊ ပုဂံဝန်ထောက်မင်းဦးတင်၊ အစိုးရစာပုံနှိပ်တိုက်၊ ရန်ကုန်မြို့။
၂။ မြန်မာပုံနှိပ်သမိုင်းနှင့် စာပေပြပွဲ၊ အစိုးရပြန်ကြားရေးဌာန၊ ရန်ကုန်မြို့၊ ခရစ် ၁၉၅၇ ခု။
၃။ ရာဇဓမ္မသင်္ဂဟကျမ်း ပုရပိုက်၊ အမျိုးသားစာကြည့်တိုက်၊ ရန်ကုန်မြို့။
၄။ ရာဇဓမ္မသင်္ဂဟကျမ်း၊ သူရိယသတင်းစာတိုက်လီမိတက်၊ ရန်ကုန်မြို့၊ ခရစ် ၁၉၁၅ ခု။
၅။ ရွှေပြည်ဝန် အုတ်ဂူကျောက်စာ၊ ဦးမောင်မောင်တင်၏ လက်နှိပ်စက်စာမူ။
၆။ တိုးတက်ရေးမဂ္ဂဇင်း၊ ခရစ် ၁၉၃၆၊ အောက်တိုဘာလ၊ ခရစ် ၁၉၃၇၊ ဇူလိုင်လ။
၇။ မြန်မာဝန်ကြီးမှူးကြီးများ အတ္ထုပ္ပတ္တိ၊ မှော်ဘီဆရာသိန်းကြီး၊ မြန်မာ့ဂုဏ်ရည် ပုံနှိပ်တိုက်၊ ရန်ကုန်မြို့၊ ၁၂၉၉ ခု။
၈။ သံတော်ဆင့် ဦးဆုပန်၏မှတ်တမ်း၊ မာဃ၏ လက်နှိပ်စက်စာမူ။
၉။ ရွှေနန်းသုံး ဝေါဟာရ အဘိဓာန်၊ ပဌမတွဲ၊ အငြိမ်းစားဝန်ထောက်မင်း ဦးမောင်မောင်တင်၊ ဂုဏဝတီပုံနှိပ်တိုက်၊ မန္တလေး၊ ၁၃၀၃ ခု။
၁၀။ အလင်္ကာနိသျ၊ သုဓမ္မဝတီ စာပုံနှိပ်တိုက်၊ ၁၉၃၇ ခု။
၁၁။ ပညာယှိကြီးများအကြောင်း၊ မှော်ဘီဆရာသိန်းကြီး၊ ပညာအလင်းပြ စာပုံနှိပ်တိုက်၊ နတ္တလင်း၊ ၁၂၉၉ ခု။
၁၂။ မြန်မာ့စွယ်စုံကျမ်း၊ ပဌမတွဲ (၁၉၅၄)၊ ဒုတိယတွဲ (၁၉၅၅)၊ တတိယတွဲ (၁၉၅၆) မြန်မာနိုင်ငံ ဘာသာပြန် စာပေအသင်း၊ ရန်ကုန်မြို့။
၁၃။ ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး၊ တတိယတွဲ။
၁၄။ မင်းလှဂုဏ်ရောင်၏ မှတ်စုများ။
၁၅။ လောကဓာတ်ဆေးကျမ်းကြီးနှင့် ဓာတုပြသံသဆေးကျမ်း၊ ဝံသရက္ခပိဋကတ် စာပုံနှိပ်တိုက်၊ ရန်ကုန်မြို့၊ ၁၂၉၀ ပြည့်နှစ်။
၁၆။ ဝိမုတ္တိရသကျမ်း၊ ဟံသာဝတီသတင်းစာ ပုံနှိပ်တိုက်၊ ရန်ကုန်မြို့၊ ခရစ် ၁၉၁၀ ပြည့်နှစ်။
၁၇။ ဆိဒ္ဓဝိဓါနနီကျမ်း၊ မဟာဝိသုဒ္ဓါရာမဆရာတော်၊ ပြည်ကြီးမဏ္ဍိုင်ပိဋကတ် စာပုံနှိပ်တိုက်၊ ရန်ကုန်မြို့၊ ၁၂၆၆ ခုနှစ်။

http://www.cherrythitsar.org


၁၈။ နိဗ္ဗာန်အကြောင်း၊ မြန်မာ့သြဘာ စာပုံနှိပ်တိုက်၊ ရန်ကုန်မြို့၊ ၁၂၆၇ ခု။
၁၉။ ရာဇသေဝက ဒီပဏီ၊ ပညာသာမိ သိရိကဝိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့ခံ သုဓမ္မာဆရာတော်၊ ဟံသာဝတီသတင်းစာ ပုံနှိပ်တိုက်၊ ရန်ကုန်မြို့၊ ခရစ် ၁၉၀၁ ခု။
၂၀။ ကာယာနုပဿနာကျမ်း၊ ဟံသာဝတီသတင်းစာ ပုံနှိပ်တိုက်၊ ခရစ် ၁၉၁၁ ခု။
၂၁။ မြန်မာသတ်ပုံသမိုင်း အကျဉ်းချုပ်နှင့် စိန္တကျော်သူ ဦးဩ၏ ကဝိလက္ခဏာ သတ်ပုံ၊ ပါမောက္ခဦးဇမောင်၊ ကျောက်ပုံနှိပ်စာမူ၊ ခရစ် ၁၉၅၀ ပြည့်နှစ်။
၂၂။ ဥတုဘောဇန သင်္ဂဟကျမ်း၊ ဟံသာဝတီ ပိဋကတ် ပုံနှိပ်တိုက်၊ ရန်ကုန်မြို့၊ ခရစ် ၁၉၅၂ ခုနှစ်။
၂၃။ မဟာသုဇာတကကျမ်း၊ ရတနသိဒ္ဓိ ပိဋကကတ်စာပုံနှိပ်တိုက်၊ မန္တလေးမြို့၊ ခရစ် ၁၉၂၃ ခုနှစ်။
၂၄။ လက်တွေ့ကွန်ပါရေးနည်းကျမ်း၊ မောင်ရွှေပင် (လက်ရေးမူ)
၂၅။ လီလာဝတီ ဂဏန်းကျမ်းသစ်၊ ရွှေပြည်ဝန်ကြီး (လက်ရေးမူ)
၂၆။ ကုန်းဘောင်ခေတ် ပြင်သစ်မြန်မာ ဆက်ဆံရေးသမိုင်း၊ ဒေါက်တာ ခင်မြကြူ စာပေဗိမာန်၊ ခရစ် ၁၉၇၆ ခု။
၂၇။ ကင်းဝန်မင်းကြီး ကဗျာစု၊ ဟံသာဝတီ ပုံနှိပ်တိုက်၊ ရန်ကုန်မြို့၊ ခရစ် ၁၉၆၈ ခု။
၂၈။ မဟာဝိသုဒ္ဓါရာမိက ထေရုပ္ပတ္တိ ဒီပနီ၊ အရှင်သီရိဓမ္မနှင့် လယ်တီပဏ္ဍိတ (ဦးမောင်ကြီး)၊ ခရစ် ၁၉၇၅ ခု။
၂၉။ ရွှေကျင်နိကာယ သာသနာဝင်၊ စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတောရ ဆရာတော် အရှင်ပဏ္ဍိတထေရ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ ဗုဒ္ဓသာသနာ အဖွဲ့ ပုံနှိပ်တိုက်၊ ၁၃၂၅ (ခရစ်နှစ် ၁၉၆၃)။

## အင်္ဂလိပ်ဘာသာဖြင့် ကျမ်းများ

1. An Account of an Embassy to the Kingdom of Ava, Printed by W.Bulmer and Co., London, 1800.
2. An Outline of Burmese History, G.E Harvey, Longmans, Green and Co., Calcutta, 1947.
3. History of the British Residency in Burma; 1826-1840, W.S. Desai, Published by the Rangoon University, A.B.M. Press, 1939.

http://www.cherrythitsar.org



4. Journal of a Voyage up the Irrawaddy to Mandalay and Bhamo, J. Talboys Wheeler, Rangoon, 1871.
5. The Land of the White Elephant, Frank Vincent Jr., Sampson, Low, Marston, Low & Searle, London, 1873.
6. Forty years in Burma, Dr. J.E. Marks. Hutchinson & Co., London, 1917.
7. Far Cathay and Far India, Maj-Gen MacMahon, Hurst and Blackett, Limited, London, 1893.
8. Narrative of a Misson to the Court of Ava, H. Yule, Printed by George Barclay, London, 1857.
9. The Leepeedeepeeka, Telegraph Code for Burma, Translated by Major A.R. MacMahon, Secretariat Press, Rangoon, 1871.
10. The Upper Burma Gazetteer, Part I, Vol. I.
11. Social Contract-Locke-Hume-Rousseau, Oxford University Press, London, 1956.

## အင်္ဂလိပ်ဘာသာဖြင့် ဆောင်းပါးများ

12. The Guardian Magazine, May, 1962, "The Second Embassy from the Kingdom of Burma to France in 1872"...by Vivian Ba.
13. ... ... ... do ... ... ... July to December, 1964. "The Confidential Mission of Count Henri de Sercey" ... ... by Vivian Ba.
14. ... ... ... do ... ... ... July, 1974, "The Pangyet Wun" ... ... ... by U Htin Fatt.

http://www.cherrythitsar.org

ရာဇဓမ္မသင်္ဂဟကျမ်းကို ပြုစုသောအခါ၌ ဦးဘိုးလှိုင်သည်
အမွေသနပတိ ဝက်မစွတ်မြို့စား ဝန်ရှင်တော်မင်းကြီးဖြစ်နေလေပြီ။
ဦးဘိုးလှိုင်၏ အမှုတော်ကို မှတ်တမ်းတင်သော ဘွဲ့ရာမည်များအား
ဝက်မစွတ်မြို့စားအမတ်ကြီးသည် ဤ ရာဇဓမ္မသင်္ဂဟကျမ်းကို
သီပေါမင်းတရားကြီးအား ရေးသားဆက်သွင်းသည်ဟု ဆိုကြသည်။
ပုဂံဝန်ထောက်မင်း ဦးတင်၏ "မြန်မာမင်းအုပ်ချုပ်ပုံစာတမ်း" ၌ကား
"ရာဇဓမ္မသင်္ဂဟကျမ်းသည် သီပေါမင်းတရားကို
ဆုံးမသောကျမ်းဖြစ်သည်" ဟု ဆိုသည်။

